
www.burmeseclassic.com



တက္ကသိုလ်
နေဝင်း

# ရှိကော

# SHIKE
## Time of the Dragons
ROBERT SHEA

www.burmeseclassic.com

### ဒို့တာဝန် အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ၊

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အောင်ပင်လယ်စာပေ

စာအုပ် - ၃၂

# တက္ကသိုလ်နေဝင်း
# ရှီကေ
ဒုတိယအကြိမ်

**SHIKE**
Time of the Dragons
**ROBERT SHEA**

KYAW HMWE
ကျော်မွှေး
အမှတ်-၁၂၊ ဘီ၊ တတိယအလွှာ၊ စက်တွင်းလမ်း၊
ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ■ ၅၀၁၁၁၀၀၉၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ■ ၅၀၁၃၁၆၁၀၀၇

ပုံနှိပ်ခြင်း ■ ပထမအကြိမ်၊ ၁၉၈၄၊ ဇန်နဝါရီ ကျော်ကျော်စာပေ
ဒုတိယအကြိမ်၊ ၂၀၀၇၊ ဒီဇင်ဘာ၊ 'ကျော်မွေး'

စီစဉ်ထုတ်လုပ် ■ စိုင်းဝင်းမြင့်

အုပ်ရေ ■ ၅၀၀

မျက်နှာဖုံး ■ သန်းမြင့်အောင်

ကွန်ပျူတာစာစီ ■ ပုံရိပ်ရှင်

အတွင်းဖလင် ■ ပုံရိပ်ရှင်

ထုတ်ဝေသူ ■ ဝင်းကျော်ထွန်း (မုံရွေးစာပေ)
၈၀ (ခ)၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် ■ ဦးဇော်မြင့်ဝင်း၊ ကာလာဇုန်ပုံနှိပ်တိုက်
အမှတ်-၁၈၄(ခ)၊ ၃၁ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။

စာအုပ်ချုပ် ■ ကိုမြင့်

တန်ဖိုး ■ ၂၅၀၀ ကျပ်

## မြန်မာပြန်သူ၏အမှာ

စာရေးသူ မြန်မာပြန်ရေးသားခဲ့သော 'ရှိုးဂန်း' ဝတ္ထုကြီးကို ဘာသာပြန် စာဖတ်ပရိသတ်အများစုက ဖတ်ရှုလေ့လာပြီးကြပြီဟု ထင်ပါသည်။

'ရှိုးဂန်း' သည် ခရစ်နှစ်၊ နှစ်ဆယ့်ခြောက်ရာစု ခေတ်လောက်က ဂျပန်ပြည်ကို နောက်ခံ ရေးထားပါသည်။ စစ်ဘုရင်ကြီးများ သူတနယ် ငါတမင်း သြဇာလွှမ်းမိုးကာ အချင်းချင်း ယှဉ်ပြိုင်မိုလ်လုနေသော ခေတ်၊ စစ်ဘုရင်ကြီးနှစ်ဦး အင်အားပြိုင်ကာ 'ရှိုးဂန်း' ဘွဲ့ကို ယှဉ်လုနေခဲ့သော ခေတ်အကြောင်း ဇာတ်လမ်းဖွဲ့၍ ရေးသားခဲ့ခြင်းဖြစ်ပါသည်။

ယခုစာအုပ် 'ရှိကေ' မှာမူ 'ရှိုးဂန်း' ထက်ပို၍ စောသော ရှေးခေတ် ဂျပန်ပြည်၏ အတိတ်ကာလသမိုင်းကို နောက်ခံထားပါသည်။

ထိုခေတ်က ဂျပန်ပြည်တွင် မဟာယနဗုဒ္ဓဝါဒ ယောင်ယောင်ဘာသာရေးဂိုဏ်းများရှိရာ သူတို့အပေါ် 'ဘုန်းကြီး' (Monk) ဆိုသူ ဘာသာရေးအဖွဲ့များ ရှိခဲ့သည်။ အလွန်ထင်ရှားပြီး နာမည်ကြီးခဲ့သော ဂိုဏ်းတစ်ဂိုဏ်း၏ အမည်မှာ 'ဇင်းဂျား' ဟူ၍ ဖြစ်လေသည်။

'ဇင်းဂျား' ဂိုဏ်း၏ ထူးခြားချက်ကား အဖွဲ့ဝင် Monk ဘုန်းကြီးများကို အလွန်စည်းကျမ်းကြီးစွာဖြင့် လေ့ကျင့်ပေးရင်း စိတ်တန်ခိုး (သမထ [illegible]ဖြင့်) ထက်မြက်ရန် အပြင်းအထန် လေ့ကျင့်ရသလို ကိုယ်ခံသိုင်းအတတ်၊ [illegible]ရေး၊ လုံ့ရေးအတတ်၊ လေးမြားအတတ် စသော တိုက်ခိုက်နည်းမျိုးစုံကို [illegible]ဘုအောင် ထူးချွန်စေရန်လည်း လေ့ကျင့်သင်ကြားပေးလေသည်။

www.burmeseclassic.com



ဤဝတ္ထု၏ အဓိကဇာတ်ကောင်မှာ 'ရှီကေ'ဟုခေါ်ကြသော အသက် ၁၇ နှစ်ရွယ် အဘက်ဘက်က ထူးချွန်သူ လူငယ်တစ်ဦးဖြစ်သည်။ သူ၏ နာမည်က 'ဂျော့ဘူ'ဖြစ်သည်။

'ဂျော့ဘူ'သည် အသက်အရွယ်နှင့် မလိုက်အောင် ခန္ဓာကိုယ်ထွားကြိုင်း ဗလကောင်းပြီး ခွန်အားကြီးမားသည်နှင့်အမျှ ဓားအတတ်၊ လေးအတတ်၊ သိုင်းပညာအတတ်တို့တွင်လည်း အလွန်အစွမ်းထက်သူ ဖြစ် သည်။

ယခု'ရှီကေ'ဝတ္ထုသည် ရှေးခေတ် ဂျပန်ပြည်၏ ရှုခင်းကို စာဖတ်သူ မျက်စိထဲ မြင်ယောင်လာအောင် အသေးစိတ်ချယ်မှုန်းသရုပ်ဖော်ရင်း 'ဂျော့ဘူ'အမည်ရှိ 'ရှီကေ'ဘွဲ့ရ လုလင်တစ်ဦး၏ အတွေ့အကြုံ၊ စွန့်စားခန်းများကို အထူးပြောင်မြောက်စွာ ရေးသားဖော်ပြထားလေရာ ဘာသာပြန်စာဖတ်ပရိသတ်အနေဖြင့် စိတ်ဝင်စားလိမ့်မည်ဟု ယူဆမိပါသောကြောင့် မြန်မာပြန် တင်ပြလိုက်ရပါသတည်း။

**တက္ကသိုလ်နေဝင်း**

[၁]

'ဂျော့ဘူ'၏ ကိုယ်တွင်ဝတ်စားထားသော အဝါရောင် ဝတ်ရုံကိုဝိုင်း၍ချွတ်ပစ်လိုက်ပြီးနောက် အသင့်ရှိနေသည့် မီးဖိုထဲသို့ ပစ်ချလိုက်ကြသည်။ ဝတ်ရုံသည် ချက်ချင်းပင် မီးစွဲလောင်ကာ ပြာကျသွားလေတော့သည်။

"ဒီဝတ်ရုံကို မင်းလိုတော့မှာ မဟုတ်ဘူး၊ နက်ဖြန်ကျရင် မင်းဟာ 'ဇင်ဂျား'အဖွဲ့ရဲ့ မီးခိုးရောင်ဝတ်စုံကို ဝတ်ရမယ်။ ဒါမှမဟုတ်လို့ မင်းက မှတ်ကျောက်တင် စမ်းတာမခံနိုင်ဘဲ သေသွားရင် မင်းရဲ့ခန္ဓာကိုယ် ရုပ်ကလာပ်ကို ငါတို့က မီးရှို့ပစ်လိုက်ရုံပဲ"

သူတို့ဘုရားကျောင်း၏ အကြီးအကဲ 'တာအိတာရှိ'က ပြောလိုက်ခြင်းဖြစ်သည်။ သူ၏လည်ပင်းတွင်ကား ဘုရားကျောင်း၏ အကြီးအကဲ ရောင်အသားဖြစ်သော အဖြူရောင်ကြိုးတစ်ချောင်းကို လည်ဆွဲသဖွယ် ချိတ်ဆွဲထားလေသည်။

'တာအိတာရှိ'သည် ဘုရားကျောင်း၏ အကြီးအကဲ ဖြစ်သည့်ပြင် 'ဂျော့ဘူ'၏ ဘထွေးလည်းဖြစ်သည်။ ယခု သူသည် 'ဂျော့ဘူ'အားစူးစိုက်ကြည့်ရင်း သူ၏ မျက်လုံးများက ဝမ်းနည်းစိတ်မကောင်းသည့်အသွင် ဆောင်နေပေသည်၊ အကယ်၍'ဂျော့ဘူ'က 'ဇင်ဂျား'အဖွဲ့ဝင်အဖြစ် မှတ်ကျောက်တင်စမ်းသပ်ခြင်းကို မအောင်မြင်ပါမူ သူသည် စိတ်မကောင်းစွာဖြင့်ပင် 'ဂျော့ဘူ'၏ ခန္ဓာကိုယ်ကို မီးရှို့ပစ်လိုက်မည်ဖြစ်သည်။ 'ဇင်ဂျား'တို့၏ သံမဏိစည်းကမ်းက အလွန်တင်းကျပ်ပြင်းထန်လှပေသည်။

"အခု မင်းရဲ့ အဝါရောင်ဝတ်ရုံဟာ မီးလောင်ပြာကျသွားသလို မင်းရဲ့ ကိုယ်ဟာ ဒီနေ့ညမှာ ဘာမှမရှိတဲ့ သုညအဖြစ်ကို ရောက်သွားလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



မင်းအသက် သေသည်ဖြစ်စေ၊ ရှင်သည်ဖြစ်စေ၊ နက်ဖြန်ဆိုရင် မင်းဟာ ဘာမှမဟုတ်တဲ့ သုညအဖြစ်ကို ရောက်သွားလိမ့်မယ်''

'တာအီတရှိ'က တည်ကြည်လေးနက်သောအသံဖြင့် ပြောလိုက်ပြန်သည်။

ထိုအခိုက် 'ဇင်းဂျား'အဖွဲ့ဝင် (ဘုန်းကြီး)တစ်ဦးသည် လက်ဝဲဘက်ရှိ 'ကုလားတက်'လို သစ်သားဗုံးခေါင်းပေါက်ကို သစ်သားတုတ်ကြီးတစ်ချောင်းဖြင့် ခေါက်လိုက်ရာ ဂီတအသံလိုလို ကျယ်လောင်သော အသံတစ်ခု မြည်ဟိန်းသွားလေသည်။

''ဟော့…သူ့ကိုခေါ်သွားကြတော့….''

မီးခိုးရောင်ဝတ်စုံဝတ်ထားသူ 'ဇင်းဂျား'အဖွဲ့ဝင်နှစ်ဦးသည် ထင်းရှူးသားမီးတုတ်ကြီးများ ကိုယ်စီကိုင်ကာ 'ဂျေဘူ'၏ ဝဲယာနှစ်ဖက်တွင် ညှပ်လျှက်လာရပ်ကြလေသည်။ ထိုလူနှစ်ဦးသည် အရပ်ပုပုဖြစ်ပြီး မတ်တတ်ရပ်လိုက်သောအခါ သူတို့၏ ဦးခေါင်းများက 'ဂျေဘူ'၏ ပခုံးထိအောင်ပင် မရောက်ချေ။

'ဂျေဘူ'သည် တစ်မျိုးစဉ်းစားမိသည်။ မိမိအားခေါ်သွားရန် ရွေးချယ်လိုက်သည့် အဖွဲ့ဝင်နှစ်ဦးအား အရပ်ပုပုလူများကိုမှရွေးပြီး တာဝန်ပေးခြင်းသည် မိမိစိတ်ဓာတ်ကျအောင် တမင်သက်သက် 'နှိမ်'ခြင်းပေလော။

သို့သော် မည်သို့မှမတတ်နိုင်ဘဲ အရပ်ပုပုအဖွဲ့ဝင်နှစ်ဦးခေါ်ရာသို့ 'ဂျေဘူ'က လိုက်ပါသွားရလေသည်။

သူတို့၏ ဘုရားကျောင်းသည် အလွန်အိုမင်းလှပြီဖြစ်သည်။ နေနတ်မျိုးနွယ်မှ ဆင်းသက်သော ဂျပန်ပြည်၏ ပထမဆုံးဧကရာဇ်ဘုရင်လက်ထက်က တည်ဆောက်ခဲ့သည်ဟု အဆိုရှိလေသည်။ အဆောက်အအုံ၏ ဗိသုကာလက်ရာကလည်း တကယ်ပင် ရှေးကျကြောင်း သိသာထင်ရှားပေ သည်။ ဘုရားကျောင်း၏ တည်ဆောက်ခြင်း အချိန်ကာလအတိအကျ မသိရခြင်းမှာ'ဇင်းဂျား'တို့သည် မှတ်တမ်းမှတ်ရာများ ထိန်းသိမ်းထားလေ့မရှိသောကြောင့်ပင် ဖြစ်သည်။

အဆောက်အဦက တောင်စောင်းတစ်ခုတွင် တည်ဆောက်ထားသည် ဖြစ်ရာ ခေတ်အဆက်ဆက်မှ 'ဇင်းဂျား'တို့က ဘုရားကျောင်း၏ အောက်



ဘက်တွင်လည်းကောင်း၊ တောင်စောင်းတောင်ကမ်းပါးယံများ၌လည်းကောင်း လှိုဏ်ဂုက်အခန်းများ မြေတိုက်များကို အနှံ့အပြားဖောက်လုပ်တည်ဆောက်ထားပေသည်။

'ဂျေဘူ'တို့သည် ကျောက်တုံးများ စီထားသော လှေကားမှ ဆင်းသွားရပြီးနောက် ကျောက်တုံးများဖြင့် ပြီးသည့် ယင်ပြင်တစ်ခုသို့ ရောက်သွားကြသည်။

ယင်ပြင်တစ်နေရာတွင်ကား စတုရန်းပုံသဏ္ဌာန်အပေါက်တစ်ခုရှိသည်။ မြေတိုက်သဖွယ် တွင်းဖောက်ထားခြင်းဖြစ်လေသည်။

ဤနေရာကား'ဇင်းဂျား'အဖွဲ့ဝင်အဖြစ် အသိအမှတ်မပြုမီ လေ့ကျင့်သင်ကြားပြီးသူများ စမ်းသပ်သည့် နေရာပင်တည်း။ ဤတွင်းထဲ ထည့်ပိတ်ခံပြီး မအောင်မြင်၍ အသက်သေဆုံးသွားသူ သင်တန်းသားများလည်း ရှိလေသည်။

ဘေးမှ ခြံရံလိုက်ပါလာသူနှစ်ဦးအနက် တစ်ဦးက အချက်ပြလိုက်ရာ 'ဂျေဘူ'သည် ဘာမှမပြောဘဲ တွင်းထဲသို့ လှေကားထစ်များမှတစ်ဆင့် ဆင်းသွားလိုက်သည်။

အတွင်း၌ကား လုံးလုံးမှောင်မိုက်နေသဖြင့် 'ဂျေဘူ'သည် ရုတ်တရက် [illegible]သုပ်ချောက်ချားသွားမိသည်။ အထူးသဖြင့် ရှေ့လျှောက် ဘာဖြစ်မည်ကို မသိရသည့်အတွက် ပို၍တုန်လှုပ်မိခြင်းဖြစ်သည်။

မီးခိုးရောင်ဝတ်စုံနှင့် 'ဇင်းဂျား'နှစ်ဦးတို့သည် ဂျေဘူနှင့်အတူ တွင်းထဲသို့ လိုက်ဆင်းလာကြသည်။ သူတို့၏လက်မှ မီးတုတ်ကြီးများကြောင့် အလင်းရောင်ရှိလာရာ လှေကားထစ်ကိုးထစ်တွင် မြေအိုးပေါင်း ကိုးဆယ့်ကိုးလုံးရှိနေကြောင်း တွေ့ရလေသည်။

လှေကားထစ်တစ်ထစ်တွင် မြေအိုးဆယ့်တစ်အိုး စီထားခြင်းအားဖြင့် စုစုပေါင်း ကိုးဆယ့်ကိုးအိုး ရှိနေခြင်းဖြစ်သည်။

ဇင်းဂျားတို့ ဘုရားကျောင်းများ၌ ထားလေ့ရှိသော အစဉ်အလာ [illegible]ပင် ဖြစ်သည်။

အကယ်၍ မြေတိုက်တွင်းထဲ မှတ်ကျောက်တင် စမ်းသပ်ရန် ထည့်သွင်း [illegible]ခံရသူ ဇင်းဂျားအဖွဲ့ဝင်လောင်းသည် စိတ်ဓာတ်မခိုင်ဘဲ သေဆုံးသွားခဲ့

www.burmeseclassic.com



သော် အောက်ဆုံးအဆင့်ရှိ မြေအိုးထဲမှ အရိုးပြာများကို ပင်လယ်ထဲ ပစ်ချလိုက်ပြီး ယင်းအိုးကို အပေါ်ဆုံးလှေကားထစ်တွင် ပြန်ထားကာ နောက်ဆုံးသေဆုံးသူ ဇင်းဂျားလောင်း၏ အရိုးပြာများကို ထည့်ထားလိုက်ကြသည်။ ဤနည်းအားဖြင့် မြေအိုးအရေအတွက်သည် 'ကိုးဆယ့်ကိုး'အိုးသာလျှင် အမြဲရှိနေလေသည်။ လှေကားထစ်တစ်ထစ်လျှင် မြေအိုးဆယ့်တစ်အိုး အမြဲရှိနေအောင် စီစဉ်ထားခြင်းလည်း ဖြစ်သည်။

ဂျောဘူနှင့်အတူ လိုက်ပါလာသူ ဇင်းဂျားအဖွဲ့ဝင်တစ်ဦးက မြေအိုးများအကြောင်း ရှင်းပြလေသည်။

"အခု မင်းမြင်ရတဲ့ မြေအိုးတွေက အရိုးပြာများဟာ သေဆုံးသွားတဲ့ ဇင်းဂျားအဖွဲ့ဝင်တွေရဲ့ အရိုးပြာတွေဖြစ်တယ်။ ဒါပေမယ့် အိုးအားလုံးက သေသူတွေဟာ ဒီမြေတိုက်မှာ စမ်းသပ်တာမအောင်မြင်လို့ သေဆုံးတာချည်း မဟုတ်ဘူး။ တချို့က တိုက်ပွဲမှာ တိုက်ခိုက်ရင်း သေဆုံးခဲ့ကြတယ်။ တချို့လည်း ကွပ်မျက်ခံရလို့ သေကြတယ်။ ဇင်းဂျားအဖွဲ့ရဲ့ သဘောတရားက သေခြင်းကို အမြဲတောင့်တနေတယ်။ ဇင်းဂျားဆိုတာ အချိန်မရွေး အသေခံဖို့ အသင့်ရှိတဲ့သဘောလည်း ဖြစ်တယ်။ ဒါနဲ့များ မင်းက ဇင်းဂျားဖြစ်ချင်တာ အံ့ဩစရာပဲ"

ဂျောဘူက ဘာမှပြန်မပြောဘဲ ဆိတ်ဆိတ်နေလိုက်ရာ နောက်ဇင်းဂျားတစ်ဦးက–

"ကိုင်း···ဟောဟိုက သံဂွင်းကြီးမြင်တယ်မဟုတ်လား။ အဲဒီသံဂွင်းကြီးကို ဆွဲပြီးမတင်လိုက်ပါ"

ဟု ညွှန်ကြားလိုက်သည်။

သူ ညွှန်ပြသော သံကွင်းကြီးမှာ လှေကားထစ်များ၏အောက်ရှိ ကြမ်းပြင်တွင် ကျောက်ပြားကြီးတစ်ခုကို ခွဲထားလေသည်။ ကျောက်ပြားက အံဖုံးတံခါးဖြစ်ပြီး ဖွင့်လိုက်လျှင် သံကွင်းကို ဆွဲမပြီး ဖွင့်ရလေသည်။

ယခု 'ဂျောဘူ'အား အံဖုံးတံခါးဖွင့်ခိုင်းနေခြင်းပင် ဖြစ်သည်။

'ဂျောဘူ'သည် ညွှန်ကြားသည့်အတိုင်း သံကွင်းကြီးကို မ၍ဖွင့်ရန် ကြိုးစားရာ အလွန်လေးလံကြောင်း တွေ့ရလေသည်။

ဇင်းဂျားအဖွဲ့ဝင်အားလုံးသည် ခွန်အားဗလနှင့်ပြည့်စုံအောင်အထူး



ဖလည် လေ့ကျင့်ထားသည်ဖြစ်ရာ 'ဇင်းဂျား'မှန်သမျှ သာမန်လူတို့ထက် ခွန်အားကြီးကြသည်။ 'ဂျောဘူ'မှာ ဘုရားကျောင်းရှိ ဇင်းဂျားများထက်ပို၍ အားကြိုးဗလကောင်းသဖြင့် လေ့ကျင့်ခန်းများအနက် ခွန်အားအကြီးမားဆုံး လူငယ်ဖြစ်နေပေသည်။ သို့စဉ်လျက် အံဖုံးတံခါး ကျောက်ပြားမှ သံကွင်းကြီးကို ဆွဲကိုင်ဖွင့်ကြည့်သောအခါ အနည်းငယ်ကြွရုံသာ မနိုင်ကြောင်း တွေ့ရသေသည်။

ထိုအခါ ဇင်းဂျားတစ်ဦးက ဂျောဘူအား ဝင်ကူညီ၍ နှစ်ယောက်အားဖြင့် မလိုက်တော့မှ အံဖုံးပွင့်သွားလေသည်။ ထို့နောက် ဇင်းဂျားနှစ်ဦးစလုံးက ဂျောဘူအား အံဖုံးအောက်တွင်းသို့ ဆင်းရန် လက်ဟန်ခြေဟန်ဖြင့် ခိုင်းပြန်သည်။ အံဖုံးအတွင်းတွင်ကား လူတစ်ယောက်လှဲအိပ်နိုင်လောက်သည့် ကျယ်ဝန်းလေသည်။ ထိုင်နေ၍ပင်မရ၊ လှဲအိပ်နေမှသာ ဖြစ်ပေမည်။

ဇင်းဂျားတစ်ဦးက ရှင်းပြပြန်သည်။

"မင်းဟာ ဒီအံဖုံးတွင်းထဲဝင်ပြီး လှဲအိပ်နေရမယ်၊ ပြီးတော့ တို့က အပေါ်က အဖုံးကို ပြန်ပိတ်ထားလိုက်မယ်။ အရေးကြီးဆုံးက မင်းဟာ ဒီထဲက ပြန်ထွက်ဖို့ လုံးဝမကြိုးစားဖို့ဘဲ။ ထွက်ပြေးမယ်ကြံရင် မင်းအသက် သေရမှာ သေချာတယ်။ မင်းစိတ်ထဲမှာတော့ ဒီထဲ လှဲအိပ်နေရရင် သေလိမ့် မယ်လို့ ထင်နေမှာပဲ။ အမှန်က မင်းထွက်ဖို့ ကြိုးစားရင် မင်းသေရလိမ့်မယ်။ ဒါကို ကောင်းကောင်းမှတ်ထားပါ။ မင်းဟာ ဒီထဲမှာပဲ လှဲအိပ်နေရမယ်။ တို့ ဘုရားကျောင်းအကြီးအကဲကိုယ်တိုင်က အချိန်တန်ရင် သူ့ဟာသူလာပြီး မင်းကို ခေါ်၍ ထုတ်လိမ့်မယ်"

ဂျောဘူသည် ဘာမှမပြောဘဲ လှဲအိပ်ချလိုက်သည်။ နေရာက လူသေအလောင်းများထည့်သည့် 'ခေါင်း'(သေတ္တာ)တစ်ခုမျှသာ ကျယ်ဝန်းလေရာ သူ့အဖို့ အလွန်နေရကျဉ်းကျပ်လှပေသည်။ မူလက ပြုလုပ်ထားပုံမှာ သူ့ထက် များကိုယ်ထွားကြိုင်းသူဂျောဘူအဖို့ အထူးပင် ကျဉ်းမြောင်းကျပ်တည်းနေတော့သည်။

ဇင်းဂျားနှစ်ဦးက ကျောက်ပြားကြီးကို ပြန်ပိတ်လိုက်သောအခါ ဂျောဘူမှာ အိပ်နေရာမှ ထထိုင်၍ပင် မဖြစ်တော့။ ဦးခေါင်းနှင့်ကျောက်ပြားဆောင့်မိသဖြင့် ပြန်အိပ်ချလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့်ပင် သူသည် အရှင်လတ်လတ် မြေမြုပ်သင်္ဂြိုဟ်ခံရသူပမာ လှဲအိပ်နေလိုက်ရလေသည်။

စိတ်ထဲမှ ကြောက်ရွံ့တုန်လှုပ်သလို ရှိသော်လည်း စိတ်ဂယောင်ချောက်ချားဖြစ်လောက်အောင်ကား အလွန်အမင်း တုန်လှုပ်ခြင်း မဖြစ်မိချေ။ အဘယ်ကြောင့်ဆိုသော် ရျောဘူသည် လေးနှစ်သား အရွယ်ကပင် ဖင်းဂျားဖြစ်ရန် စတင်လေ့ကျင့်ခဲ့သောကြောင့်ပင်တည်း။

ဖင်းဂျားဖြစ်ရန် ကြိုတင်လေ့ကျင့်ရသည်မှာ အလွန်ပင်ပမ်းကြမ်းတမ်းလှသည်။ ခန္ဓာကိုယ်ကြံ့ခိုင်သန်စွမ်းရေးအတွက် လေ့ကျင့်ခန်းများ သစ်ကိုင်းသို့မဟုတ် သစ်သားတန်းတစ်ခုတွင် လက်နှစ်ဖက်ဖြင့် တွယ်၍ နာရီပေါင်းများစွာ နေရသည့် လေ့ကျင့်ခန်းများ၊ သစ်ပင်တက်၊ ရေကူးခြင်းလေ့ကျင့်ခန်းများ စသဖြင့် နည်းမျိုးစုံကို လေ့ကျင့်ရသည်။ ဖင်းဂျားတို့အတွက် ပထမဆုံး အရေးကြီးသည့် လိုအပ်ချက်ကား၊ ကြောက်ရွံ့တုန်လှုပ်ခြင်းကင်းရန်ပင်ဖြစ်သည်။

"ဖင်းဂျားဆိုတာ အသက်သေရမှာ လုံးလုံးမကြောက်ရဘူး။ အသက်ရှင်နေရတဲ့ လူ့ဘဝကိုလည်း တန်ဖိုးမထားဘူး။ မတပ်မက်ဘူး။ အဲဒီလို အသက်ရှင်နေတဲ့ဘဝကို တပ်မက်ခြင်း ကင်းမှသာ တကယ့်လွတ်မြောက်ရေးဖြစ်တယ်"

ဤသို့လျှင် သူ၏ ဘထွေး (ဘုရားကျောင်း အကြီးအကဲ) 'တာအီတာရှိ'က သင်ကြားပြောခဲ့သည်။

အရွယ်ရောက်လာလျှင် ဖင်းဂျားဖြစ်လာနိုင်ရေးအတွက် ငယ်စဉ်ကလေးဘဝကပင် အလွန်ခက်ခဲပင်ပမ်းစွာ လေ့ကျင့်ကြရလေသည်။ အသက်ငယ်ငယ်နှင့် ကြောက်ရွံ့ခြင်းကင်းအောင် လေ့ကျင့်ပေးလေ့ရှိသည်။ လက်နက်မျိုးစုံ ကိုင်တွယ်တိုက်ခိုက်နည်းများကိုလည်း ငယ်စဉ်ကပင် လေ့ကျင့်ကြရသည်။ ကြောက်ရွံ့တတ်သူ စိတ်ဓာတ်မခိုင်သူများဆိုလျှင် ငယ်ရွယ်စဉ် လေ့ကျင့်ရင်းနှင့်ပင် သေဆုံးရတတ်သည်။

လွန်ခဲ့သည့် တစ်နှစ်ခန့်က ရျောဘူ၏မိတ်ဆွေ ဆယ့်ခြောက်နှစ်ရွယ် လူငယ်တစ်ဦးသည် လေ့ကျင့်ခန်းတစ်ခု၌ ချောက်ကမ်းပါးကြီးဖြတ်ကူးရန် ခင်းထားသော ခြောက်လက်မသာသာ ပျဉ်ပြားပေါ် ဖြတ်လျှောက်ရင်း စိတ်



...ခိုင်ဘဲ တုန်လှုပ်လာသဖြင့် အောက်သို့လိမ့်ကျပြီး သေဆုံးခဲ့ရပေသည်။

ရျောဘူသည် ကျဉ်းမြောင်းကျပ်တည်းလှစွာနှင့်ပင် လှဲအိပ်နေရင်း သူ၏ ...ဝအကြောင်း စဉ်းစားနေမိပြန်သည်။ သူဘာကြောင့် ယခုကဲ့သို့ ...င်းဂျားအဖွဲ့သို့ ရောက်ခဲ့ရလေသနည်း။ အလွယ်ဆုံး အရှင်းဆုံး အဖြေကတော့ သူ၏ ကံကြမ္မာကြောင့်ပင် ဖြစ်သည်ဟု ဆိုရပေမည်။ သူ လူမမယ်ဘဝက ...ခင်ကြီးအသတ်ခံရပြီးနောက် ဤဘုရားကျောင်း အကြီးအကဲ (ဖင်းဂျားအဖွဲ့ ...င်းဆောင်)တာအီတာရှိနှင့် သူ၏မိခင်တို့ အိမ်ထောင်ပြုလိုက်ကြရာမှ ပထွေး ...သူက မယားပါသား (မိမိ)အား ငယ်စဉ်ကပင် ဖင်းဂျားဖြစ်လာရန် ...ကျင့်စေခဲ့လေသည်။

ကျောက်ပြားကြီးဖြင့် အံဖုံးကို ပိတ်ထားသဖြင့် အလင်းရောင် ...မရှိသော်လည်း အပြင်ဘက်မှ အသံကိုတော့ ကြားနိုင်လေရာ မကြာမီ ...ကားမှ ဆင်းလာသော ခြေသံလိုလို ကြားရပြီးနောက်...

"သား...သား..."

...ခေါ်သံ ကြားလိုက်ရလေသည်။

"ဆရာကြီး တာအီတာရှိပါလားခင်ဗျ"

ရျောဘူက ပြန်မေးလိုက်သည်။

[မှတ်ချက်။ ။ ရျောဘူသည် သူ၏ပထွေးကို ဘုရားကျောင်း အကြီးအကဲအဖြစ် ဂျပန်လို ဆင်ဆေးဆရာကြီးဟုပင် ခေါ်လေ့ရှိသည်။]

"အေး...ဟုတ်တယ်၊ မင်းဟာ ဖင်းဂျားတစ်ယောက်ဖြစ်လာဖို့ လေ့ကျင့်သင်ကြားခဲ့တာ အခုဆိုရင် အလွန်အရေးကြီးတဲ့ အဆင့်ရောက်နေပြီ၊ ဖင်းဂျားအဖြစ် သိသင့်တဲ့အမှန်တရားကို ပြောပြဖို့ ငါလာခဲ့ခြင်းဖြစ်တယ်။ ဒါဟာ ငါတို့ ဖင်းဂျားအဖွဲ့ရဲ့ အရေးကြီးဆုံး လျှို့ဝှက်ချက်ပဲ။ ငါ အခုပြောပြမယ့် အမှန်တရားကို မင်းက ဘယ်သူ့ကိုမှ မပြောပါဘူး။ အထူးလျှို့ဝှက်ထားပါမယ်လို့ ကျမ်းကျိန်ဖို့ လိုအပ်တယ်။ မင်း ကျမ်းကျိန်နိုင်ပါ့မလား"

"ဟုတ်ကဲ့ ကျမ်းကျိန်ပါတယ်။ ဘယ်သူ့ကိုမှ ထုတ်ဖော်မပြောပါဘူးလို့ အလေးအနက် ကျမ်းကျိန်ပါတယ် ဆရာကြီး"

ရျောဘူက ပြန်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့ ဒီဘုရားကျောင်းက တခြားအဖွဲ့ဝင် 'ဇင်ဂျား'တွေက အဲဒီအမှန်တရားကို သူတို့သိပြီး ဖြစ်ပါတယ်။ မင်းကို ဆရာကြီး ပြောပြသွားတာ ပြန်ပြောပြစမ်းပါလို့ လာမေးရင်လည်း မင်းက ထုတ်ဖော်မပြောရဘူး။ ပြောပြဖို့ ငြင်းဆန်ရမယ်။ ဒါကိုလည်း လိုက်နာပါ့မယ်၊ အသက်နဲ့လဲပြီး ကျမ်းကျိန်နိုင်မလား"

"ဟုတ်ကဲ့၊ ကျွန်တော်အလေးအနက် ကျမ်းကျိန်ပါတယ်ဆရာကြီး"

ဤသို့ ပြန်ပြောလိုက်ရင်း ဂျော့ဘူသည် ဆရာကြီးပြောပြမည့် အမှန်တရားကို အလွန်သိချင်နေလေသည်။

"ကောင်းပြီ၊ ငါပြောပြပါတော့မယ်၊ အမှန်တရားက ဘာလဲဆိုတော့ ဇင်ဂျားတွေဟာ မကောင်းဆိုးဝါးတွေပဲ"

"ခင်ဗျာ"

ဂျော့ဘူက အံ့အားသင့်စွာဖြင့် ပြန်မေးလိုက်ရာ တာအီတာရှိက-

"ဇင်ဂျားတွေဟာ မကောင်းဆိုးဝါးတွေ ဖြစ်တယ်"ဟု တစ်ခေါက် ထပ်ပြောလိုက်သည်။

"ဆရာကြီး တာအီတာရှိခင်ဗျား၊ ကျွန်တော်တော့ နားမလည်အောင် ဖြစ်နေပါတယ်"

"နားလည်တာ မလည်တာ အဓိကမဟုတ်ပါဘူး၊ အခု ငါ ပြောပြလိုက်တာကို မင်းက ပြန်ပြီးဆိုပြစမ်းပါ"

ဤတွင် ဂျော့ဘူသည် ခေတ္တမျှ စဉ်းစားနေပြီးမှ-

"ကျွန်တော် ပြန်ပြီးမဆိုပြဝံ့ပါဘူး ဆရာကြီး"ဟု ပြောလိုက်သည်။

"အေး...ကောင်းတယ်၊ မင်းက ဒါလောက်တော့ နားလည်သဘောပေါက်သွားပြီ"

"ဆရာကြီး ခင်ဗျာ၊ အခုဟာက ကျွန်တော်နားလည်မှတ်သားခဲ့ရတာတွေနဲ့ ဆန့်ကျင်ဘက်ဖြစ်နေပါလား။ ဇင်ဂျားတွေဟာ အခုပြော သလို ဟုတ်နိုင်ပါ့မလား"

"ဒီမယ် ဂျော့ဘူ၊ မင်းမသိသေးပါဘူး၊ မင်းဟာ တရားဝင် ဇင်ဂျား လည်း မဖြစ်သေးပါဘူး။ ကိုင်း ငါသွားတော့မယ်၊ မနက်ကျမှ မင်းကို တွေ့ရလိမ့်မယ်လို့ မျှော်လင့်ပါတယ်"



ထို့နောက် ဘုရားကျောင်းအကြီးအကဲ တာအီတာရှိအသံ လုံးဝ တိတ်သွားတော့သည်။

ဂျော့ဘူသည် ကြပ်တည်းကျဉ်းမြောင်းစွာ လှဲအိပ်နေရင်း အသက်ရှူ ကျပ်သလို ဖြစ်လာလေသည်။

သူ၏ ဦးနှောက်ထဲတွင်ကား ဆရာကြီး တာအီတာရှိ ပြောသွားသော နောက်ဆုံးစကားကိုပင် သတိရနေမိသည်။

ဇင်ဂျားတွေဟာ မကောင်းဆိုးရွားတွေ ဖြစ်တယ်။

ထိုစကား၏ အနက်အဓိပ္ပာယ်က မည်သို့ပေနည်း။

ဂျော့ဘူအနေဖြင့် လူမှန်းသိချိန်မှစ၍ ဂျပန်လူမျိုးတစ်ယောက်အဖို့ အမြင့်ဆုံးသော မျှော်မှန်းချက်သည် ဇင်ဂျားတစ်ဦးဖြစ်လာရန်ဟူ၍ နားလည် ခဲ့သည်။ စွဲမြဲစွာ ယုံကြည်ခဲ့သည်။ ဘာနှင့်မှမတူအောင် တင်းကြပ်ပြင်းထန် သော စည်းကမ်းဖြင့် အလွန်ခက်ခဲပင်ပမ်းစွာ လေ့ကျင့်ပြီးမှသာ ဇင်ဂျားဖြစ် နိုင်သည်ဟူသော အချက်ကိုလည်း ဂျော့ဘူက အလွန်တန်ဖိုးထားခဲ့သည်။

နောက်တစ်ချက် ဇင်ဂျားတို့၏ တိုက်ခိုက်မှုစွမ်းပကားး လက်ရုံးရည် သည် သူမတူအောင် ထက်မြက်ထူးချွန်ကြောင်း သူသိထားပေသည်။ မည်သည့် ရန်သူကိုမဆို ဇင်ဂျားက တိုက်ခိုက်အနိုင်ယူနိုင်စွမ်း ရှိသည်။ ဤသို့ ဖြစ်ခြင်း က ဘုရားကျောင်းအကြီးအကဲ ပြောသွားသလို ဇင်ဂျားတို့သည် တကယ်ပင် မကောင်းဆိုးဝါးများ ဖြစ်လေသလော။

ထိုအခိုက် သူ၏ ခန္ဓာကိုယ်ဘေးဖက်များ၌ အေးစက်လာသဖြင့် အံ့အားသင့်တုန်လှုပ်သွားမိသည်။ လက်ဖြင့် စမ်းသပ်လိုက်တော့မှ ရေဖြစ်နေ သည်၊ မြေတိုက်တွင်းသို့ ရေစိမ့်ဝင်လာခြင်းဖြစ်သည်။ ရေကလည်း ဖြည်း ဖြည်းချင်း ပိုများလာသည်။ ဂျော့ဘူသည် ထထိုင်မည်ပြုသော်လည်း အပေါ်မှ ဖိထားသော ကျောက်ပြားဖုံးနှင့် ခေါင်းဆောင့်မိပြီး ပြန်လှဲချလိုက်ရသည်။

ရေဝင်လာခြင်းအကြောင်းကိုကား သူစဉ်းစားမိပြီဖြစ်သည်။ သူတို့ ၏ ဇင်ဂျားဘုရားကျောင်းသည် ပင်လယ်ကမ်းစပ်တွင် တည်ဆောက်ထားလေ ရာ ပင်လယ်ဒီရေတက်လာချိန်တွင် ရေက ဤမြေတိုက်ကျဉ်းထဲသို့ စိမ့်ဝင်လာ ခြင်းဖြစ်ပေမည်။ ဤကား ဇင်ဂျားအဖြစ် တရားဝင် အသိအမှတ်မပြုမီ နောက် ဆုံးစမ်းသပ်သည့် မှတ်ကျောက်တင်ခြင်းအဖြစ် ရေမွန်းစေသည့် စမ်းသပ်နည်း ဖြစ်တန်ရာသည်။

www.burmeseclassic.com

www.burmeseclassic.com



ရေက တဖြည်းဖြည်းတက်လာရာ သူ၏ ဦးခေါင်းဘေးနားဆီသို့ပင် ရောက်လာပြီဖြစ်သည်။ ဂျော်ဘူသည် ဦးခေါင်းကို ဘယ်ညာယိမ်းလှုပ်ရင်း နားထဲသို့ ရေမဝင်စေရန် လက်ချောင်းတစ်ချောင်းစီဖြင့် နားနှစ်ဖက်ကို ပိတ်ထားလိုက်ရသည်။

ရေအလွန်အေးစက်လေရာ ခန္ဓာကိုယ်အတွင်းရှိ သွေးများကို ခဲစေလုမတတ် ဖြစ်နေလေသည်။ ဤတွင် ဂျော်ဘူသည် ဇင်ဂျားလေ့ကျင့်ခန်းတစ်ခုကို သတိရပြီး ကျင့်သုံးရန် စိတ်ကူးရလာသည်။ ထိုလေ့ကျင့်ခန်း စိတ်အာရုံစူးစိုက်၍ ခန္ဓာကိုယ်တစ်ခုလုံးရှိ ကြွက်သားများက လှုပ်ရှားခြင်းအားဖြင့် ကိုယ်တွင် အပူရှိန်မြင့်တက်လာရန် လေ့ကျင့်နည်းပင် ဖြစ်သည်။ ဇင်ဂျားတို့အနေဖြင့် အအေးဒဏ်လွန်ကဲမှုကို ခံနိုင်ရန် ရည်ရွယ်သည့် လေ့ကျင့်ခန်းပင်တည်း။

ဂျော်ဘူသည် ထိုလေ့ကျင့်ခန်းကို ပြုလုပ်ရင်း အအေးဒဏ်ကို ခံနိုင်ရန် ကြိုးစားနေရလေသည်။ ရေကလည်း ဖြည်းဖြည်းမှန်မှန် တက်လာရာ နောက်ထပ် တစ်လက်မခန့်တိုးလာလျှင် မှုချရေမွန်းသေဆုံးတော့မည်ဟု တွက်မိလေသည်။

ဤကျင်းထဲမှ အတင်းရုန်းပြေးထွက်ရလျှင် ကောင်းမည်လော။

သူ့အားလိုက်ပို့သူ ဇင်ဂျားနှစ်ဦး၏စကားကို သတိရလာမိပြန်သည်။

''မင်းထွက်မပြေးရင် သေမယ်လို့ ထင်ရလိမ့်မယ်။ ဒါပေမယ့် ထွက်ပြေးဖို့ကြိုးစားရင် သေရမှာ အမှန်ပဲ''

ထိုစကား၏ ဆိုလိုရင်းအဓိပ္ပာယ်ကိုလည်း စဉ်းစားနေမိလေသည်။

ထိုအခိုက် အပေါ်ဖက်ဆီမှ အသံလိုလို ကြားရပြီး ကျောက်ပြားကြီးသည် ရွေ့လျားလာလေသည်။

တစ်ချိန်တည်းမှာပင် အပေါ်မှစကားပြောသံကြားရလေသည်။

''ဂျော်ဘူ၊ ငါတို့ပါကွ၊ 'ဝေချို'နှင့် 'ဖူဒို'တို့နှစ်ယောက်ပါ၊ မင်းရေမွန်းပြီးမသေခင် ထွက်လာခဲ့ပါတော့လား''

[မှတ်ချက်။ ။ ဝေချိုနှင့် ဖူဒိုတို့မှာ ဂျော်ဘူ၏အသိ ဇင်ဂျားအဖွဲ့ဝင်နှစ်ဦးတို့ ဖြစ်ကြသည်။]

သူတို့နှစ်ဦးက ကျောက်ကြီးကို ဖယ်ရွှေ့လိုက်ပြီး မီးတုတ်များကိုင်ထားသဖြင့် အလင်းရောင်တွင် သူတို့၏သဏ္ဌာန်ကို မြင်ရလေသည်။ ဝေချိုနှင့် ဖူဒိုတို့နှစ်ယောက်က ဂျော်ဘူထက် အသက်အနည်းငယ် ပိုကြီးကြသည်။ သူတို့နှစ်ဦးသည် အချင်းချင်း ခင်မင်ကြပြီး အမြဲတွဲနေလေ့ရှိသည်။ ဖူဒိုသည် ပျှင်းရိတတ်ပြီး ဝေချိုကမူ ရက်စက်ကြမ်းကြုတ်သောစရိုက်ရှိလေသည်။ သူတို့နှစ်ဦးစလုံးကို ဂျော်ဘူသည် သဘောမကျမိခဲ့ချေ။



''သွားကြပါ၊ ကျွန်တော်ပြန်မထွက်ဘူး''

ဂျော်ဘူက စိတ်ကိုတင်း၍ ပြန်ပြောလိုက်သည်။

''ထွက်ခဲ့ပါကွ၊ ဘုရားကျောင်းအကြီးအကဲကိုယ်တိုင်က ခွင့်ပြုပါတယ်''

''မထွက်ဘူးဗျာ၊ ဆရာကြီး 'တာအီတာရို'ကိုယ်တိုင် လာပြောမှပဲ ထွက်မယ်''

ဂျော်ဘူက ခပ်တင်းတင်းပင် ပြန်ပြောလိုက်ရာ အပေါ်မှ ဇင်ဂျားနှစ်ဦးက ရယ်မောလိုက်သည်။

''ဒီမယ်ဂျော်ဘူ၊ မင်းဟာ ဆရာကြီးရဲ့ မယားပါသားလည်းဖြစ်တယ်၊ သူ့ရဲ့အချစ်တော်လည်း ဖြစ်တယ်မဟုတ်လား''

ဝေချိုက ပြောလိုက်ပြန်သည်။

''ကျွန်တော်က သူ့မယားပါသားဖြစ်တာတော့ မှန်တယ်။ သူ့ရဲ့အချစ်တော်မဟုတ်ဘူး။ သူက ဘယ်သူ့ကိုမှ အချစ်တော်အဖြစ် မျက်နှာသာမပေးဘူး''

''ဒါ မင်း လိမ်ပြောတာပဲ၊ ဘုရားကျောင်း အကြီးအကဲဟာ မင်းကို မျက်နှာသာပေးတဲ့အနေနဲ့ ဇင်ဂျားတို့ရဲ့ လျှို့ဝှက်ချက်ကို ပြောပြခဲ့တာ ငါတို့သိပါတယ်''

ထိုစကားကို 'ဂျော်ဘူ'က ပြန်မဖြေဘဲ ဆိတ်ဆိတ်နေလိုက်သည်။ ဘုရားကျောင်းအကြီးအကဲ 'တာအီတာရို'က လျှို့ဝှက်ချက်ကို မည်သူ့ကိုမှ ပြန်လည်မပြောရန် ကျမ်းကျိန်ကတိပြုခဲ့သည်ကိုလည်း ချက်ချင်းသတိရမိလေသည်။

ဝေချိုဆိုသူက ထပ်မံပြောပြန်သည်။

''ဂျော်ဘူ၊ မင်းဟာ ဆရာကြီးရဲ့ အချစ်တော်ဖြစ်လို့ ဒီလျှို့ဝှက်ချက်ကို သိရတာယ်''

www.burmeseclassic.com

www.burmeseclassic.com



ဖူဒိုကလည်းဝင်၍

''မင်းသိထားတဲ့ လျှို့ဝှက်ချက်ကို ငါတို့ကို ပြောပြရမယ်''
ဟု ခြိမ်းခြောက်သလို ပြောလေသည်။

''မသိဘူးဗျာ၊ ကျွန်တော်က ဘာလျှို့ဝှက်ချက်မှ မသိဘူး။ ခင်ဗျား တို့ဟာ ဒီဘုရားကျောင်းရဲ့ ဓားဂျားအဖွဲ့အတွင်း စိတ်ဝမ်းကွဲအောင်လုပ်တဲ့ လူတွေပဲ''

ဂျော့ဘူက ခပ်တည်တည်ပြောလိုက်ရာ ဖူဒိုက သရော်သလို ရယ်မောလိုက်သည်။

''အံမာ၊ မင်းက ဘာစကားပြောတာလဲ၊ တို့က စိတ်ဝမ်းကွဲအောင် လုပ်တယ်လို့ ပြောရအောင် ဒီအဖွဲ့ထဲမှာ စည်းလုံးညီညွတ်မှုရှိလို့လား၊ မရှိဘူး ကွာ၊ အချင်းချင်းစိတ်ဝမ်းကွဲရုံမက မုန်းတီးစက်ဆုတ်လို့ အပြန်အလှန် သစ္စာ ဖောက်မှုတွေ ရှိနေတယ်ကွ၊ နားလည်လား''

ဤသို့ပြောရင်း ဖူဒိုသည် 'နာဂီနာတာ'ခေါ် ဂျပန်ဓားတစ်လက်ကို သစ်သားတုတ်တစ်ချောင်းတွင် တုပ်ချီထားပြီး ဓားသွားဖြင့် တွင်းထဲသို့ ထိုးချ ကာ ဂျော့ဘူ၏ ရင်ပတ်ကို ထောက်ထားလိုက်သည်။

''ဟေ့ ဂျော့ဘူ၊ ဆရာကြီးပြောသွားတဲ့ လျှို့ဝှက်ချက်ကိုပြောမလား၊ မပြောဘူးလား၊ မပြောရင် မင်းရဲ့ရင်ဘတ်ကို ဓားနဲ့ခွဲပစ်လိုက်မယ်''

ဤသို့ ခြိမ်းခြောက်သော်လည်း ဂျော့ဘူသည်စိတ်ကိုတင်းပြီးနောက်··

''မိမိတို့အဖွဲ့ဝင်တစ်ဦးကိုသတ်သော ဓားဂျားတစ်ဦးသည် သူကိုယ် တိုင် အကြိမ်ပေါင်းတစ်ထောင်ထပ်၍ သေရမည်''

ဟူသော ဓားဂျားလက်စွဲစာအုပ်ထဲမှ ကောက်နုတ်ချက်ကို ရွတ်ပြ လိုက်သည်။

''ဒီစာအုပ်ကလည်း အလကားပါကွာ၊ ဘာမှ အဓိပ္ပာယ်မရှိဘူး။ ဟေ့··ဂျော့ဘူ မင်းကို ငါတို့က အခုသတ်လိုက်ရင် အလွယ်ကလေးပါကွာ၊ ဆရာကြီးကမေးရင် မင်းကထွက်ပြေးဖို့ကြိုးစားတဲ့အတွက် သတ်လိုက်ရပါတယ်လို့ ပြောပြရုံပဲ''

''သွားပါဗျာ၊ ခင်ဗျားတို့ပြောတာတွေ နားမလည်ဘူး''

ဂျော့ဘူက ခပ်မာမာ ပြန်ပြောလိုက်လျှင် ဖူဒိုက··



''ဟေ့··ဝေချို၊ ဒီကောင်ကို သတ်ပစ်လိုက်ပါတော့။ ဒါမှအေး မယ်''ဟု ပြောလိုက်သည်။

ဤတွင် နာဂီနာတာ ဓားသွားသည် ဂျော့ဘူ၏ ရင်ဘတ်ကို ထိုးစိုက်စ ပြုလာသည်။

ဂျော့ဘူသည် ငြိမ်ခံနေရန်မဖြစ်တော့ဟု ဆုံးဖြတ်လျက် လက်တစ်ဖက် ဖြင့် သိုင်းပညာနည်းဖြင့် ရိုက်လိုက်ရာ သစ်သားတုတ်ကြီး ဖျောင်းခနဲ ကျိုး ကာ ဓားသွားသည် ရေထဲသို့ကျသွားလေသည်။

''ဟေ့လူတွေ သတ္တိရှိရင် တွင်းထဲကို ဆင်းလာခဲ့''

ဤသို့လည်း ဂျော့ဘူက စိမ်ခေါ်လိုက်သည်။

''မင်းလည်း သတ္တိရှိရင်အပေါ်ကို တက်လာခဲ့ပါလား။ မင်း အခု ချက်ချင်း သေသွားအောင် ငါတို့က ရေတွေတက်လာစေနိုင်ကွ နားလည်လား''

''နားမလည်ဘူးဗျာ၊ ခင်ဗျားတို့ထွက်သွားကြပါ''

ဂျော့ဘူက ခပ်ထန်ထန်ပင် ဘုပြောလိုက်သည်တွင် ဝေချိုနှင့် ဖူဒို တို့လည်း လက်လျှော့ကာ ကျောက်ပြားကြီးကို ပြန်ပိတ်လျက် ထွက်သွားကြ တော့သည်။

ထိုအချိန်၌ ကျင်းထဲမှရေသည် ဂျော့ဘူ၏နှာခေါင်းနားထိအောင် တက်လာပြီဖြစ်လေသည်။ သူသည် ဓားဂျားလေ့ကျင့်ခန်းအဖြစ် သင်ကြားခဲ့ ရသော ထွက်သက်ဝင်သက်နည်းကို အာရုံစူးစိုက်ကာ သမထလေ့ကျင့်နည်းကို စတင်လုပ်နေလေသည်။ စိတ်က တဖြည်းဖြည်း တည်ငြိမ်လာသည်နှင့်အမျှ တစ်ကိုယ်လုံးငြိမ်းချမ်းအေးမြသလို ရှိလာကာ အိပ်မက်မက်သလို မနောအာရုံ တစ်ခု ဖြစ်လာလေသည်။

သူသည် အဖြူရောင်နဂါးကြီးတစ်ကောင်ကို စီးနင်းလျက် နဂါး ကလည်း အတောင်များခတ်လျက် ကောင်းကင်တွင် ပျံသန်းလျက် ရှိလေ သည်။ ဂျပန်ပြည်၏ ကျွန်းကြီးလေးကျွန်း (တိုဒိုကိုင်၊ ဟွန်းရှူး၊ ရှိကိုကူနှင့် ကျူရှူးကျွန်းများ)ပေါ်မှ ဖြတ်၍ပျံသန်းသွားရလေသည်။ ထိုအချိန်၌ ကောင်း ကင်မှနေ၍ အောက်သို့ငုံ့ကြည့်လိုက်ရာ မြင်းစစ်တပ်ကြီးတစ်တပ် ချီတက်လှုပ် ရှားနေသည်ကို မြင်ရလေသည်။ ထို့နောက် မျက်နှာချင်းဆိုင်ဘက်မှ မြင်း ရထားများပါသည့် စစ်တပ်ကြီးတစ်တပ် ချီတက်လာပြီး ကြီးကျယ်သော တိုက်ပွဲကြီးဖြစ်ပွားနေသည်။

www.burmeseclassic.com

www.burmeseclassic.com



တဖန် ဂျော်ဘူသည် နဂါးပျံကြီးစီးလျက်ပင် ဧရာမဘီလူးကြီးတစ်ကောင်ဆီသို့ ဦးတည်ပျံသန်းနေရပြန်သည်။ ဘီလူးကြီး၏ အရွယ်ပမာဏကလည်း အမြင့်ဆုံးတောင်ထက်ပင် ကြီးမားလေသည်။ ဘီလူးကြီး၏ ရင်ဘတ်တွင်ကား အဖြူရောင်ကျောက်မျက်ရတနာကြီးတစ်လုံး တပ်ဆင်ထားသည်။

ဘီလူးကြီးသည် ဂျော်ဘူကိုမြင်လျှင်–

"ဟော့ကောင်လေး…မင်းရဲ့မူရင်းဌာနီကို ပြန်လာတာကို ကြိုဆိုပါတယ်"ဟု ကျယ်လောင်သော အသံကြီးဖြင့် ပြောလိုက်သည်။

❄ ❄ ❄

(၂)

ဂျော်ဘူသည် သတိပြန်ရလာသောအခါ သူ့အား လူတွေဝိုင်း၍ မြေတိုက်ကျင်းထဲမှဆွဲယူ၍ အပြင်ဘက်သို့ ထုတ်နေကြောင်း သိလိုက်သည်။ တစ်ကိုယ်လုံး နိုက်ခိုက်တုန်အောင် ချမ်းနေ၍လည်း စောင်များဖြင့် ဝိုင်းပတ်ပေးနေကြသည်။

ဘာကြောင့် ငါ့ကို ပြန်ခေါ်ထုတ်နေပါလိမ့်ဟု စဉ်းစား၍မရအောင် ဖြစ်နေစဉ်မှာပင် ဘုရားကျောင်းအကြီးအကဲ တာအီတာရှိ၏ အသံကို ကြားလိုက်ရသည်။

"ဂျော်ဘူ…ဂျော်ဘူ…မင်းပြန်သတိရပြီမဟုတ်လား။ ကဲ…အပေါ်ထပ်ကို ပြန်တက်ခဲ့စမ်း။ ဟိုကျမှ နွေးသွားအောင် မီးဖိုနား ခဏနေလိုက်ရင်ကောင်းမယ်"

ဤသို့ ပြောပြီး တာအီတာရှိကိုယ်တိုင် ခေါင်းဆောင်၍ ဘုရားကျောင်းပေါ်သို့ တက်သွားသဖြင့် ဂျော်ဘူလည်း အခြားဇင်ဂျားတစ်ဦး၏ အကူအညီဖြင့် ခပ်ဖြည်းဖြည်းလိုက်တက်သွားရလေသည်။

အပေါ်ထပ်သို့ရောက်သောအခါ သူ့အား ကူရှင်များပေါ်တွင် ထိုင်စေပြီး ပူနွေးစေရန် မီးသွေးမီးဖိုတစ်ခုအနီးသို့ လာချပေးကြလေသည်။

ဘုရားကျောင်း အကြီးအကဲ တာအီတာရှိသည် သူ၏ ရှေ့တည့်တည့်တွင် ထိုင်နေပြီး ကျန်ဇင်ဂျားအဖွဲ့ဝင်များက ဘေးမှ ဝိုင်း၍ တင်ပလ္လင်ခွေထိုင်နေကြလေသည်။



အရုဏ်မတက်သေးဘဲ မှောင်နေသဖြင့် ဖယောင်းတိုင်များ ထွန်းထားလေသည်။

"ကဲ…ဂျော်ဘူ၊ မနေ့ညက မင်းရဲ့ အတွေ့အကြုံတွေ ပြောပြစမ်းပါ"

တာအီတာရှိက ပြောလိုက်သဖြင့် ဂျော်ဘူလည်း ယမန်နေ့ညက မြေတိုက်ကျင်းထဲရှိနေစဉ် 'ဝေချို'နှင့် 'ဖူဒို'တို့နှစ်ယောက် လာပြီး ကျင်းထဲမှ ထွက်ရန်ပြောပုံကစ၍ သူ၏ အတွေ့အကြုံများကို စတင်ပြောလေသည်။

ထိုအချိန်၌ ဝေချိုနှင့် ဖူဒိုတို့နှစ်ယောက်စလုံးသည် မလှမ်းမကမ်းတွင် ထိုင်လျက် သူ့အား သွားဖြဲပြုံးပြနေကြလေသည်။

ဂျော်ဘူသည် ဆက်လက်၍ အိပ်မက်သလို၊ ကမ္ဘာဌာန်းနိမိတ်လိုလို မြင်ခဲ့ရပုံနှင့်တကွ အဖြူရောင်နဂါးပျံကြီးစီးကာ ကောင်းကင်၌ ပျံသန်းသွားခဲ့ရပုံ၊ ဧရာမဘီလူးကြီးတစ်ကောင်နှင့် တွေ့ခဲ့ရပုံ စသည်တို့ကို ပြောပြလိုက်လေသည်။

အကြီးအကဲ တာအီတာရှိသည် နားလည်သဘောပေါက်ဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

"ငါတို့ ဇင်ဂျားအဖွဲ့ဝင်တစ်ဦးဟာ အခုလို နောက်ဆုံးအဆင့် မြေကျင်းထဲဆင်းပြီး စမ်းသပ်ခံရတဲ့အခါ ဒီလိုပဲ နိမိတ်အာရုံတွေ မြင်ရတတ်တယ်။ တကယ်လို့ငှက် သို့မဟုတ် တိရစ္ဆာန်ကိုမြင်ရင် အဲဒီသတ္တဝါက မင်းကိုစောင့်ရှောက်နေတယ်လို့ အဓိပ္ပာယ်ယူဆရတယ်။ အခု မင်းမြင်တာက နဂါးပျံကြီးဆိုတော့ အလွန်မြတ်တယ်လို့ ဆိုရမယ်။ နောက်တစ်ခုက အဖြူရောင်နဂါးပျံကြီး စီးရတယ်လို့ ဆိုတယ်မဟုတ်လား။ ဒါဟာ တခြားမဟုတ်ဘူး။ အဖြူရောင်နဂါးကို အမှတ်အသားတံဆိပ်အဖြစ် အသုံးပြုနေတဲ့ ဂျပန်ပြည်က 'မူရာတိုမို'မိသားစုအုပ်စုဘက်က မင်းဟာ အမှုထမ်းရမယ်ဆိုတဲ့ အဓိပ္ပာယ်ဖြစ်တယ်"

"ကျွန်တော်မြင်ခဲ့ရတဲ့ ဘီလူးကြီးကကော ခင်ဗျ"

ဂျော်ဘူက သိလိုသဖြင့် ပြန်မေးလိုက်သည်။

"မင်း ပြောပြတဲ့ပုံအတိုင်းဆိုရင် ဘီလူးကြီးဟာ ကွယ်လွန်သူ မင်းရဲ့ဖခင် ဒါမှမဟုတ် သူ့ကို သတ်ခဲ့တဲ့လူ ဖြစ်နိုင်တယ်။ တစ်ခုသေချာတာက သူဟာ မင်းရဲ့ဖခင်လာခဲ့တဲ့ တိုင်းပြည်က လူမျိုးဖြစ်တယ်။ အလွန်အင်အား

www.burmeseclassic.com

www.burmeseclassic.com



ကြီးမားတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။ ဒါကြောင့် မင်းက အလွန်ကြီးတဲ့ ဘီလူးကြီး အသွင်မြင်ခဲ့ရခြင်းဖြစ်တယ်။ ကောင်းပြီ ဂျေဘူ၊ မင်းဟာ ညက မြင်ခဲ့ရတဲ့ နိမိတ်အာရုံရဲ့ အဓိပ္ပာယ်အတိအကျကို နားလည်သဘောပေါက်ဖို့အတွက် မင်းရဲ့ဘဝတစ်လျှောက်လုံး ကြာချင်ကြာမယ်။ ဘာပဲဖြစ်ဖြစ် မင်းဟာ နိမိတ်အာရုံကို ထင်ထင်ရှားရှား မြင်ခဲ့ရတဲ့အတွက် မှတ်ကျောက်တင် စမ်းသပ်မှု အောင်မြင်တယ်လို့ ဆိုရမယ်။ ဒါကြောင့် မင်းကို ငါတို့အဖွဲ့ဝင် ဇင်ဂျားတစ်ဦးအဖြစ် တရားဝင် အသိအမှတ်ပြုပါတယ်။ ကဲဟေ့…တို့အဖွဲ့ရဲ့ ဝတ်စုံတစ်စုံ ယူခဲ့ကြစမ်း''

ထိုစကားကို ကြားလိုက်သည်တွင် ဂျေဘူသည် အကြီးအကျယ် အားတက်ဝမ်းမြောက်သွားမိတော့သည်။ သူ၏စိတ်ထဲတွင်လည်း ညက မြင်မက်ခဲ့သော အဖြူရောင်နဂါးပျံကြီးကို အမြဲတစေ ပိုင်ဆိုင်ရရှိသလို ထင်မြင်မိလေသည်။

ဇင်ဂျားအဖွဲ့ဝင်တစ်ဦးသည် အဖွဲ့ဝင်၏ တရားဝင်ဝတ်စုံဖြစ်သော မီးခိုးရောင် ဝတ်စုံတစ်စုံယူလာပြီး ဂျေဘူအား ကူညီ၍ ဝတ်ဆင်ပေးလိုက်သည်။

ရုတ်တရက် ကြည့်လိုက်လျှင် သာမန်ဝတ်စုံကြီးတစ်ခုလို ထင်ရသော်လည်း အတွင်းဘက်၌ လျှို့ဝှက်အိတ်များ ပါရှိလေသည်။ ဇင်ဂျားတို့အသုံးပြုသော လက်နက်များ ဝှက်ထားရန် ဖန်တီးထားခြင်းဖြစ်သည်။ ဝတ်စုံတွင် မီးခိုးရောင်အဝတ်ခါးပတ်တစ်ခု ပါရှိပြီး ခါးလယ်တွင် ခါးပတ်ကို ပတ်၍ ချီထားရသည်။ ထို့ပြင် ဦးခေါင်းဖုံးအောင် စွပ်ဖုံးရန်အတွက် ခေါင်းစွပ်တစ်ခုလည်း တစ်ဆက်တည်း ပါရှိလေသည်။

''ဒီဝတ်စုံကလွဲရင် မင်းမှာ တခြားကိုယ်ပိုင်ပစ္စည်းရယ်လို့ ဘာမှ မရှိရဘူး''

အကြီးအကဲ တာအိတာရှိက ပြောလိုက်ရာ ကျန် ဇင်ဂျားများက ဂါထာမန္တာန် ရွတ်သလို-

''မီးခိုးရောင်သည် အခြားအရောင်အသွေးအားလုံးနှင့် ညီမျှသည်''

ဟု သံပြိုင်ရွတ်လိုက်ကြသည်။

''ကဲ…ဂျေဘူအတွက် ဇင်ဂျား လေးနဲ့မြား ယူခဲ့ကြစမ်း''



တာအိတာရှိက ပြောလိုက်ပြန်ရာ အဖွဲ့ဝင်တစ်ဦးက ဇင်ဂျားတို့ အသုံးပြုသော လေးနှင့်မြားကို ယူလာပေးကြလေသည်။

လေးက ခပ်တိုတိုတုတ်တုတ်ရှိပြီး အလွန်အင်အားကောင်းသော လေးမျိုးဖြစ်သည်။ လေးနှင့်အတူ မြားနှစ်ဆယ့်သုံးစင်းတိတိပါသော အဝတ်မြားအိတ်တစ်ခုလည်း ပါလာလေသည်။

အဖွဲ့ဝင်တစ်ဦးက လေးနှင့်မြားကို ဂျေဘူ၏ ကိုယ်တွင် သိုင်းလွယ် ပေးလိုက်သည်။

''ဂျေဘူ၊ မင်းဟာ အခု ဇင်ဂျားအဖွဲ့ဝင်တစ်ဦး ဖြစ်လာပြီ၊ တစ်ချိန်တည်းမှာ မင်းဟာ စစ်သည်သူရဲကောင်းတစ်ဦးလည်း ဖြစ်လာတယ်။ လေးနဲ့ မြားကိုသုံးပြီး ရန်သူကိုခွင်းရာမှာ မုန်းတီးစိတ်မထားရဘူး။ ရန်သူကို သတ်သင်ရရင် စိတ်မကောင်းဖြစ်ပြီး သူ့အတွက် ဆုတောင်းပေးရမယ်။ ဒါပေမယ့် မင်းဟာ လေးနဲ့မြားကို အသုံးပြုပြီဆိုရင် မြားတစင်းမှ အလဟဿမဖြစ်စေနဲ့''

တာအိတာရှိက ဤသို့ပြောလိုက်လျှင် ကျန်အဖွဲ့ဝင်များက

''မြားတို့သည် လိုချင်တပ်မက်မှုကို ငြိမ်းသက်စေနိုင်သည်''

ဟု သံပြိုင်ရွတ်ဆိုလိုက်ကြပြန်သည်။

''ဟုတ်ပြီ၊ ကိုင်း ဂျေဘူအတွက် ဇင်ဂျားဓားတစ်လက်ယူခဲ့ကြဦး''

အကြီးအကဲ တာအိတာရှိက အမိန့်ပေးလိုက်ပြန်ရာ အဖွဲ့ဝင်တစ်ဦးသည် ရှီးရှီးသစ်သားဓားအိမ်ဖြင့် စွပ်ထားသော ဓားတစ်လက်ယူလာပြီး ဂျေဘူ၏ ခါးတွင် ချိတ်ဆွဲပေးလိုက်သည်။

ဂျေဘူသည် ဓားကို ဆွဲထုတ်၍ကြည့်လေသည်။ ဇင်ဂျားဓားမှာ ဆာမူရိုင်းများ သုံးသည့် ဓားရှည်ထက် အနည်းငယ်တိုသည်။ သို့သော် ဓားသွားမှာ ဖျက်ပို၍ကျယ်လေသည်။ သံမဏိဖြင့်ပြုလုပ်ထားသော ဇင်ဂျားဓားသည် ခိုင်ခန့်တောင့်တင်းသလောက် အလွန်ထက်လှပေသည်။ ဓားသွားက အနည်းငယ်တိုသော်လည်း လက်ကိုင်အရိုးကမူ ဆာမူရိုင်းဓားထက် ပို၍ရှည်လေသည်။ ဤဇင်ဂျားဓားရှည်များ ပုံသဏ္ဌာန်မှာရှေးခေတ်အဆက်ဆက်မှ ဇင်ဂျားဂိုဏ်း အကြီးအကဲများက ဖန်တီးခဲ့ကြသည်။ ဓားသွား၏ သံကိုလည်း အထူးလျှို့ဝှက်နည်းတစ်ခုဖြင့် ဖော်စပ်စီရင်ထားသည်။ ဓားသွားက ပြောင်လက်နေလေရာ ထွက်ခါစ နေရောင်မှ အလင်းရောင်သည် ဓားသွားပေါ်

www.burmeseclassic.com



ကျရောက်ပြီး ဝင်းခနဲ ဝင်းခနဲ ဖြစ်လျက်ရှိလေသည်။

''ဤ ဓားကို ကိုင်ဆောင်ပါလော့။ သို့သော် ဝမ်းမြောက်ဝမ်းသာ မရှိပါနှင့်။ ဤဓားချက်ဖြင့် ကျဆုံးသူတို့အတွက် ဆုတောင်းပေးပါလေ။ သို့တစေလည်း သင့် ဓားချက်တိုင်း ဓားချက်တိုင်းသည် ထိရောက်ပါစေ''

ဘုရားကျောင်းအကြီးအကဲ တာအီတာရှိက ပြောလိုက်ရာ ကျန်ဖင်းဂျားအဖွဲ့ဝင်များက

''ဤဓားသည် မိမိကိုယ်ပင် ဖြစ်၏။ ဤဓားသည် ရုပ်ဝတ္ထုကိုလည်းကောင်း၊ အချိန်ကာလကိုလည်းကောင်း ခုတ်ဖြတ်ဖောက်ထွင်းကာ အမှန်တရားဆီသို့ရောက်အောင် ဆောင်ကျဉ်းပေးနိုင်၏''ဟု သံပြိုင်ရွတ်ဆိုလိုက်ကြလေသည်။

ဤတွင် အကြီးအကဲ တာအီတာရှိသည် လက်နှစ်ဖက်ကို အပေါ်သို့ မြှောက်လိုက်သည်။

''ငါတို့၏ ဖင်းဂျားအဖွဲ့ဝင်သစ်အား လှိုက်လှဲစွာ ကြိုဆိုကြပါကုန်လော့''

သူ၏စကားဆုံးသည်နှင့် စောစောက တိတ်ဆိတ်ငြိမ်သက်နေခဲ့သော ဘုရားကျောင်းကြီးတစ်ခုလုံး ဆူညံသွားလေတော့သည်။

''ဖင်းဂျားအဖွဲ့ဝင်များသည် ဝတ်ရုံနှင့်ဆက်နေသည့် ခေါင်းစွပ်များ စွပ်ထားရာ ယခုတော့ ခေါင်းစွပ်များကို ချွတ်ပစ်လိုက်ပြီး ဂျော်ဘူအား တရားဝင်ဖင်းဂျားအဖွဲ့ဝင်ဖြစ်လာသည်ကို ဟစ်အော်၍ကောင်းချီးသြဘာပေးကြလေသည်။ ဝမ်းမြောက်ဂုဏ်ယူစွာဖြင့် လက်ကိုဆွဲသူဆွဲ၊ ပခုံးဖက်သူဖက်နှင့် ဝမ်းမြောက်ဂုဏ်ယူစွာ ဝိုင်း၍နှုတ်ဆက်ကြရာ အချို့ဖင်းဂျားများဆိုလျှင် ဝမ်းသာလွန်း၍ မျက်ရည်များပင်ကျလျက် ရှိသည်။

ထိုအချိန်၌ အရှေ့ဘက်ကောင်းကင်တွင် နေသည်ထန်းတစ်ဖျားနီးပါးခန့် ရှိနေပြီဖြစ်သည်။

အခြားဖင်းဂျားများ ဂျော်ဘူအားဝိုင်း၍ ဝမ်းသာအားရနှုတ်ဆက်နေကြစဉ် ဝေချီနှင့် ဖူဒိုတို့နှစ်ယောက်ကမူ လူအုပ်၏ ပြင်ဘက်နားတွင် ရပ်နေကြလေသည်။ သူတို့နှစ်ဦးစလုံးပြုံးနေကြရာ ဂျော်ဘူသည် ယမန်နေ့ညကအဖြစ်ကို သတိရပြီး မကျေမချမ်းဖြစ်မိနေလေသည်။ ထို့ကြောင့် ဘုရားကျောင်းအကြီးအကဲ



အား တိုင်ကြားရန် ဆုံးဖြတ်လိုက်သည်။

''ဆရာကြီး တာအီတာရှိခင်ဗျား၊ ဒီလူနှစ်ယောက်ကို ကျွန်တော် မုန်းတီးပါတယ်။ သူတို့အပေါ် ဆရာကြီးက အဆုံးအဖြတ်ပေးဖို့ တောင်းဆိုပါတယ်''

ဂျော်ဘူက ဤသို့ပြောလိုက်သောအခါ တာအီတာရှိက ရယ်မောလိုက်သည်။

''အဆုံးအဖြတ်ပေးရရင် ငါက သူတို့နှစ်ယောက်ဟာ သရုပ်ဆောင်အတတ်ပညာအလွန်တော်တယ်လို့ပဲ ဆုံးဖြတ်ရလိမ့်မယ်။ ညက ဖြစ်ရပ်ဟာ မင်းကို အပြီးသတ် မှတ်ကျောက်တင်စမ်းသပ်ဖို့ သူတို့နှစ်ဦးကို တာဝန်ပေးလိုက်တာသာ ဖြစ်တယ်။ ဖင်းဂျားအဖြစ် တရားဝင်အသိအမှတ်ပြု ခံရဖို့အတွက် ဒီလိုပဲ စမ်းသပ်ခံရတယ်ကွယ့်''

တာအီတာရှိက ပြောလိုက်ပြီးနောက် ဖူဒိုကလည်း

''ကျုပ်တို့ လုပ်ခဲ့ရတဲ့တာဝန်က အင်မတန်ခက်ခဲပါတယ်။ ဒီဘုရားကျောင်းရဲ့ စည်းကမ်းကို မရိုသေဘဲ ဖောက်ဖျက်ချင်ဟန်ဆောင်ပြီး လိုက်နှောင့်ယှက်ခဲ့ရတာပါ''ဟု ဝင်ပြောလိုက်သည်။

ထိုအခါ ဝေချီက ပါဝင်၍

''တကယ်လို့ စမ်းသပ်တာသာ မအောင်မြင်ခဲ့ရင် ကျုပ်တို့ကပဲ မောင်ရင့်ကို သတ်ရမယ်လို့လည်း အမိန့်ပေးထားတယ်''

ဟု စိတ်မကောင်းဖြစ်စွာနှင့် ရှင်းပြလေသည်။

ဂျော်ဘူသည် မိမိကဲ့သို့ မှတ်ကျောက်တင် စမ်းခံရင်း မအောင်မြင်ဘဲ အသတ်ခံရသူများရှိခဲ့လေသလောဟု စဉ်းစားနေမိစဉ်မှာပင် အကြီးအကဲ တာအီတာရှိက သူ၏စိတ်ကို ရိပ်မိသလို ရှင်းပြလိုက်သည်။

''ဒီလို ရှိတယ်ကွယ့်။ နောက်ဆုံးအဆင့် မှတ်ကျောက်တင်စမ်းပြီးရင် အဲဒီ ဖင်းဂျားလူသစ်ကို ချက်ချင်းတာဝန်ပေးလိုက်ရတယ်။ သူဟာ ချက်ချင်းခရီးထွက်သွားရတယ်။ ဒါကြောင့် များသောအားဖြင့် ကျန်တဲ့အဖွဲ့ဝင်များအနေနဲ့ မြေတိုက်ကျင်းထဲ ထည့်စမ်းခံရသူရဲ့ ကံကြမ္မာဘယ်လိုဖြစ်လာတယ်ဆိုတာကို မသိကြဘူး''

''ဒါဖြင့် အခု ကျွန်တော်လည်း တာဝန်ပေးခံရပြီး ခရီးထွက်ရတော့

www.burmeseclassic.com

www.burmeseclassic.com



မှာပေါ့''

ဂျော့ဘူက ပြန်မေးလိုက်ရာ တာအီတာရှိုက ခေါင်းညိတ်လိုက်သည်။

''ဟုတ်တယ်၊ ကိုင်း…ခု မင်းက ငါ့ရဲ့သီးသန့်အခန်းကို သွားရမယ်၊ ဟိုကျမှ မင်းကို ဘယ်လွှတ်မယ်ဆိုတာ ပြောပြမယ်။ ပြီးတော့မှ မင်းက တခြားလူတွေကို နှုတ်ဆက်ဖို့ အချိန်ရမယ်''

ဖင်းဂျားအဖွဲ့ဝင်များနေသည့် အခန်းများမှာ သစ်သားဖြင့် တည်ဆောက်ထားပြီး ခေါင်မိုးကိုမူ သစ်ခေါက်များဖြင့် မိုးထားလေသည်။ အခန်းများကိုကား ဝါးဖြင့်ကာထားပေသည်။

ဂျော့ဘူသည် ဘုရားကျောင်းအကြီးအကဲ၏ သီးသန့်အခန်းသို့ သွားသောအခါ တာအီတာရှိုကိုယ်တိုင် အသင့်စောင့်နေသည်ကို တွေ့ရလေသည်။

သူသည် ဂျော့ဘူကို မြင်လျှင် လက်နှစ်ဖက်ဆန့်တန်းလျက် ဝမ်းသာအားရစွာဖြင့် ဖက်လှဲတကင်း နှုတ်ဆက်လေသည်။

ထို့နောက် တာအီတာရှိုကပင်စတင်၍ မေးလေသည်။

''ဂျော့ဘူ မင်း ငါ့ကိုပြောစမ်းပါ။ ငါက ဖခင်အနေနဲ့ မင်းကို ဒီအဖွဲ့ထဲ ဝင်ရောက်ခွင့်ရဖို့အတွက် ဒါထက်ပိုပြီး လွယ်ကူသက်သာအောင် လုပ်ပေးဖို့ သင့်တယ်လို့ ထင်သလား''

ထိုစကားကိုကြားလျှင် ဂျော့ဘူသည် အံ့သြတုန်လှုပ်သွားမိသည်။

''မထင်ပါဘူး၊ တကယ်လို့သာ ကျွန်တော့်ကို မျက်နှာသာပေးပြီး လွယ်ကူအောင် လုပ်ခဲ့မယ်ဆိုရင် ကျွန်တော်တစ်သက်လုံး ရှက်လို့ဆုံးမှာ မဟုတ်ပါဘူး''

သည်တော့မှ ဆရာကြီးသည် ကျေနပ်သွားဟန်ဖြင့် ပြုံးလိုက်သည်။

''အေး…မင်းအနေနဲ့ ပင်ပန်းကြီးစွာ လေ့ကျင့်သင်ကြားခဲ့ရတာတွေ၊ သေလုမျောပါးမှတ်ကျောက်တင်စမ်းသတ်ခံခဲ့ရတာတွေဟာ တခြားလူသစ်တွေနဲ့ အတူတူပါပဲ။ သို့သော်လည်း ဆင်းရဲပင်ပမ်းတာတွေဟာ ဒါလောက်နဲ့ပြီးပြီလို့ မထင်မှတ်လေနဲ့။ ရှေ့လာမယ့် မင်းရဲ့ဘဝခရီးတစ်လျှောက်မှာ ဒါထက်အများကြီးဆိုးမယ့် အဖြစ်မျိုးတွေ ကြုံရလိမ့်မယ်ဆိုတာ သိထားဖို့လိုတယ်''



ထိုအချိန်၌ ဂျော့ဘူသည် ယမန်နေ့ညက ဆရာကြီးပြောခဲ့သော လျှို့ဝှက်ချက်စကားကို ပြန်သတိရမိပြန်သည်။ ဖင်းဂျားတွေဟာ မကောင်းဆိုးဝါးတွေပဲဟု ဆရာကြီးက ပြောခဲ့သည်။

''ဆရာကြီးခင်ဗျား၊ မနေ့ညက ပြောခဲ့တဲ့လျှို့ဝှက်ချက်အကြောင်း အခု ဆွေးနွေးလို့ ဖြစ်မလား''

''ဒါကို ဆွေးနွေးလို့ ဘယ်လိုမှ အကျိုးမရှိနိုင်ဘူးကွယ့်။ အကျိုးရှိတာ တစ်ခုပဲ ရှိတယ်။ ဒီလျှို့ဝှက်ချက်ကို မင်းက လုံးဝထုတ်ဖော်ပြောဆိုခြင်း မပြုဘဲ ဆိတ်ဆိတ်နေပြီး ဆင်ခြင်သုံးသပ်နေဖို့ပဲ လိုတယ်''

''ဟုတ်ကဲ့ ကောင်းပါပြီ၊ ကျွန်တော့်အတွက် ဒီအဖွဲ့အနေနဲ့ ဘာအလုပ်တာဝန်တွေပေးဖို့ ရည်ရွယ်တယ်ဆိုတာသာ ပြောပြပါတော့''

''လုပ်ရမယ့် တာဝန်တွေကတော့ အများကြီးပဲ။ အားလုံးကိုတော့ လုပ်နိုင်မှာ မဟုတ်ဘူး။ ပထမဆုံး မင်းလုပ်ရမှာကတော့ ဟွန်ရှူကျွန်းရဲ့ အရှေ့မြောက်ဘက်ကမ်းခြေနားက ကာမာကူရာဆိုတဲ့ မြို့ကလေးကို အရင်ဆုံး မင်းသွားရမယ်။ ဟိုရောက်ရင် အလွန်ချမ်းသာကြွယ်ဝတဲ့ ရှီမာမိသားစုဆီမှာ အမှုထမ်းရမယ်။ ရှီမာ မိသားစုဆိုတာက နာမည်ကြီး တာကာရှိမိသားစု အုပ်စုကြီးရဲ့ အဆက်အနွယ်ဖြစ်တယ်''

''ဟင်…တာကာရှိမိသားစုဆိုတော့ အနီရောင် နဂါးအမှတ်အသား အသုံးပြုတဲ့ အုပ်စုကြီးပေါ့''

ဂျော့ဘူက အံ့အားသင့်စွာဖြင့် ပြန်မေးလိုက်သည်။

''ဟုတ်တယ်၊ မင်း ညက နိမိတ်အာရုံမြင်မက်တုန်းက အဖြူရောင်နဂါးကြီးမြင်ခဲ့တယ် မဟုတ်လား။ ဒါပေမယ့် အခု မင်းဟာ အနီရောင်နဂါးအမှတ်တံဆိပ် အသုံးပြုတဲ့ မူရာတိုမိုအုပ်စုရဲ့ ရန်သူ တာကာရှိအုပ်စုဘက်မှာ အမှုထမ်းရမယ်''

ဂျော့ဘူသည် လေ့ကျင့်သင်တန်းတက်ခဲ့စဉ်ကပင် ဂျပန်ပြည်၏ ပြိုင်ဘက်အုပ်စုကြီးများအကြောင်း နားလည်သိရှိခဲ့ပြီး ဖြစ်သည်။ အင်အားကြီးသောသလောက် တာကာရှိနှင့် မူရာတိုမိုအုပ်စုကြီးနှစ်စုသည် တစ်ဖက်နှင့်တစ်ဖက် တမ္ဘာရန် သတ်မှတ်ကာ အားပြိုင်တိုက်ခိုက်လျက်ရှိကြသည်။ သင်းအုပ်စုကြီးနှစ်ခုစလုံးမှာ ဆာမူရိုင်းအုပ်စုများ ဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီးခင်ဗျား၊ တာကာရှီနဲ့ မူရာတိုမိ အုပ်စုနှစ်ခုဟာ ဘာကြောင့် အကြီးအကျယ် ရန်သူတွေ ဖြစ်နေကြတယ်ဆိုတာ ထပ်ပြီး ပြောပြပါဦး"

ဂျေဘူက မေးလိုက်သဖြင့် ဘုရားကျောင်း အကြီးအကဲ တာအိတာရှိသည် အတိတ်ကဇာတ်ကြောင်းကို ထပ်မံ၍ ပြောပြလေသည်။

ဇာတ်ကြောင်းသည်ကား ဤသို့တည်း-

ရှေးအစဉ်အဆက်မှစ၍ ဂျပန်ပြည်၏ ဘုရင်ဧကရာဇ်တို့သည် ဇနီး(မိဖုရား)အမြောက်အမြားရှိခဲ့သဖြင့် သားသမီးတွေကလည်း အလွန်များပြားခဲ့သည်။ တဖြည်းဖြည်းနှင့် ဘုရင်ဧကရာဇ်၏ အိမ်ထောင်မိသားစုဦးရေကလည်း အဆမတန်များပြားလာခဲ့သည်။ ယင်းမိသားစုအားလုံးကို နိုင်ငံတော်၏ ဘဏ္ဍာငွေမှ ထောက်ပံ့ရလေရာ ကြာသော်ဘဏ္ဍာတိုက်အနေဖြင့် မတတ်နိုင်တော့သည့် အခြေအနေမျိုး ဖြစ်လာလေသည်။ ထို့ကြောင့် ဘုရင်ဧကရာဇ် မိသားစုထဲမှ အချို့ကို ဖယ်ထုတ်၍ နာမည်သစ်များ ခံယူစေပြီး နယ်မြေများ အပိုင်စားစေကာ မိမိတို့ဘာသာ ဆက်လက်ရပ်တည်သွားကြရန် ဆုံးဖြတ်လိုက်ကြသည်။

ဤနည်းအားဖြင့် ကာမူအမည်ရှိ ဂျပန်ဧကရာဇ်မှ ဆင်းသက်လာခဲ့သူ အမျိုးအနွယ်များသည် တာကာရှီမိသားစုအုပ်စု ဖြစ်လာသည်။ သူတို့အုပ်စု၏ အမှတ်အသားတံဆိပ်က အနီရောင်နဂါးရုပ် ဖြစ်လေသည်။

အလားတူပင် ဆအိဒါအမည်ရှိ ဂျပန်ဧကရာဇ်၏ အဆက်အနွယ်များက မူရာတိုမိ အမည်ခံပြီး သူတို့မိသားစု (အုပ်စု)၏ အမှတ်အသားက အဖြူရောင်နဂါးရုပ်ဖြစ်လေသည်။

နိုင်ငံတော်၏ ဘဏ္ဍာငွေမှ ထောက်ပံ့ခြင်းမရရှိတော့သော ယင်းမိသားစု(အုပ်စု)ကြီးများသည် မိမိတို့ဘာသာ ကြိုးစား၍ ရပ်တည်လာရလေရာ တစ်ချိန်က ဘုရင်ဧကရာဇ်၏ နန်းတော်အသိုင်းအဝန်းမှာ နေသလို ဇိမ်ခံစည်းစိမ်ယစ်မူးပျော်ညှိုးသူများ မဟုတ်တော့ဘဲ ခက်ထန်ကြမ်းတမ်းလာကြသည်။ လူကြမ်းများဖြစ်လာကြကုန်သည်။ သူတို့၏ နယ်မြေများသို့ ကျူးကျော်လာသူ အခြားလူမျိုးအုပ်စုများ၊ မြောက်ပိုင်းဒေသမှ လူရိုင်းများကို ခုခံကာကွယ်ရန်အတွက်လက်နက်စွဲကိုင် လာကြသည်။ လက်နက်ကိုင် တိုက်ခိုက်ခြင်းကို ကျွမ်းကျင်အောင် လေ့ကျင့်လာကြသည်။ သူတို့ကို အလုပ်အကျွေးပြုသူ နောက်လိုက်ငယ်သားကျေးကျွန်စသည်တို့ကိုလည်း လက်နက်တပ်ဆင်ပေးကာ တိုက်ခိုက်နည်းများ ကျွမ်းကျင်အောင် လေ့ကျင့်သင်ကြားစေသည်။ ထိုင်းနောက်လိုက်ငယ်သားများသည် ကြာသော် ဆာမူရိုင်းခေါ် သူရဲကောင်းလူတန်းစား ဖြစ်လာလေသည်။

ထိုအတောအတွင်း ဂျပန်ဘုရင်ဧကရာဇ်၏ နန်းတော်မှ မူလစစ်တပ်သည် တဖြည်းဖြည်း အင်အားနည်းပါးလာသည်နှင့်အမျှ ပျော့ညံ့လာခဲ့သည်။ အရေးအကြောင်းရှိလျှင် တိုက်ခိုက်နိုင်စွမ်း မရှိတော့လောက်အောင် တိုက်ရည်ခိုက်ရည် ညံ့ဖျင်းကျဆင်းလာခဲ့သည်။ ထို့ကြောင့် ဂျပန်အနှံ့အပြားမှ မြေပိုင်ရှင်များဟာ ဘုရင်အား ပုန်ကန်ခြားနားသည်ဖြစ်စေ၊ မြောက်ပိုင်းဒေသမှ လူရိုင်းများက ကျူးကျော်ဝင်ရောက်လာသည်ဖြစ်စေ ပင်လယ်ပြင်တစ်ဖိုက်ဝင်လယ်ဒမြများထကြွသောင်းကျန်းလာလျှင်ဖြစ်စေ၊ နေနတ်မျိုးနွယ် ဂျပန်ဧကရာဇ်သည် သွေးသားတော်စပ်ခဲ့ဖူးသော တာကာရှီနှင့် မူရာတိုမိမိသားစုများထံ အကူအညီတောင်းရလေသည်။ ယင်းမိသားစု(အုပ်စု)နှစ်စုကလည်း ဘုရင်ဧကရာဇ်ဘက်မှ ပါဝင်ကူညီတိုက်ခိုက်ပေးလေ့ရှိသည်။

ဤနည်းအားဖြင့် ဆာမူရိုင်းစစ်တပ်များသည် တဖြည်းဖြည်းအင်အားကြီးမားလာခဲ့သည်။ အုပ်စုနှစ်ခုစလုံးမှ ဆာမူရိုင်းအင်အား တိုးတက်များပြားလာသည်နှင့်အမျှ တစ်ဖက်နှင့်တစ်ဖက် မနာလိုဖြစ်ကာ ယှဉ်ပြိုင်ကြရင်း အကြီးအကျယ် ရန်သူများ ဖြစ်လာကြလေတော့သည်။

တာကာရှီနှင့် မူရာတိုမိအုပ်စုကြီးနှစ်ခုသည် ရန်သူအဖြစ် ယှဉ်ပြိုင်လာချိန်တွင် ဘုရင်ဧကရာဇ်၏ နန်းတော်ပတ်ဝန်းကျင်၌လည်း အချင်းချင်း ယှဉ်ပြိုင်လာကြလေသည်။ နှစ်ဖက်စလုံးက နန်းတော်တွင်း၌ သြဇာတိက္ကမကြီးမားအောင် ကြိုးစားလာကြသည်။

နန်းတွင်းရေးကလည်း ရှုပ်ထွေးပြီး နန်းတော်တွင်း၌ပင် ပဋိပက္ခများရှိလေရာ၊ ပြိုင်ဘက်အုပ်စုနှစ်စုက ဟိုဘက်သည်ဘက် ဝင်ပါကာ တွင်ကျယ်အောင် ပြုလုပ်လာကြသည်။ များသောအားဖြင့် တစ်ဖက်နှင့်တစ်ဖက် အလွန်မုန်းတီးကြသဖြင့် အမြဲတမ်း ဆန့်ကျင်လိုသည့်အတိုင်း တာကာရှီအုပ်စုက တစ်ဖက်ဖက်နှင့် ဝင်ပေါင်းလိုက်လျှင် မူရာတိုမိအုပ်စုကလည်း ထိုဘက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဆန့်ကျင်သည့်ဘက်မှ ပါဝင်ကူညီလေ့ရှိသည်။

လွန်ခဲ့သော လေးနှစ်ကဆိုလျှင် တာကာရှီနှင့် မူရာတိုမိုအုပ်စုကြီး နှစ်စု၏ ပဏ္ဍိပက္ခမှုသည် သွေးချောင်းစီးသော တိုက်ပွဲကြီးများ ဖြစ်သည်အထိ ကြီးကျယ်လာခဲ့သည်။ ဖြစ်လာပုံကား အောက်ပါအတိုင်း ဖြစ်လေသည်။

ဂျပန်ဘုရင်ဧကရာဇ်၏ညီတော်မင်းသားတစ်ပါးသည် ထီးနန်းရိုက်ရာကို လိုချင်သဖြင့် ပုန်ကန်ခြားနားလေသည်။ ထိုအခါ မူရာတိုမိုအုပ်စု အကြီးအကဲက ပုန်ကန်သူ မင်းသားဘက်မှပါဝင်အားပေးရန် ဆုံးဖြတ်လိုက်ပြီး ဟီယန်ကျိုမြို့ရှိ နန်းတော်အတွင်း အခိုင်အမာခံတပ်သဖွယ်ပြုကာ နောက်ထပ်စစ်သည်ဗိုလ်ပါအင်အား အမြောက်အမြားစုရုံးဖြည့်တင်းလေသည်။

သို့ရာတွင် မူရာတိုမို မိသားစုထဲမှ အရေးပါသော ပုဂ္ဂိုလ်တစ်ဦးကမူ ဂျပန်ဘုရင်ဧကရာဇ်ကိုပင် သစ္စာခံကာ ရပ်တည်ခဲ့လေသည်။

ထိုပုဂ္ဂိုလ်ကား နန်းတော်စောင့်ကိုယ်ရံတော်တပ်ဖွဲ့၏ တပ်မှူး (ကပ္ပတိန်)ဒိုမေဆိုသူပင် ဖြစ်သည်။ သူ့အနေဖြင့် ပုန်ကန်သူမင်းသားသည် ထီးနန်းရိုက်ရာကို ဆက်ခံပိုင်ခွင့် မရှိဟု ယုံကြည်သဖြင့် ဘုရင်ဧကရာဇ်၏ သစ္စာတော် ခံလိုက်ခြင်းပင် ဖြစ်သည်။

ကပ္ပတိန်ဒိုမေသည် အခြားမဟုတ် မူရာတိုမိုအုပ်စု အကြီးအကဲ၏ သားရင်းဖြစ်သည်။ ထို့ကြောင့် သူသည် သူပုန်မင်းသားဘက်မှ ပါဝင်ကူညီသူ ဖခင်အရင်းနှင့် ယှဉ်ပြိုင်တိုက်ခိုက်ရသည့်အဖြစ်သို့ ရောက်ရှိနေခဲ့တော့သည်။

မူရာတိုမို အုပ်စုက သူပုန်မင်းသားဘက်မှ ဝင်ပါလိုက်သည်ဆိုလျှင် ထုံးစံအတိုင်း ဆန့်ကျင်ဘက် တာကာရှီအုပ်စုသည် ဘုရင်ဧကရာဇ်ဘက်မှ ရပ်တည်လေတော့သည်။

တာကာရှီအုပ်စု၏ အကြီးအကဲမှာ အလွန်ရက်စက်ကြမ်းကြုတ်သည်ဟု နာမည်ကြီးသော ဆိုလာမိုရီ ဆိုသူဖြစ်လေသည်။ သူသည် မူရာတိုမိုအုပ်စုအား အလွန်မုန်းတီးစက်ဆုပ်သောကြောင့် ယခုမင်းသားတစ်ပါး သူပုန်ထသည့် အရေးအခင်းတွင် ဆန့်ကျင်ဘက်အုပ်စုအား အပြတ်တိုက် ချေမှုန်းပစ်ရန် သဲသဲမဲမဲ ကြိုးစားလေသည်။

နန်းတော်စောင့် တပ်မှူးကပ္ပတိန်ဒိုမေမှာ သူ၏မိသားစု ရန်သူ တာကာရှီအုပ်စုမှ လူများနှင့်အတူ လက်တွဲတိုက်ခိုက်ရသဖြင့် အလွန် စိတ်



ချမ်းမသာဖွယ်ရာ အဖြစ်နှင့် ကြုံနေရလေသည်။

ဒိုမေသည် မူလကပင် တိုက်ရည်ခိုက်ရည်၌ ထူးချွန်အစွမ်းထက်သူဟု နာမည်ရထားသူ ဖြစ်သည်။

ယခုလည်း သူတိုက်ရသည့်ဘက်မှ တကယ်ပင် စိတ်ပါလက်ပါ တိုက်လေသည်။ တစ်ညတွင် ကပ္ပတိန်ဒိုမေသည် ကိုယ်ရံတော်တပ်နှင့်တကွ ဆာယိမဟာမိတ်ဖြစ်နေသူ တာကာရှီအုပ်စုမှ တပ်များကို ဦးဆောင်ကာ ရန်သူ သူပုန်စခန်းတစ်ခုသို့ တရကြမ်းဝင်ရောက်စီးနင်းတိုက်ခိုက်ရာ တစ်ဖက် အုပ်စုကို ခေါင်းဆောင်နေသော သူ၏ဖခင်ကိုပါ လက်ရဖမ်းမိခဲ့လေသည်။ ထိုတိုက်ပွဲမှာ အရေးပါသော တိုက်ပွဲဖြစ်၍ ပုန်ကန်သူ မင်းသားဘက်မှ အရေးနိမ့်သွားလေတော့သည်။

ထိုအခါ အောင်ပွဲရ ဘုရင်ဧကရာဇ်သည် ပုန်ကန်ခြားနားသူများအား မည်သို့ စီရင်ရမည်ကို စဉ်းစားဆုံးဖြတ်ရန် လိုလားပြန်သည်။ ရှေးခေတ်က ဂျပန်ပြည်သို့ မေတ္တာဝါဒ သွန်သင်ဟောကြားသော ဗုဒ္ဓဘာသာရောက်ရှိလာခြင်းမှစ၍ တရားခံများအား သေဒဏ်အပြစ်ပေး၍ ကွပ်မျက်မှုများ အလွန်နည်းပါးလာခဲ့ပြီဖြစ်သည်။ များသောအားဖြင့် လူတန်းစားအနေဖြင့် အဆင့်အတန်းနိမ့်ကျသူများကိုသာ သေဒဏ်ပေးလေ့ရှိပေသည်။

ထို့ကြောင့် စစ်ရှုံး၍ အဖမ်းခံရသော သူပုန်ဘက်သားသည် အများဆုံး နယ်နှင်ဒဏ်ပေးခံရလိမ့်မည်ဟုသာ ထင်နေကြလေသည်။ လူသတ် မှု ထူးလွန်ကြောင်း ထင်ရှားသူများအချို့သာလျှင် ကွပ်မျက်ခံရမည်ဟု မျှော်လင့်ခဲ့ကြသည်။

ယင်းအခြေအနေတွင် မြို့တော်တစ်ခုလုံး တုန်လှုပ်ချောက်ချားစေလောက်သည့် သတင်းတစ်ရပ် ထွက်ပေါ်လာသည်။ တာကာရှီအုပ်စု အကြီးအကဲ ဆိုဂါမိုရီက ဖမ်းဆီးရမိသော သူပုန်ခေါင်းဆောင်အားလုံးကို သုတ်သင်ကွပ်မျက်(သေဒဏ်ပေး)ရမည်ဟု တောင်းဆိုလိုက်သောကြောင့်ပင်တည်း။

ဤသို့ တောင်းဆိုလိုက်ခြင်းမှာလည်း အကြောင်းရှိပေသည်။ ဆိုဂါမိုရီသည် ဘုရင်ဧကရာဇ်နှင့် နီးစပ်သောနေရာ၌ မဟာမိတ်တစ်ဦးရှိနေ၍ပင် ဖြစ်သည်။ ထိုပုဂ္ဂိုလ်မှာ ဘုရင်ဧကရာဇ်၏ အကြံပေးအရာရှိ မင်းသားကြီး ဟိုရိဂါဝါ ဆိုသူဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟိုရီဂါဝါသည် ဆိုဂါမိုရီ၏ အလိုဆန္ဒပြည့်ဝအောင် ကူညီသည့်အနေဖြင့် ဘုရင်ဧကရာဇ်၏ အတိုင်ပင်ခံကောင်စီအစည်းအဝေးတွင် သူပုန်ခေါင်းဆောင်များ သေဒဏ်ပေးရန် ဆုံးဖြတ်ချက်ချအောင် တွန်းအားပေး၍ အဆိုပြုလိုက်သည်။ ဘုရင်ဧကရာဇ်လည်း အများဆန္ဒကို လိုက်လျောရသူဖြစ်သောကြောင့် သူပုန်ခေါင်းဆောင် ခုနစ်ဆယ်တို့အား သေဒဏ်ပေးရန် သဘောတူလိုက်လေသည်။ အရုပ်ဆိုးသည့် အချက်တစ်ခုကား ကိုယ်ရံတော်တပ်ဖွဲ့မှူး ကပ္ပတိန် ဒိုမေကိုယ်တိုင်က မူရာတိုမိုအုပ်စုအကြီးအကဲ (ဒိုမေ၏ဖခင်ကြီး)အား ခေါင်းဖြတ်ကွပ်မျက်စေဟု အမိန့်ချမှတ်လိုက်ခြင်းပင် ဖြစ်သည်။

သို့ရာတွင် နောက်ပိုင်း၌ မူရာတိုမိုအုပ်စုမှ ဆွေမျိုးတော်စပ်သူတစ်ဦးက ဒိုမေကိုယ်စား ဝင်၍ကွပ်မျက်ပေးလိုက်ပြီးနောက် သူကိုယ်သူလည်း ဓားဖြင့်ဗိုက်ခွဲကာ သတ်သေသွားလေသည်။

''ကိုယ့်ဗိုက်ကို ဓားနဲ့ခွဲပြီး သတ်သေတာဟာ အလွန်အခံရခက်ပြီးမှ သေရမှာပဲ၊ ဘာကြောင့်များ ဒီလိုလုပ်ချင်ကြပါလိမ့်''

ဂျော့ဘူက မှတ်ချက်ချလိုက်လျှင် ဆရာကြီး တာအီတာရိုက ပြန်ရှင်းပြလေသည်။

''ဒါဟာ အခုနောက်ပိုင်းကျမှ ဆာမူရိုင်းတွေ ကျင့်သုံးလာကြတဲ့ နည်းသစ်တစ်ခုဖြစ်တယ်။ သူတို့က ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်လိုက်တာဟာ ဂုဏ်သိက္ခာကို ဆည်ရာရောက်တယ်လို့ ယူဆကြတယ်။ ဒါပေမယ့် သတ်သေတာဟာ သတ္တိနည်းလို့ဆိုပြီး ဝေဖန်ခံရမှာလည်း စိုးတဲ့အတွက် အပြင်းထန်ဆုံး ဝေဒနာခံစားရတဲ့ နည်းဖြစ်တဲ့ ဗိုက်ကို ဓားနဲ့ခွဲကြခြင်း ဖြစ်တယ်''

ကိုယ်ရံတော်တပ်ဖွဲ့မှူး ဒိုမေသည် ဘုရင်ဧကရာဇ်ဘက် သစ္စာရှိစွာဖြင့် ရှုပ်ရှုပ်ချုံချုံ တိုက်ခိုက်ခဲ့လင့်ကစား မျက်နှာသာပေးခြင်း မခံရရှာချေ။ သူပုန်ခေါင်းဆောင်တစ်ဦးဖြစ်သော ဖခင်ကြီး (မူရာတိုမိုအုပ်စု အကြီးအကဲ)အား ကိုယ်တိုင်ကွပ်မျက်ခြင်းမပြုခဲ့သည့်အတွက် ဘုရင်ဧကရာဇ်က ဒိုမေအပေါ် ငြိုငြင်ဟန်ဖြင့် နောက်ပိုင်းတွင် လျစ်လျူရှုနေခဲ့လေသည်။

တစ်ဖက်တွင်မူ တာကာရှိအုပ်စုမှ လူများက ဘုရင်၏ အရေးပေးခြင်း ခံကြရလေသည်။ တာကာရှိအုပ်စုအကြီးအကဲဆိုဂါမိုရီဆိုလျှင် ဘုရင်



ဧကရာဇ်မင်းမြတ်၏ အတိုင်ပင်ခံ ဝန်ကြီးရာထူးကို ချီးမြှင့်ခြင်း ခံရလေသည်။

ဖခင်ကြီးမရှိတော့သည့် နောက်ပိုင်းတွင် ဒိုမေသည် (ကိုယ်ရံတော်တပ်မှူးဖြစ်နေလျက်နှင့်ပင်)မူရာတိုမို မိသားစု (အုပ်စု)အကြီးအကဲဖြစ်လာလေသည်။ သူ၏စိတ်ထဲတွင်ကား ဖခင်ကြီးအသတ်ခံရအောင် တွန်းခဲ့သူများအပေါ် အကြီးအကျယ်မုန်းတီးနာကျည်းမိသည့်ပြင် သူကိုယ်တိုင်က ဘုရင်ဧကရာဇ်နန်းတော်တွင် မျက်နှာမရ ဖြစ်နေခြင်းကိုလည်း စိတ်ပျက်နေမိလေသည်။

ထိုအတောအတွင်း ဂျပန်နိုင်ငံအနှံ့အပြားတွင် တာကာရှိနှင့် မူရာတိုမိုအုပ်စုမှလူများ မကြာမဏ ပဋိပက္ခဖြစ်ရာမှ လက်နက်ကိုင်တိုက်ပွဲများဖြစ်လျက်ရှိလေသည်။

+++

''အဲဒီလို အခြေအနေဖြစ်နေတဲ့ကြားထဲမှာ မင်းကို ငါက တာဝန်ပေးရမှာ ဖြစ်တယ်။ မင်းတာဝန်က ကာမာကူရာမြို့က ရှီမာ မိသားစုဆီကိုသွားပြီး အမှုထမ်းနေဖို့ပဲ''

ဆရာကြီး တာအီတာရိုက ပြုံး၍ပြောလိုက်သည်။

''ကျွန်တော်က ဟိုသွားပြီး ဘာလုပ်ရမှာလဲခင်ဗျ''

ဂျော့ဘူက ပြန်မေးလိုက်လျှင် တာအီတာရိုလည်း ပြန်ရှင်းပြလေသည်။

''ဒီလိုရှိတယ်ကွယ့်။ ရှီမာမိသားစုအကြီးအကဲ ဘိုကူဒင် နယ်စားကြီးဟာ သူ့သမီးလေး တာနီကိုဆိုတာကို ဟီယန်ကျိုမြို့ကို ပို့ရရှိတယ်။ ဟိုရောက်တဲ့အခါ အရေးပါတဲ့ ပုဂ္ဂိုလ်တစ်ဦးနဲ့ ထိမ်းမြားလက်ထပ်ဖို့ပဲလို့သိရတယ်။ မင်းတာဝန်က သူ့သမီးကလေး တာနီကိုနဲ့အတူ အစောင့်အရှောက်အဖြစ် ဟီယန်ကျိုမြို့အထိ လိုက်ပို့ပေးဖို့ဖြစ်တယ်။ ခရီးသွားတဲ့အခါ မင်းတို့အဖွဲ့ဟာ ကာမာကူရာမြို့ကနေပြီး တိုကိုင်ဒိုလမ်းအတိုင်း မြို့တော်အရောက်သွားရလိမ့်မယ်''

ဂျော့ဘူသည် ဝမ်းသာသွားဟန်ဖြင့် ပြုံးလိုက်မိသည်။

''ဟီယန်ကျိုမြို့တော်အကြောင်း ကျွန်တော် ငယ်ငယ်ထဲက ကြားဖူးနေခဲ့တာ တစ်ခါမှ မရောက်ဖူးပါဘူး။ အလွန်သာယာခမ်းနားတဲ့ မြို့တော်ကြီးဖြစ်တယ်လို့လည်း သိရပါတယ်။ နောက်ပြီး ကျွန်တော့်အနေနဲ့ နာမည်ကြီး

www.burmeseclassic.com



တိုကိုင်ဒိုလမ်းမကြီးကိုပါ ရောက်ဖူးရမှာဆိုတော့ အလွန်သဘောကျမိပါတယ် ဆရာကြီး''

''အေးပါကွာ၊ ဟိုရောက်တော့သာ မင်းစိတ်မပျက်ပါစေနဲ့လို့ ဆုတောင်းပါတယ်။ တစ်ချိန်တုန်းကဆိုရင် ဟီယန်ကျိုမြို့တော်ကြီးဟာ နတ်ဘုံနတ်နန်းလို တကယ်ပဲ ကြီးကျယ်ခမ်းနားခဲ့ပါတယ်။ ဒါပေမယ့် အခုတော့ မြို့တော်ကြီးက အတော်ပျက်စီးနေပြီ။ တစ်မြို့လုံးမှာလည်း အလွန်တိုက်ချင်သတ်ချင်တဲ့ 'ဆာမူရိုင်း'တွေက ကြီးစိုးနေတယ်။ တိုကိုင်ဒိုလမ်းမကြီးနဲ့ ပတ်သက်လို့တော့ ဒီလမ်းရဲ့ဧရိယာ အတော်များများကို မူရာတိုမိုအုပ်စုက ကြီးစိုးတယ်။ မင်း တာဝန်ယူခေါ်သွားရမယ့် သတို့သမီးလောင်း တာနီကိုက တာကာရှီအုပ်စု အမျိုးအနွယ်ဖြစ်တယ်။ သူနဲ့လက်ထပ်မယ့် ပုဂ္ဂိုလ်ကလည်း မင်းသားကြီး ဟိုရီဂါဝါဖြစ်တယ်''

''စစ်ရှုံးတဲ့ မူရာတိုမိုအုပ်စုလူတွေကို သေဒဏ်ပေးဖို့ ဆော်ဩခဲ့တဲ့ လူ မဟုတ်လားဆရာကြီး''

''ဟုတ်တယ်၊ ဒါကြောင့်လည်း မင်းသားကြီး ဟိုရီဂါဝါကို မူရာတိုမိုအုပ်စုက အလွန်မုန်းတီး စက်ဆုပ်ကြတယ်၊ ဒီမင်းသားကြီးက မျိုးရိုးအနွယ် အလွန်ရေးကျသော်လည်း ငွေကြေးနေချို့တဲ့တယ်၊ ရှီမာမိသားစုကတော့ ချမ်းသာကြွယ်ဝတယ်၊ ဒါကြောင့် ဒီထိမ်းမြားလက်ထပ်ပွဲကို စီစဉ်တာနဲ့ တူတယ်''

ဤသို့ပြောရင်း တာအိတာရှိသည် ဂျော့ဘူနှင့်အတူ အခြားအဖွဲ့ဝင်များနေထိုင်ရာ အခန်းများဘက်ဆီသို့ ခေါ်သွားရင်း လမ်းတွင် စကားဆက်ပြောသွားလေသည်။

သတို့သမီး တာနီကိုရဲ့ဖခင်ဘိုကူဒင်နယ်စားကြီးဟာ ချမ်းသာကြွယ်ဝသလောက် အလွန် ကပ်စေးနဲသူ ဖြစ်တယ်ကွယ့်၊ ရန်သူနယ်မြေဖြစ်တဲ့ တိုကိုင်ဒိုလမ်းမတစ်လျှောက် မြို့တော်ရောက်အောင် သွားရမယ့်ခရီးဟာ သူ့သမီးရဲ့ အစောင့်အရှောက်အဖြစ် ဓားဂျားတစ်ဦးတည်းကိုသာ ငှားရမ်းခ အကုန်အကျ ခံတာသာကြည့်တော့၊ မင်းသားကြီး ဟိုရီဂါဝါဆိုတာ ကတော့ အလွန်ရက်စက်ကြမ်းကြုတ်သူ တစ်ယောက် ဖြစ်တယ်၊ သူနှိပ်စက်ခဲ့လို့ ပထမဇနီးနှစ်ယောက်တောင် သေသွားကြရှာပြီ၊ အခု သတို့သမီးလောင်း



တာနီကိုဟာ အသက် ဆယ့်သုံးနှစ်ကျော်ကျော် ဆယ့်လေးနှစ်သမီးလောက်ပဲ ရှိအုံးမယ်၊ ငါတို့ရရှိတဲ့ သတင်းတွေအရဆိုရင် ကောင်းမလေးက 'ဟိုရီဂါဝါ' ကို တစ်ခါမှလဲ မမြင်ဖူးတဲ့အပြင် ဒီလူကြီးနဲ့ လက်ထပ်ရမှာကို မလိုလားဘူးလို့ သိရတယ်၊ အဲဒီလို စိတ်ဝင်စားဖို့ ကောင်းလှတဲ့ အခြေအနေထဲကို မင်းရောက်သွားရလိမ့်မယ်''

ဤသို့ စကားကို အဆုံးသတ်လိုက်ပြီးနောက် တာအိတာရှိသည် ထွက်သွားလေသည်။

'ဂျော့ဘူ'လည်း တစ်ယောက်တည်းကျန်ရစ်သောအခါ တမျှော်တစ်ခေါ်ကြီး စဉ်းစားနေမိလေသည်။

+++

ဘုရားကျောင်းနှင့်မလှမ်းမကမ်းတွင် အမျိုးသမီးများနေထိုင်သည့် သီးသန့်အိမ်များရှိလေသည်။ အမျိုးသမီးများက သူတို့ဓင်းဂျားအဖွဲ့နှင့် ပက်သက်သူများ၏ ဖြစ်သည်။ ထို့ကြောင့် မကြာခဏ ညဘက်တွင် ဓင်းဂျားအချို့သည် အမျိုးသမီးဆောင်သို့ သွားလေ့ရှိသည်။

ဂျော့ဘူ၏ မိခင်ဘုရားကျောင်းအကြီးအကဲ တာအိတာရှိ၏ ဇနီး 'ညိုဆန်'သည်လည်း ယင်းအမျိုးသမီးများ၏ အိမ်ရှိသီးသန့်အခန်းတစ်ခန်းတွင်နေထိုင်ရလေရာ အကြီးအကဲဆရာကြီး၏ ဇနီးအဖြစ် အကျယ်ဝန်းဆုံးသော အခန်းတွင် နေထိုင်ခွင့်ရလေသည်။

'ဂျော့ဘူ'သည် မိခင်ကြီး၏ အခန်းသို့ဝင်သွားပြီး-

''အမေ''ဟုခေါ်လိုက်သည်။

မိခင်'ညိုဆန်'သည် တစ်ဘက်သို့ လှည့်နေရာမှ 'ဂျော့ဘူ'၏ ခေါ်သံကိုကြားလျှင် လှည့်ကြည့်ပြီး အလွန်ဝမ်းသာအားရဖြစ်ကာ ပျာပျာသလဲ ထလာလေသည်။

''ဟင် ဂျော့ဘူ၊ သားသား အမေဖြင့် သားအတွက်စိုးရိမ်ပြီးစောင့်နေလိုက်ရတာကွယ်''

ပြောပြောဆိုဆို သူမသည် ဂျော့ဘူအားပွေ့ဖက်ရင်း ငိုကြွေးရှာလေသည်။

''မနေ့ကပဲ မင်းရဲ့ ဖခင်ကြီးက သားကလေးကို နောက်ဆုံးအဆင့်

www.burmeseclassic.com

www.burmeseclassic.com



စမ်းသပ်ကြတော့မယ်လို့ ပြောပြတော့ အမေဖြင့် သိပ်ကို စိုးရိမ်နေမိတာပဲ သားရယ်''

ငိုနေသည့်ကြားမှ သူမက ပြောရှာလေသည်။

ဂျော့ဘူ၏ မိခင်ညီးဆန်သည် အသက်လေးဆယ်ရွယ်ခန့်သာ ရှိသေးသော်လည်း ဘဝ၏ ကြမ်းတမ်းမှု ဒဏ်ကြောင့်ပဲလား မပြောတတ်။ အနည်းငယ် ပို၍ အိုနေသည်ဟု ထင်ရပေသည်။

ယခု သားဖြစ်သူ ဂျော့ဘူသည် နောက်ဆုံးအဆင့် မှတ်ကျောက်တင်စမ်းသပ်ခြင်း အောင်မြင်ပြီးတရားဝင် ဇင်းဂျားတစ်ဦး ဖြစ်လာကြောင်း သိရသည်တွင် ဝမ်းသာလွန်း၍ ငိုကြွေးမိခြင်းဖြစ်လေသည်။

အားရအောင် ငိုကြွေးပြီးနောက် သူမသည် ဂျော့ဘူအား ကိတ်မုန့်တစ်ခု ထုတ်ကျွေးလေသည်။

''အမေ၊ ကျွန်တော် အခု ဇင်းဂျားဖြစ်လာပြီလေ...၊ ဇင်းဂျားဆိုတာ သေခြင်းကို ရည်ညွှန်းထားပြီးသူတွေဖြစ်ပါတယ်၊ ဒါကြောင့် အမေက ကျွန်တော်သေဆုံးနေပြီလို့ ယူဆထားရင် ပိုကောင်းပါလိမ့်မယ်''

''အင်း...ထူးဆန်းလိုက်တာ သားရယ်၊ မင်းရဲ့ ဖခင်ကလဲ ဒီစကားမျိုးပဲ အမေ့ကို မကြာခဏပြောလေ့ရှိတယ်ကွယ့်''

''အခု ကျွန်တော် ခရီးထွက်ရတော့မယ် အမေ''

''ဒါကိုလဲ အမေသိပြီးပါပြီးသားရယ်၊ ဘာပဲဖြစ်ဖြစ် အခုသားက ဇင်းဂျားဖြစ်လာပြီဆိုတော့ ဉာဏ်အမြော်အမြင် ရှိလာပါလိမ့်မယ်''

''ကျွန်တော်က ဘာမှ ဉာဏ်အမြော်အမြင်မရှိသေးပါဘူး အမေ''

''မင်းက အခုမှဆယ့်ခုနှစ်နှစ်သားအရွယ်ပဲ ရှိသေးတာကိုး၊ မင်းရဲ့ ဖခင်ရင်း ကွယ်လွန်သွားပြီးတော့ ဆရာကြီး တာအီတာရှိက အမေ့ကို စောင့်ရှောက်တဲ့အနေနဲ့ လက်ထပ်ယူခဲ့တယ်၊ ဒါပေမယ့် သူနဲ့ သားသမီးမထွန်းကားလေတော့ မင်းကသာ အမေ့ရဲ့ တစ်ဦးတည်းသောသား ဖြစ်တယ်ငါ့သား၊ အသက်ရှည်ရှည်နေရအောင် ကြိုးစားပါကွယ်၊ နောက်ပြီး အိမ်ထောင်လဲပြုပါ၊ သားကောင်းဖခင်တစ်ယောက်ဖြစ်အောင် လုပ်စမ်းပါ၊ သားက ရိုးရိုးဇင်းဂျားမဟုတ်ဖူးကွယ့်၊ သားဟာ ဂျော့ဘူဆိုတဲ့ ယောက်ျားမြတ်တစ်ဦးဖြစ်တယ်၊ ဒါကို မမေ့ပါနဲ့''



ဤသို့လျှင် မိခင် ညီးဆန်က စကားကိုအဆုံးသတ်လိုက်သည်။

+++

(၃)

ရှိမာမိသားစုနေထိုင်သော အိမ်ကြီးရှေ့ရှိ ဝင်းတံခါးပေါက်အနီးတွင် ာကာရှိအုပ်စု၏ အမှတ်အသားဖြစ်သော အနီရောင်နဂါးရုပ်ကြီးပါသည့် လံတစ်ခုသည် တစ်လူလူ လွင့်လျက်ရှိလေသည်။ ဝင်းဝ၏ နှစ်ဘက်တွင် ိနာတာ'ခေါ် ဂျပန်ဓားရှည်ကြီးများ ကိုယ်စီ ကိုင်လျက် လုံခြုံရေး စောင့်နှစ်ဦးက စောင့်ပြီး သစ်သားတံခါးကြီးကိုလည်း ပိတ်ထားလေသည်။

ဂျော့ဘူက ဘုရားကျောင်း အကြီးအကဲ တာအီတာရှိထံမှ ပေးလိုက်သောစာကို ထုတ်ပြလိုက်သောအခါ အစောင့်နှစ်ဦးက ဖတ်ကြည့်ပြီးနောက် တွင်းသို့ဝင်ရန် တံခါးကြီးကို ဖွင့်ပေးလိုက်ကြသည်။

ဂျော့ဘူလည်း အိမ်ဝင်းထဲသို့ လျှောက်ဝင်သွားလေသည်။

သူသည် ရေကြောင်းခရီးဖြင့် လာခဲ့ရသည်ဖြစ်ရာ ယခု ကုန်းပေါ် ရောက်၍ မြေကြီးမာမာပေါ် နင်းလျှောက်ရသည်ကို သဘောကျမိလေသည်။

ယခုသူရောက်လာသည့် ကာမာကူရာမြို့မှာ အတော်ခရီးဝေးသဖြင့် မ်းတစ်လျှောက်လုံး ပျင်းရိငြီးငွေ့ခဲ့လေသည်။

ဂျော့ဘူသည် လျှောက်ဝင်သွားရင်း သူ၏ မီးခိုးရောင် ဇင်းဂျားဝတ်စုံမှ ခေါင်းစွပ်ကို ဦးခေါင်းပေါ် စွပ်ထားလိုက်သည်။ သူ၏ ဆံပင်က ဂျပန်လူမျိုး များစုလို အနက်ရောင်မဟုတ်ဘဲ အနီရောင်ဖြစ်နေ၍ လူများက အထူးအ ဆန်းသဖွယ်ဝိုင်းကြည့်ခြင်းကို မခံလို၍ ဦးခေါင်းဖုံးအုပ်ထားလိုက်ခြင်းပင် ဖြစ်သည်။

သူ၏ဝတ်စုံ အပိုတစ်စုံကိုကား သပ်ယပ်စွာခေါက်၍ ခါးပတ်တွင် ချိတ်ထားသည့် သစ်သားဓားအိမ်ဖြင့် ထည့်ထားသော သူ၏ ဇင်းဂျားဓားကို ကိုယ်၏ဘေးတွင် လွယ်ထားပြီး လေးနှင့်မြားတို့ကိုမူ ပခုံးတွင် သိုင်း၍ လွယ်ထားလေသည်။

ဂျော့ဘူသည် ခပ်ဖြည်းဖြည်းမှန်မှန်ပင်လျှောက်၍ အိမ်ကြီးဆီသို့ ချဉ်းကပ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မီးခိုးရောင်ပိုးသားဖြင့် ချုပ်ထားသည့်'ကီမိုနို' ဂျပန်ဝတ်စုံ ဝတ်ထားသူ စားပွဲထိုး သို့မဟုတ် အစေခံနှင့်တူသော လူတစ်ယောက်က ဂျော့ဘူအား အိမ်ကြီး၏ တံခါးဝမှ ဆီးကြိုနေပြီးအတွင်းသို့ ခေါ်သွားလေသည်။

အိမ်တွင်းကား ယင်းလိုက်ကာများ ကာထားသည့် စင်္ကြံတစ်ခုရှိရာ ဂျော့ဘူသည် ထိုစင်္ကြံအတိုင်း လျှောက်သွားရပြီး တစ်နေရာသို့ရောက်လျှင် စားပွဲထိုးက လိုက်ကာတစ်ခုကို တွန်းဖယ်ဖွင့်ပြီး ဂျော့ဘူရောက်ရှိကြောင်း အတွင်းဘက်သို့လှမ်းအစီရင်ခံလိုက်သည်။ ထိုနောက် ဂျော့ဘူအား အတွင်းသို့ ဝင်ခိုင်းလေသည်။

ရှီမာမိသားစု၏ အကြီးအကဲ ဘိုကူဒင်မြို့စားကြီးသည် ခန္ဓာကိုယ် ပုပျပ်ပျပ်နှင့် ဦးခေါင်းတွင် ဆံပင်မရှိဘဲ ထိပ်ပြောင်ပြောင်ဖြစ်ပြီး နှုတ်ခမ်းမွေးရေးရေးရှိသူ လူကြီးတစ်ယောက် ဖြစ်လေသည်။

သူသည် ရွှေခြယ်ထိုးထားသော အစိမ်းရောင် ကီမိုနိုဝတ်စုံဝတ်ထားလျက် စားပွဲတစ်လုံး ရှေ့တွင်ထိုင်နေလေသည်။

ဂျော့ဘူသည် မြို့စားကြီးဘိုကူဒင်အား မြင်မြင်ချင်းသဘောမကျ မိချေ။ ရှီမာမိသားစုမှ လူများသည် အလွန်ညဏ်များပြီး ကောက်ကျစ်စဉ်းလဲတတ်သူများ ဖြစ်သည်ဟု ကြားဖူးရာ ယခုမြို့စားကြီး ဘိုကူဒင်၏ အင်္ဂါရုပ်ကို အကဲခတ်ကြည့်ရသည်မှာ ထိုသတင်းမှန်နေပြီဟု ယူဆရမလို ဖြစ်နေပေသည်။

ရှီမာမိသားစုသည် မူလက တာကာရှိအုပ်စု၏ အဆက်အနွယ်ဖြစ်ခဲ့သော်လည်း နောက်ပိုင်းတွင် စီးပွားရေးကျပ်တည်း လာသဖြင့်ရှီမာတို့သည် ကုန်ကူးသန်းရောင်းဝယ်ခြင်း၊ ငါးဖမ်းခြင်း စသော အလုပ်များလုပ်၍ စားသောက်နေထိုင်ခဲ့ရလေသည်။

ကောလာဟလသတင်းများအရရှီမာ မိသားစုမှ လူအချို့သည်ပင် လယ်ဒမြများအဖြစ် တိုက်ခိုက်လုယက် စားသောက်နေကြသည်ဟုလည်း အဆိုရှိပေသည်။

မည်သို့ပင်ဖြစ်စေ ရှီမာမိသားစုတို့သည် စီးပွားကုန်သွယ်ရေး လုပ်ငန်းမှ ရရှိသော အမြတ်ငွေများဖြင့် တဖြည်းဖြည်းကြွယ်ဝလာကာ ယခုဆို၏လျှင် ပြန်၍ခေါင်း ထောင်နိုင်စပြုနေပြီဖြစ်သည်။ ထိုကြောင့် ရှီမာ



မိသားစုထဲမှ မိန်းကလေးတစ်ဦးအား ဟီယန်ကျိုမြို့တော်မှ မြို့စား၊ နယ်စားရိုး အနွယ်ထဲမှ ယောက်ျားတစ်ဦးနှင့် ထိမ်းမြားလက်ဆက်၍ ရွှေလမ်းငွေလမ်း ဆောက်ရန်စီစဉ်ခြင်းပင် ဖြစ်လေသည်။

ဂျော့ဘူသည် မြို့စားကြီး၏ ရှေ့သို့တိုးသွားပြီး ဦးညွတ်အလေးပြုရင်း

''ကျွန်တော် ဓင်းဂျားအဖွဲ့ဝင် ဂျော့ဘူဖြစ်ပါတယ်။ ဘိုကူဒင်မြို့စားကြီးရဲ့ ဖိတ်ခေါ်ချက်အရ အခုလာရောက်သတင်းပို့ခြင်း ဖြစ်ပါတယ်''ဟုပြောကာ ဘုရားကျောင်း အကြီးအကဲတာအီတာရှိက ပေးလိုက်သော စာကိုလှမ်းပေးလိုက်သည်။

မြို့စားကြီး ဘိုကူဒင်သည် စာရွက်လိပ်ကို လှမ်းယူပြီး မယုံသင်္ကာဖြစ်သလို သေချာစွာဖတ်ကြည့်လေသည်။

ထို့နောက် ဂျော့ဘူအားလှမ်း၍ ခပ်တည်တည်ပြောလေသည်။

''မင်းဟာ တရားဝင်ဓင်းဂျေအဖွဲ့ဝင်တစ်ဦး ဖြစ်လေတော့ ရှိကေဆိုတဲ့ဘွဲ့ကို ခံယူခွင့်ရှိနေပြီဖြစ်တယ်။ ဒါပေမယ့် မင်းရဲ့နာမည်မှာ သူများတာလို မိသားစုနာမည်တစ်ခု မရှိတဲ့အတွက်ကျုပ်ကတော့ ရှိကေ လို့မခေါ်နိုင်ဘူး ဒါထက်ဘုရားကျောင်းအကြီးအကဲက မင်းဒီကိုလာပြီး ဆောင်ရွက်ရမယ့်အလုပ်တာဝန်အကြောင်းကို ပြောပြလိုက်သလား''ဂျော့ဘူက သူ့အားဆရာကြီးတာအီတာရှိ မှာကြားလိုက်သည်တို့ကို ပြန်ပြောလိုက်သောအခါ မြို့စားကြီးဘိုကူဒင်သည် စာရွက်ပေါ်ရှိ ဟွန်ရှူကျွန်း မြေပုံတစ်ခုကိုယူ၍ ဖြန့်လိုက်သည်။

''ဒီဒေသက မုန်တိုင်းတွေအလွန်ပြင်းထန်တဲ့ဒေသဖြစ်တယ်။ ငါးဖမ်းသမားတွေအနေနဲ့ ငါးကောင်းကောင်း ဖမ်းမရလို့ လုယက်ဒမြတိုက်နေကြတယ်။ ဒါကြောင့်မင်းတို့ ခရီးသွားရင်တိုကိုင်ဒို လမ်းမကြီးအတိုင်း ဟီယန်ကျို မြို့တော်ကို သွားရလိမ့်မယ်''

မြို့စားကြီးက ပြောရင်း မြေပုံတွင်လက်ညှိုးဖြင့် ညွှန်ပြပြီးဆက်ပြောလေသည်။

'ဒီကနေပြီး မိယာအရပ်ကြားလမ်းတလျှောက်ဟာ ကျုပ်တို့နဲ့သူ့ရာတို့မို အုပ်စုကကြီးစိုးတဲ့ လမ်းကိုဖြတ်သွားရမှာဖြစ်တယ်။ ဒါကြောင့် ထိမ်းသွားရင် လူမသိအောင်သွားနိုင်လေ ကျုပ်ရဲ့သမီးလေး လုံခြုံမှုအတွက် ကောင်းလေဘဲ၊ ကျုပ်တို့ မိသားစုဂုဏ်အဆင့်အတန်းအရ တစ်ခမ်းတစ်နား

www.burmeseclassic.com



ခရီးသွားမယ်ဆိုရင် လမ်းမှာစောင့်ရှောက်ဖို့ စစ်တပ်တစ်တပ်လောက်လိုမယ်၊ ဒါကြောင့် မင်းက ဒီကာမာကူရာမြို့ကနေပြီး မီယာ အရပ်ထိအောင် တတ်နိုင်သမျှ လူမသိသွားနိုင်ရင် အကောင်းဆုံးဖြစ်လိမ့်မယ်၊ တိုကိုင်ဒိုလမ်း အတိုင်းသွားရင် လမ်းမှာဆယ်ရက်ကနေပြီး တစ်လအထိအောင် အချိန်ကြာနိုင်တယ်"

"ကျွန်တော်အနေနဲ့ မြင်းတစ်ကောင်တော့ လိုပါမယ်"

ဂျေဘူက ပြောလိုက်ရာ မြို့စားကြီးသည် အံ့အားသင့်သလို ဖြစ်သွားလေသည်။

"ဘာလဲ၊ မင်းအခု မြင်းပါမလာဘူးလား။ ကျုပ်တို့က မင်းအတွက် မြင်းတစ်ကောင်ပါ ပေးရမှာလား"

"မြို့စားကြီး ခင်ဗျား၊ ကျွန်တော့်မှာ ပါလာတာဆိုလို့ ကျွန်တော်ကိုယ်မှာရှိတဲ့ ပစ္စည်းလောက်သာ ဖြစ်ပါတယ်"

"ကောင်းပြီလေ၊ ကျုပ်မြင်းနဲ့တကွ လိုတာပေးလိုက်ပါမယ်၊ အရေးကြီးတာကျုပ်သမီးလေး လုံခြုံရေးဘဲ၊ တစ်ခုခုဖြစ်ရင် မင်းအသက်သေလိမ့်မယ်"

ဂျေဘူသည် စိတ်ထဲမှ ထောင်းကနဲ ဖြစ်သွားမိလေသည်။ မြို့စားကြီးဘိုကူဒင်သည် မိမိတို့ဇင်းဂျားအဖွဲ့အား အထင်အမြင်သေးပုံရလေသည်။ သို့သော်သတ္တိနည်းသူတစ်ယောက် ဖြစ်ဟန်တူ၍ ဂျေဘူကဘာမှ ပြန် မပြောဘဲနေလိုက်သည်။

"မင်းတို့လို ဘုရားကျောင်းက လက်နက်ကိုင်တွေဟာ တိုင်းပြည်အန္တရာယ် အလွန်ဖြစ်တယ်"

"ဒါပေမယ့် ကျွန်တော်တို့ အသုံးဝင်တာတွေလဲ ရှိပါတယ်၊ မြို့စားကြီးရဲ့သမီး တစ်ခုခုဖြစ်ရင် ကျွန်တော်သေမှာပါပဲ၊ ဘာကြောင့်လဲ ဆိုတော့ မြို့စားကြီးသမီးကို ရန်ရှာမယ့်သူဟာ ကျွန်တော်ကိုအရင်သတ်မှ ဖြစ်မှာပါ"

"အေးမင်းကအခုလို သတ္တိရှိရှိပြောသလိုဘဲ လက်တွေ့မှာလဲလုပ်ပြနိုင်လိမ့်မယ်မျှော်လင့်ပါတယ်။ အခု ခရီးသွားရင် အနည်းဆုံး ရက်ပေါင်းနှစ်ဆယ်လောက်ကြာလိမ့်မယ်။ ကျုပ်သမီးမှာ အဖော်ဆိုလို့ မိန်းကလေး အိမ်ဖော်နှစ်ယောက်ပဲပါတယ်။ မင်းကလူငယ်ဆိုတော့ လူငယ်တို့ရဲ့ စိတ်ဆန္ဒ ရှိမှာလဲအမှန်ပဲ၊ ဒီတော့ ကျုပ်သမီးလေး ဘာမှမဖြစ်ရဘဲ ဟီယန်ကျိုမြို့တော် ရောက်ပါ



ယ်ဆိုတာ ဘာအာမခံချက်ရှိသလဲ"

"အာမခံချက်ကတော့ မြို့စားကြီးပဲ ဖြစ်ပါတယ်"

"မင်းဘာကို ဆိုလိုတာလဲ"

"မြို့စားကြီးရဲ့သမီးဟာ မင်းညီမင်းသားတစ်ဦးနဲ့ လက်ထက်မယ့်သဲ ကျွန်တော်လို အညတြဇင်းဂျား အဖွဲ့ဝင်တစ်ဦးနဲ့ရည်ငံဖို့ဆိုတာ ဘယ်နည်း ဖြစ်နိုင်မှာမဟုတ်ဘူး၊မြို့စားကြီးရဲ့ သမီးဖြစ်တဲ့အတွက် ဒါလောက် ဆင်ခြင်ဉာဏ်ဖျင်းမှာမဟုတ်လို့ပါဘဲ"

"အင်းမင်းက တော်တော်ဉာဏ်ကောင်းတဲ့ လူငယ်တစ်ယောက်ဘဲလား၊ကိုင်း ကျုပ်ရဲ့အစေခံနဲ့အတူလိုက်သွားပါ၊ သူကမင်း အိပ်ဖို့စားဖို့နေရာပေးလိမ့်မယ်"

မြို့စားကြီးက ပြောလိုက်သဖြင့် ဂျေဘူလည်း စားပွဲထိုးနှင့်အတူ ခေါ်ရာသို့ လိုက်သွားရလေသည်။သူ၏စိတ်ထဲတွင်ကား မြို့စားကြီးအား အနိုင်ယူ ပြောလိုက်ရသည်ကို သဘောကျ၍ ကျိတ်ရယ်မောမိလေသည်။

+++

ဂျေဘူသည် နံနက်အရုဏ်မတက်မီ အိပ်ရာမှနိုးနေလေသည်။ လက်သန့်စင်ပြီးနောက် သူသည်အိမ်ဝင်းအတွင်းရှိ တစ်နေရာတွင် လွှင်ခွေထိုင်ကာ သူတို့ဇင်းဂျားနည်းအတိုင်းတစ်နာရီခန့် ဆင်ခြင်ရှုမှားပြနေလိုက်သည်။ သမထလေ့ကျင့်နည်းတစ်မျိုးပင် ဖြစ်လေသည်။

သူ၏စိတ်ထဲ မည်သည့်အာရုံမှ မရှိအောင် ကြိုးစားပြီး ထွက်သက်ဝင်သက်မှန်မှန်ရှုရင်း စိတ်ကိုတည်ငြိမ်အောင် ဆင်ခြင်ရှုပွားနေလေသည်။

နေထွက်လာသည်အထိ ဤသို့ထိုင်နေပြီးမှ ထ၍ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းများ လုပ်ပြန်လေသည်။

ထိုနောက် သူ၏ဇင်းဂျားဓားကို ထုတ်ယူ၍ ဓားခုတ်လေ့ကျင့်သည်။

ထိုအချိန်၌ အိမ်သူအိမ်သားများ အိပ်ရာမှနိုးလာကုန်ပြီဖြစ်၍ အတွင်းမှ အသံဗလံများ ကြားရစပြုနေပြီ ဖြစ်သည်။

မကြာမီ မြို့စားကြီး၏တပည့် အစေခံတစ်ဦးရောက်လာပြီး ဂျေဘူအား ဆောင်းသို့ ခေါ်သွားကာ မြို့စားကြီးက သူ့အတွက် ရွေးချယ်ပေးထား

www.burmeseclassic.com

www.burmeseclassic.com



သော မြင်းတစ်ကောင်ကို ပြလေသည်။

ဂျော့ဘူလည်း သေချာစေ့စပ်စွာ လေ့လာကြည့်ရာ မြင်းကအရွယ်လွန်ပြီး သိပ်မကောင်းလှကြောင်းတွေ့ရလေသည်။ မြင်း၏အမည်က ဟော်လီဟော့ဟုခေါ်ပြီး ထိုမြင်းကိုစီးသွားပြီးနောက် ဂျော့ဘူသည် ဟီယန်ကျိုမြို့ရှိ ရှီမာမိသားစုပိုင်အိမ်၌ ပြန်ပို့ထားပေးရမည်ဟုဆိုသည်။ မြို့စားကြီးသည်အလွန်ကပ်စေးနှဲသဖြင့် မိမိအား တန်ဖိုးမရှိလှသောမြင်းကို ရွေးပေးခြင်း ဖြစ်သည်ဟုလည်း ဂျော့ဘူက ယူဆမိလေသည်။

မြို့စားကြီး၏သမီး တာနီကိုသည် ခရီးထွက်ရန်အတွက်ပြင်ဆင်နေပြီဖြစ်လေသည်။ အဝတ်အစားပစ္စည်း အသုံးအဆောင်များက အတော်များသဖြင့် ဝန်တင်မြင်းနှစ်ကောင်ဖြင့်တင်ရလေသည်။ မီးခိုးရောင်ဝတ်စုံဝတ်ထားသောသူ အမှုထမ်းများက မြင်းသုံးကောင်ကို မြင်းဇောင်းမှ ဆွဲထုတ်ယူလာချိန်တွင် ဂျော့ဘူလည်း သူ၏ မြင်းဟိုလီဟောက်ကို သွားဆွဲထုတ်ယူလာလေသည်။ တာနီကိုနှင့်လိုက်ပါမည့် မိန်ကလေးအစေခံနှစ်ဦးသည်လည်း အဆင့်သင့် ဖြစ်နေပြီ။ ဂျော့ဘူကို ကြည့်ရင်း သူတို့အချင်းချင်း လက်တို့ရယ်မော နေကြလေသည်။

အမျိုးသမီးသုံးဦးစလုံးသည် မြင်းကိုယ်စီစီး၍ ခရီးသွားမည့် ဟန်ရှိရာ ဂျော့ဘူသည် အံ့သြနေမိတော့သည်။ ထိုခေတ် ဂျပန်ပြည်၌ ကြေးရတတ်အထက်တန်းလွှာ အမျိုးသမီးများသည် ကိုယ်တိုင်မြင်းစီးလေ့မရှိ။ နွားလှည်းဖြင့်သာ ခရီးသွားလေ့ရှိသောကြောင့်ပင်တည်း။

သို့ဖြစ်လင့်ကစား ရှီမာမိသားစုမှ အမျိုးသမီးများ မြင်းစီးတတ်နေခြင်းသည် တစ်မျိုးကောင်းသည်ဟု ဆိုရပေမည်။ တိုကိုင်ဒိုလမ်းမကြီးအတိုင်း ခရီးရှည်သွားပါက လမ်းအချို့နေရာများမှာ နွားလှည်းမောင်း၍မရအောင် ကျဉ်းမြောင်းပြီးအန္တရာယ်ရှိနိုင်ပေသည်။

မြို့စားကြီး၏သမီး တာနီကိုသည် အိမ်ကြီး၏ မြောက်ဘက်အဆောင်မှ ထွက်လာပြီဖြစ်သည်။ သူမနှင့်အတူ အမျိုးသမီးခပ်ကြီးကြီးတစ်ဦးလည်း လိုက်ထွက်လိုက်ရာ မိခင်ဖြစ်ဟန် တူပေသည်။ မရှေးမနှောင်းမှာပင် မြို့စားကြီး ကိုယ်တိုင် အိမ်ကြီး၏ အလယ်ဗဟိုတံခါးမှထွက်လာရာ အပြင်ဘက်တွင် ရှိနေသူအားလုံးက ဦးညွှတ်အလေးပြုလိုက်ကြလေသည်။

ဂျော့ဘူသည် သူတစ်လမ်းလုံး ကာကွယ်စောင့်ရှောက်သွားရမည့် မိန်းက



ေးအား အကဲခတ်ကြည့်လိုက်သည်။ အသားအရေကအလွန်လှပ ချောမွတ်ပြီး ာ်နှာက ခပ်သွယ်သွယ်နှင့် အလွန်လှပကျော့ရှင်းသော မိန်းကလေးတစ်ဦး ်နေပေသည်။ အသက်ဆယ့်လေးနှစ်ခန့်သာ ရှိသေးသည် ဆိုသော်လည်း ၏ အင်္ဂါရုပ်ကို ကြည့်ရသည်မှာ ထို့ထက် ပို၍ အသက် ကြီးသယောင် ကျက်နေသည်ဟု ဂျော့ဘူက ထင်မိလေသည်။ သူမ၏ မျက်လုံးများက ာ်ဓာတ်ခိုင်မာသော သူတစ်ယောက်၏အသွင်ဆောင် နေလေရာ ဤမိန်း လေးသည် ရန်သူအဖြစ်အလွန်ကြောက်စရာကောင်းမည့် သူတစ်ယောက် ကြောင်းထင်ရှားနေပေသည်။

တာနီကိုသည် ဂျော့ဘူဘက်သို့ လှမ်း၍ အကဲခတ်ကြည့်လိုက်ပြီးနောက် င်မြို့စားကြီးအား -

"ဟိုအရုပ်ဆိုးဆိုးလူက သမီးကိုလမ်းမှာလိုက်ပြီးကာကွယ်စောင့် ာက်ပေးမှာလား" ဟုမေးလိုက်သည်။မေးပုံကလည်း ဂျော့ဘူအား လုံးဝ ဆင်မကြိုးသည့်ဟန်မျိုးဖြစ်နေသည်။

"ဟုတ်တယ်သမီးရဲ့၊ သူဟာဇင်ဂျားတစ်ဦး ဖြစ်တယ်၊ဇင်ဂျား တစ် ာက်ဟာ ဆာမူရိုင်းဆယ်ယောက်နဲ့ ညီမျှတယ်၊ အားကိုးရတယ်ဆိုတာ ့တိုင်းသိပါတယ်"

မြို့စားကြီးကပြောလိုက်လျှင် တာနီကိုက မကျေနပ်ဟန်ဖြင့်

"ဒါပေမယ့် ကျွန်မတို့မိသားစုအနေနဲ့ကတော့ ဆာမူရိုင်းတစ်ယောက် ာ်ဖိုးဟာ ဇင်ဂျားဆယ်ယောက်နဲ့ ညီမျှတယ်လို့နားလည်ပါတယ်" ဟု ပြောလိုက်သည်။

"သမီးအတွက် လမ်းမှာကောင်းကောင်းစိတ်ချရတယ်ဆိုသာ ချာလို့သာ ဒီလူနဲ့ထည့်တာပါ"

"လမ်းမှာလူဆိုးတွေနဲ့တွေ့ပြီး သမီးအသတ်ခံရရင်လဲတစ်မျိုး ာင်းပါတယ်၊ ဒါမှ အသက်ကြီးကြီး ဩဇာရှိတဲ့မင်းသားကြီး ဟိုရီဂါဝါနဲ့ ာ်ထပ်ရမယ့်ကိစ္စပါ တစ်ခါတည်းအေးသွားရော မဟုတ်လား"

တာနီကိုက ပြန်ပြောလိုက်ပုံအရ သူမသည် ဖခင်မြို့စားကြီးက ်ပေးသည့် ထိမ်းမြားလက်ထက်ခြင်းကို မလိုးလားကြောင်းထင်ရှားနေသဖြင့် ဘူသည် စိတ်ထဲမှကျိတ်၍ သဘောကျမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြို့စားကြီးသည် သမီး၏ စကားကြောင့် ဒေါသထွက်လာလေသည်။

"ကိုယ့်ဖခင်ကို ဒီလိုပဲ မလေးမစားပြောရသလား နောင်ကို ဒါမျိုး ပြောရင် ခေါင်းတုံးရိတ်ပြီး ဗုဒ္ဓဘာသာဘုရားကျောင်းမှာ သီလရှင်လုပ်ခိုင်းမယ် နားလည်လား"

မြို့စားကြီးက ခပ်ထန်ထန်ပြောလိုက်လျှင် တာနီကိုလည်း ငြိမ်သွား လေသည်။ သူမ၏မျက်နှာကတော့ နီမြန်းလျက်ရှိပေသည်။

ဂျေဘူသည် သူမ၏စိတ်ဓာတ်နှင့်သတ္တိကို ကျိတ်၍ချီးကျူးမိလေသည်။ သတ္တိရှိသလောက် ဉာဏ်ထက်မြက်သူ မိန်းကလေးတစ်ဦးဟုလည်း အကဲဖြတ် မိလေသည်။

ခရီးစထွက်ရန် အားလုံးအဆင့်သင့်ဖြစ်နေ၍ တာနီကိုနှင့်တကွ အဖော် မိန်းကလေးနှစ်ဦးတို့ မြင်းပေါ်တက်စီးရန် အစေခံများက ဝိုင်း၍ကူညီ တင်ပေး ကြလေသည်။

ဂျေဘူက သူ၏ မြင်းကိုစီး၍ ရှေ့ဆုံးမှထွက်ရန်ပြင်ဆင်ပြီး အမျိုးသမီး သုံးဦးက သူ၏နောက်မှ လိုက်ကြလေသည်။ ကုန်ပစ္စည်းများ တင်ဆောင်သည့် မြင်းနှစ်ကောင်က နောက်ဆုံးမှလိုက်ရပြီး ယောကျ်ားအလုပ်သမား(အစေခံ) နှစ်ဦးက မြင်းများနှင့်အတူ လိုက်ကြရလေသည်။

ထိုနောက်အားလုံး အိမ်ရှေ့ဝင်းဝမှ အပြင်ဘက်သို့ ထွက်ကြလေသည်။

တိုကိုင်ဒိုလမ်းမကြီးသည် ကာမာကူရာမြို့၏ မြောက်ဘက်မှ ဖြတ်သွား သည်ဖြစ်ရာ သူတို့အဖွဲ့သည် ထိုလမ်းသို့ သွား၍ ဟီယန်ကျိုမြို့တော်ဆီသို့ ဦးတည်ကာ ဆက်သွားကြလေသည်။

ဂျေဘူသည် ယခုအချိန်မှစ၍ လူငါးဦးတို့၏ အသက်ကို ကာကွယ် စောင့်ရှောက်ရန် တာဝန်ရှိနေပြီဟု သူ့ကိုယ်သူ သတိပေးလိုက်မိသည်။

တစ်ချိန်တည်းမှာပင် သူတို့ ဇင်ဂျားအဖွဲ့၏ ခံယူချက်ကိုလည်း ပြန်လည်ဆင်ခြင်သုံးသပ်မိလေသည်။ ဇင်ဂျားတို့မည်သည် စွန့်စားလှုပ်ရှားမှုကို အပြည့်အဝ စိတ်အာရုံစူးစိုက်ပြီး ယင်းလှုပ်ရှားမှုကြောင့် ဖြစ်လာသည့် အကျိုး သက်ရောက်မှုကို လုံးဝဂရုမစိုက်ကြချေ။ ရန်သူအုပ်စု ဖြစ်သော မူရာရာတို့ ဘက်သားများက လမ်းမှဆီး၍ တိုက်ခိုက်ကြလျှင် ဂျေဘူသည် ရင်ဆိုင်တိုက်ပြီး အစွမ်းကုန်ကာကွယ်ရန် အသင့်ရှိနေပေသည်။



ခရီးဆက်သွားရင်း သူသည် အမြဲတစေ သတိကြီးစွာထား၍သွားလေ သည်။ မကြာခဏ နောက်မှရန်သူများ လိုက်လာလေသလောဟုလည်း လှည့်ကြည့်လေ့ရှိသည်။ သို့သော် လူသူအရိပ်အယောင် လုံးဝမတွေ့ရချေ။

တစ်ဖြည်းဖြည်းနှင့် တောင်ကုန်းများပေါ် ဖြတ်သွားရသောလမ်းသို့ ရောက်လာကြလေသည်။ ထိုအချိန်၌ ကာမာကူရာမြို့သည် အဝေးတွင် ကျန်ရစ်လေပြီဖြစ်သည်။ ထိုမြို့သည်ပင်လယ်ကမ်းစပ်တွင် တည်ရှိသဖြင့် ဆိပ်ကမ်းနေရာများကိုလည်း လှမ်းမြင်နေရပေသည်။ ဆိပ်ကမ်းပတ်ဝန်းကျင်တွင် ငါးဖမ်းထွက်သည့် တံငါလှေ အမြောက်အမြားလည်း ရှိပေသည်။

အတန်ကြာ သွားမိကြသောအခါ တာနီကိုသည် ရှေ့သို့တိုးလာပြီး ဂျေဘူနှင့် ဘေးချင်းယှဉ်လျက် မြင်းစီးလေသည်။ သူမသည် ထွက်ခွာလာခဲ့သော ကာမာကူရာမြို့ဘက်သို့ တစ်ကြိမ်မျှပင် လှည့်၍မကြည့်ချေ။ မျက်နှာထား ကလည်း ခပ်တင်းတင်းပင် ဖြစ်နေလေသည်။

ဂျေဘူသည် သူမကိုကြည့်ရင်း စကားပြောရန် စိတ်ကူးရလာမိလေ သည်။

"ဟီရန်ကျိုမြို့တော်ဟာ တောင်ဘက်ပိုင်းမှာ အရေးပါသလို ကာမာ ကူရာမြို့ဟာလဲ ဒီဘက်ဒေသမှာအရေးပါတဲ့ မြို့တစ်မြို့ပါပဲ"

ဂျေဘူ ဤသို့စကားစလိုက်သည်ကို တာနီကိုသည် သဘောမကျရုံ မက စိတ်တိုလာပုံရလေသည်။

"ရှင်လို ဘာမှအရာမရောက်တဲ့အညတြဇင်ဂျားတစ်ယောက်က ဘာများဝင်ရှုပ်တာလဲ၊ ကျွန်မမှာစဉ်းစားစရာပြဿနာတွေ အများကြီးရှိနေတယ် ရှင့်နောက်ကို ကျွန်မကိုလာပြီး စကားမပြောပါနဲ့"

"ကျုပ်တို့ ဇင်ဂျားအဖွဲ့ရဲ့ သင်ကြားချက်တစ်ခုကလူတစ်ယောက်ဟာ ကိုယ့်ကိုယ်ကိုယ် ဒုက္ခတွေများလှတယ်လို့ ထင်ရင်တကယ်ဘဲ ဒုက္ခတွေများလာ တတ်တယ်တဲ့၊ဘာပဲဖြစ်ဖြစ် ခင်ဗျားမှာ စိတ်ညစ်စရာ ပြဿနာတွေရှိရင် မကြာမီ စိတ်အေးချမ်း ပျော်ရွှင်လာပါစေလို့ဆုတောင်းပါတယ်၊ ခင်ဗျားတစ်ယောက် တည်း အေးအေးဆေးဆေး စဉ်းစားနေချင်တာကိုလဲ ကျုပ်ကလေးစားပါတယ်"

ဤသို့ပြောယင်း ဂျေဘူသည်သူ၏မြင်းကို ရှေ့လှမ်းလှမ်းသို့ ရောက် အောင် ခပ်သုတ်သုတ် နှင်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းသည်ကား တာနီကိုက ဘုကျကျ ပြောလိုက်သော်လည်း ဂျေဘူလုံးဝ စိတ်မဆိုးခြင်းပင်ဖြစ်သည်။ မိန်းကလေး၏စိတ်ဓာတ်ကိုလည်း သဘောကျမိသည်။ သူ၏ ဇင်းဂျားလေ့ကျင့်မှုကြောင့် စိတ်ကိုထိန်းချုပ်နိုင်ခြင်း ဖြစ်သည်ဟု သူ့ကိုယ်သူပြန်သုံးသပ်မိလေသည်။

ထိုနေ့ညနေတွင် သူတို့သည် လမ်းခရီးတစ်နေရာရှိ မြို့စားကြီးဘိုကူဒင်၏ မိတ်ဆွေတစ်ဦးအိမ်တွင် ညအိပ်ရပ်နားကြလေသည်။

တာနီကိုသည် ညမအိပ်မီ သူမ၏ကိုယ်ပိုင်မှတ်တမ်းစာအုပ်ကို ဖွင့်၍ စုတ်တံတစ်ချောင်းဖြင့် မှတ်တမ်းရေးလေသည်။

အချို့လူများအဖို့ ယခုအချိန်သည် အလွန်သာယာလှပသော ရာသီဥတုဟု ဆိုကြသော်လည်း ကျွန်မအဖို့မှာမူ စိတ်ပျော်ရွှင်သာယာမှု အလျဉ်းမရှိပါချေ။ ကောင်းကင်ထက်တွင် ပျံသန်းသွားသော ငှက်များကိုကြည့်ပြီး ကျွန်မတို့အား စွန့်ခွာထွက်သွားပြီဟု ထင်မိပါသည်။ ကျွန်မ၏ ဘဝသည်လည်း သာယာကြည်နူးဖွယ် နွေရာသီကုန်ဆုံးသွားပြီ ဖြစ်သည်။ ကျွန်မသည် တစ်ကြိမ်တစ်ခါမှ မမြင်ဖူးသောအရုပ်ဆိုးဆိုး အသက်ကြီးကြီးယောကျ်ားတစ်ယောက်နှင့် လက်ထပ်ရပေတော့မည်။ ဆောင်းဥတုရာသီကဲ့သို့ ထိုယောကျ်ားက ကျွန်မအားအလွန်အေးစက်တုန်ချမ်းစေမည် ဖြစ်ပါသည်။ ကျွန်မသည် ဟီယန်ကျိုမြို့တော်ကြီးကို အလွန်သွားရောက် ကြည့်ရှုချင်ခဲ့သည်။ ယခုတော့ ထိုမြို့တော်ကြီးကို ကြည့်ခွင့်ရရန်အတွက် ကျွန်မသည် အလွန်တန်ဖိုးကြီးကြီး ပေးရတော့မည်ပါတကား။

''ကျွန်မ၏ ဖခင်ကြီးသည် လမ်းခရီးလုံခြုံရေးအတွက် ပြည့်စုံလုံလောက်သော အစောင့်အရှောက်များပင် ငှားရမ်းမပေးလိုက်ပါချေ။ ဇင်းဂျားတစ်ယောက်သာလျှင် ငှားပေးလိုက်ချေသည်။ သို့သော် ဤဇင်းဂျားသည် လူငယ်ဖြစ်သော်လည်း ခန္ဓာကိုယ် အလွန်ထွားကြိုင်းလှသည်။ အလွန်ခွန်အား ကြီးပုံရသည်။ ဤခရီးတွင် သူလိုက်ပါလာသည့်အတွက် တစ်မျိုးတော့ စိတ်ဝင်စားဖွယ်ကောင်းမည်ဟု ထင်ရပါသည်''

**ဤကား တာနီကို၏ မှတ်တမ်းစာအုပ်မှ ကောက်နုတ်ချက် အချို့ပင်တည်း။**

❄❄❄



(၄)

အဝေးမှပင် ထင်ရှားစွာမြင်နေရသော တောင်ကြီးသည် အရွယ်ပမာဏ ...ဖြင့် ကြီးမားလှပြီး ဆွတ်ဆွတ်ဖြူသော မိုးပွင့်များ ဖုံးအုပ်နေသည့် တောင်...ပိုင်းသည် မိုးကောင်းကင်ကို ထိလုနီးပါး ဖြစ်နေပေသည်။ ဂျေဘူသည် ...ကြီးမားသောတောင်ကို တစ်ခါမှ မမြင်ဖူးသဖြင့် ပါးစပ်အဟောင်းသားနှင့် ...တသြငေးမောကြည့်နေမိလေသည်။

သူတို့သည် ခရီးဆက်ထွက်လာခဲ့ရာ ဟာရာမြို့အနီးသို့အရောက်တွင် ...ညဖွယ်တောင်ကြီးကိုမြင်ရခြင်းဖြစ်လေသည်။

ထိုအချိန်၌ တာနီကိုသည် သူ၏ဘေးနားမှယှဉ်လျက် မြင်းစီးလိုက်နေ...ခြင်း ဂျေဘူက မေးကြည့်ရန် စိတ်ကူးရမိလေသည်။

''တာနီကို သခင်မကလေးခင်ဗျား၊ ဟိုကအလွန်ခန့်ညား ကြီးမားလှတဲ့ ...တောင်ကြီးက ဘယ်လိုခေါ်ပါသလဲ''ဂျေဘူက ရိုသေယဉ်ကျေးစွာ ဖြင့်မေးလိုက်...သည်။

တာနီကိုမှာ အလွန်အံ့သြသွားပုံရလေသည်။

''ဟင် ရှင်က ဖူဂျီဆန်လို့ခေါ်တဲ့ ဖူဂျီယာမားတောင် ကြီးအကြောင်း ...ခါမှ မကြားဖူးဘူးထင်တယ်၊ ဒီအတိုင်းဆိုရင် ရှင်တို့ဇင်းဂျားတွေက အတော် ...သုတ နည်းသေးတာဘဲ''

သည်တော့မှဂျေဘူလည်း ထိုတောင်ကြီး၏အမည်မှာ ဖူဂျီဟုခေါ် ...ကြောင်း သိရလေတော့သည်။

\+ \+ \+

ခရီးဆက်သွားကြသောအခါ လမ်းသည် ပင်လယ်ကမ်းရိုးတန်း အနီးမှ ...သွားရပြီး မတွင်လှဘဲ ခပ်ဖြည်းဖြည်းပင်ဆက်သွားရလေသည်။ လမ်းတွင် ...ညသူကမှ ဂျေဘူအားစကားမပြောကြချေ။ တာနီကို အဖော်မိန်းကလေးနှစ်...တသူ့အား အဆင့်အတန်းနိမ့်သူဟု သတ်မှတ်ပြီး စကားမပြောကြ...ခြင်းဖြစ်သလို ပစ္စည်းများကို လိုက်ပါကြည့်ရှုသူ အလုပ်သမား(အစေခံ) ...ယောကျ်ားနှစ်ဦးကတော့ ဂျေဘူကိုအလိုလိုကြောက်၍ စကားမပြောကြခြင်း ...သည်။

လမ်းခရီး၌ ညမိုးချုပ်လျှင် မြို့စားကြီးဘိုကူဒင်၏ အသိမိတ်ဆွေများ

www.burmeseclassic.com

www.burmeseclassic.com



အိမ်တွင် တည်းခိုအိပ်စက်ကြပြီး တစ်ခါတစ်ရံလူနေ အိမ်ခြေမရှိသော နေရာ၌မိုးချုပ်သွားသည့်အခါမျိုးတွင် မိန်းကလေးသုံးဦးက အသင့်ပါလာသော ရွက်ထည်တဲတွင်အိပ်ကြပြီး ဂျေဘူနှင့် အလုပ်သမားနှစ်ဦးက အလှည့်ကျကင်းစောင့်ကြလေသည်။

ခရီးစထွက်၍ ရှစ်ရက်မြောက်သောနေ့တွင် ရာသီဥတုက ကြည်လင်နေပြီး သူတို့အဖွဲ့သည် တောင်ကုန်းတစ်ခု၏နံဘေးကို ဖြတ်ဖောက် လုပ်ထားသော လမ်းအတိုင်းဆက်သွားကြရလေသည်။

ထိုနေ့မွန်းလွဲပိုင်းတွင် ရှေ့ဆုံးမှသွားနေသူ ပစ္စည်းထိန်း အလုပ်သမားသည် ရုတ်တရက် လက်နှစ်ဘက်အပေါ်သို့မြှောက်လိုက်ပြီးမြင်း ပေါ်မှ လိမ့်ကျသွားလေသည်။ သူ၏ရင်ပတ်တွင်လည်း မြားတစ်စင်းစိုက်နေသည်ကို တွေ့ရလေသည်။ မြားမှန်၍ မြင်းပေါ်မှကျသွားရခြင်းပင်တည်း။

ဂျေဘူသည် အကြီးအကျယ် ဒေါသထွက်မိလေသည်။ ခါတိုင်းဆိုလျှင် သူသည် ရှေ့ဆုံးမှသွားနေကျဖြစ်ပါလျက် ယခုကျမှ အလုပ်သမားတစ်ဦးအားရှေ့ဆုံးမှသွားခိုင်းမိသောကြောင့် ထိုလူခမျာ မြားမှန်၍ သေဆုံးရသည်ကို ဂျေဘူကစိတ်မကောင်းဖြစ်ရာမှ သူ့ကိုယ်သူလည်းဒေါသထွက်မိလေသည်။

ရှေ့တွင် ရန်သူရှိနေကြောင်း ထင်ရှားနေပြီဖြစ်၍ ဂျေဘူသည် ကျန်လူများအား နောက်ချန်နေရစ်စေကာ သူကိုယ်တိုင်ရှေ့သို့ တိုးသွားကြည့်လေသည်။

ချက်ချင်းပင် ရန်သူကို တွေ့ရလေတော့သည်။

သူတို့သွားမည့်လမ်းတွင် ပိတ်ဆို့ပြီးရပ်နေသူကား သားရေ သံချပ်အင်္ကျီဝတ်ထားသူထွားကြိုင်းသော ဆာမူရိုင်းကြီးတစ်ဦး ဖြစ်လေသည်။ သူသည် မြင်းအနက်တစ်ကောင်စီးလျက် လမ်းအလယ်တွင်ပိတ်ရပ်နေခြင်းဖြစ်သည်။ သူ၏လက်တွင်လည်း ကြီးမားလှသောလေးကြီးတစ်ခု အသင့်ကိုင်ထားသည်။ ဆာမူရိုင်း၏ဘေးတွင်လည်း စစ်သားသုံးဦးတို့သည် နာဂီနာတာ ဓားရှည်ကိုယ်စီကိုင်လျက် ရပ်နေကြလေသည်။

ဆာမူရိုင်းသည် ခန္ဓာကိုယ်ထွားကြိုင်းသော်လည်း အရပ်အမောင်းက ဂျေဘူလောက်မမြင့်ချေ။ ဦးခေါင်းပေါ်မှဆံပင်ကို ဆာမူရိုင်းတို့ ထုံးစံအတိုင်း အပေါ်တွင်လုံး၍ထုံးထားသည်။ သူ၏မုတ်ဆိတ်မွေးကိုလည်း ညီညာစွာ



ညှပ်ထားလေသည်။ မျက်လုံးများကမူ အရက်သေစာ လွန်ကြူးစွာသောက်သူတစ်ယောက်၏အသွင်ကို ဆောင်နေပေသည်။ ဤသူကား လူတကာပေါ်နိုင်ကျင့်ကာ ဗိုလ်ကျနေတတ်သူမျိုးဖြစ်ကြောင်း ဂျေဘူကချက်ချင်းအကဲတ်မိလိုက်ပြီဖြစ်သည်။

ထိုကြောင့် သူသည်မြင်းကိုဆက်နှင်သွားပြီး မြင်းနက်စီးထားသူမူရိုင်းကြီး ရှေ့တည့်တည့်တွင်ရပ်လိုက်သည်။

"ခင်ဗျားဟာ လက်နက်လုံးဝမပါတဲ့ လူတစ်ယောက်ကို သတ်ဖြတ် လိုက်တယ်၊ ဒါကြောင့် နီးရာအာဏာပိုင်တွေဆီတိုင်ကြား ရလိမ့်မယ်၊ ုးစီရင်မှုကိုလဲ ခံရမယ်"

ဂျေဘူက ခပ်တည်တည် ပြောလိုက်ရာ ဆာမူရိုင်းကြီးက သရော်သလို မောလိုက်လေသည်။

"ဒါဖြင့် မင်းက ငါ့ကိုဘဲ တိုင်ရလိမ့်မယ်၊ ငါက ဒီဒေသက 'အောယို (အာဏာပိုင်)ဖြစ်တယ်၊ ငါ့ပဲဒီနယ်မှာ အုပ်စိုးနေတယ်"

ဤတွင် ဂျေဘူသည် ဆာမူရိုင်းကြီးနှင့် ရင်ဆိုင်တိုက်ခိုက် ရတော့ည်ဟု သိလိုက်ပြီဖြစ်သည်။ ထို့ကြောင့် သူတို့ ဇင်ဂျားထုံးစံအတိုင်း တိုက်ပွဲွက် ပြင်ဆင်လေသည်။

"သင်၏စိတ်သည် သင်၏ သံချပ်ဝတ်စုံပင်ဖြစ်သည်။ စိတ်ဓာတ်မာမှန်ကန်ရန် အလွန်အရေးကြီးသည်။ စိတ်ဓာတ်ခိုင်မာသူ သည်အဝတ်အစားသင့်ကစား သံမဏိသံချပ်ကာအင်္ကျီဝတ်ထားသူကို ချေမှုန်းနိုင်သည်။"

အထက်ပါ ဇင်ဂျားသင်ကြားချက် သဘောတရားကို ဂျေဘူကခြင်နှလုံးသွင်းလိုက်သည်။ သူသည် ဆာမူရိုင်းကို သုတ်သင်ကွပ်မျက်တော့မည်ဟုလည်း စိတ်ထဲမှ သိလိုက်ပြီဖြစ်သည်။ ဂျေဘူသည် လူသတ်မျိုးစုံကို ကျွမ်းကျင်နေသူ ဇင်ဂျားတစ်ဦး ဖြစ်ပေသည်။ တိုက်ခိုက်သူ၏ကျ်နားဆီမှ တာနီကို၏အသံကိုကြားလိုက်ရသည်။ ဆာမူရိုင်းလူကြီးအားမ်ပြောလိုက်ခြင်းဖြစ်သည်။

"ရှင်အခုသတ်လိုက်တဲ့လူဟာ ကာမာကူရာမြို့က မြို့စားကြီးခင်ရဲ့ အစေခံတစ်ဦးဖြစ်တယ်၊ ဒါကြောင့် ဒီကိစ္စကို ရှင်က မြို့စားကြီးကိုင်းရလိမ့်မယ်"

www.burmeseclassic.com



သူမက လုံးဝကြောက်လန့်ပုံမရဘဲ ပြောလိုက်သော်လည်း ဂျေဘူက ဟန့်တားလိုက်သည်။

"သခင်မကလေး နောက်နားမှာသွားနေစမ်းပါ"

"ကျွန်မရဲ့ ဖခင်ကြီးရဲ့ အစေခံအတွက် ကျွန်မမှာတာဝန်ရှိတယ်ရှင့်"

"ဒါပေမယ့် ကျုပ်က ခင်ဗျားအတွက် တာဝန်ရှိတယ်၊ ဒါကြောင့် နောက်ပြန်ဆုတ် သွားနေလိုက်ပါ"

ဂျေဘူက ခပ်ထန်ထန် ပြောလိုက်ရသည်။ သူ၏စိတ်ထဲတွင်ကား တာနီကို၏ စိတ်ဓာတ်နှင့် သတ္တိကို ကြိတ်၍ချီးကျူးမိလေသည်။

ဆာမူရိုင်းကြီးသည် တာနီကိုအား လှောင်ပြောင်သလို ပြုံးဖြဲဖြဲ လုပ်နေလေသည်။

"မင်းရဲ့အဖေနာမည်က ဒီနေရာမှာ ဘာမှတန်ဖိုးမရှိဘူး၊ ဒီနယ်မြေက မှုရာတိုမိုပိုက်နက် နယ်မြေဖြစ်တယ်၊ ကျုပ်တို့ဟာ တကယ့်ဆာမူရိုင်း သူရဲကောင်းတွေ ဖြစ်တယ်၊ ဒီဇင်းဂျားကိုတော့ ကျုပ်ကပယ်လယ်ထဲ ကန်ချ လိုက်မယ်"

ထိုအခါ ဂျေဘူက ဝင်၍

"ခင်ဗျားက ကျုပ်ကို တိုက်ခိုက်အောင် အကျပ်ကိုင်ရင် ကျုပ်တို့ ထဲကတစ်ယောက်ယောက် သေရမှာပဲ၊ နှစ်ယောက်စလုံးလဲ သေနိုင်တယ်၊ တစ်ခြားလူတွေပါ ထိခိုက်နိုင်တယ်"ဟုပြောလိုက်သည်။

ဤတွင် တာနီကိုက စိတ်မရှည်သလိုနှင့် ဂျေဘူအားဝေဖန် ပြော ဆိုလေသည်။

"ရှင်က သူ့ကို သတ်ချင်သတ်၊ ဒါမှမဟုတ် ရှင်အသေခံရမှာပဲ၊ ကျွန်မရဲ့ဖခင်ကြီးက ရှင့်ကိုငွေပေးငှားထားတာဟာ ဒီအတွက်ပဲဖြစ်တယ်၊ အခုရှင်က စကားပိုတွေ ပြောနေတယ်"

"ကျုပ်တို့အဖွဲ့ရဲ့ စည်းကမ်းကဒီလိုပဲ ရန်သူကိုကြိုတင်သတိပေးရ ပါတယ်။"

ဂျေဘူက ဤသို့ပြောလိုက်လျှင် ဆာမူရိုင်းကြီးက သရော်သလို ရယ်မောလိုက်လေသည်။

"အံမာ၊ မင်းကများ ငါ့ကိုသတိပေးနေရသလားဟေ့၊ ငါဟာ ဆာမူရိုင်း



အီကေနိုဖြစ်တယ်၊ အီကေနိုရိုရဲ့သားဖြစ်တယ်၊ ငါ့အဖိုးက တာကာရှိကို တိုက်ခိုက်ချေမှုန်းခဲ့တဲ့ အီကေဇာနီဖြစ်တယ်၊ ပြီးတော့…"

သူ၏ စကားမဆုံးမီ ဂျေဘူကကြားဖြတ်လျက်

"ခင်ဗျားဟာ အလကားလူတစ်ယောက်ပဲ၊ ကျုပ်ဇင်းဂျား တစ်ယောက်ဖြစ်တယ်၊ ကျုပ်တို့ကို အေးအေးဆေးဆေးသွားခွင့်ပြုလိုက်ပါ"ဟု ခပ်တည်တည် ပြောလိုက်လေသည်။

"ဟေ့…မင်းကဇင်းဂျားဖြစ်တာနဲ့ ငါက ကြောက်ရမှာလားကွ၊ ဇင်းဂျားဆိုတာ သတ္တိမရှိလို့ ခိုးကြောင်ခိုးဝှက်သတ်တဲ့လူတွေ၊ အခုလည်း မင်းသတ္တိ မရှိလို့ ငါ့ကိုယောက်ျားပီပီ စိမ်မခေါ်ဝံ့တာပဲ။"

"ပြောနေလို့ အပိုပါပဲ၊ ခင်ဗျားဟာ လေပဲရှိတယ်၊ လေမှ လေ [illegible] တိုင်းနဲ့တူတယ်"

ဤသို့ပြောရင်း ဂျေဘူသည် သူစိတ်အာရုံ စူးစိုက်လျက် တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်သည်၊ သူတို့ဇင်းဂျား အဖွဲ့၏ နည်းဗျူဟာအတိုင်း တိုက်ခိုက်ရန် ပြင်ဆင်နေခြင်း ဖြစ်လေသည်။

"မင်းဟာ တော်တော်စော်ကားတဲ့ကောင်ပါလား၊ ကဲ မရှုမလှ သေပေတော့ကွာ"

ပြောပြောဆိုဆို အီကေနိုအမည်ရှိ ဆာမူရိုင်းကြီးသည် သူ၏ဆာမူရိုင်းဓားရှည်ကြီးကို ဆွဲထုတ်လျက် မြင်းစီးရင်း ဂျေဘူအား ခုတ်သတ်ရန် မြင်းဇက်ကို နှင်လိုက်လေသည်။

မြင်းကိုဒုံးစိုင်းစီးရင်း ဓားရှည်ဖြင့် တအားခုတ်ပိုင်းသည့် နည်းဖြစ်လေရာ ဂျေဘူကလည်းသိသဖြင့် သူ၏ဟော်လီဟော့မြင်းကို သတိထား ဇက်ကိုင် [illegible] မြင်း၏ကိုယ်ပေါ်တွင် လျှင်မြန်စွာ ဝပ်ချနေလိုက်သည်။ အီကေနို၏ ဓားချက်[illegible]ည် လူကိုမထိဘဲ လေကိုခုတ်မိပြီး သူ၏မြင်းက အရှိန်ဖြင့်လွန်သွားရာ [illegible]တော်ဝေးဝေးသို့ရောက်သွားလေသည်။ သည်တော့မှ သူသည် မနည်းကြိုးစား [illegible] မြင်းဇက်ကိုထိန်းပြီး နောက်တစ်ချီခုတ်ရန် ပြန်လှည့်လာလေသည်။

ဂျေဘူသည် အီကေနို၏ လက်နက်ကိုင် တပည့်သုံးဦးကို [illegible]အကဲ [illegible]ကြည့်လိုက်ရာ သူတို့သည် ဝင်ပါတိုက်ခိုက်မည့် ဟန်မရှိဘဲ [illegible]ကြည့်နေ[illegible]သည်ကို တွေ့ရလေသည်။ ဆာမူရိုင်း 'အီကေနို' သည် သူ၏မြင်းကို

www.burmeseclassic.com



ဒုန်းစိုင်း၍လာပြန်လေသည်။ 'ဂျော့ဘူ' လည်း သူ၏မြင်းဇက်ကို ကျင်လည်စွာထိန်း၍ တစ်ဘက်သို့ အလွယ်တကူ ရှောင်တိမ်းလိုက်ရာ အီကေနို၏ဓားသည် လေကိုသာ ခုတ်မိပြီး လွန်သွားပြန်လေသည်။

ဤတွင် သူသည်အလွန်ဒေါသထွက်လျက် မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်။ ဂျော့ဘူကိုလည်း မြင်းပေါ်မှ အတင်းဆွဲချရန် ပြေးဝင်လာလေသည်။ သို့သော် ဂျော့ဘူက သူဆွဲချသည်ကိုမစောင့်ဘဲ သူကိုယ်တိုင် ကြိုတင်၍ မြင်းပေါ်မှ ဆင်းလိုက်လေသည်။

ထိုအချိန်၌ မိန်းကလေးတာနီကိုသည် မျက်လုံးပြူးလျက် ဂျော့ဘူအားလှမ်းကြည့်နေရှာလေသည်။ ဤသည်ကိုပင် ဂျော့ဘူကသူ့အား ကာကွယ်စောင့်ရှောက်ပေးရန် တောင်းပန်နေသလို အဓိပ္ပာယ်ဖြင့် လှမ်းကြည့်ခြင်းဖြစ်သည်ဟု ယူဆလိုက်မိလေသည်။

ဂျော့ဘူသည် သူ၏ ဓင်းဂျားဓားကို ဆွဲထုတ်ပြီး အသင့်ပြင် ထားလိုက်သည်။

အီကေနိုကလည်း သူ၏ဆာမူရိုင်း ဓားရှည်ကြီးကို လက်နှစ်ဘက်ဖြင့် ဆုပ်ကိုင်ထားလေသည်။

"ဟော့၊ မင်းရဲ့ခေါင်းနဲ့ကိုယ် အိုးစားကွဲပြီသာ အောက်မေ့ပေတော့"

ဤသို့ ကြုံးဝါးရင်း ဆာမူရိုင်းအီကေနိုသည် ဓားရှည်ကြီး ကိုမြှောက်လျက် ဂျော့ဘူရှိရာသို့ တိုးဝင်လာလေသည်။ ထို့နောက် တအား ခုတ်ပိုင်းရန် အရှိန်ယူ၍ လက်ကိုလွှဲမြှောက်လိုက်စဉ် ဂျော့ဘူသည် လျှပ်တစ်ပြက် လျင်မြန်လှသော အဟုန်ဖြင့် လှုပ်ရှားလိုက်သည်။

ဓင်းဂျားဓားကို လက်တစ်ဖက်တည်းဖြင့်ကိုင်၍ ဖျက်ခနဲစိုက်၍ခုတ်လိုက်သည်။ လှုပ်ရှားမှုက လျင်မြန်လွန်းသဖြင့် အမှတ်မဲ့ကြည့်လျှင် ဂျော့ဘူ၏ဓားသည် အီကေနို၏ လက်ဝဲဘက်ပခုံးနားတွင် ရှိနေရာမှ ချက်ချင်းပင်ကိုယ်၏ လကျာ်ဘက်သို့ ရောက်သွားလေသည်။ ဂျော့ဘူ၏စိတ်ထဲတွင်ကား ဆာမူရိုင်းအီကေနိုအား သူက အောင်မြင်စွာ သတ်လိုက်နိုင်ပြီဟု သိနေလေသည်။

အီကေနိုသည် မတုန်မလှုပ် ကျောက်ရုပ်ကြီးလို ရပ်နေလေသည်။ သူ၏မျက်နှာသည် စောစောက ဒေါသထွက်နေရာမှ ယခုတော့အလွန် အံ့သြတုန်လှုပ်သည့်ဟန်မျိုး ဖြစ်လေသည်။ သူ၏လက်မှ ဆာမူရိုင်းဓားရှည်ကြီးသည်လည်း မြေပြင်သို့လွတ်ကျသွားလေသည်။



သူ၏လက်နှစ်ဘက်က အသက်မရှိသလို ဘေးသို့တွဲလွဲကျနေပြီး ...ဝ်ကလည်း ဟနေရာမှ ခဏမျှအကြာတွင် သူ့ကိုယ်သည် ရှေ့သို့ယိမ်း...ဲကျမလိုဖြစ်လာလျက် သူ၏ဦးခေါင်းသည် ကိုယ်မှပြုတ်ထွက် လွင့်ကျသွား...သည်။

ဂျော့ဘူ၏ဓားချက်က လျင်မြန်တိကျလွန်းသဖြင့် အီကေနို ၏လည်ပင်း...ခုတ်မိသွားပြီး ခေါင်းက ကိုယ်ပေါ်တွင်ခေတ္တတင်နေခြင်းပင် ဖြစ်လေ...။

ယခုမှ သူ၏ကိုယ်ခန္ဓာတွင် ဦးခေါင်းမရှိတော့သဖြင့် သွေးများ ပန်း...လာကာ မြေပြင်ပေါ်သို့ ဝုန်းကနဲလဲကျသွားလေတော့သည်။

ဆာမူရိုင်းကြီး၏ ကျေးကျွန် တပည့်သုံးဦးသည် အလန့်တကြား...အော်လျက် သူတို့၏'နာဂီနာတာ'ဓားများကို လွှတ်ချကာ ကြောက်လန့်ပြီး...ကုန်သုတ် ထွက်ပြေးကြလေသည်။

ဤတွင် ဂျော့ဘူသည်သူ၏ မြင်းကုန်းနှီးပေါ်မှ လေးနှင့်မြှားကိုယူ၍...ပြေးသူသုံးဦးဆီသို့ ချိန်လျက်မြှားတစ်စင်း လွှတ်လိုက်ရာ လူတစ်ယောက်၏...ပြင်ကို ထိမှန်ကျသွားလေသည်။ နောက်ထပ်မြှားတစ်စင်း ပစ်လွှတ်လိုက်...ရာ ဒုတိယမြောက် လူလည်း ထိမှန်ကျသွားပြန်သည်။ ထိုအခါ တတိယ...က် လူသည်ဆက်မပြေးတော့ဘဲ ပြန်လှည့်လာပြီး မြေပြင်တွင် ဒူးထောက်...ဂျော့ဘူအား ငိုယိုတောင်းပန်လေတော့သည်။

"ရှိကော ရှိကော၊ ခင်ဗျား ကျွန်တော့်ကို မသတ်ပါနဲ့၊ အသက်ချမ်းသာ...တော်မူပါ"

ဤသို့တောင်းပန်သူအား ဂျော့ဘူက သေချာစွာကြည့်လိုက်ရာ ထိုလူ...ည် မျက်စိတစ်ဘက် စွေနေသည်ကို သတိပြုမိလေသည်။ မျက်လုံးနှစ်လုံးက...ည့်တည့်မနေပါ။ တစ်ဘက်စီကြည့်နေသလို ဖြစ်နေပေသည်။

"ဒီနားတိုးလာခဲ့စမ်း"

ဂျော့ဘူက ခပ်ထန်ထန် အမိန့်ပေးလိုက်သည်။

ထိုလူလည်း အလွန်ကြောက်ရွံ့ တုန်လှုပ်ဟန်ဖြင့် ရှေ့သို့တိုးလာရာ ...ကသစ်ပင်တစ်ပင်နားသို့ ခေါ်သွားပြီး ထိုလူအားကြိုးဖြင့်တုတ်နှောင်ထား...ိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် မိန်းကလေး တာနီကိုသည် အနီးသို့ရောက်လာပြီး

"ရှင်က ဒီလူကို ဘာလုပ်မလို့လဲ"ဟုမေးလေသည်။

"ဘာလုပ်ရမှာလဲ၊ ခေါင်းဖြတ်ပစ်လိုက်ရုံပေါ့"

ဂျေဘူက ခပ်တည်တည်ပြောလိုက်ရာ ဒူးထောက်နေသူ ကျေးကျွန်သည် ပို၍ပင်ထိတ်လန့်တုန်လှုပ်ပြီး ငိုယိုတောင်းပန် ပြန်လေသည်။

"ရှိကော၊ ခင်ဗျား ကျွန်တော့်ကိုမသတ်ပါနဲ့၊ တောင်းပန်ပါတယ်၊ ကျွန်တော့်နာမည်'မိုကို'လို့ခေါ်ပါတယ်၊ မိန်းမနဲ့ကလေးသုံးယောက်လဲရှိပါတယ်။ အခုလိုက်လာရတာကလဲ ဆာမူရိုင်းအီကေနိက အတင်းခြိမ်းခြောက် ခေါ်လာလို့ လိုက်လာခဲ့ရတာပါ၊ ကျွန်တော်မိုကိုဟာ စစ်သားတစ်ယောက် လဲမဟုတ်ပါဘူး။ အညတြလက်သမားတစ်ယောက်သာ ဖြစ်ပါတယ်"

ဤတွင် တာနီကိုက ဝင်၍

"ရှင်လို မျက်စိစောင်းနေတဲ့ လက်သမားက ဘယ်လိုအိမ်မျိုးတွေ ဆောက်နိုင်ပါ့မလဲ"ဟု ပြောလိုက်သည်။

ထိုအခါ မိုကိုဆိုသူသည် ကြိုးစား၍ပြုံးလိုက်သည်။ ပြုံးရယ် လိုက်သောအခါ သူ၏ ရှေ့သွားလေးချောင်း မရှိကြောင်း ပေါ်လွင်လာလေသည်။

ဂျေဘူသည် ရယ်ချင်လာပြီး ဤလူကတော့ ရန်ရှာမည့် လူတစ်ယောက် မဟုတ်သဖြင့် မသတ်ဘဲထားလိုက်မည်ဟု စိတ်ထဲမှအောက်မေ့လိုက်မိလေသည်။

မိုကိုသည် ပြုံးနေရင်း တာနီကိုအား စကားပြန်ပြောလေသည်။

"သခင်မလေးက ကျွန်တော့်ရဲ့ အရည်အချင်းကို သိရရင်အံ့သြသွားပါလိမ့်မယ်၊ ကျွန်တော်က တကယ်တော်တဲ့ လက်သမားဆရာ တစ်ယောက်ဖြစ်ပါတယ်၊ ဒါကြောင့် ဟောဒီက ရှိကောကြီးကို သခင်မလေးက တဆိတ်တောင်းပန်ပေးစေချင်ပါတယ်၊ ကျွန်တော့်ရဲ့မိသားစုနဲ့ ကလေးတွေကို ဒုက္ခမရောက်အောင် ကျွန်တော့်ကို အသက်ချမ်းသာပေးဖို့ ပြောပေးစမ်းပါ သခင်မလေး ခင်ဗျား"

တာနီကိုသည် မိုကိုအား သနားသွားဟန်ဖြင့်

"ဂျေဘူရှင့်၊ ဒီလူကဘာမှအန္တရာယ်မရှိပါဘူး၊ သူ့အသက်ကို ချမ်းသာ ပေးလိုက်ပါရှင်"ဟု ဂျေဘူအား ပြောလိုက်လေသည်။



"ဟာ ဘာဖြစ်လို့ အန္တရာယ်မရှိရမှာလဲ၊ ဒီလူကိုလွှတ်လိုက်ရင် နောက် ထပ်လူတွေခေါ်လာပြီး လာတိုက်အုံးမှာဗျ"

ဂျေဘူက ဟန်လုပ်၍ ခပ်တည်တည်ပြောလိုက်သည်။ သူ၏ စိတ်ထဲ တွင်ကား တာနီကိုသည် မိုကိုဆိုသူအပေါ် ကရုဏာဖြစ်နေကြောင်း ထင်ရှား သောကြောင့် တာနီကို တောင်းပန်၍ အသက်ချမ်းသာ ပေးလိုက်ရသလိုလုပ် မည်ဟု ဆုံးဖြတ်ထားလေသည်။

ထိုအခိုက် မိုကိုကလည်း ဆက်လက်တောင်းပန် ပြန်သည်။

"ရှိကောခင်ဗျား၊ ကျွန်တော်က နောက်ထပ်လာပြီး မတိုက်ပါဘူး၊ ကျွန်တော်ဟာ တိုက်ခိုက်တတ်တဲ့ စစ်သားလဲ မဟုတ်ပါဘူး၊ ဒီအရပ်ဒေသမှာ တိုက်ခိုက်တတ်တဲ့ လူဆိုလို့ အီကေနိတစ်ယောက်ပဲ ရှိပါတယ်၊ ကျွန်တော်တို့ နောက်ကမလိုက်ရင် သတ်ပစ်မယ်လို့ ခြိမ်းခြောက်တဲ့အတွက် လိုက်လာခဲ့ ရတာပါ၊ အခု ဆာမူရိုင်း အီကေနိ သေသွားတာကို ဘယ်သူကမှလဲလာပြီး ပြန်ကလဲ့စားချေမှာ မဟုတ်ပါဘူး"

"ဂျေဘူရှင့်၊ ကျွန်မကအခု လက်ထပ်မင်္ဂလာပွဲ ဆင်နွှဲဖို့ သွားရမှာ ပါတယ်၊ ဒီလိုအချိန်မှာ ကျွန်မအနေနဲ့ စိတ်မချမ်းသာစရာတွေ၊ ရက်စက် ကြမ်းကြုတ်မှုတွေ မမြင်ချင်မကြားချင်ပါဘူး"

တာနီကိုကပါ ဝင်ပြောပြန်သည်။

"နေပါအုံးဗျာ၊ ကျုပ်ထင်နေတာက ခင်ဗျားဟာ မင်းသားကြီးနဲ့ လက်ထပ်ရတာကိုက ရက်စက်မှုတစ်ခုလို့ သဘောထားနေတယ်လို့ ကျုပ်က ထင်နေမိတယ်"

ဂျေဘူက ဤသို့ပြောလိုက်သည်ကို တာနီကိုသည် သဘောကျ တော့ချေ။

"ရှင်က မဆိုင်တာတွေကို မပြောပါနဲ့ရှင့်၊ ဒီလူကိုရှင်သတ် လိုက်ရင် ဒီညက ကျွန်မကိုလိုက်ပြီး နှောင့်ယှက်ခြောက်လှန့်နေမှာ ကြောက်တယ် ရှင့်"

"ဘာကြောင့် သူက ခင်ဗျားကို ခြောက်လှန့်ရမှာလဲ၊ ခင်ဗျားက ဘာမှလုပ်တာမှမဟုတ်ဘဲ"

"ဒီမယ်၊ရှင်ကကျွန်မကို ကာကွယ်စောင့်ရှောက်ရတဲ့လူ မဟုတ်လား၊

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ရှင်ရဲ့ အပြုမူမှန်သမျှကျွန်မမှာ တာဝန်ရှိတယ်ရှင့်''

''ခင်ဗျားရဲ့ စိတ်ဓာတ်ကို သဘောကျမိပါတယ်၊ ဒါကြောင့် ဒီလူ့ကို အသက်ချမ်းသာပေးလိုက်မယ်''

ဤသို့ပြောပြီး ဂျော်ဘူသည် မိုကိုဆိုသူ ဘက်သို့ပါလှည့်၍

''ကောင်းပြီ ခင်ဗျားကို ကျုပ်မသတ်တော့ပါဘူး၊ ဒါပေမယ့် ကျုပ်တို့ အဖွဲ့က အလုပ်သမားတစ်ဦးကို ဆာမူရိုင်းအီကေနိုက သတ်လိုက်တဲ့အတွက် သူ့ကိုယ်စား ခင်ဗျားကဝင်ပြီး တာနီကိုသခင်မလေးရဲ့ ပစ္စည်းတွေကို ဟီယန်ကျိုမြို့တော်အရောက် လိုက်ပို့ပေးရမယ်၊ ဒီကြားထဲ ခင်ဗျားက ထွက်ပြေးမယ်ကြံရင် ကျုပ်ကလိုက်ပြီးသတ်မှာပဲ''ဟုပြောလိုက်သည်။

ဤတွင်မိုကို ဝမ်းသာအားရ ဖြစ်သွားလေသည်။

''ကျေးဇူးတင်ပါတယ် ရှိကေ ခင်ဗျား၊ ကျွန်တော့်ကိုခိုင်းတဲ့နေရာ သွားပါမယ်၊ တရုတ်ပြည်ကို သွားရမယ်ဆိုရင်လည်းသွားဖို့ အဆင့်သင့်ပါပဲ ခင်ဗျား''

''နေပါအုံးရှင့်၊ ရှင်က ဒီလိုပြောရအောင် ရှင့်ကလေးငါးယောက်က ရှင်တရုတ်ပြည်ထိသွားရင် ဘယ်လိုလုပ်ကြမလဲ''

တာနီကိုက ဝင်မေးလိုက်ရာ မိုကို ပြုံးဖြီးဖြီး လုပ်ပြလေသည်။

''အလကား ပြောတာပါ၊ သခင်မလေး ကျွန်တော်မှာ အိမ်ထောင်လည်းမရှိ၊ ကလေးလည်းမရှိပါဘူး၊ ကျွန်တော်လို အရုပ်ဆိုးအကျည်းတန်တဲ့ အညတြလက်သမား တစ်ယောက်ကို ဘယ်လိုအမျိုးသမီးကမှလည်း မကြိုက်ပါဘူး ဟဲ ဟဲ''

သည်တော့မှ မိုကိုက သူအသက်ချမ်းသာရာ ရရေးအတွက်လုပ်ကြံလိမ်ပြောကြောင်း သိရလေတော့သည်။

ဂျော်ဘူသည် မိုကို၏ကိုယ်တွင် တုတ်ထားသောကြိုးများကို ဓားဖြင့်ဖြတ်၍ ဖြေလွှတ်ပေးလိုက်သည်။ ဤလူသည် ရယ်စရာမောစရာ ပြောတတ်သဖြင့် လမ်းခရီး၌ အပျင်းပြေလိမ့်မည်ဟုလည်း စိတ်ထဲမှ မှတ်ချက်ချလိုက်မိသည်။

မိုကိုသည် ဂျော်ဘူနှင့် တာနီကိုနှစ်ဦးစလုံးအား ထပ်မံ၍ ကျေးဇူးတင်စကား အထပ်ထပ်ပြောပြီးနောက် ပစ္စည်းများတင်ဆောင်သည့် မြင်းများ



ရှိရာသို့ ပြေးသွားကာ နေရာယူလိုက်လေသည်။

ထိုနောက်သူတို့သည် ခရီးဆက်သွားကြလေသည်။

တာနီကိုသည် ဂျော်ဘူနှင့် ဘေးချင်းယှဉ်လျက်ရှိအောင် မြင်းကို ရှေ့သို့စီးလာပြီး ပထမဆုံးအကြိမ် ဂျော်ဘူအားပြုံးပြလေသည်။

''ဂျော်ဘူရှင့်၊ ရှင်ဟာ တကယ်ထူးချွန်ထက်မြက်တဲ့ တိုက်ခိုက်ရေးသမား စစ်သည်တစ်ဦး ဖြစ်ပါတယ်၊ ဟို ဆာမူရိုင်းကြီးကို ရှင်ကတစ်ချက်ထဲနဲ့ သုတ်သင်လိုက်တာမျိုး ကျွန်မဖြင့်တစ်ခါမှ မမြင်ဘူးပါဘူး၊ ရန်သူနဲ့ ရင်ဆိုင်နေတဲ့အချိန်က ရှင်က ကျွန်မဘက် တစ်ချက်လှည့်ကြည့်လိုက်တယ် မှတ်လား၊ မျက်လုံးချင်းဆုံတဲ့အချိန်မှာ ကျွန်မစိတ်ထဲ တစ်မျိုးဖြစ်သွားပါတယ်၊ ကျွန်မက ရှင့်ကို စောစောပိုင်းက မောက်မောက်မာမာ ဆက်ဆံမိတာကိုလဲ တောင်းပန် ပါတယ်''

သူက ဤသို့ရည်မွန်စွာ ပြောလိုက်ရာ ဂျော်ဘူသည် သဘောကျမိသွားလေသည်။

တာနီကိုသည် ချစ်စဖွယ်ပြုံး၍ မြင်းဇက်ကိုနှင်ကာ ရှေ့သို့တိုး သွားရင်း ဂျော်ဘူအား

''ရှိကေ''ဟု လှမ်းခေါ်သွားလေသည်။

❄❄❄

(၅)

ခရီးဆက်သွားရင်း စောစောက မြားထိမှန်ပြီးသေနေသူ ဆာမူရိုင်း၏ ကျွန်တစ်ဦးအလောင်းကို တွေ့ရသဖြင့် ဂျော်ဘူသည် သေချာစွာကြည့်မိသည်။ ထိုကျေးကျွန်မှာ လူငယ်တစ်ယောက်သာ ဖြစ်လေရာ ဂျော်ဘူက ဤလူငယ်အား ငါသတ်လိုက်မိရပြီဟု ဆင်ခြင်ရင်း စိတ်မကောင်းဖြစ်လျက် ဆိုင်းဂျားအဖွဲ့၏ ထုံးစံအရသေသူအတွက် စိတ်ထဲမှ ဆုတောင်းပေးလိုက်သည်။

ထိုနောက် ဤနေရာတွင် အခင်းဖြစ်ပွားခဲ့ကြောင်းကို အခြားလူများ သိစေရန် သေနေသော အလောင်းများကို လမ်းအနီး၌ ပင်လယ်ရေ ဆီသို့ပစ်ချရန် ဆုံးဖြတ်လျက် မိုကိုအား ကူညီဆောင်ရွက်ခိုင်းလေသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးပစ်ချရမည့်အလောင်းမှာ ဆာမူရိုင်း အီကေနိုပင်ဖြစ်ရာ ဂျော့ဘူသည် ထိုလူ၏ကိုယ်တွင် ဝတ်ဆင်ထားသော အလွန်ကောင်းမွန်လှသည့် သံကိုယ်ချပ်အကျီကို ကြည့်နေမိလေသည်။

တန်ဖိုးရှိသော ဝတ်စုံဖြစ်၍ ယူထားလိုက် မည်ပြုပြီးမှ

"ဟာ၊ ဒီဝတ်စုံကိုယူထားရင် တစ်ခြားလူတွေ ရိပ်မိပြီး ပြဿနာဖြစ်နေအုံးမယ်"ဟု ပါးစပ်က ထုတ်ပြောလိုက်မိသည်။

ထိုအခါ မိုကိုက အကြံတစ်ခု ပေးလေသည်။

"ရှိကော၊ ခင်ဗျား ဆာမူရိုင်းဓားရှည်ကြီးကိုတော့ ယူထားလိုက်ပါ၊ ဒါက အလွန်ကောင်းပါတယ်၊ ယူမထားဘဲ ပင်လယ်ထဲ ပစ်ချလိုက်ရင် သံချေးတက်ပြီး အလကားဖြစ်သွားပါလိမ့်မယ်"

"အင်း၊ ဒီလိုတော့လဲ မိုကိုက မဆိုးဘူး၊ ကောင်းပြီလေ၊ ကျုပ်က ဒီဓားကို ယူထားလိုက်ပါမယ်"

ပြောရင်း ဂျော့ဘူသည် ဆာမူရိုင်းဓားရှည်ကြီးကို ကောက်ယူလိုက်သည်။

မိုကိုသည်လည်း အနီးသို့လာ၍ ဓားကြီးကိုသေချာစွာ ကြည့်လေသည်။

"တကယ်ကောင်းတဲ့ဓားကြီးပဲ"

ထိုစကားကို ဂျော့ဘူသည် စိတ်မဝင်စားဘဲ ဆာမူရိုင်းတို့၏ အဝေးအခေါ် အယူအဆအကြောင်း စဉ်းစားနေမိသည်။

ဆာမူရိုင်းတို့သည် ဓားရှည်တစ်လက်ကိုသာ အားကိုးပြီး အသက်ကို စွန့်လွှတ်ကြသည်။ ဤသည်ကား သူတို့၏ ခံယူချက်ပင်ဖြစ်သည်။ ဆာမူရိုင်းတို့သည် သူတို့၏ ဓားရှည်ကို အကြွင်းမဲ့အားကိုးကြသည်။

ဂျော့ဘူတို့၏ ဖင်ဂျားအဖွဲ့ကမူ ယင်းခံယူချက်မျိုးကို လက်ကိုင်မထားချေ။ ဖင်ဂျားတို့၏ အခြေခံသင်ကြားချက်တစ်ခုကား လောကဋ္ဌ ဘာကိုမှ အားမကိုးလေနှင့် ဟူ၍ပင် ဖြစ်သည်။ အလွန်ကောင်းမွန် မှန်ကန်သော သင်ကြားချက်ပင်တည်း။

ဤသို့ ဆင်ခြင်သုံးသပ်ရင်း ဂျော့ဘူသည် ဆာမူရိုင်းဓားရှည်ကို လက်သမားမိုကိုအား သိမ်းထားရန် လှမ်းပေးလိုက်သည်။ တစ်နေ့အခွင့်သာလျှင်



ဓားကြီးကို အမှတ်တရ ပစ္စည်းတစ်ခုအဖြစ် မိခင်ကြီးထံပို့ထား လိုက်မည်ဟု စိတ်ကူးမိလေသည်။

"ကောင်းပါပြီရှိကော၊ ကျွန်တော်က ဒီဓားကြီးကို လူမမြင်အောင် ည်းတွေထည့်တဲ့ အထုပ်ထဲမှာ လုံလုံခြုံခြုံ သိမ်းထားလိုက်ပါမယ်"

မိုကိုက ဓားကိုလှမ်းယူရင်း ပြောလိုက်လေသည်။

ဆာမူရိုင်းအီကေနို၏ ကိုယ်ချပ်ဝတ်စုံ၊ လေးနှင့်မြားတို့ကို ပင်လယ်ထဲ ချလိုက်ပြီးနောက် ဂျော့ဘူသည် အီကေနိုစီးလာသော မြင်းကိုပါရိုက်ပြီး လွှတ်လိုက်သည်။ ထို့နောက် ခရီးဆက်ထွက်ကြလေသည်။

ဆာမူရိုင်း၏ ကျေးကျွန်ဟောင်း မိုကိုသည် တစ်ကယ်ယုံကြည် ရပါမည်လောဟု အနည်းငယ် သံသယရှိသေးသဖြင့် ဂျော့ဘူသည် က် အလှည့်ကျ ကင်းစောင့်သောအခါ မိုကိုအား ကင်းတာဝန်မပေးဘဲ ရှိမာမိသားစု၏ မူလအလုပ်သမားတို့ကသာ တစ်လှည့်စီ ကင်းစောင့်လေ ည်။

ဆာမူရိုင်း အီကေနိုနှင့် ယှဉ်ပြိုင်တိုက်ခဲ့ရပြီး နောက်တစ်နေ့ ခရီးဆက် ကြစဉ် တာနီကိုသည် သူမ၏မြင်းကို ရှေ့သို့တိုးနှင်ပြီး ဂျော့ဘူနှင့် ဘေးချင်း တာ စီးလာလေသည်။ သူမသည် စကားပြောချင်၍ ဤသို့ချဉ်း ကပ်လာ ဖြစ်ကြောင်း ထင်ရှားပေသည်။

"ကျွန်မနဲ့အတူပါလာတဲ့ မိန်းကလေးအဖော်တွေက တစ်သက် အတူ နေခဲ့သူ ကျေးကျွန်တွေ ဖြစ်လေတော့ ကျွန်မ အနေနဲ့ အပျင်းပြေ အပြောဖို့တောင် မဖြစ်ဘူးရှင့်၊ သူတို့ပြောတဲ့ စကားတွေလဲ အလွန်ပျင်း ကောင်းလှတယ်"

တာနီကိုက စတင်စကားစပ်ပြောရာ ဂျော့ဘူက

"ကျုပ်ကိုယ်တိုင်ကလဲ အလွန်ပျင်းစရာ ကောင်းတဲ့စကားပြော ဖော် တယ်လို့ မင်းပြောဖူးတယ် မဟုတ်လား"ဟုပြန်ပြောလိုက်သည်။

"ဒါပေမယ့် ရှင်ပြောတာကမှ ကျွန်မအနေနဲ့ မကြားဘူးတဲ့ အကြောင်း ဖြစ်လို့ တော်ပါသေးတယ်"

ဤတွင် ဂျော့ဘူသည် သူမအားပြုံး၍ ပြန်ကြည့်လိုက်သည်။

"ဒီလိုဆိုရင်တော့ ကိုယ်ချင်းစာမိပါတယ်၊ ကျုပ်ကိုယ်တိုင်က ဒီခရီး

www.burmeseclassic.com

www.burmeseclassic.com



စထွက်လာတဲ့ အချိန်ကစပြီး စကားပြောဖော်မရှိခဲ့ပါဘူး၊ ကိုယ့်ကိုယ်ကိုယ် ပြန်စကား ပြောရမလို ဖြစ်နေတယ်၊ တစ်ခါတစ်ခါလည်း ပျင်းရိငြီးငွေ့မိတယ်။''

ဂျေဘူသည် ပြောရင်းနှင့် တာနီကိုအား အကဲခတ် ကြည့်ရာ စောစော ကလို ခပ်တည်တည် ခပ်ထန်ထန် မဟုတ်တော့ဘဲ သူ့အပေါ်လိုးလား သဘောင် ဖြစ်စပြုပြီဟု ထင်မိလေသည်။ ဤသည်မှာလည်း ဆာမူရိုင်း အီကေနီ အားတိုက်ခိုက်အနိုင်ယူခဲ့ခြင်းတည်းဟူသော မိမိ၏လက်ရုံးရည် အစွမ်းကြောင့် တာနီကိုက မိမိအပေါ် လေးစားအထင်ကြီးလာခြင်း ဖြစ်ဟန်တူပေသည်။ မည်သို့ ပင်ဖြစ်စေကာမူ ယခု မိမိအား တာနီကိုက ရည်မွန်ယဉ်းကျေးစွာ ဆက်ဆံ လာခြင်းကိုတော့ ဂျေဘူက ဝမ်းသာကျေနပ်မိလေသည်။

ဆာမူရိုင်း အီကေနီနှင့် ဓားချင်းယှဉ်ခုတ်နေချိန်က တာနီကိုနှင့် မျက်လုံးချင်း ဆုံမိခဲ့ပုံကိုလည်း ဂျေဘူက ပြန်သတိရမိလေသည်။

ထိုစဉ်က သူမ၏မျက်လုံးများ တောက်ပြောင်စူးရှပြီး အလွန်လှ ကြည့်ကောင်းနေပုံကို သူသည် တစ်သက်လုံး မေ့နိုင်မည်မဟုတ် ဟုလည်းထင် မိလေသည်။ တစ်နည်းအားဖြင့် ထိုအချိန်က တာနီကိုသည် မိမိအားမျက်လုံး အမူအယာဖြင့် စကားပြောနေသည်ဟုပင် ထင်စရာဖြစ်ပေသည်။

ဤသို့ ဂျေဘူက စဉ်းစားဆင်ခြင်နေမိစဉ် တာနီကိုက စကားဆက် ပြောလေသည်။

''ခရီးထွက်လာခါစက ကျွန်မ ရှင့်ကိုရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံ ခဲ့မိတာကို ပြန်ပြီးတောင်းပန်ကျေအေးတဲ့အနေနဲ့ ကျွန်မက ရှင်နဲ့ရေ့လျော့ဘက် အတူတူစကားပြောကြရင်း ဆက်သွားကြမယ်နော်၊ ရှင့်အဖို့ ပျင်းရိငြီးငွေ့စရာ အကြောင်းတွေဟာ ကျွန်မအဖို့ စိတ်ဝင်စားစရာ ဖြစ်ချင်လဲ ဖြစ်နိုင်ပါလိမ့်မယ် ပြီးတော့ ရှင်ဟာ ကျွန်မအပေါ်လဲစိတ်ဝင်စားလိမ့်မယ်လို့ ထင်ပါတယ်၊ ကျွန်မ ကိုယ်ကျွန်မတော့ စိတ်ဝင်စားဖို့မကောင်းတဲ့ သာမန် မိန်းကလေး တစ်ယောက် ပဲလို့ ထင်မိပါတယ်၊ ဥပမာဆိုရင် ယောကျ်ားတွေရဲ့ ခန္ဓာကိုယ်ဟာ ယောကျ်ား အချင်းချင်းအဖို့ စိတ်ဝင်စားစရာ မဟုတ်ပေမဲ့ မိန်းကလေးတွေအဖို့က စိတ်ဝင် စားစရာဖြစ်နိုင်တယ် မဟုတ်ပါလား''

ဤတွင် ဂျေဘူ၏ စိတ်ထဲ၌ ဤမိန်းကလေး ရဲတင်းပွင့်လင်းလှ တကားဟု မှတ်ချက်ချ လိုက်မိလေသည်။



''ဒီမယ်မိန်းကလေး မင်းက ငယ်ပါသေးတယ်၊ ယောကျ်ား တွေရဲ့ ခန္ဓာကိုယ်အကြောင်း သိရှိနားလည်ဖို့ သင့်တဲ့အရွယ် မဟုတ်သေးဘူး''

ဂျေဘူက ဆရာက တပည့်ကို ဆုံးမသလို လေသံမျိုးနှင့်ပြော လိုက် သော်လည်း တာနီကိုသည် ဂရုစိုက်ပုံ မရချေ။

''ဘာပဲဖြစ်ဖြစ်လေ ရှင်နဲ့တော့ ကျွန်မက ဒါမျိုးတွေပြောရင်ဖြစ် တယ်မဟုတ်လား၊ ပြီးတော့ရှင်ဟာလဲ လူငယ်တစ်ယောက်ပါပဲ၊ ဇင်းဂျား ဆိုတဲ့ သာရေးဂိုဏ်းဝင် တစ်ယောက်လဲဖြစ်တယ်''

''ကျုပ်တို့ ဇင်းဂျား အဖွဲ့သားတွေက အိမ်ထောင်သားမွေး မလုပ် ဘူးဆိုတဲ့ ကတိဝန်ခံချက်ရှိတာ မဟုတ်ဘူးဗျ''

ဂျေဘူက တာနီကိုအား ရွှန်းရွှန်းစားစားကြည့်ရင်း ခပ်ဘွင်းဘွင်း ပြောလိုက်သည်။ စိတ်ထဲတွင်ကား သူနဲ့ငါမတူမတန်ပေမယ့် ငါဟာလည်း ယောကျ်ားတစ်ယောက် ဖြစ်ကြောင်း ထင်ရှားအောင်တော့ ပြောမှကောင်းမယ်ဟု ရည်ရွယ်ပြောလိုက်ခြင်း ဖြစ်သည်။

တာနီကိုသည် ရှက်သဘောင်ဖြစ်ကာ မျက်နှာကလေး နီသွားလေ သည်။ သို့သော် ရယ်ကာမောကာဖြင့် -

''အင်း ဒီလိုဆိုတော့ ကျွန်မက မိန်းကလေးအဖော် တွေနဲ့ပဲ သွားနေ တာ ကောင်းလိမ့်မယ် ထင်ပါရဲ့''ဟု ပြောပြီးသူမရဲ့မြင်း ကိုလှည့်၍ စီးထွက် သွားလေသည်။

ထိုအချိန်၌ ဂျေဘူသည် တာနီကိုအား စိတ်ထဲမှ တပ်မက် နေမိလေသည်။ ငါတို့ ဇင်းဂျားအဖွဲ့ရဲ့ ဂုဏ်သိက္ခာ မထိခိုက်ဘဲ ဤမိန်း ကလေးနှင့် တူနှစ်ကိုယ် ချစ်တင်းနှီးနှောလိုက်ရလျှင် ကောင်းလေစွဟုလည်း တွေးတော၍တောင့်တမိလေသည်။

\+ \+ \+

နောက်တစ်နေ့ နေ့လယ်စာ စားသောက်ပြီးချိန်တွင် တာနီကို သည်ဂျေဘူ၏ အနီးသို့ ချဉ်းကပ်လာပြန်လေသည်။

''ဂျေဘူရှင့်၊ ရှင် အခုအသက်ဘယ်လောက်ရှိပြီလဲဟင်''

''ဆယ့်ခုနစ်နှစ် ရှိပါပြီ''

''ကျွန်မက ဆယ့်သုံးနှစ်ဆိုတော့ ရှင့်ထက်လေးနှစ်ပဲငယ်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် အခုအခြေအနေအရ ကျွန်မဟာ လက်ထပ်ထိမ်းမြားလောက်အောင် အရွယ်ရောက်နေပြီလို့ ဆိုရမယ်နော်''

''ကျုပ်ကလဲ မင်းဟာ ကလေးဆန်တယ်လို့ မဆိုလိုပါဘူး''

''ဟုတ်ပါတယ်၊ ကျွန်မကနည်းနည်းမှ ကလေးမဆန်ပါဘူး ရှင့်''

ပြောရင်းနှင့် သူမသည်ပြုံးလိုက်ပြီးမှ

''ဒါထက် ရှင်တို့ ဖင်းဂျားအဖွဲ့ဝင်တွေဟာ ကာမဂုဏ်အာရုံကို အလွန်မက်မောတယ်လို့ သိရပါတယ်၊ ရှင်တို့က ဘယ်အသက် အရွယ်မှာ အိမ်ထောင်ပြုကြပါသလဲ''

''များသောအားဖြင့် အသက်သုံးဆယ်လောက်ကျမှ အိမ်ထောင်ပြုလေ့ရှိတယ်၊ ဒါဟာလဲ ဖင်းဂျားတစ်ယောက်အနေနဲ့ အသက်သုံးဆယ်အရွယ် အထိ အသက်မသေဘဲ ရှင်နေရင် ဆိုပါတော့၊ ဒီအခါကျတော့ အိမ်ထောင်ပြုသင့်ပြီလို့ အဖွဲ့ကဆုံးဖြတ်သတ်မှတ်ပြီး သူတို့ကိုလဲ ဘေးအန္တရာယ် မများလှတဲ့ တာဝန်မျိုးကိုသာ ပေးတတ်တယ်၊ ဥပမာ ဘုရားကျောင်းမှာ သင်တန်း နည်းပြဆရာ တာဝန်မျိုးပေးလေ့ရှိတယ်၊ ဒါပေမယ့် ကျုပ်တို့ကအိမ်ထောင် သားမွေးမပြုပါဘူးလို့ ကတိမခံတဲ့အကြောင်း ပြောတာဟာ အသက်သုံးဆယ် နှစ်ကျမှ အိမ်ထောင်ပြုကြတဲ့ အကြောင်းပြောချင်လို့ မဟုတ်ပါဘူး''

ဂျောဘူကပြောလိုက်ရာ တာနီကို သည်မသိမသာ မျက်နှာနီသွား သော်လည်း ချက်ချင်းပင် မျက်နှာချင်းဆိုင် ကြည့်လိုက်လေသည်။

''ရှင်လိုလူကတော့ ကြေးစားမိန်းမတွေဆီ သွားမှာပဲဖြစ်လိမ့် မယ်''

တာနီကိုက အရွယ်နှင့်မလိုက်အောင် ရဲတင်းစွာ ပြောလိုက်သဖြင့် ဂျောဘူသည် အံ့အားသင့်သွားမိလေသည်။

''မင်းက ဘာကြောင့် ဒီလိုပြောတာလဲ''

''ဘာကြောင့်လဲဆိုတော့ ကျွန်မမြင်ဖူးသမျှ ယောကျ်ားတွေထဲမှာ ရှင်ဟာ အရုပ်ဆိုးဆုံး၊ အကျည်းတန်ဆုံးလူတစ်ယောက်ဖြစ်လို့ပဲ၊ ရှင်က ကိုယ်အင်္ဂါ ချွတ်ယွင်းလို့တော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ရှင်ကလူတစ်မျိုး ဖြစ်နေတယ်၊ တစ်ခြားယောကျ်ားတွေနဲ့လဲမတူဘူး၊ ရှင့်အသားအရေက ငါးရဲ့ဝမ်းဗိုက်သား အရောင်လို ဖြစ်နေတယ်''

''အဲဒီအရောင်ဖြစ်အောင် မင်းကိုယ်တိုင်က မျက်နှာကို ပေါင်ဒါ



တာပဲ မဟုတ်လား''

ဂျောဘူက မခံချင်အောင် တမင်ပြောလိုက်သည်။

''ကျွန်မမျက်နှာကို ပေါင်ဒါလိမ်းပြီး အလှခြယ်တာ မှန်ပါတယ်၊ ဒါပေမယ့် ခြယ်လိုက်တော့ လှလာတယ်ရှင့်၊ ကျွန်မရဲ့ အသားအရောင်က ရှင့်နဲ့မတူပဲ၊ ရှင့်ဆံပင်အရောင်ကိုလဲ ကြည့်ပါအုံး၊ နီနေလိုက်တာ မီးလောင် နေသလား အောက်မေ့ရတယ်၊ ရှင့် အင်္ဂါရုပ်တစ်ခုလုံးကို ခြုံကြည့်လိုက်ရင် ကြောက်စရာကြီးပဲ၊ ကျွန်မဖြင့် တစ်ခါမှ မမြင်ဘူးပါဘူး၊ ပြီးတော့ ရှင့်ခန္ဓာကိုယ်က လူများတကာထက် ပိုထွားကြိုင်းတယ်၊ ရှင်သာ ကျွန်မအနားကို ကပ်လာရင် ကျွန်မတော့ ကြောက်လန့်ဟစ်အော်ပြီးထွက်ပြေးမိမှာပဲ''

တစ်ချိန်ကဆိုလျှင် သူမက ဤသို့ ပြောလိုက်သည်ကို ဂျောဘူသည် စိတ်ထဲမှ အောင့်သက်သက် ဖြစ်သွားမည်မှာ အမှန်ဖြစ်သည်။ သို့သော် သူတို့ဖင်းဂျား အဖွဲ့မှ လေ့ကျင့်သင်ကြားပေးချက်များအနက် ဒေါသကို ချုပ်တီး၍ သည်းခံရန်လည်းပါရှိသောကြောင့် ယခုသူသည် တာနီကို၏ စကားကို ရယ်စရာသဘောလုပ်ပြောရန် စိတ်ကူးမိလေသည်။

''ဒီမယ် တာနီကို ညအမှောင်ထဲမှာ ဆိုရင် ယောကျ်ားမှန်သမျှ အရောင်အသွေးအတူတူချည်းပါပဲ''

''အံမယ်၊ ရှင်က ညစ်ညမ်းတဲ့စကားတွေပါ ပြောလာပြန်တာကိုး၊ ရှင်ဟာ ဘယ်လို ဖင်းဂျားမျိုးလဲရှင့်၊ ကျွန်မတော့ သဘောမကျပါဘူး၊ ရှင်လိုလူ နဲ့စာရင် ဟိုလက်သမားမိုက်ကိုနဲ့ ချစ်တင်းနှီးနှောရတာကမှ တော်လိမ့်အုံးမယ်''

ဂျောဘူသည် တာနီကို ဤသို့ပြောလိုက်သောအခါ အာဂမိန်းကလေး ပါတကားဟု အောက်မေ့မိလေသည်။ သူမကိုယ်တိုင်က ယောကျ်ားနှင့် ချစ်တင်းနှောသည့်အကြောင်း စကားစပြောခဲ့ပေသည်။ သို့သော် ရယ်စရာ လုပ်ပြောရန် ဆုံးဖြတ်လျက်-

''မိုက်ကိုက လူပုပုဆိုတော့ ခင်ဗျားနဲ့ချစ်တင်းနှီးနှောဖို့အတွက် မျှော်စင်ကြီး တစ်ခုဆောက်ပြီးမှ ချစ်လို့ရမှာပေါ့''

''တော်စမ်းပါရှင်၊ ကျွန်မဖြင့် ရှင့်ကိုစိတ်ပျက်ပါတယ်''

ဤသို့ပြောပြီး သူမသည် ထွက်သွားလေတော့သည်။

ဂျောဘူသည် တစ်ယောက်တည်း မြင်းစီးသွားရင်း တာနီကို အမည်ရှိ

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေး အကြောင်းကိုပင် ဆက်စဉ်းစားနေမိလေသည်။ သူမသည် ရုပ်ရည် ချောမော လှပရုံသာမက စိတ်ဓာတ်အားဖြင့်လည်း ထူးထူးခြားခြား ထက်မြက်သူ ဖြစ်ကြောင်း ထင်ရှားပေသည်။

ဤမိန်းကလေးကို မိမိရျောဘူအနေဖြင့် မရနိုင်ပါလောဟုလည်း ရုတ်တရက်တွေးမိလေသည်။ သို့သော် ဤတွေးလိုက်ခြင်းသည် မိမိတို့ဇင်းဂျား အဖွဲ့၏ခံယူချက်နှင့် ကိုက်ညီပါမည်လောဟုလည်း တစ်ဘက်က သံသယ ဖြစ်ဖွယ်ရှိနေပြန်လေသည်။

သို့ဖြစ်လင့်ကစား ရျောဘူသည် တာနီကိုနှင့် တူနှစ်ကိုယ်ချစ်တင်း နီးနှောရလျှင် မည်သို့နေမည်နည်းဟု စိတ်ကူးယဉ်စဉ်းစားနေမိလေသည်။

ဤသို့ စိတ်ကူးယဉ်နေခိုက် လက်သမားမိုကိုသည် ရျောဘူ၏ အနီးသို့ ချဉ်းကပ်လာလေသည်။ မျက်လုံးကစွေလျက် ရျောဘူအား ပြုံးပြနေ ပုံကိုမြင်ရ လျှင် ဤလူကို မသတ်ခဲ့မိခြင်းသည် တော်သေး၏ဟု ရျောဘူက ထင်မိလေ သည်။

"ရှီကေခင်ဗျား၊ ဟီယန်ကျိုမြို့တော် အကြောင်းပြောမလို့ပါ။ ကျွန်တော် ရောက်ဖူးပါတယ်၊ ရှီကေကော ဟီယန်ကျိုမြို့တော်ကို ရောက်ဖူး ပါသလား"

မိုကိုက မေးလိုက်ရာ ရျောဘူက ခေါင်းခါပြလိုက်သည်။

"မရောက်ဖူးသေးပါဘူး၊ ကျုပ်ကခရီးလှည့်လည် သွားလာတာ ဆိုရင် အခုမှပဲ စသွားကာစ ရှိပါသေးတယ်"

"ဟုတ်လား ကျွန်တော့်မိခင်ရဲ့ မိသားစုက ဟီယန်ကျိုမြို့မှာ နေကြ ပါတယ်၊ သူ့ရဲ့ ရိုးရာဓလေ့တစ်ခုက ကိုယ်ဝန်ဆောင်သမီးတစ်ဦးဟာ မွေးဖွား ခါနီး အချိန်ဆိုရင် မိဘများနဲ့အတူ ခဏပြန်နေလေ့ရှိတယ်၊ ဒါကြောင့် ကျွန်တော့် အမေဟာ ညီမငယ်တစ်ဦးမွေးဖွားခါနီးကျတော့ ကျွန်တော့်ကိုပါခေါ်ပြီး ဟီယန် ကျိုမြို့တော်ကို သွားခဲ့ပါတယ်၊ မီးဖွားပြီးတော့လဲ အမေဟာ ဟီယန်ကျိုမြို့မှာ သုံးနှစ်လောက်ဆက်ပြီး နေခဲ့ပါတယ်"

"ဟုတ်လား ဟီယန်ကျိုမြို့တော်က ဘယ်လိုနေသလဲဗျ၊ ကျုပ် အလွန် သိချင်ပါတယ်"

ရျောဘူက စိတ်ဝင်စားဟန်ဖြင့် မေးလိုက်သည်တွင် မိုကိုကလည်း



…သလောက် ပြောပြလေသည်။

"ဟုတ်ကဲ့၊ ဟီယန်ကျိုဟာ အလွန်ကြီးကျယ်တဲ့မြို့ကြီးဖြစ်သလို …ကျတဲ့ မြို့တော်တစ်ခုလဲဖြစ်ပါတယ်၊ မြို့တော်တည်ဆောက်ထားပုံကို …ည့်လိုက်ရင် ဗိသုကာလက်သမားဆရာတွေပုံစံဆွဲပြီး တည်ဆောက်ထား …ယ်လို့ ထင်ရပါတယ်၊ လမ်းတွေကဆိုရင် တစ်ခြားမြို့များက လမ်းတွေလို …ကောက်ကျဉ်းမြောင်းခြင်းမရှိဘူး၊ လမ်းတွေက ကျယ်ဝန်းပြီး မြို့အနေအ …အကွက်ချထားပုံက စတုရမ်းပုံသဏ္ဌာန် ဖြစ်ပါတယ်၊ တချို့လမ်းမ …များက ဘယ်လောက်ကျယ်သလဲ ဆိုရင် လမ်းပေါ်မှာ ရွာတစ်ရွာတည်လို့ …င်ရတယ်၊ ဟီယန်ကျိုမြို့တော်ရဲ့ မြို့ရိုးအတွင်းမှာချည်း လူဦးရေ …သိန်းကျော် နေထိုင်ပါတယ်။"

ဤသို့လျှင် မိုကိုသည် ဟီယန်ကျိုမြို့တော်အကြောင်း အသေးစိတ် …က်အလက်များကို ပြောပြရာ ရျောဘူလည်း ကောင်းစွာနားထောင်မှတ်သား …မိလေသည်။

လက်သမား မိုကိုသည် စိတ်ဝင်စားဖွယ်ကောင်းသော ခရီးသွား …တစ်ယောက် ဖြစ်သည်ဟုလည်း စိတ်ထဲမှမှတ်ချက်ချ လိုက်မိလေသည်။

+++

နောက်တစ်နေ့တွင် တာနီကိုသည် ရျောဘူ၏ အနီးသို့ရောက် …ပြန်လေသည်။

ထိုအခါ ရျောဘူကစတင်၍

"ကျုပ်လို အလွန်အရုပ်ဆိုး အကျည်းတန်တဲ့လူတစ်ယောက်နဲ့ ဘေး …သည်ပြီး မြင်းစီးခရီးသွားရတာ အလွန်စိတ်ပျော်စရာကောင်းမှာပဲ"ဟု သရော် …ို ပြောလိုက်သည်။

သို့သော် တာနီကိုက ဂရုမစိုက်ဘဲ…

"ကျွန်မရဲ့ မိန်းကလေးအဖော်တွေက ပိုပြီးတောင်စိတ်ပျက် ဖို့ကောင်း …တယ်၊ ဘာပဲဖြစ်ဖြစ် ကျွန်မက ရှင့်ရဲ့အင်္ဂါရုပ်ကို စိတ်ဝင်စား မိတယ်ရှင့်၊ …ာ ဘာကြောင့် ဒီလိုအင်္ဂါရုပ်မျိုး ဖြစ်နေတာလဲဟင်"

"ဒါတော့ ကျုပ်က ကျုပ်အဖေရဲ့သား ဖြစ်နေလို့ပေါ့"

"ဩော် ရှင်က ဖအေနဲ့တူတယ်ဆိုပါတော့၊ ဒါဖြင့် ရှင့်ဖခင်ကော

www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် ဒီလိုရုပ်မျိုးဖြစ်နေတာလဲရှင့်''

''ကျုပ်အဖေက ကွယ်လွန်သွားပါပြီ၊ ကျုပ်ကို မွေးပြီး တစ်နှစ်အကြာမှာ အသတ်ခံခဲ့ရတယ်၊ နိုင်ငံခြားသားတစ်ဦး ဖြစ်ပါတယ်၊ သူ့ရဲ့ မျက်လုံးက အစိမ်းရောင် ဖြစ်တယ်၊ ကျုပ်လို မီးခိုးရောင် မျက်လုံးမျိုးမဟုတ်ဘူး''

''သူ့ကို ဘယ်သူက သတ်လိုက်တာလဲ''

''အရပ်မြင့်မြင့် ဆံပင်နီနီနဲ့ ကျုပ်အဖေလို နိုင်ငံခြားသားတစ်ဦးက ဒီကိုလိုက်လာပြီး သတ်ခဲ့တယ်''

''တော်ပါတော့ရှင်၊ ဒီလို ရက်စက်မှုတွေ အကြောင်းမကြားချင်ပါဘူး''

''ဆာမူရိုင်း အီကေနီကို ကျုပ်ကတိုက်ပြီး သတ်ခဲ့တုန်းကတော့ မင်းကစိတ်ဝင်စားသလို သဘောကျသလိုပါပဲလား''

ဤသို့ပြောလိုက်ရင်း ရျော့သည် တာနီကို၏ စိတ်သဘောထားကိုဝေဖန်သုံးသပ်ကြည့်မိလေသည်။ သူမသည် ရက်စက်ပုံသူ မိန်းကလေးတစ်ယောက် ဖြစ်သည်ဟုလည်း ထင်မိလေသည်။ သူမကပင်စတင်၍ မိမိဖခင်ကြီးအကြောင်း မေးသဖြင့်ပြောပြသောအခါ ရက်စက်ကြမ်းကြုတ်မှုဖြစ်၍ စိတ်ပျက်သည်ဟုဆိုပြန်သည်။ ဘယ်လို မိန်းကလေးမျိုးပါလိမ့်။

ဤသို့ ဆင်ခြင်သုံးသပ်နေစဉ် တာနီကိုက သူမ၏ သဘောထားကိုပြောပြလေသည်။

''ကျွန်မက လူတွေသေတာကိုကြည့်ပြီး သာယာပျော်ရွှင်တတ်တာ မဟုတ်ဘူးရှင့်၊ ဒါပေမယ့် လူတစ်ယောက်ရဲ့ ဘဝဖြစ်စဉ်ကိုတော့ စိတ်ဝင်စားပါတယ်၊ ဒါကြောင့် ကျွန်မက ရှင့်ဖခင်အကြောင်း မေးခဲ့ခြင်းဖြစ်တယ်၊ ရှင့်အဖေက ဘယ်အရပ်ကလာတာလဲ၊ သူ့ကို ဘယ်သူ သတ်တာလဲ၊ ရှင်က ဘယ်တုန်းက ဘယ်လို မွေးဖွားခဲ့တာလဲ၊ အဲဒါတွေကိုတော့ သိချင်ပါတယ်၊ ဒါကြောင့် အကြောင်းစုံကိုသာ ဆက်ပြီးပြောပြစမ်းပါ''

''ကျုပ်ဖခင်ရဲ့ နာမည်ကဂျာမူဂါလို့ ခေါ်တယ်၊ အမေ့ကို သူပြောပြခဲ့တာကတော့ သူတို့ မူလနေရပ်က အလွန်ဝေးတဲ့ အနောက်ဘက်က သဲကန္တာရဒေသ တစ်ခုလို့ဆိုတယ်''

''အနောက်ဘက်ဆိုတော့ တရုတ်ပြည်ကပေါ့ ဟုတ်လား''



''တရုတ်ပြည်မြောက်ပိုင်းက ဆိုပါတော့၊ သူတို့တွေဟာ တစ်နေရာတည်း အတည်တကျမနေဘဲ နေရာအနှံ့အပြား လှည့်လည်သွားပြီး နေလေ့ရှိတယ်၊ တိရစ္ဆာန်မွေးမြူရေးလုပ်ကြတယ်၊ သူတို့အချင်းချင်းလည်း အမြဲတမ်း ...ဖြစ်ပြီး တိုက်ခိုက်နေတတ်တယ်၊ သူတို့ဟာ အလွန်ဆင်းရဲပြီး နေစရာအိမ် မရှိဘူး၊ တိရစ္ဆာန်သားရေနဲ့ဆောက်တဲ့ တဲတွေနဲ့ နေကြရတယ်၊ သူတို့ရဲ့ ...သည်မှာလဲ ဒီဂျပန်ပြည်မှာလို မိသားစုနာမည်ရယ်လို့ မရှိကြဘူး။''

''ဟုတ်လား၊ဒါကြောင့် ရှင့်ဖခင်ကြီးက ဒီ နေထွက်နိုင်ငံ ဂျပန်ပြည်ကို ...ခဲ့တာထင်ပါရဲ့''

''ဒီလိုလဲ မဟုတ်ဘူး၊ သူဟာ ဂျပန်ပြည်ကို သူ့သဘောနဲ့သူ လာချင်လို့ လာခဲ့တာမဟုတ်ဘူး၊ သူက ကိုးရီးယားပြည်ကလာတဲ့ ကုန်သဘော်တစ်စင်းနဲ့ လိုက်လာခဲ့တယ်၊ အဲဒီသဘော်ခအဖြစ် သူက အလွန်အဖိုးထိုက် တန်တဲ့ ကျောက်မျက်ရတနာတစ်လုံးရဲ့ ပေးခဲ့တယ်လို့ အမေကပြောဖူးတယ်၊ ကျောက်...လုံးတည်းနဲ့ တန်ဖိုးက သဘော်တစ်စင်း ဝယ်နိုင်လောက်အောင် တန်တယ်လို့ ဆိုတယ်၊ အဖေဟာ အလားတူ ကျောက်မျက်ရတနာ တစ်ဒါဇင်လောက်ကို ...ခဲ့အကျီအဝတ်အစားထဲ ထည့်ဖွက်ပြီး အပ်ချည်နဲ့ ချုပ်ယူလာခဲ့တယ်လို့ ...ရတယ်''

''ဟုတ်လား၊ ဒီအကြောင်းသာ ကိုရီးယားလူမျိုးတွေသိရင် ရှင့်...ကြီးဆီက ကျောက်မျက်ရတနာတွေယူပြီး လှူကိုပါပင်လယ်ထဲ ကန်ချပစ်မှာ ...ရာတယ်၊ ရှင်သိတဲ့အတိုင်း ကိုရီးယားလူမျိုးတွေက အလွန်ဆိုးတာရှင့်''

''ဒီလိုတော့ သူတို့က မလုပ်ဝံ့ပါဘူး၊ ကျုပ်ရဲ့ဖခင်က သဘော်ပေါ်...တဲ့ လူအားလုံးကို သတ်ပစ်နိုင်တဲ့ စစ်သည်သူရဲကောင်းတစ်ဦးဖြစ်တယ်၊ ...ကိုယ်ထွားကြိုင်း ဗလကောင်းပုံကလဲ ကျုပ်ထက်သာသေးတယ်၊ အလွန် ...ခြန်ဖျက်လတ်ပြီး လက်နက်မျိုးစုံ ကိုင်တွယ်ရာမှာလဲ အထူးကျွမ်းကျင် ...ဖြစ်တယ်၊ သဘော်ခကို ပေးတာကတော့ အဖေဟာ ကိုယ်သိက္ခာကိုယ် ...သတဲ့သဘောနဲ့ ပေးခဲ့တာပါ၊ အမေက ပြောတော့ အဖေတို့လူမျိုးတွေဟာ ...ရိုင်းအစိုင်းတွေ ဆိုပေမယ့် အဖေကတော့ အလွန်ရည်မွန်ပါတယ်လို့ပြော...တယ်၊ ဒါနဲ့ပဲ သူဟာ ဂျပန်ပြည်မိုချီသာမာကီ ဆိပ်ကမ်းရောက်ပြီး ကျောက်မျက်ရတနာနဲ့ပဲ မြင်းတွေဝယ်တယ်၊ ကျုပ်ရဲ့အမေကလဲ အလွန်ချောလှတဲ့အမျိုး

www.burmeseclassic.com

www.burmeseclassic.com



သမီးဖြစ်တော့ အမေ့ကိုပါ ဝယ်ယူလိုက်တယ်''

''နေပါအုံးရှင့်၊ ရှင်ပြောတော့ ရှင့်ဖခင်တို့ လူမျိုးတွေဟာ အလွန်ဆင်းရဲတယ်ဆို၊ ဒါနဲ့များ အဖိုးတန်ကျောက်မျက်ရတနာတွေ ဘယ်လိုလုပ်ပြီးရသလဲ''

''သူတို့ကချမ်းသာကြွယ်ဝတဲ့ လူတွေနဲ့ သွားစစ်တိုက်ကြတော့ အနိုင်ရခဲ့ရာက သိမ်းယူရရှိတဲ့ ပစ္စည်းတွေလို့ သိရတယ်၊ ဘယ်လိုဖအေမျိုးကများ သူ့သမီးကို ရှင့်အဖေလိုလူကို ရောင်းခဲ့တာလဲ''

''နောက်ပြီး ရှင့်ဖခင်က ရှင့်အမေကို ငွေပေးပြီး ဝယ်ယူခဲ့တယ်ဆိုတယ်၊ ဒါဟာ တရားဥပဒေအရ မဖြစ်နိုင်ဘူး၊ ဘယ်လိုဖအေမျိုးကများ သူ့သမီးကို ရှင့်အဖေလိုလူကို ရောင်းခဲ့တာလဲ''

''ဒါကတော့ ဥပဒေဆိုတာက စာထဲရေးထားတာပဲ၊ ဟိုယန်ကျိုမြို့တော်က ဝေးသွားလေ၊ တရားဥပဒေရဲ့ အာဏာစက်ဟာ လျော့ပေါ့သွားလေပဲ၊ အမေ့ကိုမြေရောင်းလိုက်တဲ့ မြေရှင်က အဖိုးတန်ကျောက်မျက် ရတနာတွေကိုယူပြီး စိုက်ပျိုးရေးလုပ်မရတဲ့ သူ့မြေညံ့ကိုပေးပြီး သူကတော့ မြေကောင်းကောင်း အသစ်ဝယ်ယူလိုက်တယ်၊ ဒီလူဟာ ကျောက်တစ်လုံး တည်းနဲ့သဌေးဖြစ် သွားတာပဲ၊ ကျုပ်အမေရဲ့ ဖခင်ကတော့ ဆင်းရဲကျပ်တည်းလွန်းလို့ သမီးတစ်ယောက် လျော့သွားရင် ကျွေးစရာ ပါးစပ်တစ်ပေါက် နည်းသွားတယ်ဆိုတဲ့သဘောနဲ့ သမီးကိုရောင်းလိုက်ခြင်းဖြစ်တယ်၊ အခုတော့ ဒီလူဟာလည်း ချမ်းသာကြွယ်ဝတဲ့ ကုန်သည်တစ်ဦး ဖြစ်နေပါပြီ၊ ဒေသခံလူငယ် တစ်ချို့ကတော့ အဖေက အမေ့ကို ရတာကို မကျေနပ်ပဲ ဆူပူကန့်ကွက်ကြလို့ အဖေက သူတို့နဲ့ ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ရသေးတယ်၊ ဒါပေမယ့် သူက အလွန်သတိထားပြီး တစ်ယောက်မှ အသေမသတ်ခဲ့ဘူး၊ အရှက်ရရုံပဲ အနိုင်ယူ လိုက်တယ်၊ အဲဒီလူငယ်တွေကလဲ ရှက်တာနဲ့ ကျေးရွာကထွက်သွားကြတယ်၊ ကျုပ်အဖေဟာ စစ်တိုက်နည်း အတတ်မှာ အထူးကျွမ်းကျင်တဲ့ လူတစ်ယောက် ဖြစ်တယ်''

''ဒါပေမယ့် နောက်ဆုံးကျတော့ ရှင့်အဖေကို လူတစ်ယောက်က သတ်သွားတာပဲ မဟုတ်လား''

''ဟုတ်ပါတယ်၊ သူ့ထက်ပိုပြီး တိုက်ရည်ခိုက်ရည်စွမ်းတဲ့ သူက သတ်သွားတာပဲ၊ ဒီလူက ဘယ်သူဘယ်ဝါဆိုတာ ကျုပ်အလွန်သိချင်တယ်''



''ရှင်ပြောတော့ သတ်သူက ရှင့်အဖေလိုပဲ ဆံပင်နီနီနဲ့ နိုင်ငံခြားသားတစ်ဦးဆို''

''ဟုတ်တယ်၊ ဖြစ်တာက ဇင်းဂျားအဖွဲ့ရဲ့ ဘုရားတစ်ခုမှာလို့ သိရတယ်၊ ကျုပ်အဖေက အဲဒီဘုရားကျောင်း အကြီးအကဲဆရာကြီး တာအီတာရှီနဲ့ သိကျွမ်းခင်မင်လာတော့ မကြာခဏ ဘုရားကျောင်းကိုလာပြီး ဆရာကြီးနဲ့တွေ့ဆုံ စကားပြောလေ့ရှိတယ်၊ တစ်နေ့တော့ သတင်းတစ်ခု ကြားရသတဲ့၊ သတင်းက မိုဂျီဂါဆကီမြို့ကတစ်ဆင့် အလွန်ထွားကြိုင်းတဲ့ ဗုဒ္ဓဘာသာ ဘုန်းကြီးတစ်ပါးဟာ လမ်းအတိုင်းလာပြီး ဂျာမူဂါဆိုသူ ဘယ်မှာလဲလို့ လိုက်စုံစမ်းမေးမြန်းနေတဲ့ သတင်းပဲ''

''ဟင်...ဟုတ်လား''

''ဟုတ်ပါတယ်၊ ကျုပ်ဖခင်ကတော့ အဲဒီသတင်းကိုကြားလိုက်ရတာနဲ့ ရန်သူဟောင်းတစ်ဦးက သူ့ကိုသတ်ဖို့ လိုက်လာတာပဲလို့ ရိပ်မိတယ်၊ ဒါနဲ့သူဟာ ဇနီးဖြစ်သူ ကျုပ်ရဲ့မိခင်နဲ့ ကျုပ်ကို ဘုရားကျောင်းခေါ်လာပြီး ဆရာကြီးတာအီတာရှီက ကြည့်ရှုစောင့်ရှောက်ပေးပါလို့ အပ်နှံလိုက်တယ်၊ သူတကယ်လို့ အသတ်ခံရရင် သူပိုင်တဲ့ မြေယာနဲ့ ကျောက်မျက်ရတနာတွေကို ဘုရားအဖွဲ့က ယူလိုက်ပါတော့လို့လည်း မှာခဲ့တယ်၊ နောက်တော့ ကျုပ်ဖခင်ဟာ သူပိုင်တဲ့ မြေယာရှိရာကို တစ်ယောက်တည်းထွက်သွားတယ်၊ အကောင်းဆုံးမြင်းတစ်ကောင်ရွေးပြီး သူမူလက ပါခဲ့တဲ့ ဓားရှည်နဲ့ လေးမြားတွေကိုလည်း ယူသွားတယ်၊ သူကရန်သူကို သွားကြိုစောင့်တဲ့သဘောပါပဲ၊ နောက်တော့ ရန်သူ လူထွားကြီးလာတဲ့အခါကျတော့ ကျုပ်အဖေက သူကိုယ်တိုင်ထွက်ပြီး ရင်ဆိုင်လိုက်တယ်၊ ရန်သူကလည်း ဗုဒ္ဓဘာသာ ရဟန်းဟန်ဆောင် အရေခြုံထားတာသာဖြစ်တယ်၊ အပေါ်ဝတ်ရုံကို ချွတ်ပစ်လိုက်တော့ စစ်သည်တော်ဝတ်စုံနဲ့ လူကြီးတစ်ယောက်ဖြစ်နေတယ်၊ သူတို့နှစ်ယောက် ရင်ဆိုင်တွေ့တာကို ကြည့်နေသူများက လယ်သမားအချို့ကတောင် မြင်တယ်လို့ ပြောတယ်၊ တစ်ယောက်နဲ့တစ်ယောက် သူတို့ဘာသာစကားနဲ့ ဟစ်အော်ကြသတဲ့၊ ပထမတော့ တစ်ယောက် ကိုတစ်ယောက် အဝေးကနေပြီးမြားနဲ့ပစ်ကြတယ်၊ မြားကုန်သွားတော့ မြင်းစီးရင်း ဓားလွတ်ကိုင်ပြီး စီးချင်းတိုက်ကြတယ်၊ တစ်ချိန်မှာ ကျုပ်ဖခင်က မြင်းပေါ်ကလိမ့်ကျသွားတော့ ရန်သူက သူ့ရဲ့လည်းပင်ကို ဓားနဲ့ထိုးလိုက်တယ်၊ အဖေက

www.burmeseclassic.com



မြင်းပေါ်က လိမ့်ကျသွားတော့ ရန်သူက အဖေ့ဦးခေါင်းကို ဓားနဲ့ဖြတ်ပြီး သူ့မြင်းပေါ်တင်ယူသွားသတဲ့''

ဤတွင် ဂျောဘူသည် စကားကိုရပ်လိုက်သည်။ စိတ်ထဲတွင်ကား ဖခင်ကြီး၏ ဖြစ်ရပ်ကို မြင်ယောင်နေမိလေသည်။ သူ၏ ဖခင်ကြီးနှင့်ပတ်သက်၍ အကြောင်းအရာ အပြည့်အစုံကိုလည်း အထူးသိချင်နေသည်။ တစ်နေ့ကျလျှင်တော့ သိရလိမ့်မည်ဟုလည်း မျှော်လင့်မိလေသည်။

ထိုအခိုက် တာနီကို စကားစပြောလေသည်။

''ရှင့်ဖခင်ကြီးက အလွန်သတ္တိရှိတဲ့ စစ်သည်တော်ကောင်း တစ်ဦးဖြစ်မှာပါပဲ၊ အဲဒီရန်သူစစ်သည်ကြီးကကော နောက်တော့ပြန်သွားရောလား''

''သူက အဖေနဲ့ မတွေ့ခင်မှာ လူတကာကို မေးခွန်းတွေလျှောက်မေးခဲ့လို့ကျုပ်အဖေဟာ အိမ်ထောင်ကျပြီး သားယောကျ်ားတစ်ဦးရှိတာကိုလဲ သိသွားတယ်၊ ဒါကြောင့် သူကဘုရားကျောင်းကိုသွားပြီး အဖေရဲ့ သားကလေးကို ထုတ်ပေးရမယ်လို့တောင်းတယ်၊ မျိုးဆက်ပြတ်အောင် ကလေးကိုပါသတ်ပစ်ရမယ်တဲ့''

''ဟင်…ကလေးငယ်ကိုပါ သတ်မှာတဲ့လား''

''ဟုတ်တယ်၊ ဒီလူကြီးက ဓင်းဂျားတွေအကြောင်း မသိဘူးနဲ့ တူတယ်၊ ဘုရားကျောင်းဆရာကြီး တာအိတာရှီက စိတ်တိုလာတော့ ဒီလူကြီးကို သတ်ဖို့ ဓင်းဂျားအဖွဲ့ဝင်သုံးဦးကို တာဝန်ပေးလိုက်တယ်၊ ဓင်းဂျားဆိုတာ တိုက်ခိုက်ရေးမှာ ဘယ်သူမှ ယှဉ်လို့မရဘူး၊ ဒါပေမယ့် ဒီလူကြီးက ဓင်းဂျားနှစ်ဦးကို သတ်ပြီးထွက်ပြေး လွတ်မြောက်သွားသတဲ့''

''ဟုတ်လား၊ ကျွန်မရဲ့ အဖေကပြောတော့ ဓရိုးဂျားတစ်ဦးဟာ ဆာမူရိုင်း ဆယ်ဦးနဲ့ညီမျှသတဲ့၊ ကျွန်မကိုယ်တိုင်ကလဲ ရှင့်အစွမ်းကို မြင်ရပြီးလို့ ယုံပါတယ်''

''ဟုတ်ပါတယ်၊ ခက်တာက ကျုပ်အဖေရဲ့ ရန်သူက ဆာမူရိုင်း မဟုတ်ဘူး၊ ဘာပဲဖြစ်ဖြစ် ဒီလူကြီးဟာ အခု တစ်နေရာရာမှာ ရှိနေလိမ့်မယ်၊ တစ်နေ့ကျရင် ကျုပ်နဲ့တွေ့ရမှာပဲ၊ ဒီတော့ ကျုပ်က သူ့ကိုနိုင်အောင်တိုက်မယ်၊ သူ့ကိုမသတ်ခင်မှာလဲ အဖြစ်အပျက် အကြောင်းစုံကို ပြောခိုင်းမယ်''

တာနီကိုသည် ဂျောဘူအားအလွန်အံ့သြဟန်ဖြင့် ငေးကြည့်နေလေသည်။



''ရှင်ဟာ အတော့်ကို စိတ်ဝင်စားစရာကောင်းတဲ့လူတစ် ယောက်ပါပဲ''

ဤသို့ပြောရင်း မြင်းကိုလှည့်၍ စီးထွက်မည်အပြုတွင် ဂျောဘူ၏ မြင်းနားသို့ ကပ်မိသွားလေသည်။ ထိုအခိုက် ဂျောဘူ၏ မြင်းကို လက်ဖြင့် ချွန်းပုတ်သလိုနှင့် သူမ၏လက်တစ်ဘက်သည် ဂျောဘူ၏လက်ကို အသာထိပြီး ပွတ်သွားလေသည်။

❄❄❄

(၆)

ဂျောဘူသည် နောက်တစ်နေ့ နံနက် အိပ်ရာမှ နိုးလာသောအခါ ဘက်မြားထည့်သော အိတ်အတွင်း၌ အစိမ်းရောင်စာရွက်ငယ်တစ်ရွက် ရောက်ရှိနေသည်ကို တွေ့ရလေသည်။

ဘာများပါလိမ့်ဟူ၍ကြည့်လိုက်ရာ အလွန်လှပ သေသပ်သော လက်ရေးဖြင့် ရေးထားသည့် ကဗျာကလေးတစ်ပုဒ် ဖြစ်နေကြောင်း တွေ့ရလေသည်။

ကဗျာ၏အဓိပ္ပာယ်သဘောကတော့ သဲကန္တာရအနီး၌ပေါက်သော ထင်းရှူးပင်ကို မီးစွဲလောင်သော်လည်း သစ်ပင်ထက်မှငှက်ငယ်က မီးတောက်မီးလျှံအပေါ်မှ လွတ်ကင်းစွာ ပျံသန်းနိုင်သည်ဟူ၍ပင်ဖြစ်သည်။

ကဗျာ၏လက်ရာရှင်ကား တာနီကို အမည်ရှိမိန်းကလေးပင် ဖြစ်ကြောင်း ယုံမှားဖွယ်ရာမရှိချေ။

ကဗျာကို သီကုံးဖွဲ့စပ်ထားပုံတို့က သူမ၏လက်ရာ အမှန်ဖြစ်ကြောင်း ဖော်ပြနေပေသည်။

ဂျောဘူသည် နံနက်ခင်း၏ ဆိတ်ငြိမ်အေးချမ်းမှု ကြားဝယ်တစ်ယောက်တည်း စဉ်းစားနေမိလေသည်။ တာနီကိုက ယခုကဲ့သို့ မိမိတစ်ဦးတည်းအတွက် ရည်ရွယ်၍ ကဗျာရေးစပ်ပေးလိုက်ခြင်းဖြစ်ရာ မည်သည့်အဓိပ္ပာယ် သို့မဟုတ် ရည်ရွယ်ချက်ဖြင့်ရေးစပ်လိုက်ခြင်း ဖြစ်လေသနည်း။

ဂျောဘူသည် တာနီကိုရှိရာသို့ သူ၏မြင်းဖြင့် စီးသွားလိုက်သည်။ သို့သော် ပါးစပ်ကဘာမှမပြောဘဲ ကဗျာစာရွက်ကို မြင်အောင်ထောင်ကိုင်ပြီးမှ သေချာစွာခေါက်၍ သူ၏အင်္ကျီအတွင်းသို့ ထည့်ထားလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့အဖို့ခရီးဆက်ရာတွင် သူတို့နှစ်ဦးသည် ဘေးချင်းယှဉ်လျက် မြင်းစီးသွားကြရာ စကားများများမပြောဘဲ ရံဖန်ရံခါလောက်သာ အလ္လာပသလ္လာပစကား အနည်းငယ်ပြောပြီး ဆက်သွားကြလေသည်။

ထိုနေ့ညနေတွင် သူတို့သည် ဗီယာအရပ်သို့သွားရောက်ကြပြီး တာကာရှီအုပ်စုမှ မြေရှင်ကြီးတစ်ဦးအိမ်တွင် ရပ်နားတည်းခို ကြလေသည်။

ထိုအိမ်တွင် ဂျေဘူသည် စာရွက်နှင့်စုတ်တံ ခေတ္တတောင်းယူပြီး သူ၏အကောင်းဆုံး လက်ရေးဖြင့် ကဗျာတစ်ပုဒ် ကြိုးစားရေးစပ်လေသည်။ ကဗျာ၏ အဓိပ္ပာယ်က 'ငှက်ငယ်သည်လွတ်လပ်စွာ ပျံသန်းနိုင်ပါသော်လည်း သစ်ကိုင်းတစ်ကိုင်း ကြားထဲရှိညွှတ်ကွင်း တစ်ခုကြောင့် ပျံမပြေးနိုင်ဘဲ မိနေရှာသည်' ဟူ၍ဖြစ်လေသည်။

နောက်တစ်နေ့နံနက်စောစောတွင် ဂျေဘူသည် ကဗျာစာရွက်ကိုခေါက်လျက် အိမ်ရှင်က တာနီကိုလမ်းတွင်စားသောက်ရန် ပေးလိုက်သည့် စားစရာသေတ္တာထဲတွင် အသာထည့်ထားလိုက်လေသည်။

ဗီယာအရပ်တွင် တိုကိုင်ဒိုလမ်းမကြီးသည် ပင်လယ်ကမ်းခြေရှိရာဆုံးသွားလေရာ သူတို့သည် ရေကြောင်းမှလှေဖြင့် ကူဝါနာအရပ်သို့ ဆက်သွားကြရလေသည်။

ဂျေဘူသည် လှေဦးပိုင်းတွင်ထိုင်၍ တာနီကိုအား အမှတ်မဲ့အကဲခတ်ကြည့်နေရာ သူမကသေတ္တာထဲမှ ကဗျာစာရွက်ကိုယူပြီး ဖတ်နေသည်ကို မြင်ရလေသည်။ ထိုအချိန်၌ တာနီကိုက ဂျေဘူအား တစ်ချက်လှမ်းကြည့်သဖြင့် မျက်လုံးချင်းဆုံမိကြလေသည်။ သို့သော် သူမသည် ချက်ချင်းပင် မျက်နှာလွှဲလိုက်လေသည်။

နောက်ရက်များတွင် သူတို့သည် ဟီယန်ကျိုမြို့တော်နှင့် တဖြည်းဖြည်းနီးလာလေသည်။ မြို့တော်နှင့်နီးလာလေ လမ်းကပို၍ကောင်းလာလေဖြစ်သည်ကိုလည်း သတိပြုမိကြလေသည်။ လမ်းကောင်းကောင်းတွင် ခရီးသွားရသည်မှာ အလွန်သက်တောင့်သက်သာရှိလှသဖြင့် ဂျေဘူသည် စိတ်ပျော်ရွှင်ကျေနပ်မိရုံမက ခရီးလမ်းဆုံးသို့ မြန်မြန်မရောက်ပါစေနှင့်ဟုပင် စိတ်ထဲမှ ကြိတ်၍ဆုတောင်းမိလေသည်။

ဂျေဘူသည် ငယ်စဉ်ကလေးဘဝကသူ၏ မိခင်က ဟီယန်ကျို



မြို့တော်ကြီးအကြောင်း မကြာခဏ ပြောပြခဲ့ဖူးလေသည်။ နေနတ်မျိုးနွယ် ဘုရင်ကရာဇ် မင်းမြတ် နန်းစိုက်ရာမြို့တော်ဖြစ်သည်အတိုင်း၊ ထိုခေတ်လူ့အဖွဲ့အစည်း၏ ထိပ်သီးဖြစ်သောမှူးကြီးမတ်ရာ သေနပတိ လူ့ဂုဏ်တန်များ ထည်ဝါခန့်ငြားစွာနေထိုင်ကြ၍ မြို့တော်က နတ်ဘုံနတ်နန်းတစ်မျှ ခမ်းနားကြီးကျယ်လှပုံ စသည်တို့အကြောင်း မိခင်ကြီးက ပြောပြခဲ့ဖူးရာ ဂျေဘူသည် ဟီယန်ကျိုမြို့ကြီးသို့ တစ်ခါတစ်ခါ သွားရောက်လှည့်ပတ်ကြည့်ရှုလိုစိတ် ပြင်းပြခဲ့လေသည်။ သို့အတွက် ယခုတော့မှ သူသည် ဟီယန်ကျိုမြို့တော်သို့ ရောက်ချင်စိတ်မရှိတော့ချေ။ အကြောင်းမူကား ဟီယန်ကျိုမြို့တော်ကို ရောက်သည်နှင့် သူသည် တာနီကိုနှင့် ခွဲခွာရတော့မည်ဖြစ်သောကြောင့်ပင်တည်း။

ခရီးဆက်သွားကြရင်းနှင့် သူတို့သည် မြို့တော်ကိုဝန်းရံပတ်ဝိုင်းနေသော တောင်ကြီးများအနီးသို့ ရောက်ရှိလာကြလေသည်။ သူတို့၏ အစီအစဉ်မှာ ထိုနေ့ညတွင် တိုကိုင်ဒို လမ်းမကြီးမှခွဲထွက်၍ ဟီဂါရှိတောင်အနီးရှိ ဇင်ဂျား ဘုရားကျောင်းတွင် ရပ်နားတည်းခိုကြရန်ဖြစ်လေသည်။ ထိုဘုရားကျောင်းသည် ဂျပန်ပြည်တွင် အကြီးဆုံးဖြစ်ပြီး ဇင်ဂျားအဖွဲ့ဝင် လေးရာကျော်နေထိုင်လျက်ရှိပေသည်။

ထိုမျှ အင်အားကောင်းလှသော ဇင်ဂျား အဖွဲ့ဝင်တို့အား ဟီယန်ကျိုမြို့တော်မှ ဘုရင့်အရာရှိများကပင် ကြောက်ရွံ့ကြသည်ဟု အဆိုရှိလေသည်။ တကယ်လည်း ကြောက်စရာ ကောင်းပါပေသည်။ ရံဖန်ရံခါ ဇင်ဂျားတို့အား ထိပါးစော်ကားသူ မြို့တော်မှ လူ့ဂုဏ်တန်များအား ဇင်ဂျားတို့က မြို့တွင်းသို့ ဆင်းပြီးဆုံးမကြပုံမှာ အလွန်ကြောက်စရာ ကောင်းသည်ဟု ဆိုလေသည်။

တိုက်ခိုက်ခြင်း အတတ်ပညာတွင် အထူးကျွမ်းကျင်အောင် လေ့ကျင့်ထားသော ဇင်ဂျားတို့အား မြို့တော်တွင်းရှိ ဘုရင့်တပ်မတော်မှ စစ်သည်များပင်လျှင် ယှဉ်ပြိုင်နိုင်စွမ်းမရှိချေ။

ဇင်ဂျားတို့အနေဖြင့် မြို့တော်တစ်ခုလုံးကို ဝင်စီးသိမ်းပိုက်နိုင်စွမ်းပင်ရှိလေသည်။ သို့သော် သူတို့အဖွဲ့၏ ခံယူချက်က နိုင်ငံရေးအာဏာ ရယူခြင်းကို တားမြစ်ထားပေသည်။

ဂျေဘူသည် ဘုရားကျောင်းကို မြင်မြင်ချင်း စိတ်လေးသည့်ပုံ မြင်မိလေသည်။ ဘုရားကျောင်း၏ အနေအထားကိုယ်က ချွတ်ယွင်းသလို ဖြစ်နေပေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကျောက်တုံးများစီ၍တည်ဆောက်သော နံရံများနှင့် မျှော်စင် များရှိရမည့်နေရာတွင် ဘာမျှမရှိဘဲ ကျောက်တုံးကျောက်ခဲများသာ စုပုံနေလေသည်။ အဆောက်အအုံ ခေါင်မိုးများကိုလည်းမမြင်ရချေ။

ထို့ကြောင့် ဂျေဘူသည် ကျန်လူများအား ခေတ္တစောင့်နေရန် ပြောလိုက်ပြီး သူတစ်ယောက်တည်း ဘုရားကျောင်းအနီးသို့ ချဉ်းကပ်သွားကြည့်လေသည်။

ပြိုကျနေသော နံရံတစ်ခုအနီးတွင် ထိုင်နေကြသော ဇင်းဂျားအဖွဲ့ဝင်တစ်စုနှင့်တွေ့ရာ တစ်ယောက်က အဖြစ်ကိုပြောပြလေသည်။

"မြေငလျင် အကြီးအကျယ်လှုပ်လို့ ဒီလိုဖြစ်သွားတာပဲ၊ လွန်ခဲ့တဲ့နှစ်ညက ဒီတောင် ပတ်ဝန်းကျင်မှာ ငလျင်ကြီးလှုပ်လိုက်တာ မြေကြီးတွေအက်ကွဲပြီး ကျုပ်တို့အဖွဲ့သားတွေ ရာနဲ့ချီပြီး မြေပြိုသေဆုံးကုန်ကြတယ်"

"ဟင်…ရာနဲ့ချီပြီး ခံရသလား"

ဂျေဘူက အံ့ဩတုန်လှုပ်စွာဖြင့် ပြန်မေးလိုက်သည်။

"ဟုတ်တယ်၊ အခုခင်ဗျား မြင်ရတဲ့ လူလောက်ပဲကျန်တယ်ဆိုပါတော့၊ ခင်ဗျားကြည့်ရတာ တုန်လှုပ်နေပုံရတယ်၊ မတုန်လှုပ်ပါနဲ့၊ ကျုပ်တို့အဖွဲ့ရဲ့ ခံယူချက်က အခုလိုကိစ္စမျိုးမှာ မတုန်လှုပ်ရဘူး၊ ဖြစ်ရမယ့်ဟာကဖြစ်လာရမှာပဲ၊ အခုဖြစ်ခဲ့တာကိုလဲ ကောင်းတယ်ဆိုးတယ်လို့လဲ ကျုပ်တို့က ခွဲခြားသတ်မှတ်လေ့မရှိဘူး၊ ကျန်တဲ့လူတွေက အဖွဲ့ကြီးရဲ့ လုပ်ငန်းကိုဆက်လုပ်သွားကြရုံပဲရှိတယ်"

"ခင်ဗျားတို့ ဒီဘုရားကျောင်းကို အသစ်ပြန်တည်ဆောက် ကြမှာလား"

"ဒါတော့ အခြေအနေအရပဲ၊ ဘုရားကျောင်း အကြီးအကဲတွေစည်းဝေးတိုင်ပင်ပြီးဆုံးဖြတ်တာကို နာခံရမယ်၊ လောလောဆယ် ခင်ဗျားတို့အဖွဲ့တည်းခိုဖို့တော့ ရှေ့နားမှာ ဂျင်မူဘုရင် အထိမ်းအမှတ် ဘုရားကျောင်းတစ်ခုရှိပါတယ်၊အဲဒီကို လမ်းညွှန်ပြလိုက်ပါမယ်"

သို့နှင့်ပင် ဂျေဘူတို့လည်း ဘုရားကျောင်းမှ ထွက်ခွာခဲ့ရလေသည်။

တောင်ကုန်းများကို ဖြတ်ကျော်မိသည်နှင့် ဟီယန်ကျိုမြို့တော်ကြီးရှုခင်းကို ဆီး၍ မြင်ရလေတော့သည်။



ထိုအချိန်၌ နေလုံးကြီးသည် အနောက်ဘက် တောင်များကြားဝယ်မြုပ်ယ်စပြုနေပြီဖြစ်ရာ ညနေ၏ နေရောင်တွင် မြို့တော်ကြီးသည် ရွှေရောင်အတိဖြစ်နေသလို ထင်ရပေသည်။ မြို့တော်တွင်းရှိ အဆောက်အအုံများ၏ ခေါင်မိုးများနှင့်သစ်ပင်ထိပ်ဖျားတို့ကမူ ခရမ်းရောင်အသွေးဖြင့် တစ်မျိုးလှပလျက်ရှိပေသည်။

ဂျေဘူသည် အဝေးမှလှမ်းမျှော်ကြည့်ရင်း ဘုရင်ဧကရာဇ်၏ နန်းတော်အဆောက်အအုံကိုလည်းမြင်ရလေသည်။ နန်းတော်ကြီးအကြောင်း သူ သည်ယခင် က ကြားဖူးခဲ့သော်လည်း ယခုကိုယ်တိုင် မြင်ရတော့မှ အံ့မခန်းလိလိကြီးကျယ် ခမ်းနားပြီး မြို့တစ်မြို့စာလောက် ကြီးမားကျယ်ဝန်းလှသည်ကိုတွေ့ရလေသည်။

နိုင်ငံတော်ခန်းမကြီးကလည်း ဧရာမအဆောက်အအုံကြီး တစ်ခုဖြစ်ပြီးအစိမ်းရောင်အမိုးများ မိုးထားလေသည်။

နန်းတော်၏တောင်ဘက်တွင်ကား ကျယ်ဝန်းသော ဥယျာဉ်ကြီးတစ်ခုရှိပြီး ရေအိုင်ကြီးတစ်ခု၊ တောင်ပူစာငယ်တစ်ခုတို့လည်းရှိသည့်ပြင်ဥယျာဉ်အတွင်း နားနေရန် အဆောက်အအုံတစ်ခုကိုလည်း မြင်ရပေသည်။

နန်းတော်သို့ဝင်သည့် ဗဟိုတံခါးပေါက်ကြီးတည့်တည့်တွင်ရှိသောလမ်းမကြီးတစ်ခုကား အထူးကျယ်ဝန်း ကောင်းမွန်လှပေသည်။ အခြားလမ်းများကမူ တောင်နှင့်မြောက်သို့လည်းကောင်း၊ အရှေ့နှင့်အနောက် သို့လည်းကောင်း ဖြတ်၍ ဖောက်လုပ်ထားလေသည်။

မြို့တော်၏ဝဲယာနှစ်ဘက်တွင် မြစ်နှစ်ခုရှိပြီး တူးမြောင်းတာတမံများလည်းရှိရာ ရေပြင်ပေါ် ထင်ဟပ်နေသော နေရောင်ကြောင့် အထူးပင်လှပတောင့်တယ်နေလေသည်။

မြို့ရိုး၏ အရှေ့ဘက် တံခါးပေါက်တွင် လူသူ ပရိသတ်များ၊ နွားလှည်းများ၊ မြင်းစီးလာသူများ ဥဒဟို ဝင်ထွက်သွားလာနေသည်ကို မြင်ရပေသည်။

အနောက်ဘက်တံခါးတွင်မူ အသွားအလာ အလွန်နည်းပါးလျက်ရှိလေသည်။

လက်သမားဆရာ မိုကိုသည် ဂျေဘူ၏ဘေးနားသို့ ချဉ်းကပ်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ့်နှယ့်လဲ ရှိကော၊ မြို့တော်ကြီးက မခမ်းနားဘူးလားဗျ၊ အမြဲတမ်းလှပနေတဲ့ မြို့တော်ကြီးပါပဲ၊ နန်းတော်က တောင်ဘက်ကို ဖောက်လုပ်ထားတဲ့ လမ်းမကြီးက ငှက်နီရိပ်သာ လမ်းလို့ခေါ်တယ်၊ အဲဒီလမ်းရဲ့ တောင်ဘက် အဆုံးတစ်နေရာကို ရာရှိုမွန်လို့ခေါ်တယ်။ ဒီနေရာက သူတောင်းစားတွေ၊ သူခိုးတွေ၊ စပိုင်(သူလျှို)တွေ အလွန်များတဲ့နေရာ ဖြစ်ပါတယ်။ ကျွန်တော် ငယ်ငယ်တုန်းက တစ်ခါတစ်ခါ အဲဒီနေရာကိုသွားပြီး လူဆိုးတွေ စကားပြောတာကို နားထောင်လေ့ရှိပါတယ်။

မိုကိုက ဤသို့ပြောပြရာ ဂျော့ဘူကပြန်၍

"မြို့တော်ရဲ့အနောက်ဘက်ခြမ်းက ဘာဖြစ်လို့ ခြောက်ကပ်နေ တာလဲ၊ လူစည်းကားပုံမရဘူး" ဟုမေးလိုက်သည်။

"ဒီနေရာက ရှေးနှစ်ပေါင်းများစွာကစပြီး ဒီအတိုင်းပဲဖြစ်နေ ပါတယ်၊ မြေကြီးက နုန်းမြေဖြစ်ပြီး ရွှံ့ညွန်ထူတယ်၊ ပြီးတော့ အဲဒီဘက်မှာ လူဆိုး သူခိုးတွေ နေလေ့ရှိပြီး လူကောင်းသူကောင်းတွေမလာဝံ့အောင် သူတို့ခြိမ်းခြောက်မောင်းထုတ်ကြတယ်၊ ဒါကြောင့် လူအများစုက မြို့တော်ရဲ့ အရှေ့ဘက်ခြမ်းမှာပဲ နေထိုင်ကြပါတယ်။ ဒါထက် ရှိကောကြီး ကျွန်တော်တို့ အခုမြို့တော်ကို သွားကြတော့မှာလား"

"နေဦးဗျ၊ ဒီကဆိုရင် မြို့တော်က အတော်အလှမ်းဝေးပါသေး တယ်၊ အခု ကျုပ်တို့သွားရင်တောင်မှ မိုးမချုပ်ခင်ရောက်နိုင်မှာမဟုတ်ဘူး၊ ပြီးတော့ ခင်ဗျားအခုပြောတဲ့ လူဆိုးသူဆိုးတွေရဲ့ရန်ကလည်းရှိတော့ ကျုပ်တို့ ဒီညမြို့ပြင်မှာပဲ အိပ်တာကောင်းလိမ့်မယ်၊ ဒါကြောင့် ကျုပ်တို့ဒီည ဒီတောင်မှာပဲ နားပြီး မနက်ကျမှ မြို့တော်ကိုသွားကြမယ်"

ဤသို့ပြောပြီး ဂျော့ဘူသည် မလှမ်းမကမ်းရှိ ဂူငမ့်ဘုရင် အထိမ်းအမှတ် ကျောက်ရုပ်ထုရှိရာနေရာသို့ သွားလေသည်။

ထိုနေရာမှာပင် ညအိပ်ရပ်နားရန် ဆုံးဖြတ်လိုက်လေသည်။

ညဘက်လေက အတော်အေးသဖြင့် ဂျော့ဘူသည် တာနီကို၏ အဝတ်အစားသေတ္တာထဲမှ ဝတ်ရုံထူထူတစ်ထည် ခေတ္တငှားယူဝတ်၍ ကျောက်တုံးကြီး တစ်တုံးကြီး၏ ဘေးနားတွင် လှဲနေလေသည်။

ကောင်းကင်မှ လပြည့်ဝန်းသည် ရောမမီးအိမ်ကြီးတစ်ခုသဖွယ်



...ဝန်းကျင်တစ်ခုလုံးအား အလင်းရောင်ပေးလျက်ရှိရာ ဂျော့ဘူသည် ရုတ်တ...အိပ်မပျော်ဘဲ ရောက်တတ်ရာရာ စဉ်းစားနေမိလေသည်။

ကဗျာဆရာတို့က ယခုလို အဌမမြောက်လကို အလှပဆုံး၊ အသာယာ...ဟူ၍ ဖွဲ့ဆိုသီကျူးလေ့ ရှိကြသော်လည်း ဂျော့ဘူအဖို့မှာမူ လမင်း၏ ...သာယာလှပမှုအရသာကို မခံစားနိုင်ဘဲဖြစ်နေလေသည်။ နက်ဖြန်ဆိုလျှင် ...ယောဇဉ်တွယ်နေပြီဖြစ်သော တာနီကိုနှင့်ခွဲခွာရပေတော့မည်။ စွန့်လွှတ် ...တော့မည်တကား ဟုတွေးလျက် စိတ်မကောင်းဖြစ်နေမိလေသည်။

တာနီကိုသည် မင်းသားကြီး ဟိုရီဂါဝါနှင့်ထိမ်းမြားလက်ထပ်ရ တော့ ...ဖြစ်သည်။ မိမိ(ဂျော့ဘူ)သည် ငယ်ရွယ်သူဖြစ်သော်လည်း ဂုဏ်အဆင့် ...တန်း ဘာမျှမရှိ၍ မျက်နှာငယ်သလောက် မင်းသားကြီး ဟိုရီဂါဝါက မျက်နှာ ...နေပေသည်။

ဤသို့ စိတ်ထိခိုက်နေရာမှ သူတို့ဓားဂျားအဖွဲ့၏ သင်ကြားချက်ကို ...သတိရမိလေသည်။ ဓားဂျားတို့မည်သည် ဆုံးရှုံးမှုကို မတုန်မလှုပ် လက်ခံ ...ရမည်ဖြစ်သည်။ တောင်ပေါ် ဘုရားကျောင်းမှ ဓားဂျားများဆိုလျှင် မြေငလျှင် ...၍ ဆုံးရှုံးပျက်စီးရခြင်းကို စိတ်မတုန်မလှုပ် ချောက်ချားခြင်းမရှိဘဲ ခံနိုင်ရည် ...ကြပေသည်။

ထို့ကြောင့် မိမိသည် တာနီကိုအားမေ့ပျောက်ပစ်လိုက်ရန်သာ ရှိပေ ...သည်။

သို့သော် တကယ်မေ့ပျောက်နိုင်ပါမည်လောဟု သူ့ကိုယ်သူ သံသယ ...ဖြစ်မိပြန်သည်။

ဤသို့ဆင်ခြင်စဉ်းစားရင်း ဂျော့ဘူသည် အိပ်ပျော်သွားလေသည်။

ရုတ်တရက်လန့်နိုးလာချိန်တွင် ဂျော့ဘူသည် သူ၏ ဓားဂျား လေ့ကျင့်မှု ...လှ လှုပ်ရှားမှု လှစိမ်းတစ်စုံတစ်ယောက်သူ၏အနီးသို့ ချဉ်းကပ်လာနေကြောင်း ချက်ချင်း ...သိလေသည်။ သို့သော် မလှုပ်ရှားဘဲဆက်အိပ်ချင်ဟန်ဆောင်ကာ မျက်လုံးကို ...ထားသော ဖွင့်ကြည့်ရာ မြက်ပင်များကြားမှ သေးသေးငယ်ငယ်လူတစ်ယောက် ...နေသည်ကို မြင်ရလေသည်။ သင်းပျံ့သောရေမွှေးနံ့ တစ်ခုလည်းသင်းပျံ့ ...သည်။

ထိုလူအနီးသို့ ရောက်လာတော့မှ ဂျော့ဘူက

www.burmeseclassic.com

www.burmeseclassic.com



"ဟော့…မင်းဘယ်သူလဲ" ဟု ခပ်တိုးတိုးမေးလိုက်သည်။

"ကျွန်မ ဆိုင်ရှိုပါ"

မိန်းကလေးတစ်ဦးက တိုးတိုးပြန်ဖြေလေသည်။

"ဆိုင်ရှို ဆိုတာ ဘယ်သူလဲ"

"တာနီကို သခင်မလေးရဲ့ ကျေးကျွန်အပျိုတော် ဖြစ်ပါတယ်"

ပြောရင်းနှင့် သူမသည် ဂျော့ဘူ့အနီးသို့ တိုးလာရာ မျက်နှာချင်းထိ လုမတတ် ဖြစ်နေလေသည်။

"မင်းဘာလိုချင်လို့လဲ"

ဂျော့ဘူက ပြန်မေးလိုက်သည်။

"တာနီကို သခင်မလေးဟာ တစ်ချိန်လုံး ရှင့်အကြောင်းချည်းပဲ ပြော နေပါတယ်၊ သူပြောပြတဲ့အတိုင်းဆိုရင် ရှင်ဟာအလွန်စိတ်ဝင်စားဖို့ ကောင်းတဲ့ လူတစ်ယောက်လို့ဆိုတယ်၊ ဒီတော့ ကျွန်မကလဲ စဉ်းစားမိတယ်၊ ရှင့်ကိုဘာကြောင့် သူ့တစ်ယောက်တည်းက ပိုင်ဆိုင်သင့်သလဲလို့"

ဆိုင်ရှိုက ပြောလိုက်သည့် အဓိပ္ပာယ်ကို နားလည်သဖြင့် ဂျော့ဘူသည် ရယ်မောလိုက်ပြီး၊ သူမ၏ နုနယ်သောပါးပြင်ကို လက်ဖြင့် အသာစမ်းလိုက် သည်။

"ဂျော့ဘူရှင့်…ရှင်ဟာ ဓားတွေ၊ လှံတွေနဲ့ တိုက်ရာမှာ စွမ်းသလို အချစ်ရေးမှာကော တကယ်စွမ်းရဲ့လားဟင်"

သူမက ခပ်တိုးတိုးပင် ကျီစယ်သလို ခပ်ပြောပြန်လေသည်။

ဤတွင် ဂျော့ဘူသည် စိတ်ထဲမှ မယုံသင်္ကာ ဖြစ်လာသဖြင့် မိန်းက လေး၏ ဦးခေါင်းနှင့်မျက်နှာကို လွှမ်းမိုးအုပ်ထားသောအဝတ်ကို ရုတ်တ ရက်ဆွဲဖယ်ကြည့်လိုက်ရာ သူမသည်အပျိုတော် ဆိုင်ရှို မဟုတ်ဘဲ တာနီကို ဖြစ်ကြောင်း တွေ့ရလေသည်။

လရောင်တွင် သူမ၏မျက်နှာကလေးကလည်း အလွန်လှပနေလေ သည်။

ဂျော့ဘူသည် ဝမ်းသာအားရစွာဖြင့် တာနီကို၏ ကိုယ်လုံးကို သိမ်းကျုံး ပွေ့ဖက်လိုက်ပြီးနောက် စကားတစ်ခွန်းမှ မပြောဘဲ အတန်ကြာကြာ နှစ်ယောက် သား ဖက်၍လှဲအိပ်နေကြလေသည်။



ထိုနောက် ဂျော့ဘူက တာနီကို၏ကိုယ်ကို သူ့ဘက်သို့အတင်းဆွဲယူ လိုက်သောအခါ သူမကတားမြစ်လေသည်။

"ရှင် ရပ်လိုက်ပါတော့"

"ဘာဖြစ်လို့ ရပ်ရမှာလဲ"

ဂျော့ဘူက လက်ကိုမလွှတ်ဘဲ"

"ရှင် အခုနေမရပ်လိုက်ရင် ကျွန်မရဲ့ဘဝဟာ ပျက်စီးဆုံးရှုံးသွား ပေါ့"

"ဟာ အနာဂတ်ကို တွေးမနေစမ်းပါနဲ့ အခုလောလောဆယ် အချိန်ကို တွေးစမ်းပါ"

"ရှင်တို့ ဖင်ဂျားတွေက အထူးဆန်းတွေ မျက်လှည့်ပြသလို လုပ် တတ်တယ်လို့သိရတယ်၊ ရှင်က ဝင်းတံခါးပေါက်ကြီး တစ်ခုကို ဖျက်ဆီးပြီးချ လိုက်ပြီးရင် ပြန်ကောင်းအောင် လုပ်နိုင်ပါ့မလား"

သူမက ဘာကိုဆိုလိုကြောင်း အဓိပ္ပာယ်ကို ရိပ်မိသဖြင့် ဂျော့ဘူက သည်-

ကျုပ်ဟာကျုပ် တံခါးကြီးကို ဖျက်ချင်လို့ ဖျက်ဆီးလိုက်ပြီးမှ ပြန်မ ကောင်းတော့ ဘာဖြစ်ရမှာလဲ" ဟုပြန်ပြောလိုက်သည်။

"ဒီလိုဆိုရင် ကျွန်မဟာ ကိုယ့်ကိုယ်ကိုယ် သတ်သေလိုက်ရလိမ့်မယ်၊ ရှင်ဟာလဲ မိန်းကလေးတစ်ယောက်ကို ဗလက္ကာရပြုမှုနဲ့ အသတ်ခံရမှာပဲ၊ ပြီး တော့ ရှင်တို့ဖင်ဂျားအဖွဲ့က ကျွန်မရဲ့အဖေကို ထုချေရှင်းလင်းရလိမ့်မယ်"

"အလကားပြောတာပါ တာနီကိုရယ်၊ ကျုပ်က တံခါးပေါက်ကြီးကို ဖျက်ဆီးပါဘူး၊ မင်းကို မဲ့တစ်ပေါက်မစွန်းစေရပဲ မင်းသားကြီး ဟိုရီဂါဝါ ဆီကို အရောက်ပို့ပေးမှာပါ၊ ကျုပ်တို့ ဖင်ဂျားအဖွဲ့ရဲ့ အမိန့်ကိုလဲ ကျုပ်က ဖောက်ဖျက်ကျူးလွန်မှာ မဟုတ်ပါဘူး"

သည်တော့မှ တာနီကိုသည် တခစ်ခစ်နှင့်ရယ်မောလေသည်။

"ရှင့်ဆံပင်က အနီရောင်ဆိုတော့၊ တခြားနေရာမှာလဲ အနီရောင်ပဲ ဖြစ်နေမယ်ထင်တယ်"

ကျီစယ်သလိုပြောရင်း သူမကလက်ဖြင့် ဂျော့ဘူ၏ကိုယ်ကိုအသာ ပွတ်စမ်းလေသည်။

www.burmeseclassic.com



"တာနီကို မင်းက ဘာဖြစ်လို့ငါ့စိတ်ကို နှိုးဆွနေရတာလဲ"

"ဒါကတော့ အခုလိုနှစ်ယောက်ချင်းတွေ့ရတဲ့အခါ သာယာမှု၏ တစ်နည်းနည်းရှာရတာပေါ့ ရှင့်"

ဤသို့ပြောရင်း တာနီကိုသည်၊ ဂျော့ဘူ၏ကိုယ်လုံးကို အားရပါး သိမ်းကျုံးပွေ့ဖက်ရင်း နှစ်ယောက်သား လှဲအိပ်နေလိုက်လေသည်။

ဂျော့ဘူသည် သူမ၏ပါးပြင်ကိုနမ်းရင်း သူ၏စိတ်ထဲမှခံစားချက်ကို ပြောလေသည်။

"ကျုပ်တစ်သက်လုံး မင်းအပေါ် သစ္စာရှိပါမယ်၊ ကျုပ်တို့ ဖင်းကျား အဖွဲ့က ကျုပ်ကိုပိုင်သလို မင်းကလဲကျုပ်ကို ရာသက်ပန် ပိုင်ဆိုင်တယ်လို့သာ မှတ်ထား ပါတော့၊ နောင်ကိုလဲ အရေးအကြောင်းရှိရင် ကျုပ်ကိုသာ ခေါ်လွှတ် လိုက်ပါ၊ ချက်ချင်းပြေးလာခဲ့ပါမယ်၊ မင်းအတွက်ဆိုရင် ဘာမဆို လုပ်ပေး အသင့်ရှိပါမယ်၊ ဒါကို ကျုပ်က ကျမ်းသစ္စာ ကျိန်ပြီး ပြောပါတယ်"

"ဂျော့ဘူရယ် ကျွန်မကလဲ ရှင့်ကိုမမေ့နိုင်ပါဘူး၊ မင်းသားကြီး ဟိုရီဂါဝါနဲ့ လက်ထပ်ရမှာကလဲ ဘာမှအနှစ်သာရမရှိတဲ့ လက်ထပ်ပွဲ ဖြစ်မှာ ပါပဲ"

ပြောရင်း တာနီကိုသည် မျက်ရည်များပင် ကျလာရှာလေသည်။

ဂျော့ဘူလည်းစိတ်ထိခိုက်ပြီး မျက်ရည်ကျလာမိလေသည်။

အတန်ကြာသော် သူသည် အိပ်ပျော်သွားလေသည်။

အိပ်ရာမှ ပြန်နိုးလာသောအခါ တာနီကိုသည် မရှိတော့ချေ။ ကောင်းကင်တွင်ကား လဝင်သွားပြီဖြစ်၍ မှောက်မိုက်နေပြီး မြေကလည်း ခက်နေလေသည်။

ဂျော့ဘူသည် မတ်တပ်ထပြီး မျှော်ကြည့်လိုက်ရာ အရှေ့ဘက်ကောင်း ကင်ဆီမှ ရောင်နီသမ်းစပြုနေပြီဖြစ်ကြောင်း တွေ့ရလေသည်။

သို့သော် သိပ်မဝေးသောနေရာတွင် နောက်ထပ်မီးတောက်မီးလျှံများ တွေ့ရပြန်သဖြင့် အံ့သြတုန်လှုပ်သွားမိလေသည်။

ဟီယန်ကျိုမြို့တော်ကြီး မီးလောင်နေပြီဟု ထင်ရပေသည်။

သေချာစွာ ဂရုစိုက်ကြည့်လိုက်သောအခါ မီးတောက်မီးလျှံများသည် အဆောက်အအုံ၏ထိပ်ဖျားဆီမှ တောက်လောင်နေသည်ကို မြင်ရလေသည်။



တွေပြေးလွှားနေသည်ကို မြင်ရသည့်သည့်ပြင် ထိတ်လန့်တကြား ဟစ်အော် များကို ခပ်သဲ့သဲ့ကြားနေရလေသည်။ စစ်သည်တို့၏ တိုက်ခိုက်သံ၊ ကြုံးဝါး ကြော်သံများကိုလည်း ကြားနေရသည်။

လက်သမားဆရာမိုကိုသည် ထိတ်လန့်တုန်လှုပ်လျက် ဂျော့ဘူ၏ အနီး ပြေးလာလေသည်။

"ရှိကေခင်ဗျား၊ မြို့တော်အတွင်းမှာ တိုက်ပွဲတွေဖြစ်နေပါတယ်၊ ကျွန် က ဟိုဘက်တောင်ကမ်းပါးယံက သွားကြည့်လို့ မြင်ခဲ့ရတယ်၊ လမ်း မှာ လူတွေ တိုက်ခိုက်နေကြပြီ၊ နန်းတော်ကြီးရဲ့နေရာတစ်ချို့မှာ မီးတွေ င်နေတယ်၊ ဘာလုပ်ကြရင် ကောင်းမလဲ၊ ကျန်တဲ့လူတွေကို အိပ်ရာက လိုက်ရမလား"

"အခြေအနေအမှန်ကို မသိရသေးခင် ကျုပ်တို့ ဘာမှမလုပ်သေးဘူး၊ န်ခြားလူတွေလဲမနှိုးပါနဲ့၊ အိပ်ကြပါစေ၊ ခင်ဗျားနဲ့ ကျုပ်ကအခြေအနေကို င့်ကြည့်ကြမယ်"

ဤသို့ပြောပြီး ဂျော့ဘူသည် ဟီယန်ကျိုမြို့တော်၏ အခြေအနေကို က်လက်ကြည့်နေလေသည်။

နံနက်နေထွက်လာချိန်တွင် မြို့တော်ကြီး၌ မည်းမှောင်သော မီးခိုးလုံး များကို မြင်နေရလေသည်။ လမ်းများပေါ်၌ မလှုပ်မယှက် ငြိမ်သက်လဲကျ သော လူများကို လည်းကောင်း၊ မြင်းစီးစစ်သည်များ သွားလာလှုပ်ရှားနေ ည်ကိုလည်းကောင်း မြင်နေရလေသည်။

တာနီကိုသည် မျက်ရည်စက်လက်နှင့် ဂျော့ဘူအနီးသို့ ရောက်လာ သည်။

"ကြည့်စမ်းပါဦး ဂျော့ဘူရယ်၊ မနေ့ညက သာယာလှပသလောက် တော့ အားလုံးပျက်စီးကုန်ပါပကော"

ဤတွင် ဂျော့ဘူက သူမ၏လက်တစ်ဘက်ကို ယုယစွာကိုင်လျက် သိမ့်အားပေးလေသည်။

"တာနီကို၊ မင်းဟာ မနေ့ညကအလွန်လှပခဲ့တယ်၊ အခုလည်းလှပ တုန်းပါပဲ"

သို့သော် တာနီကိုက ဝမ်းနည်းဟန်ဖြင့် ခေါင်းခါပြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မအဖို့တော့ နေမင်းကြီးဟာအပြီးအပိုင် ဝင်သွားသလို ဖြစ်နေပါပြီရှင်"

ဤသို့ပြောပြီး သူမသည် မိန်းကလေးအစေခံနှစ်ဦးရှိရာသို့ ပြန်ထွက်သွားလေသည်။

ဂျော်ဘူက ယမန်နေ့ညက တာနီကိုနှင့် အတူတွဲ၍ အိပ်ခဲ့ရပုံများကို ပြန်လည်သတိရနေမိလေသည်။ သူသည် တာနီကိုအား စွဲလမ်းချစ်ခင်နေပြီဖြစ်ရာ သူမနှင့်ခွဲခွာရတော့မည်ဟု တွေး၍ စိတ်မကောင်းဖြစ်နေမိလေသည်။

ထို့ကြောင့် သူ၏စိတ် သက်သာပြေပျောက်စေရန် လတ်တလော ပြဿနာများကိုသာ စဉ်းစားဖြေရှင်းရန် ဆုံးဖြတ်လိုက်လေသည်။

သူသည် လက်သမားဆရာ မိုကိုအားခေါ်၍ ညွှန်ကြားလေသည်။

"မိုကို၊ ခင်ဗျားက မြို့ထဲကိုသွားပြီး စုံစမ်းကြည့်ပါ၊ မင်းသားကြီး ဟိုရီဂါဝါရဲ့အိမ် ကျွန်မကျွန်လဲ ကြည့်ခဲ့၊ ကျုပ်တို့သွားလို့ ဖြစ်မလားလို့ ကြည့်ပြီး ဒီကိုပြန်လာခဲ့။"

မိုကိုလည်း ခေါင်းငြိမ့်ပြီး ထွက်သွားလေသည်။

နေ့လယ်စာ စားပြီးချိန်တွင် မိုကိုသည် ပြန်ရောက်လာပြီး အလွန်ဝမ်းနည်း စိတ်မကောင်းဟန်ဖြင့် ခေါင်းခါပြလေသည်။

"ဟီယန်ကျိုမြို့တော်ရဲ့ အလွန်လှပတဲ့ လမ်းမကြီးတွေဟာ အခုတော့ ဆာမူရိုင်း စစ်သည်တွေ အချင်းချင်းတိုက်ခိုက်သတ်ဖြတ်နေရာ စစ်တလင်းကြီး ဖြစ်နေပါပြီ၊ ဒီလိုအဖြစ်မျိုး ကျွန်တော် ငယ်ငယ်တုန်းကတစ်ခါ မှ မကြုံဖူးပါဘူးဗျာ"

မိုကိုက ဝမ်းနည်းပက်လက်ပြောရာ ဂျော်ဘူက

"ဘယ်လိုဖြစ်တယ်ဆိုတာ ကျုပ်ကို အတိအကျပြောစမ်းပါ မိုကို" ဟုပြောလိုက်သည်။

"ဖြစ်ပုံကတော့ ဘာမဟုတ်တဲ့ အသေးအဖွဲ ကိစ္စကလေးကစဖြစ်တာပဲ၊ တာကာရှီအုပ်စုနဲ့ မူရာတိုမိုအုပ်စုက ဆာမူရိုင်းနှစ်ဦးလမ်းပေါ် ခိုက်ရန်ဖြစ်ပွားပြီး တိုက်ခိုက်ကြတော့ နှစ်ဘက်စလုံးက ဆာမူရိုင်းတွေ ရာနဲ့ချီပြီး ဝင်ပါတိုက်ခိုက်ကြတော့တာပဲ၊ နောက်ပိုင်းကျတော့ ဆာမူရိုင်းတွေက လူတွေရဲ့ အိမ်တွေကို ပါဝင်တိုက်ကြတယ်၊ တာကာရှီဆာမူရိုင်းက မူရာတိုမိုမိသားစုတွေရဲ့



အိမ် တွေကို မီးရှို့ဖျက်ဆီးကြတယ်၊ အစေခံကျေးကျွန်တွေကိုလဲ သတ်ပစ်တယ်၊ ဒီတော့ မူရာတိုမိုဘက်က ဆာမူရိုင်းတွေကလဲ တုံ့ပြန်ကလဲ့စားချေတဲ့အနေနဲ့ တာကာရှီ မိသားစုတွေကို အလားတူတိုက်ခိုက် သတ်ဖြတ်ကြတယ်"

"မင်းသားကြီး ဟိုရီဂါဝါကကော"

"သူ့အကြောင်းကို စုံစမ်းဖို့က အတော်ခက်နေပါတယ်၊ မြို့တော်ထဲမှာ နေ့တွေလျှောက်မေးရင် မသင်္ကာဖြစ်မှာလဲ စိုးရိမ်ရပါတယ်၊ မယုံသင်္ကာခံရတဲ့လူဆိုရင် အသတ်ခံရဖို့များတယ်၊ ဒါပေမယ့် ကျွန်တော်သိရတာက မင်းသားကြီး ဟိုရီဂါဝါဟာ သူ့အိမ်မှာပဲ ကောင်းမွန်စွာ ရှိတယ်လို့သိခဲ့ရပါတယ်၊ တာကာရှီအုပ်စုက မင်းသားကြီးရဲ့အိမ်မှာ လက်နက်ကိုင် အစောင့်တွေ အပြည့်ချထားပါတယ်"

ဤတွင် ဂျော်ဘူသည် တာနီကိုမိသားစုသည်လည်း တာကာရှီအုပ်စုဝင်ဖြစ်ကြောင်း သတိရမိလေသည်။

"ဒီမယ် မိုကို တာနီကိုတို့ မိသားစုအဖို့ကော အန္တရာယ်ရှိသလား"

"ရှိကေ ခင်ဗျား၊ အခုအချိန်မှာတော့ ဟီယန်ကျိုမြို့တော်မှာ နေတဲ့လူသမျှ အန္တရာယ်ရှိနေတာချည်းပါပဲ၊ သို့သော် မြို့တော်အတွင်းက တာနီကိုတို့ရဲ့ မိသားစု အိမ်ကတော့ မီးလောင်တဲ့အထဲ မပါဘူးလို့ သိရပါတယ်"

ဂျော်ဘူသည် ရှေ့ဆက်ဘာလုပ်ရမှန်းမသိဘဲ စဉ်းစားရခက်နေလေသည်။

ယခု မိမိလာခဲ့ရသော ခရီးတစ်လျှောက်လုံး ကံကြမ္မာ၏ဖန်တီး စီမံမှုအတိုင်း ဖြစ်ခဲ့ရသည်ဟူ၍ ဆင်ခြင်သုံးသပ်မိလေသည်။

ထို့ပြင် သူတို့ဇင်ဂျားအဖွဲ့၏ ခံယူချက်ဖြစ်သော 'လောကဓံဘာကိုမှ ကြိုးလေနှင့်' ဆိုသည့် ဥပဒေကိုလည်း သတိရမိလေသည်။

မည်သို့ပင်ဖြစ်စေ ယခုသူသည် တာနီကိုအား တိုက်ပွဲဖြစ်နေသော မြို့တော်အတွင်းသို့ ခေါ်သွားသင့်မသင့် ဆုံးဖြတ်ရပေတော့မည်။

သူမ၏ဖခင်ကြီးနှင့်တကွ ဇင်ဂျားအဖွဲ့၏ အမိန့်ကိုဖီဆန်ကာ တာနီကိုအား ယခုခိုးပြေးပြီး တစ်နေရာသို့ ထွက်ပြေးတိမ်းရှောင်ရလျှင် ကောင်းမည်လော ဟုဆည်းတွေးမိသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ မည်သို့ပင် ဆုံးဖြတ်စေကာမူ မိမိနှင့် တာနီကိုနှစ်ဦးစလုံး အသက် သေရန် အလွန်နီးစပ်သည်ဟုလည်း စဉ်းစားမိပြန်လေသည်။

❄❄❄

(၇)

တောင်စောင်းအကွယ်တစ်ခုသို့ အရောက်တွင် တာနီကိုသည် ဂျော့ ရှိရာသို့လာပြီး အခြားလူများရှိမရှိ လှည့်ပတ်ကြည့်ရင်း ဂျော့၏ လက်တစ်ဖက် ကို အသာဆွဲကိုင်ကာ ပြုံးလိုက်သည်။

''ရှင်က ဘာလုပ်ရမယ်ဆိုတာ စဉ်းစားနေတယ်မဟုတ်လား၊ ဒီနေရာ မှာ ဝင်ကူညီပါရစေ၊ ဒါမျိုးကျရင် ကျွန်မကိုယ်တိုင် ဆုံးဖြတ်ရမှ သဘောကျတာ ရှင့်''

ဂျော့ကလည်း သူမ၏လက်ကို အားရပါးရ ဖျစ်ညှစ်ဆုပ်ကိုင် ထား ရင်း-

''မင်းရဲ့ဆန္ဒက ဘယ်လိုရှိသလဲ''ဟု ပြန်မေးလိုက်သည်။

''ကျွန်မသဘောကတော့ ရှေ့ကိုဆက်သွားချင်ပါတယ်၊ ကျွန်မတို့ အားလုံး အတူတူသွားကြပြီး အနီးဆုံးမြို့တံခါးကို သွားချင်တယ်၊ မြို့တံခါး ရောက်တော့ ရှင်ရယ်၊ ကျွန်မရယ်၊ မိန်းကလေးတွေရယ် ခဏ စောင့်နေပြီး မိုကိုတစ်ယောက်တည်း မြို့ထဲကိုလွှတ်လိုက်မယ်၊ ကျွန်မရဲ့ဦးလေးတော် ရှုအီချီရဲ့အိမ်ကို လွှတ်လိုက်မယ်၊ ကျွန်မမြို့ကို တင့်တင့်တယ်တယ် ဝင်နိုင်အောင် ရထားတစ်စီးလွှတ်ပေးဖို့လဲ ကျွန်မရဲ့ ဦးလေးတော်ကို ပြောခိုင်းမယ်၊ မိုကိုက တော့ မြို့တွင်းကို နှစ်ခေါက်တောင်သွားရတာ ပင်ပန်းမှာပဲ''

ဤသို့ပြောပြီးနောက် သူတို့သည် တောင်ပေါ်လမ်းမှတစ်ဆင့် တိုကိုင်ဒို လမ်းမကြီးပေါ်သို့ ဆင်းလာခဲ့ကြလေသည်။

လမ်းမကြီးမှာ မြို့တော်နှင့် နီးကပ်နေပြီဖြစ်၍ အလွန်ကျယ်ဝန်း ကောင်းမွန်နေပေသည်။ မြို့တော်၏ အရှေ့ဘက်ခြမ်းမှ အဆောက်အအုံများ ဘုရားကျောင်းများကိုလည်း လှမ်းမြင်နေရပြီဖြစ်သည်။

သူတို့အဖွဲ့သည် ဆက်သွားရင်း လူနှစ်ရပ်မြင့်သည်အုတ်တံတိုင်း ကာထားသော ဥယျာဉ်တစ်ခုကို ဖြတ်သွားရလေသည်။ ထိုနေရာ၌ ခံတပ်သဖွယ်



...တီးထားသော မျှော်စင်ကြီးသုံးခုရှိပြီး အနီရောင်အလံကြီးများလွင့်ထူ ...လေသည်။

ထိုအခါ မိုကိုကရှင်းပြသည်။

''ဒီနေရာက တာကာရှီ မိသားစုရဲ့ ဌာနချုပ်စခန်းဖြစ်တယ်။ နာမည်က ...ဟာရာလို့ ခေါ်ပါတယ်၊ ဒီမှာ ဆိုလာမိုရီက သူ့သားများနဲ့အတူ ဆာမူရိုင်း ...သည် အများကြီးနဲ့နေတယ်၊ အဆောက်အအုံ အသစ်တွေလဲ တိုးချဲ့ဆောက် ...တယ်''

ထို့နောက် သူတို့သည်ကာမိုမြစ်ကို ဖြတ်ကူးတည်ဆောက်သည့် ...သားတံတားကို ဖြတ်ကျော်သွားရလေသည်။

မြို့ရိုးနှင့် တစ်ဖြည်းဖြည်း နီးလာသောအခါ မြို့ရိုးမှ အချို့ကျောက် ...ကြီးများ မရှိတော့ဘဲ ပျက်စီးယိုယွင်းနေကြောင်းကို ဂျော့က သတိပြု ...လေသည်။ ဟီယန်ကျို မြို့တော်သည် တစ်ချိန်က ယခုထက်ပိုပြီးသားနား ...ခဲ့ပါသည်ဟု တာနီကို ပြောခဲ့ခြင်းသည် မှန်ကန်နေပုံရလေသည်။

ဂိုဂျိုအမည်ရှိ တံခါးပေါက်မှ မိုကိုတစ်ယောက်တည်းကို လွှတ်လိုက် ပြီးနောက် ဂျော့၊ တာနီကိုနှင့် ကျန်လူများသည် မြို့ရိုးပြင်ဘက် လမ်းကျဉ်း တစ်ခုအနီးတွင် စောင့်နေလေသည်။

ဂျော့က လုံခြုံရေး တာဝန်ယူသည့်အနေဖြင့် ကျောက်တုံးကြီး တစ်တုံး ပေါ်တွင်ရပ်ကာ ကင်းစောင့်နေလေသည်။ သူသည် တာနီကိုအားကျောပေး၍ ...နေခြင်းဖြစ်သော်လည်း စိတ်ထဲတွင်ကား တာနီကိုနှင့်ခွဲ ခွာရတော့ မည်ဟု တွေးရင်းဝမ်းနည်းနေမိလေသည်။

မိုကိုပြန်လာသောအခါ နေဝင်လုပြီဖြစ်သည်။ သူနှင့်အတူနွားဆွဲသော ...ထားတစ်စီးပါလာပြီး အစောင့်အရှောက်အဖြစ် ဆာမူရိုင်းစစ်သည် ငါးဦး ...သည်းပါလာလေသည်။

တာနီကို၏ ဦးလေးတော် ရှုအီချီဆိုသူကား သူမ၏ဖခင်ကြီးကဲ့သို့ ငွေကြေးတွန့်တိုစေးနှဲသူမဟုတ်ဟု ဂျော့က အောက်မေ့မိလေသည်။

တာနီကိုနှင့် မိန်းကလေးအဖော် နှစ်ဦးတို့က နွားရထားအပေါ်တက် ...ကြရာ ဆာမူရိုင်းငါးဦးက ဘေးမှရံ၍ လိုက်လျှောက်ကြသည်။ သူတို့သည် ...ရှည်များကို အသင့်ဆုပ်ကိုင်ထားကာ ဘေးပတ်ဝန်းကျင်ကို မပြတ်လှည့်

www.burmeseclassic.com

www.burmeseclassic.com



ပတ်ကြည့်ရှုရင်း သတိနှင့်လျှောက်ကြလေသည်။

မိုကိုက ဂျောဘူ၏ဘေးမှပစ္စည်းတင်သောမြင်းကိုဆွဲ၍လျှောက်လိုက်လာသည်။ သူသည် တာနီကို၏မိသားစုတစ်ဦးအဖြစ်ဆက်လက် အမှုထမ်းနေပါမည်ဟုဂျောဘူအား ကတိပေးထားပြီးဖြစ်သည်။

"ခင်ဗျားတို့ နှစ်ယောက်ကြား ဆက်သွယ်ရေးတာဝန်ကိုပါယူပါ့မယ်"

ဤသို့လည်း မိုကိုက ဂျောဘူအား အဓိပ္ပာယ်ပါပါ ပြောခဲ့လေသည်။

ဂိုဂျိုအမည်ရှိ မြို့တံခါးသို့ရောက်သောအခါ အစောင့်တာဝန်ကျနေသူ နန်းတော်အရာရှိတစ်ဦးအား သူတို့မည်သူမည်ဝါဖြစ်ကြောင်း ပြောပြလိုက်ရာ ချက်ချင်းပင် မြို့တွင်းသို့ဝင်ခွင့်ရလေသည်။ ထိုလူသည် ဆာမူရိုင်းအား ပြုံး၍ ဖော်ရွေစွာပင် ဆက်ဆံနှုတ်ဆက်လေသည်။

ဂျောဘူသည် ပထမဆုံးအကြိမ် ရောက်ဖူးခြင်းဖြစ်၍ မြို့တော်၏ ရှုခင်းအဖုံဖုံကို တအံ့တသြ ငေးမောကြည့်နေမိလေသည်။ သူ၏တစ်သက်တာတွင်ဤမျှလူအပြောက်အမြား တစ်ခါမျှမတွေ့ဖူးခဲ့ချေ။ မြင်းစီးစစ်သည် ဆာမူရိုင်းများ၊ နွားလှည်းများ၊အလွန်များသလောက် ခြေကျင်သွားလာနေကြသော လူတွေကလည်း အလွန်များပြားလှပေသည်။

ရံဖန်ရံခါ သပ်ရပ်သားနားစွာ ဝတ်ဆင်ထားသူများက တုတ်များကိုင်၍ လူတွေအားဖယ်ရှားခိုင်းကာ လမ်းရှင်းပေးတတ်ပြီး တာနီကို၏ ရထားကဲ့သို့ နွားဆွဲရထားတစ်စီး ဖြတ်မောင်းသွားသည်ကိုလည်းမြင်ရတတ်သည်။

ထိုရထားပေါ်တွင် အထက်တန်းလွှာ အမျိုးသားသို့မဟုတ် အမျိုးသမီး တစ်ဦးဦး ပါတတ်သဖြင့် လူသူပရိသတ်က ဦးညွှတ်အလေးပြုကြသည်ကိုလည်း ဂျောဘူက သတိပြုမိလေသည်။

ဟီယန်ကျို မြို့တော်သူမြို့တော်သားများသည် အလွန်လျင်မြန်စွာ လှုပ်ရှားသွားလာတတ်ပြီး အချင်းချင်းလည်းစကားပြောရင်း သွားလာတတ်ကြလေသည်။

ဂိုဂျိုလမ်းမကြီးတစ်လျှောက် သစ်ပင်များလှပစွာစိုက်ပျိုးထားလေသည်။ ထိုလမ်းရှိ အဆောက်အအုံများ၊ အဖြူရောင်ကျောက်တုံးများ စီကာထားသည့် ဝင်းထရံများရှိသည့်ပြင် မြို့၏လက်ရှိအခြေအနေအရ နောက်ထပ် ဝါးခြံစည်းရိုးတစ်ထပ်ကာထားလေသည်။



အချို့အိမ်များဆိုရင် အိမ်ရှင်များက အခြားအရပ်သို့ တိမ်းရှောင်သွားသဖြင့် လူမရှိဘဲ ဖြစ်နေလေသည်။ များသောအားဖြင့် အိမ်များသည် နှစ်ထပ်အိမ်ဖြစ်ပြီး အိမ်ဝင်းအတွင်းပန်းခြံများပြုလုပ်ထားရှိလေသည်။

ဂျောဘူတို့အဖွဲ့ ဖြတ်သွားရင်း မီးလောင်ပျက်စီးနေသော အိမ်နှစ်အိမ်ကို တွေ့ရလေသည်။ လုံးလုံးမီးလောင်ကျွမ်းသွားသဖြင့် မီးခိုးထွက်နေသေးသော တိုင်ငုတ်များသာ ကျန်လေသည်။

မီးလောင်ပျက်စီးနေသော ဒုတိယအိမ် ပတ်ဝန်းကျင်တွင် ဆာမူရိုင်းစစ်သည်များ စောင့်နေရာ သူတို့သည် တာနီကို၏ ရထားဘေးမှ လိုက်ပါလာသူ ဆာမူရိုင်းငါးဦးအား ရင်းနှီးစွာနှုတ်ဆက်ကြလေသည်။

"အဲဒီအိမ်ရဲ့ပိုင်ရှင်က တာကာရှီအုပ်စုကို ထောက်ခံသူမြေရှင် ကြီးတစ်ဦးဖြစ်တယ်၊ အခု သူ့အိမ်ကိုမူရာတိုမိုဘက်သား တွေကမီးရှို့လိုက် ကြတယ်၊ အဲ့ကြောင့် ကျုပ်တို့ကလဲ ဒီညကျရင် မူရာတိုမိုအုပ်စုပိုင် အိမ်တွေကိုမီးရှို့ပစ်မယ်"

ရထားဘေးမှ ဆာမူရိုင်းတစ်ဦးက ဂျောဘူအားပြောပြလေသည်။

ဂျောဘူ၏ စိတ်ထဲတွင်ကား ဆင်ခြင်ဉာဏ်ကင်းမဲ့သော အတွေးအခေါ်ပါတကားဟု မှတ်ချက်ချမိလေသည်။ လူနေအိမ်ခြေ အဆောက်အအုံများကို လူတွေက အချိန်ကုန်၊ စရိတ်ကုန်ခံ၍ ပင်ပန်းကြီးစွာ တည်ဆောက်ခဲ့ရသည် မဟုတ်ပါလော။

ဟီယန်ကျိုမြို့တော်ကြီး လှပခမ်းနားရေးအတွက် နှစ်ပေါင်းရာချီ၍ ကြိုးစားခဲ့ရပေသည်။

ယခုတော့ လူတွေဆင်ခြင်ဉာဏ်ကင်းမဲ့သဖြင့် တစ်ညတည်းနှင့် အဆောက်အအုံကောင်းများကို ဖျက်ဆီးလိုက်ကြပြီတကား။

+++

ရှီမာ မိသားစု၏ ဟီယန်ကျိုမြို့တော်တွင်း နေအိမ်သို့ရောက်သောအခါ တာနီကို၏ ဦးလေးတော် ရှုအီချီကိုယ်တိုင် အိမ်ရှေ့ဝရမ်တာမှရပ်၍ ဆီးကြိုနေလေသည်။

အင်္ဂါရပ်အားဖြင့်သူသည် အစ်ကိုကြီး(တာနီကို၏ ဖခင်ဘိုကူဒင်)

www.burmeseclassic.com

www.burmeseclassic.com



နှင့်တူသော်လည်း ခန္ဓာကိုယ်ပို၍ဝဖိုင့်သည်။ မြို့တော်အတွင်းစည်းစိမ်နှင့်နေထိုင်ရ၍ ခန္ဓာကိုယ်ဝဖြိုးနေဟန်တူပေသည်။

ရှုအီချီသည် တူမတာနီကိုအား အလွန်ရင်းနှီးဖော်ရွေစွာ ခရီးဦးကြိုပြုလေရာ ဂျော့ဘူ၏စိတ်ထဲ၌ လူကြီး၏အိမ်တွင် တာနီကိုသည်စိတ်ချစွာ နေနိုင်လိမ့်မည်ဟု ခန့်မှန်းမိလေသည်။

တာနီကို သည် သူတို့ယဉ်ကျေးမှု ထုံးစံအတိုင်းမျက်နှာကို ယပ်တောင်ဖြင့်သာကွယ်၍ စကားပြောလေသည်။

"ဦးလေးရှင့်၊ ဟောဒီ ဓင်းဂျားက လမ်းမှာကျွန်မကို ပြန်ပေးဆွဲဖို့ကြံတဲ့ ရန်သူ 'ဆာမူရိုင်း' သုံးဦးကို တစ်ယောက်တည်း တိုက်ခိုက်ချေမှုန်းခဲ့ပါတယ်။ သူဟာ ကာမကူရာကစပြီးဒီအထိ တောက်လျှောက် တာဝန်ယူစောင့်ရှောက်ပေးခဲ့ပါတယ်။ ဒါကြောင့်ဦးလေးက သူ့ကိုထိုက်သင့်သလိုဆုချီးမြှင့်လိမ့်မယ်လို့ မျှော်လင့်ပါတယ်"

"ဟင် ဟုတ်လား၊ တူမချောကဒါလောက်ဘေးရန်တွေများတဲ့ကြားက လာခဲ့ရတာကိုး၊ ကျုပ်အစ်ကိုကြီးကလည်း တူမတော်အတွက် အစောင့်အရှောက် လုံလုံလောက်လောက်စီစဉ် ပေးလိုက်ဖို့ကောင်းတယ်၊ ဘာပဲဖြစ်ဖြစ်လေ အခု ဓင်းဂျား အဖွဲ့ဝင်တစ်ဦးရဲ့ အစွမ်းထက်မြက်မှုကြောင့် ဘေးရန်မရှိတဲ့ ရောက်လာတာ တော်သေးတယ်။ ကျုပ်ကိုယ်တိုင် ဓင်းဂျားကို တော်တော်ကြာရင် တွေ့ဆုံစကားပြောပါမယ်၊ တူမအနေနဲ့ အခုလို ယောကျ်ားတွေအများရှေ့မှာ စကားပြောဖို့မသင့်ဘူး၊ မြို့တော်က ယဉ်ကျေးမှုထုံးစံတွေကိုလဲ မင်းကိုသင်ပြပေးရဦးမယ်၊ကိုင်း အိမ်ထဲသာဝင်ပေတော့၊ မင်းရဲ့အခေါ် ချိုဂါအိုက အသင့်ကြိုပြီးနေရာချပေးလိမ့်မယ်"

ရှုအီချီက ပြောလိုက်သဖြင့် တာနီကိုလည်း ဂျော့ဘူအားတစ်ချက်မျှ လှမ်းကြည့်လိုက်ပြီးနောက် အိမ်တွင်းသို့ဝင်သွားလေသည်။

ဂျော့ဘူကမူ တာနီကိုအားပြန်မကြည့်ဝံ့ဘဲ လမ်းဘက်သို့လျှောက်ထွက်ခဲ့လေသည်။ သူနှင့်တာနီကိုတို့ ရည်ငံချစ်ခင်ခဲ့ခြင်းကို ရာသက်ပန်လျှို့ဝှက်ထားမည်ဟု ဆုံးဖြတ်ထားပြီး ဖြစ်လေသည်။

ထိုအခိုက် သူ၏လက်မောင်းကို တစ်စုံတစ်ယောက်က ဖမ်းဆုပ်ကိုင်သဖြင့် လှည့်ကြည့်လိုက်ရာ လက်သမားဆရာမိုကို ဖြစ်နေလေသည်။ မိုကိုမှာ



ည်များကျနေပေသည်။

ဂျော့ဘူလည်းဆက်မသွားဘဲ ရပ်နေလိုက်စဉ် အိမ်ရှင်ရှုအီချီက ဝရန်တာ မှလှမ်း၍စကားပြောလေသည်။

"အို...ရှိကေ မောင်ရင်ကအထူးပဲ တာဝန်ကျေပါပေတယ်၊ ကျုပ်တို့ မိသားစုအနေနဲ့ မောင်ရင့်ကိုသိပ်ပြီး ကျေးဇူးတင်ပါတယ်။ ဒါအတွက် မောင်ရင့်ကို ဘယ်လိုဆုများ ချီးမြှင့်ရမလဲ"

ဤတွင် ဂျော့ဘူသည် တာနီကို၏ ဖခင်ကြီးကို ပြေးသတိရမိလေ သည်။ သူ၏ညီကဆုချီးမြှင့်ရန် ပြောနေသည်ကိုသာ အဘိုးကြီးသိလျှင် ဒေါသထွက်မှာ သေချာပေသည်။

ထို့ကြောင့် ဂျော့ဘူက ရိုသေစွာဖြင့်ပင်

"ကျွန်တော်ရဲ့ လုပ်အားခအတွက် ဓင်းဂျားအဖွဲ့ကအခကြေးငွေရပြီးပါ ပြီ၊ ဒါကြောင့် ကျွန်တော်က ဆုချီးမြှင့်တာကိုလက်မခံနိုင်ပါဘူး"ဟုပြန်ပြော လိုက်သည်။

"ဟင် ဘာမှမယူချင်ဘူးလား"

ရှုအီချီက အံ့အားသင့်စွာဖြင့် ပြန်မေးလိုက်ရာ ဂျော့ဘူသည် တစ်စုံတစ်ခု ကိုသတိရမိလေသည်။

"တစ်ခုတော့ရှိပါတယ်၊ ကျွန်တော်က တာနီကို သခင်မကလေးကို ကာကွယ်ရင်း သတ်ပစ်လိုက်ရတဲ့ ဆာမူရိုင်းဆီက ဓားတစ်လက်ယူထား ခဲ့ပါတယ်။ အခုတာနီကိုရဲ့ အဝတ်အစားပစ္စည်းတွေနဲ့ အတူရှိပါလိမ့်မယ်၊ အဲဒီ ဆာမူရိုင်း ဓားကိုတော့ ကျွန်တော်က အမှတ်တရယူထားချင်ပါတယ်"

ဂျော့ဘူက ပြောလိုက်ရာ ရှုအီချီသည် သဘောကျဟန်ဖြင့် ပြုံးလျက် ဂျော့ဘူ၏ပခုံးကို လက်ဖြင့်ပုတ်လိုက်သည်။

"ဟာ ရပါစေမယ်၊ ဓားရှည်သာမကမြင်းကိုပါ မောင်ရင့်ကိုပေး မယ်၊ နောက်ကျမှ မောင်ရင်တို့အဖွဲ့ကို ပြန်အပ်ချင်အပ်လိုက်ပေါ့၊ အနည်းဆုံး မောင်ရင် ဒီကပြန်ရင် မြင်းစီးပြန်နိုင်ပါလိမ့်မယ်"

ဂျော့ဘူလည်း ထိုကမ်းလှမ်းချက်ကို သဘောတူလက်ခံလိုက်လေသည်။

+++

www.burmeseclassic.com

www.burmeseclassic.com



ဂျော်ဘူသည် အိမ်ကြီးဝင်းအတွင်း ပန်းခြံဘေးမှ ရေအိုင်အနီးတွင် တင်ပလ္လင်ခွေထိုင်ရင်း ကန်တစ်ဘက်ရှိ အမျိုးသမီးဆောင်ဆီသို့ လှမ်းမျှော် ကြည့်နေလေသည်။

ထိုအဆောင်ထဲတွင် တာနီကိုအား မင်းသားကြီး ဟိုရီဂါဝါနှင့်ပထ မဆုံးအကြိမ် တွေ့ဆုံရေးအတွက် ပြင်ဆင်နေကြပြီဟု ဂျော်ဘူကခန့်မှန်းမိလေ သည်။

ထိုအချိန်မှာပင် မိုကိုသည်အိမ်ပေါ်မှဆင်းလာပြီး ဂျော်ဘူအား ဆာမူရိုင်း ဓားရှည်နှင့် ဓားအိမ်ကိုပေးလိုက်ရာ ဂျော်ဘူကဘာမျှမပြောဘဲ လက်ခံယူလိုက် သည်။

မိုကိုသည် ဝမ်းနည်းဟန်ဖြင့် မျက်ရည်သုတ်ရင်း ပြန်ထွက်သွား လေသည်။

အိမ်ကြီး၏အရှေ့ဘက်တံခါးအနီးတွင် ကျေးကျွန်တစ်ဦးသည် ဂျော်ဘူအ တွက်ဟော်လီဟော့မြင်းကို အသင့်ပြင်ပြီး ရပ်စောင့်နေသည်။

ဂျော်ဘူသည် ထိုနေရာသို့သွားပြီး ဆာမူရိုင်းဓားရှည်ကိုသိမ်း သူ၏ခရီးသွားအိတ်ကိုဖွင့်လိုက်ရာ အတွင်း၌ စာရွက်ခေါက်တစ်ခု တွေ့ရ သည်။

ရုတ်တရက် စိတ်လှုပ်ရှားလျက် စာရွက်ခေါက်ကိုယူပြီးဖွင့်ကြည့်လိုက် ရာတာနီကို၏ လက်ရေးဖြင့် အောက်ပါအတိုင်းရေးသားထားသည်ကို တွေ့ လေသည်။

"နွေနှောင်းကာလတွင် သစ်ရွက်တွေ ကြွေလွင့်ကုန်ကြသည်။ သို့သော် ထင်းရှူးပင်၏ သစ်ရွက်စိမ်းများကတော့ ရှင်သန်လျက်ပင် ရှိနေကြသည်"

ဂျော်ဘူသည် စိတ်ထိခိုက်လွန်းသဖြင့် စာရွက်ကလေးကို လုံးချေ လိုက်မိလေသည်။ သူ့အနေဖြင့် ထင်းရှူးပင်၏ သစ်ရွက်စိမ်းကို မလိုချင် တာနီကိုအမည်ရှိ မိန်းကလေးကိုသာ လိုချင်နေပေသည်။

ခဏမျှကြာလျှင် လုံးချေထားသော စာရွက်ကလေးကို ပြန်ဖြန့်ကြည့် မိပြန်သည်။ သေချာစွာပြန်ခေါက်ပြီးမှ သူ၏အင်္ကျီအတွင်း ထည့်ထားလိုက်သည်။

ထို့နောက် မြင်းပေါ်တက်ကာ အိမ်ဝမှလှမ်းကြည့်နေသူ မိုကိုအား လက်ပြနှုတ်ဆက်ပြီးနောက် ဂျော်ဘူသည် ဟီယန်ကျိုမြို့တော်မှ ထွက်ခွာခဲ့ လေတော့သည်။



(၈)

ဟီယန်ကျိုမြို့တော်သို့ တာနီကိုရောက်ရှိလာသည့် ညမှာပင် သူမနှင့် ထပ်ထိမ်းမြားရမည့် မင်းသားကြီးဟိုရီဂါဝါသည် လာရောက်တွေ့ဆုံ သည်။

အဒေါ်ဖြစ်သူ ချိုဂါအိုသည် တာနီကိုအား မင်းသားကြီးလာလျှင် ခံတွေ့ဆုံရန်အတွက် ကူညီပြင်ဆင်ပေးလေသည်။ ရေမိုးချိုးပြီး အကောင်း အလှဆုံး အဝတ်အစားများဝတ်ဆင်လျက် ဆံပင်ကိုလည်း အထူးတလည် ပြင်ပေးလေသည်။

တာနီကိုကမူ ဂျော်ဘူထွက်ခွာသွားသည့်အတွက် အလွန်စိတ်မကောင်း ၍ မင်းသားကြီးနှင့် တွေ့ဆုံချင်စိတ် လုံးဝမရှိဘဲ ဖြစ်နေရှာလေသည်။

"ကျွန်မက အရက်နှစ်ဆယ်လုံးလုံး ခရီးသွားခဲ့ရလို့ အလွန်ပင်ပန်း ပါတယ်၊ မင်းသားကြီးက ကျွန်မကို ဒီနေ့ညတစ်ညလောက်မှ အနားမပေး ဘူးလား"

ဤသို့ပင် တာနီကိုက အဒေါ်ဖြစ်သူအား အရေးဆိုပြောကြည့်သေး သည်။ သို့သော် အဒေါ်ချိုဂါအိုက ခေါင်းခါပြလေသည်။

"မင်းသားကြီးက နိုင်ငံရဲ့ အလုပ်တာဝန်တွေ အလွန်များပြားနေလို့ ခြားအချိန်မအားဘူးကွဲ့၊ ညည်း ဦးလေးကိုသူက ဒီအတိုင်းပြောခဲ့တယ်၊ သားကြီးဟာ ဘုရင်ဧကရာဇ်ရဲ့ အတိုင်ပင်ခံတစ်ဦးလဲ ဖြစ်တယ်၊ နောက်ပြီး ညည်းကို အလွန်တွေ့ချင်နေပါသတဲ့၊ ဒီလိုစိတ်ပါတက်ကြွတဲ့ ခင်ပွန်း င်းမျိုးရတာ ညည်းကံကောင်းတယ်လို့ဆိုရမယ်၊တစ်ဘက်က ကြည့်ပြန် လည်း မင်းသားကြီးအနေနဲ့ ညည်းလို ဖနီးငယ်ငယ်လှလှကလေး ရတာဟာ ကံကောင်းတာဘဲ၊ မင်းသားကြီးဟာ ညည်းကို မြင်လိုက်ရင် ပိုပြီးတော့တောင် ပါတက်ကြွလာဦးမယ်"

တာနီကိုသည် အကြီးအကျယ် စိတ်ပျက်နေမိလေသည်။မိမိထက် ကျမ်းများစွာကြီးသူ မင်းသားကြီးဟိုရီဂါဝါနှင့် ထိမ်းမြားလက်ထပ်ရမည့် ရေးကိုမည်သို့ ရင်ဆိုင်ရပါမည်နည်းဟု စဉ်းစားရင်း အလွန်စိတ်ဓာတ်ကျ ရှာလေသည်။

အထူးသဖြင့် ဂျော်ဘူအားသတိရနေမိလေသည်။ ဂျော်ဘူနှင့်မတွေ့ဆုံမီက

www.burmeseclassic.com

www.burmeseclassic.com



လျှင် လူသားတို့၏ အချစ်အကြောင်းလုံးဝ နားမလည်ခဲ့ချေ။ အခုတော့ ဂျော ရည်ငံမြတ်နိုးပြီးနောက် မိမိ၏ခန္ဓာကိုယ်ကို အခြားယောကျ်ားတစ်ဦးလက် ပေးအပ်ရန် အလွန်ဝန်လေးနေမိလေသည်။

အဒေါ်ဖြစ်သူ ချိုဂါအိုနှင့် မိန်းကလေးဖော် နှစ်ဦးတို့က တာနီကိုအ ဝတ်စားပြင်ဆင်ပေးနေကြသည်မှာ အလွန်အချိန်ကြာလှပေသည်။

ထိုအတောအတွင်း တာနီကိုက မှတ်တမ်းစာအုပ်တွင် စာရေးမည် ပြောသောအခါ အဒေါ်ဖြစ်သူက ကန့်ကွက်လသည်။ စာရေးလျှင် လက်ချော များတွင် မင်မပေစွန်းပြီး အရုပ်ဆိုးနေလိမ့်မည်ဟုပြောသည်။ တာနီကိုကလည် သူမသည် စာရေးလျှင်မည်သည့်အခါမျှ လက်တွင်မင်မပေစွန်းတတ်ပါဟုပြ ပြောသည်။

သို့နှင်ပင် တာနီကိုသည် ဖယောင်းတိုင်တစ်တိုင် ထွန်းညှိ၍ မှတ်တမ် စာအုပ်တွင် စာရေးနေလေသည်။

အတန်ကြာသောအခါ အပြင်ဘက်ပန်းခြံထဲမှ လူသံသူသံ ဆူဆူညံ ကြားရလေသည်။ အဒေါ်ချိုဂါအိုသည် ပြတင်းပေါက်မှ လှမ်းကြည့်ပြီး-

''သူလာပြီ-သူလာပြီ''ဟု အော်ပြောလေသည်။

တစ်ချိန်တည်းမှာပင် တာနီကို၏ အခန်းထဲတွင် ရှိနေသူအိမ်ဖေ မိန်းကလေးများအား အပြင်ဘက်သို့ နှင်လွှတ်လိုက်သည်။ ထို့နောက် တာနီ ရှေ့တည့်တည့်တွင် ရင်းလိုက်ကာ တစ်ခုထောင်ထားလိုက်သည်။ ဤကားရှေ ခေတ် ဂျပန်ပြည်၌ ရိုးရာဓလေ့တစ်ခုပင်ဖြစ်သည်။ အထက်တန်းလွှာ အမျိုးသ များသည် ယောကျ်ားဧည့်သည်နှင့်တွေ့ဆုံစကားပြောလျှင် လိုက်ကာ နောက် ကွယ်မှနေ၍ စကားပြောကြရလေသည်။

အဒေါ်ဖြစ်သူ ချိုဂါအိုသည် တာနီကို၏ မှတ်တမ်းစာအုပ်ကိုဆွဲယူပြ ဗီရိုအံဆွဲတစ်ခုထဲထည့်လိုက်ပြီးနောက်-

''ဟော့-ညည်းဟာအိပ်ချင်ဟန်ဆောင်လိုက်ပါ''ဟုအကြံပေးေ သည်။

ထိုအချိန်မှာပင် အပြင်ဘက်ဝရမ်တာမှ လှုပ်ရှားသံလိုလိုကြား လိုက် ပြီးနောက် လူပုပုဝဝဖိုင့်ဖိုင့်တစ်ယောက်သည် အခန်းတွင်းသို့ဝင်လာလေသည် သူ၏ဦးခေါင်းပေါ်တွင်အနက်ရောင်ဦးထုပ်တစ်လုံး ဆောင်းထားလေသည်။



အဒေါ်ဖြစ်သူက အိပ်ချင်ယောင်ဆောင်နိုင်းသည်ကို ဂရုမစိုက်ဘဲ နီကိုသည် လိုက်ကာအတွင်းမှနေ၍ သူမလက်ထပ်ရမည့်လူကို အကဲခတ် ည့်လိုက်သည်။ မျက်နှာကလေးငယ်ပြီး လေးထောင့်သဏ္ဍာန်ရှိကာ မှတ်ဆိတ် ကြီးနှင့် အတော်ပင်အကြည့်ရဆိုးလေသည်။ သူသည် မောပန်းလာဟန်ဖြင့် နှာကို ယပ်ထောင်တစ်ခုဖြင့် ယပ်ခတ်လျက်ရှိလေသည်။

ကာရံထားသော လိုက်ကာကိုကြည့်ပြီးနောက်

''ဟော့-မင်းကအထဲမှာ ရှိနေသလား''ဟု လှမ်းမေးလိုက်သည်။

''ဟုတ်ကဲ့ မင်းသားကြီးရှင့်၊ ကျွန်မဒီမှာရှိနေပါတယ်''

တာနီကိုက ခပ်တိုးတိုးပြန်ပြောလိုက်သည်။

''ဟုတ်လား-ကောင်းတယ်၊ ကောင်းတယ်၊ ဒါဖြင့် မင်းကို နီးနီးကပ် ကြည့်ရအောင် ငါပါလိုက်ကာ အတွင်းဘက်ကို ဝင်လာခဲ့မယ်''

ပြောပြောဆိုဆို မင်းသားကြီး ဟိုရိဂါဝါသည် လိုက်ကာဘေးမှပတ် ၍ ဝင်လာပြီး တာနီကို၏အနီးတွင် ဝင်ထိုင်လိုက်သည်။

မင်းသားကြီးက တာနီကို၏ လက်တစ်ဘက်ကိုရုတ်တစ်ရက် ဖမ်းကိုင် ထ်သည်။ သူမသည် လက်ကို အတင်းရုန်းဖယ်လိုက်မည် ကြံသော်လည်း င့်တော်သဖြင့် အသာငြိမ်နေလိုက်ရသည်။ စိတ်ထဲတွက်ကား အဒေါ်ဖြစ်သူ ါအိုက သူတို့အားနှစ်ယောက်ချင်း လွှတ်ပေးထားလိုက်ပြီလေဟု တွေးနေမိ ည်။

မင်းသားကြီးသည် တာနီကို၏လက်ကို အသာပုတ်လိုက်ရင်း ပြုံးလိုက် ည်။

''မကြောက်ပါနဲ့ကွယ်၊ ငါကစိတ်ဆန္ဒစောသွားလို့ပါဟဲ...ဟဲ''

မင်းသားကြီးက ပါးစပ်ဟ၍ ရယ်လိုက်သောအခါ ရုတ်တရက်ဆိုလျှင် းတွေမရှိသလို ထင်ရသည်။ သို့သော်သေချာစွာ ကြည့်လိုက်တော့မှ ရှေး တ် ဂျပန်ပြည်နန်းတွင်းသားတို့ဓလေ့ထုံးစံအရ သွားများကို အနက်ရောင် းဆိုးထားခြင်းဖြစ်ကြောင်း သိရလေသည်။

မင်းသားကြီးသည် တာနီကိုအားခြေဆုံးခေါင်းဆုံးကြည့်နေပြန်လေ ည်။ ဆံပင်ထုံးဖွဲ့အလှပြင်ထားပုံမှစ၍ ဝတ်ရုံတွေအထပ်ပေါင်းများစွာ တ်ထားပုံကိုလည်းသေချာစွာ ကြည့်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



''အင်း…ကြားက အောင်သွယ်အပြောကောင်းသလောက် မင်း ကျေနပ် သဘောကျဖို့ ကောင်းပါပေတယ်''

ဤသို့ပြောရင်း မင်းသားကြီးသည် အနီးရှိ ဆာကေ(အရက်)ထည့် သောချိုင့်ကို ညွှန်ပြလိုက်သည်။

မင်းသားကြီးအား ဧည့်ခံရန်အတွက် အဒေါ်ချိုဂါအိုက ဆာကေအရ နှင့် ပုဂံနှစ်လုံးကို ကြိုတင်အသင့်ထားခဲ့ခြင်းဖြစ်သည်။

တာနီကိုလည်း ဆာကေအရက်ကို ပုဂံနှစ်လုံးတွင်အနည်းငယ်စီငှဲ့ပြီး နောက် တစ်လုံးကို မင်းသားကြီးအားလှမ်းပေးလိုက်သည်။ သူကိုယ်တိုင်အရ အနည်းငယ်သောက်လိုက်ရလျှင် စိတ်သက်သာရာ ရမည်လောဟုလည်းတွေး မိလေသည်။

မင်းသားကြီးသည်ဆာကေအရက်ကို သောက်လိုက်ပြီးနောက် လ တစ်ဘက်ဖြင့် တာနီကို၏ လည်ပင်းနောက်သို့ ဖမ်းကိုင်လိုက်သည်။

တာနီကိုသည်ကြောက်လွန်းသဖြင့် အသားများဆတ်ဆတ်တုန်ရှာ တော့သည်။

ဤသည်ကိုပင် မင်းသားကြီးက သဘောကျဟန်ဖြင့်

''လှောင်အိမ်ထဲမိနေတဲ့ ငှက်ကလေးက ကြောက်လို့တုန်နေသလိုပါ လား''ဟုပြောလိုက်သည်။

''မင်းသားကြီးရှင့်၊ ဒီလိုလုပ်တာ မတော်ပါဘူး၊ ယဉ်ကျေးသိမ်မွေ့ မရောက်ပါဘူး၊ အချိန်တွေအများကြီးရှိပါသေးတယ်၊ ကျွန်မက အတွေ့အကြုံ လုံးဝမရှိသေးတဲ့ မိန်းကလေးတစ်ယောက်ဖြစ်လို့ တောင်းပန်ပါရစေ၊ ခ သည်းခံပါဦး''

တာနီကိုက တိုးလျှိုးတောင်းပန်ပါသော်လည်း မင်းသားကြီးသည် ဂရုမစိုက်ဘဲ အလွန်ကြမ်းတမ်းစွာနှင့်ပင် တာနီကိုအားအခမ္မ သိမ်းပိုက်လို လေတော့သည်။

တာနီကိုခမျာ မျက်ရည်များပင်ကျကာ ဟစ်အော်ငိုကြွေးမိလေသည် မိမိတို့ ယဉ်ကျေးမှု ထုံးစံအရ ငြင်းဆန်၍လည်းမဖြစ်သောကြောင့် ကြိတ်မှိတ် ခံလိုက်ရကာ အကြီးအကျယ် ဝမ်းနည်းယူကျုံးမရ ဖြစ်မိရှာလေသည်။ သူမ ခန္ဓာကိုယ်သည် မသန့်ရှင်းတော့ပါတကားဟုလည်းတွေးမိလေသည်။



မင်းသားကြီး ဟိုရီဂါဝါကမူ အလွန်ကျေနပ် သဘောကျနေပုံရ သည်။

''အင်း…အခုမှ ငါ့စိတ်တွေပြေသွားတော့တယ်၊ ငါကအလုပ်တာ တွေ အလွန်များတော့ အိမ်ထောင်ရေးကိစ္စ စိတ်မကူးနိုင်တာကြာလှပြီ၊ တော့ ငါစိတ်ကျေနပ် ပျော်ရွှင်သွားတယ်၊ အလုပ်တွေကိုကောင်းကောင်း စိုက် လုပ်နိုင်တော့မယ်''

မင်းသားကြီးက ပြောလိုက်ရာ တာနီကိုလည်း မကောင်းတတ်သဖြင့်-

''ကျွန်မမင်းသားကြီးကို အခုလို ကူညီနိုင်တဲ့အတွက် ဝမ်းမြောက်ပါ ရှင့်''ဟု အလိုက်သင့် ပြောလိုက်ရလေသည်။

''အေးကွာ-ကျေးဇူးတင်ပါတယ်၊ တကယ်တော့ ငါက ဒီနေ့ည ညလုံး မင်းနဲ့အတူနေချင်ပါတယ်၊ ဒါပေမယ့် ငါ့မှာ အလုပ်တာဝန်တွေက အရေးကြီးနေတယ်၊ ဒါကြောင့် အခုပဲငါပြန်သွားရလိမ့်မယ်''

မင်းသားကြီးက ဤသို့ပြောလိုက်လျှင် တာနီကိုသည်သဘောကျသွားမိ သည်။ သို့သော် ဟန်ဆောင်လျက်-

''ဟင်…အခုညပဲပြန်သွားရမယ်ဆိုတော့ မြို့တော်ရဲ့လမ်းတွေက သားကြီးအတွက်အန္တရာယ်များရှိနေမလား၊ မနေ့ညက တိုက်ကြခိုက်ကြ ကြနဲ့ ကျွန်မတော့ စိုးရိမ်မိပါတယ်''ဟုပြောလိုက်သည်။

''အေး မင်းက ငါ့အတွက် စိုးရိမ်လို့ပြောတာကို ကျေးဇူးတင်ပါတယ်၊ မပူပါနဲ့၊ ဝန်ကြီးတစ်ဦးဖြစ်တဲ့ ဆိုဂါမိုရီက ငါ့အတွက် လက်နက်ကိုင် ရိုင်းစစ်သည်တွေအပြည့်ပေးထားပါတယ်၊ မြို့တော်အတွင်း ဆူပူသူတွေ တော့ ဘုရင်ဧကရာဇ်ရဲ့ အာဏာကို ဖီဆန်တဲ့ သူပုန်သောင်းကျန်းသူတွေသာ တယ်၊ သူတို့အားလုံးကို မကြာခင် နှိမ်နင်းပေးသွားမှာပါ၊ ဒီတော့မင်းလည်း မှကြောက်စရာမရှိတော့ဘူး''

ထိုစကားသည် မမှန်ဘဲ မင်းသားကြီးက လိမ်လည်လုပ်ကြံ ပြောခြင်း ကြောင်း တာနီကို၏ စိတ်ထဲမှ သိနေလေသည်။ ဆူပူသူများသည် သူပုန်များ တ်၊ တစ်ဘက်နှင့်တစ်ဘက်ယှဉ်ပြိုင် အာဏာလုနေကြသော ဆန့်ကျင်ဘက် စုများသာဖြစ်ကြောင်း သူမ သိထားပြီးဖြစ်သည်။

ထိုခေတ်က ဂျပန်ပြည်၏ ဘုရင်ဧကရာဇ်သည် တကယ့်အာဏာ ဘဲ စစ်သည်လက်နက် အင်အားအကြီးမားဆုံးအုပ်စုရှိသောလျှင် ဩဇာ

www.burmeseclassic.com

www.burmeseclassic.com



လွမ်းမိုးသောခေတ် ဖြစ်လေသည်။

''မင်းသားကြီးရှင့်၊ အခုပြောတဲ့ သူပုန်သောင်းကျန်းသူတွေဆိုတာ မှုရာမိုတိုမိသားစုက လူတွေများလားဟင်၊ ကျွန်မနားမလည်လို့ မေးတာကိုလည်း ခွင့်လွှတ်ပါနော်''

တာနီကိုက မသိဟန်ဆောင်၍ စကားနှိုက်ကြည့်လိုက်သည်။

သို့သော် မင်းသားကြီး ဟိုရီဂါဝါက ထိုမေးခွန်းကိုမဖြေဘဲ

''ဒါတွေ မမေးပါနဲ့ကွာ၊ မိန်းမတွေဆိုတာ ဘာမှသိဖို့မလိုဘူး'' ဟုဖြေ ပြောလေသည်။

တာနီကိုသည် စိတ်ထဲမှ ဒေါသဖြစ်မိသော်လည်း စိတ်ကိုချုပ်တည်း လျက်-

''ဒါပေမယ့် ကျွန်မက မင်းသားကြီးအပေါ်အထူးစိတ်ဝင်စားမိလို့ပါ၊ ဒါကြောင့် မင်းသားကြီးနဲ့ပတ်သက်တဲ့ ပတ်ဝန်းကျင် အကြောင်းကိုလဲ စိတ်ဝင်စားလို့ အခုလိုမေးလိုက်မိတာပါရှင်''ဟုပြောလိုက်ပြန်သည်။

''အေး၊ မင်းစကားပြောလိုက်ပုံက လိမ္မာပါတယ်၊ နောက်အခေါက်တွေ ငါလာတဲ့ အခါကျမှ နိုင်ငံတော် အကြောင်း မင်းသိသင့်သလောက် သိအောင်ပြောပြမယ်၊ အခုလောလောဆယ်မှာတော့တို့က နိုင်ငံတော်ကို တည်တံ့ခိုင်မြဲအောင် အစွမ်းကုန် ထိန်းသိမ်းစောင့်ရှောက်နေကြတယ်လို့သာ မှတ်ထားပေတော့၊ သောင်းကျန်းနေတဲ့ သူပုန်တွေကိုတော့ ရက်ရက်စက်စက် နှိမ်နင်းရမှာပဲ၊ ဒါကြောင့် နောက်ထပ် သွေးထွက်သံယိုမှုတွေ ဖြစ်ရလိမ့်ဦးမယ်၊ လူတွေအတော်များများလဲသေကြရလိမ့်မယ်''

ဟိုရီဂါဝါ၏ စကားကိုကြားလျှင် တာနီကိုသည် ကျောချမ်းလောက်အောင်တုန်လှုပ်သွားမိလေသည်။ သူမ၏စိတ်ထဲတွင် မင်းသားကြီးဟိုရီဂါဝါကိုယ်တိုင်က အလွန်ရက်စက်ကြမ်းကြုတ်ပြီး သတ်ချင်ဖြတ်ချင်စိတ်အားကြီးသည်ဟု ယူဆမိလေသည်။

တာနီကိုကိုယ်တိုင်က ဆာမူရိုင်းစစ်သည် အများအပြားကို တွေ့ဆုံဖူးရာ ယခုမင်းသားကြီးဟိုရီဂါဝါလောက် ရက်စက်ကြမ်းကြုတ်ပြီး သွေးဆာသူမျိုး တစ်ဦးတစ်ယောက်မျှ မတွေ့ဖူးချေ။

တာနီကိုသည် လက်ဝါးနှစ်ဘက်ကို ကြမ်းပြင်ပေါ်သို့ချ၍ ဦးညွှတ် အလေးပြုလိုက်သည်။



''မင်းသားကြီးလို ဩဇာကြီးမားတဲ့ ပုဂ္ဂိုလ်တစ်ဦးက ကျွန်မဆီကို ရောက်တဲ့အတွက် အထူးပဲဂုဏ်ယူမိပါတယ်''

တာနီကိုက ရိုသေစွာနှုတ်ဆက်လိုက်ပြီးနောက် ဟိုရီဂါဝါလည်းထ၍ ထွက်သွားလေသည်။

အဒေါ်ဖြစ်သူ ချိုဂါအိုသည် ချက်ချင်းပင် ရောက်လာကာ တာနီကို အတွက် ရေနွေးနှင့် မျက်နှာသုတ်ပဝါများ ယူလာပေးလေသည်။

တာနီကိုမှာ ဝမ်းနည်းလွန်းသဖြင့် မျက်နှာကို လက်ဝါးဖြင့်အုပ်ပြီး ငိုကြွေးနေရှာလေသည်။

''ဘယ့်နှယ်လဲ တူမကြီး၊ ဘာဖြစ်လို့ ငိုနေရတာလဲကွဲ့''

ချိုဂါအိုက ကြင်နာယုယစွာဖြင့် မေးသော်လည်း တာနီကိုက ငိုမြဲငို လေသည်။

''ကျွန်မတော့ ဒီလူကြီးနဲ့မဖြစ်ပါဘူး အန်တီရယ်''

''ဟဲ့ မဖြစ်လို့မရဘူးကွဲ့၊ ညည်းက မင်းသားကြီးနဲ့ထိမ်းမြားလက်ထပ် ရမှာပဲ၊ ညည်းရဲ့မိသားစုအဖို့ ဒီလက်ထပ်ရမယ့် လူကလည်း အလွန် ဂုဏ်အဆင့်အတန်းမြင့်တဲ့ ပုဂ္ဂိုလ်ကြီးဖြစ်တယ်''

''ဟင့်အင်း ကျွန်မ သူနဲ့လက်မထပ်ချင်ဘူး''

''ဒီမယ် တာနီကို၊ ညည်းဟာ ဆာမူရိုင်း အနွယ်ဝင်တစ်ဦးဖြစ်တယ်၊ ဒါကြောင့် ညည်းစိတ်ထဲက ဖြစ်ပေါ်ခံစားချက်ဟာ အဓိကမဟုတ်ဘူး၊ မိသားစု အပေါ် တာဝန်ကသာ အရေးကြီးတယ်၊ ယောကျ်ားတွေဆိုရင် စစ်တိုက်ရင်း အသက်စွန့်ရသလို မိန်းကလေးတွေကလဲ မိသားစုက သင့်တော်လို့ စီစဉ်တဲ့လူနဲ့ လက်ထပ်ယူရတယ်၊ သားသမီးတွေမွေးရတယ်၊ ဒါကိုညည်းရဲ့ မိခင်က သင်ပေးလိုက်ဘူးလား''

''ဟုတ်ကဲ့ သင်ပေးပါတယ်'' တာနီကိုက ခပ်တိုးတိုးပြန်ပြောလိုက် သည်။

''ဒါဖြင့်လည်း အဲဒီအချက်တွေကို မမေ့ပါနဲ့၊ ဆာမူရိုင်းဆိုတာ မိမိရဲ့ ကိုယ်ရေးကိုယ်တာဘဝကို မတပ်မက်ရဘူး၊ မင်းသားကြီးကလည်း ဘာမှန်း မသိဘူး၊ ညည်းနဲ့အတူ တစ်ညလုံးနေဖို့ ကောင်းတယ်၊ အခုတော့ ချက်ချင်းပဲ ပြန်သွားတယ်''

www.burmeseclassic.com

www.burmeseclassic.com



ချိုဂါအိုက ဖျောင်းဖျပြောလိုက်သဖြင့် တာနီကိုလည်းမျက်စိမှိတ်ပြီး လှဲအိပ်နေလိုက်သည်။

စိတ်ထဲတွင်ကား မင်းသားကြီးဟိုရီဂါဝါအား အထူးပင် စက်ဆုပ်ရွံရှာ မုန်းနေမိသည်။

"ကျွန်မက ဒီလူကြီးဆီက ဘာမှလည်း မလိုချင်ပါဘူးအန်တီရယ်…"

"အေး…ကောင်းတယ်၊ ဆာမူရိုင်းဆိုတာ လိုချင်တပ်မက်မှုမရှိဘဲ ရောင့်ရဲရတယ်ကွဲ့"

+++

## တာနီကို၏ မှတ်တမ်းစာအုပ်မှ ကောက်နုတ်ချက်

ကျွန်မနဲ့ လက်ထပ်ရမည့် မင်းသားကြီးဟိုရီဂါဝါထံမှ စာတစ်စောင်ကို နောက်တစ်နေ့နံနက်တွင် ရရှိခဲ့ပါသည်။ စာနှင့်အတူအချစ်အကြောင်း ကဗျာတို တစ်ပုဒ်လည်းပါသည်။ သို့သော်စာက ဝတ်ကျေတန်းကျေ ပေါ့ပေါ့ဆဆပင် ရေးထားသောစာဖြစ်ပါသည်။ သို့သော်ကျွန်မအနေဖြင့် မိသားစုကိုငဲ့၍ သည်းခံ ပြီးနေရပါသည်။

စိတ်မချမ်းသာစွာဖြင့် နေရသည့်ကြားမှ အနည်းငယ် စိတ်သက်သာ ပျော်ရွှင်မှုရစေသည်မှာ လက်သမားဆရာ မိုကိုနှင့်စကားပြောရခြင်းပင် ဖြစ်သည်။ ဤအိမ်ကြီးတွင်ပြုပြင်စရာ အတော်များများရှိနေသဖြင့် ကျွန်မသည် မိုကိုအား လက်သမားအလုပ်အကြောင်း ညွှန်ကြားချက်ပေးသယောင် နေ့စဉ်တွေ့ ဆုံ၍ စကားပြောခဲ့ပါသည်။ ဤနည်းအားဖြင့် မိုကိုက မြို့တွင်း သို့ထွက်စဉ် ရရှိခဲ့သောသတင်းများကိုကြားသိရပါသည်။

ဟီယန်ကျိုမြို့တော်အတွင်း၌ ဆာမူရိုင်းတို့သည် သူတို့ဓားရှည်ကြီးများ ကိုင်ဆောင်လျက် သွားလာနေကြကြောင်း သိရပါသည်။ လမ်းသွားလမ်းလာများ ကို ဆာမူရိုင်းများက ရပ်တန့်၍ စစ်ဆေးလေ့ရှိကြပါသည်။ တာကာရှီ အုပ်စုထဲ ထောက်ခံသလော၊ သို့မဟုတ် မူရာတိုမိုဘက်သားလောဟု မေးကြသည်။ ရံဖန်ရံခါ ယင်းသို့စစ်ဆေးမေးမြန်း၍ သွေးထွက်သံယိုမှုများ ဖြစ်ပွားတတ် ပါသည်။

တာကာရှီ အုပ်စုခေါင်းဆောင် ဆိုဂါမိုရီနှင့် မူရာမိုတိုခေါင်းဆောင် ဒိုမေတို့ကမူ လူကြီးများအနေဖြင့် ဤသို့ ပဋိပက္ခမှုများ ဖြစ်ပွားနေသည်ကို



…လိုလားကြဟုသိရပါသည်။ မည်သို့ပင်ဖြစ်စေ မြို့တော်တွင်း ဆူပူသောင်း …မှု အခြေအနေမှာ ကျွန်မရောက်ရှိလာသည့် ညကလောက် မဆိုးလှပါချေ။

ထိုညက လပြည့်နေ့ညဖြစ်၍ လရောင်ကြောင့် လူတွေစိတ်ဖောက် …ခြင်းပင် ဖြစ်လေသလော မပြောတတ်ပါ။

လက်သမားဆရာ မိုကို၏ သတင်းပေးချက်အရ မူရာတိုမို အကြီးအကဲ …သည် မကြာခဏကြုံးဝါးနေသည်ဟု ဆိုပါသည်။ ကြုံးဝါးပုံမှာ ရှေးဟောင်း …တ်ပညာရှင်ကြီး ကွန်ဖူးရှပ်စ်၏ အဆိုအမိန့်တစ်ခုကို ကိုးကားပြောဆိုသည်ဟု …ပါသည်။ ယင်းအဆိုအမိန့်ကတော့ 'လူတစ်ယောက်သည် မိမိဖခင်အားသတ် …ခဲ့သူနှင့်အတူ အသက်ရှင်နေခြင်းငှာမသင့်'ဟူ၍ပင်ဖြစ်ပါသည်။ ကျွန်မ …လောက် ဒိုမေ၏ ဖခင်ကို သတ်ခဲ့သူမှာ မင်းသားကြီး ဟိုရီဂါဝါပင်ဖြစ်ရာ …အတိုင်းဆိုလျှင် ကျွန်မနှင့်လက်ထပ်ပြီး မကြာမီ မင်းသားကြီး အသတ်ခံ …က် ကျွန်မလည်း မုဆိုးမဖြစ်ရန် အလားအလာ ရှိနေပါသည်။

+++

မင်းသားကြီး ဟိုရီဂါဝါနှင့် ပထမဆုံးအကြိမ် တွေ့ဆုံဆက်ဆံခဲ့ရပြီး …ရက်ခန့်ကြာသောအခါ တာနီကိုအား အဒေါ်ဖြစ်သူကလာ၍ မင်းသားကြီး …ယအကြိမ် ညလာအိပ်မည်ဖြစ်၍ အသင့်ပြင်ဆင်ထားရန် ပြောလေသည်။

တာနီကိုမှာ အလွန်စိတ်ညစ်မိသော်လည်း မည်သို့မျှ မတတ်နိုင်ဘဲ …သားကြီး ရောက်လာသောအခါ လက်ခံတွေ့ဆုံ ရရှာလေသည်။

ထို့နောက် ဟိုရီဂါဝါသည် ကျေနပ်အားရဟန်ဖြင့် တရုတ်ဘာသာဖြင့် …တစ်ပုဒ်ရွတ်လိုက်သည်။

တာနီကိုကလည်း တရုတ်ဘာသာဖြင့်ပင် ထိုကဗျာကို တုံ့ပြန်သည့် …တစ်ပုဒ် ရွတ်ပြလိုက်ရာ မင်းသားကြီးဟိုရီဂါဝါသည် ရုတ်တရက် အံ့အား …သွားလေသည်။

"မင်းက တရုတ်ဘာသာတတ်သလား"

"ကျွန်မတို့မိသားစုက ကုန်ကူးသန်းရောင်းဝယ်ရေးလုပ်တော့ တရုတ် …နဲ့ ဆက်ဆံရပါတယ်၊ ဒါကြောင့် ကျွန်မရဲ့ ဖခင်ကြီးက သားသမီးတွေ …လည်း ဗဟုသုတပြည့်အောင် လေ့လာသင်ကြားစေခဲ့ပါတယ်၊ အဖေက

www.burmeseclassic.com

www.burmeseclassic.com



ပြောတော့ ပညာဗဟုသုတ ဆိုတာ လူရဲ့ခွန်အားတစ်မျိုးပဲတဲ့ရှင့်''

''အင်းမင်းလို ကလေးအရွယ်သာသာ တောသူမလေးတစ်ယောက်က ဒီလို အရည်အချင်းမျိုး ရှိမယ်လို့ ထင်စရာမရှိဘူး၊ ငါတို့ရဲ့ မိသားစုကတော့ မင်းသားတွေ၊ ပညာရှင်တွေချည်းမို့ တရုတ်ဘာသာကို လေ့လာသင်ကြားရတယ် ဒါထက် တရုတ်လိုစကားပြောတတ်တဲ့အပြင် ရေးတတ်ဖတ်တတ်သလား''

''ဟုတ်ကဲ့ရှင်၊ကျွန်မကအရေးနဲ့အဖတ်ကို စကားပြောထက်တောင် ပိုကျွမ်းကျင်ပါသေးတယ်''

''ဟုတ်လား၊ ဒါဖြင့်ဟန်ကျတာပဲ၊ ငါနဲ့လက်ထပ်ပြီးရင် မင်းက ငါရဲ့အတွင်းရေးမှူးအဖြစ် တာဝန်ယူရမယ်၊ တာကာရှိမိသားစုအနေနဲ့ ချမ်းသာကြွယ်ဝတာဟာ တရုတ်ပြည်နဲ့ ကုန်ကူးသန်းရောင်းဝယ်မှုကြောင့်ဖြစ်တယ် ငါကိုယ်တိုင်က တရုတ်ပြည်အကြောင်း ကောင်းကောင်းသိလို့ စီးပွားရေးမှာ အများကြီး အထောက်အကူဖြစ်ခဲ့တယ်၊ တရုတ်ပြည်နဲ့ဆက်ဆံရာမှာ အလွန်လျှို့ဝှက်သိမ်မွေ့ရတဲ့ သဘောရှိတယ်၊ ခက်တာက ယုံကြည်စိတ်ချရတဲ့တပည့်ကျော်ကျွန်က အလွန်ရှားတယ်။ ဒီအခြေအနေမှာ မင်းက တရုတ်လိုတတ်နေတော့ ငါ့အဖို့အများကြီး အသုံးဝင်လိမ့်မယ်''

''ဟုတ်ကဲ့ မင်းသားကြီးရှင့်''

ဤသို့သူ ပါးစပ်က ပြောလိုက်ရသော်လည်း တာနီကို၏ စိတ်ထဲတွင်ကား မိမိ၏အနာဂတ်ရေးအတွက် ယခုကပင် မင်းသားကြီးက ကြိုတင်ပြင်ဆင်ထားပြီးကြောင်း သိရ၍စိတ်ပျက်နေမိလေသည်။

သို့သော် ကြိုးစား၍စိတ်ကိုဖြေရလေသည်။ ဂျပန်ပြည်၌ မိန်းမအတော်များများသည် မိမိကဲ့သို့ပင်နှစ်လိုဖွယ်ရာမကောင်းသော ခင်ပွန်းယောက်ျားများနှင့် အိမ်ထောင်ကျရသည့်အဖြစ်မျိုး ရင်ဆိုင်နေကြရသည် မဟုတ်ပါလော။

မင်းသားကြီး ဟိုရီဂါဝါသည် ယခင်တစ်ခေါက်ကဲ့သို့ အလုပ်တာဝန်များလွန်း၍ ညလုံးပေါက် မနေနိုင်ဟုဆိုကာ ပြန်သွားလေသည်။

တစ်ယောက်တည်း ကျန်ရစ်တော့မှ တာနီကိုသည်ဝမ်းနည်းလွန်းသဖြင့် ရှုံ့ပွဲချ ငိုကြွေးနေရှာလေသည်။

သူမအနေဖြင့် မင်းသားကြီး ဟိုရီဂါဝါနှင့် ထိမ်းမြားလက်ထပ်ရန် လုံးဝမလိုလားချေ။ သို့သော် မိမိတို့ အိမ်ထောင် မိသာစုကိုငဲ့၍ ငြင်းဆန်ရန်ကလည်း မဖြစ်နိုင်လေရာ အသက်ထက်ဆုံး မင်းသားကြီး၏ ဇနီးမယားအဖြစ်



ခေမ်းသာစွာ နေသွားရမည့်အရေးကို တွေးပြီး စိတ်မချမ်းမသာ ဖြစ်နေလေသည်။

ကိုယ့်ကိုယ်ကိုယ် သတ်သေလိုက်ရ ကောင်းမည်လောဟုလည်း တွေးမိသည်။ သို့ရာတွင် သူမ၏ နှလုံးသားအတွင်းမှဆန္ဒက အသက်ရှင်၍ ချင်စိတ်ဖြစ်နေပေသည်။

တာနီကိုသည်လည်း ဟိုရီဂါဝါကဲ့သို့ပင် စိတ်ဓာတ်ပြင်းထန်ခိုင်မာရာ တစ်နေ့ကျလျှင် မင်းသားကြီး၏ စက်ဆုပ်ဖွယ်ရာ အပြုအမူများကို သွားအောင် လုပ်နိုင်လိမ့်မည်ဟုလည်း မျှော်လင့်မိလေသည်။

မင်းသားကြီးသည်မိမိထက် အသက်လေးဆယ်ကျော်ပိုကြီးလေရာ ဖြည်းဖြည်းနှင့်ခွန်အားလျော့ပါးလာသည်နှင့် ကိုင်တွယ်ရ လွယ်ကူလာသည်။

ယခုမိမိက စိတ်ရှည်ရှည်နှင့် သည်းခံစောင့်ဆိုင်းနေလိုက်ခြင်းအားဖြင့် နေ့ကျလျှင် မင်းသားကြီး၏လက်မှလွတ်မြောက်နိုင်သည့် အချိန်ကို စောင့်ရန်ရှိပေတော့သည်။

နောက်တစ်ခုက သူမသည် မင်းသားကြီး ဟိုရီဂါဝါ၏ တရုတ်ပြည်နှင့် သွယ်ကုန်ကူးခြင်း လုပ်ငန်းကို စိတ်ဝင်စားမိလေသည်။ တာနီကိုအနေဖြင့် သိရှိထားသော တရုတ်ပြည်အကြောင်းများမှာ လွန်ခဲ့သော နှစ်ပေါင်း ရာနှင့်ကဖြစ်သည်။

ထိုအတောအတွင်း တရုတ်ပြည်ကြီး၌ အခြေအနေအမျိုးမျိုး ပြောင်းလဲ ရှိနေပြီဖြစ်သည်။

ဟိုရီဂါဝါ၏ တရုတ်ပြည်နှင့် ဆက်သွယ်မှုများကို မိမိကူညီလုပ်ကိုင်လျှင် မျက်မှောက်ခေတ် တရုတ်ပြည်၏ အခြေအနေများကို သိရှိနား နိုင်မည် ဖြစ်ပေသည်။

ဤသို့ပင် တာနီကိုသည် အလွန်စိတ်ဝင်စားဖွယ်ကောင်းလိမ့်မည်ဟု မိလေသည်။

+++

နောက်ငါးရက်ကြာသောအခါ မင်းသားကြီးဟိုရီဂါဝါသည် တစ် တ်လာပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးတော်ရှုအီချီသည် မင်းသားကြီးအား ဧည့်ခံရန်အတွက် တာနီကို၏အခန်းတွင် စားကောင်းသောက်ဖွယ်များ လာရောက်တည်ခင်းပေး ထားလေသည်။

မင်းသားကြီးသည် နွားဆွဲသော ရထားတစ်စင်းကို စီးလျက်အိမ်ဝင်းအတွင်းသို့ ထည်ဝါကြွားဝင့်စွာ ဝင်လာလေသည်။

ထုံးစံအတိုင်း မင်းသားကြီးသည် ခရီးရောက်မဆိုက်မှာပင် တာနီကို၏အခန်းတွင်းသို့ ဝင်လာကာအတင်းအိပ်လေသည်။

ထို့နောက် နှစ်ယောက်သား ထမင်းလက်ဆုံ စားကြလေသည်။

ဤကား ရှေးခေတ်ဂျပန်လူမျိုးတို့၏ ရိုးရာဓလေ့တစ်ခုပင်ဖြစ်သည်။ ယောကျာ်းနှင့်မိန်းမ အတူ ထမင်းလက်ဆုံစားကြပြီး သည့်နောက်တွင် သူတို့နှစ်ဦးထိမ်းမြားလက်ထပ်ရန် အခိုင်အမာ စာချုပ်ချုပ်ပြီးသည့်သဘော ဖြစ်သွားလေသည်။

ထို့ကြောင့် တာနီကိုသည် အကြီးအကျယ် စိတ်မကောင်း ဖြစ်မိရှာလေသည်။ မင်းသားကြီး ဟိုရီဂါဝါနှင့် လက်ထပ်ရမည့် အရေးတွင် မည်သို့မျှ နောက်ဆုတ်၍ မရတော့။ တစ်သက်လုံး စိတ်ဆင်းရဲစွာဖြင့် နေသွားရတော့မည် ဖြစ်ပေသည်။

တာနီကိုသည် ဆာမူရိုင်းမျိုးရိုး အနွယ်ဖြစ်၍ စိတ်ဆင်းရဲမှုကို ကြံ့ကြံ့ခံရမည်ဟု သိထားပြီးဖြစ်သည်။ သို့သော် ဆာမူရိုင်းယောကျာ်းများ စစ်တိုက်ရင်း မြန်မြန်သေရတာကမှ တော်သေးသည်ဟု တွေးမိလေသည်။ မိမိတို့ မိန်းမသားတွေကတော့မြန်မြန် မသေရဘဲ ဖြည်းဖြည်းချင်း ဝေဒနာခံစားရင်းသေရသည်နှင့်မခြား စိတ်ဆင်းရဲစွာဖြင့် လူ့ဘဝတွင်နေသွားရမည် တကားဟု စဉ်းစားရင်း စိတ်မကောင်းဖြစ်မိရှာလေသည်။

အရေးထဲ ဟိုရီဂါဝါသည် သူ့ကိုယ်သူ ကိုယ်ရည်သွေးသည့်စကားများ ပြောလိုက်သေးသည်။

"မင်းအနေနဲ့ ငါလို အထက်တန်းလွှာ မြို့ကြီးသားတစ်ဦးနဲ့ လက်ထပ်ရတာ အလွန်ကံကောင်းတယ်မှတ်ပါ၊ မင်းဟာ ကျေးလက်တောသား တစ်ယောက်နဲ့ အိမ်ထောင်ကျရမယ်ဆိုရင် ဘယ်လိုဘဝမျိုး နေရမယ်ဆိုတာကို စားသာကြည့်တော့"



ဤသို့ ကြွားဝင့်စွာ ပြောလိုက်သော်လည်း တာနီကို၏စိတ်ထဲတွင် လွန်ခဲ့သောလေးနှစ်ခန့်က လူအမြောက်အမြား သတ်ဖြတ်ကွပ်မျက်ခဲ့စဉ်က ဟိုရီဂါဝါ သည် အဓိကပါဝင်ခဲ့ကြောင်းကို မှတ်မိနေသဖြင့် သူလိုလူသတ်သမား တစ်ယောက်နှင့်လက်ထပ်ရခြင်းထက် ကျေးတောသားလူရိုးလူအတစ်ယောက်၏ မယားဖြစ်ရတာကမှ တော်သေးမည်ဟု အောက်မေ့မိလေသည်။

မင်းသားကြီး ဟိုရီဂါဝါသည် သူ၏အင်္ကျီအတွင်းမှ စာရွက်လိပ်တစ်လိပ်ကိုဆွဲထုတ်လိုက်သည်။

"ဒါဟာတရုတ်ပြည်က ဘုန်းကြီးတစ်ပါးဆီက ပေးပို့လိုက်တဲ့ အစီရင်ခံစာဖြစ်တယ်၊ အဲဒါကို မြို့စားကြီး ဆိုလာမိုရီကို တင်ပြဖို့ ရည်ရွယ်တယ်၊ ဒါ့ကြောင့် မင်းကဂျပန်လိုဘာသာပြန်ပြီး လက်ရေးလှလှနဲ့ ရေးပေးရမယ်။ မင်းရဲ့လက်ရေးက ကောင်းတယ်မဟုတ်လား"

"ကျွန်မရဲ့လက်ရေးကို ချီးကျူးကြရပါတယ်။ ဒါပေမယ့် ကျေးလက်တောသူမ အရိုင်းအစိုင်းဆိုတော့ လက်ရေးက အသင့်အတင့်ပဲရှိမှာပေါ့"

တာနီကိုက တမင်ရှဲ့ပြောလိုက်သော်လည်း မင်းသားကြီးသည် ဂရုမစိုက်ဘဲ ဆက်ပြောလေသည်။

"မြို့စားကြီး ဆိုလာမိုရီဆိုတာ အရေးကြီးတဲ့ပုဂ္ဂိုလ်တစ်ဦးဖြစ်တယ်။ ...နဲ့ မင်းအပေါ်မှာ အထင်မသေးဘဲလိုလားအောင် ကြိုးစားဖို့လိုတယ်ကွ"

ဤတွင်တာနီကိုသည် စာရွက်လိပ်ယူ၍ ခေါင်းအုံးအောက်တွင်သိမ်းထားလိုက်သည်။

တရုတ်ပြည်မှ စာကိုသူမသည် အလွန်စိတ်ဝင်စားမိသဖြင့် ချက်ချင်းဖတ်ကြည့်ချင်သော်လည်း တစ်ယောက်တည်း ရှိမှသာ ဖတ်ပါတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

ဟိုရီဂါဝါသည် ရိုးရာဓလေ့ထုံးစံအတိုင်း တာနီကိုနှင့်အတူ ထမင်းလက်ဆုံစားရင်း အစဉ်အလာအရ အီဇာနာမီနှင့် ဒီဇာနာဂီနတ်များကို တိုင်တည်ပြီး ဆုတောင်းလေသည်။

စားသောက်ပြီးသောအခါ တာနီကိုက အသင့်ပြင်ပေးသော သစ်သားခေါင်းအုံးဖြင့် မင်းသားကြီးက လှဲအိပ်လိုက်သည်။ တာနီကိုသည်လည်း သူ၏ ...နေယှဉ်၍ လှဲအိပ်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖယောင်းတိုင်မီးကိုငြိမ်းလိုက်ပြီး နှစ်ယောက်သား မှောင်ထဲ အိပ်ကြ...
ဟိုရီဂါဝါက ချက်ချင်းလိုပင် အိပ်ပျော်သွားလေသည်။ သို့သော်ငြိမ်သက်စွာ
မအိပ်ဘဲ အိမ်မက်ဆိုးများ မက်နေဟန်ဖြင့် ပါးစပ်မှ ဟစ်အော်ယောင်ယမ်း
ပြောဆိုနေလေသည်။

တာနီကိုကမူ တစ်ညလုံးလိုလို ကောင်းစွာအိပ်မပျော်ဘဲ စိတ်ဆင်း
ရဲနေရှာလေသည်။ မင်းသားကြီး ဟိုရီဂါဝါ အသက်မရှည်ပါစေနှင့်ဟုလည်း
မျှော်လင့်တောင့်တမိလေသည်။

+++

နောက်တစ်နံနက် မိုးသောက်သောအခါ ဦးလေးတော်ရှူအီချီ ခေါင်း
ဆောင်လျက် ဖုနီးချီဂါအိုး၊ သူတို့၏ ငါးနှစ်အရွယ်သားကလေး မူနီတိုရို
တို့သည် တာနီကို၏ အခန်းသို့လာ၍ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ချီးကျူး
ကြလေသည်။

ဂျပန်လူမျိုးတို့၏ ထုံးစံအရ သုံးညအတူအိပ်ပြီးနောက်ဆုံးညတွင်
ထမင်းလက်ဆုံစား၍ ဆုမွန်ကောင်းပြီးသည့်သဘော လင်မယားအရာမြောက်
ပြီဟု ယူဆကြသောကြောင့် လာရောက်ချီးကျူးနှုတ်ဆက်ကြခြင်းဖြစ်လေသည်။

သို့ဖြစ်လင့်ကစား ရှေးရာခလေ့ထုံးစံအရ တာနီကိုက ဤရှိမာမိသားစု
အိမ်မှာပင် ဆက်နေရမည်ဖြစ်ပြီး မင်းသားကြီး ဟိုရီဂါဝါကသာ သူလာချင်
သည့်အခါ လာရောက်၍ တာနီကိုနှင့်တွေ့ဆုံရမည်ဖြစ်လေသည်။

ညွှဲ့ခံပွဲ၊ ဂုဏ်ပြုပွဲစသော မင်းခမ်းမင်းနားပွဲများ ရှိသည့်အခါတွင်သာ
တာနီကိုက မင်းသားကြီး၏အိမ်သို့သွားရမည်ဖြစ်သည်။

တာနီကို၏စိတ်ထဲမှ မင်းသားကြီး မကြာခဏမလာပါစေနှင့်ဟုလည်း
ကြိတ်၍ဆုတောင်းမိလေသည်။

ထိုနေ့နံနက်တွင် ဟိုရီဂါဝါက တာနီကိုအား စာရွက်လိပ်တစ်လိပ်
ပေးလေသည်။

''အဲဒါငါ့ရဲ့ မင်္ဂလာညွှဲ့ခံပွဲကို ဖိတ်ရမယ့် ညွှဲ့သည်တွေရဲ့ စာရင်းပဲ။
ညွှဲ့ခံပွဲကို ကိုးလပိုင်းဆယ့်သုံးရက်နေ့မှာ ကျင်းပရမယ်၊ အဲဒီနေ့က ရက်ကောင်း
ရက်မြတ်မင်္ဂလာရက် ဖြစ်တယ်လို့တို့ဆီက ပညာရှင်တွေကပြောတယ်''

ဤသို့ပြောပြီး သူသည် နောက်ထပ် စာရွက်တစ်ရွက်ပေးပြန်လေ
သည်။

''မင်္ဂလာညွှဲ့ခံပွဲကို ဘယ်လိုလုပ်ရမယ်ဆိုတာ ညွှန်ကြားချက်တွေ
ရေးထားတယ်၊ အဲဒါကိုအတိအကျ လိုက်နာဆောင်ရွက်ဖို့အရေးကြီးတယ်။ အစီ
အစဉ်တွေကို အသေးစိတ် မှန်ကန်တိကျအောင်လုပ်ရမယ်။ ဒါမျိုးကျတော့
မင်းတို့လို ကျေးလက်က မိသားစုတစ်ဦးရဲ့ အစီအစဉ်အတိုင်း မလုပ်ချင်ဘူး''

ဤသို့ပြောပြီးနောက် မင်းသားကြီး ဟိုရီဂါဝါသည်ထွက်သွားလေ
သည်။

တာနီကိုမှာ စိတ်ထိခိုက် ဝမ်းနည်းလွန်းသဖြင့် ငိုကြွေးနေရှာလေသည်။
ဦးလေးတော် ရှူအီချီသည် တာနီကိုအတွက် စိတ်မကောင်းဖြစ်မိလျက်
''ဒီလိုလူနဲ့မှ မင်းကလက်ထပ်ရသလားကွာ'' ဟုပူကြူးမရဖြစ်သလို
ပြောလေသည်။

''ဒါတော့ ဦးလေးရယ်၊ ကျွန်မရဲ့အဖေက သင့်တော်မယ်ထင်လို့
ကျွန်မကိုလက်ထပ်ခိုင်းတာပါပဲ''

''နောက်တစ်ချက်ရှိပါသေးတယ်ဦးလေး၊ ကျွန်မက မြို့တော်မှာ နေ
ချင်တဲ့ဆန္ဒက အလွန်ပြင်းပြပါတယ်။ ဒါကြောင့် မြို့တော်မှာ နေထိုင်ခွင့်
ရဖို့အတွက် ပေးရတဲ့အခကြေးငွေက ဟိုရီဂါဝါနဲ့ လက်ထပ်ဖို့ပဲလို့ ကံကြမ္မာက
ဖန်လာတော့ ကျွန်မလဲ မတတ်နိုင်ဘူး၊ ရင်ဆိုင်ရမှာပါပဲ''

***

(၉)

မင်္ဂလာညွှဲ့ခံပွဲ ပြုလုပ်သောနေ့တွင် ဟီယန်ကျိုးမြို့တော်မှ အထက်
တန်းလွှာ ထိပ်သီးပုဂ္ဂိုလ်များလာရောက်ကြလေသည်။ အချို့က မင်းသားကြီး
ဟိုရီဂါဝါသည် အညတြတောသူ မိန်းကလေးတစ်ဦးအား ဘာကြောင့်
လက်ထပ်ပါလိမ့်မှာ သတို့သမီးကို အကဲခတ်ကြည့်လို၍ လာကြခြင်းဖြစ်သည်။

ညွှဲ့ခံသို့ ဖိတ်ကြားရမည့်ညွှဲ့သည်များ စာရင်းကို တာနီကို သေချာစွာ
ကြည့်လာကြည့်ခဲ့ပြီး လူတွေကို စိတ်ဝင်စားမိခဲ့လေသည်။

ညွှဲ့ခံပွဲတွင် မင်္ဂလာစကားပြောပြီး ဆုမွန်များတောင်းပေးသူမှာ အနီး
အနားရှိ ဗုဒ္ဓဘာသာဘုရားကျောင်းမှ အကြီးအကဲ ဘုန်းတော်ကြီး ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအရ မိသားစုတစ်စုမှလူများက အတူစု၍ ထိုင်ကြရသည်ဖြစ်ရာ ဟိုရီဂါဝါ၏မိသားစုဖြစ်သော ဆာဘာကီ အုပ်စုမှ အကြီးအကဲများနှင့် ဇနီးများက မင်းသားကြီးဟိုရီဂါဝါ၏ နောက်နားတွင် ထိုင်ကြလေသည်။

မြို့တော်တွင် အလွန်အရေးပါပြီး သြဇာကြီးမားသော ဖူဂျီဂါရာ မိသားစုအဖွဲ့ဝင်များသည်လည်း ဧည့်ခံပွဲသို့လာကြလေသည်။ ယင်းမိ သားစုမှ အမျိုးသမီးအချို့ဆိုလျှင် ဂျပန်ဘုရင်ဧကရာဇ်များနှင့် ထိမ်းမြား လက်ထပ်ခဲ့သော အစဉ်အလာပင်ရှိသည်ဟု ဆိုကြလေသည်။ သို့သော် ထိုမိသားစုသည် ဟီယန်ကျိုမြို့တော်တွင် ယခင်ကလောက် သြဇာမကြီးမားတော့ဟုလည်းသိရ သည်။

မင်္ဂလာဧည့်ခံပွဲသို့ လူအင်အားအများဆုံးနှင့် လာရောက်ကြသူများ ကား တာကာရှီ မိသားစုအဖွဲ့ဝင်များပင်ဖြစ်သည်။

သူတို့ အကြီးအကဲမှာ ဝန်ကြီးရာထူးအဆင့်ရှိသော မြို့စားကြီး ဆိုဂါမိုရီ ဆိုသူပင်ဖြစ်သည်။

သူသည် မျက်နှာဝိုင်းဝိုင်းနှင့် လူတစ်ယောက်ဖြစ်ပြီး ရွှေနားကွပ် ပိုးသားအဖြူရောင် ဝတ်စုံရှည်ကြီးဝတ်ဆင်ထားလေသည်။ ဆိုဂါမိုရီသည် အလွန်ဒေါသကြီးတတ်သူ တစ်ယောက်ဟုလည်း နာမည်ကြီးသူတစ်ဦး ဖြစ်လေ သည်။

ဆိုဂါမိုရီ၏ ဘေးနားတွင်ထိုင်နေသူ အနီရောင်ဝတ်စုံနှင့် လူသည်သူ၏ သားအကြီးဆုံး ကီယိုဘီဖြစ်လိမ့်မည်ဟု တာနီကိုက ယူဆမိလေသည်။ ဖခင်ဖြစ် သူနှင့် ရုပ်ချင်းဆင်သလိုလည်းရှိသည်။ သို့သော် ခန္ဓာကိုယ်တောင့်တင်းပြီး အလွန်ကျန်းမာသန်စွမ်းပုံရလေသည်။ သူလို ယဉ်ရှယ်နုပျိုသူတစ်ဦးနှင့် လက် ထပ်ရတာကမှ တော်သေးမည်ဟု စိတ်ထဲမှ ဖြစ်မိလေသည်။ တစ်ချိန်တည်း မှာပင် တာနီကိုသည် ဇင်ဂျားအဖွဲ့ဝင် ဂျော့ဘူကိုပါ ပြေးသတိရမိလေသည်။ သူမအနေဖြင့် ဂျော့ဘူအား မေ့ပျောက်၍မရချေ။ ယောက်ျားတစ်ယောက်မြင် လိုက်တိုင်း ဂျော့ဘူနှင့် နှိုင်းယှဉ်စဉ်းစားနေမိတတ်သည်။

မြို့တော်သို့ ရောက်ခါနီးအချိန်တွင် ဂျော့ဘူကနှစ်ယောက်သားအတူ ထွက်ပြေးကြပါစို့ဟု ပြောခဲ့သလို တကယ်တမ်း မိမိကပါလိုက်၍ ထွက်ပြေး ခဲ့လျှင်မည်သို့ ဖြစ်မည်နည်းဟုလည်း စဉ်းစားမိလေသည်။



ဂျော့ဘူသည် သူတို့ ဇင်ဂျားအဖွဲ့၏ တင်းကျပ်သော စည်းကမ်းကို အလွန်ရိုသေသူဖြစ်သည်။ သို့သော် မိမိအား ချစ်မြတ်နိုးလွန်း၍ အဖွဲ့၏ စည်းကမ်းကို ချိုးဖောက်ရန် အသင့်ရှိနေပုံရပေသည်။ တာနီကိုကမူ မိမိတို့မိသား စု၏ ဂုဏ်သိက္ခာကိုငဲ့ရသည့်ပြင် အစဉ်အလာကို ဖျက်မပစ်ချင်ပေ။ ဂျော့ဘူက ဇင်ဂျားအဖွဲ့အပေါ် သစ္စာမဖောက်ချင်သလို မိမိကလည်း မိသားစုအပေါ် သစ္စာ ဖောက်ချင်၍ လိုက်မပြေးခဲ့ခြင်း ဖြစ်ပေသည်။

မိမိတို့ မိန်းကလေးများ၏ တာဝန်မှာလူကြီးများက စီစဉ်ပေးသမျှကို လိုက်နာရန်ပင်မဟုတ်ပါလော။ ထို့ကြောင့် သူမသည် မင်းသားကြီး ဟိုရီဂါဝါ နှင့် လက်ထပ်ရန် သဘောတူလက်ခံခဲ့ရခြင်း ဖြစ်လေသည်။

မင်္ဂလာ ဧည့်ခံပွဲကြီးမှာ အတော်ပင် အချိန်ကြာရှည်လေသည်။ ဧည့်သည်အချို့က ခပ်စောစောပြန်ကြသော်လည်း မပြန်ဘဲနေသူများကလည်း ရှိသည်။ ဆာကေအရက်တွေကိုတော့ အမြောက်အမြား သောက်ကြလေသည်။

ဧည့်ခံပွဲ၌ တည်ခင်းဧည့်ခံသော တရုတ်ပြည်မှ ချိုင်အမည်ရှိ ယမကာ တစ်မျိုးကို ဧည့်သည်တော်များက အထူးပင် စိတ်ဝင်စားကြလေသည်။ ၎င်းယမကာမျိုးသည် ဂျပန်ပြည်တွင်လည်းရှိနေပြီဖြစ်သော်လည်း ယခုနောက် ပိုင်းကျမှ အထူးလူကြိုက်များပြီး ခေတ်စားလာခဲ့လေသည်။

တာကာရှီအုပ်စု အကြီးအကဲ မြို့စားကြီးဆိုဂါမိုရီက မင်္ဂလာလက် ဆောင်အဖြစ်ပေးသော သေတ္တာကိုးလုံးမှာ ချိုင်ယမကာဖျော်သည့် လက်ဖက် ခြောက်လိုအခဲများ အပြည့်ပါရှိလေသည်။

ဧည့်ခံပွဲမှ စောစောမပြန်ဘဲ နေသူများအနက် ဆိုဂါမိုရီနှင့် သူ၏သား ကီယိုဆီတို့လည်း ပါဝင်ပြီး သူတို့သည် ဟိုရီဂါဝါနှင့် တာနီကို၏ ဦးလေး ဖူဂျီတို့အနီးတွင် ထိုင်ကြလေသည်။

တာနီကိုက ခင်ပွန်းဖြစ်သူ ဟိုရီဂါဝါ၏ နောက်နားမှနေပြီး ဧည့်ခံ ပွဲအား စားသောက်ဖွယ်များ တည်ခံဧည့်ခံနေရလေသည်။ များသောအားဖြင့် သူမသည် ခေါင်းမဖော်ဘဲ မျက်နှာလွှာချ၍ ငုံ့နေလေသည်။

ဆိုဂါမိုရီသည် မင်းသားကြီး ဟိုရီဂါဝါနှင့် စကားပြောနေလေသည်။

"ခင်ဗျားက ဆာကေသိပ်များများ မသောက်ဘဲ ချိုင်ဖျော်ရည်ကိုပဲ များများသောက်နေတာ သတိပြုမိတယ်၊ ဒါဟာ အလွန်မှန်ကန်တယ်၊ ဇနီးသစ်

www.burmeseclassic.com



ကလေးနဲ့ အိပ်ရမယ့် မင်္ဂလာဦးညမှာ သိပ်ပြီးအရက်မူးနေရင် ဘယ်ကောင်းမလဲ ဟဲ…ဟဲ''

''ကျွန်တော်က ဝန်ကြီးမင်းနဲ့ စကားပြောတဲ့အခါ သတိရှိနေဖို့အရေး ကြီးပါတယ်၊ ချိုင်ဖျော်ရည်သောက်ရင် ဦးနှောက်ကြည်လင်တယ်လို့ ဆိုပါတယ်''

ဟိုရီဂါဝါက ရည်မွန်စွာ ပြန်ပြောလိုက်သည်။

''ဘာပဲပြောပြော မိန်းကလေးခမျာ အိပ်ငိုက်နေရှာမှာပဲ၊ ယောကျ်ား တွေကပြောနေတဲ့ စကားတွေကိုလဲ သူကငြီးငွေ့နေမှာ သေချာတယ်၊ ကျုပ်သား ခင်ဗျားနေရာမှာဆိုရင် မိန်းကလေးကို အိပ်ခန်းထဲခေါ်သွားလိုက်မှာပဲ''

ဆိုဂါမိုရီက ပြောလိုက်ရာ မင်းသားကြီး ဟိုရီဂါဝါကလည်းပြုံး လိုက်သည်။

''ဒါတော့ ယုံကြည်ပါတယ်၊ ဝန်ကြီးမင်းက စစ်ပွဲတိုက်နိုက်တဲ့ နေရာမှာ ထူးချွန်ထက်မြက်သလို အိမ်ခန်းထဲမှာလဲ အလွန်စွမ်းထက်တယ်လို့ ကြားသိ ရပါတယ်။''

ဤသို့ ဟိုရီဂါဝါက ပြောလိုက်လျှင် ကီယိုဘီက ရယ်မောလိုက်ပြီးမှ ဖခင်ဖြစ်သူအား ဝေဖန်ပြောဆိုလေသည်။

''အဖေက စစ်မြေပြင်မှာ ထူးချွန်ထက်မြက်သလောက် အချစ်ရေး အိမ်ထောင်ရေးမှာတော့ မင်းသားကြီး ဟိုရီဂါဝါက ပိုပြီးသာပါတယ်ခင်ဗျ''

ဤတွင် အဘိုးကြီး ဆိုဂါမိုရီက သဘောမကျဟန်ဖြင့်

''မင်းဘာတွေပြောနေတာလဲ'' ဟုမာန်လိုက်သည်။

သို့သော် ကီယိုဘီက ဟိုရီဂါဝါဘက်လှည့်၍ ပြောပြန်လေသည်။

''ကျွန်တော့်အဖေက နိုင်ငံတော်ရဲ့ တာဝန်တွေကိုပဲ အာရုံစူးစိုက် လုပ်နေရလွန်းတော့ နှလုံးသားကိစ္စတွေမှာ လျစ်လျူရှုသလို နေခဲ့ရပါတယ်။ အထူးသဖြင့် ကျွန်တော်အဖေက လေဒီအာကီမီဆိုတဲ့ အမျိုးသမီးကို ချစ်ရေး ဆိုတဲ့ကိစ္စမှာ အထူးထင်ရှားတယ်''

ဆိုဂါမိုရီသည် သားဖြစ်သူအားအပြစ်တင်ဟန်ဖြင့်

''ဟော့…မင်းက လူအများရှေ့မှာ ကိုယ့်အဖေကို ပိုပြီးလေးစားရ ကောင်းတယ်ကွ''ဟု ပြောလိုက်သည်။



သို့သော် ကီယိုဘီသည် ဂရုမစိုက်ဟန်ဖြင့်

''အဖေကလဲ ကိုယ်နဲ့ မိသားစုအဖွဲ့အစည်းအပေါ်မှာ ပိုပြီးလေးစားဖို့ ကောင်းပါတယ်''ဟုပြောလိုက်သည်။

တာနီကိုသည် ဘေးမှနားထောင်ရင်း အံ့အားသင့်နေမိလေသည်။ ဝန်ကြီး အဆင့်ရှိသူ ဖခင်မြို့စားကြီး ဆိုဂါမိုရီအား သားဖြစ်သူ ကီယိုဘီက ကြောက်မရွံ့ဘဲ ဝေဖန်ပြောဆိုနေခြင်းကို အံ့သြမိခြင်းဖြစ်လေသည်။

ကီယိုဘီက ဖခင်ဖြစ်သူအား ဝေဖန်ရင်း ပြောလိုက်သော လေဒီအာ ကီမီအကြောင်းကိုကား တာနီကိုက သိနေလေသည်။

အာကီမီသည် အလွန်လှပချောမောသော အပျိုတော်တစ်ဦးဖြစ်ပြီး တပ်မှူးဒိုမေ၏ အပျော်မယားဖြစ်ခဲ့သည်။ နောက်ပိုင်း မြို့စားကြီး ဆိုဂါမိုရီက လေဒီအာကီမီအား ချစ်ရေးဆိုပြီး သိမ်းပိုက်ရန် ကြံစည်ရာ မအောင်မြင်သဖြင့် လူတကာ ကြိတ်၍ရယ်မော လှောင်ပြောင်ခဲ့ကြလေသည်။

ဆိုဂါမိုရီသည် ထိုခေတ် ဂျပန်ပြည်မှ အထက်တန်းလွှာ ယောကျ်ားများ ၏ ဓလေ့ထုံးစံအတိုင်း မိန်းမတွေ အတော်များများယူခဲ့လေသည်။ သူ၏ မယားကြီး(ကီယိုဘီ၏မိခင်) အပြင် မယားငယ်ပေါင်းများစွာကို သီးခြား အိမ်တစ်လုံးစီဖြင့် ထားခဲ့သည်။ သူသည် နိုင်ငံရေးသြဇာအာဏာကြီးမားအောင် ကြိုးစားသလို မိန်းမအသစ် တစ်ယောက်ပြီးတစ်ယောက်ယူရန်လည်း ကြိုးစား ခဲ့သူဖြစ်သည်။

လေဒီအာကီမီအမည်ရှိ အမျိုးသမီးကိုကား သူသည် အထူးတပ်မက် နေသက်သဖြင့် ရအောင်အစွမ်းကုန်ကြိုးစားခဲ့လေသည်။

အမှန်တော့ ထိုအချိန်က အာကာမိမှာ တပ်မှူးဒိုမေနှင့် သားတစ် ယောက်ပင် ထွန်းကားနေပြီ ဖြစ်သည်။

အာကီမီအနေဖြင့် မြို့စားကြီး ဆိုဂါမိုရီ၏ ချစ်ရေးဆိုမှုကို လုံးဝလျစ် လျူရှုထားလိုက်သဖြင့် နောက်ဆုံးတွင် လက်လျှော့လိုက်ရလေသည်။

ဤကား တပ်မှူးဒိုမေ ခရီးထွက်နေခိုက်ဖြစ်သည်။ အချိန်တန်၍ ဒိုမေကပြန်ရောက်လာပြီးထိုသတင်းကို ကြားရသောအခါ ရှုတ်တရက် ဒေါသကြီး အလျှံ ဒေါသထွက်ခဲ့သည်။ သို့သော် နောက်ပိုင်းကျတော့ ဒေါသပြေပြီး ဆိုဂါမိုရီ၏ အကြံမအောင်ခဲ့ပုံကို သူများနည်းတူ ရယ်မောလှောင်ပြောင်၍ နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



+++

တာနီကို၏ ဦးလေး ရှုအီချီသည် မြို့စားကြီး ဆိုဂါမိုရီအား နှစ်သိမ့် မြှောက်ပင့်ပေးသလို ပြောလိုက်လေသည်။

''ဒါကတော့ လေဒီအော်ကီမိက ညံ့တာပါ၊ ဒီမေလို စစ်သည်လူကြမ်း တစ်ယောက်နဲ့စာရင် မြို့စားကြီး ဆိုဂါမိုရီကမှ ယဉ်ကျေးရည်မွန်တဲ့ အထက်တန်းလွှာ လူဂုဏ်တန်ဖြစ်မယ်ဆိုတာ နားလည်ဖို့ ကောင်းတယ်''

ထိုအခါ ကီယိုဘီကဝင်၍

''စစ်သည်တွေကို လှောင်ပြောင်သရော်ဖို့ မကောင်းဘူး၊ ကျွန်တော်တို့ တာကာရှိ မိသားစုဟာလဲ စစ်သည်တော်တွေ စုပေါင်းထားတဲ့ အဖွဲ့တစ်ခု မဟုတ်ပါလား''ဟု ခပ်တည်တည်ပြောလိုက်သည်။

တာနီကိုသည် ကီယိုဘီအား အံ့သြလေးစားဟန်ဖြင့် လှမ်းကြည့် လိုက်မိသည်။ ပြောပုံဆိုပုံ သတ္တိကောင်းသလောက် အသံလည်း သာယာသည် ဟု ထင်မိသည်။ ထိုအချိန်၌ သူမသည် မင်းသားကြီး ဟိုရီဂါဝါအား စက်ဆုပ် မုန်းတီးသလောက် ကီယိုဘီကိုမူ သဘောကျသလို ဖြစ်မိလေသည်။ ကီယိုဘီက သူမအားစူးရှသော မျက်လုံးများဖြင့် ရှုန်းရှုန်းစားစား ကြည့်လိုက်ပုံကိုလည်း စိတ်ထဲမှ သာယာကြည်နူးသလို ခံစားမိလေသည်။

ထိုအခိုက်မှာပင် ကီယိုဘီသည် ကုန်နေသော ဆာကေအရက်ခွက် ကိုယူ၍ သူမအနီးသို့လာပေးသဖြင့် တာနီကိုကနောက်ထပ် အရက်အနည်းငယ် ထည့်ပေးလိုက်ရသည်။

''စစ်သည်တွေရော၊ နန်းတော်တွင်းက အထက်တန်းလွှာလူဂုဏ် တန် တွေရော အလကား အကျိုးမရှိတဲ့ အတင်းအဖျင်းစကားတွေ ပြောဖို့မသင့်ဘူး''

ဟိုရီဂါဝါကဝင်၍ ဝေဖန်ထောက်ပြလိုက်လေသည်။

''ခင်ဗျားကတော့ နန်းတော်တွင်းကအမျိုးသမီးတွေအပေါ် စိတ်ဝင်စားဖို့ မလိုပါဘူး၊ ခင်ဗျားရဲ့ ဇနီးချော အသစ်ကလေးက အာကီမီထက် အများကြီး ပိုချောပိုလှတယ်''

မြို့စားကြီးဆိုဂါမိုရီက ပြောလိုက်သည်ကို ဟိုရီဂါဝါသည် သဘော ကျပုံမရချေ။

''သူကကျေးလက်ဒေသက အလွန်ငယ်ရွယ်တဲ့ မိန်းကလေးတစ်



...ကသာ ဖြစ်ပါတယ်။ မြို့တော်ကြီးရဲ့ အနေအထား ဓလေ့ထုံးစံကိုလဲ ...မှနားမလည်သေးဘူး''

''ဒါပေမဲ့ သူဟာ တာကာရှိအနွယ်မိသားစုက ဖြစ်တယ်။ ဒီမယ် ...ရီဂါဝါ ခင်ဗျားက တစ်ခါတစ်ခါ သတိမေ့တတ်တယ်၊ ကျုပ်ကိုတောင် ...ယ်သူဘယ်ဝါဆိုတာ ခင်ဗျားမေ့ချင်တယ်၊ မြို့တော်ကြီးရဲ့ ဓလေ့ထုံးစံ ...ဆိုတာကတော့ တစ်ဖြည်းဖြည်း လေ့လာရင်း ကျွမ်းကျင်လာပါလိမ့်မယ်၊ ...ပ်အဖေကိုယ်တိုင်တောင် မြို့တော်ရောက်ခါစက လူတွေဝိုင်းရယ်တာ ...ရတာပဲ၊ ဒါပေမယ့် ကျုပ်ကဒီဟီယန်ကျိုမြို့တော်မှာ မွေးဖွားခဲ့တယ်၊ ကျုပ်ကို ...က အကောင်းဆုံး ပညာသင်ပေးခဲ့တယ်၊ ဒါကြောင့် အခုဆိုရင် ကျုပ်ကို ...ည်သူကမှ လှောင်ပြောင် ရယ်မောခြင်းမပြုဝံ့ကြဘူး''

မြို့စားကြီး ဆိုဂါမိုရီက ပြောလိုက်ရာ ကီယိုဘီကဝင်၍

''ဒါတော့ ဘယ်ရယ်ဝံ့မှာလဲ၊ ရယ်သူတွေ့ရင် အဖေက ချက်ချင်း ...င်းဖြတ်သတ်ပစ်မှာကိုး''ဟု ပြောလိုက်သည်။

ထိုစကားကို ဟိုဂါမိုရီက ဂရုမစိုက်ဘဲ ဟိုရီဂါဝါဘက်သို့ လှည့်၍ ...ပြောလေသည်။

''တရုတ်ပြည်ကလာတဲ့ စာကို ဘာသာပြန်ပေးတာ ခင်ဗျားရဲ့ ...လေးပဲမဟုတ်လား၊ သူ့လက်ရေးကလဲ အလွန်ကောင်းတယ်''

ဤတွင် ဟိုရီဂါဝါကသဘောကျပြီး ဦးညွှတ်အလေး ပြုလိုက်သည်။

ကီယိုဘီကလည်း တာနီကိုအားပြုံး၍ ကြည့်နေလေသည်။

+++

## တာနီကို၏ မှတ်တမ်းစာအုပ်မှ ကောက်နုတ်ချက်

မင်းသားကြီးဟိုရီဂါဝါသည် ကျွန်မအားနန်းတော်တွင်း၌ ဘုရင်ဧကရာဇ်၏ မိဖုရားကြီးအပါးတွင် ခစားရသည့်အပျိုတော်တစ်ဦးဖြစ်ရန် စီစဉ်ပေး ...သည်။

ဤသည်မှာ ကျွန်မတို့လို ကျေးလက်ဒေသမှ မိန်းကလေးအဖို့ဖြင့် ...ဂုဏ်ယူဖွယ်ကောင်းလှပါသည်။

ကျွန်မသည် ဆယ့်တစ်လပိုင်း လဆန်းတစ်ရက်နေ့တွင် သွားရောက်

www.burmeseclassic.com

www.burmeseclassic.com



တာဝန်ထမ်းဆောင်ရမည်ဖြစ်ရာ ဦးလေးရှုအိချိုက ကျွန်မအတွက် သင့်တော်မည့် ဝတ်စုံသစ်တွေ ဝယ်ယူချုပ်ပေးပါသည်။ ကျွန်မကလည်း ကျေးဇူးတုံ့ပြန်သည့် အနေဖြင့် အခွင့်သင့်တိုင်း တရုတ်ပြည်နှင့် ကုန်ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ လျှို့ဝှက်ချက်များကို သတင်းပေးပါမည်ဟု ကတိပေးလိုက်သည်။

ကျွန်မသည် တရုတ်ပြည်မှ စာသုံးစောင်ကို ဘာသာပြန်ရေးပေး လိုက်စဉ်ကပင် တရုတ်ပြည်နှင့်ပတ်သက်၍ စိတ်ဝင်စားဖွယ်အချက် အတော်များများ သိရှိခဲ့ရပြီဖြစ်ပါသည်။ ထိုအချိန်က တရုတ်ပြည်ကို ကာဘွေး နိုင်ငံဟုခေါ်ပြီး ရက်စက်ကြမ်းကြုတ်သော လူမျိုးများက အုပ်စိုးနေကြပါသည်။ တောင်ပိုင်းတရုတ်ပြည်တွင်မူ လီနမ်မြို့တော်မှ အုပ်ချုပ်နေပြီး အုပ်ချုပ်သူက တော့ဆွန်မင်းဆက် ဧကရာဇ်ဘုရင်တစ်ဦးဖြစ်ပါသည်။

မြောက်ပိုင်း(ကာဘွေး) တရုတ်ပြည်ကို အုပ်ချုပ်သော ရက်စက်ကြမ်း ကြုတ်သော လူမျိုးများကို(မွန်ဂိုလ်) လူမျိုးဟုခေါ်ပါသည်။ ထိုလူမျိုးများသည် တောင်ပိုင်းမှ ဆွန်မင်းဆက် ဘုရင်ဧကရာဇ်အား စစ်မက်တိုက်ခိုက်နေခဲ့ရာမှ လွန်ခဲ့သော သုံးနှစ်က မွန်ဂိုလ်တို့၏ဘုရင် ခန်မင်းကြီးဆိုသူ ကွယ်လွန်သွား သဖြင့်စစ်တိုက်ခြင်းကို ရပ်စဲထားသည်ဟု သိရပါသည်။

မွန်ဂိုလ်လူမျိုးတို့၏ ဓလေ့ထုံးစံမှာ အုပ်စိုးသူဘုရင်ခန်မင်းကြီး ကွယ်လွန်လျှင် စစ်မက်တိုက်ခိုက်ခြင်း အားလုံးရပ်စဲ၍ ဘုရင်အသစ် ခန်မင်းကြီး တစ်ဦး ရွေးချယ်တင်မြှောက်လေ့ရှိကြပါသည်။ မွန်ဂိုလ် အကြီးအကဲများ စုဝေးတိုင်ပင်၍ သင့်တော်မည့် ပုဂ္ဂိုလ်အားရွေးချယ် တင်မြှောက်ကြသည်ဟု ဆိုပါသည်။

မည်သို့ပင်ဖြစ်စေ ကျွန်မအနေဖြင့် နန်းတော်တွင်းသို့ သွားရောက် အမှုထမ်းရမည့်အရေးကို အထူးပင် စိတ်ဝင်စားစွာဖြင့် စောင့်မျှော်နေမိပါ သည်။

+++

တကယ်တမ်း နန်းတော်တွင်းသို့ ရောက်သွားသောအခါ နေရသည့် ဘဝကအရာရာတွင် ခမ်းနားကြီးကျယ်သော်လည်း တာနီကိုအနေဖြင့် ပျင်းရိ ငွေ့သလို ဖြစ်နေမိလေသည်။

တာနီကိုကဲ့သို့ အပျိုတော်များသည် ဧကရာဇ်မင်းမြတ်၏ မိဖုရား



...ဆောင်တော်တွင်နေထိုင်ကြရလေသည်။ တစ်နေ့တစ်နေ့ စိတ်ဝင်စားဖွယ်ဆို၍ ...မျှမရှိဘဲ အပျိုတော်အချင်းချင်းသာ အပျင်းပြေကစားခြင်း၊ ကဗျာရေးပြိုင် ...ခြင်း ပန်းအလှပြင်နည်းပြိုင်ခြင်း စသည့်ဖြင့် အချိန်ကုန်လွန်စေရတတ်လေသည်။

တစ်နေ့တွင်ကား မိဖုရားကြီး၏ အဆောင်တော်အတွင်းမှ ဆူဆူညံညံ ...သံများကြားရသဖြင့် တာနီကိုလည်း ဘာဖြစ်ပါလိမ့်ဟု ပြေးဝင်ကြည့်လိုက်ရာ ...ကြောင်နှင့်ခွေး ရန်ဖြစ်နေသည်ကို တွေ့ရလေသည်။

မိဖုရားကြီး၏ အချစ်တော်ကြောင်က ဗီရိုတစ်ခုပေါ်တွင် ထိုင်ကာ ...အောက်မှ အညိုရောင်ခွေးတစ်ကောင်အား မာန်ဖီကာ လက်သည်းများဖြင့် ...ကုတ်ခြစ်တိုက်ခိုက်ရန် ကြိုးစားနေလေသည်။

ဧကရာဇ် မိဖုရားကြီးမှာ အလွန်ကြောက်နေပုံရသည့်ပြင် သူ၏ ...ကြောင်အတွက် စိုးရိမ်ဟန်ဖြင့် ငိုကြွေးနေရာမှ တာနီကိုမြင်လျှင်

“တာနီကိုရယ် ငါ့ကြောင်ကလေး မီယိုဘိုကို ကယ်လိုက်ပါဦး၊ ...မြန်မြန်ကယ်လိုက်ပါကွယ်”ဟု ပြောလေသည်။

တာနီကိုလည်း မိဖုရားကြီးအားဦးညွှတ်အလေးပြုလိုက်ပြီးနောက် ကြမ်း ...ပေါ်မှဟောင်နေသော ခွေးကို ကောက်ချီယူလိုက်သည်။ ခွေးကလည်း ...ငယ်ငယ်ခွေးကလေးဖြစ်၍ ကြောင်ထက် အနည်းငယ်သာ ကြီးသဖြင့် ...မွယ် တကူပင် ပွေ့ချီလိုက်နိုင်ခြင်းဖြစ်သည်။

သို့သော် ခွေးကလေးသည် ပွေ့ချီထားလျက်နှင့်ပင် ဆက်လက်ဟောင် ...သည်။ သေချာစွာကြည့်လိုက်တော့မှ တာနီကိုသည် ခွေးကိုမှတ်မိလေ ...။

ထိုခွေးဖြူ အမည်မှာလီပိုဖြစ်ပြီး တပ်မှူးကြီးဒိုမေ၏ အချစ်တော် ...အာကာမိ မွေးထားသော ခွေးပင်ဖြစ်လေသည်။

တာနီကိုသည် လေဒီအာကီမီအပေါ် စိတ်ဝင်စားနေမိလေသည်။ ...ပိုမို ရင်းနှီးစွာ သိကျွမ်းလိုစိတ်ဖြစ်ပေါ်မိလေသည်။

စင်စစ်အားဖြင့် အာကီမီသည် နန်းတော်တွင်း၌ အပျိုတော်အဆင့်သာ ...ကစား၊ နေပုံထိုင်ပုံနှင့်တကွ စိတ်နေစိတ်ထားက အခြားအပျိုတော်များ ...ဘဲ အဆင့်အတန်းမြင့်သည့်ဟန်မျိုးရှိပေသည်။ ကျွန်မကလည်း ...ကြည်သည်။

www.burmeseclassic.com

www.burmeseclassic.com



လေဒီအာကီမီသည် တာနီကိုအား သိပ်မရောဘဲ ခပ်တည်တည်[illegible] မှန်မှန်သာ နေခဲ့သည်။ သို့သော် ဤသို့နေခြင်းမှာ အံ့ဩဖွယ်ရာ မရှိပါ[illegible] တာနီကို လက်ထပ်ထားသော မင်းကြီးသည် အာကီမီ၏ ချစ်သူတပ်မှူးကြီ[illegible] ဒိုမေတို့၏ မူရာတိုမိုမိသားစုနှင့် ဆန့်ကျင်ဘက် ရန်သူအုပ်စုက ဖြစ်နေသည်[illegible] မဟုတ်ပါလော။

တကယ်တော့ တာနီကိုသည် တပ်မှူးကြီးကပ္ပတိန်ဒိုမေအား စိတ်ထဲ[illegible] မကြိုက်၍ လေးစားကြည်ညိုနေလေသည်။ ဤအကြောင်းကို လေဒီ အာကီမီ[illegible] သိမည်မဟုတ်ချေ။ ကပ္ပတိန်ဒိုမေသည် နန်းတော်သားကိုယ်ရံတပ်ဖွဲ့၏ တပ်မှူး[illegible] ကြီးဖြစ်ရာ မကြာခဏ ကင်းလှည့်လာသည့်အခါ တာနီကိုက မြင်ဖူးနေသည်[illegible] အလွန်သတ္တိကောင်းသလောက် အင်္ဂါရုပ်ကခန့်ညားချောမွေ့သူ တစ်ဦးပေတည်း[illegible]

သည်လိုလူမျိုးနှင့်ယှဉ်ပြိုင်၍ လေဒီအာကီမီအား ချစ်ရေးဆိုရန် မြို့စား[illegible] ကြီးဆိုဂါမိုရီက ကြိုးစားသည့် ဆိုခြင်းမှာလည်း အလွန်ရယ်ဖွယ်ကောင်း[illegible] တော့သည်။

တာနီကိုသည် ကပ္ပတိန် ဒိုမေအနေဖြင့် တွေ့ကြုံခံစားရခဲ့ပုံများကိုလည်း[illegible] သိနေသည်။ ထို့ကြောင့်လည်း သူမက ဒိုမေအား စိတ်ထဲမှ လေးစားကြည်ညို[illegible] နေမိခြင်းဖြစ်လေသည်။

ဧကရာဇ်မိဖုရားကြီးသည် ဗီရိုပေါ်မှ သူ့ကြောင်မီယိုဘိုကို ယူ[illegible] ချော့ပွေ့ချီလိုက်ပြီးနောက် တာနီကိုဘက်သို့ လှည့်ပြောလေသည်။

"ဒီခွေးက ငါ့ကြောင်ကလေး ထိတ်လန့်သွားအောင် လုပ်တဲ့အတွက်[illegible] ဒီအတိုင်းထားလို့မဖြစ်ဖူး၊ သူ့ကို အပြစ်ဒဏ်ပေးလိုက်ပါ"

ထိုစကား၏ အဓိပ္ပာယ်က ခွေးကိုသတ်ခိုင်းခြင်းဖြစ်ကြောင်း တာနီကို[illegible] က ရိပ်မိလေသည်။ သို့သော် ခွေးကိုသတ်လိုက်ပါက ခွေးရှင်ဖြစ်သူ လေဒီ[illegible] အာကီမီကမိမိအားရာသက်ပန် ရန်သူအဖြစ် မုန်းတီးသွားမည်ကိုလည်း အတတ်[illegible] သိသဖြင့်တစ်မျိုးကြံရလေသည်။

သူမသည် ခွေးကလေးကို ပိုက်၍ အပြင်ဘက်သို့ထွက်ခဲ့လေသည်။

အဆောင်တော်၏ အပြင်ဘက် ကွက်လပ်တစ်ခုတွင် ကိုယ်ရံတော်[illegible] တပ်ဖွဲ့သားတစ်စုသည် အားလပ်သဖြင့် ဘောလုံးကစားနေကြသည်ကို တွေ့[illegible] လေသည်။ ရှေးခေတ်ဂျပန်ပြည်မှ ကစားနည်းတစ်ခုဖြစ်ပြီး ဘောလုံးနှင့်[illegible] မြှောက်ကစားရသည့် နည်းတစ်မျိုးဖြစ်လေသည်။

တာနီကိုသည် စစ်သားတစ်ဦးဦးထံ ခွေးကို အပ်လိုက်မည်ဟု စိတ်ကူး[illegible] ဖြင့် ချဉ်းကပ်သွားလေသည်။

ကံအားလျော်စွာ ကစားနေသူများထဲတွင် တပ်မှူးကပ္ပတိန်ဒိုမေ [illegible]ကိုယ်တိုင် ပါဝင်နေသဖြင့် တာနီကိုသည် အားမှအသာရပ်စောင့်နေလိုက်သည်။

ခဏမျှအကြာတွင် ဘောလုံးကစားခြင်း ခေတ္တနားလိုက်ကြစဉ် တာနီ[illegible] က ကပ္ပတိန်ဒိုမေအား လက်ယပ်ခေါ်လိုက်သည်။

တပ်မှူးဒိုမေလည်း ချက်ချင်းထွက်လာပြီး တာနီကိုအား ဦးညွှတ်[illegible]လေး ပြုလိုက်သည်။

"အလို၊ လေဒီ တာနီကိုပါလား၊ ဘာများဆောင်ရွက်ပေးရမလဲ"

တာနီကိုသည် ခွေးပိုင်ရှင် မည်သူမည်ဝါ ဖြစ်ကြောင်းကို မပြောဘဲ [illegible] မိဖုရားကြီး၏ကြောင်ကို ထိတ်လန့်အောင် လုပ်ခဲ့သဖြင့် မိဖုရားကြီးက [illegible]အပြစ်ဒဏ်ပေးစေလိုကြောင်းသာ ပြောလိုက်သည်။

"ဟုတ်လား၊ မိဖုရားကြီးရဲ့ကြောင်ကို ထိတ်လန့်အောင်လုပ်တာဟာ [illegible]အပြစ်ကြီးပါတယ်၊ ဒီတော့ ဒီခွေးကို ကျုပ်ကိုယ်တိုင် တာဝန်ယူပါ့မယ်၊ [illegible]"

ပြောပြောဆိုဆို ဒိုမေသည် တာနီကိုလက်မှ ခွေးကလေးကို လှမ်းယူ[illegible]ပြီး လက်ဖြင့်ပွတ်သပ်နေလေသည်။

"ကပ္ပတိန်ကြီးရှင့်၊ ဒီခွေးကို ဘာလုပ်မှာလဲဟင်"

တာနီကိုက မရဲတရဲမေးလိုက်သည်။

"သြော် နန်းတော်က ကိုယ်ရံတော်တပ်သားတွေဟာ ခွေးလေခွေး [illegible]တွေ့ရင် မြှားပစ်လေ့ကျင့်ဖို့ ပစ်မှတ်အဖြစ် အသုံးချလေ့ရှိပါတယ်"

ကပ္ပတိန်ဒိုမေက ခပ်အေးအေးပင်ပြောလိုက်ရာ တာနီကိုမှာတုန်လှုပ် [illegible]က်ချားသွားမိလေသည်။

ယမန်နှစ်က တိုကိုင်ဒိုလမ်းပေါ်တွင် ဆာမူရိုင်းတစ်ဦးအား ဂျေဘူက [illegible]ဖြတ်ခဲ့ခြင်းကိုပင် မမေ့နိုင်သေး၍ တုန်လှုပ်ချောက်ချားမိခြင်း ဖြစ်လေ[illegible]သည်။

သို့ရာတွင် ယခုကပ္ပတိန်ဒိုမေက ခွေးကလေးကို မြှားပစ်လေ့ကျင့် [illegible]ဟု ပြောပုံက ရယ်ကာမောကာနှင့် ပြောလိုက်ခြင်းဖြစ်၍ တကယ်တမ်း [illegible]ပစ်မည်မဟုတ်ဟုထင်ရပေသည်။ အထူးသဖြင့် ခွေးပိုင်ရှင်က ဒိုမေ၏

www.burmeseclassic.com

www.burmeseclassic.com



အချစ်တော် အာကီမီဖြစ်နေ၍ မည်သည့်နည်းနှင့်မျှ တကယ်သတ် မည်မဟုတ်ဟု တာနီကိုယူဆလိုက်မိသည်။

ကပ္ပတိန်ဒိုမေသည် ကိုယ်ရံတော်တပ်ဖွဲ့မှူးကြီး ဖြစ်နေသော်လည် မူရာတိုမို မိသားစုဝင်တစ်ဦး ဖြစ်နေပေသည်။ မူရာတိုမိုမိသားစုများသ ယဉ်ကျေးရည်မွန်ခြင်းမရှိဟု ဝေဖန်ပြောဆိုလေ့ရှိကြောင်းသိရသော်လည် ကပ္ပတိန် ဒိုမေကတော့ အလွန်ရည်မွန် ယဉ်ကျေးသူတစ်ဦး ဖြစ်နေပေသည်

တိုက်ခိုက်ရေးတွင်လည်း သူမတူအောင် ထူးချွန်ထက်မြတ်သူ ဖြ လေသည်။

အစဉ်အလာအားဖြင့် မူရာတိုမိုမိသားစုများသည် စစ်ရေးစစ်ဘ တွင် ထူးချွန်သူများအဖြစ် နာမည်ရခဲ့ပေသည်။ လွန်ခဲ့သော နှစ်ပေါင်းတစ် အတွင်း ဂျူပန်ဘုရင် ဧကရာဇ်အား ပုန်ကန်ခြားသူများအား မူရာတိုမိုမိသားစု ပင် အောင်မြင်စွာ နှိမ်နင်းချေမှုန်းနိုင်ခဲ့ကြောင်းကိုလည်း တာနီကိုက သိထား သည်။

+++

နောက်တစ်နေ့တွင် လေဒီအာကီမီသည် မိဖုရား ရှေ့မှောက်သို့လာ ရှိုက်ကြီးတငင် ငိုကြွေးလေသည်။ ပါးစပ်ကတော့ဘာမှမပြောဘဲ ဝမ်းနည် ပမ်းနည်း ငိုကြွေး၍သာနေလေသည်။

မိဖုရား ဆာဒီကိုသည် ကြင်နာသနားတတ်သော နှလုံးသားရှိသူ ဖြ သူ၏အပျိုတော်များ စိတ်ဆင်းရဲနေခြင်းကို မလိုလားချေ။

လေဒီ အာကီမီ ဘာကြောင့် ငိုကြွေးနေရသနည်းဟု အတန် မေးသော်လည်း ဘာမှပြန်မပြောဘဲနေသဖြင့် မိဖုရားကြီး ကိုယ်တိုင်က ငိုလိုက်လေသည်။

သည်တော့မှ အာကီမီက အကြောင်းမှန်ကို ထုတ်ဖော်ပြေ လေတော့သည်။

"မိဖုရားကြီးရှင့်၊ ကျွန်မရဲ့ခွေးကလေး လီပိုကို ကိုယ်ရံတော် တပ်ဖွဲ့ ကပ္ပတိန်က သတ်ပစ်လိုက်ပြီလို့ ကြားသိရပါတယ်"

"ဟင် ဟုတ်လား၊ ငါတော့ မကြားမိပါဘူး"

မိဖုရားကြီးက မျက်နှာလွှဲ၍ ပြောလိုက်သည်။



"အမှန်ပါပဲ မိဖုရားကြီး၊ ကျွန်မအခု ငိုကြွေးနေတာဟာ ခွေးကမိဖုရား ကြီး စိတ်အနှောင့်အယှက် ဖြစ်အောင်လုပ်ခဲ့လို့ပါ၊ သူ့ကို သတ်လိုက်တာကတော့ သင့်လုပ်ထိုက်တာပါပဲ"

"ငါက ခွေးကိုသတ်ဖို့ အမိန့်မပေးပါဘူး"

မိဖုရားကြီးက ပြောပြီးတာနီကိုဘက်သို့လှည့်၍

"ကပ္ပတိန်ဒိုမေကို ခဏခေါ်ခိုင်းလိုက်စမ်းပါ"ဟု ဆက်ပြောလိုက် သည်။

မကြာမီကပ္ပတိန်ဒိုမေရောက်လာရာ မိဖုရားကြီးက အာကီမီ၏ အကြောင်းကို မေးမြန်းလေသည်။

"ကျွန်တော်က လေဒီတာနီကို သိအောင်ပြောခဲ့တဲ့အတိုင်းပါပဲ၊ ရားကြီးရဲ့ကြောင်ကလေး ထိတ်လန့်အောင် လုပ်ခဲ့တဲ့ ခွေးကို အပြစ်ဒဏ် ို့က စစ်သားတွေမြှားပစ် လေ့ကျင့်နိုင်းတာအကောင်းဆုံးပဲလို့ ကျွန်တော် ပါတယ်"

ကပ္ပတိန်ဒိုမေက ပြောလိုက်ရာ မိဖုရားကြီးသည် ကျေနပ်ပုံမရချေ။

"ဒါအလွန်ဆိုးတာပဲ၊ အခု ကပ္ပတိန်ရဲ့လုပ်ရပ်က ကျုပ်ရဲ့ အပျိုတော် တစ်ဦး အလွန် စိတ်မချမ်းမသာ ဖြစ်စေတယ်၊ ဒါကြောင့် ကျုပ် အလွန်စိတ် တယ်"

ဤတွင် ကပ္ပတိန်ဒိုမေက ဦးညွှန်လိုက်ပါသည်။

"ဒါဖြင့် ကျွန်တော့်ကို ခေါင်းဖြတ်ကွပ်မျက်ဖို့ အမိန့်ချမှတ်လိုက်ပါ ရားကြီး"

ကပ္ပတိန် ဒိုမေက ပြန်ပြောလိုက်ရာ မိဖုရားကြီး ဆာဒီကိုသည် ခဲလိုက်သည်။

"တော်ပါတော့ ကပ္ပတိန် ဒိုမေ၊ အခုတောင် သတ်တာဖြတ်တာတွေ လုပြီ၊ နောက်ထပ်သတ်ဖို့အကြောင်း မပြောစမ်းပါနဲ့၊ အခုဖြစ်ပြီးမှတော့ မှ မတတ်နိုင်တော့ဘူး၊ ကဲ ရှင်သွားနိုင်ပါပြီ"

ကပ္ပတိန်ဒိုမေလည်း ထွက်သွားလေသည်။ သို့သော်ထိုနေ့ နေ့လယ် တွင် သူသည် မိဖုရားကြီးထံသို့ ပြန်လာ၍ အညိုရောင် ခွေးကလေး ကောင် လာပို့လေသည်။ ခွေးက အာကီမီ၏ ခွေးလီပိုနှင့်တူသော်လည်း တိန်ဒိုမေက လီပိုမဟုတ်ဟု ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟိုခွေးကလေး ဝင်စားတဲ့ ခွေးနဲ့တူပါတယ်"

ကပ္ပတိန်ဒိုမေက ပြောလိုက်စဉ် အာကီမီသည် ခွေးကလေးကို ယု စွာပိုက်ထားလိုက်သည်။

မိဖုရားကြီးသည် ကပ္ပတိန်ဒိုမေ၏ စကားကို နားလည်ပုံမရချေ။

"ဟိုခွေးက ဝင်စားတာဖြစ်နိုင်ပါ့မလား၊ ခွေးချင်းက အသက်အတူ လောက်ပဲ ရှိနေတယ်၊ ဒါဟာ ဟိုခွေးကလေးပဲဖြစ်ရမယ်"

ဤတွင်ကပ္ပတိန်ဒိုမေက-

"ကျွန်တော်က အတတ်သိတယ်လို့တော့ မပြောလိုပါဘူး" ဟုပြ ပြောလိုက်သည်။

ထိုအချိန်တွင်ခပ်လျှမ်းလျှမ်းတွင် ရှိနေသူ တာနီကိုသည် ယပ်တောင် ကွယ်၍ ကြိတ်ပြီးရယ်မောနေမိလေသည်။

မိဖုရားကြီးကပင် ဆက်လက်၍-

"ကပ္ပတိန်ဒိုမေကလည်း ရှင်းရှင်းပဲ ပြောလိုက်ရောပေါ့၊ ဒါဟာ အာကီမီရဲ့ ခွေးကလေးပါပဲ၊ ရှင်ကမသတ်ခဲ့ပါဘူးလို့ ပြောလိုက်ရင် ပြီးတာ ပါပဲ"ဟုပြောလိုက်သည်။

"ဒီလိုဆိုတော့ ကျွန်တော်က မိဖုရားကြီးရဲ့ အမိန့်ကို မနာခံရာ ကျသွားပါမယ်၊ အခုအတိုင်းက ဟိုခွေးကို သုတ်သင်လိုက်ပြီးတော့ ဒီခွေး လေးတစ်ကောင် အစားရလာတယ်လို့ ပြောချင်ပါတယ်၊ လေဒီအာကီမီ စိတ်ချမ်းသာသွားမှာပဲ"

"ရှင်တို့နှစ်ယောက်က ကျုပ်ကို လှည့်စားနေကြတာပေါ့ ဟုတ်လား"

မိဖုရားကြီးက ခပ်တည်တည်ပြောလိုက်ရာ လေဒီအာကီမီသည် ကျ ကယာ ဒူးတုတ်ရှိခိုးပြီး တောင်းပန်လေသည်။

"မဟုတ်ရပါဘူး မိဖုရားကြီးရှင့်၊ ခွေးနဲ့ပတ်သက်ပြီး မိဖုရားကြီး စိတ်အနှောင့်အယှက် ဖြစ်ခဲ့ရတာကို ကျွန်မတို့က အလွန်ဝမ်းနည်းပြီး ယူကျုံးမ ဖြစ်မိကြပါတယ်"

ဤတွင် မိဖုရားကြီး သူတို့အား ပြန်လွှတ်လိုက်တော့သည်။

နောက်ယူလာသောခွေးကို လေဒီ အာကီမီက တူဖူဟုနာမည်ပေး လိုက်ပြီး သူမ၏အဆောင်တွင် ထားခွင့်ရလေသည်။

+++



နောက်တစ်နေ့တွင် လေဒီအာကီမီသည် တာနီကို၏အဆောင်သို့ လာလေသည်။

တာနီကိုထက် အသက်နှစ်ဆယ်ခန့် ကြီးသော်လည်းအလွန်လှပ မောသော အမျိုးသမီးတစ်ယောက်ပါတကားဟု အာကီမီအား တာနီကိုက ချီးကျူးမိလေသည်။

အာကီမီလာခြင်းမှာ တာနီကိုရဲ့ သနားကြင်နာတတ်တဲ့စိတ်ထားကို ပဲ ကျေးဇူးတင်မိကြောင်း ပြောလိုပါတယ်၊ တကယ်လို့သာ တာနီကိုက ကလေးလီပိုကို ကပ္ပတိန်ဒိုမေကို မပေးဘဲ တစ်ခြားလူတစ်ယောက်ယောက် ပေးလိုက်မယ်ဆိုရင် လုံးလုံးဆုံးရှုံးသွားမှာ သေချာတယ်၊ ဒီခွေးက လေးက သားတော်မောင် ယူကီအိုရဲ့ အချစ်တော် ဖြစ်တယ်ကွယ့်၊ ခွေးက လေး သေသွားရင် ယူကီအိုဟာ ဝမ်းနည်းကြေကွဲလို့ဆုံးမှာ မဟုတ်ဘူး"

လေဒီအာကီမီက ပြောလိုက်လျှင် တာနီကိုကညွှတ်၍ အရိုအသေပြု လိုက်လေသည်။

"ကျွန်မကလဲ လေဒီအာကီမီကို အခုလို ကူညီခွင့်ရတာကိုပဲ အလွန် မြောက်နေမိပါတယ်၊ နောက်တစ်ခုက လေဒီအာကီမီက သရုပ်ဆောင် တတ်ပညာမှာ အလွန်တော်တယ်လို့ ပြောချင်ပါတယ်"

တာနီကိုကပြောလိုက်ရာ လေဒီအာကီမီသည် ရယ်မောလိုက်ပြီးနောက် ဖြင့် ရစ်ပတ်ထားသော အထုပ်တစ်ထုပ်ကို ပေးလေသည်။

"ဒီလက်ဆောင်က ခွေးကလေးရဲ့အသက်နဲ့စာရင် အလွန်တန်ဖိုးနည်း ပါတယ်၊ ဒါပေမယ့် တို့က ကျေးဇူးတင်တဲ့ အထိမ်းအမှတ်နဲ့ပေးတာကို နီကိုက လက်ခံပြီး သဘောကျလိမ့်မယ်လို့ ထင်ပါတယ်"

ပြောရင်းနှင့် အာကီမီက အထုပ်ကိုဖြေလိုက်ရာ အနီရောင် သားရေဖြင့် ထားသော စာအုပ်တစ်အုပ် ထွက်လာလေသည်။

"ဒါက ဟောလိုထရီးလို့ခေါ်တဲ့ ဗတ္တုရှည်ကြီးရဲ့ ပထမတွဲဖြစ်ပါ ယ်၊ ဒီဝတ္ထုကို လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ရာလောက်ကနန်းတွင်းအရာရှိတစ်ဦးက ခဲ့တယ်လို့ သိရတယ်၊ ဒီစာအုပ်ကို ငါတို့ရဲ့မိခင်ကြီးကပေးခဲ့တယ်၊ ရေးသား စာရေး ရုပ်ပုံတွေရော အလွန်စိတ်ဝင်စားဖို့ ကောင်းပါတယ်"

အာကီမီက ရှင်းပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တာနီကိုသည် စာအုပ်ကိုယူ၍ ဖွင့်ကြည့်ပြီး…

"ကျေးဇူးတင်လှပါတယ်ရှင်၊ ဒါပေမယ့် ဒီစာအုပ်က ကျွန်မနဲ့တော မတန်ပါဘူး"ဟုပြောလိုက်သည်။

"ဟာ… မဟုတ်တာပဲ၊ ဒိုမေနဲ့ငါတို့က တာနီကိုရဲ့ သဘောထား သဘောကျမိကြတယ်၊ တို့အပေါ် ခင်မင်တဲ့ စိတ်ရှိကြောင်း ထင်ရှားလို့ပါ ဒီနန်းတော်ကြီးထဲမှ တို့အနေနဲ့ ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေအလွန် နည်းပါးတယ် တာနီကိုရဲ့ မိသားစုထဲမှာဆိုရင် မိတ်ဆွေတစ်ယောက်မှတောင် မရှိဘူး ဒါကိုပြောတဲ့အတွက်လည်း စိတ်မရှိနဲ့နော်၊ ဒါပေမယ့် တာနီကိုရဲ့ ယောက် ကပ္ပတိန် ဒိုမေတို့ဟာ ရန်သူဖြစ်နေတယ်"

"ဟုတ်ကဲ့ ကျွန်မလည်းသိပါတယ်၊ ကျွန်မအနေနဲ့ ခင်ပွန်းအ တာဝန်ဝတ္တရားကို မထိခိုက်စေဘဲနဲ့ မိတ်ဆွေကောင်းတွေရှာပြီး ထားခ တယ်လို့ ယူဆမိပါတယ်၊ လေဒီ အာကီမိတို့ကသာ ကျွန်မကို မိတ်ဆွေအဖြစ်သ ဘောထားမယ်ဆိုရင် ကျွန်မသိပ်ပြီး ဂုဏ်ယူမိမှာပါ"

တာနီကိုက ဤသို့ပြောလိုက်သောအခါ လေဒီအာကီမိသည် မျက် ထားတည်ကြည်လေးနက်စွာဖြင့် ပြန်ပြောလေသည်။

"တို့ရဲ့ဘဝမှာ ကံတရား(ကမ္မ)ဆိုတာရှိတယ်၊ ကံတရားက အလွ ဆန်းကြယ်တာတွေလဲ ဖန်တီးပေးတတ်ပါတယ်၊ ဘာပဲဖြစ်ဖြစ် တာနီကို တ ယောက်ကိုတော့ တို့ကမိတ်ဆွေရင်းအဖြစ် သတ်မှတ် သဘောထားပါမယ်"

လေဒီ အာကီမိပြန်သွားပြီးနောက် တာနီကိုသည် စာအုပ်ကို ယူကြည့် နေလေသည်။

သူမ၏စိတ်ထဲတွင်လည်း မိမိအား မိတ်ဆွေအဖြစ်သတ်မှတ်လက်ခံ ကြောင်း သိရသည့်အတွက် ကြည်နူးပီတိ ဖြစ်နေမိလေသည်။ သို့သော် လေဒီ အာကီမိ ပြောသွားသည့် စကားတွင် ဘာပဲဖြစ်ဖြစ်ဟု ထည့်ပြောသွားခြင်းက မည်သို့အဓိပ္ပာယ်ဖြစ်လေသနည်း။

တပ်မှူးကြီး ကပ္ပတိန်ဒိုမေသည် အလွန်မာနကြီးသူတစ်ယောက် ဖြစ်ကြောင်း ထင်ရှားပေသည်။ သူ့အနေဖြင့် ခံစားခဲ့ရသော နာကျည်းချက်တွေ အမြောက်အမြား ရှိနေမည်မှာလည်း ယုံမှားဖွယ်မရှိချေ။

ထို့ကြောင့် ယခုနန်းတွင်းအခြေအနေ ငြိမ်သက်နေခြင်းမှာ မြေလျှင်



င်းစွာ တုန်လှုပ်ခါနီး တိတ်ဆိတ်ငြိမ်သက်နေခြင်းမျိုးများ ဖြစ်လေသလောဟု ာနီကိုသည် စိတ်ထဲမှ စိုးရိမ်ပူပန်မိလေသည်။

❄❄❄

(၁၀)

ဂျေဘူအဖို့ တာနီကိုနှင့် ခွဲခွာရသည့်အချိန်မှစ၍ ကမ္ဘာလော ကြီးတစ်ခုလုံးသည် သဲကန္တာရကြီးတစ်ခုသဖွယ် ဖြစ်သွားလေပြီ ဟု င်မိလေသည်။

သူသည် ဟီယန်ကျိုမြို့တော်မှ ထွက်လာပြီးနောက် ဟီဂါရှိတောင် န်းရှိဘုရားကျောင်းသို့ သွားလေသည်။ ထိုဘုရားကျောင်း၌ အခြား ဇင်ဂျား အဖွဲ့ဝင်များနှင့်အတူ နေထိုင်ရင်း သူ့အားအဖွဲ့ကြီးက နောက်ထပ်တာဝန်ပေးမည့် ညွှန်ကြားချက်အမိန့်ကို စောင့်ဆိုင်းနေရလေသည်။

နောက်တစ်လခန့်ကြာသောအခါ ဇင်ဂျားကောင်စီ(အကြီးအကဲ များအဖွဲ့) ထံမှ ညွှန်ကြားချက်များကို ယူဆောင်လျက် အဖွဲ့ဝင်တစ်ဦး ရောက်ရှိ လာလေသည်။

ညွှန်ကြားချက်တွင်ကား မြေလျှင်ကြောင့် ထိခိုက်ပျက်စီးသွားသော ဤဘုရားကျောင်းကို စွန့်လွှတ်ထွက်ခွာပြီး ကျန်ရှိသူ ဇင်ဂျား အဖွဲ့ဝင်များက နာရာမြို့ရှိ ဆောင်းဦးလေ အမည်ရှိ ဘုရားကျောင်းသို့ သွားရောက်နေထိုင် ကြရမည်ဟု ပါရှိလေသည်။ နာရာမြို့သည် ဟီယန်ကျိုမြို့တော်မှ နှစ်ရက် ခရီးသွားရမည့် မြို့တစ်မြို့ဖြစ်သည်။

ဂျေဘူလည်း အခြားအဖွဲ့ဝင်များနှင့်အတူ လိုက်ပါသွားရလေသည်။

နာရာမြို့ရှိ ဆောင်းဦးလေ ဘုရားကျောင်းသို့ ဂျေဘူရောက် ရှိသွား ပြီးသုံးလကြာသောအခါ ဘုရားကျောင်း အကြီးအကဲသစ်တစ်ဦး ရောက်ရှိလာ လေသည်။

ထိုအကြီးအကဲသစ်သည် ရောက်လာလာချင်းပင် ဂျေဘူအား ခေါ်ယူ တွေ့ဆုံလေသည်။

"မင်းရဲ့ ဖခင်ကြီး တာအိတာရှိက မင်းကို နှုတ်ဆက်လိုက် ပါတယ်၊ မင်းဟာ ပထမဆုံးကျတဲ့ တာဝန်ဝတ္တရားကို အောင်မြင်စွာထမ်း

www.burmeseclassic.com

www.burmeseclassic.com



ဆောင်နိုင်ခဲ့တာကိုလဲ ချီးကျူးလိုက်တယ်။ မင်းက တိုက်ပွဲမှာရတဲ့ ဆာမူရိုင်းဓားရှည်တစ်လက် သူ့ဆီပို့ပေးလိုက်တယ် မဟုတ်လား၊ အဲဒါ ဘာကြောင့်ပို့လိုက်တာလဲ ဆိုတာသူက သိချင်တယ်"

"ကျွန်တော်က သူ့ကို ဂုဏ်ပြုတဲ့အနေနဲ့ လက်ဆောင်အဖြစ်ပို့လိုက်တာပါပဲ၊ ပြီးတော့ ဆာမူရိုင်းဓားရှည်ကို အမှတ်တရ သိမ်းထားလိုက်ခြင်းအားဖြင့် တစ်မျိုး စိတ်ဓာတ်တက်စရာ ဖြစ်လိမ့်မယ်လို့ထင်မိပါတယ်"

ဂျေဘူက ပြန်ပြောလိုက်ရာ ဘုရားကျောင်း အကြီးအကဲသည် ခေတ္တစဉ်းစားနေပြီးမှ ပြန်ဖြေလေသည်။

"ဓားရှည် တစ်လက်တည်းနဲ့တော့ သိပ်ပြီး ထိရောက်မယ်မထင်ဘူး။ ဆာမူရိုင်းဓားရှည်တွေ အများကြီးရရင်တော့ ဖြစ်ကောင်းဖြစ်လိမ့်မယ်၊ ဒီမယ် ဂျေဘူ မင်းဟာ ခွန်အားဗလပြည့်စုံတဲ့ လူငယ်တစ်ယောက်ဖြစ်တယ်၊ မင်းအနေနဲ့ ဆာမူရိုင်းဓားရှည် အလက်တစ်ရာလောက် ရဖို့လည်း ဖြစ်နိုင်ပါတယ်"

"ဟုတ်ကဲ့၊ ကျွန်တော် ကြိုးစားပါမယ်"

"ရှေ့လျှောက် မင်းအနေနဲ့ အခွင့်အရေးတွေ အများကြီးရလာပါလိမ့်မယ်၊ အခု မင်းလိုက်နာရမယ့် အမိန့်က မူရာတိုမိုမိသားစုဘက်မှာ ဝင်အမှုထမ်းရမယ်၊ မင်းရဲ့ဖခင်ကြီးကတော့ မင်းဖင်းဂျားအဖြစ် တရားဝင် အသိအမှတ်ပြုခံရချိန်က မြင်ခဲ့တဲ့ အာရုံနိမိတ်ကို ပြန်စဉ်းစားပြီး လမ်းညွှန်ချက်အဖြစ် မှတ်ယူပါလို့လည်း မှာလိုက်တယ်၊ မင်းဟာ အဖြူရောင်နဂါး အမှတ်အသားပြုတဲ့ မိသားစုအောက်မှာ ဝင်အမှုထမ်းပြီး ကပ္ပတိန်ဒိုမေရဲ့ အမိန့်ကို နာခံရလိမ့်မယ်"

+++

သို့နှင့်ပင် ဂျေဘူသည် ကိုယ်ရံတော် တပ်ဖွဲ့မှူး ကပ္ပတိန်ဒိုမေ၏ လက်အောက်တွင် သွားရောက်အမှုထမ်းရလေသည်။

ကပ္ပတိန်ဒိုမေထံမှ သဝဏ်လွှာစာများကို ဂျေဘူကယူဆောင်၍ ဟွန်ရှူကျွန်းရှိ အရှေ့ဘက် ပြည်နယ်များသို့ သွားရောက်ပို့ပေးသည့် တာဝန်ကို ယူရလေသည်။ ရံဖန်ရံခါ ဂျပန်ပြည်၏ တောင်ဘက်ဆုံး ကျူရှူးကျွန်း သို့လည်း သွားရတတ်သည်။ ကျူရှူးကျွန်းတွင် နေထိုင်သူ တိုင်းရင်းသားလူမျိုးစုတို့သည် ကြမ်းတမ်းရိုင်းစိုင်းကြသည်။ သို့သော် လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် ဂျပန်ဘုရင်ဧကရာဇ်၏ တပ်များက တိုက်ခိုက်နှိမ်နင်းခဲ့ပြီး ဘုရင့်သစ္စာတော်



ခံခဲ့လေသည်။

ယင်းသို့ တာဝန်ဝတ္တရားများအားဖြင့် ခရီးသွားရင်း တစ်ခါတစ်ရံ ဂျေဘူသည် တိုက်ပွဲများ ကြုံခဲ့ရလေသည်။ များသောအားဖြင့် ဆာမူရိုင်းသည်များနှင့် တိုက်ခိုက်ရတတ်ရာ ဂျေဘူသည် ဆာမူရိုင်းတစ်ဦးအား တိုက်ခိုက်အနိုင်ရသည့်နှင့် ဆာမူရိုင်းဓားရှည်ကို သိမ်းယူပြီး ဖင်းဂျားဘုရားကျောင်းသို့ပို့ပေးထားလိုက်သည်။ တဖြည်းဖြည်းနှင့် သူ့စုဆောင်းရရှိသော ဆာမူရိုင်းဓားရှည် အရေအတွက် တိုးတက်များပြားလာခဲ့သည်။ ဓားဆယ်လက်မှ လက်နှစ်ဆယ် စသည့်ဖြင့် ဖြစ်လာလေသည်။

ဂျေဘူသည် မိမိတို့ဖင်းဂျားအဖွဲ့၏ သွန်သင်ချက်၊ ညွှန်ကြားချက်များကိုလည်း မမေ့ချေ။ ရန်သူတစ်ဦးအား အနိုင်တိုက်ပြီးတိုင်း ကျဆုံးသူ ရန်သူအတွက် စိတ်ထဲမှဆုတောင်းပေးလေ့ရှိသည်။

ခရီးသွားစရာမရှိသောအခါများတွင် ဂျေဘူသည် ဆောင်းဦးလေ ည်ရှိသော ဘုရားကျောင်းတွင်နေထိုင်လျက် ဓားရေးအတတ်၊ မြှားပစ်အတတ်စသည့် တိုက်ခိုက်နည်းမျိုးစုံကို လေ့ကျင့်နေတတ်သည်။ အဖွဲ့ဝင်သစ်ကိုလည်း ဂျေဘူက နည်းပြဆရာအဖြစ် သင်ကြားပြသခဲ့လေသည်။

ထူးခြားချက်တစ်ခုကား ဂျေဘူအနေဖြင့် ကပ္ပတိန် ဒိုမေအား လူကိုယ် င် မတွေ့ဆုံရခြင်းပင် ဖြစ်သည်။

ကပ္ပတိန်ဒိုမေက စာများပေးစရာရှိလျှင် သို့မဟုတ် ခိုင်းစရာရှိလျှင် ခြားလူများမှတစ်ဆင့် ခိုင်းလေ့ရှိသည်။ ဤအစီအစဉ်ကို ဂျေဘူကိုယ်တိုင် လည်း သဘောကျနေမိလေသည်။

သူသည် ဟီယန်ကျိုမြို့တော်သို့ သွားချင်စိတ်မရှိချေ။ သူချစ်မြတ် ခဲ့သော တာနီကိုနှင့်လည်း မတွေ့ချင်၊ သတင်းမကြားချင် ဖြစ်နေသော ကြောင့်ပင်တည်း။

သို့ဖြစ်လင့်ကစား ဂျေဘူသည် နေ့စဉ်နှင့်အမျှ တာနီကို အားသတိရ နေမိလေသည်။

သူနေထိုင်ရာ ဆောင်းဦးလေ ဘုရားကျောင်းသို့ ဟီယန်ကျိုမြို့တော်မှ သတင်းများက မကြာခဏရောက်ရှိလာတတ်လေသည်။ အထူးသဖြင့် မြို့စား ကြီး ဆိုလာမိုရီသည် မြို့တော်တွင် အလွန်မျက်နှာရကာ သြဇာကြီးမားနေ

www.burmeseclassic.com

www.burmeseclassic.com



သလောက် ကပ္ပတိန်ဒိုမေက အနှိမ်ခံနေရသည်ဟုလည်း ကြားသိရလေသည်။

တာကာရှိနှင့် မူရာတိုမို အုပ်စုနှစ်ခုသည် တစ်ဘက်နှင့်တစ်ဘက် အလွန်မုန်းတီးနေကြကြောင်း ထင်ရှားပေသည်။

+++

ဂျေဘူက တာနီကိုအား မြို့တော်သို့ပို့ပေးခဲ့သည်မှာ အချိန်ကာလ နှစ်နှစ်ကြာသွားပြီ ဖြစ်လေသည်။

ထိုနှစ်၏ နောက်ဆုံးလတွင် ဘုရားကျောင်း အကြီးအကဲက ဂျေဘူအား ခေါ်ယူ၍ စာတစ်စောင်ပေးလေသည်။

ထိုစာမှာတပ်မှူးကပ္ပတိန် ဒိုမေထံမှဖြစ်ပြီး ဘုရင့်နန်းတော်သို့ ချက်ချင်း လာရောက်ရန် ဆင့်ခေါ်သည့်စာ ဖြစ်နေလေသည်။

ထိုစာကို ဂျေဘူအားပေးရင်း ဘုရားကျောင်း အကြီးအကဲက မြို့တော်၏ အခြေအနေသတင်းကိုပါပြောပြလေသည်။

"ဒီနေ့မနက်ပိုင်းက တပ်မှူးကြီးဒိုမေဟာ နန်းတော်ရဲ့အမှတ်(၉) အဆောင်ကို ဝင်စီး သိမ်းပိုက်လိုက်ပြီ၊ ကေရာဇ် ဘုရင်နီဂျိုကိုလည်း အဆောင်တစ်ခုမှာ လက်နက်ကိုင် တပ်သားတွေ အစောင့်ချထားပြီး ထိန်းသိမ်းထားလိုက်တယ်၊ ဒီအစီအစဉ်ကို ကပ္ပတိန်ဒိုမေက ကြံနေတာကြာပြီလို့ သိရတယ်၊ တာကာရှိ အုပ်စုခေါင်းဆောင်ဖြစ်တဲ့ မြို့စားကြီး ဆိုဂါမိုရီနဲ့ သူ့သားကီယိုဘီတို့က သူတို့မိသားစုရဲ့ ဘုရားကျောင်းရှိရာကို ဘုရားဖူးထွက်သွားကြတုန်းမှာ ဒိုမေက အခွင့်ကောင်းယူပြီး ဝင်စီးလိုက်တာပဲ၊ သူ့အနေနဲ့ မောင်ရင်က သူနိုင်တဲ့တာဝန်တွေ ဆောင်ရွက်ပေးခဲ့ဖူးတာတွေ အမှတ်ရပြီး အခု မောင်ရင့်ကို သူနဲ့အတူ အမှုထမ်းဖို့ ခေါ်လိုက်တာပဲ။"

ဘုရားကျောင်း အကြီးအကဲက ပြောရာ ဂျေဘူသည်အံ့အားသင့်နေမိလေသည်။

နောက်တစ်နေ့ မွန်းလွဲပိုင်းတွင် ဂျေဘူသည် မြို့တော်သို့ မြင်းစီးသွားပြီး နန်းတော်၏ အရှေ့ဘက်တံခါးပေါက်သို့သွားကာ လက်နက်ကိုင် စစ်သားများအား သူ မည်သူမည်ဝါဖြစ်ကြောင်း ပြောပြလေသည်။

စစ်သားများက ဝင်ခွင့်ပေးလိုက်ပြီး ကပ္ပတိန် ဒိုမေသည် နန်းတော်၏ ခန်းမဆောင်တွင် ရှိနေကြောင်း ပြောပြလိုက်လေသည်။



ထိုအချိန်၌ ဂျေဘူသည် သူ၏ မီးခိုးရောင်ဝတ်စုံပေါ်မှ တိုက်ပွဲဝင် ...ဝတ်စုံတစ်ခု ထပ်၍ဝတ်ထားလေသည်။ သူ၏ ဇင်ဂျားအဖွဲ့၏ တိုက်ပွဲဝင်ဝတ်စုံ ... ဆာမူရိုင်းများ၏ သံချပ်ဝတ်စုံနှင့်မတူချေ။ ရင်ပတ်နေရာတွင် မြှားများ ...ဖောက်မဝင်နိုင်အောင် သတ္တုပြားဖြင့် ကာထားလေသည်။

ဂျေဘူသည်မူရင်းလက်နက်ဖြစ်သော ဇင်ဂျားဓားရှည်နှင့် လေးမြှား ...အပြင် နာဂီနာတာခေါ် အသွားရှည်ရှည်နှင့် ဓားတစ်လက်ကိုပါ ကိုင်ဆောင် ...လေသည်။

ဘုရင်ဧကရာဇ်၏ နန်းတော်ကြီးက အလွန်ထည်ဝါခန့်ငြား လှပေ သည်။ ...တော် ပတ်ဝန်းကျင်တွင်လည်း အခြားအဆောက်အအုံ တော်တော်များများ ...ကြောင်းတွေ့ရသည်။ အရှေ့မြောက်ဘက်ရှိ သစ်သားအဆောက်အအုံတွင် ...ဧကရာဇ်၏ မိသားစု နေထိုင်ကြသည်ဟု သိရပေသည်။

စစ်ရေးပြကွင်းတစ်ခုရှိရာ ထိုနေရာ၌ နန်းတော်စောင့် ကိုယ်ရံတော် ...ဖွဲ့မှ စစ်သားတစ်ရာခန့်သည် ဓားရေးလေ့ကျင့်နေကြလေသည်။

စစ်ရေးပြကွင်း၏ ဘေးနားတွင် ဆာမူရိုင်းလေးသမားများက လေး...ကျင့်ရန် စောင့်နေကြသည်။ သူတို့ လေ့ကျင့်ပုံကား စစ်သည်အသွင်လုပ်ထား ... လူရုပ်များကို မြှားပစ်လေ့ကျင့်ခြင်းပင် ဖြစ်သည်။

ကွင်း၏ တစ်ဘက်အစွန်တွင်ကား မြင်းစီးစစ်သည်များက ပြေးနေ ကာ ...များကို မြင်းပေါ်မှ မြှားဖြင့်ပစ်၍ လေ့ကျင့်နေကြလေသည်။

ကိုယ်ရံတော်တပ်ဖွဲ့မှူး ကပ္ပတိန်ဒိုမေကား သူ၏စစ်သည်များအား ...လေ့ကျင့်စေကြောင်း ထင်ရှားပေသည်။

ကပ္ပတိန်ဒိုမေသည် ဆာမူရိုင်းစစ်သည် တစ်စု၏ အလယ်တွင်ရှိနေ ရာ ...က ထိုနေရာသို့သွား၍ ဦးညွှတ်အလေးပြုပြီး သသသည် မည်သူမည် ...ကြောင်း သတင်းပို့လိုက်သည်။

"ဩော်… မောင်ရင်က ကျုပ်အခေါ်နိုင်းလိုက်တဲ့ ဇင်ဂျားပဲကိုး၊ ...ရှိကော၊ သစ္စာဖောက် ရာဇဝတ်ကောင်တွေကို သုတ်သင်တိုက်ခိုက်ရင်း ...က်စွန့်ဖို့ အသင့်ရှိရဲ့လား"

ကပ္ပတိန်ဒိုမေက မေးလိုက်သည်။

အမှန်က ဂျေဘူသည် တိုက်ခိုက်ရင်း အသေခံရန်အသင့်ရှိပြီးသား

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ မည်သည့်အကြောင်းကြောင့် အသေခံရသည်ဟူ၍ကား ဂရုမစိုက်
ချေ။ သူတို့ဖင်းဂျင်းအဖွဲ့၏ လေ့ကျင့်သင်ကြားမှုအရ အသက်ရှည်ခြင်းနှ
သေခြင်းတရားသည် ဘာမျှမခြားနားဟု နားလည်လက်ခံပြီးသားဖြစ်ပေသည်
ထို့ကြောင့် ကပ္ပတိန်ဒိုမေ၏ မေးခွန်းကို ဂျော်ဘူက-
"ကျွန်တော်က ကျွန်တော့်အဖွဲ့ရဲ့ ညွှန်ကြားတဲ့အတိုင်း လုပ်ပါ တယ်"ဟု
ပြန်ဖြေလိုက်သည်။
"ကျုပ်က ဘုရင်ဧကရာဇ်ကို လုံခြုံစွာ ထိန်းသိမ်းထားလိုက်ပြီ၊ ဘုရ
နန်းတော်ကြီးကိုလဲ ကျုပ်က ချုပ်ကိုင်ထားတယ်၊ ဘုရင့်အတိုင်ပင်ခံ ကောင်
အဖွဲ့ဝင် အများစုကလဲ ကျုပ်ဘက်က ရှိနေတယ်၊ အခုလောလောဆယ် လုပ်စ
အလုပ်နှစ်ခုရှိတယ်၊ ပထမအလုပ်က ကျုပ်ရဲ့ ဖခင်အသက် သေအောင် လုပ်ခဲ့
မင်းသားကြီး ဟိုရီဂါဝါကို သုတ်သင်ကွပ်မျက်ဖို့ပဲ"
တာနီကို၏ ခင်ပွန်း မင်းသားကြီး၏ နာမည်ကို ကြားလိုက်ရသဖြ
ဂျော်ဘူသည် အံ့အားသင့်သွားမိလေသည်။ အမှန်တော့ မူရာတိုမိုအုပ်စုက ယခု
အာဏာသိမ်းမည်ဆိုလျှင် မင်းသားကြီး ဟိုရီဂါဝါကို ရှေးဦးစွာ သုတ်သင်မည်
သဘာဝပင်ဖြစ်သည်။ သို့သော် မင်းသားကြီးဟိုရီဂါဝါ အသတ်ခံရခြင်းတွ
ဂျော်ဘူအနေဖြင့် ပါဝင်ပတ်သက်ခြင်း မဖြစ်လိုချေ။ တနည်းအားဖြင့် တာနီကို
မိမိအပေါ် စိတ်ပြိုငြင်စရာ အချက်တစ်ခုမဖြစ်စေချင်သည့် သဘောပင်ဖြစ်သည်
ဒိုမေက ဆက်ပြောလိုက်သည့် စကားကို ကြားရသောအခါ ဂျော
သည် စိတ်သက်သာရာရသွားလေသည်။
"မင်းသားကြီးဟိုရီဂါဝါကို လိုက်ရှာသုတ်သင်မယ့် တပ်ဖွဲ့ကို ကျုပ်
သား ဟီဒေယိုရီကိုယ်တိုင် ဦးစီးကွပ်ကဲလိမ့်မယ်"
ဤသို့ပြောရင်း ကပ္ပတိန်ဒိုမေသည် အနီးရှိ သူ့သား ဟီဒေယိုရီ
ပခုံးပေါ်သို့ လက်တစ်ဘက်တင်လိုက်သည်။
ဟီဒေယိုရီသည် သူ၏ဖခင်ကဲ့သို့ နဖူးကျယ်ကျယ် အင်္ဂါရုပ်မျိုးရှိ သည်
လူကတော့ အလွန်ငယ်သေးလေသည်။
ကပ္ပတိန် ဒိုမေက ပြုံး၍ ဆက်ပြောပြန်သည်။
"သူက အသက်ဆယ့်ငါးနှစ်ပဲ ရှိသေးတယ်၊ မကြာသေးခင်ကမှ သူ
ဆံပင်ကို ဖြတ်ပြီး ဆာမူရိုင်းပုံစံဆံပင်ထုံးပေးခဲ့တယ်၊ ကျုပ်သဘောကတော



ဟီဒေယိုရီကို သူ့ညီငယ် ယူဘီအိုနဲ့အတူ အိမ်မှာပဲ နေစေချင်တယ်၊ ဒါပေမယ့်
ဟီဒေယိုရီ ကိုယ်တိုင်က မူရာတိုမို မိသားစုရဲ့ ဂုဏ်သိက္ခာကို ပြန်ဆည်မယ့်
တိုက်ပွဲမှာ ပါဝင်ပါရစေလို့ အတင်းတောင်းဆိုလို့ ကျုပ်က လိုက်လျောခဲ့ရ
တယ်၊ နောက်အလုပ်တာဝန်တစ်ခုကတော့ အငြိမ်းစား ဧကရာဇ် ဂိုရှီရာကာဝါ
ကိုဖမ်းပြီး ထိန်းသိမ်းထားဖို့ပဲ၊ အခုလောလောဆယ် သူက ဆန်ဂျိုနန်းတော်မှာ
ရှိနေတယ်၊ သူ့လူယုံတွေက ဝိုင်းစောင့်နေကြတယ်၊ အဲဒီတာဝန်ကို မောင်ရင်က
ဆောင်ရွက်စေချင်တယ်"
ကပ္ပတိန်ဒိုမေ၏ စကားအဆုံးတွင် ဂျော်ဘူသည် ခေတ္တစဉ်းစားနေမိ သည်။
သူတို့ ဖင်းဂျားအဖွဲ့ သင်တန်း၌ လေ့ကျင့်ပို့ချမှု အစီအစဉ်တွင် အခြေခံ
နိုင်ငံရေးဘာသာရပ်လည်း ပါဝင်ခဲ့သည်။ ဂျပန်ပြည်၏ ဘုရင်ဧကရာဇ် ရာထူး
သည် အဆောင်အယောင် သဘောသာဖြစ်၍ တကယ်သြဇာအာဏာမရှိကြောင်း
ဂျော်ဘူက သိထားပြီးဖြစ်သည်။ ဂျပန်ပြည်ကို တကယ်လက်တွေ့အုပ်စိုးနေသူများ
မှာ ရှီးဂျင့်ခေါ် ဦးသျှောင်အဖွဲ့ဖြစ်ပြီး ရှင်းအဖွဲ့တွင် အများစုမှာ ဖူဂျီခါရာ
သားစုများဖြစ်သည်။
အငြိမ်းစားဧကရာဇ်ဆိုသည်မှာ တာဝန်မရှိဘဲ လွတ်လပ်စွာ နေထိုင်
သူဖြစ်သည်။ ဧကရာဇ်ဖြစ်ခဲ့ဖူးသော သိက္ခာကို စောင့်ထိန်း၍နေရလေသည်။
အငြိမ်းစား ဧကရာဇ်တို့ကမူ ဗုဒ္ဓဘာသာရဟန်းဘောင်သို့ ဝင်လေ့ရှိသည်။
အငြိမ်းစား ဧကရာဇ်များအနေဖြင့် သြဇာတိက္ကမ ရှိသင့်သလောက် ရှိသေးရာ
ဧကရာဇ်အသစ်များ ရွေးချယ်တင်မြှောက်ရာတွင်ပင် အကြံပေးထောက်ခံနိုင်
သည့် အစဉ်အလာလည်း ရှိပေသည်။
ယခုကပ္ပတိန်ဒိုမေသည် လက်ရှိဘုရင်ဧကရာဇ်ကို ထိန်းသိမ်းထား
ပြီးဖြစ်သော်လည်း အငြိမ်းစားဧကရာဇ်ကိုပါ ထိန်းသိမ်းထားနိုင်မှ သူ့အတွက်
အသုံးဝင်မည်ဖြစ်သည်။
ဂျော်ဘူက စဉ်းစားနေစဉ် ကပ္ပတိန်ဒိုမေက ဆက်၍ ပြောပြန်သည်။
"ကျုပ်တို့ အငြိမ်းစား ဧကရာဇ်ဂိုရှီရာကာဝါကို ထိန်းသိမ်းပြီးတာနဲ့
အတိုင်ပင်ခံကောင်စီ အစည်းအဝေးလုပ်ပြီး ဆိုဂါမိုရီနဲ့ ကီယိုတီတို့ကို သူ့ရဲ့အ
ဖြစ် ခေါ်ကြေငြာမယ်၊ အဲဒီအစည်းအဝေးကပဲ ကျုပ်ကို ဆိုဂါမိုရိနေရာမှာ ဗိုလ်ကြီးအ
ဖြစ် ခန့်လိမ့်မယ်၊ နောက်ပြီး ကျုပ်ကိုယ်တိုင် ရွေးချယ်မယ့် ရှီးဂျင့်အတိုင်ပင်ခံ

www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်တစ်ဦးကိုလဲ ခန့်ထားလိမ့်မယ်။"

"ကျွန်တော်က ဂိုရီရာကာဝါကို သွားဖမ်းပေးစေချင်ပါသလား"

ဂျောဘူက ပြန်မေးလိုက်သည်။

"ဟုတ်တယ်၊ မောင်ရင်က ဇင်းဂျားတစ်ဦးဖြစ်လို့ ဆာမူရိုင်းတွေ မတွေ့တဲ့အချက်ရှိတယ်။ မောင်ရင်တို့ ဇင်းဂျားတွေက လူမရိပ်မိအောင် လျှို့ဝှ လှုပ်ရှားတတ်တယ်။ ဒါကြောင့် ဒီနေ့ည မောင်ရင်ကိုယ်တိုင် လူတစ်စု ခေါင်းဆောင်ပြီး ဆန်ဂျိုနန်းတော်ရှေ့က ဝင်တိုက်ရင်တော့ ဖြစ်ပါတယ် ဒါပေမယ့်လူတွေ အများကြီး လွတ်နေရလိမ့်မယ်။ ကျုပ်အနေနဲ့ ဒီနန်းတော်ကြ တစ်ခုလုံးကို ထိန်းထားဖို့လဲ အရေးကြီးနေတယ်။ နောက်တစ်ခုက အငြိမ်းစ ဧကရာဇ်ရဲ့ နန်းတော်ကို ကျုပ်က ဝင်တိုက်တာ မြင်သွားရင် လူတွေ ကျုပ်တို့ကို မုန်းတီးသွားလိမ့်မယ်။ ဒါကြောင့် ဒီကိစ္စကို လူအင်အားနည်းနည်း ဘယ်သူမှမသိအောင် လုပ်ချင်တယ်။ မောင်ရင်က နံရံကိုကျော်ဝင်ပြီး ကျု ဆာမူရိုင်းတွေ ဝင်နိုင်အောင် တံခါးဖွင့်ပေးရမယ်။ ဂိုရီရာကာဝါကိုတော့ မော ရင်ကိုယ်တိုင် တာဝန်ယူရမယ်။ အငြိမ်းစား ဧကရာဇ်ဟာ အခုဆိုရင် သာသ ဘောင် ဝင်ထားပြီးဖြစ်လို့ ဆာမူရိုင်းတွေက လက်ဖျားနဲ့တို့ဖို့ ဝန်လေးကြ မယ်။ ဒါပေမယ့် မောင်ရင်က ဇင်းဂျားဘာသာရေးအဖွဲ့ဝင် ဖြစ်လို့ ပြဿနာ ဘူး။ မောင်ရင့်အနေနဲ့ ဘာမှ လက်တွန့်မနေပါနဲ့။ ဘယ်နှယ်လဲ ကျုပ်အခုပြော တွေ ဆောင်ရွက်နိုင်ပါ့မလား"

"ကျွန်တော်လုပ်နိုင်ပါလိမ့်မယ် ကပ္ပတိန်ဒိုမေ ခင်ဗျား"

ဤသို့ပြောလိုက်ရင်း ဂျောဘူသည် စိတ်ထဲမှ ကျေနပ်အား တက် မိလေသည်။ ယခုည၌ သူ၏လုပ်ရပ်သည် ဂျပန်အင်ပိုင်ယာကြီး၏ အနာဂ က်ကြမ္မာကို ဖန်တီးစေမည့်လုပ်ရပ်ပင် ဖြစ်သည်။ မိမိ၏ အရည်အချင်း အစွမ်းကုန်အသုံးချ၍ အသက်စွန့်လုပ်ကိုင်ရန် အခွင့်အရေးလည်း ဖြစ်နေသည်

ထိုအချိန်၌ ဂျောဘူ၏ စိတ်ထဲတွင် တာနီကို အမည်ရှိမိန်းကလေး သ အရေးမကြီးလှဟု ဆင်မြင်မိပေသည်။ သူ၏ ဘဝတစ်သက်တာတွ အရေးအကြီးဆုံး တာဝန်ကိုသာ အဓိကထားဆောင်ရွက်လိုစိတ် ပြင်းပြနေ သည်။

× × × ×



ထိုနေ့ည မိုးချုပ်သောအခါ ဂျောဘူသည် မူရာတိုမို အုပ်စုမှ မြင်းစီး ဆာမူရိုင်းတစုကို ခေါ်ဆောင်လျက် ဆန်ဂျိုနန်းတော်သို့ သွားလေသည်။ သူတို့၏ ကတ်တွင် နွားဆွဲသည့် ရထားတစ်စီးလည်း ပါလေသည်။

နန်းတော်နှင့်နီးလာသောအခါ ဂျောဘူက အားလုံးကို ရပ်တန့်စေရန် က်ပြလိုက်ပြီးနောက် သူနှင့်တကွ ဆာမူရိုင်းတစ်ဦးကို ခေါ်၍ ခြေကျင်ဆက် းလေသည်။

နန်းတော်အပြင်ဘက်တွင် ကျုံးရှိသဖြင့် ဂျောဘူသည် ရေထဲအသာ ဆင်းပြီး သွားလေသည်။

ဇင်းဂျားအဖြစ် လေ့ကျင့်ခဲ့စဉ်က စစ်ဝတ်စုံ အပြည့်ဝတ်ပြီး ရေကူး း်ကိုလည်း လေ့ကျင့်သင်ကြားခဲ့ရသဖြင့် ဂျောဘူသည် အလွယ်တကူပင် သွားနိုင်လေသည်။

ကျုံးရေက ရေခဲကဲ့သို့ အလွန်အေးစက်လျက် ရှိသော်လည်း ဂျောဘူ ည် လူမမြင်စေရန် ရေငုပ်၍ ကူးသွားရာ မကြာမီ တစ်ဘက်ကမ်းသို့ က်သွားလေသည်။

ထိုနေရာတွင် ကျောက်တုံးများစီ၍ ဆောက်ထားသော နံရံတစ်ခု လေသည်။ ဂျောဘူသည် သံချိတ်များ တပ်ဆင်ထားသော ပိုးကြိုးတစ်ခုကို ပ်ုံးပြ၍ နံရံပေါ်သို့ ကျော်တက်လိုက်သည်။

အပေါ်သို့ရောက်၍ လှမ်းကြည့်လိုက်သောအခါ လေးသမားများအ တွက် သန့်ဆောက်ထားသော စင်မြင့်တစ်ခုကို မြင်ရလေသည်။ အငြိမ်းစား ရာဇ် ဂိုရီရာကာဝါသည် သူ့အား ရန်သူများလာတိုက်လိမ့်မည်ဟု စိုးရိမ်ဟန် သည်။

ဂျောဘူသည် တကိုယ်လုံးစိုရွှဲလျက်နှင့်ပင် ခြေဖျားထောက်၍ ဆက် ရာ သစ်သားတံခါးအပြင်ဘက်တွင် နာရီနာဝတာ ဓားရှည်ကိုင်စစ်သားတစ်ဦး င့်နေသည်ကို တွေ့ရလေသည်။

ဂျောဘူသည် မှောင်ရိပ်ထဲမှနေ၍ ရှူရီကင်ခေါ် အသွားရှစ်မြှောင့် ရှိသည့် ပြားလက်နက်တစ်ခုကို အင်္ကျီအိတ်ထဲမှ ထုတ်ယူလိုက်သည်။

ထိုလက်နက်ဖြင့် အစောင့်စစ်သားကို ချိန်ကာ တအားလွှဲပစ်ရာ မြှောင့်သံပြားလက်နက်သည် စစ်သား၏ လည်ပင်းတည့်တည့်သို့ ထိမှန်သွား

www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ချွန်ထက်သော အသွားများက လည်ပင်းကို လှီးဖြတ်သလို စိုက်
သဖြင့် သွေးများပန်းထွက်ကာ စစ်သားလည်း လဲကျသွားလေသည်။ ပြင်းထန်
နာကျင်၍ ဟစ်အော်ရန် ကြိုးစားသဖြင့် ဂျောဘူက ပြေးသွားပြီး ထိုလူ
ဓားရှည်ဖြင့်ပင် ရင်ပတ်ကို ထိုးစိုက်ချလိုက်သည်။ ထိုအချိန်၌ ဖင်းဂျား
ထုံးစံအရ သူသည် ကျဆုံးသူ ရန်သူအတွက် တီးတိုးဆုတောင်းပေးလိုက်
သည်။

ထိုအခိုက် တစ်စုံတစ်ယောက် ပြေးဝင်လာသည့် ခြေသံကြားရသ
ဂျောဘူသည် နာဂီနာတာ ဓားရှည်ကို ကိုင်ရင်း ချာကနဲ လှည့်လိုက်သည်။

သူ၏ ကိုယ်ကိုလှည့်ရင်း ဓားရှည်ကိုလည်း ဝင့်၍ ခုတ်လိုက်သ
ပြေးဝင်လာသူ စစ်သားခြေထောက်နှစ်ဘက် ဒူးဆစ်အောက်များကို ခုတ်
ကာ ပြတ်ထွက်သွားလေသည်။

စစ်သားက ပြင်းစွာနာကျင်၍ ဟစ်အော်လိုက်ခြင်းကြောင့် ကျ
စောင့်စစ်သားများ လန့်နိုးလာကြလေသည်။ ဂျောဘူလည်း ခြေထောက်ပြတ်နေ
စစ်သားအား ဓားရှည်ဖြင့်ထိုး၍ ကိစ္စတုံး စီရင်လိုက်ရလေသည်။

ထုံးစံအတိုင်း ခပ်တိုးတိုး ဆုတောင်းရင်း ဂျောဘူသည် သစ်သား
ခါးကို ဖွင့်လိုက်လေသည်။

ထိုအချိန်၌ ဂျောဘူနှင့်အတူ လိုက်ပါလာသူ မူရာတိုမိုအုပ်စုမှ ဆာမူရိုင်း
များသည်လည်း ဝင်ရောက်လာပြီး လူတွေ ဖြန့်ကာ ချီတက်လာနေကြပြီ
သည်။

အငြိမ်းစားဧကရာဇ် ဂိုရှီရာကာဝါ၏ အဆောင်ဝင်ဝတွင်ကား သူ၏
ကျေးကျွန်များက စုရုံး၍ တံခါးပေါက်ကို ပိတ်ဆို့ ကာဆီးထားကြလေသည်။

အမှန်တော့ ထိုလူများသည် ဆာမူရိုင်းစစ်သည်များ မဟုတ်
လက်နက်ကိုင် ကျေးကျွန်များသာ ဖြစ်လေသည်။

အဆောင်အတွင်းဘက်ဆီမှ အမျိုးသမီးများ ထိတ်လန့်တကြား
အော်သံများကိုလည်း ကြားနေရလေသည်။

မူရာတိုမိုဆာမူရိုင်းများက မြားဖြင့် ပစ်ခတ်မှုကြောင့် လက်နက်ကိုင်
ကျေးကျွန်အချို့သည် ထိမှန်ကျဆုံးကုန်ကြလေသည်။ အချို့ကလည်း ဆာမူရိုင်း
တို့၏ ဓားချက်ဖြင့် ကျဆုံးကုန်သည်။



ဂျောဘူသည် လှေကားမှ လျင်မြန်စွာ ပြေးတက်သွားလေသည်။ လှေကား
တွင် အစောင့်စစ်သား တစ်ဦးနှင့် ပက်ပင်းတိုးနေရာ ဂျောဘူက သူ၏
ဓားဖြင့် ဝမ်းဗိုက်ကို ထိုးစိုက်လိုက်သဖြင့် စစ်သားလည်း ကျသွား
သည်။ တဖန် ဓားရှည်စစ်သားတစ်ဦးက ပြေးဝင်လာပြန်သဖြင့် ဂျောဘူက
သူ၏ ဓားကိုင်သည့်လက်ကို ခုတ်ဖြတ်ချလိုက်သည်။ စစ်သားလည်း ဟစ်
ငြီးငြူလျက် လဲကျသွားလေသည်။

ဤတွင် ဂျောဘူသည် အငြိမ်းစား ဧကရာဇ်၏ ရှေ့မှောက်သို့ ရောက်သွား
တော့သည်။

ဂိုရှီရာကာဝါသည် စင်မြင့်တစ်ခုပေါ်တွင် တင်ပလ္လင်ခွေထိုင်နေရာမှ
ဂျောဘူကိုမြင်လျှင် မျက်မှောင်ကြုတ်လိုက်သည်။

''ဗုဒ္ဓမြတ်စွာဘုရားရဲ့ သင်ကြားချက်တွေကို မေ့လျော့ကုန်တဲ့ ခေတ်ကို
တက်နေပါပေါ့လား၊ ကျုပ်လို သာသနာဘောင်အတွင်းက အဘိုးကြီး တစ်
ယောက်ကိုတောင် လူဆိုးတွေက လာပြီးတိုက်ခိုက်တာ ခံနေရပြီ''

အငြိမ်းစား ဧကရာဇ်က ဤသို့ ခပ်တည်တည်ပြောလိုက်ချိန်တွင် ဂျောဘူ
သည် ဘေးပတ်ဝန်းကျင်၌ ရန်သူရှိ မရှိ လှည့်ပတ်ကြည့်ပြီးနောက် ဒူးထောက်
လိုက်သည်။

''ကိုယ်ရံတော်တပ်ဖွဲ့မှူး ကပ္ပတိန်ဒိုမေရဲ့ ညွှန်ကြားချက်အရ လာ
ရောက်ခြင်း ဖြစ်ပါတယ်။ ကပ္ပတိန်ကြီးက အရှင်ဘုရားအဖို့ ဒီမှာနေရင်
အန္တရာယ်ရှိတယ်လို့ ယူဆပါတယ်၊ ဒါကြောင့် သူကိုယ်တိုင် ကာကွယ်စောင့်
ရှောက်ပေးနိုင်မယ့် နန်းတော်ကြီးကို လိုက်ခဲ့ဖို့ ခေါ်ခိုင်းပါတယ်၊ ဟိုမှာ လက်ရှိ
ဘုရင်ဧကရာဇ်မင်းမြတ်နဲ့အတူ နေထိုင်နေဖို့ပါပဲ''

ဂျောဘူက ရိုသေလေးစားစွာ ပြောလိုက်သော်လည်း အငြိမ်းစား
ဧကရာဇ်မင်းက လက်မခံချေ။

''ဖင်းဂျားတွေဆိုတာ ဘာသာရေး အရေခြုံထားတဲ့ လူ့ဝတ်သမား တွေသာ
ဖြစ်တယ်။ မင်းကို သတိပေးလိုတယ်။ ငါ့ကို လက်ဖျားနဲ့ ထိတာနဲ့ ဘာသာကို
စော်ကားရာ ရောက်သွားမယ်။ ငါတော့ မလိုက်နိုင်ဘူး''

အငြိမ်းစား ဧကရာဇ်က ပြောနေစဉ်မှာပင် နောက်ဘက်မှ အသံ
ကြားရသဖြင့် ဂျောဘူလည်း လျင်မြန်စွာ လှည့်ကြည့်လိုက်ရာ လူတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ဓားမြှောင်ကိုင်လျက် ပြေးဝင်လာသည်ကို တွေ့ရလေသည်။

ဂျောဘူလည်း လျှင်မြန်စွာ လှုပ်ရှားလိုက်ရလေသည်။

ထိုလူ၏ လက်ကောက်ဝတ်ကို ဖမ်းကိုင်ပြီး သိုင်းပညာနည်းဖြင့် ကိုင်း ပေါက်လိုက်ရာ ဓားမြှောင်ကိုင်လူလည်း ကြမ်းပြင်ပေါ်လဲကျသွားတော့သည်။ ဤတွင် ဂျောဘူက ထိုလူ၏ ဓားမြှောင်ဖြင့်ပင် ထိုးသတ်လိုက်သည်။

"တကယ်မကောင်းတဲ့ ခေတ်ဆိုးကြီးဖြစ်နေပါပြီ အရှင်ဘုရား"

ဂျောဘူက အငြိမ်းစား ဧကရာဇ်ဘက်သို့ လှည့်၍ ရိုသေစွာ ပြော လိုက်ပြန်သည်။

"ဒီလို သွေးထွက်သံယိုမှုတွေ ဖြစ်ပွားနေရင်တော့ ဒီနေရာဟာ ငါ့အတွက် အန္တရာယ်ရှိတာအမှန်ပဲ၊ ကိုင်းငါ့ကို နန်းတော်ကြီးအရောက်သာ လိုက်ပို့ပေတော့"

ဤသို့ပြောလိုက်သဖြင့် ဂျောဘူလည်း အငြိမ်းစား ဧကရာဇ်ကို ခေါ်၍ ထွက်လာခဲ့လေသည်။

အပြင်ဘက်တွင်ကား ဓားခုတ်အတတ်မကျွမ်းကျင်သော ကျေးကျွန် အစောင့်များမှာ ဆာမူရိုင်းတို့၏ ဓားချက်ဖြင့် အတုံးအရုံးသေဆုံးနေကြလေသည်။

အငြိမ်းစားဧကရာဇ်ကို မြင်လျှင် ဆာမူရိုင်းများသည် မြေပြင်တွင် ပြားပြားဝပ်လျက် အလေးပြုကြလေသည်။

ဂျောဘူလည်း အသင့်ပါလာသော နွားလှည်းရထားကို ခေါ်၍ အငြိမ်းစား ဧကရာဇ်ကို တက်စီးစေလေသည်။

ထို့နောက် ဆာမူရိုင်းစစ်သည်များအား အမိန့်ပေးလေသည်။

"အားလုံး မြင်းပေါ်တက်ပြီး ဒီရထားပတ်ပတ်လည် ဝိုင်းထားကြပါ ပြီးရင် သွားကြမယ်"

ဂျောဘူသည် သူနှင့်အတူ ပါလာသူ ဆာမူရိုင်းအား ပြန်စစ်ကြည့်ရာ တစ်ယောက်မျှ ထိခိုက်ကျဆုံးခြင်း မရှိသဖြင့် ကျေနပ်သဘောကျသွားမိလေ သည်။

သူတို့ ထွက်ခွာခါနီးတွင် ဆာမူရိုင်းစစ်သည်တစ်ဦးသည် မီးတုတ် ကိုင် လျက် အဆောက်အအုံကို မီးရှို့မည်ပြုနေသဖြင့် ဂျောဘူက ဟစ်အော်၍ လှမ်းတား လိုက်သည်။ သို့သော် မီးတုတ်ကို ပစ်လိုက်ပြီးဖြစ်နေ၍ အဆောက်အအုံ ခေါင်မိုးတွင် မီးစွဲလောင်နေပြီဖြစ်လေသည်။



ကိုယ်ရံတော်တပ်မှူး ကပ္ပတိန်ဒိုမေက အငြိမ်းစားဧကရာဇ်အား သွား ရောက်ထိန်းသိမ်းရာတွင် ဆူဆူပူပူ မရှိစေပဲ အေးအေးငြိမ်သက်စွာ ပြုလုပ်ကြရန် အတိအကျ အမိန့်ပေးလိုက်သည်။ သို့သော် ဆာမူရိုင်းစစ်သည်များသည် စည်း ကမ်းနှင့်အမိန့်ကို မရှိသေပဲ ဖျက်ဆီးပစ်လိုသည့် စိတ်ရိုင်းသာရှိ နေပုံရလေ သည်။ သည်လို စည်းကမ်းမဲ့သူများက ဂျပန်အင်ပိုင်ယာကြီး၏ ကာကွယ် ရေးတာဝန်ယူနေခြင်းသည်ပင်လျှင် မကောင်းသော လက္ခဏာတစ်ခုပါတကား ဟု ဂျောဘူက စိတ်ထဲမှ သုံးသပ်မိလေသည်။

အငြိမ်းစားဧကရာဇ် ဂိုရှီရာကာဝါက ဗုဒ္ဓမြတ်စွာဘုရား၏ သင်ကြားချက် များကို မေ့လျော့ကုန်ကြပြီဟု ပြောခဲ့လေသည်။ အခြားဗုဒ္ဓဘာသာ ရဟန်းတော် များကလည်း အလားတူပြောကြသည်ကို ဂျောဘူက ကြားခဲ့ဖူးပေသည်။ ဤကဲ့သို့အဆိုအရ တစ်နေ့ကျလျှင် လူတွေက ဗုဒ္ဓ၏ ဥပဒေများကို ချိုးဖောက် ဖျက်ဆီးကြကုန်ကာ ကမ္ဘာကြီးပျက်စီးလိမ့်မည်ဟု ဗုဒ္ဓရှင်တော်ဘုရား ကိုယ် တော်တိုင်က မိန့်ကြားခဲ့ဖူးသည်ဟု ဆိုသည်။

ဂျောဘူသည် ဆန်ဂျိုနန်းတော် အဆောက်အအုံကြီးမီးဟုန်းဟုန်း တောက်လောင်နေသည်ကို လှမ်းကြည့်ရင်း ဗုဒ္ဓမြတ်စွာဘုရား ဟောကြားခဲ့ သည့် ကမ္ဘာကြီးပျက်စီးချိန် နီးကပ်လာလေပြီလောဟု စိတ်ထဲမှ တွေးနေမိလေ သည်။

(၁၁)

ထိုနေ့ နေဝင်ချိန်ကပင် မူရာတိုမို အုပ်စုက ဘုရင့်နန်းတော်ကြီးကို သိမ်းပိုက်စီးထားလိုက်ပြီး ဖြစ်လေသည်။

မင်းသားကြီး ဟိုရီဂါဝါသည် လက်နက်ကိုင် ကိုယ်ရံတော်အချို့နှင့်အတူ မှာ မိသားစုနေအိမ်သို့လာပြီး တာနီကိုအား ခေါ်လေသည်။

"ငါမင်းဆီက အကြောင်းကြားစာကို ရတယ်၊ မင်းဟာ တာဝန် ကျေပွန်တဲ့ ဇနီးကောင်းပီသတယ်၊ မင်းဆီကအကြောင်းကြားစာရရှိမှာ မူရာတိုမို အုပ်စုက အာဏာသိမ်းတဲ့ သတင်းကို ငါကြားပြီးနေပြီ၊ မင်းကဘယ်လိုလုပ်ပြီး လွတ်အောင်ပြေးလာခဲ့တာလဲ"

ဟိုရီဂါဝါက မေးသဖြင့် တာနီကိုကလည်း သူမ၏ အကြောင်းကို ပြောပြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကပ္ပတိန် ဒိုမေရဲ့လူတွေက နန်းတော်ကို မဝိုင်းမိခင်ကလေးမှာ ကျွန်မ... နန်းတော်အရှေ့မြောက်တံခါးက ထွက်ပြေးကာ လာခဲ့ပါတယ်။ နန်း... တော်ဝင်းအတွင်းမှာ အဆောက်အအုံတွေ လမ်းတွေက အလွန်ရှုပ်ထွေးတယ်... မဟုတ်လားရှင့်။ အလွတ်စေ့အောင် အစောင့်ချထားဖို့လဲ မလွယ်လှဘူး၊ ဒါ... ကြောင့် ကျွန်မလဲ လွတ်အောင်ပြေးလာနိုင်ခဲ့တာပဲ"

တာနီကိုက ဤသို့ပြောလိုက်ခြင်းမှာ အမှန်အတိုင်း ပြောလိုက်ခြင်း မဟုတ်ချေ။

တကယ့်အဖြစ်မှန်က တစ်မျိုးဖြစ်သည်။

နံနက်စောစော အရုဏ်မတက်မီ လေဒီအာကီမီသည် တာနီကိုအား... လာနိုး၍

"ဒီမယ် ညည်းအဖို့ဒီမှာ အန္တရာယ်ရှိနေတယ်။ ဒါကြောင့် နန်းတော်ကြီး... က အမြန်ဆုံးထွက်သွားလိုက်ပါ။ အရှေ့မြောက်တံခါးက ထွက်သွားရင် ဟိုမှာ... အစောင့်မရှိဘူး"ဟု ခပ်တိုးတိုး လာပြောခဲ့သည်။

"ဘာတွေဖြစ်နေလို့လဲရှင့်"

တာနီကိုက ပြန်မေးကြည့်ခဲ့သည်။

"ကပ္ပတိန်ဒိုမေက နန်းတော်ကြီး တစ်ခုလုံးကို ဝင်စီးပြီး ဘုရင်ဓကရာဇ်... ကိုပါ ဖမ်းဆီးထိန်းသိမ်းထားဖို့ ပြင်ဆင်နေပြီ"

"ဟင်...ဟုတ်လား ဘာကြောင့်လဲ၊ ကပ္ပတိန်ဒိုမေရဲ့ တာဝန်ဝတ္တရား... ဘုရင်ဓကရာဇ်ကို ကာကွယ်စောင့်ရှောက်ဖို့ မဟုတ်လားရှင့်"

"ဒီလိုရှိတယ်ကွဲ့၊ သူက မတရားအနိုင်ခံနေရတာ ကြာပြီ၊ ဒါ ကြောင့်အခု... သူက အစိုးရအာဏာကို သိမ်းယူပြီး သူ့ရန်သူတွေကို ကလဲ့စားချေ လိမ့်မယ်... မနက်နေထွက်တာနဲ့ သူ့လူတွေက နန်းတော်ကြီးကို ဝင်စီးဖို့ အဆင်... သင့်ဖြစ်နေကြပြီ၊ ကိုင်း... ညည်းမြန်မြန် အဝတ်အစားလဲပြီး ထွက်သွား... တော့"

အာကီမီက ဤသို့ပြောသော်လည်း တာနီကိုမှာ ရုတ်တရက်ချီတုံချ... ဖြစ်နေမိလေသည်။

"ကျွန်မက မိဖုရားကြီးနားမှာနေဖို့ တာဝန်ရှိတယ်ရှင့်"

"မိဖုရားကြီးအတွက် မစိုးရိမ်ပါနဲ့၊ ဘယ်သူကမှ ရန်ပြုမှာ မဟုတ်...



...ဘူး၊ မင်းက မင်းသားကြီးဟိုရီဂါဝါရဲ့ ဇနီးဖြစ်နေတယ်။ ကပ္ပတိန်ဒိုမေအနေနဲ့... မင်းကို ခင်မင်ပေမယ့် သူ့ရန်သူ ဟိုရီဂါဝါကို ဖမ်းမိဖို့အတွက် မင်းကို ဓားစာခံ... အဖြစ် အသုံးချရလိမ့်မယ်၊ ညည်းကို နှိပ်စက်ညှင်းပန်းဖို့ လိုအပ်ရင်လဲ လုပ်ရမှာ... ဒါကြောင့် အခုချက်ချင်းသွားပေတော့"

"ကျွန်မက မိဖုရားကြီးကို သတိပေးလိုက်ဦးမှ ထင်တယ်"

"ဒါတော့ ခွင့်မပြုနိုင်ဘူး၊ သွားသတိပေးမယ်ဆိုရင် ငါက ညည်းကို... ဒိုမေရဲ့လူတွေ လက်အပ်လိုက်ရလိမ့်မယ်"

"နေပါဦးရှင့်...၊ လေဒီအာကီမီ ကိုယ်တိုင်ကကော ကပ္ပတိန်ဒိုမေ ရဲ့... လုပ်ရပ်ကို သဘောတူပါသလား"

"ဒီမယ်... ငါက ဒိုမေကို ချစ်မြတ်နိုးခဲ့တာ ဆယ့်နှစ်နှစ်ရှိပြီ၊ ဒါကြောင့်... ...ဟာလဲ သူ့မိသားစုတစ်ယောက်လို ဖြစ်နေတယ်။ ငါ့သားကလေးဆိုရင်လဲ... ...တိုမိုမိသားစုတစ်ဦးဖြစ်တယ်။ ကပ္ပတိန်ဒိုမေရဲ့ ဖခင်ကြီးခေါင်းဖြတ်... ...သတ်ခံခဲ့ရတာကိုလဲ ငါမြင်ခဲ့ရတယ်။ တာကာရှီအုပ်စုက ဒိုမေကို အမျိုးမျိုး... ...ကက်ခဲ့တာတွေလဲ သိတယ်။ ဒါကြောင့်အခု ဒိုမေရဲ့ လုပ်ရပ်ကို ငါသဘောတူ... ...တယ်။ သူက ပြန်မတိုက်လို့ မဖြစ်တော့ဘူး"

သည်တော့မှ တာနီကိုလည်း နားလည်ဟန်ဖြင့် အလျင်အမြန် အဝတ်... ...အစားလဲလေသည်။

"ဪ... ဒီလိုကိုး၊ ဒီတိုင်းဆိုရင် ကပ္ပတိန်ဒိုမေဟာ မိသားစု တွေ... ...ဆုံးခဲ့ရတာတွေကို ပြန်ရအောင် ကြိုးစားတာကို ကျွန်မနားလည်ပါပြီ။... ...ပေမယ့် ဘုရင်ဓကရာဇ်ကို ဖမ်းပြီး ထိန်းသိမ်းတာကတော့ ရာဇဝင်မှာ မ... ...ဖူးတဲ့ အဖြစ်မျိုးပဲ၊ တကယ်လို့ ကပ္ပတိန်ဒိုမေရဲ့လူတွေက နန်းတော်ကြီးကို... ...ဝိုင်းနိုင်နိုင် ထိန်းသိမ်းမထားနိုင်ခဲ့ရင် ဘယ့်နှယ်လုပ်ပါ့မလဲ၊ ကျွန်မ သိရသ... ...လောက် တာကာရှီအုပ်စုက ရိုက္ကုဟာယရာမှာ စစ်သည်တွေ သောင်းချီပြီးရှိနေ... ...တယ်။ ကျွန်မတော့ ကပ္ပတိန်ဒိုမေရဲ့ လုပ်နည်းလုပ်ဟန်ကို သဘောမကျဘူး၊... ...သူက သူပုန်တစ်ယောက်လို ဖြစ်နေတယ်"

တာနီကိုက ဤသို့ ပြောလိုက်ရာ လေဒီအာကီမီသည် မျက်ခုံးကြု... ...လေသည်။

"ဟုတ်ပါတယ် တာနီကိုရယ်၊ ငါလဲသိပါတယ်၊ ငါ့ဗိုက်ထဲမှာ ဒိုမေ...

www.burmeseclassic.com

www.burmeseclassic.com



အတွက် အလွန်စိုးရိမ်နေမိတယ်။ ငါ့သားလေးနဲ့ ဒိုမေရဲ့ တခြားသား... အတွက်လဲ အထူးစိုးရိမ်မိတယ်၊ တကယ်တော့ ဒိုမေဟာ အကျပ်အတည်း... တွေ့နေ ရတဲ့ လူတစ်ယောက်ဖြစ်နေတယ်။ တခုခုလုပ်မှ ဖြစ်မယ့် အခြေအနေ... ရောက်နေတယ်၊ ဒါပေမယ့် ဒိုမေဟာ ရိုးလွန်းတယ်၊ တာကာရှိ အုပ်စုကလူ... လို ဉာဏ်မများဘူး၊ သူက တာကာရှိရုန်သူတွေကို နိုင်လိမ့်မယ်ထင်နေတယ်... ဘာပဲဖြစ်ဖြစ်လေ အခုမှတော့ နောက်ပြန်ဆုတ်လို့ မဖြစ်တော့ဘူး၊ နောက်ဆုံး... ကျတော့ ကံတရားအတိုင်း ဖြစ်လာရမှာပါပဲ''

ထိုမျှနှင့်ပင် စကားဖြတ်လိုက်ပြီးနောက် အာကီမီသည် တာနီကို အာ... အဆောင်ပြင်ဘက်သို့ ထိအောင် လိုက်ပို့ပေးလေသည်။

မလှမ်းမကမ်းတွင် လက်နက်ကိုင်စစ်သားများ စုရုံးနေကြသည်ကို... မြင်နေရလေသည်။

လေဒီ အာကီမီသည် တာနီကိုအား အသင့်ပြင်ထားသော နွား... ရထားတစ်စီးပေါ်သို့ တင်ပေးလိုက်လေသည်။

နန်းတော်၏ အရှေ့မြောက်ဘက်တံခါးကို ရောက်သောအခါ အစောင့်များ... ရှိသော်လည်း အာဏာသိမ်းမှုတွင် ပါဝင်ပတ်သက်ခြင်း ရှိပုံမရပဲ တာနီကို... ရထားကို ထွက်ခွင့်ပြုလိုက်သည်။ မကြာမီ တာနီကိုသည် ရှိမာမီ သားစုအိမ်... ချောမောစွာရောက်သွားလေသည်။

ဤသည်တို့ကား တာနီကိုက ဟိုရီဂါဝါအား ပြောမပြပဲထားလိုက် သည်... အဖြစ်မှန်များပင်တည်း။

မင်းသားကြီး ဟိုရီဂါဝါသည် စကားဆက်ပြောလေသည်။

''ဒိုမေဟာ နန်းတော်ကြီးကို စီးပြီးရင် ငါ့ကိုဖမ်းဖို့ လူတွေ လွှတ်လိုက်... သေချာတယ်၊ ငါကလဲ အဖမ်းမခံနိုင်ဘူး၊ မင်းကိုပါ ဓားစာခံအ ဖြစ် ဖမ်းထား... ချင်ဖမ်းထားမယ်၊ ဒါကြောင့် မင်းက ရထားတစ်စီးနဲ့ ငါ့နောက်ကို အမြန်လိုက်... ပါ၊ ဒိုင်နီဂျိရောက်အောင် လိုက်လာခဲ့၊ ဟိုမှာဆိုတော့ အန္တရာယ်မရှိ... မြို့စားကြီးဆိုဂါမိုရီလဲ မကြာခင် မြို့တော်ကို ပြန်ရောက်လာမှာပဲ''

''ရထားတစ်စီးမလိုပါဘူးရှင့်၊ ကျွန်မလဲ ရှင့်လိုပဲ မြင်းစီးလိုက် နိုင်ပါ... တယ်၊ ကျွန်မ မြင်းစီးရမှာ ရှင့်ထက်တောင် ကျွမ်းကျင်ပါသေးတယ်''

''သြော်ဟုတ်သားပဲ၊ ငါ့ဇနီးက မြင်းစီးတတ်တာကို မေ့နေတယ်''



''ဒီမယ်... ကျွန်မက ဆာမူရိုင်းအမျိုးသမီးတစ်ဦး ဖြစ်တယ်ရှင့်'' တာနီကိုက ခပ်တည်တည်ပြန်ပြောလိုက်တယ်။

× × × ×

နှစ်၏နောက်ဆုံးလ ဖြစ်၍ ရာသီဥတုက အလွန်အေးနေလေရာ ဟိုရီဂါဝါ၊ ...ကိုနှင့် အဖွဲ့ဝင်တို့သည် အဝတ်အစားထူထဲစွာ ဝတ်ဆင်လျက် မြင်းကိုယ်စီ စီးထွက်သွားကြလေသည်။

ညဝက်လုံးလုံး ဆက်တိုက်သွားကြသောအခါ ဒိုင်နီဂျိခေါ် ဟိုရီဂါဝါ၏ ...သက်နေအိမ်သို့ ရောက်သွားကြလေသည်။

ထိုအိမ်ကြီး၌ ရှိနေသော ဆာမူရိုင်းများနှင့် လယ်သမားများမှာ မြို့တော်မှ ...င်းများ လုံးဝမကြားသိသေးသဖြင့် မင်းသားကြီး ဟိုရီဂါဝါ၏ အဖွဲ့ ...ရက်ရောက်လာခြင်းကို အံ့သြနေကြလေသည်။

ဟိုရီဂါဝါသည် ခရီးရောက်မဆိုက်မှာပင် သူ၏လူများအား အမိန့်ပေးလေ ...သည်။

''ဟေ့... အစောင့်ကင်းတဲရဲ့ နောက်ဘက်မှာ လူတစ်ယောက် ကောင်း ...င်း ဝင်နေနိုင်အောင် တွင်းကြီးကြီးတစ်တွင်း အမြန်တူးလိုက်ကြစမ်း၊ ...တော့ တွင်းပေါ်ကနေပြီး တွင်းအောက်ထိအောင် ရောက်မယ့် ဝါးလုံးရှည်ရှည် ...လဲ အသင့်ရှာထားပါ။ တကယ်လို့ လက်နက်ကိုင် စစ်သားတွေ ဒီဘက်ကို ...ရင် ငါချက်ချင်းသိချင်တယ်''

ဤသို့ပြောပြီးနောက် ဟိုရီဂါဝါသည် တာနီကိုအား စကားလုံးဝမပြော ...ပဲ လုံခြုံရေးကင်းတဲ၏ နောက်ဘက်သို့ ထွက်သွားလေသည်။

မကြာမီ အစေခံကျေးကျွန်များသည် မီးအိမ်များယူ၍ မြေကြီးကို ...တူးနေသံများ ကြားရလေသည်။

တာနီကိုသည် ထိုအိမ်ရှိ အမျိုးသမီးဆောင်တွင် နေရလေရာ ရာသီက ...လွန်းလှသဖြင့် မီးသွေးမီးဖိုတစ်ခု ရှိသည့်တိုင်အောင် အချမ်းမပြေ နိုင်ပဲ ...နေလေသည်။ ကြိုးစား၍ အိပ်ကြည့်ပါသော်လည်း အိပ်မပျော်နိုင်သဖြင့် ...အာကီမီ လက်ဆောင်ပေးလိုက်သော စာအုပ်ကိုယူပြီး ဖတ်နေလေသည်။

စာအုပ်ကို ကြည့်ရင်း သူမသည် လေဒီအာကီမီကို သတိရမိပြန်လေ ...။ နန်းတော်တွင်း၌ အမျိုးသမီးများစွာ ရှိသည့်အနက် က...နိ ဒိုမေ ၏

www.burmeseclassic.com



အချစ်တော် လေဒီအာမိကီ တစ်ဦးကသာလျှင် တာနီကို၏ အရင်းနှီးဆုံး ဆွေ ဖြစ်ခဲ့ပေသည်။

အမှန်တော့ အာကီမိ၏ ခွေးကလေးကိစ္စနှင့်ပတ်သက်၍ လူချင်းစ ရင်းနှီးလာခဲ့ခြင်း ဖြစ်သော်လည်း နောက်ပိုင်းတွင် တာနီကိုလည်း လေဒီအာ အပေါ် အထူးပင် ခင်မင်ရင်းနှီးလာခဲ့လေသည်။

ယခုကပ္ပတိန်ဒိုမေ၏ အာဏာသိမ်းမှုကိစ္စ ဖြစ်ပေါ်လာချိန်တွင် ကာကီမိက ကူညီ၍သာ တာနီကို အနေဖြင့် လွတ်မြောက်အောင် ထွက် လာနိုင်ခဲ့ခြင်းဖြစ်ပေသည်။

× × × ×

တာနီကိုသည် မင်းသားကြီး ဟိုရီဂါဝါနှင့် လက်ထပ်ခဲ့ရသည် ယခုဆိုလျှင် နှစ်နှစ်ပြည့်သွားလေပြီ။ သို့သော် သူမ၏ စိတ်ထဲတွင် ဟိုရီဂါ အပေါ် မည်သို့မျှ မေတ္တာထား၍ မရပဲ မုန်းတီးစက်ဆုပ် နေဆဲပင်ဖြစ်နေ သည်။ ဟိုရီဂါဝါကိုယ်တိုင်ကလည်း သူမအပေါ် ချစ်ခင်မြတ်နိုးခြင်း၊ ကြင် ယခြင်း ရှိပုံမရချေ။

သို့ဖြစ်လင့်ကစား ထိုအချိန်ကာလအတွင်း တာနီကို အဖို့ စိတ်သ သာရာ ရစေသည့် အချက်များရှိခဲ့လေသည်။ နန်းတော်ကြီးအတွင်း နေထိုင် မိဖုရားကြီးထံ ခစားနေရခြင်းကြောင့် မြို့တော်၏ အခြေအနေအရပ်ရပ် အမြဲသိရှိနေရခြင်းသည် သူမအတွက် စိတ်ဖြေပျောက်စေသည်။ တာနီကို ကိုယ် တိုင်ကလည်း နန်းတော်ကြီး၏ အတွင်းရေး သတင်းများကို စိတ်ဝင်စားသော ကြောင့် ရင်းအခြေအနေကို ကျေနပ်မိခြင်းဖြစ်လေသည်။

ထို့ပြင် သူမက ဟိုရီဂါဝါအတွက် ဘာသာပြန်ပေးရသော စာများ ဖတ်ရခြင်းအားဖြင့် တရုတ်ပြည်ကြီး၏ အခြေအနေသတင်းစုံကို သိရလေသည် တဖန်မြို့စားကြီး ဆိုဂါမိုရီနှင့် သူ၏သားကီယိုဆီတို့အကြောင်း လေ့လာသိရှိ လည်း တာနီကိုအဖို့ စိတ်ဝင်စားဖွယ် ကောင်းနေပေသည်။

ဤသို့လျှင် သူမသည် ရောက်ရှိနေသော အခြေအနေတွင် စိတ်သက် ရာရအောင် ကြံဖန်ကြိုးစား၍ နေခဲ့ရပါသည်။

ရံဖန်ရံခါ တာနီကိုလည်း ခင်ဂျားအဖွဲ့ဝင် ဂျေဘူကိုလည်း သတိရ လေသည်။ ဂျေဘူလို ခန့်ငြားချောမွေ့သူမျိုးနှင့် ချစ်ခင်ပေါင်းသင်းရ



င်းလေစွဟုလည်း တောင့်တမိလေသည်။

ယခု ဟိုရီဂါဝါက မြေကျင်းကြီး တူးခိုင်းသည်မှာ ဘာကြောင့်ဟူ ၍ ကိုက စဉ်းစား၍မရချေ။ မင်းသားကြီးဟိုရီဂါဝါသည် အခြေအနေမဟန် ကိုယ်သူ သတ်သေရန်ဖြစ်လေသလော။

ဤသို့လျှင် တာနီကို အိပ်ရာထဲတွင် ရောက်တက်ရာရာတွင် တ ခေါ်ကြီး စဉ်းစားနေမိရင်း အချိန်ကုန်သွားကြီး အတန်ကြာမှပင် အိပ်ပျော် လေတော့သည်။

× × × ×

နက်စောစောတွင် ကင်းချထားသော ဟိုရီဂါဝါ၏ လူယုံတစ်ဦးက လက်နက်ကိုင်လူတစ်စု လာနေပြီဖြစ်ကြောင်း သတင်းလာပို့လေသည်။ ထိုအခါ မင်းသားကြီး ဟိုရီဂါဝါသည် တာနီကို ကိုပါခေါ်၍ အဆောက် ာက်ဘက်သို့ သွားလေသည်။

ထိုနေရာ၌ စတုရန်းပုံသဏ္ဍာန် တွင်းကြီးတစ်ခု တူးထားပြီးဖြစ်သည်။ ဝါသည် လှေကားတစ်ခုဖြင့် တွင်းထဲသို့ ဆင်းရန်ပြင်ဆင်ရင်း

''ငါဒီထဲမှာ ရှိတာကို ဘယ်သူ့မှမပြောကြရဘူး၊ ပြောတဲ့လူတော့ သာ အောက်မေ့ပေတော့၊ အဲဒါ အားလုံးကို ငါပြောတာပဲ''ဟု ပြောရင်း ကို ကိုလည်း သတိပေးခြိမ်းခြောက်ဟန်ဖြင့် လှမ်းကြည့်လိုက်သည်။

ထို့နောက် သူသည် တွင်းကြီးအောက် ရောက်အောင်ဆင်းလိုက်ပြီး ရှိသော ဝါးလုံးကို သူ၏ပါးစပ်နားတွင် တေ့ထားလိုက်သည်။ အသက်ရှူ ဖန်တီးထားခြင်းပင်ဖြစ်လေသည်။

''ရှင် ဒီအောက်ထဲနေလို့ ဖြစ်ပါ့မလား''

တာနီကိုက ပြောလိုက်ရာ ဟိုရီဂါဝါက

''ဘာကြောင့် မဖြစ်ရမှာလဲ၊ ဒီနည်းကို တခြားလူတွေလဲ သုံးခဲ့ဖူး ဒါမှ ငါ့ကို ရန်သူက ရှာလို့မတွေ့မှာ၊ ကိုင်းပြောနေကြာတယ်၊ ဒီတွင်းကို းတွေ ပြန်ဖို့လိုက်တော့''ဟု ပြောလေသည်။

သို့နှင့်ပင် သူ၏တပည့်များသည် တွင်းကြီးကို မြေကြီးတွေ ပြန်ဖို့ ကြလေသည်။ တွင်းရှိနေသောနေရာတွင် ဝါးလုံး၏ ထိပ်ဖျားသာလျှင် တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရန့်သူလာလျှင် မသင်္ကာမဖြစ်စေရန်လည်း တာနီကိုကပင် ကျွန်လူ အား တွင်းနားတွင် မနေကြစေရန ညွှန်ကြားလိုက်လေသည်။

မြေတွင်းကြီးအောက်ထဲ၌ ဟိုရီဂါဝါမည်သို့နေသည်ကိုကား မသိရ ဝါးလုံး၏ အောက်ဘက်ဖျားက သူ၏ ပါးစပ်တွင် ရှိမှရှိပါလေ အသက်ရှူမရ၍ သေနေပြီလောဟုလည်း တွေးစရာဖြစ်နေပေသည်။

ထိုခဏ၌ လက်နက်ကိုင်အစောင့်များ၏ အကြီးအကဲကင်းမှူးသ တာနီကိုထံသို့လာ၍ ညွှန်ကြားချက် တောင်းလေသည်။

"လက်နက်ကိုင် ဆာမူရိုင်း ၂၄ ဦး ဒီကိုလာနေပါတယ်၊ တ လို့သူတို့ဟာ မူရာတိုမို အုပ်စုက ဖြစ်နေရင်ကျွန်တော်တို့က ခုခံတိုက်ခိုက် လား"

"ပြန်တိုက်လို့ အကျိုးမရှိဘူး၊ မင်းသားကြီး ဟိုရီဂါဝါက ပုန်း တိုက်စရာမလိုပါဘူး၊ သူတို့လာရင် ကောင်းကောင်းမွန်မွန်သာ ခရီးဦးကြို ခေါင်းဆောင်လုပ်သူကိုသာ ကျွန်မဆီလွှတ်လိုက်ပါ"

တာနီကိုက ဤသို့ ပြောလိုက်ပြီးနောက် အမျိုးသမီးအဆောင်သို့ သွ ဆာမူရိုင်းများလာလျှင် ဧည့်ခံရန်အသင့်ပြင်ဆင်နေလိုက်သည်။

မကြာမီ အိမ်ပြင်ဘက်မှ မြင်းခွာသံများ ကြားရလေသည်။ တာ က အမျိုးသမီးဆောင်မှာပင် ဣန္ဒြေမပျက် နေလိုက်သည်။

ထို့နောက် လူငယ်တစ်ဦး၏ အသံဖြင့် အစေခံများနှင့် စကား နေသံကြားရပြီးနောက် မရှေးမနှောင်းမှာပင် ဆာမူရိုင်းခေါင်းဆောင်ကိုယ် အဆောင်တွင်းသို့ ဝင်လာလေသည်။

တာနီကို၏ ရှေ့သို့ရောက်လျှင် ဆာမူရိုင်းခေါင်းဆောင်သည် ယဉ်ကျေ မလေ့ထုံးစံအရ ဦးညွှတ်အလေးပြုပြီးမှ စကားပြောလေသည်။

"မင်းသားကြီး ဟိုရီဂါဝါရဲ့ ကြင်ယာတော် လေဒီတာနီကို ဟု ပါသလားခင်ဗျာ"

တာနီကိုသည် ရုတ်တရက် ပြန်မဖြေသေးပဲ ဆာမူရိုင်းခေါင်းဆေ ကို အကဲခတ်ကြည့်လိုက်သည်။ ထိုလူမှာ လူငယ်တစ်ယောက်ဖြစ်ကြောင် သတိပြုမိလေသည်။

အသက်ငယ်ငယ်နှင့် အရည်အချင်းပြည့်ဝမှုကြောင့် ဆာမူရိုင်း ခေါ်



ဆောင်ဖြစ်လာဟန်တူလေသည်။

ခဏကြာမှ တာနီကိုက စကားပြန်ပြောလေသည်။

"ရှင် ဘယ်သူဘယ်ဝါဆိုတာတော့ ကျွန်မက မသိပါဘူး၊ ဒါပေမယ့် င့်ကို ကြည့်ရတာ အဆင့်အတန်းမြင့်တဲ့ သူရဲကောင်းစစ်သည်တစ်ဦးနဲ့ တူပါ ာယ်၊ ရှင်တို့ ရုတ်တရက် ရောက်လာလို့ ကျွန်မတို့မှာ အံ့ဩနေမိပါတယ်၊ ါပေမယ့် ကျွန်မတို့က ရှင်တို့ကို လှိုက်လှဲစွာ ခရီးဦးကြိုပြုပါတယ်"

"ကျွန်တော်က မူရာတိုမိုအုပ်စုက တပ်မှူးကြီး ဒိုမေရဲ့သား ဟီဒေယိုရီ ဒ်ပါတယ်၊ အခု ကျွန်တော့်အဖေရဲ့ အမိန့်အရ ခင်ဗျားရဲ့ခင်ပွန်း မင်းသားကြီးကို ရှာရအောင် လာခြင်းဖြစ်ပါတယ်"

ဆာမူရိုင်းခေါင်းဆောင်က ပြောလိုက်ရာ တာနီကိုလည်း ကေန္တ မင်းသား ကြီး ဟိုရီဂါဝါအား သတ်ပစ်ရန် လာဖမ်းခြင်းဖြစ်ရမည်ဟု တွက်လိုက်မိသည်။

သို့သော် စကားကို အလိမ္မာနှင့်ပြောရန် ဆုံးဖြတ်လိုက်သည်။

"ဟုတ်ကဲ့ရှင့် မင်းသားကြီးကလဲ ရှင်တို့ကို တွေ့ဆုံချင်မှာပါပဲ၊ ဒါပေမယ့် သူက မနေ့ညကပဲ ခရီးထွက်သွားတယ်ရှင့်၊ သူပြောသွားတာကတော့ ဘီဝါ နယ်ဆိုင်ရဲ့ မြောက်ဘက်ကမ်းခြေက ဘုရားကျောင်းတစ်ခုကို သွားမယ်လို့ ပြောသွားပါတယ်"

"ဟုတ်လား၊ သူက ညဘက်ကြီး ခရီးထွက်သွားသလား"

"ဟုတ်ပါတယ်ရှင်၊ ရှင်တို့လဲ အခုအချိန် ဒီကိုရောက်လာအောင် ညဘက် ခရီးထွက်လာကြတာပဲ မဟုတ်ပါလား၊ နောက်တစ်ခုက နက္ခတ်ဆရာ တစ်ဦးက မင်းသားကြီးကို ခရီးထွက်မှ ကံဇာတာ အညံ့က လွတ်မယ်လို့ ဟောခဲ့ပါတယ်"

တာနီကိုက ဤသို့စကားကို အလိမ္မာသုံး၍ ပြောလိုက်ရာ ဆာမူရိုင်း ဟီဒေယိုရီက-

"မင်းသားကြီးအဖို့က ခရီးမသွားပဲ ဒီမှာနေရင်လဲ ကံဇာတာ ကောင်းမှာ မဟုတ်ပါဘူး၊ ကိုင်း... ကျွန်တော့်အနေနဲ့ တာဝန်ဝတ္တရားရှိပါတယ်၊ မင်းသား ကြီးကို ဒီမှာ ရှာဖွေကြည့်ချင်ပါတယ်၊ ရှာဖွေခွင့်ပြုစေချင်ပါတယ်"ဟု ပြော လိုက်သည်။

"ဟုတ်ကဲ့ရှင့်၊ ရှာနိုင်ပါတယ်၊ ရှာဖွေတဲ့နေရာမှာ မင်းသားကြီးရဲ့ ကျေး ကျွန်တွေကပါ ဝိုင်းကူညီကြပါလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ဟီဒေယိုရီသည် ဦးညွှတ်အလေးပြုပြီး ပြန်ထွက်သွားလေသည်။

တာနီကိုသည် ဟီဒေယိုရီအား နောက်မှ လှမ်းကြည့်ရင်း သူ၏ဖခင် ဒိုမေကဲ့သို့ပင် ခန့်ငြားချောမွေ့သော အင်္ဂါရုပ်ရှိသူ ဖြစ်ကြောင်း သတိပြုမိလေသည်။

မကြာမီအပြင်ဘက်မှ အမိန့်ပေးသံများ ကြားရလေသည်။ တာနီကိုလည်း စာအုပ်ထိုင်ဖတ်မည် စိတ်ကူးလျက် အဆောင်အတွင်းမှာပင် နေလိုက်သည်။

သို့ရာတွင် စိတ်ကတော့ မင်းသားကြီး ဟိုရိဂါဝါအကြောင်း စဉ်းစားနေမိပြန်သည်။ သူသည် မြေတွင်းအောင်ထဲ၌ အသက်မသေပဲ မည်မျှကြာကြာ နေနိုင်ပါမည်နည်း။

သူမအနေဖြင့် ဟိုရိဂါဝါအား မုန်းတီးစက်ဆုပ်သည်မှာ မှန်သော်လည်း မိမိ၏ ခင်ပွန်းယောက်ျားဖြစ်နေ၍ အသက်အန္တရာယ် ကာကွယ်ပေးရန် တာဝန်ရှိသည်ဟုလည်း ဆင်ခြင်သုံးသပ်မိလေသည်။

ခဏမျှကြာသော် ဆာမူရိုင်း ဟီဒေယိုရီသည် အဆောင်အတွင်းသို့ ပြန်ဝင်လာလေသည်။

''ဟုတ်ဂါတယ် ခင်ဗျ၊ မင်းသားကြီးတကယ်ပဲ ခရီးထွက်သွားရပါတယ်၊ ဒါပေမယ့် ကျွန်တော်က ဒီအမျိုးသမီးအဆောင်မှာ ရှာကြည့်ချင်ပါသေးတယ်၊ ရှာဖွေခွင့်ပြုပါ''

''အို··· ဒါတော့ မသင့်တော်ဘူး ထင်ပါတယ်၊ ရှင်တို့က ဒီအဆောင်ထဲ ဝင်သွားရင် ကျွန်မတို့ရဲ့ အမျိုးသမီးတွေ စိတ်အနှောင့်အယှက် ဖြစ်ကုန်ပါလိမ့်မယ်၊ မင်းသားကြီး ဟိုရိဂါဝါဟာ မျိုးရိုးအဆင့်အတန်းမြင့်သူ တစ်ယောက်ဖြစ်ပါတယ်၊ သူ့အနေနဲ့ မိန်းကလေးအဆောင်မှာ ဝင်ပုန်းမှာ မဟုတ် ပါဘူးရှင့်''

''ဒါဖြင့် လေဒီတာနီကို ခင်ဗျား၊ ခင်ဗျားကိုယ်တိုင်က ဆာမူရိုင်း မိသားစုအနွယ် ဖြစ်ပါတယ်၊ ဆာမူရိုင်းတစ်ဦးအနေနဲ့ မင်းသားကြီးဟာ ဒီမှာ မရှိပါဘူးဆိုတာ ဝန်ခံချက်ပေးနိုင်မလား''

''ဟုတ်ကဲ့၊ ကျွန်မ ဝန်ခံချက်ပေးပါတယ်၊ မင်းသားကြီးဟာ အမျိုးသမီး အဆောင်မှာ လုံးဝမရှိပါဘူး''

''ဒါဖြင့်ကောင်းပါပြီ၊ ကျွန်တော် အခွင့်အရေးတစ်ခု တောင်းချင်ပါတယ်''



''ဘာအခွင့်အရေးလဲ ရှင့်''

''မင်းသားကြီး ဟိုရိဂါဝါရဲ့ ဇနီးဟာ ဟီယန်ကျိုမြို့တော်မှာ အချောဆုံး အလှဆုံး အမျိုးသမီးဖြစ်တယ်လို့ ကြားဖူးပါတယ်၊ ဒီတော့ ကျွန်တော်တို့ ခင်ဗျားကို ခဏကြည့်ပါရစေ၊ ခန်းဆီးလိုက်ကာ ပြင်ဘက်ကို ခဏလေးထွက်ပြပါ၊ ပြီးတော့ ကျွန်တော် ထွက်ခွာသွားပါတော့မယ်''

(မှတ်ချက်) ထိုအချိန်အထိ တာနီကိုသည် ဂျပန်ယဉ်ကျေးမှု ထုံးစံအ ရ အမျိုးသမီးများ လာလျှင် ခန်းဆီးလိုက်ကာအတွင်းမှ စကားပြောရသည့် ထုံးစံအတိုင်း မျက်နှာကို မမြင်ရအောင် ပြောခဲ့ခြင်းဖြစ်သည်။

တာနီကိုသည် ခန်းဆီးလိုက်ကာအတွင်းမှနေ၍ စဉ်းစားနေမိလေ သည်။ ဟီဒေယိုရီဆိုသူသည် အလွန်ရဲတင်းသော လူငယ်တစ်ဦးပါတကားဟု ဆင်ခြင်သုံးသပ်မိလေသည်။ စိတ်ထားတည်ကြည် ဖြောင့်မတ်သူ တစ်ဦးဟုလည်း အကဲဖြတ်မိသည်။

''ဒါဖြင့်လဲ ကောင်းပါပြီလေ''

ပြောပြောဆိုဆို တာနီကိုသည် ခန်းဆီးပြင်ဘက်သို့ ထွက်ပြီး မတ်မတ်ရပ်၍ ခေါင်းငုံ့နေလိုက်သည်။

ဟီဒေယိုရီသည် သူမကို ကြည့်ပြီး အံ့သြငေးမောနေလေတော့ သည်။ တာနီကို၏ အလှတွင် ယစ်မူးငေးမောနေခြင်းပင် ဖြစ်လေသည်။

အတန်ကြာမှ ဟီဒေယိုရီသည် စကားပြောနိုင်လေသည်။

''မြို့တော်တစ်ခုလုံးမှာ ခင်ဗျားလောက်လှတဲ့ အမျိုးသမီး တစ် ယောက်မှ မရှိတာ အမှန်ပါပဲ''

''ရှင့်မိခင် လေဒီအာကီမီက ကျွန်မထက်ပိုပြီး လှပါတယ်''

''အာကီမီက ကျွန်တော့်မိခင်မဟုတ်ပါဘူး''

သည်တော့မှ တာနီကိုလည်း စကားမှားသွားကြောင်း သိရလေ သည်။ ကပ္ပတိန်ဒိုမေနှင့် လေဒီအာကီမီတို့တွင် သားတစ်ယောက် ထွန်းကားသည်ဟု ကြားဖူးသဖြင့် ဟီဒေယိုရီကို ထိုသားဟု ထင်မှတ်ပြီး ပြောလိုက်မိခြင်း ဖြစ်သည်။ အမှန်က ဒိုမေ၏ အခြားတရားဝင် ဇနီးတစ်ဦး၏သား ဖြစ်ပေသည်။

''ကျွန်မ မှားသွားတာကို ခွင့်လွှတ်ပါရှင်၊ တောင်းပန်ပါတယ်''

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ပြောရင်း ဟီဒေယိုရီသည် ဦးညွှတ်အလေးပြုပြီး ထွက်သွား လေသည်။

တာနီကိုသည် အတန်ကြာ ငေးမျှော်ကြည့်ရင်း ကျန်ရစ်လေသည်။

❋❋❋

(၁၂)

အငြိမ်းစားကေရာဖ်အား ထိန်းသိမ်းထားသည့် အဆောက်အအုံအပြင်ဘက် တွင် စောင့်ကြပ်သူများအား ကြီးကြပ်ကွပ်ကဲသော တာဝန်ကို ဂျော့ဘူက ဆော ရွက်နေရလေသည်။

ယမန်နေ့ညနေက ပြုလုပ်သော နိုင်ငံတော်အကြံပေးကောင်စီ အစည်း အဝေးသို့ အငြိမ်းစားကေရာဖ် ဂိုရှီရာကာဝါသည်လည်း တက်ရောက်ခဲ့ ရင်းအစည်းအဝေးမှာ ကပ္ပတိန်ဒိုမေအတွက် အထောက်အကူ မရခဲ့ကြောင်း လည်း ဂျော့ဘူက သတင်းကြားရလေသည်။ ကောင်စီဝင်တစ်ဦးက ဒိုမေ လုပ်ရပ်ကို ရှုတ်ချပြောဆိုပြီး ကျန်လူကြီးများကလည်း ကပ္ပတိန်ဒိုမေ တောင်းဆိုချက်များကို ထောက်ခံရန် ငြင်းဆန်ကြသည်ဟု ဆိုသည်။

ထိုအတောအတွင်း ဟီဒေယိုရီတို့ အဖွဲ့က ပြန်ရောက်လာပြီး ဟို ဂါဝါအား ရှာမတွေ့ခဲ့ကြောင်း သတင်းပို့ အစီရင်ခံလေသည်။ ထိုသတင်း ကြားရသောအခါ ဂျော့ဘူသည် စိတ်ပျက်သွားမိလေသည်။ အကယ်၍သာ ဟို ဂါဝါအား ဖမ်းမိပြီး ကွပ်မျက်သုတ်သင်လိုက်ပါက တာနီကိုလည်း မုဆိုး ဖြစ် လွတ်လပ်တော့မည်ဟု မျှော်လင့်မိသောကြောင့်ပင်ဖြစ်သည်။

ဒိုမေ၏ဘက်မှ စစ်သည်အင်အားမှာ နန်းတော်စောင့် တပ်ဖွဲ့မှ ဆာမူရိုင်း တစ်ထောင်အပြင် နယ်မှ ရောက်ရှိလာသော မူရာတိုမိဆာမူရိုင်းခြောက် ထောင် နေပြီး နေ့စဉ်စစ်လေ့ကျင့်ခန်းများ ပြုလုပ်ရင်း နန်းတော်ကြီးပတ်ဝန်းကျင်တွ လှည့်ပတ်စောင့်ကြပ်နေကြလေသည်။

နန်းတော်၏ အလံတိုင် ထိပ်တွင်လည်း မူရာတိုမို အုပ်စု၏ အမှ တံဆိပ် အဖြူရောင် နဂါးရုပ်ပါသော အလံကြီး လွှင့်ထူထားလေသည်။

သို့ဖြစ်လင့်ကစား မြို့တော်အတွင်း အခြေအနေမှာ တင်းမာလျက် ရှိနေသည်။



ကပ္ပတိန်ဒိုမေက နန်းတော်ကြီးကို စီးနင်းသိမ်းပိုက်ပြီး တတိယမြောက်နေ့ တွင် ဆာမူရိုင်း လူငယ်တစ်ဦး ဂျော့ဘူထံသို့လာပြီး

"ကပ္ပတိန်ဒိုမေက ခင်ဗျားကို ခေါ်ခိုင်းလိုက်တယ်။ တောင်ဘက် တံခါး းကို လာခဲ့ပါတဲ့"ဟု ပြောလေသည်။

ဂျော့ဘူလည်း ထိုနေရာသို့ လိုက်သွားရာ ကပ္ပတိန်ဒိုမေသည် အခြား မူရာတိုမို ခေါင်းဆောင်များနှင့်အတူ ရပ်စောင့်နေသည်ကို တွေ့ရလေသည်။

ကပ္ပတိန်ဒိုမေကို ကြည့်ရသည်မှာ ပင်ပန်းနွမ်းနယ်ပြီး စိတ်ဓါတ်ကျ နေသလို ဖြစ်နေလေသည်။

"ရှိကေ အငြိမ်းစားကေရာဖ်ကို ချောမောစွာ ခေါ်ယူနိုင်ခဲ့တာကို ချီးကျူး ပါတယ်"

ဒိုမေက ဂျော့ဘူကို မြင်မြင်ချင်း ပြောလိုက်သည်။

"ဟုတ်ကဲ့၊ သို့သော်လဲ ကျွန်တော့်ဘက်က တာဝန်ပျက်ကွက်သွားတာက နန်းတော် မီးရှို့ခံရတာကို မတားဆီးနိုင်ခဲ့ပါဘူး"

"ဒါက အကြောင်းမဟုတ်ပါဘူး၊ အဆောက်အအုံဟောင်းကြီး တစ်ခုပါ။ ကျုပ်တို့ဘက်က လူတစ်ယောက်မှ မကျပဲ အငြိမ်းစားကေရာဖ်ကို ရခဲ့တာ ဟာ အောင်မြင်မှုတစ်ရပ်ဖြစ်တယ်"

ဤသို့ပြောပြီးမှ ကပ္ပတိန်ဒိုမေသည် ခပ်တိုးတိုးဆက်ပြောလေ သည်။

"မောင်ရှင်က ဆာမူရိုင်းလဲမဟုတ်၊ ကျုပ်တို့ မူရာတိုမို အုပ်စုကလဲ မဟုတ်တော့ ကျုပ်ရဲ့ လျှို့ဝှက်သတင်းတစ်ခုကို ပြောပြရဦးမယ်။ ဒီနေ့မနက်ပဲ ဘုရင်ကေရာဖ် နီကိုဟာ ထွက်ပြေးလွတ်မြောက်သွားပြီ"

"ဘယ်လိုလုပ်ပြီး လွတ်မြောက်သွားတာလဲ"

ဂျော့ဘူက ပြန်မေးလိုက်သည်။

"ရန်သူ တာကာရှီအုပ်စုထဲက လူတချို့က နန်းတော်ထဲ ရုပ်ဖျက် ဝင်လာပြီး ဘေးတံခါးတစ်ခုက ကယ်ထုတ်သွားတယ်။ ပြီးတော့ မြို့စားကြီး ဟိုဂါမိုရီနဲ့ ကီယိုဆီတို့ကလဲ မြို့တော်ကို ပြန်လာကြပြီ။ ဒါကြောင့် အချိန်မရွေး ကျုပ်တို့ကို လာတိုက်နိုင်တယ်။ အဲဒီလိုတိုက်ပွဲဖြစ်လာရင် မောင်ရှင်က ကျုပ်ရဲ့ သားကို တာဝန်ယူ စောင့်ရှောက်စေချင်တယ်"

ကပ္ပတိန်ဒိုမေတွင် သားငါးယောက်ရှိသော်လည်း ဂျော့ဘူနေဖြင့် ဟီဒေ

www.burmeseclassic.com



ယိုရီ တစ်ဦးတည်းသာ တွေ့ဆုံဖူးသဖြင့်-

''သားဆိုတာက အငယ်ဆုံး ဟီဒေယိုရီကို ဆိုလိုတာမဟုတ်ပါ လား'' ဟုမေးလိုက်သည်။

ဤတွင် ကပ္ပတိန်ဒိုမေက ပြုံးလိုက်သည်။

''ကျုပ်မှာ ဟီဒေယိုရီထက် ငယ်တဲ့ သားတစ်ယောက်ရှိသေးတယ်။ အသက်ဆယ့်တစ်နှစ်ပဲ ရှိသေးတယ်။ အခုသူဟာ သူ့မိခင်နဲ့အတူ လုံခြုံစွာ ရှိနေပါတယ်။ ကျုပ်က ကာကွယ်စေချင်တာကတော့ ဟီဒေယိုရီပါပဲ။ သူဟာ ငယ်ရွယ်သလောက် အလွန်မာနကြီးတယ်။ တိုက်ရေးခိုက်ရေးမှာ သူ့အစ်ကိုကြီး တွေထက် သာကြောင်း အစွမ်းပြချင်နေတယ်။ အမှန်တော့ သူဟာ တိုက်ပွဲဝင်ဖို့ ရာ ငယ်ပါသေးတယ်။ စစ်ပွဲဖြစ်တယ်ဆိုရင် လူငယ်တွေ အထိနာတတ်တယ်။ ဒါကြောင့်မောင်ရင်က ဟီဒေယိုရီနားမှာ နေပြီးစောင့်ရှောက်ပါ။ ဒါကိုလဲ သူမသိ အောင် ကြည့်နေစေချင်တယ်''

ထိုစကားကိုကြားလျှင် ဂျော့ဘ္ဘသည် ဖခင်က သားပေါ်ထားရှိသည့် ချစ်ခြင်းမေတ္တာတရားကို သဘောပေါက်လျက် သူကိုယ်တိုင် ဖင်းဂျားအဖြစ် နောက်ဆုံး လှေကျင့်ခဲ့စဉ်က ဖခင် (ပထွေး)တာအီတာရှီ၏ မေတ္တာထားခဲ့ပုံကို ပြန်လည်သတိရကာ စိတ်ထိခိုက်သွားမိလေသည်။

ထိုအခိုက်မှာပင် မူရာတိုမို အရာရှိတစ်ဦးက

''ဟောဟိုမှာ လာကြကုန်ပြီ''ဟု ဟစ်အော် သတိပေးလိုက်သည်။

ဂျော့ဘ္ဘလည်း လှမ်းကြည့်လိုက်ရာ တာကာရှိအုပ်စုမှ စစ်သည်များ စုရုံးချီတက်လာသည်ကို မြင်ရလေသည်။

ရှေ့ဆုံးမှ မြင်းစီးဆာမူရိုင်းများက ခေါင်းဆောင်လျက် နောက်မှ တာကာရှီစစ်သည်များသည် လူတစ်ရာစီ တန်းစီလျက် ချီတက်လာကြသည်။ စစ်သည်အင်အားကလည်း အလွန်များပြားလှပေသည်။

အလယ်ခေါင်မှ မြင်းစီးလာသော သူတို့၏ ခေါင်းဆောင်သည် အနီရောင် နဂါးရုပ်ပါသော သံခမောက်ဆောင်းထားပြီး အနက်ရောင်စစ်ဝတ်စုံ ဝတ်ဆင် ထားလေသည်။ သူ၏ လက်တွင်ကား အရင်းတွင် ကောက်နေသော ဓားရှည် တစ်လက် ကိုင်ထားသည်။

''အဲဒါ ဆိုဂါမိုရီရဲ့သား ကီယိုဆီဆိုတာပဲ၊ သူတို့ တာကာရှီတွေထဲ

[illegible]ဘဝင်မြင့်တယ်၊ သူ့လက်က ဓားရှည်ဟာ သူတို့မိသားစု အစဉ်အဆက် [illegible]ခဲ့တဲ့ ကိုဂါရာဆူ ဓားဖြစ်တယ်''

ကပ္ပတိန်ဒိုမေက ဂျော့ဘ္ဘအားပြောပြရင်း သူ၏ ဓားရှည်ကို ဆွဲ ထုတ်လိုက် [illegible]ည်။

''ကျုပ်မှာလဲ ဟောဒီမိသားစုရဲ့ ဓားရှည်ရှိတာပဲ၊ ဘယ်ဓားက ပိုပြီးအစွမ်း [illegible]က်တယ်ဆိုတာ ဒီနေ့ကောင်းကောင်းကြီး သိရစေ့မယ်''

ဒိုမေက ပြောလိုက်ခြင်းမှာ ဆာမူရိုင်းတို့အနေဖြင့် သူတို့ ကိုင် ဆောင်သော [illegible]များတွင် ထူးခြားသည့် အစွမ်းသတ္တိရှိသည်ဟု ယုံကြည်ကြသောကြောင့် [illegible]ဖြစ်ရာ ဂျော့ဘ္ဘက

''ဓားတစ်လက်ရဲ့ အစွမ်းသတ္တိဆိုတာ အဲဒီဓားကို ကိုင်တဲ့လူအပေါ် [illegible]သာ တည်ပါတယ်''ဟု ပြောလိုက်သည်။

သို့သော် ထိုစကားကို ကပ္ပတိန်ဒိုမေက လက်မခံဟန်ဖြင့် ခေါင်းခါလိုက် [illegible]ည်။

''လူတစ်ယောက်ရဲ့ စိတ်ဓါတ်ဟာ အရေးအကြီးဆုံးပါပဲ၊ စိတ်ထဲ က [illegible]အားသတ္တိရှိတယ်လို့ ယုံကြည်ရင် တကယ်ပဲ အင်အားသတ္တိရှိတတ် တယ်၊ [illegible]း ရှိကြသွားပေတော့ ဟီဒေယိုရီကို သွားရှာဖို့ အချိန်တော်ပြီ''

ထိုအခိုက်မှာပင် ရန်သူအုပ်စုမှ ကီယိုဆီသည် သူ၏ ဓားရှည်ကို ဝင့်ကာ [illegible]းကို ဒုံးစီးလျက် ရှေ့သို့ထွက်လာလေသည်။ ထိုအခါ တာကာရှီစစ် [illegible]ည်များလည်း ညာသံပေး ဟစ်အော်ကာ သူတို့၏ ခေါင်းဆောင်နောက်မှ [illegible]လိုက်လာကြလေသည်။

တာကာရှီအုပ်စုသည် နန်းတော်မြို့ရိုးကို ကျော်တက်ရန် လှေကား [illegible]များပါ ယူဆောင်လာကြပြီး တက်ရန် ပြင်ဆင်နေကြလေရာ ကပ္ပတိန်ဒိုမေ [illegible] သူ၏ လေးသည်တော်တပ်အား မြို့ရိုးပေါ်မှ မြှားဖြင့် ပစ်ခတ်ရန် အမိန့်ပေး [illegible]က်လေသည်။

ဂျော့ဘ္ဘသည် သူကိုယ်တိုင် နန်းတော်မြို့ရိုးတွင် ဝင်တိုက်ချင်ပါသော် [illegible]ည်း ကပ္ပတိန်ဒိုမေ၏ အမိန့်ကို သတိရသဖြင့် အသာနောက်ဆုတ်ကာ [illegible]တော်အတွင်းဘက်သို့ ပြန်လျှောက်ထွက်ခဲ့လေသည်။

သူသည် ဟီဒေယိုရီအား လိုက်ရှာကြည့်ရာ မင်းခမ်းမင်းနား ကျင်းပသည့်

www.burmeseclassic.com



ခန်းမဆောင်အနီးတွင် သွားတွေ့လေသည်။

ထိုအချိန်၌ ဟီဒေယိုရီသည် သူ၏ ဓားရှည်အရိုးကို လက်ဖြင့် ကိုင်ထားလေသည်။

"ခင်ဗျား အဲဒီဓားကို တိုက်ပွဲမှာ အသုံးပြုပြီးပလား"

ဂျော့ဘူက မေးလိုက်သည်။

"ကျုပ်ရဲ့အဖေက တိုက်ပွဲဝင်ဖို့ ငယ်သေးတယ်ဆိုပြီး တစ်ခါမှ တိုက်ခွင့် မရသေးဘူးဗျ။ အခု ကျုပ်ဒီမှာ နေရတာကို အလွန်စိတ်ပျက်မိတယ်။ ကျုပ်က ဟိုမြို့ရိုးပြင်ဘက်မှာ သွားထွက်တိုက်ချင်တယ်"

ဟီဒေယိုရီက မချင့်မရဲဖြစ်ဟန်နှင့် ပြန်ပြောလေသည်။

ဂျော့ဘူသည် ပြင်ဘက်မြို့ရိုးဆီသို့ လှမ်းကြည့်လိုက်ရာ တာကာ အလံတစ်ခု လွှင့်ထူလိုက်သည်ကို မြင်ရပြီး ချက်ချင်းလိုပင် ပြန်လဲကျသွားလေ သည်။ ရန်သူဘက်က သဲသဲမဲမဲ ဝင်တိုက်နေကြောင်း ထင်ရှားနေပေသည်။

"ဒီအတိုင်းဆိုရင် တာကာရှီစစ်သည်တွေဟာ ဒီနေရာကို မကြာခင် ရောက်လာလိမ့်မယ်"

ဂျော့ဘူက ဟီဒေယိုရီအား သတိပေးကြားလိုက်ရင်း သူကိုယ်တိုင် တိုက်ပွဲ ဝင်ရန် အသင့်ပြင်ထားလိုက်လေသည်။

ထိုအချိန်မှာပင် သူတို့ရှိရာနေရာအနီးသို့ မူရာတိုမိ စစ်သည်များက ခုခံကာကွယ်ရန် ပြေးဝင်လာကြသည်။ ရှေ့တန်းမှ ခုခံနေသူများ ပြိုသွားသဖြင့် တာကာရှီစစ်သည်များသည် အလုံးအရင်းနှင့် တရကြမ်းချီတက်လာနေကြ ဖြစ်လေသည်။

ဂျော့ဘူသည် လေးနှင့်မြှားကိုယူ၍ တာကာရှီတပ်မှူး ကီယိုဆီအား ချိန်ပစ်လိုက်သည်။ သို့သော် ကီယိုဆီက ရုတ်တရက်နေရာပြောင်းလိုက်သဖြင့် မြှားသည် မထိပဲ လွဲချော်သွားလေသည်။ ဂျော့ဘူအနေဖြင့် ကီယိုဆီ၏ ဓားရှည် ကိုဂါရာဆူကို သိမ်းပိုက်ချင်သည့် ဆန္ဒလည်း ဖြစ်ပေါ်မိလေသည်။ သို့ရာတွင် ချက်ချင်း သူ့ကိုယ်သူ ပြန်သတိပေးလိုက်သည်။ မိမိတို့ ဖင်ဂျား အတွေးအခေါ် အရ ရန်သူ၏ ဓားများ သိမ်းယူခြင်းသည် အဓိက မဟုတ်ချေ။

"ကိုင်း ခင်ဗျားက ကျုပ်နားမှာသာ ကပ်နေပါ"

ဤသို့ ဟီဒေယိုရီအား ပြောလိုက်ရင်း ဂျော့ဘူသည် ရန်သူလာလျှင်



ခိုက်ရန် အသင့်ပြင်ထားလေသည်။ ဟီဒေယိုရီကလည်း သူ၏ ဓားရှည်ကို င့်ဆွဲထုတ်ထားလေသည်။

အခြားမူရာတိုမိဆာမူရိုင်းများကလည်း သူတို့ခေါင်းဆောင်၏ သားကို ကွယ်ရန် ဟီဒေယိုရီအား ပတ်ပတ်လည်တွင် ဝိုင်း၍ ကာကွယ်ထားကြ သည်။

ဂျော့ဘူသည် အခြေအနေကို အကဲခတ်ကြည့်ရင်း ကပ္ပတိန်ဒိုမေ၏ စစ်ဆင် ည်းပရိယာယ် ညံ့ဖျင်းသည်ဟု ယူဆမိလေသည်။ တာကာရှီတို့က စစ်ဆင် တွင် ပိုမိုစနစ်ကျသဖြင့် အရေးသာလျက် ရှိနေပြီဖြစ်သည်။ မူရာတိုမိ ဆာမူ းများသည် အစွမ်းကုန် ခုခံတိုက်ခိုက်ကြသော်လည်း ရန်သူ၏ ထိုးစစ်က န်လွန်းသဖြင့် တဖြည်းဖြည်း ဆုတ်လာရနေပြီ ဖြစ်သည်။

ဗလကောင်းကောင်း တာကာရှီဆာမူရိုင်းတစ်ဦးသည် ဓားရှည်ကို ယိုရီ၏ ရင်ပတ်တည့်တည့် ချိန်လျက် ပြေးဝင်လာရာ ဂျော့ဘူက ထိုလူ၏ ည်ကို သူ၏ ဖင်ဂျားဓားဖြင့် ခုတ်ချလိုက်လေသည်။ ဓားရိုးသည် ထွက်သွားသော်လည်း ဓားနှောင့်က ဟီဒေယိုရီကို ထိမိပြီး မြေပြင်ပေါ် သွားလေသည်။ ဒဏ်ရာမရသော်လည်း အရှိန်ပြင်း၍ ဖင်ထိုင်ကျသွားခြင်း သည်။

တာကာရှီ ဆာမူရိုင်းသည် သူ၏အဖော်များ ဘက်သို့လှည့်၍-

"ဟောဒီမယ် ဒိုမေရဲ့သား တွေ့နေပြီဟေ့"ဟု ဟစ်အော်ရင်း သူ၏ခါးမှ ည်တစ်လက်ကို ဆွဲထုတ်ကာ ဂျော့ဘူအား ရင်ဆိုင်လေသည်။

ဤတွင်ဂျော့ဘူက သူ၏ ဖင်ဂျားဓားဖြင့် အောက်မှအပေါ်သို့ လျင် စွာ ပင့်ခုတ်လိုက်ရာ ဆာမူရိုင်းကြီး၏ လက်မောင်းတစ်ဘက်ကို အရိုးပါ လုနီးပါး ခုတ်မိသွားလေသည်။

ဆာမူရိုင်းကြီးလည်း ဟစ်အော်ညည်းညူရင်း လဲကျသွားတော့သည်။

ဂျော့ဘူသည် လဲကျနေသူ ဟီဒေယိုရီ၏ ကိုယ်ပေါ်တွင် ခွရပ်နေလိုက် ။ ဟီဒေယိုရီသည် ဖြည်းညှင်းစွာ ကြိုးစား၍ မတ်တပ်ထလိုက်ချိန် တွင် တိုမိ ဆာမူရိုင်းများက ဝိုင်းလာပြီး ကာကွယ်ထားလိုက်ကြသည်။

ထိုအချိန်တွင် ကပ္ပတိန်ဒိုမေသည် မြင်းစီးပြီးရောက်လာကာ ဂျော့ဘူ ကျောပြင်ကို လက်ဖြင့်အသာပုတ်လိုက်သည်။

www.burmeseclassic.com



"ကျုပ်ကိုယ်တိုင် မြင်လိုက်တယ်၊ မောင်ရင်သာ မရှိရင် ကျုပ် သားယော
အခုဆိုရင် အသက်မရှင်တော့ဘူး၊ မောင်ရင်က တိုက်ပွဲမှာ ဓားရေးအ တ
တကယ်ကျွမ်းကျင်တာပဲ၊ ကျုပ်သားတွေကို မောင်ရင်ကပဲ လေ့ကျင့်သင်
ကြားပေးရမယ်"

ကပ္ပတိန်ဒိုမေက ဤသို့ ချီးကျူးစကား ပြောပြီးနောက် သူ၏ စစ်သည်များအား ပြန်လည်စုရုံးရန် အမိန့်ပေးနေလေသည်။

မူရာတိုမိုစစ်သည်များလည်း စုရုံး၍ ပြည်လည်ထိုးစစ်ဆင် တိုက်ခိုက်ရန် အသင့်ပြင်ကြလေသည်။

အားလုံးအဆင့်သင့်ဖြစ်သောအခါ ဒိုမေက စတင်တိုက်ခိုက်ရန် အမိန့်ပေး လိုက်သည်။ ဤတွင် မူရာတိုမို စစ်သည်များသည် ရန်သူတာကာရှိ ဆာမူရိုင်း ရှိရာဘက်သို့ ချီတက်တိုက်ခိုက်ကြလေသည်။ စနစ်တကျ ပြန်လည် တိုက်ခိုက် ခြင်း ဖြစ်၍ တာကာရှိစစ်သည်များသည် တန်ပြန်ထိုးစစ်ဒဏ်ကို မခံနိုင် နောက်သို့ ပြန်ဆုတ်ခွာနေရလေသည်။

ရင်းသို့ပြန်ဆုတ်ရာတွင် ကီယိုဆီကိုယ်တိုင် ဦးစီးပြီး ဆုတ်ခွာသဖြင့် ဂျော့ဘူများစွာ အံ့သြနေမိလေသည်။ တာကာရှိစစ်သည် အင်အားက သုံး မျှ ပိုများပါလျက် ဘာကြောင့် လျင်မြန်စွာဆုတ်ခွာနေကြလေသနည်း။ ရင်ဆို တိုက်လျှင် နိုင်ရန်သေချာပါလျက်နှင့် ဆုတ်ခွာထွက်သွားခြင်းသည် ထူးဆန်း ပေသည်။ သံသယဖြစ်စရာလည်း ကောင်းသည်ဟု ဂျော့ဘူက ထင်မြင်မိ သည်။

တာကာရှိစစ်သည်များကို ကီယိုဆီကိုယ်တိုင် ခေါင်းဆောင်လျ နန်းတော်တံခါးဝမှ ပြင်ဘက်သို့ ဆုတ်ခွာသွားရာ မူရာတိုမိုတို့ကလည်း နောက် တရကြမ်း လိုက်သွားကြလေသည်။ နန်းတော်မြို့ရိုး ပြင်ဘက်သို့ထိ လိုက်နေကြသည်။

ဂျော့ဘူသည် စိုးရိမ်မကင်း ဖြစ်လာလျက်-

"ပြင်ဘက်ကို ထွက်မလိုက်ကြနဲ့၊ မြို့ရိုးတံခါး ပြန်ပိတ်လိုက်ပါ"

ဟစ်အော်တားမြစ်ပါသော်လည်း မူရာတိုမို ဆာမူရိုင်းတို့သည် ဂရုမစိုက်ကြ ဖွတ်ပင် အပြင်ဘက်သို့ ထွက်လိုက်သွားကြလေသည်။

ခဏမျှကြာလျှင် ဂျော့ဘူနှင့် မူရာတိုမို ဆာမူရိုင်းအနည်းငယ်သာ ကျန်



သည်။

နန်းတော်မြို့ရိုးအတွင်း တိတ်ဆိတ်ငြိမ်သက်နေလေသည်။ တိုက်ပွဲ တွင် ကျဆုံးသူ၏ အလောင်းများက နေရာတကာတွင် ပြန့်ကျဲလျက် ရှိလေ သည်။ နီရဲသော သွေးများသည်လည်း အိုင်ထွန်းနေတော့သည်။

ဂျော့ဘူသည် ပတ်ဝန်းကျင်ရှုခင်းကို ကြည့်ပြီး စိတ်မကောင်းဖြစ်မိ သည်။

ဂျပန်ဧကရာဇ်၏ နန်းတော်ကြီးကို လွန်ခဲ့သော နှစ်ပေါင်းလေးရာက ည်ဆောက်ခဲ့ပြီး အလွန်ခံငြား ကျက်သရေရှိသည့် အဆောက်အအုံကြီးပင် လေသည်။ ယခုတော့ အုပ်စုတိုက်ပွဲကြောင့် နန်းတော်ကြီးသည် အလွန်အရုပ် အကျည်းတန်နေပါလေပြီ။

တိုက်ပွဲတွင် ဒဏ်ရာရပြီး မသေပဲကျန်သူများက ဟစ်အော် အကူအ တောင်းနေကြလေသည်။ အချို့က ဝေဒနာမခံစားလို၍ အမြန်သေအောင် တ်ပေးရန် တောင်းပန်နေကြသည်။ မူရာတိုမို ဆာမူရိုင်းအချို့က ဒဏ်ရာရသူ အား လိုက်ကြည့်၍ ကူညီနေကြလေသည်။

× × × ×

ဟီဒေယိုရှီသည် သူ၏ ဓားကို ပြန်သိမ်းရင်း ဂျော့ဘူနားသို့ လာ စကား လေသည်။

"ဒီမယ်ရှိကော၊ ကျန်တဲ့လူတွေ ပြန်စုထားရင် ကောင်းမယ်ထင် တယ်၊ တာရှိတွေက နောက်တကျော့ လာပြန်တိုက်လိမ့်မယ်"

"သြော်...မောင်ရင်က ဒီလိုပဲ အကွက်မြင်တာကိုး၊- မောင်ရင်ဟာ ကျရင် စစ်သူကြီးကောင်း တစ်ယောက်ဖြစ်လာနိုင်တယ်"

ဂျော့ဘူက ချီးကျူးပြောလိုက်ရာ ဟီဒေယိုရှီသည် ပြုံးလိုက်သည်။

"ဟုတ်ကဲ့ ခင်ဗျားမြင်သလို ကျွန်တော်လဲ မြင်ပါတယ်။ ဒါပေမယ့် တော့အဖေက မမြင်တာခက်တယ်"

မြို့ရိုးပြင်ဘက်သို့ ထွက်လိုက်သွားသူများထဲတွင် ကပ္ပတိန်ဒိုမေလည်း သွားသည်။

"ကျုပ်တို့က လူနည်းပြီး ရန်သူအင်အားက အဆမတန်များနေလိမ့်မယ်"

ဂျော့ဘူက အခြေအနေကို ပြန်ပြောလိုက်သည်။

www.burmeseclassic.com



''ဒါပေမယ့် ကျွန်တော်တို့က အတွင်းဘက်ဝင်းကနေပြီး ခုခံရင် ဖြစ်နိုင်ပါတယ်''

ဟီဒေယိုရိုက ပြန်ပြောနေစဉ်ကပင် စစ်သည်တစ်ဦးက ဟာစ်အော်သံပေးလိုက်သဖြင့် လှမ်းကြည့်လိုက်ရာ တာကာရှိ စစ်သည်များသည် အဝေးအရင်းနှင့် နန်းတော်မြို့ရိုးအတွင်းသို့ တရကြမ်းချီတက်ဝင်ရောက်လာသည်ကို တွေ့ရလေသည်။

''ကဲ…ဒီဘက်ကိုလာကြ''

ဂျော့ဘူက ဟာစ်အော်ခေါ်ပြီး မူရာတိုမို ဆာမူရိုင်း ၅၀ ခန့်နှင့်အတူ နန်းတော်၏ မြောက်ဘက်ဆီသို့ ထွက်သွားကြလေသည်။ တာကာရှိစစ်သည်များကလည်း သူတို့၏နောက်မှ အပြေးအလွှား လိုက်လာကြသည်။

ကျွန်ရစ်သည့် မူရာတိုမို ဆာမာရိုင်းများမှာ ကြီးကြပ်ကွပ်ကဲမည့်သူ တပ်မှူးမရှိပဲ တာကာရှိ တပ်များအား အစွမ်းကုန် ခုခံတိုက်ခိုက်ရန် ပြင်ဆင်ကြလေသည်။

ဂျော့ဘူသည် နောက်သို့ပြန်လှည့်ကြည့်လိုက်ရာ ကီယိုဆီအား ရိပ်ခနဲမြင်လိုက်ရသည်။ ထိုအချိန်၌ တာကာရှိစစ်သည်များက မူရာတိုမို ဆာမူရိုင်းအုပ်စုအား တရကြမ်း ဝင်တိုက်ခိုက်နေပြီဖြစ်ရာ အားလုံးရှုပ်ထွေးနေသဖြင့် ထိုဘက်ကိုမှ သဲကွဲစွာ မမြင်ရတော့ချေ။

ဂျော့ဘူတို့အဖွဲ့သည် ဂျပန်ဘုရင်ဧကရာဇ်၏ အဆောင်ဘေးမှ ပန်းခြံဘက်သို့ ဆက်လက်ပြေးသွားကြလေသည်။ ထိုအချိန်ဂျော့ဘူ၏ ဘေးနားမှ ဆာမူရိုင်းတစ်ဦး မြှားတစ်စင်း ထိမှန်ပြီး လဲကျသွားလေသည်။

နန်းတော်၏ အဆောင်တွင်းမှ အမျိုးသမီးများ၊ အပျိုတော်များသည် တိုက်ပွဲဖြစ်ပွားနေသည်ကို မြင်ရသဖြင့် ထိတ်လန့်တကြား ဟာစ်အော်လျက်ရှိကြလေသည်။ သို့သော် ဂျော့ဘူတို့က ဂရုမစိုက်ပဲ ဆက်၍သာပြေးသွား ကြလေသည်။

မကြာမီ မြင်းဇောင်းတခုသို့ ရောက်သွားပြီး မြင်း ၁၂ ကောင်ရှိသည်ကို တွေ့ရသည်။ မြင်းကုန်းနှီး ကိရိယာများကိုပင် တပ်ဆင်ရန်အချိန်မရသဖြင့် ဂျော့ဘူနှင့်ဆာမူရိုင်းဆယ်ဦးခန့်တို့က မြင်းများပေါ် အပြေးအလွှားတက်၍ အနောက်မြောက်တံခါးဘက်ဆီသို့ ဒုံးစိုင်းသွားကြလေသည်။ ကျန်ဆာမူရိုင်း



များက တာကာရှိစစ်သည်များအား ခုခံတိုက်ခိုက်ရန် နေရစ်ကြလေသည်။

အနောက်မြောက်ဘက် တံခါးဝသို့ မရောက်မီ ရန်သူဘက်မှ ပစ်လိုက်သော မြှားတစင်းသည် ဂျော့ဘူ၏ ဦးခေါင်းနားမှ ပွတ်ကပ်၍ ကျော်ထွက်သွားလေသည်။ တာကာရှိစစ်သည်များ နောက်မှ ထပ်ချပ်လိုက်လာ နေကြောင်း သိရှားနေလေသည်။

အကယ်၍ ရန်သူကလိုက်၍ မီလာလျှင် မိမိတို့က ရပ်ပြီး ရင်ဆိုင်တိုက်မည်ဟု ဂျော့ဘူက ဆုံးဖြတ်လိုက်သည်။ ဤနည်းအားဖြင့် ဟီဒေယိုရှိအနေဖြင့် လွတ်ရာသို့ပြေးရန် အချိန်ရနိုင်မည် ဖြစ်ပေသည်။

မကြာမီ တံခါးဝသို့ ရောက်သွားသဖြင့် ဂျော့ဘူတို့သည် မြို့တွင်းလမ်းများဆိုင်း ဆက်လက်ထွက်သွားကြလေသည်။

ဟီဒေယိုရှိနှင့် ဆာမူရိုင်းခြောက်ဦးတို့လည်း ရောက်ရှိလာကြလေရာ သူတို့အားလုံးသည် ဟီယန်ကျိုမြို့တွင်း ကြေးရတတ်လူကြီးလူကောင်းများ၏ အိမ်ဝင်းများအတွင်းသို့ ဝင်ရောက်တိမ်းရှောင်နေလိုက်ကြလေသည်။

တာကာရှိစစ်သည်များက နောက်မှဆက်၍ မလိုက်ကြတော့ပဲ ပြန်သွားကြလေသည်။

တာကာရှိတို့အနေဖြင့် သူတို့အဓိကလိုချင်သော နန်းတော်ကြီးကို သိမ်းပိုက်ထားနိုင်ကြပြီ ဖြစ်လေသည်။

နောက်နာရီ အနည်းငယ်ကြာသွားတော့မှ ဂျော့ဘူတို့သည် ကျန်မူရာတိုမို စစ်သည်အများစုနှင့် ပြန်ဆုံမိကြလေသည်။

တပ်မှူးကြီး ကပ္ပတိန်ဒိုမေသည် အလွန်ပင်ပန်း နွမ်းနယ်ပြီး စိတ်မကောင်း ဖြစ်နေပုံရလေသည်။ သူ၏ဘက်မှ စစ်သည်အင်အားက သိသိသာသာ လျော့နည်းသွားပြီဖြစ်သည်။ အချို့ဆိုလျှင် စိတ်ဓါတ်ကျ၍ စွန့်ခွာထွက်သွားကြပြီ ဖြစ်လေသည်။

တစ်ဘက်တွင်မူ တာကာရှိအုပ်စုမှာ နယ်မှရောက်လာသည့် စစ်သည်များဖြင့် အင်အားဖြည့်တင်းထားရာ မြို့တော်အတွင်း တာကာရှိအင်အား သာလွန်သောင်းခန့်ရှိနေပြီ ဖြစ်သည်။

''သူတို့က နန်းတော်ကြီးကိုလဲ သိမ်းပိုက်ထားပြီး၊ လက်ရှိဧကရာဇ် နဲ့ အငြိမ်းစားဧကရာဇ်တို့ကလဲ သူတို့လက်ထဲမှာ ရှိနေတယ်၊ သူတို့နှစ်ဦးစလုံးက

www.burmeseclassic.com



တကာကာရှိအုပ်စုကသာ သူတို့ကို ကာကွယ်စောင့်ရှောက်ပြီး ကျုပ်တို့ကို သူ့ အဖြစ် ကြေငြာလိုက်တယ်၊ ကျုပ်မျှော်လင့်တာတွေ အားလုံးပြောင်းပြန်ဖြစ်ကုန် ပြီ''

ကပ္ပတိန်ဒိုမေက အခြေအနေမှန်ကို ပြောပြလေသည်။

ဂျေဘူသည် ဟီဒေယိုရီအား လှမ်းကြည့်လိုက်ရာ သူ့ဖခင် ဒိုမေ အား ရှုတ်ချအထင်သေးဟန်ဖြင့် ကြည့်နေသည်ကို သတိပြုမိလေသည်။

ထို့နောက် မှုရာတိုမို စစ်သည်များသည် အနောက်ဘက်တံခါး ထွက်သွားကြလေသည်။ စစ်သည်များမှာလည်း အလွန်ပင်ပန်းနွမ်းနယ်နေကြ ဖြစ်သည်။ နောက်မှ ရန်သူလိုက်လာလေမည်လားဟုလည်း မကြာခဏ သတိထား၍ လှည့်ကြည့်ကာ ထွက်ခွါသွားကြလေသည်။

ဂျေဘူသည် ကပ္ပတိန်ဒိုမေနှင့်အတူ မြင်းစီး၍ လိုက်ပါသွားလေ သည်။ ဟီဒေယိုရီ၏ အစ်ကိုတစ်ယောက်မှာ ခြေတစ်ဘက်ပြက်လုနီးပါး ဒဏ် ရသဖြင့် နွားလှည်းတစ်စီးဖြင့် တင်ခေါ်ခဲ့ရလေသည်။ ထိုလူ၏ ဒဏ်ရာ ဂျေဘူက သူတို့ဖင်းဂျားအဖွဲ့က သုံးသည့် ဆေးတစ်မျိုးထည့်ပေးကာ သွေးတိတ် အောင် ကြိုးစားပြုစုပေးရလေသည်။

မြို့တော်၏ မြောက်ဘက် တောင်ခြေရှိ သစ်ပင်တောအုပ်များအနီး ရောက်သောအခါ ဆန်းခေါ် မိုးပွင့်တွေ တဖွဲဖွဲကျလာလေသည်။

ထိုအခါ ကပ္ပတိန်ဒိုမေက သူ၏ အစီအစဉ်ကို ပြောပြလေသည်။

''ဒီနေရာမှာ ကျုပ်တို့ လူခွဲရလိမ့်မယ်၊ ကျုပ်ရဲ့သားအကြီးတွေ ကျုပ်နဲ့အတူ သွားရမယ်၊ ဒါပေမယ့် ဟီဒေယိုရီကိုတော့ အတတ်နိုင်ဆုံး ဆိုက် လက်လှမ်းမမီတဲ့ နေရာမှာ နေစေချင်တယ်။ အခုအချိန်အထိ ဂျေဘူက ကာကွ စောင့်ရှောက်ခဲ့တာမို့ အခုလဲပဲ ဟီဒေယိုရီကို စောင့်ရှောက်ဖို့ ဂျေဘူ တာဝန်ပေးချင်တယ်''

ဤသို့ပြောပြီးနောက် ဒိုမေသည် ဂျေဘူဘက်သို့လှည့်၍ ဆက်ပြော သည်။

''ဒီမယ် ကာမာဘူရာအရပ်က မြို့စားကြီးဘိုကူဒင်က ကျုပ်ရဲ့ လျှို့ဝှ မဟာမိတ်တဦးဖြစ်တယ်။ သိပ်ပြီးစိတ်ချရတဲ့ မဟာမိတ်မျိုးတော့ မဟုတ် သူက နှစ်ဘက်လုံးနဲ့ မိတ်ဆွေဖြစ်ချင်ပုံရတယ်၊ ဘာပဲဖြစ်ဖြစ် ဟီဒေယိုရီကို တာဝန်ယူပြီး ကာကွယ်စောင့်ရှောက်ပေးပါလိမ့်မယ်၊ ကျုပ်ရဲ့ သား အငယ်ဆုံး ကိုက မြို့တွင်းမှာ ကျန်ခဲ့တယ်၊ ကျုပ်က သူ့ကို မကယ်နိုင်ဘူး၊ ဒီတော့ ဒေယိုရီဟာ ကျုပ်တို့မိသားစုမျိုးရိုးနဲ့ နောက်ဆုံးအဆက်အနွယ် ဖြစ်ဖို့များ ယ်၊ ဒါကြောင့် သူ့ကိုကာကွယ်ဖို့ အရေးကြီးတယ်''

ဂျေဘူလည်း နားလည်ဟန် ခေါင်းညိတ်လိုက်သည်။ သူ၏ စိတ်ထဲ ကား တာနီကို၏ ဖခင် မြို့စားကြီး ဘိုကူဒင်သည် ကပ္ပတိန်ဒိုမေ၏ လျှို့ဝှက်မဟာမိတ် ဖြစ်သည်ဆိုခြင်းကို အလွန်အံ့သြနေမိလေသည်။ ထို့ကြောင့် လျှင် သူ၏သမီးတာနီကိုအား ဟီယန်ကျိုမြို့တော်သို့ပို့ရာတွင် မိမိ(ဖင်းဂျား) ဝင်တစ်ဦးအား ငှားရမ်းတာဝန်ပေးခဲ့ခြင်း ဖြစ်ဟန်တူပေသည်။ ထို့ပြင် တို့ လမ်းခရီးတွင် တစ်ကြိမ်သာ တိုက်ခိုက်ခံရခြင်းသည်လည်း မြို့စားကြီးက ၏ လျှို့ဝှက်မဟာမိတ် ဖြစ်နေသောကြောင့် ဖြစ်တန်ရာသည်။ သို့ဖြစ်လင့် အား မြို့စားကြီးဘိုကူဒင်သည် တကယ်စိတ်ချရသော မဟာမိတ်မဟုတ် ကြောင်း ဒိုမေ၏ ယူဆချက်ကို ဂျေဘူကလည်း သဘောတူမိလေသည်။

ဟီဒေယိုရီလျှောက်ထွက်သွားသောအခါ ဒိုမေနှင့်ဂျေဘူတို့နှစ်ယောက် ည်း ကျန်ရစ်လေသည်။

ဤတွင် ဒိုမေသည် စိတ်ဓါတ်ကျဟန်ဖြင့် ခေါင်းငိုက်စိုက်ကျသွားလေ သည်။

''ဒီမယ်ရှိကေ ကျုပ်ကိုယ်တိုင်က အလွန်မှားပါတယ်။ တစ်ချိန်က ရဲ့ဖခင်ကို တကာကာရှိတွေက ချေမှုန်းရာမှာ ကျုပ်ဝင်ကူညီခဲ့တယ်။ အခုတော့ နဲ့တကွ ကျုပ်ရဲ့သားတွေပါ ပျက်စီးဆုံးရှုံးရတော့မယ် အခြေအနေဖြစ်လာ ယ်၊ ကျုပ်ဘာပဲလုပ်လုပ် အမှားကြီးပဲ လုပ်မိနေတယ်၊ ဒါကြောင့် ကျုပ်အခု ချင်တယ်''

ဒိုမေက ဤသို့ပြောရာ ဂျေဘူသည် သူ၏အယူအဆကို ပြောပြ လိုက်လေ သည်၊

''ကျွန်တော်တို့ ဖင်းဂျားအဖွဲ့ရဲ့ သင်ကြားချက်ကတော့ နိုင်တာ ရယ်၊ တာရယ်၊ အသက်သေတာရယ်၊ အသက်ရှင်တာရယ် အားလုံးအတူတူ မခြားနားဘူးလို့ ဆိုပါတယ်။ လူတစ်ယောက်ရဲ့ လုပ်ရပ်ကသာ အရေးကြီး ယ်၊ ဖြစ်လာတဲ့ အကျိုးသက်ရောက်မှုက အဓိကမဟုတ်ဘူးလို့ ဆိုပါတယ်''

www.burmeseclassic.com



သို့သော် ဒိုမေက လက်မခံဟန်ဖြင့် ခေါင်းခါလိုက်သည်။

မောင်ရင်ပြောတာတွေကို ကျုပ်ယုံကြည်နိုင်ရင်တော့ စိတ်သက် သာရာ ရမှာပါပဲ၊ ဒါပေမယ့် ကျုပ်က မယုံကြည်နိုင်ဘူး ဖြစ်နေတယ်၊ ကိုင်း ရှေ့ဆက် သွားပေတော့။

❀❀❀

(၁၃)

ဘုရင်ဇေကရာဇ် နန်းတော်၌ မူရာတိုမိုတပ်များ အရေးနိမ့်ခဲ့ပြီး ငါးရက် မြောက်သောနေ့တွင် လက်သမားဆရာ မိုကိုသည် တာနီကိုထံသို့လာ၍ ကပွတိ ဒိုမေသည် ဟီယန်ကျိုမြို့တော်သို့ ပြန်ရောက်လာပြီဖြစ်ကြောင်း သတင်း ပေးလေသည်။

ထိုအချိန်၌ တာနီကိုသည် မိဖုရားကြီး၏ အဆောင်၌ ပြန်ရောက်နေ ပြီဖြစ်သည်။

မင်းသားကြီးဟိုရီကါဝါသည် မူရာတိုမိုအုပ်စု စစ်ရှုံးသွားကြောင်း သတင်း ကြားကြားချင်း မြို့တော်သို့ ပြန်လာခဲ့လေသည်။ ဘုရင်ဇေကရာဇ်၏ မိဖုရားကြီး မှာ ကပွတိန်ဒိုမေ၏ ပုန်ကန်မှုကြောင့် စိတ်တွေတုန်လှုပ် ချောက်ချားလျက် ရှိနေသေးလေသည်။ ဒိုမေ၏ အချစ်တော် လေဒီအာကီမီကို မိဖုရားကြီး အဆောင်၌ မတွေ့ရချေ။

လက်သမားဆရာမိုကိုသည် တာနီကိုထံသို့လာပြီး လိုက်ကာအပြင် ဘက်မှနေ၍ သတင်းစုံကို လာပြောလေသည်။

"အလွန်ဝမ်းနည်းဖို့ကောင်းပါတယ် ခင်ဗျား။ ဒိုမေနဲ့ သူ့သားကြီး တွေ တာကာရှီဆာမှုရိုင်းတစ်စုက ဝင်တိုက်ကြတယ်။ သူတို့ရဲ့ ကိုယ်ရံတော် တပ် ကလဲ ကစဉ့်ကလျား လူစုကွဲနေတော့ ရန်သူကလဲ နောက်က ထပ်ချပ် လိုက် သွားတယ်။ သားတစ်ယောက်က ဒဏ်ရာအကြီးအကျယ်ရနေတော့ သူ့ကို သတ်ပေးဖို့ သူ့ဖခင်ကို တောင်းပန်ရှာတယ်။ သူ့သဘောက ရန်သူလက် အရှင်အဖမ်းခံရတာထက်စာရင် သေတာမှ ကောင်းသေးတယ်ဆိုတဲ့ သဘော ပဲ။ ဒါနဲ့ ဒိုမေလဲ မတတ်သာလို့ ဒဏ်ရာနဲ့သူ့သားကို ဓားနဲ့ထိုးသတ်လိုက်တယ်"

"ဟင် ကြောက်စရာပါပဲလား။ ဒီတော့ ဒိုမေဟာ ထွက်ပြေး လွတ်မသွားဘူးလား"



တာနီကိုက ပြန်မေးလိုက်သည်။

"ပြေးဖို့တော့ ကြိုးစားပါတယ်။ ဒိုမေဟာ ကျန်သားနှစ်ယောက်နဲ့ သေသွားတဲ့သားကို မြေမြုပ်သင်္ဂြိုဟ်လိုက်ပြီးတော့ မိုးပွင့်တွေ တဖွဲဖွဲကျနေတဲ့ ကြားထဲက ခရီးဆက်ထွက်သွားကြတယ်။ သူတို့ လယ်သမားတစ်ဦးရဲ့အိမ်မှာ ခိုအောင်းနေကြတုန်း အဲဒီလယ်သမားကပဲ သစ္စာဖောက်တယ်။ ဒိုမေဟာ ရေချိုး နေတုန်း ရန်သူတာကာရှီတပ်တွေ ဝိုင်းလာပြီး လက်ရအဖမ်းခံရတယ်။ သူ့သား နှစ်ယောက်ကတော့ ဘေးရန်မရှိပါဘူး။ ဒါနဲ့ တာကာရှီစစ်သည်တွေက သူတို့ သုံးဦးစလုံးကို သုံ့ပန်းအဖြစ် ဖမ်းပြီး မြို့တော်ကို ပြန်ခေါ်လာခဲ့ကြတယ်။ သူတို့ကို ဟိုကါမိုရီရဲ့ အမိန့်နဲ့ အများပြည်သူ ပရိသတ်ရှေ့မှာ ကွပ်မျက်လိမ့်မယ်လို့ ဆိုတယ်။ လမ်းမှာသေသွားတဲ့ သားရဲ့ အလောင်းကိုတောင် ပြန်ဖော်ပြီး ခေါင်း ဖြတ်ယူခဲ့တယ်လို့ သိရတယ်။ မူရာတိုမိုအုပ်စုက ခေါင်းဆောင်အတော်များများ ကိုလဲ ခေါင်းဖြတ်ကွပ်မျက်လိမ့်မယ်တဲ့ခင်ဗျ"

"ဝမ်းနည်းစရာ ကောင်းလိုက်တာနော်။ ဒါထက် ဒိုမေရဲ့ သားအငယ်နှစ် ယောက်ကရော"

"နှစ်ယောက်အနက် ယူကီအိုဆိုတဲ့ သားက ဒီမြို့တော်မှာ သူ့အမေ ဆီ ရောက်နေတယ်။ သူ့အမေဆိုတာက လေဒီအာကီမီပါပဲ။ ဒါပေမယ့် သူ နှစ်ယောက်စလုံးကို အကျယ်ချုပ်သဘောထားတယ်။ နောက်သားတစ် ယောက် အကြောင်းကတော့ အလွန်စိတ်ဝင်စားဖို့ ကောင်းတယ်ခင်ဗျ"

"ဘယ်လိုများလဲရှင်၊ ပြောစမ်းပါဦး"

"ဒီမြို့တော်အတွင်း တိုက်ပွဲတွေ ပြင်းထန်နေတုန်းက ထွားထွား ကျိုင်းကျိုင်း ဖင်ဂျားတစ်ဦးဟာ အလွန်အံ့ဩစရာ ကောင်းလောက်အောင် ခေါင်းဆောင်တိုက်ခိုက်ခဲ့တယ်လို့ သတင်းကျော်ကြားခဲ့တယ်"

ဤတွင် တာနီကိုသည် စိတ်ထဲမှ လှုပ်ရှားသွားမိလေသည်။

"ဒါဖြင့် အဲဒီဖင်ဂျားဟာ တခြားလူမဟုတ်ဘူး၊ တစ်ယောက်ထဲပဲ ဖြစ်မယ်"

တာနီကိုက ပြောလိုက်ရာ မိုကိုကလည်း ခေါင်းငြိမ့်လိုက်သည်။

"ကျွန်တော်လဲ ထင်ပါတယ်။ အဲဒီဖင်ဂျားကပဲ ဒိုမေရဲ့သား ယိုဒေယိုရီ ပဲ အရှေ့မြောက်ဘက် ဒေသကို တာဝန်ယူစောင့်ရှောက်ပြီး ခေါ်သွားသတဲ့ ခင်ဗျ"

www.burmeseclassic.com

www.burmeseclassic.com



အရှေ့မြောက်ဘက် ဒေသဟု ပြောလိုက်သည်နှင့် တာနီကိုသည် သူမ၏ ဖခင်ထံ လှမ်းဝှက်စာပို့ရန် စိတ်ကူးမိလေသည်။ ဒိုမေ၏ သားနှင့်ဇင်ဂျား ဂျော့ဘူတို့အား စောင့်မျှော်ရန် အကြောင်းကြားထားမည်ဟု စဉ်းစားမိလေသည်။

ထို့နောက် မိုကိုအား ဆက်၍ မေးကြည့်ပြန်သည်။

"ပရိတ်သတ်ရှေ့မှာ ကွပ်မျက်မယ်ဆိုတာ ဘယ်တော့လုပ်မှာတဲ့လဲ"

"နောက်သုံးရက်ကြာရင် လုပ်မယ်လို့ကြားတာပဲ။ တာမိုမြစ်နား က အကျဉ်းထောင်ဘေးမှာ ကွင်းကြီးတစ်ခုရှိတယ်။ အဲဒီနေရာမှာ လုပ်မယ်လို့ ဆိုတယ်။ ဘေးပတ်ဝန်းကျင်မှာလဲ ဝါးတိုင်တွေစိုက်ထူပြီး တိုက်ပွဲမှာကျဆုံး မှုရာတို့မို စစ်သည်တွေကို ခေါင်းဖြတ်ချိတ်ဆွဲထားတယ်၊ ဘာသာရေးဆရာ တစ်ဦး ပြောသလိုပါပဲ ခေတ်ကြီးက တကယ့်ခေတ်ဆိုးကြီး ဖြစ်နေပါပြီ"

"ဟုတ်ပါတယ် မိုကိုရယ်၊ ကျွန်မအနေနဲ့ စောစောပိုင်းက လူ့လော က ဒီကမ္ဘာကြီးအကြောင်းကို စုံစုံလင်လင် သိချင်ခဲ့မိတယ်၊ အခုကျွန်မ မြင်ရတဲ့ ပတ်ဝန်းကျင်က စိတ်ပျက်စရာတွေချည်းပဲဖြစ်နေတယ်၊ ကပ္ပတိန်ဒိုမေ့ သူ့သားတွေ သေရမှာကိုပဲ ကျွန်မစိတ်မကောင်းပါဘူး၊ ဒါပေမယ့် ဘုရင်ကေ ရာဇ်ရဲ့ အမိန့်ဆိုရင်တော့ ဘယ်တတ်နိုင်ပါ့မလဲ၊ ဒါထက် မိုကို ရှင်က သူ ကွပ်မျက်တဲ့နေရာကို ကျွန်မကိုယ်စားသွားကြည့်ပေးပါလားရှင်"

"ကျွန်တော်အဖို့ကတော့ မထူးပါဘူး၊ လူသတ်တာတွေ မြင်ခဲ့ရတာ လဲပဲ များလှပြီ၊ နောင်လဲ မြင်ရဦးမှာပဲ၊ တကယ်တော့ လူသတ်ပွဲကို ကျွန်တော် မကြည့်ချင်ပါဘူး၊ သို့သော် ခင်ဗျားအတွက် သွားကြည့်ပြီးတော့ ပြန်ပြောပြ မယ်"

× × × ×

လူတွေ ကွပ်မျက်မည့်နေ့တွင် မိုကိုသည် နေရာကောင်းရရန် ခပ်စောစော ကြိုတင်သွားလေသည်။ ပရိသတ်ကလည်း အထူးများပြား ပြည့်ကျပ် နေ မိုကိုသည် ကောင်းစွာ မြင်နိုင်ရန်အတွက် ချယ်ရီပင်ကြီးတစ်ပင်ပေါ်သို့ တက် လိုက်လေသည်။

သူ၏နေရာမှ ကြည့်လျှင် ခေါင်းဖြတ်ထားသူများအား ချိတ်ဆွဲထား သည့် ဝါးလုံးများကိုလည်း မြင်နေရလေသည်။ မိုကိုသည် လူခေါင်းဖြတ်များ ကြည့်ရင်း သူ၏ဆရာရှိကေ ခေါ် ဂျော့ဘူ၏ ဦးခေါင်းများ ပါနေမလားဟု



ဉ်းစားမိသေးသည်။ သို့သော် ဂျော့ဘူကဲ့သို့ ဇင်ဂျားတစ်ဦး၏ ဦးခေါင်းကို သခုလို ဝါးလုံးနှင့်ချိတ်ဆွဲပြသ ထားလိမ့်မည်ဟု မထင်မိချေ။

လာကြည့်သည့် ပရိတ်သတ်ကလည်း တဖြည်းဖြည်းပို၍ များလာ လေသည်။ အချို့နေရာတွင် လူအချင်းချင်း ခိုက်ရန်ဖြစ်ပွားနေသည်ကိုလည်း သတိပြုမိလေသည်။

မကြာမီ မြင်းစီးစစ်သည်များ ခြံရံလျက် ဘုရင်ကေရာဇ် ကိုယ်တိုင် ရောက်လာလေသည်။ ဤတွင် မိုကိုသည် တစ်စုံတစ်ခုကို စဉ်းစားမိပြီး မျက်လုံး ပြူးသွားမိလေသည်။ ဂျပန်ပြည်၏ ရှေးရိုးအစဉ်အလာတခုမှာ မည်သူကမျှ ဘုရင်ကေရာဇ်ထက် မြင့်နေသောနေရာတွင် မနေရဟု သတ်မှတ်ထားရှိရာ ယခုသူက သစ်ပင်ပေါ်တက်နေမိခြင်းမှာ ဘုရင်ကေရာဇ်ထက် မြင့်သည့်နေရာ သို့ ရောက်နေသောကြောင့် မိုကိုက ထိတ်လန့်တုန်လှုပ်နေမိလေသည်။ အကယ်၍ ယခုအချိန်တွင် မိမိအား တစ်စုံတစ်ယောက်ကသာ မြင်သွားပါက တာကီရှိ စစ်သည် များက ဆွဲချပြီး အပိုင်းပိုင်းဖြစ်အောင် ခုတ်ထစ်သတ်ဖြတ်ပစ်မည်မှာ သေချာလေသည်။ သို့ဖြစ်လင့်ကစား ယခုအခြေအနေကြမှ သစ်ပင်ပေါ်မှ ဆင်းရန်လည်း အန္တရာယ်များလှသဖြင့် မဆင်းဝံ့တော့ချေ။

ထိုအခိုက် ဘုရင်ကေရာဇ် စီးလာသော ဝေါယာဉ်မှ ခန်းဆီးများကို ဖွင့်လိုက်ရာ မိုကိုသည် ကြုံကြိုက်တုန်း ဘုရင်ကေရာဇ်ကို သေချာစွာ ကြည့် လိုက်မိလေသည်။

ကေရာဇ်နီဂျိုသည် အလွန်ခန့်ငြားထည်ဝါသော ပိုးသားဝတ်စုံ ဝတ် ထားပြီး ဦးခေါင်းတွင်လည်း ကျောက်မျက်ရတနာများ စီခြယ်အပ်သော ခေါင်း ဆောင်းတစ်ခု ဆောင်းထားလေသည်။ ဝတ်စုံက အနီရောင်ဖြစ်ပြီး ဘေးသား များတွင် ကြက်သွေးရောင် ကွပ်ထားလေသည်။ ဘုရင်ကေရာဇ်သည် လူငယ် တစ်ဦးသာ ဖြစ်ကြောင်းကိုလည်း မိုကိုက သတိပြုမိလေသည်။

မင်းသားကြီးဟိုရီဂါဝါသည် စစ်အောင်နိုင်သူတစ်ဦး၏ ဟန်ဖြင့် ပြုံးလျက် ခုံတန်းရှည်တစ်ခုတွင် ထိုင်နေလေသည်။

တာကာရှိအုပ်စု၏ အကြီးအကဲ မြို့စားကြီးဆိုဂါမိုရီသည်လည်း သူ၏အနီးတွင် ရှိနေလေသည်။

မကြာမီ ကွပ်မျက်ခံရမည့် လူများအား အကျဉ်းထောင်မှ ခေါ်ထုတ်

www.burmeseclassic.com

www.burmeseclassic.com



လာလေသည်။ သူတို့သည် အင်္ကျီမပါပဲ ခါးတွင်သာ အဝတ်စတစ်ခု ပတ်ထား ကြသည်။ လူနှစ်ဆယ်ခန့်ရှိရာ ထပ်ဆုံးမှ လူမှာ ကပ္ပတိန်ဒိုမေပင် ဖြစ်လေသည်။

မိုကိုသည် လှမ်းကြည့်ရင်းအလွန်စိတ်မကောင်းဖြစ်မိလေသည်။ ဒိုမေကဲ့သို့ ယောကျ်ားကောင်း ယောကျ်ားမြတ်တစ်ဦးက သေရပြီး ဟိုရိဂါဝါလို ရွံ့မုန်းစရာကောင်းသူက အသက်ရှင်ရခြင်းမှာ မတရားပါတကားဟုလည်း တွေးမိလေသည်။

ကွပ်မျက်သည့်နေရာ၌ တွင်းကြီးရှိရာ ထိုနေရာတွင် ဓားရှည်ကိုင် ပါးကွက်အာဏာသား ငါးဦးတို့က အသင့်စောင့်နေကြသည်။ ထိုငါးဦးအနက် တစ်ဦးမှာ တာကာရှိမိသားစု၏ ခေါင်းဆောင်ဟောင်း ကီယိုဆီဖြစ်လေသည်။

ပထမဆုံးကွပ်မျက်ခံရမည့် သူများကား ဒိုမေ၏ လက်ထောက်တစ် မျိုး ငါးဦးဖြစ်လေသည်။ သူတို့သည် ရှေ့သို့ တိုး၍တွင်းကြီးအဝသို့ ချဉ်းကပ်လာ စဉ် နန်းတော်အရာရှိ တစ်ဦးက သူတို့၏ ပြစ်ချက်စွဲချက်များကို ဖတ်ကြားလေ သည်။ အဓိကစွဲချက်ကား ဘုရင်ဧကရာဇ်အား တော်လှန်ပုန်ကန်မှုပင်ဖြစ်သည်။

ဘုရင်ဧကရာဇ်ကိုယ်တိုင်ကမူ မျက်နှာထားတည်တည်နှင့်ပင် ကြည့်နေ လေသည်။

တရားခံ ငါးဦးတို့သည် ယဉ်ကျေးမှုထုံးစံအရ ဘုရင်ဧကရာဇ်အား ဦးအညွှတ်အလေးပြုပြီးနောက် သူတို့၏ ခေါင်းဆောင်ဒိုမေဘက်သို့လည်း လှည့် ၍ အလေးပြုကြလေသည်။ ထို့နောက်ကွပ်မျက်မည့် အာဏာသားများရှေ့တွင် ဦးညွှတ်ကာ ဒူးထောက်နေလိုက်ကြသည်။

မိုကိုသည် အဝေးမှကြည့်ရင်းအသတ်ခံရမည့်သူများ၏ စိတ်ထဲ မည်သို့ နေမည်နည်းဟု စဉ်းစားရင်း သူသည် ကြက်သီးထကာ ကျောထဲစိမ့်သည် ဖြစ်လာမိသည်။ တချိန်တုန်းကသူ့အား ဂျေဘူက သတ်တော့မည်ပြုစဉ် စိတ်ထဲ ခံစားခဲ့ရပုံကိုလည်း သတိရကာ ကိုယ်ချင်းစာမိလေသည်။

ပါးကွက်အာဏာသား ငါးဦးတို့သည် ဓားရှည်ကြီးများကို တပြိုင်နက် မြှောက်ပြီး တပြိုင်နက်ပင် ခုတ်ချလိုက်ကြသည်။ တရားခံများ၏ ဦးခေါင်းများ သည်လည်း တပြိုင်နက်ပြတ်ထွက်သွားလေသည်။

မိုကိုသည် ကြည့်နေရင်း တုန်လှုပ်ချောက်ချားကာ မူးဝေအော့အန် ချင်သလို ဖြစ်လာလေသည်။ ပရိသတ်ထဲမှ လူအချို့သည်လည်း တုန်လှုပ်ပြီး



ကိုမေ့လဲကျသွားလေသည်။ နန်းတွင်းအရာရှိတစ်ဦးကဆိုလျှင် သူ၏အင်္ကျီ ခံ လှလှပေါ်တွင်ပင် အန်ချလိုက်လေသည်။

မြို့စားကြီးဆိုဂါမိုရီသည် ထိုအဖြစ်ကိုကြည့်ပြီး အထင်သေးဟန်ဖြင့် လိုက်သည်။

ထို့နောက် တရားခံငါးဦးလျှင် တစ်သုတ်ထား၍ နှစ်သုတ်ကို ကွပ်မျက် ကြပြန်သည်။

ကပ္ပတိန်ဒိုမေကိုမူ နောက်ဆုံးမှ ကွပ်မျက်ရန်ချန်ထားပုံရလေသည်။ သို့ထားခြင်းမှာ သူ၏နောက်လိုက် တပည့်များနှင့်သူ၏သားများ အသတ်ခံရပုံ မြင်ပြီးမှ သူ့ကိုယ်တိုင် သေစေရန်စီစဉ်ထားခြင်းဖြစ်ရာ အလွန် ရက်စက်လှ ကားဟု မိုကိုက စိတ်ထဲမှ အောက်မေ့မိလေသည်။

ဒိုမေ၏ သားကြီးနှစ်ယောက်သည် ကွပ်မျက်ခြင်းမခံရမီ သူတို့၏ ခင်အား အတန်ကြာကြာလှမ်းကြည့်နေကြသည်။

သူတို့ယခုလို အသက်ခံရသည်မှာ ဖခင်ကြောင့်ဖြစ်သည်ဟု ဒိုမေ အား လိုက်သည့် သဘောဖြင့် ကြည့်နေခြင်းပေလောဟု မိုကိုက စဉ်းစား၍ ချေ။

ထို့နောက်သားနှစ်ယောက်အား အာဏာသားများက ခေါင်းဖြတ် မျက်လိုက်ရာ ဒိုမေသည်မည်သို့မျှ ထိခိုက်တုန်လှုပ်မှုမရှိပဲ ခပ်တည်တည်ပင် ကြည့်နေလေသည်။

ယခုတော့ ဒိုမေ၏ အလှည့်သို့ရောက်လာပြီ ဖြစ်သည်။ သူသည် ထောက်လိုက်ပြီးနောက် ခပ်တည်တည်နှင့်စကားပြောလေသည်။

“မူရာတိုမို မိသားစုအကြီးအကဲအနေနဲ့ အခုသေရခါနီးမှာ ပြော လိုပါတယ်။ ဒီအုပ်စုဟာ ဘုရင်ဧကရာဇ် မင်းမြတ်အပေါ် အမြဲတစေ စောင့်သိခဲ့ပါတယ်။ ဘုရင်ဧကရာဇ်မင်းမြတ်ရဲ့ လက်နက်ကိုင် တပ်သား အဖြစ် အမြဲတာဝန်ယူခဲ့ကြောင်းကိုလဲ ဧကရာဇ်မင်းမြတ်က မှတ်မိလိမ့်မယ် မျှော်လင့်ပါတယ်”

ဒိုမေအား ကွပ်မျက်ရမည့် အာဏာသားမှာ ကီယိုဆီဖြစ်လေသည်။

သူသည် ဓားရှည်ကြီးကို ကိုင်မြှောက်၍ တအားလွှဲခုတ်ချလိုက်လေ သည်။

www.burmeseclassic.com



ဒိုမေ၏ ခန္ဓာကိုယ်က လူးလွန့်လူးပ်ရှားနေဆဲမှာပင် ကီယိုဆီသ ကျောခိုင်းလျက် ဘုရင်ကေရာဇ်ဘက်သို့ လှည့်ပြီး ဦးညွှတ်အလေးပြုလိုက်သ ဘုရင်ကေရာဇ် ကိုယ်တိုင်ကမူ တစ်စုံတရာစိတ်လှုပ်ရှားမှု ဖြစ်ပုံမရချေ။

ထိုအချိန်၌ ကီယိုဆီ၏ မျက်နှာကို မျက်ရည်များစီးကျနေသည် မြင်ရသဖြင့် မိုကိုသည် အလွန်အံ့ဩမိလေသည်။ မူရာတိုမိုအုပ်စု၏ ရန်သူ ဖြစ်လင့်ကစား စိတ်ထိခိုက်ကြေကွဲခြင်း ဖြစ်သည်ပါတကားဟုလည်း ကော ချက်ချမိလိုက်သည်။

ထိုအခိုက် ကီယိုဆီသည် ဦးခေါင်းကို မော်ကြည့်လိုက်ရာ သစ် ပေါ်မှ မိုကိုအား မြင်သွားလေသည်။

မိုကိုမှာ သေရတော့မည်ပါတကားဟု ကြောက်လန့်လျက် မျက် မှိတ်ထားလိုက်လေသည်။

အတန်ကြာမှ မျက်လုံးဖွင့်ကြည့်ရာ ကီယိုဆီသည် မသိမသာ ပြုံးလိုက် နောက် မျက်နှာလွှဲသွားလေသည်။

မိုကိုလည်း သည်တော့မှပင် အသက်ကို ရဲရဲရှူရှိုက်လာတော့သည်။ သို့ စိတ်မချနိုင်သေးချေ။ ကွပ်မျက်ခြင်းကိစ္စတွေပြီးတော့မှ မိမိအားဖမ်း သတ်မည်လောဟုလည်း စိုးရိမ်မိပြန်သည်။ ထို့ကြောင့် သူသည် အသာငြိမ်နေ ညမှောင်တော့မှ သစ်ပင်ပေါ်မှ ဆင်းရန်ဆုံးဖြတ်လိုက်သည်။

မြို့စားကြီးဆိုဂါမိုရီသည် လက်ဖြင့် အချက်ပေးလိုက်ရာ အမှု နှစ်ဦးက ဘုရင်ကေရာဇ်၏ ဝေါယာဉ်မှ ခန်းဆီးများကို ပြန်ပိတ်လိုက်လေသ

တာကာရှိကိုယ်ရံတော်တပ်များသည်လည်း ဝေါယာဉ်၏ ဘေး အသင့်နေရာယူပြီးနောက် အစီအစဉ်အတိုင်း စတင်ထွက်ခွာသွားကြလေသ

ဘုရင်ကေရာဇ်၏ ဝေါယာဉ်နောက်မှ မြို့စား၊ နယ်စားစသော လူကြီး က အသီးသီးမိမိတို့၏ ရထားများဖြင့် လိုက်ပါကာ ထွက်ခွာသွားကြ လေသ

မိုကိုသည် သူ့ကိုမသတ်ပဲ ချမ်းသာပေးသွားသူ ကီယိုဆီကို မျက်ခြည်မပြတ် ကြည့်နေမိလေသည်။

မြို့စားကြီးဆိုဂါမိုရီက သူ၏ ရထားပေါ်တက်၍ ထွက်ခွာသွားပြီး နော ကီယိုဆီလည်း မြင်းတစ်စီးပေါ်တက်၍ ထွက်ခွာတော့မှ မိုကိုသည် သက် ချနိုင်တော့လေသည်။

× × × ×

မိုကိုအဖို့ ထိုနေ့ညနေပိုင်းမှာ သူ၏ဘဝတွင် စိတ်ညစ်စရာအ ကောင်းဆုံး သာ အချိန်ကာလပင်ဖြစ်လေသည်။ အရေးကြီးသော တရားခံများအား ပ်မျက်ခြင်းကိစ္စပြီးသွားသော်လည်း နောက်ထပ် သူပုန် ၈၀ ခန့်ကို ကွပ်မျက် ကျန်ရှိနေသေးပေသည်။

မိုကိုမှာ သစ်ပင်ပေါ်မှ မဆင်းဝံ့သဖြင့် ကွပ်မျက်မှုအားလုံးကို မကြည့်ချင် ကြည့်ရမည့် အခြေအနေဖြစ်နေပေသည်။

ထို့ကြောင့် ညမိုးချုပ်၍ မှောင်တော့မှသာ မိုကိုသည် သစ်ပင်ပေါ်မှ င်းလာခဲ့ရလေသည်။ သူ့တကိုယ်လုံးမှာလည်း ညောင်းညာကိုက်ခဲနေသဖြင့် းကြိုးစားပြီး အရက်ဆိုင်သို့ သွား၍ ဆာကေအရက်တစ်အိုး မှာသောက် တ်တော့မှ အနည်းငယ်နေသာထိုင်သာ ရှိလာတော့သည်။

သူ၏ စိတ်ထဲတွင်ကား တာကာရှိအနွယ် ကီယိုဆီ၏ အပြုအမူကို ည၍မဆုံးနိုင်အောင် ဖြစ်နေမိလေသည်။

ကီယိုဆီသည် သူပုန်တရားခံများအား တစ်ယောက်ပြီးတစ်ယောက် င်းဖြတ်ကွပ်မျက်ခဲ့သူဖြစ်ပါလျက် မိမိ မိုကို ကိုတော့မသတ်ပဲ အသက်ချမ်း ပေးလိုက်ခြင်းသည် အလွန်ထူးဆန်း အံ့ဩဖွယ်ကောင်းနေလေသည်။

တဖန် တပ်မှူးကြီး ကပွတိန်ဒိုမေအား ကွပ်မျက်ပြီးနောက် ကီယိုဆီ ည် မျက်ရည်များကျခဲ့ပုံကိုလည်း မိုကိုက သတိရမိပြန်သည်။ ဤအတိုင်းဆို င် ကီယိုဆီသည် နှလုံးသားရှိသော လူငယ်တစ်ဦးဖြစ်သည်ဟု မိုကိုက န်သုံးသပ်မိလေသည်။

ထိုနောက် သူသည် အရက်ဆိုင်မှထွက်၍ နန်းတော်ကြီးဆီသို့ ထွက်လာခဲ့ သည်။

သူ့အနေဖြင့် သခင်မကလေး တာနီကိုကမှာကြားထားသည့်အတိုင်း ခြင်တွေ့ခဲ့ရသမျှကို တဆင့်ပြန်လည် သတင်းပို့အစီရင်ခံရန် သွားခြင်းပင် လေသည်။

❊❊❊

www.burmeseclassic.com

www.burmeseclassic.com



(၁၄)

နေ့ဦးရာသီ၏ နေတစ်နေ့၌ ဂျေဘူနှင့် ဟီဒေယိုရီတို့သည် ရှီမာ[...] သားစုအကြီးအကဲ မြို့စားကြီး ဘိုကူဒင်ရှေ့သို့ ရောက်ရှိနေကြလေသည်။

မြို့စားကြီးသည် မကျေမချမ်းဖြစ်ကာ ဒေါသထွက်နေလေသည်။

"ဘယ်လိုလဲကွ၊ ဒိုမေဟာ သေရာကတောင် မိတ်ဆွေတွေကို ဖု[...] ဆီးချေမှုန်းတဲ့သဘော လုပ်လိုက်တာလား၊ ကျုပ်ရဲ့အိမ်က တာကာရှီအုပ်စုဘ[...] က အိမ်ဆိုတာ အများက သိနေကြတယ်၊ ဒီတော့ ကျုပ်က ဘယ်လိုလုပ်[...] မောင်ရင်တို့ကို အကာအကွယ်ပေးထားဖို့ ဖြစ်နိုင်ပါ့မလဲ"

မြို့စားကြီး၏ စကားကြောင့် ဟီဒေယိုရီသည် အံ့အားသင့်နေမိလေ သ[...]

"လူကြီးမင်းပြောသွားတဲ့ထဲမှာ သေရာကဆိုတဲ့ စကားလုံးသုံးသွ[...] ပါတယ်၊ ကျွန်တော့်ဖခင် ကပ္ပတိန်ဒိုမေက သေဆုံးသွားပြီလား ခင်ဗျ"

"ဟုတ်တယ်လေ၊ ဒိုမေတင်မကဘူး မောင်ရင်တို့ ညီအစ်ကိုတွေ[...] သေကုန်ကြပြီ၊ ဒီသတင်းမကြားသေးဘူးလား"

မြို့စားကြီး ဘိုကူဒင်က ပြန်ပြောလိုက်လျှင် ဂျေဘူပင်လျှင် စိတ်[...] နိုက်သွားမိလေသည်။ ကပ္ပတိန်ဒိုမေအား အထူးခင်မင်လေးစားခဲ့မိလေသည်[...]

"သူတို့ ဘယ်ပုံဘယ်နည်း သေရတာလဲ"

ဟီဒေယိုရီက မေးလိုက်ပြန်သည်။

"မင်းရဲ့အစ်ကို တစ်ယောက်က ဒဏ်ရာအကြီးအကျယ်ရသွား တ[...] ဒါကြောင့် ကြာရှည်ဝေဒနာ မခံစားရအောင် မင်းဖခင်ကိုယ်တိုင်က သေအေ[...] ကူညီလိုက်ရတယ်၊ ဒိုမေနဲ့ ကျန်တဲ့သားနှစ်ယောက်ကိုတော့ ဖမ်းမိ သွား[...] ဟီယန်ကျိုမြို့တော်ကို ပြန်ခေါ်သွားပြီးမှ ကွပ်မျက်လိုက်ကြတယ်"

"ဒါဖြင့် ကျွန်တော့်အစ်ကိုဝမ်းကွဲ ယူဘီအိုကကော"

"သူ့အကြောင်းတော့ ဘာသတင်းမှ မကြားရဘူး၊ ဘာပဲဖြစ်[...] အခုအခြေအနေမှာ မောင်ရင်တို့ မိသားစုအဖို့ နောင်ရေးအလားအလာ ဘာမှ[...] တော့ဘူး၊ ကျုပ်တို့ ရှီမာမိသားစုအနေနဲ့တော့ တာကာရှီအုပ်စုဘက် လုံးလုံးယ[...] လျား ထောက်ခံအားပေးမှပဲ ဖြစ်တော့မယ်"

"ဟုတ်ကဲ့၊ ဒါကို ကျွန်တော်နားလည်ပါတယ်၊ ဒါပေမယ့် ကျွန်တော်[...] ဖခင်နဲ့ လူကြီးမင်းတို့ တစ်ချိန်က မဟာမိတ်ဖြစ်ခဲ့တာကို ထောက်ထား[...]



[...]တော့ ကျွန်တော့်ကို ဒီမှာတစ်ရက်နှစ်ရက်တော့ ခိုလှုံခွင့်ပြုစေချင်ပါတယ်၊ [...]ီးတော့ ကျွန်တော်က မြောက်ဘက်ကို ခရီးဆက်ထွက်ပါမယ်၊ လောလောဆယ် [...]စီအစဉ်လုပ်ဖို့နဲ့ စာတွေ ကြိုတင် ပို့ထားဖို့ အချိန်လိုပါတယ်"

ဟီဒေယိုရီက ဤသို့ပြောနေစဉ် ဂျေဘူသည် ဘေးမှ အကဲခတ် ကြည့်နေမိလေသည်။ အသက်အားဖြင့် ဆယ့်ငါးနှစ်သားအရွယ်သာ ရှိလင့်ကစား ဟီဒေယိုရီသည် အလွန်တည်ငြိမ်သော ဣန္ဒြေရှိသည်ဟု ထင်မိလေသည်။

ထိုအချိန်၌ ဂျေဘူသည် သူတို့ဖင်းဂျားအဖွဲ့၏ သင်ကြားချက်တစ်ခု ကိုလည်း သတိရမိလေသည်။ ဟီဒေယိုရီသည် ဖင်းဂျားတို့နည်းတူ အလွန်စိတ် တည်ငြိမ်နေကြောင်း ထင်ရှားပေသည်။

ဂျေဘူနှင့် ဟီဒေယိုရီတို့ အခန်းထဲမှ ပြန်ထွက်သွားသောအခါ မြို့စားကြီးဘိုကူဒင်သည် သူ့သမီးတာနီကိုထံမှ စာကိုထုတ်ယူ၍ တစ်ခေါက်ဖတ် ကြည့်လေသည်။

စာမှာအောက်ပါတိုင်း ရေးသားထားလေသည်။

**လေးစားအပ်ပါသော ဖခင်ကြီးရှင့်**

ဤစာကို ရေးသားလိုက်ရခြင်းမှာ မူရာတိုမိုမိသားစု အနွယ် ဟီဒေယိုရီသည် ဖခင်ကြီးထံသို့ ဦးတည်လာနေကြောင်း ကြိုတင် သတိပေးရန်ပင် ဖြစ်ပါသည်။ သူသည် ဖခင်ထံသို့ အကူအညီတောင်း ရန်လာခြင်းဖြစ်သည်ဟု ထင်ပါသည်။

လက်ရှိအခြေအနေတွင် တာကာရှီအုပ်စုက အရေးသာ လျက်ရှိ ပါသည်။ ဖခင်ကြီးအနေဖြင့် တာကာရှီအုပ်စုအပေါ် သစ္စာ ရှိသည့် အထိမ်းအမှတ်ဖြင့် ဟီဒေယိုရီ၏ ဦးခေါင်းကို ဖြတ်ပြီး ဟီယန်ကျိုမြို့တော်သို့ ပို့ပေးရန် စိတ်ကူးရချင်ရပါ လိမ့်မည်။ သမီးသဘောကတော့ ဤသူငယ်ကို သတ်ခြင်းထက် အသက် ရှင်နေစေခြင်းဖြင့် ဖခင်အတွက် ပို၍အသုံးဝင်မည်ဟု ထင်ပါသည်။

တာကာရှီအုပ်စုတို့သည် ဩဇာအာဏာကြီးမားလာ သည်နှင့် အမျှ မာန်မာနတက်လာပြီး ရန်သူတွေ ပိုများလာ[...]ရှိပါ သည်။ အကယ်၍ ဟီဒေယိုရီသာ အသက်ရှင်နေလျှင် တာကာရှီ မလိုလား သူများက သူ့ထံလာရောက်စုရုံးကြမည် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဟီဒေယိုရီအား ကာကွယ်စောင့်ရှောက်ထားသူသည် အနာဂတ်ကာလတွင် အရေးပါသူ ဖြစ်လာပါလိမ့်မည်။

ယခုကဲ့သို့ အကြံပေးရခြင်းမှာ သမီးအနေဖြင့် မာန် နှိမ့်ချ၍လည်းကောင်း၊ ဖခင်ကြီးအပေါ် ကျေးဇူးသိ တတ်၍လည်းကောင်း ဟီယန်ကျိုမြို့တော်မှနေ၍ အကြံပေးလိုက်ရခြင်း ဖြစ် တယ်။

**ချစ်သ**

**တာနီ**

မြို့စားကြီးဘိုကူဒင်သည် စာကိုဖတ်၍ စဉ်းစားနေမိလေသည်။ သ တာနီကိုအနေဖြင့် ဤစာကို ရေးလိုက်ရခြင်းမှာ အလွန်အန္တရာယ်များပေ သည် သို့သော် စာထဲပါသည့်အချက်များကတော့ အဓိပ္ပာယ်ရှိမည်ဟု ယူဆမိ သည်

ဤသို့စဉ်းစားပြီးနောက် သူသည် မြို့စား (ဝန်ကြီး)ဆိုဂါမိုရီထံ စာတစ်စောင် ကောက်ရေးလေသည်။

လေးစားအပ်သော ဝန်ကြီးမင်းခင်ဗျား၊ ယခုကျွန်ုပ်၏ ထံ မှုရာတိုမိုအနွယ်ဟီဒေယိုရီ ရှိနေပါသည်။ သူ့အား မည်သို့ပြု မည်နည်း။

ဝန်ကြီးမင်းထံမှ အကြောင်းပြန်ကြားချက် ရသည်အထိ သူ့အား ထိန်းသိမ်းထားပါမည်။

× × × ×

လေဒီအာကီမီသည် မျက်ရည်ဖြိုင်ဖြိုင်ကျလျက်ရှိရာ တာနီကိုမှာ ကြည့် စိတ်မကောင်းဖြစ်နေမိလေသည်။

ငိုကြွေးလျက်နှင့်ပင် အာကီမီသည် ရင်ဖွင့်သလို ပြောရှာလေသည်။

"ငါက ဒိုမေကို အလွန်ချစ်မြတ်နိုးခဲ့ပါတယ်၊ သူဟာအလွန် ထူး ထက်မြက်တဲ့ စစ်သူကြီးကောင်းတစ်ဦးလဲ ဖြစ်တယ်၊ သူ့ကို ငါက အ လောက်ချစ်မြတ်နိုးသလဲဆိုရင် အင်မတန်ရင်နာစွာနဲ့ သူ့ခေါင်းဖြတ်ထားတာ တောင် သွားကြည့်ခဲ့သေးတယ်။ အခုတော့ ငါ့မှာ သားကလေး ယူဘီ တစ်ယောက်ရှိတော့တယ်၊ ဒီကလေးတောင်မှ သူ့အဖေကြောင့် အသက်ဘေး စိုးရိမ်ရနေတယ်"



"ဘယ်လိုကြောင့်လဲဟင်"

တာနီကိုက ပြန်မေးလိုက်သည်။

"ဒိုမေရဲ့ မိသားစုဟာ ရာသက်ပန်တာကာရှိအုပ်စုရဲ့ ရန်သူဖြစ် တယ်။ ကြောင့် တာကာရှိတွေက ဒိုမေရဲ့ မျိုးဆက်ပြုတ်အောင်ဆိုပြီး သူ့အ အနွယ် သားသမီးမှန်သမျှ သတ်ပစ်ဖို့ ကြိုးစားလိမ့်မယ်။ အခုလောလော ယ်မှာလဲ ယူဘီအိုဟာ သူတို့လက်ခုပ်တွင်းကရေလို ဖြစ်နေတယ်"

ဤတွင် တာနီကိုသည် စိတ်မကောင်း ဖြစ်ဟန်ဖြင့် အာကီမီ၏ လက်ကို သာဆုတ်ကိုင်လိုက်သည်။

"ကျွန်မအနေနဲ့ ဘယ်လိုအကူအညီပေးရမလဲ"

"ငါ့ကို ညည်းရဲ့ ခင်ပွန်းမင်းသားကြီးနဲ့ စကားပြောခွင့်ရအောင် စီစဉ်ပေး ချင်ပါတယ်"

"ဟုတ်ကဲ့၊ ကောင်းပါပြီ"

ဤသို့ပြောလိုက်ရသော်လည်း တာနီကိုသည် စိတ်ထဲမှ စိုးရိမ်ပူပန် လသည်။ ယခုသူတို့နှစ်ဦး စကားပြောနေသည်ကို ချောင်းနားထားသူများ က မည်မျှအန္တရာယ်များသည်ကို စိုးရိမ်မိခြင်း ဖြစ်လေသည်။

လေဒီအာကီမီကပင် ဆက်လက်၍

"မှန်ပါတယ်၊ ဒါပေမယ့် ငါ့သားကလေးက ဘုရင်စကေရာဇ်မင်းမြတ် အွက် အန္တရာယ်ဖြစ်စရာလဲ မရှိပါဘူး၊ သူက ကလေးသာသာအရွယ် ရှိသေး တဲ့၊ နိုင်ငံတော်ကို သစ္စာဖောက်ဖို့လဲ စဉ်းစားမှာမဟုတ်ဘူး၊ သူ့အနေနဲ့ ဝင်စားတာက တီဂါရှိတောင်က ငှက်ရိုင်းတွေကို စိတ်ဝင်စားပြီး ကြည့်ဖို့ ပြီးတော့ သူဝါသနာပါတဲ့ ပလွေမှုတ်ဖို့ရယ် ဒါပဲ စိတ်ဝင်စားပါတယ်"

အာကီမီကပြောလျှင် တာနီကိုကပါ ဝမ်းနည်းပြီး မျက်ရည်ကျလာ သည်။

"ကျွန်မအနေနဲ့က ကျွန်မယောက်ျား မင်းသားကြီးအပေါ် သြဇာမရှိ ဘူး၊ သို့သော်လဲ ကျွန်မ အစွမ်းကုန် ကြိုးစားပေးပါ့မယ်"

ဤတွင် လေဒီအာကီမီသည် တာနီကိုအား မော်ကြည့်လိုက်သည်။

"တကယ်ပြောတာပါ တာနီကိုရယ်၊ ငါ့သားကလေး အသက်ရှင်ဖို့ အတွက်ဆိုရင် ငါက ဘာမဆိုလုပ်ဖို့ရာ အဆင်သင့်ရှိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



အာကီမီက တကယ်ပင်လှိုက်လှိုက်လှဲလှဲ ပြောနေချိန်တွင် တာနီကို သည် မြို့စားကြီး ဆိုဂါမိုရီ၏ ခက်ထန်သော မျက်နှာထားကို မြင်ယောင်နေ လေသည်။

တချိန်က ဆိုဂါမိုရီသည် လေဒီအာကီမီအား ချစ်ရေးဆိုရန် ကြံစည် ၍ မအောင်မြင်သည်ကို သားဖြစ်သူ ကီယိုဆီက လှောင်ပြောင်ဝေဖန်စဉ် ဆိုဂါမိုရီ၏ မျက်နှာထားကိုလည်း သတိရမိသည်။

မြို့စားကြီးဆိုဂါမိုရီသည် လေဒီအာကီမီအား သိမ်းပိုက်ရန် ဆန္ဒ ပြင်းပြ လျက်ပင် ရှိသေးသည်ဟု တာနီကိုက ယုံကြည်လေသည်။

ထို့ကြောင့် လေဒီအာကီမီအား နှစ်သိမ့်သည့်အနေဖြင့်

"မြို့စားကြီးဆိုဂါမိုရီကို နားလည်အောင် စည်းရုံးရင် ရနိုင်ပါ တယ် ဒါပေမယ့် သူလိုချင်တာကိုတော့ ပေးရလိမ့်မယ်၊ ကျွန်မတော့ လောလော ဆယ် ဒါလောက်ပဲ ပြောပါရစေ၊ စိတ်အားမငယ်ပါနဲ့၊ အချိန်အခါသင့်ရင် ကျွန်မက အကြောင်းကြားလိုက်ပါ့မယ်"ဟု ပြောလိုက်လေသည်။

× × × ×

ထိုနှစ် ပဉ္စမလ၏ ဆယ့်ငါးရက်နေ့တွင် မင်းသားကြီး ဟိုရီဂါဝါ သည် ဂျပန်လူမျိုးတို့၏ ရိုးရာအစဉ်အလာတစ်ခုဖြစ်သော ရေကစားပွဲသဘင်နှင့် ညစာ စားပွဲကြီး ကျင်းပလေသည်။

ပွဲသဘင်ဆင်ယင်ကျင်းပရန် နေ့ရက်ကိုလည်း လပြည့်နေ့ညကို ရွေးချယ် သတ်မှတ်ထားလေသည်။

အဆိုပါ ပွဲသဘင်ကြီးအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရန် တာနီကို လည်း မင်းသားကြီး၏ အိမ်၌ သွားရောက်နေရလေသည်။

တာနီကို၏ စိတ်ထဲတွင်ကား လေဒီအာကီမီအား ကူညီလိုသည့်ဆန္ဒ ပြင်းပြလျက်ရှိလေရာ အကယ်၍ မင်းသားကြီးသာ သိသွားပါက မိမိအား ပြင်းထန်စွာ အရေးယူအပြစ်ပေးမည်ဟု သိလျက်နှင့်ပင် ကူညီရန် ဆုံးဖြတ်လိုက် လေသည်။

ထို့ကြောင့် သူမသည် လက်သမားဆရာ မိုကိုအား စကားလက် ဆောင်ပါး၍ လေဒီအာကီမီထံသို့ စေလွှတ်လိုက်လေသည်။

ရေကစားပွဲသဘင်နှင့် ညစာစားပွဲကြီး ကျင်းပသည့်နေ့တွင် မင်းသားကြီး



ဟိုရီဂါဝါ၏ နေအိမ်ဝင်းအတွင်းရှိ ပန်းဥယျာဉ်များတွင် မီးရောင်များဖြင့် ထိန် ထိန်လင်းလျက် ရှိနေလေသည်။ ပတ်ဝန်းကျင်တွင်လည်း လှပသော ပန်းများ၊ ရောင်စုံဖဲကြိုးများဖြင့် မွမ်းမံတန်ဆာဆင်ထားလေသည်။

ပန်းဥယျာဉ်၏အလှကို ပိုမိုတင့်တယ်စေရန်အတွက် မင်းသားကြီး က နောက်ထပ်သစ်ပင်ပန်းပင်အသစ်များကိုပါ အထူးတလည် စိုက်ပျိုးထားစေ လေသည်။

ထိုပွဲ၌ အထူးဧည့်သည်တော်ကား မြို့စားကြီး (ဝန်ကြီး)ဆိုဂါမိုရီပင် ဖြစ်သည်။

သူသည် အခြားဧည့်သည်များလာချိန်တွင် မလာပဲ နောက်ဆုံးမှ ရောက်ရှိ လာလေသည်။

ရေကစားပွဲသဘင်ဆိုသည့်အတိုင်း ဧည့်သည်များကို ဥယျာဉ်အနီးတွင် ချောင်းငယ်တစ်ခုစီးဆင်းနေသော ဘေးနားတွင် နေရာချထားလေရာ အထူး ဧည့်သည်တော် မြို့စားကြီး ဆိုဂါမိုရီသည် ချောင်းငယ်၏ ကမ်းဘေးတစ်နေရာ ရှိ လယ်ဗဟိုတွင် ထိုင်ရလေသည်။ သူ၏သားကီယိုဆီသည်လည်း မနီးမဝေး တွင် ရှိနေလေသည်။

အခြားဧည့်သည်တော်များမှာ ဘုရင့်နန်းတော်မှ အရာရှိကြီးများ၊ ဂုဏ်ကြီးအဆင့် ရှိသူများနှင့် တာကာရှီအုပ်စုမှ အကြီးအကဲများ ဖြစ်ကြလေသည်။

ထိုပွဲ၌ ကာယကံရှင် မင်းသားကြီးဟိုရီဂါဝါမသိပဲ ဧည့်သည်တစ်ဦးသည် လည်း ရောက်ရှိနေလေသည်။ ထိုဧည့်သည်မှာ လေဒီအာကီမီပင်ဖြစ်၍ တာနီကို ၏ အကူအညီဖြင့် ရောက်ရှိနေခြင်းဖြစ်သည်။ သူမသည် အဝတ် အစားကို အစ်မျိုးဝတ်ဆင်ကာ ဦးခေါင်းတွင်လည်း ခြုံထည်တခု ဆောင်းထားသဖြင့် မှတ်တရက်သော် မမှတ်မိအောင် ရုပ်ဖျက်လာခဲ့ခြင်းကို ဖြစ်လေသည်။

ဤကား တာနီကို၏ အကြံပင်ဖြစ်သည်။ မည်မျှအန္တရာယ်များသည်ကို လည်း သူမက သိသော်လည်း လေဒီအာကီမီအား ကူညီလိုသည့် သ ဘောဖြင့် ရဲရဲတင်းတင်း လုပ်လိုက်ခြင်းဖြစ်လေသည်။ အမှန်က မြို့စားကြီး ဆိုဂါမိုရီ စိတ်ပြောင်းစေရန် ရည်ရွယ်ခြင်း ဖြစ်သော်လည်း ထင်သလိုဖြစ်မလာပဲ မြို့စား ကြီးက ဒေါသထွက်ကာ အာကီမီနှင့် သားငယ် ယူကီအို နှစ်ယောက်စလုံးကို အရေးယူအပြစ်ပေးသည့် အဖြစ်မျိုးလည်း ရောက်သွားနိုင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် တာနီကိုသည် လေဒီအာကီမီအား အခြားဧည့်သည်များ
နှင့်အတူ မနေစေပဲ အမျိုးသမီးများအတွက် သီးသန့်အဆောင်တစ်ခုတွင် နေ
ပြီး အချိန်အခါသင့်မှ လာခေါ်မည်ဟု ပြောထားသည်။

ဧည့်သည်များ စုံလင်သောအခါ မင်းသားကြီးဟိုရီဂါဝါသည် တာ
ကိုအား ဆာကေအရက်ဖြင့် ဧည့်ခံရန် ပြင်ဆင်ခိုင်းလေသည်။

ထို့နောက် ဂျပန်လူမျိုးတို့၏ ဓလေ့ထုံးစံအတိုင်း မင်းသားကြီးသည်
အိမ်ရှင်အဖြစ် ဆာကေအရက်ခွက်ကို ကိုင်၍ ကဗျာတပုဒ်ရွတ်ဆိုလိုက်သည်

ကဗျာကလည်း တာကာရှီအုပ်စု၏ အင်အားကြီးမားပုံကို ချီးကျူး
ဖွဲ့ဆိုသည့် ကဗျာပင် ဖြစ်လေသည်။

ထိုအခါ ဧည့်သည်ပရိတ်သတ်က သဘောကျဟန်ဖြင့် ရယ်မော
လက်ခုပ်တီးသြဘာပေးကြလေသည်။

အစီအစဉ်အရ ဆာကေအရက်ထည့်ထားသော ခွက်တစ်ခုကို တသွင်သွင်
စီးနေသော ချောင်းငယ်၏ရေထဲတွင် မျှောလိုက်ရသည်။ ဧည့်သည်များ
ချောင်းငယ်ကမ်းဘေးတွင် ရှိနေရာ မိမိ၏ရှေ့သို့ ရောက်လာသော ဆာ
အရက်ခွက်ကို ဆယ်ယူ၍ ကဗျာတစ်ပုဒ် ရွတ်ဆိုရလေသည်။ အရက်ကိုလည်း
အနည်းငယ်သောက်ရလေသည်။

သို့နှင့်ပင် ဧည့်သည်များသည် မိမိတို့နှစ်သက်ရာ ကဗျာများကို တစ်လှည့်
စီရွတ်ဆိုကြလေသည်။ အချို့က ကဗျာအသစ်ရုတ်ချည်း စပ်ဆိုကြသည်
အချို့ကမူ ရှေးဟောင်းကဗျာများ၊ တရုတ်ပြည်မှ စစ်ပွဲကြီးများအကြောင်း
ဖွဲ့ဆိုသည့်ကဗျာများကို ရွတ်ဆိုကြသည်။

အသက်ကြီးကြီး ဧည့်သည်တော်တစ်ဦးမှာ စာပေပညာရှင်ကြီးတစ် ဦး
ဖြစ်၍ သူ၏အလှည့်သို့ရောက်လျှင် လပြည့်နေ့ညအခါ၌ ရေပြင့်ပေါ်သို့ ထင်ဟ
ကျရောက်သော လရောင်၏ အလှအပကို ဖွဲ့ဆိုချီးကျူးသည့်ကဗျာတစ် ပုဒ်
ရွတ်ဆိုလေသည်။

ထိုအချိန်တွင် မြို့စားကြီး ဆိုဂါမိုရီသည် သူ၏အင်္ကျီအတွင်းမှ အနက်
ရောင်ဝတ္ထုငယ်တစ်ခုကို အသာထုတ်ယူ၍ မီးရှို့ပြီး စာပေပညာရှင်ကြီး
ရှေ့နားဆီသို့ လှမ်းပစ်လိုက်သည်။

ထိုအခါ ဝင်းကနဲအလင်းရောင်ဖြစ်လာပြီး မိုးကြိုးပစ်သကဲ့သို့ ကျ

...ဆောင်စွာသော ပေါက်ကွဲသံ ဖြစ်ပေါ်လာရာ စာပေဆရာကြီးခမျာ လန့်ဖြန့်
...လိုက်ရင်း ချောင်းထဲသို့ ကျလုမတတ် ဖြစ်သွားလေတော့သည်။

လူတွေအားလုံးက အံ့သြတုန်လှုပ်လျက်ရှိစဉ် ဆိုဂါမိုရီသည် အားရ ပါးရ
...ယ်မောလိုက်လေသည်။

မင်းသားကြီး ဟိုရီဂါဝါသည် ဆိုဂါမိုရီရှိရာသို့ လျှောက်လာပြီး
"မြို့စားကြီးက မျက်လှည့်အတတ်ပညာကိုပါ လေ့လာထားတယ်
...င်ပါတယ်"ဟု ပြောလိုက်သည်။

သို့သော် ဆိုဂါမိုရီက ရယ်ကာမောကာဖြင့် ပြန်ထိုင်လိုက်ရင်း ရှင်းပြလေ
...သည်။

"မျက်လှည့်အတတ်ပညာ မတတ်ပါဘူး၊ ဒါက တရုတ်ပြည်က ကလေး
...စားစရာ တစ်ခုပါပဲ၊ ကျုပ်ရဲ့ အမှုထမ်းတွေထဲမှာ နိုင်ငံခြားသားတစ် ဦးရှိ
...ယ်၊ သူက အဲဒီကစားစရာမျိုးတစ်ထုပ် လက်ဆောင်ယူလာခဲ့တယ်၊ တရုတ်
...ည်မှာ ကလေးတွေ ကစားတဲ့ ဗျောက်အိုးပါပဲ"

ထိုစကားကို တာနီကိုသည် ခပ်လှမ်းလှမ်းမှ ကြားလိုက်မိရာ နိုင်ငံ
...မှာ လာသူ အမှုထမ်းဆိုသူသည် ချစ်သူ ဂျေဘူ၏ ဖခင်လာခဲ့သော နိုင်ငံမှ
...လေသလောဟု တွေးမိလေသည်။ သို့သော် ဂျေဘူက မိမိအား ယခုလို
...ကာက်စရာ ပေါက်ကွဲသည့် ဗျောက်အိုးအကြောင်း တစ်ခါမှ ပြောမပြခဲ့ဖူးချေ။

မြို့စားကြီး ဆိုဂါမိုရီသည် သူ၏အလှည့်ကို ရောက်သောအခါ ရှေးနှစ်
...ပေါင်းတစ်ထောင်ကျော်က ဖြစ်ပွားခဲ့သည့် စစ်ပွဲတစ်ခုအကြောင်း ဖွဲ့ဆို
...သော ကဗျာတစ်ပုဒ်ကို ရွတ်ဆိုလိုက်လေသည်။

ထိုကဗျာကို ဧည့်သည်ပရိသတ်က သဘောကျသော်လည်း စာပေပ
...ရှင်ကြီးကမူ ဧည့်ခံပွဲမှ ထထွက်သွားလေသည်။

ထို့နောက် ကီယိုဆီ၏အလှည့်သို့ ရောက်လာလေသည်။

ကီယိုဆီသည် တရုတ်ဘာသာဖြင့် အလွန်နက်နဲသော ကဗျာတစ်ပုဒ်
...ထ၍ ရွတ်လိုက်သည်။

မြို့စားကြီး ဆိုဂါမိုရီသည် သူ၏သားအတွက် ဂုဏ်ယူကြွားဝင့်ဟန်
...

"ကျုပ်ရဲ့ သားတော်မောင်ကတော့ နန်းတော်ကြီးတိုက်ပွဲမှာ သူမတူ

www.burmeseclassic.com

www.burmeseclassic.com



အောင် ထူးချွန်အောင်မြင်စွာ တိုက်နိုင်ခဲ့သမို့ ကဗျာလေ့လာရာမှာလဲ အလွန်ရှ ခြားပြီး လေးနက်တဲ့ ကဗျာတွေကိုမှ ရွေးပြီး လေ့လာတတ်တယ်''ဟု ပြောလိုက် သည်။

ထိုအချိန်၌ စားသောက်ဖွယ်များ ရောက်ရှိလာသဖြင့် ဧည့်သည်များ သည် စတင်စားသောက်ကြလေသည်။ အချို့က ထိုင်ရာမှထ၍ ခင်ရာမင်ရာ မိတ်ဆွေများနှင့် သွားစကားပြောရင်း စားသောက်ကြသည်။ အမျိုးသမီး အမျိုး သား စုံတွဲများကလည်း သစ်ပင်ရိပ်များဆီသို့ သွား၍ စကားပြောနေကြလေ သည်။

တာနီကိုလည်း အိမ်ဖော်မိန်းကလေးတစ်ဦးအား မင်းသားကြီးဟို ဂါဝါအနီးတွင် ဧည့်ခံရန် တာဝန်ပေးထားပြီးနောက် လေဒီအာကီမီရှိရာအဆော သို့ သွားလေသည်။

''လေဒီအာကီမီရှင့်၊ အချိန်သင့်တော်ပါပြီ''

''ငါတော့ စိုးရိမ်မိတယ်ကွယ်၊ တစ်ခုခု ချွတ်ချော်သွားရင် ဒုက္ခပါပဲ''

လေဒီအာကီမီက စိုးရိမ်ဟန်ဖြင့် ပြောလေသည်။

''ကျွန်မလဲ ကြောက်တာပါပဲ၊ ဒါပေမယ့် ဒီလိုမှ မလုပ်ရင် တခြားနည်း လမ်းမရှိဘူး''

''ဘာပဲဖြစ်ဖြစ်ကွယ်၊ ငါတော့ ညည်းကို တစ်သက်လုံးကျေးဇူး မေ့ ပါဘူး တာနီကိုရယ်''

လေဒီအာကီမီက ဤသို့ ပြောပြီးနောက် နှစ်ယောက်သား တီး တိုင်ပင်ကြပြီးလျှင် တာနီကိုလည်း ဧည့်ခံပွဲရှိရာသို့ ပြန်သွားလေသည်။

ထိုအချိန်၌ ဟိုရီဂါဝါ၊ ဆိုဂါမိုရီနှင့် ကီယိုဆီတို့သည် နိုင်ငံရေး၊ စစ် အခြေအနေကို ဆွေးနွေးနေကြလေသည်။

အထူးသဖြင့် ကီယိုဆီသည် မင်းသားကြီး ဟိုရီဂါဝါအား အပြစ် ဝေဖန်ပြောဆိုနေလေသည်။

ဟိုရီဂါဝါက ဒိုမေ၏ သားငယ်နှစ်ယောက် (တီဒေယိုရီနှင့် ယူဘီ တို့ကို မျိုးဆက်ပြုတ်အောင် သတ်ပစ်ရန် ပြောသည်ကို ကီယိုဆီက သဘော ကျပုံမရချေ။

''အခုဆိုရင် တာကာရှီမိသားစုဟာ အတော်နာမည်ပျက်နေပြီ၊ လူ လိုက် အပြုံလိုက် ရက်ရက်စက်စက် သတ်ခဲ့တဲ့အတွက် အများပြည် သူတွေက မုန်းတီးစက်ဆုပ်နေကြတယ်။ အခုတစ်ခါ လူမမယ်ကလေးသူငယ် တွေကိုပါ သတ်ရမယ်ဆိုတော့ တာကာရှီအုပ်စုဟာ ကလေးသတ်တဲ့လူတွေ ဖြစ်လာ မှာပေါ့''

ကီယိုဆီက ဤသို့ပြောရာ ဟိုရီဂါဝါက အလျှော့ပေးချင်ပုံမရချေ။

''တီဒေယိုရီနဲ့ ယူဘီအိုကို မသတ်ပဲ ထားလိုက်ရင် နောက်ပိုင်းကျတော့ သူတို့က အများကြီးဒုက္ခပေးနိုင်တယ်။ ဒါကြောင့်အခု စောစောစီးစီး သတ်လိုက် ကိစ္စအေးတာပဲ''

ဤသို့အချေအတင် ပြောနေကြစဉ် တာနီကိုသည် အခွင့်ကောင်းယူ ၍ မြို့စားကြီး ဆိုဂါမိုရီလက်သို့ စာရွက်တစ်ရွက် အသာပေးလိုက်သည်။

စာမှာ လေဒီအာကီမီက ရေးထားခြင်းဖြစ်ပြီး အနီရောင်နဂါးမင်း၏ အားကြီးမားလှသဖြင့် လူတကာ ကျိုးနွံရမည်သာ ဖြစ်ကြောင်း၊ အထူးသဖြင့် အမျိုးသမီးဖြစ်ပါက လိုက်လျောရမည်သာဖြစ်ကြောင်း စသည်ဖြင့် အဓိပ္ပာယ် သာကဗျာတပုဒ် ဖြစ်လေသည်။

ဆိုဂါမိုရီသည် စာကိုဖတ်ပြီး ချက်ချင်း အဓိပ္ပာယ်နားလည်ဟန်ဖြင့် ခေါင်းညိတ်ပြလိုက်သည်။

တာနီကိုလည်း ဦးညွှတ်အလေးပြု၍ ရှောင်ထွက်သွားလေသည်။

ခဏမျှကြာသော် မြို့စားကြီး ဆိုဂါမိုရီသည် တပိုတပါးသွားသလို မျိုးဖြင့် ပန်းခြံအစွန်နားရှိ သစ်ပင်များဆီသို့ လျှောက်သွားလေသည်။

ထိုနေရာတွင် တာနီကို၏ စီစဉ်ချက်အရ လေဒီအာကီမီက စောင့်နေ မြို့စားကြီးနှင့် သွားဆုံလေသည်။

မြို့စားကြီးသည် ရုတ်တရက် အံ့သြနေမိလေသည်။ သူသည် လေဒီအာကီ တပ်မက်တောင့်တနေခဲ့သည်မှာ ကြာပြီဖြစ်သည်။

''ငါက မင်းရဲ့ချစ်သူကို ချေမှုန်းခဲ့သူဖြစ်လျက်နဲ့ အခုမင်းက ဘာကြောင့် ဆီကိုလာခဲ့တာလဲ''

''မြို့စားကြီးရှင့်၊ အမျိုးသမီးဆိုတာ ယောကျ်ားတစ်ယောက်ထဲကိုသာ မှီခိုးကိုးကွယ်လို့ ရပါတယ်၊ အခုသူမရှိမှတော့ ကျွန်မမှာ အားကိုးရာဆိုလို့ အားကြီးပဲ ရှိပါတော့တယ်''

www.burmeseclassic.com

www.burmeseclassic.com



''ဒါဖြင့် မင်းက ငါ့ကို ကြည်ဖြူနိုင်မယ်ပေါ့ ဟုတ်လား''

ပြောပြောဆိုဆို ဆိုဂါမိုရီသည် လေဒီအာကီမိ၏ လက်ကို ဖမ်း လိုက်သည်။

''ဟုတ်ကဲ့ပါ မြို့စားကြီး၊ အခွင့်အရေးတစ်ခုထဲပဲ တောင်းချင်ပါ တယ်''

''ဘာအခွင့်အရေးလဲ''

''ဒိုမေရဲ့ သားနှစ်ယောက်ကို အသက်ချမ်းသာပေးပါလို့ တောင်း ချင်တာပါပဲ''

× × × ×

နောက်ရက်အနည်းငယ်ကြာသောအခါ မင်းသားကြီးဟိုရီဂါဝါသ တာနီကိုရှိရာ ရှိမာမိသားစု အိမ်သို့ ဒေါသကြီးစွာဖြင့် ရောက်လာလေသည်

ရောက်ရောက်ချင်း တာတီကို၏ လက်ကို ခပ်ကြမ်းကြမ်းဖမ်းကိုင် လိမ်ချိုးရင်း ကြိမ်းမောင်းလေသည်။

''မြို့စားကြီး ဆိုဂါမိုရီက ဒိုမေရဲ့ သားနှစ်ယောက်ကို မသတ်ပဲ အသ ချမ်းသာပေးမယ်လို့ ကြေငြာလိုက်ပြီ၊ သူဟာ လေဒီအာကီမိကို တပ်မက် အတွက် အခုလို မလုပ်သင့်တာလုပ်တာပဲ။ ပြီးတော့ ဒီကိစ္စမှာ မင်းရဲ့ပယော မကင်းဘူး၊ ညှိခံပွဲမတိုင်မီက မင်းနဲ့ အာကီမိတို့ တွေ့ခဲ့ကြတယ်၊ ညှိခံပွဲ တော့ အာကီမိကို ဘယ်သူကမှ မဖိတ်ပဲနဲ့ ဆိုဂါမိုရီနဲ့ လာတွေ့တယ်၊ ဒါတွေ မင်းရဲ့အကြံပဲဖြစ်မယ်၊ တစ်ချိန်က ငါ့ကိုသတ်ဖို့ ကြံတဲ့ ဟီဒေယိုရီဟာ အ မသေပဲ မင်းရဲ့အဖေအိမ်ကို ရောက်နေတယ်''

''ဒါက ကျွန်မက လွှတ်လိုက်တာမှ မဟုတ်ပဲရှင့်''

''ဘာပဲဖြစ်ဖြစ် မင်းကို ငါမယုံဘူး၊ မင်းဟာ ဒီဟီယန်ကျိုမြို့တော် နေရင်းငါ့ကို နောက်ထပ်နှောက်ယှက်ဦးမှာပဲ၊ ဒါကြောင့် ငါက မင ယောကျ်ားအနေနဲ့ တစ်မျိုးစီစဉ်ရမယ်၊ မင်းဟာ မြို့တော်အပြင်ဘက် နိ အရပ်က ငါ့အိမ်မှာ သွားနေရမယ်၊ နက်ဖြန်ပဲ ခရီးထွက်ဖို့ အသင့်ပြင်ထ တော့၊ ဒါမှ မင်းဟာ နောက်ထပ်ဝင်ရှုပ်လို့ ရမှာမဟုတ်ဘူး''

ဟိုရီဂါဝါ၏ စကားအဆုံးတွင် တာနီကိုသည် အကြီးအကျ စိတ်ပျက်သွားမိလေသည်။

သူမသည် ဟီယန်ကျိုမြို့တော်တွင် အလွန်နေချင်သူ ဖြစ်သည်။ ယခု



ယ်နှင်ဒဏ်ခံရသည်နှင့်မခြား တောအရပ်သို့ သွားနေရပေတော့မည်။ မိမိ အနေဖြင့် နစ်နာရသည်မှန်သော်လည်း ဒိုမေနှင့် အာကီမိတို့၏ သားကလေး ဘဲအို အသက်ချမ်းသာရာရရေးအတွက် အနစ်နာခံရခြင်း ဖြစ်သည်ဟု သူ့ ကိုယ်သူ ပြန်နှစ်သိမ့်လိုက်ရလေသည်။

(၁၅)

ဟီယန်ကျိုမြို့တော် တိုက်ပွဲတွင် မူရာတိုမိုအုပ်စုအနေဖြင့် မရှုမလှ ရေးနိမ့်ခဲ့ပြီဖြစ်၍ နောက်ထပ်တစ်စခန်းပြန်ထရန် မျှော်လင့်ချက် လုံးဝမရှိတော့ ဟု ဂျော်ဘူက သုံးသပ်မိလေသည်။

ရင်းမိသားစု၏ ခေါင်းဆောင်အားလုံးလိုလို သေဆုံးကုန်ကြပြီ ဖြစ်သည်။ ဒေယိုရီကလည်း မြို့စားကြီး ဘိုကူဒင်ထံတွင် အကျဉ်းသားတစ်ဦး သဖွယ် နေပေသည်။ ထို့ကြောင့် ဂျော်ဘူအနေဖြင့် မူရာတိုမိုမိသားစုအတွက် ကူညီ ာင်ရွက်ပေးနိုင်စရာလည်း မရှိတော့သလောက် ဖြစ်နေလေပြီ။

သို့ဖြစ်လင့်ကစား မိမိတို့ ဇင်ဂျားအဖွဲ့၏ အမိန့်ပေးထားချက်အရ သူသည် ာတိုမိုအုပ်စုဘက်မှ သစ္စာခံအမှုထမ်းနေရပေဦးမည်ဟုလည်း သုံးသပ် သည်။

ဂျော်ဘူသည် မသေပဲကျန်ရှိသူ မူရာတိုမို ဆာမူရိုင်းစစ်သည် ၁၂ ဦး နှင့်အတူ တောင်ဘက်ရှိ မြို့တော်ဘက်သို့ ဦးတည်ထွက်လာရာ လမ်းခရီး၌ ာကာရီအုပ်စု၏ ချုံခိုတိုက်ခြင်းခံရပြန်လေသည်။

ဤသို့ဖြစ်မည်ကို ဂျော်ဘူက ကြိုတင်သတိပေးခဲ့သေးသည်။ မူရာတို စ်သည်များကမူ ဆာမူရိုင်းစစ်သည်တို့ မည်သည် ချုံခိုတိုက်ခိုက်လေ့မရှိ။ ည့်တိုက်ခိုက်တတ်သည်ဟုဆိုကာ ဖွတ်ပင် ထွက်ခဲ့ကြသည်။ သို့သော် ာကာရီအုပ်စုသည် အထက်ပါ ဆာမူရိုင်းစည်းကမ်းကို လိုက်နာရိုသေခြင်းမရှိပဲ ိုက်ခိုက်သဖြင့် မူရာတိုမိုစစ်သည်များသာလျှင် အတုံးအရုံး ကျဆုံးခဲ့ရလေ ည်။

ဂျော်ဘူသည် မိမိတို့ ဇင်ဂျားအဖွဲ့၏ သွန်သင်ချက်အတိုင်း တွေးခေါ် ပ်လေသည်။ ဇင်ဂျားအဖွဲ့က လောက၌ အောင်မြင်ခြင်း၊ အရေးနိမ့်ခြင်း၊ က်သေရခြင်း၊ အသက်ရှင်ခြင်းတို့သည် မည်သို့မျှ ခြားနားချက်မရှိသဖြင့် ာပြု၍ သဘောထားရမည်ဟု သင်ကြားခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျော်ဘူသည် ဆက်လက်၍ မြင်းစီးသွားစဉ် သူ၏နောက်မှ မြင်းတစ်စီး ခိုးစိုင်းလိုက်လာသံကို ကြားရလေသည်။ ဆက်ပြေးလျှင် မထူးတော့သည့်ဖြ ပုန်းအောင်းစရာ နေရာကလည်း မရှိသဖြင့် ဂျော်ဘူသည် ရပ်ပြီး မြင်းပေါ်မှဆင်း လိုက်သည်။

ထို့နောက် ဓားရှည်ကို ဆွဲထုတ်ကာ လေးနှင့်မြားကိုလည်း အဆင် သင့် ကိုင်၍ စောင့်နေလိုက်သည်။

နောက်မှ လိုက်လာသူ ဆာမူရိုင်းသည် ဂျော်ဘူနှင့်ဆယ်ပေခန့်ကွာ သည် နေရာထိအောင်လာပြီး ရပ်လိုက်သည်။ ထိုလူသည် ကိုယ်ခန္ဓာ တောင့်တင်းသ မာသူတစ်ဦးဖြစ်လေသည်။

"ခင်ဗျားကို ကျုပ်တို့က မူရာတိုမိုအုပ်စုနဲ့အတူလာတာ တွေ့လိုက်တယ် တိုက်ပွဲဖြစ်နေတုန်း ခင်ဗျားရှောင်ထွက်သွားတာကိုလဲ ကျုပ်မြင်တယ် ကျုပ်ဘယ်သူ ဘယ်ဝါဆိုတာ မျိုးရိုးအနွယ်ကစပြီး ခင်ဗျားကို ပြောပြစရာမလို ဘူး၊ ခင်ဗျားက သိထိုက်တဲ့လူလဲ မဟုတ်ဘူး၊ အခုကျုပ်အလုပ်က ခင်ဗျား သုတ်သင်ကွပ်မျက်ဖို့ပဲ"

ပြောပြောဆိုဆို ထိုလူသည် လေးနှင့်မြားကို ဂျော်ဘူအား ပစ်ရန် ဟန် လိုက်သည်။

ဂျော်ဘူသည် ဘာမှပြန်မပြောပဲ ငြိမ်သက်စွာရပ်လျက် ထိုသူကို မျက်တောင်မခတ်ပဲ ကြည့်နေလေသည်။ ထိုလူက လေးနှင့်ပစ်ရန် လေးကြိုး ဆွဲလိုက်သည်နှင့် ဂျော်ဘူသည် ရုတ်တရက်လျှင်မြန်စွာ မြေကြီးပေါ်သို့ ဝပ်ချလို သည်။ ဤသည်မှာလည်း ဇင်ဂျားအဖွဲ့ဝင်တို့၏ ရှောင်တခင်ဖျတ်လတ် လှုပ်ရှားနည်းတစ်မျိုးပင်ဖြစ်သည်။

တာကာရှီဆာမူရိုင်းပစ်လွှတ်လိုက်သော မြှား‌က ဝိုကနဲ ဖြတ်ကျော် ချိန်တွင် ဂျော်ဘူသည် မြေပြင်ပေါ် ဝပ်လျက်နှင့်ပင် လေးနှင့်မြားကို အသ ပြင်ထားပြီး ဖြစ်လေသည်။

ထို့ကြောင့် ဂျော်ဘူက သူ၏ မြှားကို သေချာစွာချိန်၍ ပစ်လွှတ်လို သည်။

မြှားသည် ဆာမူရိုင်း၏ လက်ဝဲဘက် မျက်လုံးတည့်တည့်ကို ထိမှန် ဦးခေါင်းထဲသို့ စိုက်ဝင်သွားသဖြင့် ထိုလူသည် မြင်းပေါ်မှ လဲကျကာ သေ



သွားလေတော့သည်။

ရန်သူကို နိုင်လိုက်ရသော်လည်း ဂျော်ဘူ၏ စိတ်ထဲတွင်ကားဝမ်း မြောက်အားရခြင်း မဖြစ်မိချေ။ ရေကန်ထဲတွင် ငြိမ်နေသော ဘဲတစ်ကောင်ကို လွယ်တကူ ပစ်လိုက်ရသည်နှင့် တူနေသည်ဟု ထင်မိလေသည်။

ထို့နောက် ဂျော်ဘူသည် သေဆုံးနေသူ ဆာမူရိုင်း၏ မျက်လုံးမှ သူ၏ းကိုဆွဲနှုတ်ယူ၍ ကောင်းစွာသုတ်သင်ပြီးမှ ပြန်သိမ်းထားလိုက်သည်။ ဆာမူ င်းဓားရှည်နှင့် ဓားအိမ်ကိုလည်း ဖြုတ်ယူ၍ မြင်းပေါ်တင်ထားလိုက်သည်။ န်ဇင်ဂျားတို့ ထုံးစံအတိုင်း သေသူ ရန်သူအတွက် ခပ်တိုးတိုး ဆုတောင်း ကိုက်လေသည်။

ခရီးဆက်ထွက်သောအခါ ပတ်ဝန်းကျင်တွင် လမ်းကျယ်များသာ တွေ့ရ သည်။ ခပ်လှမ်းလှမ်းတွင်ကား တောင်တန်းကြီးများ မြင်နေရသည်။ ယင်း တောင်တန်းကြီးများ၏ တဘက်တွင် ဟီယန်ကျိုမြို့တော်ရှိလေသည်။

သို့အတွက် မြို့တော်၏ အခြေအနေကား သူစတင် ရောက်ရှိခဲ့သော နှစ် ဆောင်းဦးရာသီက အခြေအနေမျိုး မဟုတ်တော့ကြောင်းကိုလည်း း စားမိလေသည်။

ယခုဆိုလျှင် တာကာရှီအုပ်စုကသာ နေရာတကာတွင် ကြီးစိုးမင်းမူ ပြီဖြစ်သည်။ ယခုသူခရီးဆက်သွားရာတွင်လည်း တာကာရှီဆာမူရိုင်း စစ် သည်များနှင့် ပက်ပင်းတိုးဖွယ်ရှိပေသည်။

ထို့ကြောင့် မိမိအဖို့ အန္တရာယ်မရှိစေရန် သူသည်လည်း တာကာရှီ ဘက်သားတစ်ဦးဖြစ်ပါသည်ဟု ပြောရန်သာ ရှိတော့သည်။ ဤသည်မှာ ည်း ဇင်ဂျားတစ်ဦးအနေဖြင့် သဘာဝကျပေသည်။ ဇင်ဂျားအဖွဲ့ဝင်များသည် စားတိုက်ခိုက်ရေးသမား ဖြစ်သောကြောင့် ကြိုက်နှစ်သက်ရာဘက်မှ ဝင်၍ ထမ်းကာ တိုက်ခိုက်တတ်သော အစဉ်အလာရှိသဖြင့် မိမိက တာကာရှီဘက် း တစ်ယောက်ပါဟုဆိုလျှင် လက်မခံနိုင်စရာ အကြောင်းမရှိပေ။

လောလောဆယ် ဂျော်ဘူအဖို့ ရင်ဆိုင်နေရသည့် ပြဿနာတစ်ခုမှာ ရက်လုံးလုံး အစာရေစာကောင်းစွာ မစားရသဖြင့် အလွန်ဆာလောင်မွတ် နေခြင်းပင် ဖြစ်သည်။ အစားအစာ မစားရ၍ လူကလည်း အင်အားချည့်နဲ့ ပြီဖြစ်ရာ ကြာလျှင် ရန်သူနှင့်တွေ့ပါက လေးကိုပင် တင်နိုင်တော့မည်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဟု ထင်မိလေသည်။ ထို့ကြောင့် တစ်နေရာရာတွင် ခေတ္တရပ်နား အောင်းမှ ဖြစ်တော့မည်ဟု ဆုံးဖြတ်လိုက်မိသည်။

မကြာမီ လယ်ကွင်းများနှင့် မလှမ်းမကမ်းတွင် အိမ်တစ်အိမ်ကို မြင်မိလေ သည်။ ဤလယ်မြေများကို ပိုင်ဆိုင်သူ လယ်ပိုင်ရှင်၏ အိမ်ပင်ဖြစ်ဟန် တူပေသည်။

ထိုအချိန်က မြေရှင် လယ်ရှင်များသည်လည်း အုပ်စုနှစ်စု ပဋိပက္ခ ဖြစ်ရာတွင် တစ်ဘက်သို့မဟုတ် တစ်ဘက်သို့ ဝင်ပါလေ့ရှိကြရာ ဤအိမ်ပိုင်ရှင် က မည်သည့်အုပ်စုဘက်သားဖြစ်လေသနည်းဟု စဉ်းစားကြည့်မိပြန်သည်။

သို့သော် ယခုအချိန်အထိ အိမ်ကြီးက မပျက်မစီးပဲ ကောင်းမွန်စွာ တည်ရှိနေပုံအရ အိမ်ပိုင်ရှင်သည် နဂါးနီအမှတ်အသားနှင့် တာကာရှီဘက်တော် သား ဖြစ်ရမည်ဟု ဂျေဘူက ခန့်မှန်းတွက်ကြည့်မိလေသည်။

အိမ်၏ပတ်ဝန်းကျင်တွင်လည်း လယ်သမားများ၏အိမ်များနှင့် တူသော တဲအိမ်အချို့ရှိလေသည်။

ဂျေဘူသည် လယ်သမားများ၏ တဲအိမ်တွေရှိရာသို့ ချဉ်းကပ်သွား မည်ကြံပြီးကာမှ တစ်မျိုးစဉ်းစားမိပြန်သည်။ လယ်သမားများအနေဖြင့် မိမိအား လက်မခံပဲ ရန်ပြုလျှင် ခက်နေဦးမည်ဖြစ်ရာ ခပ်တည်တည်နှင့် အိမ်ကြီးဆီသို့ တိုက်ရိုက်ဝင်သွားခြင်းသာလျှင် အကောင်းဆုံးဟု ဆုံးဖြတ်လိုက်သည်။

သူသည် တာကာရှီအုပ်စုမှ အရေးကြီးသော တာဝန်တစ်ခုနှင့်ခရီး ထွက် လာရသူဖြစ်၍ လောလောဆယ် တည်းခိုရန်နေရာထိုင်ခင်းနှင့်တကွ အစား ရေစာများ လိုအပ်ကြောင်း ခပ်တည်တည်တောင်းဆိုမည်ဟု စိတ်ကူးလိုက်သည်။

ဤနည်းအားဖြင့် သူသည် အစားအသောက်များ ရရှိနိုင်သည့်ပြင် မူရာတိုမိအုပ်စုဘက်သားများ၏ အခြေအနေ သတင်းများကိုပါ ကြားသိနိုင်မည် ဖြစ်သည်။ ထို့နောက် မိမိကိုယ်တိုင် မူရာတိုမိအုပ်စုရှိရာသို့ လိုက်သွားလျှင် ဖြစ်နိုင်ပေသည်။

ဤသို့ ဆုံးဖြတ်လိုက်ပြီးနောက် ဂျေဘူသည် လယ်ကွင်းများကို ဖြတ်ကျော်ကာ အိမ်ကြီး၏ ဂိတ်ဝဆီသို့ တိုက်ရိုက်မြင်းစီး၍ သွားလေသည်။

ဂိတ်ဝတွင် လုံခြုံရေးအစောင့်များရှိရာ ဂျေဘူသည် ခပ်တည်တည် ပင် သူ့ကိုယ်သူ မိတ်ဆက်ကြေငြာလေသည်။



''ကျုပ်ဟာ ဖင်းဂျားအဖွဲ့ဝင် ယိုရှိုနု ဖြစ်ပါတယ်''

(မှတ်ချက်။ ။ အမှန်အားဖြင့် တာကာရှီအုပ်စုဘက်၌ ယိုရှိုနုဆိုသူ ဖင်းဂျားတစ်ဦး တကယ်ပင်ရှိကြောင်း သိထားသဖြင့် ဂျေဘူက ထိုနာမည်ကို သုံးပြုလိုက်ခြင်း ဖြစ်သည်။)

''ကျုပ်ဟာ အရေးကြီးတဲ့ သတင်းပို့ အစီရင်ခံချက်တစ်ခုနဲ့ ဟီယန် မြို့တော်က မြို့စား (ဝန်ကြီး)ဆီသို့ ထွက်လာခြင်းဖြစ်တယ်၊ သတင်းပို့ ခိုက်သူကတော့ မြို့စားကြီး ဘိုကူဒင် ဖြစ်တယ်၊ ဒါကြောင့် ဒီနေ့ည တစ်ညအတွက် ဒီမှာ တည်းခိုခွင့်နဲ့ အစာရေစာများ တောင်းဆိုပါတယ်''

ဂျေဘူက ဤသို့ပြောလိုက်သော်လည်း အစောင့်များက ယုံကြည်ပုံ မရချေ။

အစောင့်တစ်ဦးသည် ဂျေဘူတွင် ပါလာသော ဆာမူရိုင်းဓားရှည်နှင့် ...ကုန်းနီးတန်ဆာပလာကို သတိပြုမိဟန်တူလေသည်။

''ဒီလူကိုင်လာတာဟာ ဆာမူရိုင်းဓားရှည်တစ်လက် ဖြစ်တယ်၊ မြင်းရဲ့ ...ကြိုးတန်ဆာတွေကလဲ ဆာမူရိုင်းအသုံးအဆောင်တွေ ဖြစ်တယ်၊ ဖင်းဂျား ...ဝင်တွေက ဒီပစ္စည်းမျိုး သုံးလေ့မရှိဘူး''

မသင်္ကာဟန်ဖြင့် ပြောလိုက်စဉ် အခြားအစောင့်တစ်ဦးက

''ဟေ့လူ တိတ်တိတ်နေစမ်း၊ ဖင်းဂျားဆိုတာ မောင်ရင်ကို မျက်စိတမှိတ် ...တပြက်အတွင်း သတ်ပစ်နိုင်တယ်၊ ဒီလူဟာ မြို့စားကြီးဘိုကူဒင်ဆီက ...တာဟုတ်မဟုတ် ကျုပ်တို့ သိနိုင်ဟဲ့နည်းရှိပါတယ်၊ ကိုင်း ဖင်းဂျားခင်ဗျား ...နဲ့အတူ လိုက်ခဲ့ပါ''ဟု ပြောရင်း ခေါ်သဖြင့် ဂျေဘူလည်း ဂိတ်ဝမှ ...င်းဘက်သို့ ဝင်သွားလေသည်။

အိမ်ကြီးက အတော်ပင်ဟောင်းနွမ်းနေပြီး တစ်နေရာတွင် အလုပ်သမား ...သည် မျှော်စင်တစ်ခု တည်ဆောက်နေသည်ကိုလည်း သတိပြုမိလေသည်။

ဂျေဘူသည် မြင်းပေါ်မှ ဆင်းလိုက်ရာ အစောင့်တစ်ဦးက သူ၏ မြင်းကို ...ဇောင်းသို့ သွားထားပေးပါမည်ဟု ဆိုကာဆွဲခေါ်သွားလေသည်။

ဂျေဘူသည် ဤအိမ်ကြီးသို့ လာခဲ့မိခြင်းသည် မှားသွားလေပြီလော ...တွေးမိပြန်သည်။ မိမိတွင်ပါလာသော ဆာမူရိုင်းဓားရှည်နှင့် မြင်းပိုင်ရှင်က ...ဒေသမှဖြစ်လျှင် ကျန်လူများက မှတ်မိပြီး မိမိဖို့ ပြဿနာပေါ်လာရှိမည် မဟုတ်

www.burmeseclassic.com



တော့ချေ။

ဂျေဘူအား ရှေ့ဆောင်ပြီး ခေါ်လာသူ အစောင့်သည် လုံခြုံရေး ကင်း နှင့်တူသော အဆောက်အအုံငယ် တစ်ခုရှိရာသို့ သွားပြီး

"တပ်မှူးကြီးခင်ဗျား" ဟု အော်ခေါ်လိုက်သည်။

ချက်ချင်းလိုပင် ဓားရှည်ကိုင်လူတစ်ယောက်သည် ထွက်လာလေ သည်။ လုံခြုံရေးအစောင့်များ၏ အကြီးအကဲတပ်မှူးဖြစ်ဟန်တူလေသည်။ သူ့ နောက်မှာလည်း နာဂိနာတာခေါ် ဓားရှည်ကိုင်လူတစ်စု လိုက်ပါလာလေသည်။

ဤအိမ်ကြီး၌ သီးသန့်စစ်တပ်တစ်တပ် ဖွဲ့စည်းထားဟန်တူသည် ဂျေဘူက စိတ်ထဲမှ အောက်မေ့မိလေသည်။

ဂျေဘူအား ခေါ်လာသူ အစောင့်သည် တပ်မှူးထံသို့ သတင်းပို့လေ သည်။

"တပ်မှူးဂိုရှင်ခင်ဗျား၊ ဒီဇင်ဂျားက သူဟာ မြို့စားကြီးဘိုကူဒင်ဆီ က ဟီယန်ကျိုမြို့တော်ကို သွားပြီး မြို့ဝန်ကြီး (မြို့စားကြီး)ဆီ သတင်း အစီရင်ခံဖို့ လာတယ်လို့ ဆိုပါတယ်၊ သူ့မှာ ဆာမူရိုင်းဓားရှည်တလက် မြင်းတစ်ကောင်လဲ ပါလာပါတယ်၊ ကျွန်တော်က သူပြောတာ ဟုတ်မဟုတ် စစ်ဆေးကြည့်ဖို့ ခေါ်လာပါတယ်"

ဂိုရှင်ဆိုသူ တပ်မှူးသည် နားလည်ဟန်ခြင်း ခေါင်းညိတ်လိုက် သည်။

"ကောင်းပြီ၊ ကျုပ်ကိုယ်တိုင် အမျိုးသမီးကို သွားတွေ့လိုက်မယ် ဒီအတောအတွင်း မင်းတို့က ဒီလူ့ကို မင်းတို့ရဲ့ နာဂိနာတာ ဓားတွေနဲ့ ဝိုင်းရံ ထားကြပါ၊ လူပ်ရှားမယ် ကြံရင် ကိစ္စတုံးသာ စီရင်လိုက်ပေတော့၊ ဇင်ဂျား တွေအကြောင်း ကျုပ်ကသိလို့ ပြောတာ"

ပြောပြောဆိုဆို တပ်မှူးဂိုရှင်သည် အိမ်ကြီးအနီးသို့ ချဉ်းကပ်သွား လေသည်။

ဂျေဘူသည် မလှုပ်မယှက် ငြိမ်၍ ရပ်နေလိုက်သည်။

သူ၏ ဓားရှည်နှင့် လေးမြှားလက်နက်များကိုလည်း လုံးဝမကိုင် သည့် အနေဖြင့် လက်နှစ်ဘက်ကို ဘေးသို့ ချထားလိုက်သည်။

မျှော်စင်တည်ဆောက်နေသော အလုပ်သမားများဘက်သို့ ခေါ ကြည့်လိုက်မိရာ လက်သမားတစ်ဦးကို မြင်ဖူးသလိုရှိသည်ဟု ထင်မိသည်။ သို့သော် အလုပ်မ်းဝေးနေသဖြင့် ကောင်းစွာ မမြင်ရချေ။

"ဟောဒီလူပါပဲ သခင်မလေး၊ သူ့ကို သခင်မကလေးက မှတ်မိပါ သလား"

တပ်မှူးဂိုရှင်က လှမ်းပြောသံကြားရသဖြင့် ဂျေဘူသည် အိမ်ကြီး ဘက်သို့ လှည့်ကြည့်လိုက်လေသည်။ အိမ်ကြီး၏ ဝရမ်တာကို ကာထားသော လိုက်ကာ (ရင်း)အတွင်းဘက်၌ အမျိုးသမီးတစ်ဦး၏ သဏ္ဌာန်ကို မသဲမကွဲ မြင်ရသဖြင့် ကြည့်နေစဉ်မှာပင် အမျိုးသမီးတစ်ဦး၏အသံကို ကြားရလေသည်။

"ဟုတ်ကဲ့ရှင့်၊ ဒီဇင်ဂျားကို ကျွန်မရဲ့ဖခင်ကြီးဆီလာတာ မြင်ဖူးပါ တယ်၊ သူ့ရဲ့ အနီရောင်ဆံပင်ကို ကောင်းကောင်းမှတ်မိပါတယ်"

ထိုအသံကိုကြားလျှင် ဂျေဘူသည် ရင်ထဲမှဒိတ်ကနဲ ဖြစ်သွားမိ တော့သည်။

အသံက တာနီကို၏အသံ ဖြစ်နေသောကြောင့်ပင်တည်း။

စိတ်ထဲမှလည်း တာနီကိုထံသို့ ပြေးသွားလိုက်ချင်သည်။ သို့သော် ယခုအချိန်တွင် သူသည် ဂျေဘူမဟုတ်။ ယိုရှီဇူအမည်ရှိ ဇင်ဂျားတစ်ဦးအဖြစ် သာကြောင်း သူ့ကိုယ်တိုင် ပြန်သတိပေးလိုက်ရသည်။

အမျိုးသမီးသည် လိုက်ကာအတွင်းမှ စကားဆက်ပြောလေသည်။

"ဒီလူဟာ ကျွန်မရဲ့အဖေနဲ့ သိတာမှန်ပေမယ့် မှုရာတိုမိုဘက်သား တစ်ယောက်လဲ ဖြစ်ချင်ဖြစ်နိုင်တယ်၊ ဒါကို စမ်းသပ်တဲ့နည်းရှိပါတယ်၊ ကျွန်မရဲ့ ဖခင်ကြီးဟာ လူယုံစေလွှတ်ရင် စကားဝှက်တစ်ခုပေးလိုက်လေ့ရှိတယ်၊ ဒီတော့ ရှင့် ကျွန်မရဲ့ဖခင် မြို့စားကြီး ဘိုကူဒင်က ရှင့်ကို စကားဝှက်ပေးလိုက်ပါ သလား"

တာနီကိုက နောက်ဆုံးစကားကို ဂျေဘူအား လှမ်းပြောလိုက်ခြင်း ဖြစ်သည်။

ဂျေဘူကလည်း အခြေအနေအရ ရုတ်တရက် ဖြတ်ထိုးဉာဏ်သုံး လျက်

"ဟုတ်ကဲ့ သခင်မကလေး၊ စကားဝှက်ပေးလိုက်ပါတယ်၊ သို့သော်လဲ သခင်မလေးတစ်ယောက်ထဲကိုသာ ပြောရမယ့်စကားဝှက်ဖြစ်ပါ တယ်" ဟု ပြန်ပြောလိုက်သည်။

"ဒါဖြင့် ရှင် အိမ်ကြီးနားကို တိုးလာခဲ့ပါ၊ ကျွန်မနားရောက်တော့မှ

www.burmeseclassic.com

www.burmeseclassic.com



စကားဝှက်ကို ပြောပါ''

တာနီကိုက ပြောလိုက်လျှင် တပ်မှူးဂိုရှင်သည် သက်မကင်းဖြ
လာဟန်တူလေသည်။

''သခင်မကလေး အထူးသတိထားပါ၊ ဒီလူက သခင်မကလေး
ဓားစာခံအဖြစ် ဖမ်းမှာ စိုးရိမ်ရပါတယ်''

ပြောရင်းနှင့်ဂိုရှင်သည် ရှေ့တိုးလာရာ တာနီကိုက ဟန့်တားလိုက် သည်

''ဂိုရှင်၊ ကျွန်မ ရှင့်ကို အခုအမိန့်ပေးပါတယ်၊ တကယ်လို့ ဒီလူ
ကျွန်မကို ဓားစာခံအဖြစ် ဖမ်းမယ်ဆိုရင် ရှင် နှစ်ယောက်စလုံးကို သတ်
လိုက်ရမယ်''

ထိုအတောအတွင်း ဂျော့ဘူသည် သူ၏ ဓားနှစ်လက်နှင့်တကွ
နှင့်မြှားတို့ကိုပါ မြေကြီးပေါ်သို့ အသာချထားလိုက်သည်။

''သခင်မကလေးနားသို့ ချဉ်းကပ်တဲ့အခါ လက်နက်ကိုင်ပြီးလာ
ရိုင်းရာကျပါမယ်၊ ဒါပေမယ့် ကျုပ်ရဲ့လက်နက်တွေကို ဘယ်သူမှ မကိုင်
စေနဲ့''

ဤသို့သတိပေးပြောလိုက်ပြီးနောက် ဂျော့ဘူသည် တစ်ချိန်က တာနီ
ရေးစပ်ပေးဖူးသော ကဗျာထဲမှ

'ဝှက်ကလေးဟာ သစ်ကိုင်းပေါ်က ညွှတ်ကွင်းမှာ မိနေပါတယ်'
ခပ်တိုးတိုးပြောလိုက်သည်။

ထိုအခါ တာနီကိုသည် တပ်မှူးဂိုရှင်ကြားအောင် အသံကျယ်ကျ
ဖြင့် ပြောလေသည်။

''တပ်မှူးကြီးရှင့်၊ ဒီလူက စကားဝှက်အမှန်ကို ပြောနိုင်တဲ့အတွ
ကျွန်မအဖေဆီက လွှတ်လိုက်ကြောင်း သေချာပါပြီ၊ အခုဟာ မြို့စား (ဝန်ကြီ
ဆိုဂါမိုရီဆီကို သွားမှာမို့ ကျွန်မရဲ့ ခင်ပွန်းနဲ့လဲ တွေ့ဆုံလိမ့်မယ်၊ ဒါကြော
ကျွန်မ ကိုယ်တိုင် ကျွန်မရဲ့ ခင်ပွန်းထံ စာတစ်စောင်ကို ဒီလူနဲ့ ပေးလိုက်မယ်''

''သခင်မကလေးခင်ဗျား၊ ကျွန်တော်ကတော့ ဒီလူကို မယုံကြည်
စကားဝှက်ဆိုတာက သိအောင်စုံစမ်းတဲ့နည်း ရှိပါတယ်၊ ပြီးတော့ သူ
ဆာမူရိုင်းဓားရှည်နဲ့ ပစ္စည်းအသုံးအဆောင်တွေ ပါလာတာဟာ မသင်္ကာ
ဖြစ်နေပါတယ်''



တပ်မှူးဂိုရှင်က ဤသို့ပြောရာ ဂျော့ဘူက ခပ်တည်တည်လှည့်ပြီး
မျက်နှာချင်းဆိုင်လိုက်သည်။

''ခင်ဗျားပြောတာလဲ မှန်ပါတယ်၊ အခုကျုပ်က ဒီအိမ်မိသားစုရဲ့
မိတ်ဆွေဖြစ်ကြောင်း ထင်ရှားနေပြီမို့ အမှန်ကို ပြောပါမယ်၊ လမ်းမှာ မူရာတိုမို
ဆာမူရိုင်းတစ်စုကို ကျုပ်တို့ တာကာရှီအုပ်စုက ချုံခိုတိုက်ခိုက်ခဲ့ကြတယ်၊
အဲဒီသူ တစ်ဦးက မြင်းစီးထွက်ပြေးဖို့ကြံတော့ ကျုပ်က သစ်ပင်ပေါ်က ခုန်ချပြီး
သူ့ရဲ့မြင်းကို လုယူလိုက်တယ်၊ သူ့ကိုလဲ ကျုပ်ကပဲ သတ်ပစ်လိုက်တယ်''

ဂျော့ဘူက လုပ်ကြံပြောလိုက်ရာ တာနီကိုသည် သဘောကျဟန်ဖြင့်
ရယ်မောလိုက်သည်။

တပ်မှူးဂိုရှင်ကမူ မျက်နှာထားတည်တည်ပင် ဖြစ်နေလေသည်။

''ခင်ဗျားမှာ နဂိုက မြင်းပါလာတယ် မဟုတ်လား''

''ခင်ဗျားဟာ မြို့စားကြီး ဘိုကူဒင်အကြောင်း မသိလို့သာ ဒီမေး ခွန်းကို
မေးတာဖြစ်ရမယ်၊ မြို့စားကြီးက မြင်းမပေးပဲ ခြေကျင်လွှတ် လိုက်တာ ခင်ဗျ''

တာနီကိုက ရယ်မောလိုက်ပြန်ရာ ဂိုရှင်သည် သဘောကျပုံမရချေ။

''သခင်မကလေးဟာ မင်းသားကြီးဟိုရီကါဝါသဘောကျသလို မနေဘူး၊
သူနဲ့သိပ်ပြီး အရောတဝင်နေလွန်းတယ်''

''ရှင် အသာနေစမ်းပါ၊ ကျွန်မခင်ပွန်းက ရှင့်ကို ကျွန်မ ဘယ်လိုနေ
ထိုင်ရမယ်လို့ သွန်သင်ဆုံးမဖို့တာဝန်ပေးထားတာမဟုတ်ဘူး၊ ဒီအိမ်မှာ
ကျွန်မသာ အိမ်ရှင်မဖြစ်တယ်''

ဤသို့ ခပ်ထန်ထန်ပြောလိုက်ပြီးမှ တာနီကိုသည် ဂျော့ဘူအား လှမ်းပြော
လိုက်သည်။

''ရှင် ဒီမှာပဲ ခဏစောင့်နေပါ၊ ရှင့်ကို ကျွန်မ လက်ခံတွေ့ဆုံဖို့အတွက်
အိမ်ဖော်မိန်းကလေးတစ်ဦးက လာခေါ်ပါလိမ့်မယ်''

''ကျုပ်ရဲ့လက်နက်တွေ ပြန်ယူခွင့်ပြုပါ''

ဂျော့ဘူက ပြောလိုက်ရာ ဂိုရှင်က ဝင်ဖြေလေသည်။

''ကျုပ်ပဲ သိမ်းထားလိုက်မယ်၊ ခင်ဗျားအနေနဲ့ ဒီအိမ်မှာ လက်နက်
မလိုပါဘူး၊ ခင်ဗျား ဒီအိမ်က ထွက်သွားခါနီးကျတော့မှသာ လက်နက်တွေ
ပြန်တောင်းယူပါ''

www.burmeseclassic.com

www.burmeseclassic.com



ဂျော့ဘူလည်း မတတ်သာသဖြင့် စိတ်ထဲက မပါသော်လည်း

''ကျေးဇူးတင်ပါတယ်''ဟု ပြန်ပြောလိုက်ရသည်။

မကြာမီ အိမ်ဖော်မိန်းကလေးတစ်ဦးသည် ဂျော့ဘူအား အမျိုးသမီး အဆောင်သို့ ခေါ်သွားလေသည်။

အခန်းကအတော်ပင် ကျယ်ဝန်းပြီး တစ်နေရာတွင် ဂျပန်ထုံးစံအတိုင်း လိုက်ကာတစ်ခုကာထားလေသည်။

လိုက်ကာ၏ နောက်တွင် တာနီကိုရှိနေမှန်း သိသဖြင့် ဂျော့ဘူသည် စိတ်လှုပ်ရှားကာ လူချင်းတွေ့လိုသဖြင့် ရှေ့သို့တိုးသွားရာ အတွင်းမှ တာနီကိုက

''ရှင် ရှေ့တိုးမလာပါနဲ့''ဟု ဟန့်တားလိုက်သည်။

သည်တော့မှ ဂျော့ဘူလည်း စိတ်ကိုထိန်းပြီး ရပ်လိုက်မိသည်။ သူ့ ဖင်းဂျားအဖွဲ့၏ သင်ကြားချက်တစ်ခုမှာ ကိုယ်ရေးကိုယ်တာ စိတ်လှုပ်ရှားမှု ကြောင့် ရှေ့လောကြီးစွာဖြင့် လှုပ်ရှားပြုမူခြင်း မပြုရဟူ၍ဖြစ်လေရာ ဂျော့ဘူ သည် ရုတ်တရက်ထိုသင်ကြားချက်ကို မေ့လျော့သွားမိသဖြင့် သူ့ကိုယ်သူ ပြန်ဆုံးမလိုက်ရသည်။

တာနီကိုသည် လိုက်ကာအတွင်းမှ ခပ်တိုးတိုးစကားပြောလေသည်။

''ဒီမယ် ရှင်က ဘာမှနားမလည်ဘူး၊ အခုရှင်နဲ့ ကျွန်မတို့ကို ချောင်းကြည့် တဲ့လူ ရှိချင်ရှိနေမယ်၊ ဒါကြောင့် အထူးသတိထားဖို့လိုတယ်၊ ဒါပေမယ့် စကားကို ခပ်တိုးတိုးပြောရင် ဘယ်သူမှ မကြားနိုင်ဘူး၊ ရှင် အဲဒီမှာထိုင်ပြီး စကားပြောပါ၊ ကျွန်မတော့ ရှင့်ကို မြင်လိုက်ရတာ သိပ်ဝမ်းသာတာ ပဲ''

''ကျုပ်ကလဲ ဟီယန်ကျိုမြို့တော်ပြင်ဘက်က ဟီဂါရှီတောင်နားမှာ လူချင်းဆုံခဲ့ကြတဲ့ညကို မမေ့နိုင်ပါဘူး၊ ကျုပ်အနေနဲ့ မင်းကို တစ်နေ့မှ မမေ့ ဘူး၊ အမြဲပဲ သတိရနေမိပါတယ်''

''ကျွန်မကလဲ မမေ့ပါဘူးရှင်၊ ကျွန်မရဲ့ အိမ်ထောင်ရေးဘဝက ဘော အလွန်စိတ်ညစ်စရာ စက်ဆုပ်စရာကောင်းပါတယ်''

''ဒီလိုကြားရတာ ဝမ်းနည်းပါတယ်၊ ဒါကြောင့် ဟိုညက တို့နှစ် ယောက် အတူထွက်ပြေးကြရအောင်လို့ ကျုပ်က အကြံပေးခဲ့တာပေါ့၊ ကဲ မင်းသားကြီးအကြောင်း ပြောပါဦး''

''သူဟာ လူက အရုပ်ဆိုးသလောက် စိတ်ထားယုတ်မာတယ်၊ အလွန်



စက်တယ်၊ ဒါထက် ရှင်က ဘာကြောင့် နာမည်တမျိုးနဲ့ ခရီးသွား ရတာလဲ၊ ရှင်ဟာ မူရာတိုမိုအုပ်စုဘက်က တကယ်ဝင်အမှုထမ်းနေလို့လား''

''ဟုတ်ပါတယ်၊ မူရာတိုမိုအုပ်စုကတော့ မရှုမလှ ရှုံးနေပါပြီ၊ ဒါပေမယ့် ကျုပ်တို့ဖင်းဂျားအဖွဲ့က အဲဒီအဖွဲ့နဲ့ပဲ ဆက်နေရမယ်လို့ တာဝန်ပေး ထားတယ်''

''ရှင်က မြို့စားကြီး ဆိုဂါမိုရီဆီ သွားမယ်လို့ ပြောတာမသင့်တော် ဘူး၊ သူ့ကို ဒီအိမ်က လူတွေက ကောင်းကောင်းသိနေကြတယ်၊ သူနဲ့အတူ မင်းသားကြီး ဟိုရီဂါဝါလည်း ရှိနေတယ်''

တာနီကိုက ပြောနေစဉ် လူတစ်ယောက် နောက်မှဝင်လာသလို ခြေသံ ကြားလိုက်ရသဖြင့် ဂျော့ဘူလည်း လျင်မြန်စွာ ချာကနဲလှည့်လိုက်သည်။ ရန်သူ ထင်မှတ်ပြီး ခုခံရန်ပြင်ဆင်လိုက်ခြင်းဖြစ်သည်။

သို့သော် ဝင်လာသူမှာ လက်သမားဆရာ မိုကိုဖြစ်နေလေသည်။

''ရှိကေ…ခင်ဗျား''

မိုကိုက နှုတ်ဆက်ရင်း ဦးညွှတ် အလေးပြုလိုက်ရာ တာနီကိုက လျင်မြန် စွာ သတိပေးလိုက်ရတယ်၊

''မိုကိုကလဲ ညံ့လိုက်တယ်၊ ရှင်က သူ့ကိုသိလို့ မဖြစ်ဘူးရှင့်၊ နားလည် လား၊ သူဟာ ဘယ်သူဘယ်ဝါဖြစ်ကြောင်း အမှန်သိသွားရင် ခုချက် ချင်း သတ်ခံရမှာရှင့်''

သည်တော့မှ မိုကိုလည်း မျက်လုံးပြူးသွားတော့သည်။

''ခွင့်လွှတ်ပါ သခင်မကလေး၊ ကျွန်တော်ကိုယ်က အင်မတန်ထုံ လွန်း လှပါတယ်''

ဂျော့ဘူကမူ ပြုံး၍ မိုကို၏ကျောကို ရင်းနှီးစွာပုတ်လိုက်သည်။

တာနီကိုသည် မိုကိုအား ခပ်တိုးတိုးပြောပြန်သည်။

''ရှင်က သူ့ကို စကားပြောနိုင်ပါတယ်၊ ဒါပေမယ့် ကျွန်မဘက်ကို လှည့်ပြီးပြောပါ၊ မျှော်စင်အသစ်ဆောက်တာနဲ့ ပတ်သက်လို့ ကျွန်မဆီက ညွှန် ကြားချက်တောင်းသလို ဟန်ဆောင်ပြီး ပြောရင်ရပါတယ်''

မိုကိုလည်း သဘောပေါက်သွားလျက် ဂျော့ဘူအား ခပ်တိုးတိုးပြော သည်။

''ကျွန်တော်ဖြင့် ရှိကေကို အခုလိုပြန်တွေ့ရတာ သိပ်ဝမ်းသာတာပဲ၊

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် သတိပေးချင်ပါတယ်၊ ဒီအိမ်က အမြန်ဆုံးထွက်ပြေးရင် ကောင်းလိမ့်မယ်၊ လက်နက်ကိုင်အစောင့်တွေက ခင်ဗျားကို သတ်လိမ့်မယ်''

''သူတို့က ကျုပ်ကိုသတ်ဖို့ အကြောင်းမရှိပါဘူး''

''ဟာ ဒီလူတွေက အကြောင်းမရှိပဲလဲ သတ်တဲ့လူစားမျိုးတွေဗျ''

''ဘာပဲဖြစ်ဖြစ် ကျုပ်က အခုချက်ချင်းတော့ ထွက်မသွားနိုင်သေး ဘူး''

''ဟုတ်ကဲ့၊ နားလည်ပါတယ်''

ပြောရင်းနှင့် မိုကိုသည် တာနီကိုရှိရာဘက်သို့ ညွှန်ပြလျက်

''ကျွန်တော်ကိုယ်တိုင်ကလည်း သခင်မကလေး သံယောဇဉ် ကြောင့်သာ ဒီနေရာမှာ စိတ်ညစ်ခံပြီး နေတာပါပဲ''ဟု ဆက်ပြောလေသည်။

''ကိုင်း...မိုကို ရှင်သွားပေတော့၊ ကြာကြာနေလို့ မတော်ဘူး''

တာနီကိုကပြောလိုက်လျှင် မိုကိုလည်း ဦးညွှတ်အလေးပြုပြီး လျှင်မြန်စွာ ထွက်သွားလေသည်။

ထို့နောက် တာနီကိုက ဂျေဘူကိုလည်း ခပ်တိုးတိုး သတိပေးပြော ပြန်သည်။

''ကဲ...ရှင်လဲ ထွက်သွားရင်ကောင်းမယ်၊ အခု ရှင်ဝင်လာတော့ ကျွန်မ အိပ်ခန်းကို မှတ်မိမှာပေါ့၊ ညကျရင် အိပ်ခန်းကိုလာခဲ့ပါ၊ လာတဲ့အခါ ဇင်းဂျားပီပီ ဘယ်သူမှ မသိအောင် တိတ်တိတ်ကလေးလာခဲ့ပါ''

ဂျေဘူလည်း မတ်တပ်ထ၍ ဦးညွှတ်အလေးပြုကာ

''ကောင်းပါပြီ သခင်မကလေး''ဟု နှုတ်ဆက်၍ ပြန်ထွက်ခဲ့ လေသည်။

× × × ×

အမျိုးသမီးဆောင်၏ ပြင်ဘက်တွင် ပန်းခြံတစ်ခု ရှိလေသည်။

ဂျေဘူသည် ပန်းခြံထဲမှ ဖြတ်လျှောက်ရင်း သူ့အလွန်ချစ်မြတ်နိုးသူ တာနီကိုအကြောင်းကိုသာ စဉ်းစားနေမိလေသည်။ ယခုတာနီကိုနှင့် တွေ့ရမည့်အရေးကို စဉ်းစားရင်း စိတ်ကူးယဉ်မိသည်နှင့်အမျှ မင်းသားကြီးဟိုရီဂါဝါအပေါ် ဒေါသထွက်နေမိလေသည်။

ထို့နောက်ဂျေဘူသည် လက်နက်ကိုင် အစောင့်များရှိသည့် ကင်းစခန်းသို့ သွားရာ သူ၏ ဓားနှစ်လက်နှင့်လေးမြှားလက်နက်များကို နံရံတွင် ချိတ်ထား သည်ကို သတိပြုမိလေသည်။

အစောင့်တစ်ဦးအား သူ့အတွက် စားစရာနှင့် ခရီးဆက်သွားလျှင် ယူနိုင်မည့်ရိက္ခာများ ဘယ်မှာရနိုင်မည်နည်းဟု မေးကြည့်ရာ ထိုအစောင့်က

''မီးဖိုခန်းကိုသာသွားပြီး အကြောင်းကြားလိုက်ပါ၊ ခင်ဗျားက တာနီကို သခင်မလေးရဲ့မိတ်ဆွေပါလို့ ပြောလိုက်ရင် ပြီးပါတယ်''ဟု ပြန်ပြော သည်။

''ကျေးဇူးတင်ပါတယ်''

မီးဖိုခန်းသို့သွားလိုက်သောအခါ အစစအရာရာ အဆင်ပြေလေ သည်။ ဂျေဘူအတွက် ယခုညစာစားရန် စားသောက်ဖွယ်များအပြင် နှစ်ရက် ခရီးသွားနိုင်ရန်အတွက် ရိက္ခာများကိုပါ သေတ္တာတစ်ခုဖြင့် ထည့်ပေးလေသည်။

ထိုနောက် ဂျေဘူသည် အစောင့်စစ်သားများ၏ တန်းလျားသို့ ပြန်လာပြီး အိပ်နေရာတွင် တင်ပလ္လင်ခွေကာ ဇင်းဂျားတို့နည်းအတိုင်း သမထဘာဝနာ ပွားရန် ကြိုးစားလေသည်။

ထိုအခိုက် အစောင့်တစ်ဦးက ဂျေဘူထံသို့လာ၍ ဆာကေအရက်သောက်ရန် ဖိတ်ခေါ်ရာ နောက်တစ်ဦးက-

''ဟေ့ မင်းနားမလည်ဘူးလား၊ ဇင်းဂျားအဖွဲ့ဝင်တွေက အရက်မသောက်ဘူးကွ''ဟု ပြောလိုက်သည်။

ဂျေဘူကလည်း ပြုံး၍

''ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်၊ ကျုပ်က ဆာကေအရက်သောက်ရင် ကျုပ်မဟုတ်တော့ အလွန်အကျွံမူးသွားပါလိမ့်မယ်''ဟု ရည်မွန်စွာပင် ပြန်ပြောလိုက်လေသည်။

ထိုအချိန်၌ တပ်မှူးဂိုရင်မရှိသဖြင့် အစောင့်စစ်သားများသည် ဂျေဘူအား ကောင်းမွန်ဖော်ရွေစွာ ဆက်ဆံကြသည်ကို သတိပြုမိလေသည်။

ဂျေဘူလည်း ချောင်ကျကျတစ်နေရာတွင် နံရံကိုမှီကာ တင်ပလ္လင်ခွေ ထိုင်လျက် မျက်စိမှိတ်ထားလိုက်လေသည်။

❄❄❄

www.burmeseclassic.com

www.burmeseclassic.com



(၁၆)

ဂျော့ဘူသည် လက်နက်ကိုင် အစောင့်များအိပ်သော တန်းလျားတွင် အိပ်ရသော်လည်း ဘေးအစွန်ဆုံးနေရာကို ရွေး၍ အိပ်လေသည်။

တဖြည်းဖြည်း ညဉ့်နက်လာ၍ အခြားလူများ အိပ်မောကျသွားချိန်တွင် သူသည် မှောင်ထဲမှာပင် ဖြည်းဖြည်းချင်းစမ်း၍ အပြင်ဘက်သို့ အသာထွက် လိုက်သည်။ ထို့နောက် ပန်းခြံကိုဖြတ်၍ ခြေသံကို မကြားအောင် လျှောက်ပြီး အမျိုးသမီးဆောင်သို့ သွားလေသည်။

လုံးဝ မှောင်မိုက်နေသဖြင့် အမျိုးသမီးအဆောင်သို့ ရောက်လျှင် မည်သည့် အခန်းကို ဝင်ရမည်မသိ ဖြစ်နေပြန်သည်။ အခန်းများဝင်မိပါက ပြဿနာပေါ်မှာ သေချာသဖြင့် ဂျော့ဘူသည် ခပ်ဖြည်းဖြည်းစမ်းရင်း ရှေ့သို့ တိုးသွားစဉ် မှောင်ထဲမှ တစ်စုံတစ်ယောက်က သူ၏လက်ကို ဖမ်းဆွဲကိုင်လိုက်သည်။

ဂျော့ဘူသည် ရုတ်တရက်လန့်သွားမိသော်လည်း ချက်ချင်းပင် တာနီကို မှန်းသိရသဖြင့် ဝမ်းသာသွားမိလေသည်။

တာနီကိုကပင် ဂျော့ဘူ၏ လက်တစ်ဘက်ကို ဆွဲ၍ သူမ၏ အိပ်ခန်း သို့ ခေါ်သွားလေသည်။ သို့သော် အခြားလူများ နိုးလာမည်စိုးသဖြင့် နှစ်ယောက် သား စကားတိုးတိုးပြောကြရလေသည်။

''တာနီကိုရယ် တို့နှစ်ယောက် ခုညပဲ ထွက်ပြေးကြရင် မကောင်းဘူး လား၊ ဟိုမြောက်ဘက် အစွန်က ဟိုကိုင်ဒိုကျွန်း အရောက်ပြေးကြမယ် ဟိုကျတော့ လူမသိတဲ့ အရပ်တစ်ခုမှာနေပြီး လယ်လုပ်စားကြတာပေါ့''

ဂျော့ဘူက ဤသို့ပြောရာ တာနီကိုက ခေါင်းခါပြလေသည်။

''ဒီလိုလဲ မဖြစ်ပါဘူး ဂျော့ဘူရယ်၊ ရှင်က ဖင်းဂျားအဖွဲ့ဝင် တစ်ဦးရဲ့ ဘဝကို စွန့်လွှတ်ပြီး လယ်သမားလုပ်စားဖို့က မဖြစ်နိုင်ပါဘူး၊ နောက်ပြီး ကျွန်မကိုယ်တိုင်ကလဲ ထွက်ပြေးလာဘာ သတ္တိကြောင်ရာကျမယ်လို့ ယူဆ တယ်။ ကျွန်မအနေနဲ့ လူယုတ်မာ ဟိုရီဂါဝါလက်က လွတ်မြောက်အောင် တစ်နည်းနည်းနဲ့တော့ ကြံမှာပဲ၊ သို့သော်လဲ ဟိုကိုင်ဒိုကျွန်းထိအောင် ပြေးပြီး ပုန်းနေ တာမျိုးတော့ မလုပ်ချင်ဘူး''

ချစ်သူနှစ်ဦးတို့သည် အားရအောင် စကားတွေပြောကြပြီးနောက် အတူအိပ်လိုက်ကြသည်။ သို့သော် အန္တရာယ်ကရှိသဖြင့် နှစ်နှစ်ခြိုက်ခြိုက် မအိပ်ဝံ့ကြချေ။



တာနီကို ကိုယ်တိုင်က အထူးသတိထား၍ အိပ်သဖြင့် သူမက ဂျော့ဘူအား သာနှိုးလိုက်သည်။

''ငှက်သံကြားရတယ်၊ မကြာခင် အရုဏ်တက်တော့မယ်၊ အခုလို မှောင်နေတုန်း ရှင်မြန်မြန်ပြန်မှ ဖြစ်မယ်''

ပြောပြောဆိုဆို သူမသည် ဂျော့ဘူအား အဆောင်ပြင်ဘက်သို့ ရောက်အောင် လိုက်ပို့ပေးလေသည်။

ဂျော့ဘူလည်း ခြေသံမကြားအောင် လျှောက်သွားပြီး အစောင့်များ၏ န်းလျားသို့ ပြန်ကာ သူ၏မူလနေရာတွင် အသာဝင်အိပ်နေလိုက်သည်။

× × × ×

အိပ်ပျော်သလို ရှိနေစဉ် ခြေသံများ ကြားရသဖြင့် ဂျော့ဘူသည် ချက်ချင်း ထိုင်လိုက်သည်။

ထို့နောက် ချက်ချင်းပင် မတ်တပ်ထလိုက်သည်။

အကြောင်းမှုကား တန်းလျားတွင်းသို့ ဝင်လာသူမှာ တပ်မှူးကိုရှင်နှင့် သားကြီးဟိုရီဂါဝါတို့ဖြစ်သောကြောင့် ပင်တည်း။

ကိုရှင်သည် ဂျော့ဘူအား လက်ညှိုးထိုးပြ၍

''ဒီလူပါပဲ မင်းသားကြီး''ဟု ပြောလိုက်သည်။

ဟိုရီဂါဝါသည် ဂျော့ဘူကိုကြည့်ပြီး ခေါင်းညိတ်ကာ ပြုံးလိုက် သည်။

''ကျုပ် သူ့ကိုသိပါတယ်၊ သူဟာ ဂျော့ဘူဆိုတဲ့ ဖင်းဂျားတစ်ဦးဖြစ်ပြီး တိုမိအုပ်စုဘက်က ဝင်တိုက်ခဲ့သူ ဖြစ်တယ်၊ ဒီမေကိုယ်တိုင်က သူ့ကို သုံးချခဲ့တယ်၊ ကိုင်း ကိုရှင် ဒီလူ့ကို အခုချက်ချင်း သုတ်သင်ကွပ်မျက်လိုက်

တပ်မှူးကိုရှင်နှင့်အတူ လက်နက်အပြည့်အစုံနှင့် ဆာမူရိုင်းသုံးဦးတို့ လည်း လာကြလေသည်။ သို့သော်ကိုရှင်သည် ကျန်လူများကိုပါ လှမ်း၍ အော်အမိန့်ပေးလိုက်သည်။

''ဟေ့…အားလုံးထကြစမ်း၊ ကိုယ့်လက်နက် ကိုယ်ဆွဲပြီး ငါတို့ဆီ လာနေတဲ့ သူလျှိုကို ဝိုင်းသတ်ကြ''

ဤတွင် သူ၏လူများလည်း အိပ်ချင်မူးတူးနှင့်ပင်ထ၍ မိမိတို့၏ သုံးလက်နက်များကိုဆွဲယူကြလေသည်။ ထိုအချိန်၌ ဂျော့ဘူ၏ ားနှစ်လက်နှင့်

www.burmeseclassic.com

www.burmeseclassic.com



လေးမြှား လက်နက်များသည် နံရံတွင် ချိတ်တွဲထားလျက်ပင် ရှိနေလေသည်။

ဂျေဘူသည် သူ၏စိတ်ကို ပြန်လည်သုံးသပ်မိလေသည်။ အကယ်၍ သေရမည်ဆိုလျှင် ယခုအချိန်တွင်သေရန် အကောင်းဆုံးပင်ဖြစ်သည်ဟု ယူဆ သည်။ သူအလွန် ချစ်မြတ်နိုးသော တာနီကိုနှင့် တစ်ညလုံးအတူ နေခဲ့ရပြီးနောက် အသက်မသေလျှင်ပင် တာနီကိုနှင့် ခွဲခွာရမည့် စိတ်ဆင်းရဲမှုကို သူမခံစားချင် ပေ။ ထို့ကြောင့် အသက်သေလိုက်ခြင်းအားဖြင့် တာနီကိုနှင့် ကွေကွင်းရခြင်း ဒုက္ခမှ လွတ်မြောက်သွားနိုင်သည်ဟုလည်း သုံးသပ်မိလေသည်။

ထိုအချိန်၌ လှံကိုင်လူတစ်စုသည် သူ၏အနီးသို့ ဝိုင်းလာလေသည်။ ဂျေဘူသည် လက်နက်မဲ့တိုက်ခိုက်နည်း သိုင်းပညာအရ ခုခံတိုက်ခိုက်ရန် အသင့် ပြင်ထားလိုက်သည်။

ရှေ့ဆုံးမှလူက နီးကပ်လာချိန်တွင် ဂျေဘူသည် ထိုသူ၏ မေးရိုး သို့ ခြေဖျားဖြင့် တအားပိတ်ကန်လိုက်ရင်း တစ်ချိန်တည်းမှာပင် သူ၏ ကိုယ် တစ်ပတ်ကျွမ်းထိုး၍ ခုန်ထွက်လိုက်သည်။

ဤတွင် သူသည် တပ်မှူးဂိုရှင်၏ဘေးမှ လူသုံးယောက်နားသို့ ရောက် သွားလေသည်။

ဂျေဘူသည် အနီးဆုံးလူ၏ လည်မျိုတည့်တည့်ကို လက်ဝါးစောင်း ဖြင့် ထိုးလိုက်သဖြင့် ထိုလူက နောက်ပြန်လဲအကျတွင် ဂျေဘူက ထိုလူ၏လက်မှ ဆာမူရိုင်းဓားရှည်ကို ဆွဲလုယူလိုက်သည်။ တဆက်တည်းမှာပင် ဂျေဘူသည် ဓားရှည်ဖြင့် လျှင်မြန်စွာဝိုက်၍ တပ်မှူးဂိုရှင်၏ လည်ပိုင်းကို ခုတ်ပိုင်းလိုက် ဦးခေါင်းတိကနဲ ပြုတ်ထွက်သွားလေသည်။

ဤတွင် သူသည် မင်းသားကြီး ဟိုရီဂါဝါနှင့် ထိပ်တိုက်ရင်ဆိုင်ရမည့် အခြေအနေသို့ ရောက်သွားလေသည်။ ဟိုရီဂါဝါ၏ နောက်နားတွင် မိမိ၏ လက်နက်များ ရှိနေသည်ကိုလည်း ဂျေဘူသတိပြုမိလေသည်။

သူ၏ ရှောင်တခင်တိုက်ခိုက်မှု လျှင်မြန်လွန်းသဖြင့် ရန်သူများမှာ ရုတ် ရက် အံ့အားသင့်ကာ ကြောင်နေကြသော်လည်း ယခုတော့မှ ပြန်လည် သတိ ထားလျက် မိမိအား ဝိုင်းတိုက်ရန် ပြင်ဆင်နေကြလေသည်။

ဤတွင် ဂျေဘူသည် အခြေအနေကို စဉ်းစားချိန်ဆကြည့်လေ သည်။ မိမိက ဟိုရီဂါဝါအား သတ်နိုင်သည့် တိုင်အောင် ကျန်လူများက မိမိ အား ဝိုင်း၍ တိုက်ခိုက်ကြမည်မှာ သေချာသည်။ မိမိ၏ ကိုယ်ပိုင်လက်နက်များ ကို ရအောင်ပြန်ယူနိုင်လျှင်မူကား လွတ်မြောက်နိုင်မည့် အလားအလာရှိနေပေ သည်။

ဂျေဘူသည် အချစ်ကြောင့် လူ့လောကတွင် မနေချင်တော့လင့်ကစား ဖင်းကျားအဖြစ် လေ့ကျင့်ခဲ့ခြင်းစိတ်ဓာတ်အရ အသက်မသေအောင် ခုခံတိုက် ခိုက်မှ ဖြစ်မည်ဟု တွေးမိပြန်သည်။

မင်းသားကြီးဟိုရီဂါဝါသည် ဘာကြောင့်မှန်းမသိ၊ သူ၏ ဓားကို ဆွဲထုတ်ခုခံခြင်းမပြုပဲ နောက်သို့ ဆုတ်ရှောင်သွားရာ ဂျေဘူက လျှင်မြန်ဖျတ်လပ် စွာ သူ၏ ကိုယ်ပိုင်လက်နက်များရှိရာ နံရံဘက်သို့ ပြေးသွားလေသည်။ ဓားအိမ်နှင့် ဓားရှည်ကို ခါးပတ်ကြားတွင်ထိုး၍ တပ်မှူးဂိုရှင်အား ခုတ်ခဲ့သော ရန်သူစစ် သား၏ ဓားရှည်ကိုမူ နံရံတွင် ထောင်ထားလိုက်ပြီး သူ၏ လေးနှင့်မြှား တို့ကို ထုတ်ယူကာ ရန်သူအုပ်ထဲသို့ မြှားတစ်စင်းပြီး တစ်စင်း ဆက်တိုက်ပစ် လွှတ် လိုက်သည်။

ပစ်လိုက်သောမြှားတိုင်းထိရောက်စေရမည်ဟူသော ဖင်းကျားအဖွဲ့၏ သင်ကြားချက်အရ ဂျေဘူက လေးနှင့်မြှားကို သေချာစွာ ချိန်၍ ပစ်လွှတ်ခြင်းဖြစ် ရာ မြှားလေးစင်းလွှတ်ပြီးချိန်တွင် ရန်သူလေးဦး အတုံးအရုံး ကျဆုံးသွားလေ သည်။

ရန်သူအုပ်စုမှာ သူတို့၏ တပ်မှူးဂိုရှင် ကျဆုံးသွား၍ စိတ်ဓာတ်ကျ နေကြပြီဖြစ်သည်။

သည်တော့မှ ဂျေဘူက နံရံမှ သူ၏ ဖင်းကျားဓားရှည်ကို ဆွဲယူလိုက် သည်။ လက်တစ်ဘက်က ဖင်းကျားဓားရှည်ကိုကိုင်ပြီး ကျန်တစ်ဘက်က နံရံတွင် ထောင်ထားသော ဆာမူရိုင်းဓားရှည်ကို ပြန်ကောက်ကိုင်ကာ ဓားနှစ်လက်စလုံး ကို ဝင့်လျက် ကျန်ရန်သူများ ဘက်ဆီသို့ ကိုးသွားလေသည်။

ရန်သူအုပ်စုမှ ကျန်လူများသည် တုန်လှုပ်ချောက်ချားဟန်ဖြင့် ဖြည်းဖြည်းဖြည်း နောက်သို့ ဆုတ်သွားကြစဉ် မင်းသားကြီး ဟိုရီဂါဝါသည်

''ဟော့ ငါ့ကို ဝိုင်းကာကွယ်ကြပါဦး၊ ကာကွယ်ကြပါဦး သူက ငါ့ကို သတ်တော့မယ်''ဟု ကြောက်အား လန့်အားဖြင့် ဟစ်အော်အကူအညီ တောင်း လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် လက်နက်ကိုင်အချို့က ဟိုရီဂါဝါ၏ ပတ်ပတ်လည်တွင် ဝိုင်းထားလိုက်ကြသည်။

ဂျော့ဘူသည် စဉ်းစားချိန်ဆကြည့်မိပြသည်။

ဟိုရီဂါဝါအား အတင်းဝင်သတ်လျှင် ဖြစ်နိုင်သည်။ သို့မဟုတ် ယခုအ... တွင် ဤနေရာမှ သူလွတ်မြောက်အောင် ထွက်ပြေးလျှင်လည်း ဖြစ်နိုင်သည်။ မိမိတို့ ဖင်ဂျားအဖွဲ့၏ သင်ကြားချက်တခုမှာ ရန်သူအပေါ် ဒေါသထွက်ခြင်း... တုံ့ပြန်ကလဲ့စား ချေလိုခြင်းကို ချုပ်ထိန်းရမည်ဟူ၍ ဖြစ်ရာ ဂျော့ဘူသည် ထိုသင်ကြားချက်အတိုင်း လိုက်နာလျက် လွတ်မြောက်အောင် ထွက်ပြေး... ဆုံးဖြတ်လိုက်သည်။

ရန်သူအုပ်စုက သူဘာလုပ်မည်ကို ဝေခွဲ၍မရအောင်ဖြစ်နေစဉ်မှာ ... ဂျော့ဘူသည် တန်းလျား၏ ဘေးပေါက်မှ ရုတ်တရက် ပြေးထွက်၍ မြင်း... ဇောင်းရှိရာသို့ တအားပြေးသွားလေသည်။

ဂျော့ဘူသည် မြင်းဇောင်းအတွင်းသို့ ဝင်၍ ထွားကျိုင်းသန်စွမ်းပုံ ရသော... မြင်းကြီးတစ်ကောင်ကို ရွေးကာ လျင်မြန်စွာ ကုန်းနှီးတပ်ဆင်လျက် တက်စီးပြီး ပြင်ဘက်သို့ ထွက်လိုက်သည်။

မြင်းကြီးကလည်း ဂျော့ဘူက လည်ပင်းကို လက်ဝါးဖြင့်ရိုက်၍ နှင်လိုက်... သည်တွင် ချက်ချင်းပင် ဒုံးစိုင်း ပြေးထွက်သွားလေတော့သည်။

နောက်သို့ ပြန်လှည့်ကြည့်လိုက်သောအခါ ရန်သူအုပ်စုမှ ကျန်လူများ... မြင်းဇောင်းဘက်ဆီသို့ ပြေးနေကြသည်ကို မြင်လေသည်။ သို့သော် ဂျော့ဘူ... အတော်ဝေးဝေးကို ရောက်နေပြီဖြစ်၍ မီအောင်လိုက်နိုင်ရန် မလွယ်ကူတော့ချေ...

သူ့အနေဖြင့် ဟီယန်ကျိုမြို့တော် မြောက်ဘက်ရှိ တောအုပ်သို့ ရောက်လျှင် လွတ်မြောက်ပြီဟု တွက်မိသည်။ ထိုတောအုပ်၌ မိမိအား ကူညီမည့် ဖင်ဂျားအဖွဲ့ဝင်များပင် ရှိကောင်းရှိနေမည်ဟု ဂျော့ဘူက မျှော်လင့်မိလေသည်။

ပတ်ဝန်းကျင်တွင် မှောင်မိုက်လျက်ပင် ရှိနေသေးသည့်ပြင် မိမိ မကျွမ်း... ကျင်သည့် နယ်မြေဖြစ်နေ၍ ဂျော့ဘူသည် မြင်းကို တအားမနှင်ဘဲ ခပ်မှန်မှန်ပင် စီးသွားလေသည်။

မည်သို့ပင်ဖြစ်စေ ဟိုရီဂါဝါ၏ ဘက်သားပိုင်နက်အိမ်အတွင်း... တိုက်ခိုက်၍ လွတ်မြောက်လာခဲ့ခြင်းကို ကျေနပ်သဘောကျမိလေသည်။

သို့ဖြစ်လင့်ကစား တာနီကိုအကြောင်း စဉ်းစားမိသောအခါ စိတ်မ...ကောင်းဖြစ်မိပြန်သည်။ မိမိလွတ်မြောက်သွားပြီးနောက် မင်းသားကြီး ဟိုရီဂါ...သည် မကျေမချမ်းဖြစ်ကာ တာနီကိုအား ညှင်းပန်းနှိပ်စက် လေမည်လော။

တာနီကို၏ စိတ်ဓာတ်ကိုမူ ဂျော့ဘူက ကောင်းစွာစိတ်ချမိလေသည်။ ...သည် ဖြစ်ပေါ်လာသမျှ ပြဿနာအားလုံးကို ရင်ဆိုင်ဝံ့သည့် သတ္တိရှိသူ ...ကလေးတစ်ဦးဖြစ်သည်မဟုတ်ပါလော။

× × × ×

အစောင့်စစ်သားများ၏ တန်းလျားဘက်ဆီမှ ရုတ်ရုတ်သဲသဲ ဖြစ်သံ...ကို ကြားရသဖြင့် တာနီကိုသည် ဂျော့ဘူတစ်ယောက် ထွက်ပြေးလွတ်မြောက်...ခြင်း ဖြစ်ရမည်ဟု တွက်မိလေသည်။

သို့သော် စိတ်ထဲကတော့ စိုးရိမ်နေမိသဖြင့် တကယ့်အခြေအနေက ...သို့ဖြစ်သည်ကို သိလို၍ ဆက်နားထောင်နေစဉ်မှာပင် မင်းသားကြီး ဟိုရီဂါ...သည် ဓားရှည်ကို ထုတ်ကိုင်လျက် အဆောင်တွင်းသို့ ဝင်လာလေသည်။

မှောင်နေသဖြင့် သူသည် မီးအိမ်တခုကို ထွန်းညှိလိုက်လေသည်။

တာနီကိုက ယခုမှနိုးသယောင် အိပ်ချင်မူးတူးဖြစ်ဟန်ဖြင့် သန်း...သည်။

"မင်းသားကြီးရှင့် ဒီလိုအချိန်မတော်ကြီးမှာ ရုတ်တရက် ဝင်လာ တာဟာ ...ကောင်းပါဘူး၊ ကျွန်မအနေနဲ့ ရှင့်ကိုကောင်းကောင်း ဧည့်ခံဖို့ ဘာမှလဲ ...သင့်မရှိသေးဘူး"

တာနီကိုက ဤသို့ခပ်တည်တည်ပြောလိုက်သော်လည်း ဟိုရီဂါဝါ သည် ...အား ဒေါသထွက်ဟန်ဖြင့် ပြန်ကြည့်လိုက်သည်။

"အခုညအဖို့ မင်းက တခြားယောက်ျားဧည့်သည်တွေကိုများ လက်ခံနေ...လို့"

"နေပါဦးရှင့်၊ အခုရှင်က ဓားရှည်ကြီးဆွဲထုတ်ပြီး ဘာကြောင့် ဝင်လာ... ကျွန်မတို့ အမျိုးသမီးအဆောင်ထဲမှာ ရန်သူများ ရှိနေတယ်ထင်လို့လား"

"ဒါလဲဖြစ်နိုင်တာပဲ၊ ဟိုဖင်ဂျားကောင်က ဒီဘက်ပြေးပြီး ဝင်ခို နေ...တယ်၊ သူဟာ တပ်မှူးကိုရှင်နဲ့ နောက်ထပ် လူလေးယောက်ကို ...သွားတယ်"

www.burmeseclassic.com

www.burmeseclassic.com



မင်းသားကြီးက ဤသို့ပြောလိုက်ရာ တာနီကိုသည် စိတ်ထဲမှ ကြိတ်
ဝမ်းသာသွားမိလေသည်။ ယခုအတိုင်းဆိုလျှင် ဂျော့ဘူထွက်ပြေး လွ
မြောက်သွားကြောင်း သေချာနေပေပြီ။ တဖန်ဂိုရှင်မရှိတော့ခြင်းကြောင့် ကျွန်
များက ဂျော့ဘူအားမိအောင် ဖမ်းနိုင်ဖွယ် မရှိချေ။

မင်းသားကြီး ဟိုရီဂါဝါသည် အလွန်မကျေမချမ်း ဖြစ်ဟန်ဖြင့် ဆက်
ပြန်သည်။

"ဂိုရှင်တယောက် ကျဆုံးသွားတာဟာ ငါ့အဖို့ အလွန်နစ်နာ ဆုံး
ရတာပဲ၊ ငါက ဟီယန်ကျိုမြို့တော်က ဒီကိုအလာမှာ ဂိုရှင်ကိုယ်တိုင် လမ်
ဆီးကြိုပြီး၊ အမြန်လာဖို့ ခေါ်ခဲ့တယ်၊ ဟိုဇင်ဂျားသတ္တဝါကို အချိန်မီ ဖမ်းမ
လို့ ဂိုရှင်က လာပြောခဲ့တယ်"

"ဒီလိုဖြစ်ရတာဟာ ရှင့်ကြောင့်ပဲလို့ ဆိုရမယ်၊ ရှင်က ဇင်ဂျ
စတင်တိုက်ခိုက်ဖို့ ရှင့်လူတွေကို အမိန့်မပေးခဲ့ရင် ဘယ်သူမှ အသက်သေ
မဟုတ်ဘူး၊ ဇင်ဂျားက တစ်ညအိပ်ပြီး သူ့ဟာသူ ထွက်သွားမှာပဲ"

တာနီကိုက တမင်ရွဲ့ပြောသလို ပြောလိုက်ရာ ဟိုရီဂါဝါသည် ဗို
ဒေါသထွက်လာသည်။

"ဒါ ငါ့အပြစ်မဟုတ်ဘူးကွ၊ မင်းရဲ့အပြစ်သာ ဖြစ်တယ်၊ မင်းအ
ဒီလူဟာ ဘယ်သူဘယ်ဝါမှန်း သိလျက်သားနဲ့ နာမည်လိမ်ပြီး ဒီအိမ်လာ
ကို မင်းက ခွင့်ပြုခဲ့တယ် မဟုတ်လား"

"ဒါတော့မှန်တယ်၊ ကျွန်မက သူ့ကို ကာကွယ်ခဲ့တယ်၊
ကြောင့်လဲဆိုတော့ ကျွန်မကို ရှင့်ဆီရောက်ဖို့ လမ်းတလျှောက်လုံး ဒီဇင်ဂျ
သာ ကာကွယ်စောင့်ရှောက်လာခဲ့တယ်၊ လမ်းမှာ ကျွန်မကို ကာကွယ်ဖို့ သူ
ရန်သူတွေကိုလဲ တိုက်ခိုက်ခဲ့တယ်၊ ကျွန်မကသာ သူဘယ်သူ ဘယ်ဝါအ
ကြောင်း ထုတ်ပြောလိုက်ရင် ရှင့်လူတွေက သူ့ကို ချက်ချင်းသတ်ပစ်လို
မှာပေါ့"

"ဘာပဲဖြစ်ဖြစ် သူဟာ ငါတို့ရဲ့ရန်သူ မူရာမိုတိုဘက်သား တစ်
ဖြစ်တယ်၊ ရန်သူအုပ်စုဘက်က ထောက်ခံအားပေးတဲ့ လူဆိုရင် ဒီ
ဝင်လာတာနဲ့ သတ်ပစ်ရမှာပဲ၊ ဒီလိုလုပ်ဖို့ မင်းမှာလဲ တာဝန်ရှိတယ်၊ ဒါ
နေပါဦး မင်းက ဘာဖြစ်လို့ ဒီလောက် စိတ်ဝင်စားနေရတာလဲ...

င်းရဲ့ချစ်သူများ ဖြစ်နေလို့လား"

"မင်းသားကြီးရှင့်၊ ကျွန်မဟာ ကိုယ်ကျင့်တရားကို အမြဲထိန်းသိမ်း
မိန်းကလေးတစ်ဦးဖြစ်ပါတယ်"

တာနီကိုက မျက်နှာထားတည်တည်ဖြင့် ပြန်ပြောလိုက်သည်။

"ညတုန်းကသာ မင်းကို ဂျော့ဘူနဲ့အတူတူနေတာမိရင် မင်းကိုပါ ငါက
သတ်ပစ်မှာပဲ၊ နောက်တစ်ချက်က မနေ့က ဇင်ဂျားဂျော့ဘူဟာ ဒီအဆောင်
လာပြီး မင်းနဲ့လာစကားပြောတယ်လို့ သိရတယ်။ ဟိုလက်သမား မိုကိုဆိုတဲ့
ကောင်လဲ လာတယ်မဟုတ်လား၊ မင်းတို့ ဘာစကားတွေ ပြောကြတာလဲ။
မင်းတို့ဟာ မူရာတိုမိုအုပ်စုဘက်က သူလျှိုတွေများ ဖြစ်နေသလား"

"ဒီမယ် မင်းသားကြီးရှင့်၊ ဒီအိမ်ထဲက လူတစ်ယောက်ယောက် ရန်သူ
တိုမိုအုပ်စုနဲ့ လျှို့ဝှက်အဆက်အသွယ် ရှိတယ်ဆိုရင် ကျွန်မနဲ့ လက်သမား
ိုတို့တော့ မဟုတ်ဘူးရှင့်"

တာနီကိုက ဤသို့ပြန်ပြောလိုက်ခြင်းမှာ အကြောင်းရှိပေသည်။ ဟိုရီဂါဝါ
ကိုယ်တိုင်က (ယခု သူမ၏ ဖခင်ကြီးအိမ်တွင် ရောက်နေသော) မူရာတိုမိုအနွယ်
ဒေယိုရီနှင့် လျှို့ဝှက်အဆက်အသွယ်ရှိကြောင်း သိထား၍ ဖြစ်လေသည်။

ယခုမူ သူမပြောလိုက်ပုံက သွယ်ဝိုက်၍ ခွပ်ဖွဲ့သလိုဖြစ်နေရာ ဟိုရီဂါဝါ
သည် အကြီးအကျယ် ဒေါသထွက်လာလေသည်။

"မင်းစကားပြောတာ ကြည့်ပြောစမ်း၊ အခုမင်းပြောတာကို တခြား
လူတွေကြားသွားရင် ငါ့အတွက် အသက်အန္တရာယ်တောင် ဖြစ်နိုင်တယ်၊
ဘယ်တော့ ငါက မင်းကို သတ်ပစ်ဖို့ ကောင်းတယ်"

ပြောပြောဆိုဆို ဟိုရီဂါဝါသည် တာနီကို၏ လက်တစ်ဘက်ကို ဖမ်းဆွဲကာ
လက်သန်းကို လိမ်ချိုးလေသည်။

တာနီကိုလည်း ပြင်းစွာနာကျင်သဖြင့် ဟစ်အော်ပြီး ညည်းညူမိလေ
သည်။

"မင်းဟာ မြွေဟောက်လိုပဲ အဆိပ်ရှိတယ်၊ မင်းကို ငါက သတ်ပစ်ဖို့
ကောင်းပေမယ့် ငါ့အနေနဲ့ မင်းအဖေရဲ့ ထောက်ခံမှုကို ရရှိဖို့က အရေးကြီးနေ
တယ်၊ ဒါကြောင့် မင်းကို အသေမသတ်တာ၊ ဒါပေမယ့် တစ်သက်လုံး မင်း
နှိပ်စက်မယ်၊ ကိုင်းအခု ငါက ဟိုလက်သမားကောင်ဆီသွားပြီးမယ်၊ သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



လဲ နှိပ်စက်ရမှာပဲ''

ပဟိုရီဂါဝါက ဤသို့ပြောလိုက်သည်တွင် တာနီကိုလည်း လက်သ မိုကိုအတွက် စိုးရိမ်သွားမိပြန်သည်။

''သူက ဘာမှသိတာမဟုတ်ဘူးရှင့်... သူ့ကိုတော့ ချမ်းသာပေး

''သြော်ဒီလိုလား၊ သူ့ကို ညှဉ်းဆဲလို့ မင်းကစိတ်ဆင်းရဲမယ်ဆိုရင် ငါ ညှဉ်းဆဲရမှာပဲ''

''ဒီမယ် ရှင်က ကျွန်မကို အခုလို အနှာတရဖြစ်အောင်နောက် လုပ်မယ်ဆိုရင် ကျွန်မနား ရှင့်ကို ကပ်ခွင့်မပြုနိုင်တော့ဘူး''

''ငါက မင်းနားကိုလဲ မကပ်ချင်ပါဘူး၊ ဒါပေမယ့် အချိန်တန်ရင် မင်း ငါက ကောင်းကောင်းကလဲ့စားချေပြမယ် ဒါပဲ''

(၁၇)

ထိုနှစ်နွေဦးရာသီ၌ ဂျော့ဘူ့သည် ကျူရှူကျွန်းတစ်နေရာရှိ တောင် လမ်းတစ်ခုသို့ ရောက်နေလေသည်။ သူသည် ငယ်ရွယ်စဉ်ကလေး ဘ ဤလမ်းကို ကောင်းစွာ သိခဲ့ပြီးဖြစ်လေသည်။

ဇင်ဂျားအဖွဲ့ အကြီးအကဲ တာအီတာရှီက ဂျော့ဘူ့အား ကာမာကူ သို့ စတင်စေလွှတ်ခဲ့သည်မှာ ယခုဆိုလျှင် သုံးနှစ်ကြာသွားပြီ ဖြစ်လေသ သို့သော် ထိုအတောအတွင်း ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များက များလွန်း သဖြင့် သုံးနှစ်မျှသော အချိန်ကာလကို ခြောက်နှစ်ခန့် ကြာသွားပြီဟု ထင်မိ သည်။

ယခုသူသည် တောင်ပေါ်လမ်းတစ်နေရာရှိ ဇင်ဂျားဘုရားကျော တစ်ကျောင်းသို့ သွားနေခြင်းဖြစ်သည်။ ဇင်ဂျားတို့သည် ဆိတ်ငြိမ်ရာအရပ် သာ မွေ့လျော်လေ့ရှိသဖြင့် သူတို့၏ ဘုရားကျောင်း အဆောက်အအုံမျာ လူသူမနီးသော တောရိပ်တောင်ရိပ် ရှိရာအရပ်တွင် တည်ဆောက်လေ့ရှိကြသ

ဂျော့ဘူ့သည် ဘုရားကျောင်းတည်ရှိရာနေရာသို့ ချဉ်းကပ်လာမိသော အ ရုတ်တရက် အံ့အားသင့်သွားမိလေသည်။ အဆောက်အအုံ ပတ်ပတ်လည် ထုံးစံအရ ဝင်းထရံရှိရမည်ဖြစ်သော်လည်း ယခုတော့ ဝင်းထရံလုံးဝမ သဖြင့် အံ့သြမိခြင်းဖြစ်သည်။ ဝင်းထရံ၏ တံခါးဝတစ်နေရာသာလျှင် လေသည်။



ဝင်းတံခါးအနီးတွင် ဧည့်သည်များလာလျှင် ခေါ်ရန်အတွက် လူခေါ် ခေါင်းလောင်းရှိလေသည်။ ပြင်ပမှ လာသူများက ဂိတ်ဝတွင် အစောင့်အကြပ် သော်လည်း ထုံးတမ်းစဉ်လာအရ ထိုခေါင်းလောင်းကို တီးပြီးမှ အတွင်းသို့ ကြရလေသည်။

ယခုဆို ခေါင်းလောင်းရှိနေသဖြင့် ဂျော့ဘူ့သည် ခေါင်းလောင်းကို အသံ ယ်စွာမြည်အောင် ထိုးလိုက်ပြီး နောက်အတွင်းသို့ ဆက်၍ လျှောက်ဝင် သွားလေသည်။

စားနပ်ရိက္ခာများသိုလှောင်ထားရာ စပါးကျီကဲ့သို့ အဆောက်အအုံ ရာသို့ ရောက်သောအခါ ထိုအဆောက်အအုံက ပျက်စီးယိုယွင်းခြင်း မရှိ ကြောင်း တွေ့ရလေသည်။

သို့သော် ထိုနေရာမှ လွန်၍ ဆက်သွားသောအခါ ကျန်အဆောက် အုံများ မရှိတော့ကြောင်း တွေ့ရလေသည်။ လူနေအိပ်ဆောင်၊ ဧည့်သည် ဆောင်၊ အမျိုးသမီးဆောင်၊ စာကြည့်တိုက်များနှင့် မြင်းဇောင်းကအစ ဘာမျှမ ကျန်တော့ချေ။

စတုရန်းပုံသဏ္ဍာန် ဘုရားရှိခိုးကျောင်းတစ်ခုသာလျှင် ကျန်ရှိနေလေ သည်။

ဂျော့ဘူ့သည် ခေတ္တရပ်၍ ဘာတွေဖြစ်ကုန်ပါလိမ့်ဟု စဉ်းစားနေစဉ်မှာပင် အကြီးအကဲ တာအီတာရှီသည် ဘုရားကျောင်းအတွင်းမှ ထွက်လာလေ သည်။

''ဂျော့ဘူ မဟုတ်လား''

''ဟုတ်ပါတယ် ဆရာကြီး''

ပြောပြောဆိုဆို သူတို့ နှစ်ဦးသည် ဖက်လှဲတကင်း ပွေး၍ ဆက်ကြလေသည်။

ထို့ကြောင့် လူချင်းခွာလိုက်ကြပြီး တစ်ယောက်ကို တစ်ယောက် ချာစွာ အကဲခတ်ကြည့်ပြန်သည်။

တာအီတာရှီသည် ယခင်ကထက်ပို၍ အိုလာပြီး ပင်ပန်းနွမ်းနယ် ပုံရလေသည်။ သူ၏ ဆံပင်များသည်လည်း ပို၍ဖြူလာပြီ ဖြစ်သည်။

အဘိုးကြီး တာအီတာရှီကပင် စတင်၍ စကားပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ဂျေဘူ မင်းက အတွေ့အကြုံတွေ အတော်များများ ရခဲ့ပြီ မဟုတ်လား၊ မင်းကို အကဲခတ်ကြည့်တာနဲ့ သိသာတယ်၊ မင်းရဲ့မျက်နှာမှာ အတွေ့အကြုံ ဝါရင့်နေကြောင်း ပေါ်လွင်နေတယ်"

"ဒီမှာ ဘာတွေဖြစ်ကုနတာလဲ ဆရာကြီး၊ ကျန်တဲ့သူတွေကော ဘယ်ရောက်ကုန်ကြပြီလဲ"

ဂျေဘူက ပြန်မေးလိုက်သည်။

"ငါ့သား၊ ခရီးရှည်ကြီး လာခဲ့ရလို့ ပင်ပန်းနေမှာပဲ၊ ကဲ...လာပါ တောင်ရဲ့တဘက် အစွန်နားမှာ ငါက တဲကလေးဆောက်ပြီးနေတယ်၊ အဲဒီမှာ မင်းခဏအနားယူနေလိုက်ရင် ကောင်းမယ်၊ စားစရာတခုခုလဲ ကျွေးရ ဖြစ်မယ်"

ဤသို့ပြောရင်း တာအီတာရှီက ရှေ့ဆောင်ပြီး ခေါ်သွားသဖြင့် ဂျေဘူလည်း လိုက်သွားရလေသည်။

အဘိုးကြီး ဆောက်ထားသည့်တဲမှာ အလွန်သေးငယ်ပြီး လူနှစ် ယောက် ဝင်ရုံသာ ရှိလေသည်။ တဲ၏ နံရံတွင်ကား တာအီတာရှီ၏ ဓားရှည် လေးနှင့်မြားကို ချိတ်ဆွဲထားသည်ကို တွေ့ရလေသည်။

ဂျေဘူလည်း သူ၏ လက်နက်များကို နံရံတွင် ချိတ်ထားလိုက်လေ သည်။

တဲ၏ အလယ်ဗဟိုတွင်ကား မီးဖိုတစ်ခု ပြုလုပ်ထားလေသည်။

တဲအတွင်းသို့ ရောက်ပြီးနောက် အဘိုးကြီး တာအီတာရှီသည် မီးဖိုဘေး တွင် ရေနွေးတစ်အိုးတည်ရင်း ဂျေဘူအား စကားပြောလေသည်။

"ငါတို့အဖွဲ့ မင်းကို မူရာတိုမို အုပ်စုဘက်မှာ သွားအမှုထမ်းဖို့ တာဝန် ပေးခဲ့တယ် မင်းမှတ်မိရဲ့လား၊ တစ်ချိန်က မင်းရဲ့ မနောအာရုံမှာ အဖြူရောင် နဂါးကြီး မြင်ခဲ့တယ်လို့ မင်းပြောဖူးတယ်၊ အဲဒီအဓိပ္ပာယ်က မင်းရဲ့ကံကြမ္မာ ဟာ အဖြူရောင် နဂါးအမှတ်အသား အသုံးပြုတဲ့ အုပ်စုနဲ့ ပတ်သက်နေလိ မယ်ဆိုတဲ့ သဘောဖြစ်တယ်"

"ဒီလိုရှိပါတယ်ဆရာကြီး၊ ကျွန်တော်ဒီကို ပြန်လာတာဟာ မင်း မက်တိုက်ခိုက်ရတာကို စိတ်ကုန်လို့ဖြစ်ပါတယ်၊ ဒီမှာ အနားယူပြီး စိတ်ဓါတ်ကို ပြန်ပြုပြင်ချင်ပါတယ်၊ အင်အားလဲ ပြန်မွေးပြီး ဘဝခရီးလမ်းကြောင်းတစ်ခု ပြောင်းလျှောက်ချင်လို့ပါ"

"ဒါဖြင့် ယခုမင်းရောက်လာတဲ့အချိန်မှာ ဒီနေရာရဲ့ အခြေအနေကို မြင်ပြီး စိတ်ပျက်သွားမှာပေါ့၊ ငါကိုယ်တိုင်ကတော့ ဒီလိုပဲ အေးအေးနေချင်တယ်၊ ဒါကြောင့် တခြားလူတွေ ထွက်ခွာသွားတော့ ငါက နေရစ်ခဲ့တယ်"

"ကျန်တဲ့လူတွေက ဘာကြောင့် ထွက်သွားကြတာလဲ ဆရာကြီး"

ဂျေဘူက ပြန်မေးလိုက်ရာ အဘိုးကြီးက ရှင်းပြလေသည်။

"မင်း ဒီကထွက်သွားပြီး နှစ်နှစ်လောက်ကြာတော့ တစ်ညမှာ ငါတို့ကို ဆာမူရိုင်းတစ်စုက ရုတ်တရက် လာဝင်တိုက်ကြတယ်၊ ဒီလိုအလစ်မှာ ဝင်တိုက်ခံရတာကိုက ငါတို့ ညံ့ဖျင်းရာကျတယ်၊ ဇင်ဂျားမပီသဘူးလို့ ဝေဖန်ရ မယ်၊ ဆာမူရိုင်းတွေက ငါတို့ရဲ့ အစောင့်တွေအားလုံးကို သတ်ပစ်ပြီး အိပ်ဆောင် ထဲဘက်ဝင်လာတယ်၊ ဒီတော့မှ ငါတို့က လန့်နိုးပြီး လက်နက်တွေ ဆွဲယူနေချိန် မှာ ဆာမူရိုင်းတွေက အဆောက်အအုံတွေကို မီးရှို့ဖျက်ဆီး၊ မီးလောင်တဲ့အထဲ မြင်းဇောင်းလဲ ပါသွားလို့ ငါတို့ရဲ့မြင်းတွေပါ ဆုံးရှုံးခဲ့ရတယ်၊ ဆာမူရိုင်းတစ်စုက တော့ အမျိုးသမီးဆောင်ကို ဝင်တိုက်တယ်၊ တို့ရဲ့အမျိုးသမီးတွေကလည်း လက်ရှိရှိနဲ့ ခုခံတိုက်ခိုက်ကြပါတယ်"

"ဒါထက် ကျွန်တော့်အမေကော ဆရာကြီး၊ ဘာများဖြစ်သေးသ လဲ"

"ဘာမှမဖြစ်ပါဘူး ကောင်းပါတယ်၊ ဒါနဲ့ ငါတို့ရဲ့ ရန်သူအုပ်စုဟာ တိုက်ပွဲပြင်းပြင်းထန်ထန် ဖြစ်ကြတယ်ဆိုပါတော့၊ သူတို့ဘက်ကလဲ လူအတော် များများ သေတာပါပဲ၊ နောက်ဆုံးသူတို့က ပြန်ဆုတ်ခွာသွားတယ်၊ ငါတို့က အမျိုးသမီးဆောင်ကို သွားကြည့်တော့ အမျိုးသမီးတစ်ချို့က သေဆုံးပြီး အတော် များများကတော့ ဒဏ်ရာရကုန်ကြတယ်၊ ဆာမူရိုင်းတွေ ဝင်းထရံပြင်ဘက်က ထွက်ပြီး တို့ကိုဝိုင်းထားသေးတယ်၊ ဒါပေမယ့် တို့က သူတို့နောက်ကျောဘက် ဆက်အောင် တိတ်တိတ်သွားပြီး တိုက်တော့မှ ဆာမူရိုင်းတွေဟာ အပြီးပိုင် ဆုတ်ခွာသွားကြတယ်"

"အဲဒီ ဆာမူရိုင်းတွေက မူရာတိုမို အုပ်စုကလား၊ တာကာရှီ ဘက်သား တွေလား"

"တာကာရှီအုပ်စုက ဖြစ်တယ်၊ မူရာတိုမိုအုပ်စုက အခုအချိန်မှာ အရေးနိမ့်သွားတော့ မင်းသားကြီး ဆိုဂါမိုရီက သူတို့ကို သစ္စာမခံ့တဲ့ အဖွဲ့အစည်း

www.burmeseclassic.com

www.burmeseclassic.com



မှန်သမျှ ချေမှုန်းပစ်ဖို့ လုပ်တာပါပဲ''

''ဒါပေမယ့် ကျွန်တော်တို့ ဇင်ဂျားအဖွဲ့ဟာ ဘယ်အုပ်စုကိုမှ သစ္စာမခံဘဲ ကြားနေတဲ့ သဘောထားကို ကျင့်သုံးနေတယ် မဟုတ်ပါလား''

ဂျေဘူက ပြန်မေးလိုက်ရာ အဘိုးကြီး တာအီတာရှိက ခေါင်းခါပြ လေသည်။

''အဲဒါကို မြို့စားကြီး ဆိုဂါမိုရီက မကျေနပ်ဘူး၊ ငါတို့အဖွဲ့သားထဲက လူတချို့က (ဥပမာ မင်းကိုယ်တိုင် တာဝန်ထမ်းဆောင်ခဲ့သလို) မူရာတိုအုပ်စုဘက်က ဝင်အလုပ်လုပ်ခဲ့တဲ့အတွက် သူက တို့ကို စိတ်မချဘူး၊ ပြီးတော့ တို့ရဲ့ အဖွဲ့ဟာ နေရာတကာမှာ အဆက်အသွယ်ရှိတာကိုလဲ သူက သဘောမကျဘူး၊ သူက ငါတို့အဖွဲ့ဟာ ဘုရင်ဓကရာဇ်အပေါ် တကယ်သစ္စာရှိတာမှ ဟုတ်ရဲ့လားလို့လဲ သံသယရှိတယ်၊ ရှင်းရှင်းကတော့ ငါတို့အဖွဲ့အနေနဲ့ သူ့ကို သစ္စာခံစေချင်တယ်၊ သူတို့ တာကာရှိအုပ်စုမှာ ဝင်အမှုထမ်းနေတဲ့ ဇင်ဂျားတွေ အားလုံးကိုတော့ ဆိုဂါမိုရီက ဖယ်ရှားပစ်လိုက်ပြီးနေပြီ၊ ဒါကြောင့် ငါတို့တွေဟာ မူရာတိုအုပ်စုဘက်သားတွေ ဖြစ်ရမယ်လို့ သူက စွပ်စွဲတယ်''

''ဒီဘုရားကျောင်းကို တိုက်ခိုက်ဖို့ ဆိုဂါမိုရီ ကိုယ်တိုင်က အမိန့်ပေးလိုက်တာလား''

''ဒါတော့ မဟုတ်ဘူး၊ ငါတို့ ထင်ရတာက ဖူဘူအိုကာ ပြည်နယ်ဘုရင်ခံက အမိန့်ပေးခဲ့တယ်လို့ ယူဆရတယ်၊ အမှန်တော့ ဒီလူဟာလဲ မြို့စားကြီး ဆိုဂါမိုရီရဲ့ လူယုံတစ်ဦးပါပဲ၊ သူက ဆာမူရိုင်းတွေ စည်းရုံးပြီး ဘုရားကျောင်းကို ဝင်တိုက်ခိုင်းတယ်၊ ဆာမူရိုင်းတွေဆိုတာက ငါတို့ ဇင်ဂျားတွေကို အလွန်မုန်းတီးတယ်၊ ငါတို့ရဲ့ တိုက်ခိုက်မှု အရည်အချင်းကို သူတို့ ကြောက်လဲ ကြောက်တယ်၊ ငါတို့အပေါ် မနာလိုစိတ်လဲ ရှိကြတယ်၊ နောက်ပြီး ဇင်ဂျားအဖွဲ့တွေမှာ ရွှေငွေရတနာတွေ အမြောက်အမြား လျှို့ဝှက်ထားတယ်ဆိုတဲ့ ကောလဟာလ သတင်းကိုလဲ ဆာမူရိုင်းတွေက ယုံကြည်ကြတယ်''

''ဒါဖြင့်ဆရာကြီး အခုအတိုင်းဆိုရင် ကျွန်တော်တို့ အဖွဲ့နဲ့ တာကာရှိအုပ်စုဟာ စစ်ဖြစ်နေပြီဆိုပါတော့''

''ဒီလိုလဲ မဟုတ်သေးဘူးကွဲ့၊ ငါတို့အဖွဲ့နဲ့ မြို့စားကြီးဆိုဂါမိုရီတို့ ဆက်ဆံရေးဟာ တရားဝင်အားဖြင့် အဆင်ပြေနေတယ်လို့ပဲ ကြေငြာထားတယ်၊



ဒီဘုရားကျောင်းကို ဝင်တိုက်ခဲ့တာကတော့ သွေးတိုးစမ်းကြည့်တဲ့ သဘောဖြစ်တယ်၊ လွယ်မလားလို့ စမ်းကြည့်တာမျိုးဆိုပါတော့ ဒါပေမယ့် မလွယ်ဘူးဆိုတာ သူတို့သိသွားကြပြီး သူတို့ဘက်က အကျအဆုံးအလွန်များကြောင်း လက်တွေ့သိသွားကြတယ်၊ ငါတို့ဘက်ကလဲ ဆုံးရှုံးနစ်နာမှုက အလွန်များပါတယ်''

''ဒါကြောင့် ဒီဘုရားကျောင်းကို ပိတ်လိုက်တာလား ဆရာကြီး''

''တို့အဖွဲ့သားတွေအားလုံး ဒီမှာပြန်ပြီး ဆက်နေရင်တော့ ဖြစ်ပါတယ်၊ ဒါပေမယ့် တခြားဇင်ဂျား ဘုရားကျောင်းတွေမှာလဲ အလားတူ ထိခိုက်နစ်နာသူတွေ ရှိလေတော့ အဖွဲ့တချို့တွေ ပူးပေါင်းပြီး အရေးကြီးတဲ့ မြို့ကြီးတွေ အနီးအနားမှာ နေထိုင်ဖို့ ဆုံးဖြတ်လိုက်ကြတယ်''

''ဒါထက်ဆရာကြီး ကျွန်တော့်အမေတစ်ယောက်ကော''

''တိုက်ပွဲပြီးသွားတော့ မင်းရဲ့အမေက ဟာကာတာမြို့နားက ဘုရားကျောင်းကို ဇင်ဂျားအဖွဲ့ဝင် တစ်ချို့လိုက်ပါသွားတဲ့ အမျိုးသမီးများနဲ့ လိုက်ပါသွားတယ်''

''သူက ဒီမှာပဲ ဆရာကြီးနဲ့အတူ ဘာကြောင့်မနေခဲ့တာလဲ''

''ငါကိုယ်တိုင်က တစ်ယောက်ထဲ နေချင်လို့ပဲ''

''အမေက ဆရာကြီးကို တစ်ယောက်ထဲ ထားပစ်ခဲ့တာကို ကျွန်တော်ဖြင့် နားမလည်နိုင်အောင် ဖြစ်မိပါတယ်''

''ဒါတော့ မင်းကငယ်သေးတာကိုးကွဲ့၊ တစ်နေ့ မင်းက ငါ့အရွယ်ရောက်လို့ လူကြီးဖြစ်လာတော့မှ နားလည်သဘောပေါက်နိုင်တဲ့ ကိစ္စမျိုးတွေရှိတယ်၊ လူ့ဘဝဆိုတာ တစ်ဆင့်ပြီးမှတဆင့် ခရီးဆက်သွားရတဲ့ သဘောမျိုးရှိတယ်၊ ဥပမာ အခုမင်းရဲ့ အရွယ်ဆိုရင် စွန့်စားတိုက်ခိုက်ရတဲ့ စစ်သည်သူငယ်တစ်ဦးအဖြစ် နေဖို့သင့်တဲ့အရွယ်ပဲ၊ နောက်တစ်ဆင့်ကျတော့ အိမ်ထောင်ပြုပြီး ကိုယ့်မိသားစုနဲ့ အခြေတကျအေးအေးဆေးဆေး နေသင့်တဲ့ အရွယ်ဖြစ်တယ်၊ အဲဒီလိုပဲ မင်းအမေနဲ့ ငါနဲ့ဟာ အကြာကြီးနေခဲ့တယ်၊ သို့သော်လဲ လူ... တစ်ယောက်ဟာ တစ်ချိန်ကျရင် မိမိတစ်ဦးတည်း ဆိတ်ငြိမ်ရာမှာနေပြီး လေးလေးနက်နက် တွေးခေါ်ဆင်ခြင်ရှုပွားဖို့ သင့်တယ်၊ တရားရှာရမယ့် အရွယ်ဆိုပါတော့ ဒါကြောင့် အခုငါတစ်ယောက်ထဲ ဒီမှာနေပြီး တွေးခေါ်ဆင်ခြင် သုံးသပ်နေခြင်းဖြစ်တယ်၊ အဲဒီဆင်ခြင်သုံးသပ်ရင်းက ငါတို့ ဇင်ဂျားအဖွဲ့တွေဟာ နောက်ဆုံးအ

www.burmeseclassic.com



ဆင့်ကို ရောက်နေပြီလို့ မြင်လာတယ်၊ အဓိပ္ပာယ်က ဇင်းဂျားအဖွဲ့တွေ ဖျက်သိမ်း ချုပ်ငြိမ်းဖို့ အချိန်အလွန်နီးကပ်လာပြီလို့ ဆိုလိုတယ်၊ စစ်ပွဲတွေကလဲ ဆက်ပြီး ဖြစ်နေမှာမို့ လာပြီးတိုက်ခိုက်တာတွေလဲ ခံနေရဦးမှာပဲ''

''ဒါဖြင့်လဲ ကျွန်တော်ဒီမှာပဲ ဆရာကြီးနဲ့အတူနေပြီး ခုခံတိုက်ခိုက် ပါမယ်''

''ဒီလိုလဲ မဖြစ်ဘူးကွဲ့၊ မင်းက ဒီမှာ ငါနဲ့ တစ်နေ့နဲ့တစ်ညပဲ နေ ချင်တယ်၊ ညနေကျတော့ မင်းအတွက် အလွန်အသုံးဝင်မယ့် ပစ္စည်းတစ်ခု ပြစရာရှိတယ်၊ မင်းဟာ အသက်ငယ်ပါသေးတယ်၊ ပျက်စီးနေတဲ့ ဇင်းဂျားဘုရား ကျောင်းနဲ့ ငါ့ကိုစုခံကာကွယ်ပြီး အချိန်မဖြုန်းသင့်ဘူး၊ မင်းမှာ လုပ်စရာကိုင်စရာ တွေ အများကြီးရှိသေးတယ်''

ဤသို့ စကားဖြတ်လိုက်ပြီးနောက် ထိုနေ့ညဘက်တွင် ဂျော့ဘ်နှင့် တာအိတ ... ဘုရားကျောင်းအတွင်းရှိ ဘုရားစင်ရှေ့ ကြမ်းပြင်တွင် ထိုင်နေကြလေသည်။

တာအိတာရှိသည် သူ၏အင်္ကျီအိတ်ထဲမှ ခပ်သေးသေး ခပ်လုံးလုံး အရာဝတ္ထုငယ်တခုကို ထုတ်ယူလိုက်သည်။ ဖယောင်းတိုင်မီးက ခပ်မှိန်မှိန်ဖြစ်နေ၍ အဘိုးကြီးက ထိုပစ္စည်းကို ဂျော့ဘ်ကောင်းစွာ မြင်နိုင်အောင် မီးရောင်နားသို့ တိုး၍ပြလေသည်။

ပစ္စည်းက ကျောက်မျက်ရတနာတစ်ခု ဖြစ်လေသည်။

''ဒီမယ်ဂျော့ဘ်၊ ဒီကျောက်မျက်ရတနာကို မင်းသေသေချာချာ ကြည့်စမ်း ပါ၊ မျက်လုံးနဲ့စိုက်ကြည့်ရင် မင်းရဲ့စိတ်ကိုပါ အာရုံစိုက်ထားရမယ်၊ တစ်ခြား ဘာကိုမှ မတွေးနဲ့၊ စိတ်ကို ဒီထဲမှာသာ အာရုံစိုက်ထား''

အဘိုးကြီးတာအိတာရှိက ပြောလိုက်သဖြင့် ဂျော့ဘ်လည်း ကျောက်မျက် ရတနာကို သေချာစွာကြည့်လိုက်သည်။

ထိုကျောက်မှာ မှန်သားကဲ့သို့ ကြည်လင်နေသဖြင့် တဘက်သို့ ဖောက်ထွင်းမြင်နေရသည်။ ပုံသဏ္ဌာန်က အလုံးဖြစ်သော်လည်း မှန်ကူကွက်ငယ် အကွက်(ဒိုင်း)များ ဖော်ထားလေသည်။ ထူးဆန်းသည်ကား အတွင်း၌ မီး တောက်မီးလျှံကဲ့သို့ အရောင်တဖျတ်ဖျတ်လင်းနေခြင်းပင် ဖြစ်သည်။

''သေသေချာချာကြည့်နော်၊ မင်းစိတ်အာရုံစူးစိုက်ပြီး ကြည့်နေရင်



တဖြည်းဖြည်းနဲ့ မင်းဟာ အိပ်ချင်လာလိမ့်မယ်၊ အိပ်ပျော်သွားမယ်''

အဘိုးကြီး တာအိတာရှိကဘေးမှ ဤသို့ပြောနေစဉ်မှာပင် ဂျော့ဘ်သည် ထူးဆန်းသော ဖြစ်ရပ်တစ်ခုကဲ့သို့ ခံစားမိလေသည်။ သူသည် ဘုရား ကျောင်းအတွင်း၌ မဟုတ်တော့ပဲ သစ်ပင်တောအုပ်ကြီးတစ်ခုအတွင်း လေထဲ၌ ပျံဝဲနေရသလို ခံစားရလေသည်။ လေထဲပျံဝဲနေရသော်လည်း ငှက်သို့မဟုတ် ငါးကဲ့သို့ သတ္တဝါတစ်ကောင်အပေါ် စီးလိုက်ရပုံမျိုးမဟုတ်၊ လေထဲတွင် ပေါလောကျားနေရသလို ဖြစ်နေပေသည်။

တောအုပ်အတွင်းရှိ သစ်ပင်များက ထင်းရှူးပင်များ ဖြစ်ပြီး ခပ်လှမ်းလှမ်း တွင် အဖြူရောင် မီးရောင်သို့မဟုတ် အလင်းရောင်တစ်ခု ကိုလည်း မြင်နေရသည်။ ဂျော့ဘ်သည် တရွေ့ရွေ့နှင့် ထိုအလင်းရောင်ရှိရာသို့ တိုးသွား နေကြောင်းကိုလည်း သတိပြုမိလေသည်။

မကြာမီဂျော့ဘ်သည် ဧရာမသစ်ပင်ကြီးတစ်ပင်အနီးရှိ ကွက်လပ်တစ်ခု သို့ ရောက်သွားလေသည်။ စောစောက မြင်ရသော အလင်းရောင်သည် ထိုသစ်ပင်ကြီးမှ ထွက်နေပြီး သစ်ပင်အကိုင်းအခက်များ ကြားမှလည်း ပိုးမွှားတိရစ္ဆာန် အော်မြည်သံများ မြောက်အမြားစုပေါင်းအော်မြည်နေသကဲ့သို့ အသံများလည်း ကြားနေရသည်။

သေချာစွာ ကြည့်လိုက်သောအခါ သစ်ပင်၏ အကိုင်းများတွင် တကယ့် သတ္တဝါပေါင်းများစွာကို တွေ့ရလေသည်။ အောက်ဆုံးဘက် အကိုင်းများ ပေါ်တွင် ပိုးမွှားသတ္တဝါများ၊ မြွေများ၊ အိမ်မြှောင်များနှင့် ငါးများပင် ရှိနေသည်။ ထိုနှင့် အနီးဆုံးဖြစ်သော အလယ်အကိုင်းများပေါ်တွင်ကား ငှက်များ၊ ... များ၊ မျောက်များ၊ ကြောင်များ၊ ခွေးများရှိနေကြသည်။ ကျားကြီး တစ် ကောင်ကလည်း တောက်ပြောင်စူးရှသော မျက်လုံးများဖြင့် ဂျော့ဘ်အား စိုက် ကြည့်နေလေသည်။ ထို့ပြင် ဂျော့ဘ်အနေဖြင့် ဘာကောင်မှန်းမသိသော သတ္တဝါ များလည်း ရှိသေးသည်၊ သတ္တဝါကြီးကြီးတကောင်မှာ နှာခေါင်းရှည်ရှည် ... ဖားဖားနှင့် ယုံကဲ့သို့ ရှည်လျားချွန်ထက်သောသွားကြီး နှစ်ချောင်းပါရှိ သည်။ တဖန်အလွန်ကြီးမားလှသော ငါးကြီးတစ်ကောင်ကိုလည်း တွေ့ရ သည်။

ဂျော့ဘ်သည် လေထဲ၌ တဖြည်းဖြည်းမြင့်တက်သွားရာ သစ်ပင်ကြီး ၏ ထိပ်ဆုံးအကိုင်းများ၌ ယောကျ်ား၊ မိန်းမ (လူများ)ကိုပါ တွေ့ရပြန်လေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ အချို့က ဝတ်ကောင်းစားလှများ ဝတ်ဆင်ထားပြီး အချို့ကမူ အဝတ်[illegible]စားမပါရှိချေ။

သစ်ပင်၏ ထိပ်ဆုံးအဖျားတွင် ကျောက်မျက်ရတနာများလို [illegible]ရောင်တဖျတ်ဖျတ် ထွက်နေသော သတ္တဝါများ ရှိလေသည်။

ဂျော့ဘူသည် သက်ရှိသတ္တဝါအားလုံးကို တပြိုင်နက်မြင်နေရဘိသ ကဲ့[illegible]ခံစားရလေသည်။

ထို့နောက် ဂျော့ဘူသည် လေထဲ၌ ပျံဝဲလျက်ပင် သစ်ပင်ကြီး[illegible]ထွက်ခွာခဲ့ရလေသည်။ တောအုပ်ကြီး၏ အလယ်သို့ ပြန်ရောက်သွားကာ သစ်[illegible]မှ အလင်းရောင်သည် အဝေးတွင် ကျန်ရစ်လေသည်။

''ဂျော့ဘူမင်းဟာ အခုပြန်နိုးလာပြီ၊ ပြန်သတိရလာပြီ ကျောက်[illegible]ရတနာကို ပြန်ကြည့်လိုက်စမ်း''

တာအီတာရှီ၏ အသံကို ကြားရသည်တွင် ဂျော့ဘူသည် ရုတ်တ[illegible]အိပ်ရာမှ နိုးလာသလိုဖြစ်ကာ အဘိုးကြီး၏ လက်မှကျောက်ကို ကြည့်လို[illegible]သည်။

တာအီတာရှီကပင် ဆက်၍ ပြောပြန်လေသည်။

''ဒီကျောက်မျက်ရတနာဟာ အသက်ရှင်ခြင်း၊ သေဆုံးခြင်း နှ[illegible]လုံးရဲ့ အမှတ်အသားလက္ခဏာဖြစ်တယ်၊ ဒီကျောက်မျက်ရတနာကို အခု[illegible]မင်းကိုပေးပါတယ်၊ ရော့… ဂျော့ဘူ၊ ဒါဟာ မင်းအတွက်ပဲ''

ပြောပြောဆိုဆို အဘိုးကြီးသည် ဂျော့ဘူ၏ လက်သို့ ကျောက်မျက်[illegible]တနာ ထည့်ပေးလိုက်သည်။

''ဒီ ကျောက်မျက်ရတနာဟာ မင်းရဲ့ဖခင်ကြီးက တိုင်းတပါးက ယူ[illegible]ခဲ့တဲ့ ပစ္စည်းတစ်ခုဖြစ်တယ်၊ သူ ဘယ်ကရခဲ့တယ်ဆိုတာတော့ ငါလဲ မသိ[illegible]သူသေမယ့်ညက ဒီကျောက်မျက်ရတနာကို ငါ့ကိုပေးခဲ့တယ်''

ဂျော့ဘူက ဘာမှမပြောပဲ ကျောက်မျက်ရတနာကိုသာ တအံ့တ[illegible]ငေးကြည့်နေစဉ် တာအီတာရှီကပင် စကားဆက်လေသည်။

''ဒီကျောက်မျက်ရတနာမှာ အကွက်ဖော်ထားတဲ့ ပုံစံက ဘဝရဲ့ သ[illegible]လို့ ခေါ်တယ်၊ ဘဝရဲ့ ရှေ့ရေးကို လမ်းညွှန်ပြတဲ့ အစွမ်းသတ္တိလဲရှိ[illegible]မင်းရဲ့ဖခင်ဂျာမူဂါက ပြောတော့ သူဟာ ဒီကျောက်မျက်ရတနာကို အာ[illegible]

[illegible]ကြည့်ရင်း သူတို့နိုင်ငံက ပုန်ကန်ပြီး ထွက်ပြေးရလိမ့်မယ်ဆိုတာ ကြိုတင်မြင်ခဲ့တယ်လို့ဆိုတယ်၊ နောက်တော့ မင်းရဲ့ဖခင် အသတ်ခံရပြီးတဲ့နောက် ငါက [illegible]င်းနဲ့ မင်းရဲ့မိခင်ကို ခေါ်ယူပြီး စောင့်ရှောက်ခဲ့တယ်၊ တစ်ချိန်ကတော့ ငါဟာ [illegible]င်းဂျားအဖွဲ့ခေါင်းဆောင်တွေ အားလုံးရဲ့ အကြီးအကဲ ဖြစ်ချင်တဲ့ဆန္ဒရှိခဲ့တယ်၊ [illegible]ပေမယ့် အခုတော့ ငါဟာ ဒီဘုရားကျောင်းမှာ တစ်ယောက်တည်း ရသေ့[illegible]ယာန်းလိုပဲ နေချင်တဲ့စိတ်သာ ရှိတော့တယ်''

''ကျွန်တော့်အဖေက တိရစ္ဆာန်တွေ မွေးမြူတဲ့လူမျိုးတွေ နေထိုင်ရာ [illegible]ရပ်က လာခဲ့သူဖြစ်ပါတယ်၊ လူတွေက အရိုင်းအစိုင်းတွေမို့ ဒီကျောက်မျက် [illegible]တနာကို အဲဒီက ရခဲ့တာတော့ မဟုတ်နိုင်ဘူးထင်ပါတယ်''

''မှန်တယ် မင်းရဲ့ဖခင်က ဒီကျောက်မျက်ရတနာကို တခြားတစ်နေရာက [illegible]ခဲ့တာဖြစ်လိမ့်မယ်၊ ဒီကျောက်ဟာ ဘယ်သူ့လက်ရာလဲဆိုတာ ငါမ သိဘူး၊ [illegible]ပေမယ့် အစွမ်းအာနိသင် ထက်မြက်တာတော့ အမှန်ပဲ၊ မင်းကသာ နေ့စဉ် [illegible]ကျောက်ကို အာရုံစိုက်ကြည့်ပြီး စိတ်တည်တည်ငြိမ်ငြိမ်နဲ့ ဆင်ခြင်ရှုပွား[illegible]''

ထိုအချိန်၌ ဂျော့ဘူသည် သူ၏ဖခင်ကို သတိရပြီး မျက်ရည်ကျလာ[illegible]သည်။

သူ၏ ဖခင်အား သတ်ဖြတ်ခဲ့သူသည် မည်သူနည်းဟုလည်း သိချင်လာ[illegible]သည်။

သူ၏ဖခင်သည် မည်သူနည်း၊ မည်သည့်အရပ်ကလာ၍ ဘာလုပ် သူ[illegible]သနည်း။

မိမိ ဂျော့ဘူသည် ယခုဂျပန်ပြည်၌ နေသော်လည်း သူ၏မိခင်ကသာ [illegible]လူမျိုးဖြစ်သည်။ ထို့ကြောင့် မိမိ၏မျိုးရိုးအနွယ်က မည်သို့နည်း။

ဤမေးခွန်းသည်လည်း ဂျော့ဘူ၏ စိတ်ထဲတွင် ဖြစ်ပေါ်နေလေ သည်။

ထိုအခိုက် အဘိုးကြီး တာအီတာရှီသည် ပြင်ဘက်သို့ လှမ်းကြည့် နေရာမှ [illegible]ဘာရက် ဖယောင်းတိုင်မီးကို ငြိမ်းသတ်လိုက်သည်။

''ဟော့… ဂျော့ဘူ၊ မြင်းစီးလာတဲ့ လူတစ်စု ဂိတ်ဝက တဆင့်လာနေတယ်၊ [illegible]က လူမမြင်အောင် ပုန်းနေလိုက်စမ်း၊ ငါက ဒီလူတွေကို သွားတွေ့ လိုက် [illegible]''

www.burmeseclassic.com

www.burmeseclassic.com



(၁၈)

အဘိုးကြီးတာအီတာရှိသည် ကြမ်းပြင်တစ်နေရာရှိ ကျောက်ပြား ဆွဲဖယ်မယူလိုက်ရာ အတွင်း၌ လှိုဏ်ခေါင်းအဝသာဖြစ်နေသည်ကို တွေ့ရ သည်။

''မင်းက ဒီအောက်ထဲဆင်းလိုက်ရင် ဥမင်လှိုဏ်ခေါင်းတစ်ခုထဲ ရောက် သွားလိမ့်မယ်၊ ဒီဥမင်လှိုဏ်ခေါင်းအတိုင်း ဆက်လျှောက်သွားပါ၊ အရင် ငါတို့အဖွဲ့သားတွေရဲ့ အဆောင်ကို ရောက်လိမ့်မယ်၊ အဲဒီကတဆင့် မင်းအပြ ထွက်ပြီး သွားပေတော့၊ ဟာကာတာအရပ်က ဘုရားကျောင်းကို ရောက်အော သွားပါ၊ ဟိုမှာ မင်းရဲ့မိခင်နဲ့ မိတ်ဆွေဟောင်းတွေ ရှိတယ်''

အဘိုးကြီးက ဤသို့ ပြန်ပြောရာ ဂျော့ဘူက

''ကျွန်တော် ပုန်းမနေချင်ဘူး၊ ဆရာကြီးတစ်ယောက်ထဲ ထား ပစ်ခဲ့ချင်ဘူး''ဟု ပြောလိုက်သည်။

ဤတွင် အဘိုးကြီးက ရယ်မောလိုက်သည်။

''ဒီမယ်ဂျော့ဘူ၊ ငါ့အတွက်ဘာမှ မစိုးရိမ်ပါနဲ့၊ ငါက ဖင်းဂျား ခေါင်း ဆောင်လုပ်နေတာ နှစ်ပေါင်း နှစ်ဆယ်ကျော်နေပြီ၊ ငါ့ကို ဘယ်သူမှရန်လုပ် မရဘူး၊ ကဲမင်းက မြန်မြန်သာ အောက်ထဲသို့ ဆင်းလိုက်ပါ''

အဘိုးကြီးက ပြောသဖြင့် ဂျော့ဘူလည်း မတတ်သာပဲ ဆင်းလိုက် လေသည်။ တာအီတာရှိသည် ကျောက်ပြားအံဖုံးကို ချက်ချင်းပြန်ပိတ်လိုက်လေ သည်။

အတွင်း၌ကား မှောင်မိုက်နေလေသည်။ ဂျော့ဘူသည် မှောင်ထဲမှာ ထိုင်၍ အခြေအနေကို စောင့်ကြည့်နေလေသည်။

တာအီတာရှိသည် ဖယောင်းတိုင် တစ်တိုင်ထွန်းညှိ၍ ဘုရားကျောင်း ဘက်သို့ လျှောက်သွားလေသည်။

စင်စစ်အားဖြင့် သူနှင့် ဂျော့ဘူတို့ နှစ်ယောက်ပေါင်းပြီး ရန်သူ တိုက်ခိုက်လျှင် ဖြစ်နိုင်ပါလျက် ဂျော့ဘူအား ပုန်းနေစေခြင်းမှာ သူသည် ထွက်သံယိုမှုကို ငြီးငွေ့လာသောကြောင့် ယခုဝင်လာသူ ဆာမူရိုင်းများ ပြေလည်အောင်ပြောဆိုပြီး ပြန်လွှတ်ရန် ရည်ရွယ်လေသည်။ ဤသို့ဖြစ် ရန်ကလည်း သူတစ်ယောက်တည်း ရှိမှဖြစ်ပေမည်။ ဂျော့ဘူပါရှိနေလျှ



တိုက်ခိုက် ကြရမည်မှာ သေချာပေသည်။

မြင်းစီးစစ်သည် ဆာမူရိုင်းတို့သည် ဘုရားကျောင်း လေ့ကားရင်းသို့ ဝင်လာကြလေသည်။ သူတို့၏ ဝတ်စုံတွင် နဂါးနီအမှတ်အသားတံဆိပ် တပ်ဆင် ထားလေသည်။

''အဘိုးကြီး၊ ခင်ဗျားကို ကျုပ်သိပါတယ်၊ ခင်ဗျားဟာ ဘုရား ကျောင်း အကြီးအကဲ တာအီတာရှိ ဖြစ်တယ်''

တစ်ယောက်က တရုတ်ဘာသာစကားဖြင့် ပြောလိုက်ရာ တာအီ တာရှိသည် ထိုလူ၏ မျက်နှာကို သေချာစွာမြင်နိုင်ရန် ဖယောင်းတိုင်ကို မြှောက်၍ ကြည့်လိုက်သည်။

ထိုလူကား အလွန်ဗလထွားကျိုင်းသူ ဖြစ်ပြီး ဦးခေါင်းတွင် ထိပ် ဖျား၌ အချွန်တခုပါသော သံခမောက် ဆောင်းထားသည်။ သူ၏ အနီရောင်ကုတ် အင်္ကျီကော်လာက သားမွေးဖြင့် ကွပ်ထားသည်။ ထိုလူ၏ မျက်လုံးက အပြာ ရောင်ဖြစ်ပြီး နှုတ်ခမ်းမွေးက နီညိုရောင်ဖြစ်နေသည်။ မျက်နှာ အနေအထားက ရိုင်းကားသည်။ ခန္ဓာကိုယ်က သာမာန်လူတို့ထက် ပို၍ ထွားကျိုင်းလေသည်။

''ကျုပ်ကလဲ ခင်ဗျားကို သိပါတယ်၊ ဒါပေမယ့် ခင်ဗျားရဲ့နာမည် တော့ မသိဘူး''

တာအီတာရှိကလည်း တရုတ်ဘာသာဖြင့် ပြန်ပြောလိုက်သည်။

''ကျုပ်နာမည်က အာဂွန်ဘာဂါဒူ ဖြစ်တယ်''

ပြောပြောဆိုဆို ထိုလူကြီးသည် မြင်းပေါ်မှ ဆင်းလိုက်သည်။

''ခင်ဗျားမြင်တဲ့အတိုင်း ဒီဘုရားကျောင်းမှာ ခုခံကာကွယ်မယ့် လူလဲမရှိဘူး၊ ခင်ဗျားနဲ့တကွ ခင်ဗျားရဲ့ လူတွေအထဲဝင်ပြီး အနားယူနိုင်ကြပါ တယ်''

တာအီတာရှိက ပြောလိုက်ရာ အာဂွန်ဒူဆိုသူသည် ဘုရားကျောင်း အတွင်းသို့ ဝင်လိုက်သည်။

''အချိန်ဖြုန်းနေဖို့ မလိုပါဘူး၊ ကျုပ်က ခင်ဗျားတို့ ဖင်းဂျားအဖွဲ့ ဂျော့ဘူကို လိုက်ရှာတာပါ၊ ကျုပ်က သူ့နောက်က ခြေရာခံလိုက်နေတာ ကျွန်းနဲ့ ကျွန်းအနှံ့ပဲ၊ အခုဂျော့ဘူက ဒီဘုရားကျောင်းကိုလာတာ ကျုပ်သိတယ်''

ဤတွင် အဘိုးကြီးတာအီတာရှိက အာဂွန်ဘာဂါဒူ၏ ရင်ပတ်မှ

www.burmeseclassic.com

www.burmeseclassic.com



နဂါးနီတံဆိပ်ကို ညွှန်ပြလိုက်သည်။

''ခင်ဗျားက ဂျော်ဘူကိုလိုက်ရှာတာဟာ တာကာရှီအုပ်စုရဲ့ ကိုယ်စား ရှာတာလား၊ ဒါမှမဟုတ် တခြားအကြောင်းကိစ္စနဲ့ ရှာတာလား''

''ကျုပ်က ဒီဂျပန်ပြည် ရောက်တုန်းမှာတော့ အရေးသာနေတဲ့ တာကာရှီအုပ်စုနဲ့ မဟာမိတ် လုပ်ထားတာသာဖြစ်တယ်၊ တကယ်တော့ ကျုပ် ရည်ရွယ်ချက်နဲ့ ကျုပ်လာခဲ့တာပဲ၊ ရှင်းရှင်းကတော့ ကျုပ်က ဂျော်ဘူဆိုတဲ့ ဖင်းဂျားကောင်ကို သတ်ဖို့လာခြင်း ဖြစ်တယ်၊ အခုသူဘယ်မှာလဲ''

တာအိတာရှီသည် ခပ်အေးအေးပင် ထိုင်ချလိုက်ပြီး အာဌွန်ဘာဂါ ကိုလည်း ထိုင်နိုင်းလိုက်သည်။

''ကျုပ်က ရာသီဥတုအေးတာနဲ့ ဂျော်ဘူကို တောထဲသွားပြီး ထင် ခုတ်နိုင်းလိုက်ပါတယ်''

ဤတွင် အာဌွန်ဘာဂါဒူသည် သူ၏လူများဘက်သို့ လှည့်၍ အမိန့်ပေး လေသည်။

''ဟေ့ ဒီအနီးအနားက တောထဲသွားပြီး ဆံပင်နီနီအရပ်မြင့်မြင့် ဖင်းဂျားတယောက်ကို ရှာခဲ့စမ်း၊ တွေ့ရင် သူ့ကို ဘာမှရန်မလုပ်ပဲ ခေါ်လာခဲ့''

ထိုအခါ တာအိတာရှီက

''ဒါတော့ ကံတရားအတိုင်းပဲ၊ ကျုပ်က ဂျော်ဘူကို ကာကွယ်ဖို့ မတတ်နိုင်တော့ဘူး၊ ဒါပေမယ့် ကျုပ်နားမလည်နိုင်တာက ခင်ဗျားအရင်တခေါက် ဒီကိုလာခဲ့တုန်းက ဂျော်ဘူဟာ ကလေးငယ်ကလေးသာဖြစ်တယ်၊ သူက ခင်ဗျား ကို ဘယ်လိုမှလဲ ရန်မလုပ်ခဲ့ဘူး၊ ဘာကြောင့် ခင်ဗျားက သတ်ချင်တာလဲ''ဟု မေးလိုက်သည်။

''ဒါတော့ ကျုပ်မှာကတိခံဝန်ချက်တခုရှိလို့ပဲ၊ ဒီကတိအတိုင်း လုပ်ချင်မှ မချင်း ကျုပ်ကနေလို့ မရဘူး၊ ခင်ဗျား ဒါကိုနားလည်းလိမ့်မယ် ထင်ပါတယ်၊ ကျုပ်တို့ရဲ့ ခေါင်းဆောင်ကြီး ဂျင်ဂျစ်ခန်ကတော့ သေပါပြီ၊ သို့သော်လဲ သူ အမိန့်ပေးခဲ့တာကို ကျုပ်က ဆောင်ရွက်ဖို့တာဝန်ရှိတယ်၊ သူက ဂျာမူဂါ သူရဲ့မျိုးရိုး အဆက်အနွယ်တွေ အားလုံးသုတ်သင်ပစ်ရမယ်လို့ အမိန့်ပေးခဲ့ တယ်''

''ဩော် ဟုတ်လိမ့်မယ်၊ ကျုပ်လဲ အခုမှသတိရတယ်၊ ဂျာမူဂါ



သူတို့လူမျိုးတွေအကြောင်း တစ်ခါတော့ ပြောဖူးတယ်၊ တရုတ်ပြည်မြောက်ပိုင်း က လွင်ပြင်တွေမှာနေပြီး တိရစ္ဆာန်မွေးမြူရေး လုပ်တဲ့ လူတွေလို့ ပြောတယ်''

''ကျုပ်တို့ဟာ မွန်ဂိုလ်လူမျိုးတွေ ဖြစ်တယ်၊ ဒါပေမယ့် တစ်ချိန်ကလို တိရစ္ဆာန်မွေးမြူရေးလုပ်ပြီး ရွက်ထည်တဲတွေမှာ မနေကြတော့ဘူး၊ အခု ကျုပ် တို့က နိုင်ငံတကာကို စစ်နိုင်အောင် တိုက်ပြီး နန်းတော်ကြီးတွေမှာ နေကြ တယ်''

''ထားပါတော့လေ၊ လူတစ်ယောက်ကို သူ့အဖေရဲ့ ပြစ်မှုကြောင့် သတ်ပစ်မယ်ဆိုရင် အလွန်ရက်စက်ရာ ရောက်ပါတယ်''

''ကျုပ်တို့ရဲ့ ခေါင်းဆောင်ကြီး ဂျင်ဂျစ်ခန်က တစ်ခွန်းပြောလိုက်ရုံနဲ့ အမိန့်ကို တသဝေမတိမ်း လိုက်နာကြရတယ်၊ သူက မြို့တမြို့ကို ဝင်တိုက်ဖို့ ပြောလိုက်ရင် အဲဒီမြို့ဟာ မြေပြင်ပေါ်က ပျောက်သွားလောက်အောင် တိုက် ခိုက် ဖျက်ဆီးပစ်ရတယ်၊ မြို့ကလူတွေအားလုံး (မိန်းမ)နဲ့ ကလေးတွေပါမကျန် သုတ်သင်ကွပ်မျက်လိုက်တယ်၊ ဒီလိုမြို့ကြီးတွေကိုတောင် ဖျက်ဆီးနိုင်တဲ့ ဂျင်ဂျစ် ခန်အနေနဲ့ မိသားစုတစ်စုကို သုတ်သင်နိုင်းတာဟာ အသေးအဖွဲ့ကိစ္စ တစ်ခုသာ ဖြစ်တယ်၊ ဂျင်ဂျစ်ခန်အနေနဲ့ စိတ်အနှောင့်အယှက် ဖြစ်တယ်ဆိုရင် ဒီလိုဖြစ် အောင် လုပ်သူကို ရက်ရက်စက်စက်ပဲ အပြစ်ဒဏ်ပေးရတယ်၊ ဒါဟာ ကျုပ်တို့ မွန်ဂိုလ်လူမျိုးတွေရဲ့ အစဉ်အလာပဲ''

× × × ×

ဂျော်ဘူသည် မှောင်ထဲတွင် အသာနားထောင်နေရင်း အပေါ်မှ ပြောနေ သည့် စကားကိုကြားနေရလေရာ စိတ်တုန်လှုပ် ချောက်ချားသွားမိလေသည်။

ယခုဆရာကြီး တာအိတာရှီနှင့် စကားပြောနေသူကား မိမိ၏ ဖခင်အား သတ်ခဲ့သူအမှန်ဖြစ်ကြောင်း သိရပေပြီ။ ထိုလူသည် ယခုတဖန် မိမိ (ဂျော်ဘူ)အား သတ်ရန် လာရောက်နေပြန်ပါလေပြီ။

ဂျင်ဂျစ်ခန်ဆိုသူကား မည်သူနည်း။

သူ၏ဖခင် ဂျာမူဂါက ဂျင်ဂျစ်ခန်နှင့် မည်သို့ ပတ်သက်လေသ နည်း။

သူ၏ ဖခင် ဂျာမူဂါက မည်သည့်ပြစ်မှုမျိုး ကျူးလွန်ခဲ့မိ၍ ယခုလို သေမဲ့မဲ့ သားစဉ်မြေးဆက် လိုက်သတ်နေရလေသနည်း။

ထိုမေးခွန်းများ၏ အဖြေကို ဂျော်ဘူသည် စဉ်းစား၍ မရချေ။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ ဖခင်က မွန်ဂိုလ်လူမျိုးဆိုလျှင် မိမိသည်လည်း မွန်ဂိုလ်လူမျိုး တစ်ပိုင်း ဖြစ်နေကြောင်း စဉ်းစားမိလေသည်။

စဉ်းစားနေရာမှ မိမိအနေဖြင့် စတင်လှုပ်ရှားရန်အချိန်ရောက်ပြီဟု ဆုံးဖြတ်လိုက်မိလေသည်။

ယခုမိမိပုန်းအောင်းနေရာမှ ရုတ်တရက် အဖုံးကိုဖွင့်ပြီး ရှောင်တခင် ဝင်တိုက်လျှင် မိမိဖခင်အား သတ်ခဲ့သူ မွန်ဂိုလ်အား မိမိက နိုင်အောင် သတ်ဖြတ် နိုင်လိမ့်မည်ဟု တွက်မိလေသည်။

ဤသို့တွေးပြီး ဂျော်ဘူသည် အဖုံးကျောက်ပြားကို ဖွင့်ရန်ကြိုးစား သောအခါ အလွန်အံ့သြ သွားမိလေသည်။ အဖုံးကျောက်ပြားကို အောက်မှ တွန်းဖယ်ဖွင့်၍မရပဲ အပေါ်ကသာ ဖွင့်နိုင်အောင် ဖန်တီးထားကြောင်း တွေ့ရလေ သည်။

ဤကြောင့် ဂျော်ဘူသည် ဆရာကြီး တာအီတာရှီ၏ သဘောကို ရိပ်မိ လေသည်။ အမှန်အားဖြင့် အဘိုးကြီးက မိမိအား ကာကွယ်လိုသည့် စေတနာဖြင့် ဤနေရာတွင် ပုန်းအောင်းနေစေခဲ့ခြင်းဖြစ်ရမည်။

ယခုမိမိသည် အဖုံးကျောက်ပြားကိုဖွင့်၍ အပေါ်သို့ ပြန်တက်ရန် မဖြစ်တော့ကြောင်း သေချာသောအခါ ဂျော်ဘူသည် ဥမင်လိုဏ်ခေါင်းအတွင်း စမ်း၍ လျှောက်သွားလေသည်။

မကြာမီ လိုဏ်ခေါင်းအဆုံးကို ရောက်သွားပြီး ကျောက်တုံးတစ်ခုဖြင့် ပိတ်ထားသော ထွက်ပေါက်ကို တွေ့ရလေသည်။ ကျောက်တုံးက အလွယ်တကူ တွန်းဖွင့်၍ရသဖြင့် ဂျော်ဘူသည် အနည်းငယ်ဟရုံတွန်းပြီး အသာနားထောင်လိုက် ရာ တောစပ်၌ အာဝွန်ဘာဂါဒူ၏ လူများ မိမိအား လိုက်ရှာနေသံကို ကြားရ သည်။

အနီးအနားတွင်ကား မည်သူမျှ မရှိသဖြင့် ဂျော်ဘူသည် ပြင်ဘက်သို့ ထွက်ပြီး ကျောက်တုံးကို မူလနေရာအတိုင်း ပြန်ပိတ်ထားလိုက်သည်။ ထို့နောက် သူသည် သစ်ပင်ချုံနွယ်များကြားမှ အကာအကွယ်ယူပြီး ဖြည်းဖြည်းချင်း ရှေ့သို့ လျှောက်သွားလေသည်။

ဘုရားကျောင်းရှေ့နားသို့ ရောက်၍ လှမ်းကြည့်လိုက်သောအခါ လူနှစ်ယောက်၏ သဏ္ဌာန်ကို မထင်မရှား မြင်ရလေသည်။ လူနှစ်ယောက်



...တ် တစ်ယောက်က အာဝွန်ဘာဂါဒူ ဖြစ်ရမည်ဟု တွက်မိလေသည်။

ဂျော်ဘူသည် ထိုလူအား တိုက်ခိုက်သတ်ဖြတ်ရန်သာ ဆန္ဒပြင်းပြ ...လေသည်။

ရှေ့တည့်တည့်မှ ပြေးဝင်တိုက်ခိုက်ပါက အာဝွန်ဘာဂါဒူက မိမိကို ...တင်မြင်သွားမည်ဖြစ်၍ နောက်မှ အလစ်ဝင်တိုက်ရန် စိတ်ကူးရလေသည်။

ဂျော်ဘူသည် သစ်ပင်ချုံနွယ်များ ကြားမှပင် ခြေသံမကြားအောင် ကွေ့ပတ် ...ာ ဘုရားကျောင်း၏ နံရံကို ကပ်လျက် ခပ်ဖြည်းဖြည်းပင် ချဉ်းကပ် သွားလေ ...ည်။

မကြာမီသူသည် အာဝွန်ဘာဂါဒူ၏ နောက်တည့်တည့် နေရာသို့ ရောက် ...ားလေသည်။

မိမိအား တာအီတာရှီက အရင်မြင်မည် ဖြစ်သော်လည်း အဘိုးကြီး ... မမြင်ချင်ဟန်ဆောင်နေလိမ့်မည်ဟု မျှော်လင့်ရပေသည်။

ဂျော်ဘူသည် သူ၏ဖင်းဂျားဓားရှည်ကို ဆွဲထုတ်လိုက်ပြီး တိုက်ခိုက် ရန် ...င်ဆင်နေလေသည်။ သူ၏ စိတ်ဓါတ်ကိုလည်း ဖင်းဂျားအဖွဲ့၏ သင်ကြား ...ာ်အတိုင်း အာရုံစူးစိုက်၍ ပြင်ဆင်ထားလိုက်သည်။

သူသည် ဖင်းဂျားတို့၏ တိုက်နည်းဖြင့် လျှပ်တပြက်လျင်မြန်စွာ တိုက်ခိုက် ... ဆုံးဖြတ်လျက် ဓားရှည်ကိုအသင့်ကိုင်မြှောက်လျက် အတင်းပြေး ဝင်သွား ...သည်။

သို့ရာတွင် အနီးသို့မရောက်မီ အာဝွန်ဘာဂါဒူသည်ရုတ်တရက် လျင်မြန်စွာ ...ယ်ကို တဘက်သို့လှိမ့်ရှောင်လိုက်ပြီး တချိန်တည်းမှာပင် သူ၏ ဓားရှည်ဖြင့် ...ကြီးတာအီတာရှီ၏ ရင်ပတ်ကို ထောက်ထားလိုက်သည်။

ဂျော်ဘူသည် ရုတ်တရက်လန့်သွားမိသော်လည်း ဖင်းဂျားအဖွဲ့၏ ...ကျင့်မှုအရ ဆက်လက်၍ လျင်မြန်စွာ လှုပ်ရှားလိုက်သည်။ သူ၏ဓားရှည်ကို ...တော့မယောင် မြှောက်လန့်သည့်အနေဖြင့် လွှဲလိုက်ရာ အဘိုးကြီးတာအီ ...ရှီက ဖျတ်လတ်စွာဖြင့် ကိုယ်ကို တဘက်သို့လှည့်၍ ရှောင်လိုက်သည်။ ...သော် လူချင်းလုံးထွေးပြီး မြေပြင်ပေါ် လဲကျသွားလေသည်။

"မင်း အတော်ညံ့တာပဲ၊ မင်းဝင်လာတာကို ငါ့မျက်လုံးထဲက တဆင့် ...ရဲ့အရိပ်ကို သူမြင်သွားတယ်"

www.burmeseclassic.com



အဘိုးကြီး တာအီတာရှီက ပြောလိုက်မှ ဂျော့ဘူလည်း သူ့ကိုယ်သူ ဒေါသထွက်မိလေသည်။

ဖခင်ဂျားအဖြစ် လေ့ကျင့်သင်ကြားခဲ့စဉ်က ရန်သူနှင့်ရင်ဆိုင်ရာတွင် လူ၏အရိပ်ကို မျက်လုံး၌ မှန်သဖွယ် ထင်ဟပ်တတ်၍ သတိထားရမည် သင်ကြားခဲ့ပါလျက် ယခုတော့ မိမိ၏ ရှေ့လောကြီးမှုကြောင့် ရန်သူ ရှောင်တိမ်းရန် အချိန်ရသွားခြင်း ဖြစ်လေသည်။

ထိုအချိန်၌ အာဗွန်ဘာဂါဒူကလည်း သူ၏ ဓားရှည်ကို ဆွဲထုတ် ထားပြီးဖြစ်၍ ဂျော့ဘူနှင့် မျက်နှာချင်းဆိုင်ကာ ရပ်နေလေသည်။

ဂျော့ဘူသည် ရန်သူ၏မျက်နှာကို အကဲခတ်ကြည့်လိုက်သည်။

သူ၏မျက်လုံးများက အလွန်ရက်စက် ကြမ်းကြုတ်သည့် အသွင် ဆောင်နေလေသည်။ နှုတ်ခမ်းမွေး အနီရောင်သည် ဂျော့ဘူ၏ ဆံပင်အရောင်နှင့် တထေရာတည်းတူနေပေသည်။

ထိုအခိုက် အာဗွန်ဘာဂါဒူက စကားစပြောလေသည်။

"ငါက အဘိုးကြီးနဲ့ စကားဆက်ပြောနေရင် မင်းလာမှာပဲဆိုတာ ကြိုတင် တွက်ထားပြီးဖြစ်တယ်၊ မင်းဟာ ဂျာမူဂါရဲ့သားဆိုတာတော့ သေချာ တယ် မင်းရဲ့ ကိုယ်လုံးကိုယ်ဟန် ထွားကျိုင်းပုံကလဲ မင်းအဖေနဲ့တူတယ်၊ ဒါပေမဲ့ မင်းက ကလေးသာသာ ရှိသေးလို့ သတ်ဖို့လွယ်ကူမှာပါ"

ဤသို့ အာဗွန်ဘာဂါဒူက မိမိအား အထင်သေးဟန်ဖြင့် ပြောလိုက် သည်ကို ဂျော့ဘူသည် စိတ်ထဲမှ အောင့်သက်သက် ဖြစ်သွားမိလေသည်။

"ကလေးသာသာ ဖြစ်ပေမယ့် စနစ်တကျလေ့ကျင့်ထားပြီးသူ ဖြစ်တယ် ဒီမယ် အာဗွန်ဘာဂါဒူ ဒီနေ့ညပဲ ကလေးသာသာလူက ခင်ဗျားကို သတ် ဆုံးဖြတ်ပြီးဖြစ်တယ်"

"လေ့ကျင့်မှုရှိတာက တစ်ပိုင်းပဲ၊ အရေးကြီးတာက အတွေ့အကြုံ များတာကမှ အလုပ်ဖြစ်တယ်"

ပြောပြောဆိုဆို အာဗွန်ဘာဂါဒူသည် ရုတ်တရက် ရှေ့သို့ တလှမ်း ခုတ်ပြီး သူ၏ဓားရှည်ဖြင့် ခုတ်လေတော့သည်။

အကယ်၍သာ ဂျော့ဘူက ဖျတ်လတ်စွာ နောက်ဆုတ်တိမ်းရှောင် ခြင်း မပြုလိုက်ပါက သူ၏ ကိုယ်သည် ဓားချက်ဖြင့် ထက်ပိုင်းပြတ်သွားမည်



သေချာပေသည်။

အာဗွန်ဘာဂါဒူသည် နောက်ထပ်ပြေးဝင်ပြီး ခုတ်ရန်ကြိုးစား ပြန် သည်။ ဂျော့ဘူကလည်း သူ၏ဓားရှည်ဖြင့် ကျင်လည်စွာ ခုခံလိုက်သည်။

အပြန်အလှန်ဓားချင်း ယှဉ်ခုတ်နေကြရင်း တစ်ချိန်တွင် လူချင်း ကပ်သွားရာ အာဗွန်ဘာဂါဒူသည် ဂျော့ဘူ၏ ဖိနပ်မပါသော ခြေများကို သူ၏ ဘွတ်ဖိနပ်ဖြင့် ဖိနင်း၍ ချော်လဲကျအောင် ကြိုးစားလေသည်။ သို့သော် ဂျော့ဘူက ပေါ့ပါးဖျတ်လတ်စွာ တစ်ပတ်ကျွမ်းထိုးပြီး လိမ့်ရှောင်လိုက်သဖြင့် အာဗွန်ဘာဂါဒူ၏ ဓားချက်သည် လွဲချော်သွားလေသည်။

ဂျော့ဘူသည် စိတ်ထဲမှ သူ့ကိုယ်သူ မကျေမနပ်ဖြစ်နေမိသည်။

ယခုညအဖို့ သူ၏ တိုက်ရည်ခိုက်ရည် ညံ့ဖျင်းလှသည်ဟု ဝေဖန် သပ်မိလေသည်။ သူ့အနေဖြင့် ဤမွန်ဂိုလ်ရန်သူအား နိုင်အောင် တိုက်ခိုက် ပါက သူ၏ ဖခင်ကြီးအတွက် တာဝန်ကျေပွန်စွာ ကလဲ့စားချေရာ ရောက်မည် ဖြစ်ပေသည်။

မြေကြီးပေါ်လဲနေရာမှ ချက်ချင်းပြန်ထပြီး ဆက်လက်တိုက်ခိုက်ရန် ပြင်ရင်း ဂျော့ဘူသည် အာဗွန်ဘာဂါဒူက သူ၏အဖော်များ ဘာကြောင့် အကူအညီမခေါ်လေသနည်းဟု စဉ်းစားမိလေသည်။ ဂျော့ဘူအား သူကိုယ်တိုင် သတ်ဖြတ်လို၍ ပေလော။ ဘုရားကျောင်း အကြီးအကဲဆရာကြီး တာအီတာရှီက ကော ဘာများလုပ်နေလေသနည်း။

ဤသို့တွေးနေစဉ်မှာပင် အာဗွန်ဘာဂါဒူသည် နောက်ထပ် ထိုးစစ် ဆင်သလို တရကြမ်းဝင်တိုက်ခိုက်ပြန်လေသည်။ ဂျော့ဘူကလည်း သူ၏ဓားဖြင့် ကျင်လည်ခုခံရင်း ရန်သူ၏ တိုက်ခိုက်နည်းပရိယာယ်ကို လေ့လာကြည့်မိသည်။ အာဗွန်ဘာဂါဒူသည် သူ၏ ခွန်အားဗလ အားကိုးပြီး ဂျော့ဘူမောပန်းလာအောင် တရကြမ်း ထိုးခုတ်နေပုံရသည်။

ရန်သူ၏ နည်းပရိယာယ်ကို ပျက်ပြားစေရန် ရည်ရွယ်လျက် ဂျော့ဘူ သည် ရုတ်တရက်ငုံ့လိုက်ပြီး သူ၏ဓားဖြင့် အာဗွန်ဘာဂါဒူ၏ ခြေထောက်ကို ယမ်းခုတ်လိုက်သည်။ သို့သော်အာဗွန်ဘာဂါဒူက လျင်မြန်စွာ ခုန်လိုက်ပြီး ဂျော့ဘူ၏ဓားကို သူ၏ဓားဖြင့် တအား ခုတ်ချလိုက်သည်။ ဓားချက်က ပြင်းထန် သဖြင့် ဂျော့ဘူ၏ လက်မှဓားသည် လွတ်ထွက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျေဘူသည် ရန်သူ၏ခြေထောက်များအား အတင်းဝင်လုံး၍ ကိုယ် အတင်းဝင်လုံး၍ ကိုယ်ကိုပစ်လှဲချရန် ကြိုးစားပြန်သည်။ အာဗွန်ဘာဂါဒူ ရှောင်ပြီး ပြန်ခုတ်လိုက်ရာ ဂျေဘူ၏ လက်မောင်းအပေါ်နားတွင် ဓားချက်တချ ထိသွားလေသည်။

ထိုအခိုက် ဖယောင်းတိုင်မီးငြိမ်းသွားပြီး လုံးဝမှောင်သွားလေသည်။ အာဗွန်ဘာဂါဒူက နောက်ထပ်ခုတ်လိုက်သောဓားချက်သည် ဂျေဘူကို မထိ ကြမ်းပြင်ကိုသာ သွားထိလေသည်။

သည်တော့မှ ဂျေဘူလည်း အဘိုးကြီး တာအီတာရှီက ဘာကြော ဖယောင်းတိုင်နားတွင် ရပ်နေသည်ကို သဘောပေါက်မိတော့သည်။ အာဗွန်ဘာ ဂါဒူက ဂျေဘူအား မလွဲတမ်း ခုတ်တော့မည် ဆဲဆဲတွင် တာအီတာရှီသည် ဖယောင်းတိုင်မီးကို မှုတ်လိုက်ခြင်းဖြင့် ကူညီလိုက်ကြောင်း ထင်ရှားနေပေသည်။

အာဗွန်ဘာဂါဒူသည် ပြင်ဘက်ရှိသူ၏ လူများအား လှမ်း၍

''ဟေ့အားလုံး ဒီကိုလာခဲ့ကြ၊ မီးလဲယူခဲ့ ငါရှာနေတဲ့ ရန် ဒီမှာတွေ့နေပြီ''ဟု အော်ပြောလိုက်လေသည်။

ဂျေဘူသည် စောစောက လွတ်ကျသွားသောသူ၏ ဓားရှိသည့်နေ ကို မှတ်မိသဖြင့် မှောင်ထဲမှာပင် စမ်းသွားပြီး ဓားကိုပြန်ကောက်ယူလိုက်သည်

ထိုနောက် အာဗွန်ဘာဂါဒူအား လိုက်ရှာကြည့်လေသည်။

သို့သော် တာအီတာရှီက ဂျေဘူ၏ လက်မောင်းတစ်ဘက်ကို ဖမ်း ရင်း

''ဟေ့ဂျေဘူ၊ မမိုက်စမ်းပါနဲ့ လာခဲ့စမ်း''ဟု ပြောကာ ဘုရား နောက်နားသို့ ဆွဲခေါ်သွားလေသည်။

ထိုနေရာ၌ ကျောက်ပြားဖြင့် လုပ်ထားသော လျှို့ဝှက်တံခါးတစ်ခု ရှိ တာအီတာရှီက ကျောက်ပြားကို တွန်းဖွင့်၍ ဂျေဘူကို ဝင်ခိုင်းရင်း သူပါလို ဝင်ခဲ့ပြီးမှ ကျောက်ပြားတံခါးကို ပြန်ပိတ်လိုက်သည်။ မကြာမီသူ တို့သ ဘုရားကျောင်းအောက်ရှိ လျှို့ဝှက်ဥမင်လိုဏ်ခေါင်းထဲသို့ ရောက်သွား လေသ

တာအီတာရှီသည် ဖယောင်းတိုင်တစ်တိုင်ထွန်းညှိ၍ ဂျေဘူအ ဆက်ခေါ်သွားရင်း အပြစ်တင်စကား ပြောလေသည်။

''မင်းက ငါ့စကားမှ နားမထောင်ပဲကိုး၊ နားသာထောင်ခဲ့ရင် မင်းဟာ



ဟာကာတာကို သွားတဲ့လမ်းပေါ် ရောက်နေလောက်ပြီ၊ အခုတော့ မင်းလက်မှာ လဲ ဒဏ်ရာရသွားပြီ ပြစမ်းပါဦး မင်းလက်မောင်း''

ဤသို့ပြောပြီး တာအီတာရှီသည် ဂျေဘူ၏ လက်မောင်းမှ ဒဏ်ရာ ကို ဆေးကျောပြီး အဝတ်တစ်ခုစည်းပေးလေသည်။

''မင်းရဲ့ လက်မောင်းမှာ အမာရွတ်တော့ကျန်မှာပဲ၊ ဒါပေမယ့် မင်းဂုဏ် ယူစရာ အမာရွတ်တစ်ခုပါပဲ''

''ဆရာကြီးအပြစ်တင်ရင်လဲ ခံရမှာပဲ၊ ဒါပေမယ့် ကျွန်တော့်အဖေ ကို သတ်ခဲ့တဲ့လူကို ကျွန်တော်က ကြည့်နေလို့ ဘယ်ဖြစ်ပါ့မလဲ၊ ဆရာကြီးအ ကြောက်လဲ အန္တရာယ်ရှိနေလို့ ကျွန်တော်က တိုက်ခိုက်ရတာပဲ''

''ငါကလဲ မင်းကို ဒီလူသတ်တာကို မကြည့်နိုင်ဘူး''

''မသတ်စေရပါဘူး၊ ကျွန်တော်ကသာ တစ်နေ့ကျရင် ဒီလူကို ရအောင် သတ်မယ်''

''ဒီမယ်ဂျေဘူ၊ ဒီနေ့ည မင်းဟာ အသတ်ခံရတာနဲ့မထူးဘူး၊ မင်း တိုက်ခိုက်ပုံက ဖင်းကျားတို့ရဲ့ တိုက်ပုံမျိုး မဟုတ်ဘူး၊ မင်းစိတ်ထဲမှာ ဒေါသစိတ် ကလဲ့စားချေလိုတဲ့စိတ်က လွှမ်းကဲနေတယ်၊ အဲဒါကို မင်းပြန်ပြီး သေသေချာချာ စဉ်းစားကြည့်စမ်း''

အဘိုးကြီးက ပြောလိုက်လျှင် ဂျေဘူလည်း ပြန်စဉ်းစားရင်း သူ့ကိုယ်သူ ပြန်ဝေဖန်ကြည့်ရာ တာအီတာရှီပြောသည့်အတိုင်း မှန်နေကြောင်း သုံးသပ်မိလေသည်။

''မှန်ပါတယ်ဆရာကြီး၊ကျွန်တော် မှားသွားပါတယ်''

''အေး မင်းက ငယ်ငယ်လေးရှိသေးတယ်၊ စိတ်ကိုထိန်းပါ၊ ဖင်း ကျားအဖွဲ့ရဲ့ သင်ကြားချက်တွေကိုလဲ မပြတ်ဆင်ခြင် နှလုံးသွင်းရမယ်''

ဤသို့ပြောပြီး ဆက်သွားကြရာ ဥမင်လိုဏ်ခေါင်းအဆုံးသို့ ရောက် လျှင် မြေပြင်ထွက်ကာနီး ဂျေဘူသည် အဘိုးကြီးအား နှုတ်ဆက်ပြီးနောက် ဟာကာတာအရပ်သို့ ထွက်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## (၁၉)

## တာနီကို၏ မှတ်တမ်းစာအုပ်မှ ကောက်နုတ်ချက်

ယခုတလော ဟီယန်ကျိုမြို့တော်မှ သတင်းများ မှန်မှန်မရသဖြင့် အကျိုးအကြောင်းပြည့်စုံစွာ မသိရပဲ ဖြစ်နေသည်။ ရံဖန်ရံခါမှသာ လေဒီအာကီမီက ကျွန်မထံသို့ ယုံကြည့်စိတ်ချရသော အစေခံတစ်ဦးလွှတ်၍ စာ သို့မဟုတ် လက်ဆောင်များ ပေးပို့တတ်ပါသည်။ လေဒီအာကီမီခမျာ ယခုဆိုလျှင် ဆိုဂါမိုရီ၏ အပျော်မယားဖြစ်၍ သနားစရာပင်ဖြစ်နေရှာသည်။ သူ၏ သားကလေး ယူ့ဘီအိုသည် ယခုဗုဒ္ဓဘာသာဘုန်းကြီးကျောင်း တစ်ကျောင်းတွင် ရှင်သာမဏေ ဖြစ်နေသည်ဟုလည်း ကြားသိရပါသည်။

ဆိုဂါမိုရီသည် သူ့ကိုယ်သူ ဝန်ကြီးချုပ် ရာထူးခန့်အပ်လိုက်ပြီဟု လည်း သိရသည်။ ဤရာထူးမှာ ရှေးခေတ်က ရှိခဲ့ပြီး နောက်ပိုင်းတွင် မည်သူ့ကို မှမခန့်ပဲ လစ်လပ်နေခဲ့သည်။ ဝန်ကြီးချုပ် ရာထူးသည် ဧကရာဇ်ခေါ် အတိုင်ပင်ခံ အဆင့်ထက်ပိုမြင့်သည်ဟုလည်း ဆိုကြပါသည်။ လက်ရှိ ဧကရာဇ်ဖြစ်သူ ဖူဂျီခါရာ အနေဖြင့် ယင်းကိစ္စကို မကျေမနပ်ဖြစ်နေမည်မှာ သေချာပါသည်။ ဆိုဂါမိုရီက ဝန်ကြီးချုပ် ရာထူးကိုယူထားပြီး သူ၏ တာကာရီဆာမူရိုင်းစစ်သည် ထောင် သောင်းနဲ့ချီ၍ ရှိနေခြင်းကြောင့် ယခုအခါ ဂျပန်ပြည်ကို တကယ်တမ်း အုပ်ချုပ် ခြယ်လှယ်နေသူမှာ ဆိုဂါမိုရီပင်ဖြစ်နေပါတော့သည်။

လေဒီအာကီမီ၏ စာတစ်စောင်တွင် ဆိုဂါမိုရီက သူတို့လို တာကာ ရီမဟုတ်သူ မှန်သမျှ လူသားမဟုတ်ဟု ပြောခဲ့ကြောင်း ဖော်ပြပါရှိပါသည်။ ထိုစကားသည် မြို့တော်တစ်ခုလုံး ပျံ့နှံ့သွားသဖြင့် လူအများစုကလည်း တာကာ ရီများ နေပုံထိုင်ပုံ ဝတ်စားဆင်ယင်ပုံကအစ လိုက်၍ အတုယူနေကြပြီဟုလည်း သိရသည်။ တာကာရီတို့ကဲ့သို့ လိုက်အတုယူ နေထိုင်မှသာ ခေတ်မီသည်ဟု ယူဆနေကြပါလေပြီ။

ယမန်နေ့က အလွန်ဆန်းကြယ်ပြီး ကြောက်စရာကောင်းသော ဖြစ်ရပ် တစ်ခုနှင့် ကြုံခဲ့ရပါသည်။ ဆာမူရိုင်းတစ်စုကို အလွန်ထွားကျိုင်းသော လူကြီး တစ်ဦး ခေါင်းဆောင်လျက် ရောက်လာပါသည်။ ထိုလူကြီးက ဂျော့ဘူနှင့် တိုက်ခိုက်ခဲ့ရသူ လက်နက်ကိုင် အစောင့်များကို တဦးချင်းတွေ့ဆုံ၍ မေးခွန်းများ ထုတ်ပါသည်။ ထို့နောက် သူသည် ကျွန်မထံသို့ လာရောက်တွေ့ဆုံပါသည်။



သူ၏အမည်က အာဝွန်ဘာဂါဒူဖြစ်သည်ဟု ပြောပါသည်။ သူသည် ဆိုဂါမိုရီ၏ အမိန့်အရ လာခဲ့ခြင်းဖြစ်ကြောင်း၊ ကျွန်မအား မေးမြန်းရန်လည်း မင်းသားကြီး ဟိုရီကါဝါ၏ ခွင့်ပြုချက်ရခဲ့ကြောင်းလည်း ပြောပါသည်။

ထို့နောက် သူသည် ကျွန်မအား ဂျော့ဘူနှင့်ပတ်သက်၍ မေးခွန်း ပေါင်းမြောက်မြားစွာ မေးမြန်းပါသည်။ ကျွန်မက မေးခွန်းအများစုကို ဘာမှ မသိကြောင်းသာ ဖြေခဲ့ပါသည်။ ကျွန်မက တရုတ်ဘာသာစကားတတ်ကြောင်း ဟိုရီကါဝါထံမှ သိခဲ့ရသဖြင့် ထိုလူက ကျွန်မကို တရုတ်ဘာသာဖြင့် ပြောပါ သည်။ သူသည် ဂျပန်စကားထက် တရုတ်ဘာသာစကားကို ပိုပြီးကျွမ်းကျင်ပုံရ ပါသည်။

ကျွန်မအနေဖြင့် တစ်ခုမှားသွားပါသည်။ ကျွန်မက ဓင်းဂျားအဖွဲ့ဝင် များကို ကျွန်မက လုံးဝစိတ်မဝင်စားကြောင်း၊ အထူးသဖြင့် တိုင်းတစ်ပါးက နိုင်ငံခြားသားအနွယ်ဖြစ်သူများကို ပို၍စိတ်မဝင်စားကြောင်း ပြောလိုက်ပါသည်။ ဤတွင် ထိုလူကြီးက 'သူ့ရဲ့ မျိုးရိုးအနွယ်ကို မင်းကသိနေတာဟာ သူ့ အကြောင်းတွေ မင်းကို ပြောပြထားလို့ ဖြစ်ရမယ်'ဟု ပြောပါသည်။

ကျွန်မသည် ထိတ်ထိတ်ပြာပြာ ဖြစ်သွားပါသည်။ ကျွန်မက ဂျော့ဘူက သူ၏မျိုးရိုးအနွယ်ကို ပြောပြ၍ သိခြင်းမဟုတ်ကြောင်း၊ သူ၏ အင်္ဂါရုပ်ကို အကဲခတ်၍ မှန်းကြည့်ခြင်းသာ ဖြစ်ကြောင်း ပြောလိုက်ပါသည်။ တစ်ချိန် တည်းမှာပင် ဂျော့ဘူပြောပြသည့်အချက် တစ်ချက်ကို သတိရမိပါသည်။ ဂျော့ဘူ ၏ ဖခင်ကြီးကို နိုင်ငံခြားသား လူထွားကြီးတစ်ဦးက သတ်ဖြတ်ခဲ့ကြောင်း ပြောဖူးပါသည်။ ထိုလူထွားကြီးသည် ယခုလာသူ အာဝွန်ဘာဂါဒူပင် ဖြစ်ရ မည်။ သူက ဂျော့ဘူအား သတ်ရန်လိုက်လာခြင်းလည်း ဖြစ်နိုင်ပါသည်။

ကျွန်မသည် ဂျော့ဘူအတွက် အထူးစိုးရိမ်သွားမိပါသည်။

''အို…ဘုရားသခင်၊ ဂျော့ဘူအား ကူညီစောင့်ရှောက်တော်မူပါစေ သတည်း''

× × × ×

အာဝွန်ဘာဂါဒူ လာရောက်ခဲ့ခြင်းကြောင့် တာနီကိုသည် ဂျော့ဘူအား သတိရနေမိလေသည်။ အထူးသဖြင့် ဂျော့ဘူနှင့် နောက်ဆုံးအကြိမ် တွေ့ဆုံကြစဉ်က နှစ်ယောက်သား တိုက်တိုတ်ပုန်းချိန်း၍ ချစ်တင်းနှီးနှောခဲ့ရပုံကို

www.burmeseclassic.com

www.burmeseclassic.com



သတိရနေမိလေသည်။

ထိုအကြောင်းနှင့် ဆက်စပ်၍ သူမ၏ ခန္ဓာကိုယ်အခြေအနေကို စဉ်းစားကြည့်ရာ ယခု မိမိ၌ ပဋိသန္ဓေရှိနေပြီဟု တာနီကိုက ထင်မိလေသည်။

ပို၍သေချာအောင် သူမသည် နောက်ထပ် တစ်လစောင့်ကြည့်ပြီး နောက် မင်းသားကြီး ဟိုရီဂါဝါအား ကိုယ်ဝန်ရှိနေပြီဖြစ်ကြောင်း ပြောရင်း သားဖွား ရန်အတွက် ဇာတိနေရပ် ကာမာကူရာသို့ သွားနေလိုကြောင်းပါ ခွင့်တောင်းလေ သည်။ သူမ၏ အကြံကား ဟိုရီဂါဝါ၏ ပိုင်နက်နေအိမ်မှ လွတ်အောင် တစ်ခုခု ၍ ပြန်မလာပဲနေရန်လည်း စိတ်ကူးမိလေသည်။

သို့သော် ဟိုရီဂါဝါက "ကာမာကူရာကို သွားလို့ ဘယ်ဖြစ်မလဲ" ဟု ပြောလေသည်။

"ဒါပေမယ့် အဆင့်အတန်းရှိတဲ့ မိသားစုက မိန်းကလေးမှန်သ မီးဖွားတဲ့အခါ ကိုယ့်မိဘအိမ်ကို ပြန်နေတဲ့ ထုံးစံရှိတယ်ရှင့်"

တာနီကိုက ပြန်ပြောသောအခါ ဟိုရီဂါဝါက ပြုံး၍ခေါင်းခါပြလေသည်။

"ကိုယ့်မိဘအိမ်က ကာမာကူရာလို အလွန်ဝေးတဲ့အရပ်ဆိုရင် ထုံးစံအတိုင်း လိုက်နာလို့မဖြစ်ဘူး၊ မင်းရဲ့ကျန်းမာရေးအတွက်လဲ စိုးရိမ်ရတယ် မင်းကို ငါလွှတ်ရင် မင်းရဲ့ဖခင်ကြီးက ငါ့ကိုဘာထင်မလဲ၊ သူက ခရီးရှည် သွားတာကို ကြိုက်မှာ မဟုတ်ဘူး"

"ဒါဖြင့် မြို့တော်တွင်းက ကျွန်မရဲ့ ဦးလေးတော်အိမ်ကို သွားပါရစေ"

"ဒါလဲမဖြစ်နိုင်ဘူး၊ မင်းက မြို့တော်ထဲကို သွားလို့မဖြစ်ဘူး၊ ဟို မင်းဟာ ငါ့ကို တစ်ကြိမ်အရှက်ခွဲပြီးပြီ၊ နောက်တကြိမ် အဖြစ်မခံနိုင်ဘူး"

"ကျွန်မက ရှင့်ကို အရှက်မခွဲခဲ့ပါဘူးရှင့်"

"ဒီမယ်... ငါပြောမယ်၊ ဆိုဂါမိုရီနဲ့ လေဒီအာကီမိတို့နှစ်ယောက် ကြား ဆက်သွယ်ပေးတဲ့ အောင်သွယ်ဟာ မင်းပဲဆိုတာ လူအတော်များများ သိကြတယ်၊ အခုအာကီမိဟာ ဆိုဂါမိုရီရဲ့ အပျော်မယားဖြစ်နေတော့ သူ့ကိုယ် အလွန်အထင်ကြီးနေတယ်၊ ဘဝင်မြင့်နေတယ်... နောက်တစ်ခုက ငါက တိုမိုအနွယ်သားယောက်ျားတွေကို သုတ်သင်ဖို့လုပ်တော့ မင်းက ကြားဝင်နှော ယှက်ခဲ့လို့ ငါ့အကြံအစည် ပျက်ခဲ့ရတယ်။ ဒီလူတွေကြားမှာ ငါဟာ ရယ်စ လူ့ပေါကြီးတယောက် ဖြစ်နေတယ်။ အခုတစ်ခါ မင်းက ကိုယ်ဝန်နဲ့ မြို့တော်



ပြန်သွားရင် လူတွေက အဲဒါငါနဲ့ရတဲ့ ကိုယ်ဝန်မဟုတ်ဘူးဆိုပြီး ဝိုင်းလှောင် ပြောင်သရော်ကြဦးမယ်၊ ဒါကိုငါက အဖြစ်မခံနိုင်ဘူး"

"ဘာကြောင့် ရှင်နဲ့ရတဲ့ကိုယ်ဝန်မဟုတ်ဘူးလို့ ပြောကြမှာလဲရှင့်"

"ငါ့မှာ ဇနီးတွေ အများကြီးရှိတဲ့အနက် တစ်ယောက်မှ သားသမီး ရခဲ့ဘူး၊ ပြီးတော့ ဟိုလက်နက်ကိုင် ဇင်ဂျားကောင်က ဒီကိုလာပြီး အစောင့် တွေကို သတ်သွားတဲ့သတင်းဟာလဲ မြို့တော်ကို ရောက်လာတယ်"

"ဒါနဲ့ ကျွန်မမှာ ရှင်နဲ့ကိုယ်ဝန်ရတာ မဟုတ်ဘူးလို့ ပြောတာနဲ့ ဘာဆိုင်လို့လဲ"

"ဘာပဲဖြစ်ဖြစ်ကွာ... မင်းမသွားရဘူး၊ ဒီမှာပဲနေပြီး မင်းက သားဖွားရ မယ်၊ အမှန်တော့လဲ ကိုယ်ဝန်ရှိတဲ့ အမျိုးသမီးတွေအနေနဲ့ ခရီးသွားဖို့ မသင့်တော် ဘူး၊ အမျိုးသမီးတွေ မီးဖွားဖို့ ကိုယ့်မိဘအိမ်ပြန်တယ်ဆိုတဲ့ ဓလေ့ထုံးစံက လူတွေအားလုံးက မြို့တော်ပတ်ဝန်းကျင်မှာ နေထိုင်တဲ့ခေတ်ကသာ ရှိခဲ့တယ်၊ ပြီးတော့ ဒီကျေးရွာမှာ ဝမ်းဆွဲကောင်းကောင်း တွေလဲရှိတယ်၊ မင်းက ဘာမှစိုးရိမ်စရာ မလိုဘူး"

"ဒါတော့ ရှင်က ကျွန်မကို အကျဉ်းထောင်ချထားသလို လုပ်တာပဲ"

"မင်းကောင်းဖို့ ငါကလုပ်တာကို ဘာမှထပ်ပြောမနေနဲ့"

ထိုမျှနှင့်ပင် ဟိုရီဂါဝါက စကားဖြတ်ပြီး ထွက်သွားလေသည်။

တာနီကိုသည် အလွန်စိတ်အားငယ်နေမိလေသည်။

တစ်ယောက်တည်း စိတ်အားငယ်နေသည့်အခါများတွင် သူမသည် လေဒီအာကီမိက လက်ဆောင်ပေးလိုက်သော ပုံပြင်စာအုပ်ကို ဖတ်ရင်း အချိန် ကုန်လွန်စေခဲ့လေသည်။

တဖြည်းဖြည်းနှင့် ကိုယ်ဝန်က ရင့်မာလာလေရာ အချိန်တန်သော် တာနီကိုသည် ကျေးရွာရှိ ဝမ်းဆွဲဆရာမထံ သွားပြရလေသည်။

တာနီကိုက ကိုယ်ဝန်ရှိသည်ကို ရှက်သယောင်ဖြစ်နေရာ ဝမ်းဆွဲဆရာမ က ရယ်မော၍....

"ဘာဖြစ်လို့ ကိုယ်ဝန်ရှိတာ ရှက်နေရတာလဲ၊ ကိုယ့်ယောကျ်ားက ဂုဏ် ရှိ မင်းသားကြီးပဲ မဟုတ်လား" ဟု ပြောလေသည်။

"ဒီကလေးရဲ့အဖေက မင်းသားကြီးဟုတ်တယ် မဟုတ်ဘူးဆိုတာ မသေ

www.burmeseclassic.com

www.burmeseclassic.com



ချာဘူးရှင့်''ဟု ပြောလိုက်မိလေသည်။

တစ်ခါတရံတော့လည်း တာနီကိုသည် မင်းသားကြီး ဟိုရီဂါဝါ၏ ခွင့်ပြ ချက်မရပဲ ဟီယန်ကျိုမြို့ကတော်ရှိ သူတို့ ရှိမာမိသားစုနေအိမ်သို့ ဖွတ် ထွက်သွား ရန် စိတ်ကူးမိလေသည်။ သို့ရာတွင် ယခုအိမ်ရှိ ဆာမူရိုင်းစစ်သည် များ သူမအား မျက်ခြည်မပြတ် ကြည့်နေပုံအရ အကယ်၍ မိမိက သွားမည် ဆိုလျှ အတင်းတားဆီးကြရန် သေချာနေပေသည်။ တဖန် လူမသိအောင် တိတ်တိ ထွက်ခွာနိုင်လျှင်လည်း ခြေကျင်သို့မဟုတ် မြင်းစီးသွားရန်အတွက် အန္တရာ များလေသည်။ အကယ်၍ သွားမည်ဆိုလျှင် ရထားတစ်စီးနှင့် မောင်း ပါမှသာ ဖြစ်ပေမည်။ ရထားရနိုင်ရန်ကလည်း မလွယ်ကူသဖြင့် လက်လျှော့ လိုက်ရလေသည်။

ကျေးရွာမှ ဝမ်းဆွဲဆရာမသည် တစ်လတစ်ကြိမ် တာနီကိုအား လာရော ကြည့်ရှုလေသည်။ ကိုယ်ဝန်အခြေအနေကို စမ်းသပ်ကြည့်ရှုပြီးနောက် ဝမ်းဆွဲ တာနီကိုသည် ခုနှစ်လမြောက်လျှင် မွေးဖွားဖွယ်ရာရှိသည်ဟုလည်း ထင်မြင်ချ ပေးလေသည်။

ဝမ်းဆွဲဆရာမသည် အမြဲလိုလို ပါးစပ်မှ တစ်စုံတစ်ခုကို တိုးတိုးရွ ဆိုနေတတ်လေရာ တစ်နေ့တွင် တာနီကိုက မေးကြည့်လေသည်။

''ရှင်က အမြဲပဲပါးစပ်က တတွတ်တွတ်နဲ့ ရွတ်ဆိုနေတာ ဘာ ရွတ်နေတာလဲ''

''မေတ္တာယျမြတ်စွာဘုရားကို ရှိခိုးပါ၏လို့ ရွတ်တာပါ''

''ဩော်… ဆုတောင်းတာ ဆိုပါတော့''

''ဆုတောင်းတာတင်မကဘူး၊ အဲဒီလို မြတ်စွာဘုရားကို အမြဲ တနေရင် ဘေးအန္တရာယ် ခပ်သိမ်းကင်းစေတတ်တယ်၊ တကယ်လို့ သေသွာ အခါ ကျတော့လဲ ဟိုအနောက်ဘက်က မြင့်မြတ်တဲ့နေရာမှာ လူပြန်ဖြစ်နိုင်တ အဲဒီဒေသမှာ တရားထူးရပြီး နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုနိုင်ဖို့ လွယ် တယ်''

''ဒါကြောင့်ရှင်က အမြဲရွတ်ဆိုနေတာလား''

''ဟုတ်တယ်၊ ဒီလိုမြတ်စွာဘုရားကို တမ်းတနေရင် စိတ်ရှ သက်သာရာရတယ်၊ မပြတ်ရွတ်ဆိုနေတော့ ဘုရားကို ကိုယ့်ဦးထိပ်မှာ



အားသလို ခံစားရတယ်၊ ဒါကြောင့် သခင်မလေးလဲ ရွတ်ဆိုကြည့်ဖို့ တိုက်တွန်း ိုပါတယ်''

ဤသို့လျှင် ဝမ်းဆွဲဆရာမက တာနီကိုအား အကြံပေးလေသည်။

× × × ×

တဖြည်းဖြည်းနှင့် ခုနစ်လရှိလာလေသည်။

ရာသီဥတုကြည်လင်သာယာသော နေ့တစ်နေ့၌ တာနီကိုသည် စာအုပ် ိုင်ဖတ်နေရင်း ဟီယန်ကျိုမြို့တော်သို့ ဂျေဘူနှင့်အတူ ခရီးသွားခဲ့ရပုံကို ပြန် တိရမိလေသည်။ သူမ၏ ဘဝတွင် ထိုအချိန်ကာလသည် ပျော်ရွှင်ဖွယ်ရာ ကောင်းဆုံးပင်ဖြစ်ပါတကားဟုလည်း သုံးသပ်မိလေသည်။

စိတ်ထဲက အားငယ်သလို၊ ဝမ်းနည်းသလိုဖြစ်လာရာမှ သူမသည် ဆွဲဆရာမအကြံပေးသွားသည့်အတိုင်း မေတ္တာယျမြတ်စွာဘုရားအား ရှိခိုးရန် ဖြတ်လိုက်လေသည်။

မကြာမီ ဝမ်းနာစပြုလာသဖြင့် တာနီကိုလည်း ဝမ်းဆွဲဆရာမကို ခေါ်နိုင်း က်ရလေသည်။ သူမသည် တစ်နေ့နှင့်တစ်ညလုံးလုံး နာကျင်ခြင်းဝေဒနာ ပြင်းစွာခံစားရပြီးနောက် သတိမေ့သလို အိပ်ပျော်သလို ဖြစ်သွားလေသည်။ ပြန်ရလာသောအခါ ဟိုရီဂါဝါက သူမအနီးသို့ ရောက်နေကြောင်း တွေ့ရ သည်။

တာနီကိုက မကြည့်ချင်သဖြင့် မျက်နှာကို လွှဲထားလိုက်ရာ ဟိုရီဂါ လက်တစ်ဘက်ဖြင့် မေးစေ့ကို ခပ်ကြမ်းကြမ်းကိုင်ပြီး သူ့ကို ကြည့်စေ သည်။

''တာနီကို၊ မင်းရဲ့ကလေး မွေးပြီးသွားပြီ''

''ဟုတ်လား''

တာနီကိုက မပြောချင်ပြောချင်ဟန်ဖြင့် ပြန်ပြောလိုက်သည်။

''ကလေးက ကျန်းကျန်းမာမာရှိတယ်၊ ပြီးတော့ မိန်းကလေးဖြစ် တယ်''

''ကောင်းပါတယ်''

''ဒီမယ်တာနီကို၊ ကလေးက ဆံပင်နီပြီးမျက်လုံးက မီးခိုးရောင် ဖြစ်နေ ''

ဟိုရီဂါဝါက ဤသို့ပြောလိုက်လျှင် တာနီကိုသည် ရင်ထဲ ထိတ်ကနဲ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားမိလေသည်။ သို့သော် စိတ်ကိုတင်း၍-

"ဒါတော့ ကလေးတွေက ဆံပင်နဲ့ မျက်လုံးအရောင် ဖြစ်ချင်သလို ဖြစ်တတ်တာပါပဲ"ဟု ပြောလိုက်တယ်။

"မဟုတ်ဘူးကွ၊ ဒီကလေးဟာ ငါ့ကလေးမဟုတ်ဘူး၊ ဟိုဗင်းကျ ကလေး ဖြစ်တယ်"

ဤသို့ပြောပြီး ဟိုရီဂါဝါသည် တစ်ဘက်သို့ လှည့်လိုက်သည်။

တာနီကိုသည် ထိတ်လန့်တုန်လှုပ်သွားကာ

"ရှင်ဘာလုပ်မလို့လဲ"ဟု မေးလိုက်စဉ်မှာပင် ဟိုရီဂါဝါသည် ဝမ်း ဆရာမ၏ လက်မှမွေးကာစ ကလေးငယ်ကို ကြမ်းကြမ်းဆွဲယူလိုက်သည်။

"ဟော့…တာနီကို ဒီမှာကြည့်စမ်း၊ ဒါဟာ မင်းသစ္စာဖောက် ဖောက်ပြန်တာကို ထင်ရှားစေတဲ့ အထောက်အထားပဲ"

ဟိုရီဂါဝါက ဤသို့ ခပ်ထန်ထန်ပြောသည့်တွင် တာနီကိုမှာ ပို၍ စိုးရိမ်သွားမိလျက် ကလေးငယ်ကို လက်ဖြင့် လှမ်းယူရန် ကြိုးစားသော် ဟိုရီဂါဝါက ရယ်မောပြီး ကလေးကို မပေးရုံမက မီးနေခန်းပြင်ဘက် ထွက်သွားလေသည်။

တာနီကိုလည်း တစ်ကိုယ်လုံး နွမ်းနယ်အားအင်ချည့်နဲ့နေသော် အတင်းထလိုက်ရန် ကြိုးစားလေသည်။

"ရှင် ကလေးကို ဘာလုပ်မလို့လဲ၊ ဘာလုပ်မလို့လဲ"

ပြောရင်းနှင့် တာနီကိုက လိုက်သွားရာ ဝရမ်တာအရောက်တွင် ဝမ်း ဆရာမက လိုက်လာပြီး တားလေသည်။

"သခင်မလေး…သခင်မလေး၊ အခုအချိန်မှာ မလှုပ်ရှားရဘူး၊ အိပ် လှဲနေမှ ဖြစ်မယ်"

ဝမ်းဆွဲဆရာမက ပြောရင်း တာနီကို၏ ကိုယ်ကို ဖမ်းကိုင်ထား သည်။

ထိုအချိန်၌ ဟိုရီဂါဝါသည် ကလေးငယ်ကို ပွေ့ချီလျက် အိမ်ပြင် ဝင်းခြံထဲသို့ ရောက်နေပြီ ဖြစ်သည်။

ဆာမူရိုင်းစစ်သည်များကလည်း ဘာဖြစ်ပါလိမ့်ဟု ထွက်လာ ဝိုင်းကြည့်နေကြလေသည်။



"ကျွန်မကို ကူညီပါဦးရှင့်၊ ဟိုမှာ ကျွန်မကလေးကို သတ်ပစ်ပါတော့မယ်"

တာနီကိုကပြောရင်း ဝမ်းဆွဲလက်မှ အတင်းရုန်းကာ ဟိုရီဂါဝါ နောက်သို့ ပြေးလိုက်လာပြီး လက်မောင်းတစ်ဘက်ကို လှမ်းဆွဲရန် ကြိုးစားလေ သည်။

သို့သော် ဟိုရီဂါဝါသည် တာနီကို၏ မျက်နှာကို လက်ပြန်တအား ရိုက်လိုက်သဖြင့် မြေပြင်ပေါ်သို့ လဲကျသွားလေသည်။ ဝမ်းဆွဲဆရာမ ပြေးလာ ပြီး တာနီကိုအား ကူညီတွဲထူပေးလေသည်။

"ကျွန်မကို ကူညီပါရှင်၊ ကျွန်မက အားမရှိလို့ပါ၊ သူ့ကို သွားပြီး တားပေးစမ်းပါ"

တာနီကိုက တောင်းပန်ပြောဆိုရာ ဝမ်းဆွဲဆရာမသည် ဟိုရီဂါဝါ၏ ရှေ့သို့ရောက်အောင် ပြေးသွားပြီး ဒူးထောက်လျက်

"မင်းသားကြီးရှင့် ကျေးဇူးပြုပြီး ကျွန်မကို ကလေးပြန်ပေးပါ"ဟု ပြောလိုက်သည်။

ဤတွင် ဟိုရီဂါဝါသည် ဒေါသထွက်လာပြီး လက်တစ်ဘက်ဖြင့် သူ၏ ဓားမြှောင်ကို ဆွဲထုတ်လိုက်သည်။ ဝမ်းဆွဲဆရာမလည်း ကြောက်အားလန့် အားနှင့် 'မြတ်စွာဘုရား ကယ်တော်မူပါ'ဟု ရေရွတ်ရင်း ထွက်ပြေးမည်ပြု သော်လည်း ဟိုရီဂါဝါက ဓားမြှောင်နှင့် လှမ်းထိုးလိုက်သည်။ ဝမ်းဆွဲဆရာမ လည်း သွေးသံရဲရဲဖြင့် လဲကျသွားရှာတော့သည်။

တာနီကိုလည်း ကြိုးစားထ၍ ပြေးလိုက်ပြန်သည်။

ဟိုရီဂါဝါက သူ၏ ဆာမူရိုင်းများအား လှမ်း၍

"ဟော့…ငါပြန်လာတဲ့အထိ သူ့ကို ထိန်းထားလိုက်စမ်း" ဟု အမိန့်ပေးလိုက်ပြီးနောက် ဝင်းဝမှ ပြင်ဘက်သို့ ထွက်သွားလေသည်။

ဆာမူရိုင်းတစ်ဦးက တာနီကို ရှိရာသို့လာပြီး ခါးတွင်အဝတ်တစ်ခု စည်း ပေးရင်း-

"သခင်မလေးရဲ့ အခြေအနေက အိမ်ထဲဝင်ပြီး လှဲနေဖို့ သင့်ပါတယ်" ဟု ပြောလေသည်။

တာနီကိုသည် မျက်ရည်ဖြိုင်ဖြိုင်ကျနေသည့်ကြားမှပင် ဒေါသထွက်လာ မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင်တို့က ဘယ်လိုဆာမူရိုင်းတွေလဲ၊ ကျွန်မကိုတော့ လုံအိပ်ခိုင်းပြီး ကျွန်မရဲ့ကလေးကို အတင်းလုသွားတာကိုတော့ ကြည့်နေတယ်၊ ပြီးတော့ ဟိုမှာ အပြစ်ကင်းမဲ့တဲ့ မိန်းမတစ်ယောက်ကို သတ်လိုက်တာလဲ ရှင်တို့ ကြည့်နေတယ်။ ရှင်တို့ဟာ ယောကျ်ားမပီသဘူး"

"မင်းသားကြီးက ကျွန်တော်တို့ရဲ့ အရှင်သခင်ဖြစ်ပါတယ်၊ အရာရာမှာ ကျွန်တော်တို့က သူ့အမိန့်ကို နာခံရပါတယ်"

ဆာမူရိုင်းက ပြန်ပြောသော်လည်း တာနီကိုက လက်မခံချေ။

"ရှင်တို့ဟာ ဆာမူရိုင်း မပီသဘူး၊ ဘယ်မလဲ ဆာမူရိုင်းတို့မှာ ရှိအပ်တဲ့ သတ္တိနဲ့ ကြင်နာတရား၊ ရှင်တို့က လူကသာ ဆာမူရိုင်းဖြစ်ပြီး စိတ်နှလုံးကတော့ မိန်းမနဲ့ ဘာမှမခြားဘူး၊ ဖယ်ပါရှင့်၊ ကျွန်မကို လွှတ်ပါ"

ထိုအခါဘေးမှ ဆာမူရိုင်းတစ်ဦးက

"ကဲ လွှတ်ပေးလိုက်ပါကွာ၊ သူလုပ်ချင်တာ လုပ်ပါစေ၊ ဒီကိစ္စမှာ ပတ်သက်တဲ့လူတွေအဖို့ မကောင်းတဲ့ ကံကြမ္မာတွေနဲ့ ရင်ဆိုင်ရလိမ့်မယ် ထင်တယ်"ဟု ပြောလိုက်သည်။

တာနီကိုလည်း ဝင်းပြင်ဘက်သို့ ပြေးလိုက်သွားလေသည်။

ဟိုရီဂါဝါသည် မလှမ်းမကမ်းရှိ တောင်ကုန်းပေါ်သို့ တက်သွားလေသည်။ ထိုတောင်ကုန်း၏ ဘေးနားတွင် ရေစီးသန်လှသော ချောင်းတစ်ခုရှိရာ တာနီကို လည်း မင်းသားကြီး၏ အကြံကို ရိပ်မိသဖြင့် အတင်းပြေးလိုက်ရင်း

"မလုပ်ပါနဲ့ရှင် တောင်းပန်ပါရစေ၊ ကလေးကိုတော့ မသတ်ပါနဲ့ရှင်၊ မလိုချင်ရင် သူများကို ပေးချင်ပေးလိုက်ပါ၊ သတ်တော့ မသတ်ပါနဲ့"ဟု အော်ပြောလေသည်။

သို့သော် ဟိုရီဂါဝါသည် ဂရုမစိုက်ပဲ ကျောက်တုံးကြီးတစ်ခုပေါ်သို့ တက်ပြီးကလေးငယ်ကို ချောင်းထဲသို့ ပစ်ချလိုက်လေသည်။

ကလေးငယ်၏ စူးရှသော ငိုသံကို ကြားလိုက်ရသောအခါ တာနီကို သည် ချောင်းထဲသို့ ပြေးဆင်း၍ ကလေးကို ဆယ်ယူရန်ကြိုးစားပြန်သည်။ ကလေးကတော့ ရေစီးဖြင့် မျောပါသွားပြီဖြစ်သည်။

ထိုအချိန်၌ တာနီကိုမှာ ကလေးနှင့်အတူ သေချင်စိတ်ပေါက်နေလေ သည်။ သို့သော် စောစောက သူမအား လွှတ်ပေးလိုက်သော ဆာမူရိုင်းက



လိုက်လာပြီး တာနီကိုအား ကမ်းပေါ်သို့ ပြန်ဆွဲတင်လိုက်လေသည်။

ထိုအခိုက် ကျေးရွာမှလူများ ရောက်ရှိလာပြီး ချောင်းထဲမှ ကလေးကို ဆယ်ယူလိုက်ကြသော်လည်း ကလေးငယ်မှာ အသက်မရှိတော့ချေ။

အိမ်ကြီးဘက်ဆီမှ မီးခိုးများ ထွက်ပေါ်လာလေသည်။ တာနီကို သည် ကပျာကယာ ပြေးထွက်လာစဉ်က မီးအိမ်တစ်ခုကို တိုက်မိခဲ့ရာ ထိုမီးအိမ်မှ တဆင့် အိမ်ကြီးကို မီးဆွဲလောင်နေခြင်း ဖြစ်လေသည်။

လေပြင်းက တိုက်ခိုက်နေသဖြင့် ချက်ချင်းမီးရှို့ပြင်းထန်လာကာ အိမ်ကြီး တစ်ခုလုံး လောင်ကျွမ်းသွားလေသည်။

တာနီကို၏ ဘေးမှ ဆာမူရိုင်းသည် မီးလောင်နေသော အိမ်ကြီးကို လှမ်းကြည့်ရင်း

"အဲဒါဟာ နတ်တွေက တန်ခိုးပြတာပဲဖြစ်ရမယ်၊ မင်းသားကြီးရဲ့ လုပ်ရပ်ကို နတ်တွေက စိတ်ဆိုးပြီး အိမ်ကြီးကို ဖျက်ဆီးပစ်လိုက်တာ ဖြစ်ရမယ်"ဟု ပြောလိုက်လေသည်။

တာနီကိုသည် စိတ်တုန်လှုပ်ချောက်ချားနေသည့်ကြားမှ

"မေတ္တေယျ မြတ်စွာဘုရားအား ရှိခိုးပါ၏"ဟု ရွတ်ဆိုလိုက်မိလေသည်။

ထိုအခါ အနီးရှိ ရွာသားများကလည်း အလားတူ ရွတ်ဆိုကြလေသည်။

ထို့နောက် ကျေးရွာမှ လယ်သမ အမျိုးသမီးတစ်ဦးက

"သခင်မလေးရဲ့ အိမ်လဲ မရှိတော့ဘူး၊ ကျန်းမာရေးလဲ မကောင်း တော့မှာ နားနေဖို့လိုပါတယ်၊ ကျွန်မတို့အိမ်ကို ခဏလိုက်ခဲ့ပါ၊ ပြုစုပေးပါမယ်" ဟုပြောပြီး ဆာမူရိုင်း၏ အကူအညီဖြင့် တာနီကိုအား တွဲခေါ်သွားလေသည်။

အိမ်ကြီးတစ်ခုလုံး မီးလောင်ပြာကျသွားပြီဖြစ်၍ မင်းသားကြီး ဟိုရီဂါဝါ သည် မည်သို့မျှ မတတ်နိုင်ပဲ တာနီကိုအား ဟီယန်ကျိုမြို့တော်သို့ပင် ပြန်ပို့ရန် စီစဉ်ရလေတော့သည်။

တာနီကိုမှာ သွေးနသားနုနှင့် တရကြမ်းလှုပ်ရှားပြေးလွှားခဲ့ခြင်း ကြောင့် ကျန်းမာရေးမှာ နေထိုင်မကောင်း ဖြစ်နေရှာလေသည်။ ဤသို့ဖြစ်နေသည် ကို ဟိုရီဂါဝါက သနားကရုဏာ မဖြစ်ရုံမက တာနီကိုအား မြို့တော်သို့ သွားရာလမ်းခရီးတွင် သေပါစေဟုပင် ပြောလွှတ်လိုက်သေးသည်။

သို့ရာတွင် တာနီကိုသည် လမ်းခရီးတွင် ဘာမှမဖြစ်ပဲ ဟီယန်ကျို

www.burmeseclassic.com



မြို့တော်သို့ ရောက်သောအခါ တာနီကို၏ ခန္ဓာကိုယ်သည် သိသိသာသာ ပြန်လည်ကျန်းမာလာလေသည်။ ကျန်းမာရေးအခြေအနေ ကောင်းလာသော်လည်း သူမ၏ စိတ်ကတော့ ရွှင်လန်းချမ်းသာခြင်း မရှိသေးချေ။

ဟိုရိဂါဝါသည် ပထမတွင် တာနီကိုအား နန်းတော်အတွင်း ထားရန် စိတ်ကူးသော်လည်း သူမကို မြင်နေရခြင်းကပင်လျှင် သူ့အဖို့တမျိုး စိတ်ချောက်ချားစေသလို ဖြစ်နေသဖြင့် တာနီကို၏ ဦးလေတော် ရှုအီချီအား တာနီကို၏ ကလေးငယ်သည် မွေးဖွားချိန်ကပင် အသက်မရှိပဲ အသေမွေးခဲ့ကြောင်း လိမ်လည်ပြောလေသည်။ ထိုနောက် ဟိုရိဂါဝါသည် ကြာရှည်မနေပဲ ချက်ချင်းပြန်သွားလေသည်။

တာနီကိုအဖို့မှာမူ မိမိရင်သွေးငယ် သမီးကလေးအကြောင်းကို စိတ်ထဲမှ မေ့ပျောက်၍ မရနိုင်အောင် ဖြစ်နေမိရှာလေသည်။ သူမအနေဖြင့် ကလေး၏ ရုပ်အဆင်းသဏ္ဌာန်ကိုပင် သေချာစွာ မမြင်လိုက်ရချေ။ သမီးကလေး ၏ အင်္ဂါရုပ်သည် မည်သို့နေမည်နည်းဟုလည်း စိတ်ကူး စဉ်းစားမိ လေသည်။ အရုပ်ဆိုးအကျည်းတန်သည်ဟု လူတွေက ယူဆကြမည်လော။ မည်သို့ပင်ဖြစ်စေ တာနီကိုအနေဖြင့် သမီးလေးသာ အသက်ရှင်ပါက အလွန်ချစ်မြတ်နိုးမည်မှာ သေချာပေသည်။

ဦးလေးတော် ရှုအီချီ၏အိမ်တွင် တာနီကိုသည် လူအများနှင့် ရောနှော ဆက်ဆံခြင်းမပြုပဲ တတ်နိုင်သလောက် တစ်ယောက်တည်း နေလေ့ရှိ သည် များသောအားဖြင့် သူမသည် စာအုပ်ဖတ်ရင်း အချိန်ကုန်လွန်စေတတ် သည် ထို့ပြင် ဗုဒ္ဓမြတ်စွာဘုရားအား ရှိခိုးပါ၏ဟုလည်း မကြာခဏ တမ်းတရွတ်ဆို နေတတ်လေသည်။

တာနီကို၏ ကလေးငယ်နှင့် ပတ်သက်၍ ဖြစ်ရပ်အမှန်သတင်း သည် ဆာမူရိုင်းများနှင့် အစေခံများမှတဆင့် ဟီယန်ကျိုမြို့တော်သို့ ပျံ့နှံ့ရောက် လာလေရာ ဦးလေးတော် ရှုအီချီသည် ထိုသတင်းကို ကြားသိရသော အခါ ကလေးကို အသေမွေးသည်ဆိုခြင်းမှာ မဟုတ်ကြောင်း သိသွားလေသည်။

ပထမတွင် ဟိုရိဂါဝါ၏ အပြုအမူအကြောင်း တာနီကို၏ ဖခင်ထံ စာရေးအကြောင်းကြားရန်စိတ်ကူးမိသော်လည်း မင်းသားကြီး ဟိုရိဂါဝါ ၏ ဩဇာအာဏာက အလွန်ကြီးမားနေသဖြင့် စာမရေးပဲ ထားရန် ဆုံးဖြတ်လိုက် သည်။



တစ်နေ့သ၌ တာနီကိုသည် တစ်ယောက်တည်းထိုင်၍ စာဖတ်နေစဉ် မိန်းကလေး အစေခံတစ်ဦးက ပျာပျာသလဲ ဝင်လာပြီး

''သခင်မကလေး ညှော်သည်ကို လက်ခံတွေ့ဆုံဖို့ အမြန်ပြင်ဆင် ထားပါတော့… အလွန်အရေးပါတဲ့ ပုဂ္ဂိုလ်ကြီးတစ်ဦး လာနေပါတယ်''ဟု ပြောလေသည်။

''ဘယ်သူများလဲ၊ ဘယ်က အရေးပါတဲ့ပုဂ္ဂိုလ်ကြီးလဲ''

တာနီကိုက ပြန်မေးလိုက်စဉ် သူမ၏စိတ်ထဲ၌ ဂျောဘူကို သတိရနေ မိလေသည်။

''ဝန်ကြီးအဆင့်ရှိတဲ့ တာကာရှိအနွယ်မြို့စားကြီး ကီယိုဆီကိုယ် တိုင် လာရောက်နေပါတယ်''

အစေခံမိန်းကလေးက ပြန်ပြောလိုက်လျှင် တာနီကိုသည် စိတ်ပျက် သွားမိလေသည်။

''ဟင်… ချက်ချင်း လက်ခံတွေ့လို့ မဖြစ်ဘူးထင်တယ်၊ ကျွန်မက အဝတ်အစားလဲဖို့ ပြင်ဆင်ဖို့လဲ အချိန်မရဘူး''

''ပြင်ဆင်ဖို့ အချိန်ရှိပါတယ် သခင်မကလေး၊ ပြီးတော့ သခင်မလေးရဲ့ ဦးလေးတော်က မြို့စားကြီး ကီယိုဆီကို ယဉ်ကျေးရည်မွန်စွာ လက်ခံ တွေ့ဆုံစေ ချင်တယ်လို့ ပြောပါတယ်''

တာနီကိုလည်း မည်သို့မျှ မငြင်းသာတော့ပဲ အဝတ်အစားများလဲ၍ ဧည့်သည်အား လက်ခံတွေ့ဆုံရန် ပြင်ဆင်ရလေတော့သည်။

အဆင်သင့် ဝတ်စားပြင်ဆင်ပြီးသောအခါ တာနီကိုသည် အစေခံ မိန်းကလေးအား ကီယိုဆီထံလွှတ်၍ လာတွေ့နိုင်ပါပြီဟု အကြောင်းကြား လိုက်သည်။

တာနီကိုသည် ဂျပန်လူမျိုးတို့ ထုံးစံအတိုင်း လိုက်ကာ၏အတွင်းဘက်မှ ၍ အသင့်စောင့်နေစဉ် ကီယိုဆီသည် ရောက်လာလေသည်။

တာနီကိုက လိုက်ကာအတွင်းမှကြည့်၍ မြင်ရလေရာ ကီယိုဆီ သည် ဘုန်းကြီးလိုက်အမဲပစ်သွားလျှင်ဝတ်သည့် ဝတ်စုံကို ဝတ်ဆင်ထားကြောင်း တွေ့မြင်ရလေသည်။

ကီယိုဆီသည် တာနီကိုအား အထူးယဉ်ကျေးရည်မွန်စွာ စကားပြော လေသည်။

www.burmeseclassic.com



တာနီကိုကလည်း အလားတူပင် ယဉ်ကျေးရည်မွန်စွာ ပြန်၍ ပြောလေသည်။

အတန်ကြာအောင် အလ္လာပသလ္လာပ စကားတွေပြောကြရင်း ဟီယာကျိုမြို့တော်မှ အခြေအနေသတင်းစုံကို ကီယိုဆီက ပြောပြရာ တာနီကိုက စိတ်ဝင်စားမိလေသည်။ ထိုသတင်းများအရ ကီယိုဆီ၏ ဖခင်ကြီးသည် ဂျပန် ပြည်တွင် ဩဇာအာဏာအကြီးမားဆုံး ပုဂ္ဂိုလ်ဖြစ်နေကြောင်း ထင်ရှားနေလေသည်။

“ဒီလို ဩဇာအာဏာ ကြီးမားတဲ့ ဖခင်မျိုးရှိတာ သိပ်ကံကောင်းတာပဲနော်”

တာနီကိုက မှတ်ချက်ချသလို ပြောလိုက်သည်။

“ကျုပ်တို့အဖေအနေနဲ့လဲ ဒီလိုမိသားစုမျိုးရှိတာဟာ ကံကောင်းတယ်လို့ ဆိုရပါမယ်၊ ကျုပ်တို့မျိုးရိုးအနွယ်က တစ်ချိန်က ဂျပန်ပြည်ကို လိုက်လာတဲ့ ပင်လယ်ဒမြတွေကို တိုက်ခိုက်နှိမ်နင်းခဲ့တဲ့ လူတွေဖြစ်ပါတယ်”

ကီယိုဆီက ဤသို့ပြောလျှင် တာနီကိုက

“မြို့တော်တိုက်ပွဲမှာ မူရာတိုမို အုပ်စုကို အပြတ်အသတ် နိုင်အောင် တိုက်ခိုက်နိုင်ခဲ့တဲ့ ပုဂ္ဂိုလ်တွေလဲဖြစ်ပါတယ်၊ အထူးသဖြင့် ရှင့်ဖခင်ဟာဆိုရင် အလွန်ထူးချွန်တဲ့ စစ်သူကြီးတစ်ဦးဖြစ်ပါတယ်”ဟု ပြန်ပြောလိုက်သည်။

“ဟုတ်ပါတယ်၊ ကျုပ်ကိုယ်တိုင်က ကျုပ်ရဲ့ ဖခင်ကြီးရဲ့ အရည်အချင်းကို မမီဘူးလို့ ကိုယ့်ကိုယ်ကိုယ် သုံးသပ်မိပါတယ်”

ဤတွင် ကီယိုဆီသည် ထိုင်ရာမှထလိုက်ပြီး

“ကဲ...ကျုပ်သွားဦးမှပဲ၊ လေဒီတာနီကိုက အခုလိုကျုပ်ကို လက်ခံတွေ့ဆုံတာ အထူးပဲကျေးဇူးတင်ပါတယ်၊ ကျုပ်မှာ အိမ်ထောင်ရှိပါတယ်၊ ဒါပေမယ့် ခင်ဗျားနဲ့ စကားပြောရတာ အလွန်စိတ်ဝင်စားဖို့ ကောင်းပါတယ်”ဟု ပြောလိုက်သည်။

“ဟုတ်ကဲ့ရှင့်၊ နောင်ကိုလဲ ကီယိုဆီသခင်အနေနဲ့ အချိန်မရွေး လာနိုင်ပါတယ်”

တာနီကိုက ပြန်နှုတ်ဆက်ပြီးနောက် ကီယိုဆီလည်း ပြန်ထွက်သွားလေသည်။



ခဏမျှအကြာတွင် တာနီကို၏ ဦးလေးတော်ရှုအိချိသည် ဝမ်းသာအားရဖြစ်ဟန်နှင့် ဝင်လာလေသည်။

“ဒီမယ်တာနီကို အခြေအနေက တို့အဖို့ အလွန်ဝမ်းသာစရာပဲ၊ စောစောက မင်းသားကြီးဟိုရီဂါဝါက မင်းကို ထားပစ်ခဲ့တော့ ငါတို့မိသားစုဟာ မျက်နှာငယ်သလို အောက်မေ့ရတယ်၊ ဒါပေမယ့် အခုမြို့စား ကီယိုဆီက အခုလို ရည်မွန်စွာ လာဆက်ဆံတာဟာ အားတက်စရာဖြစ်လာတယ်၊ တကယ်တော့ ကီယိုဆီဟာ ဟိုရီဂါဝါထက် အဆပေါင်းများစွာ ပိုပြီးအရေးပါတဲ့ လူဖြစ်တယ်၊ မင်းကသူ့ကို ကောင်းကောင်းမွန်မွန် လက်ခံဆက်ဆံတာကိုလဲ သဘောကျသွားပုံရတယ်၊ ဒီအကြောင်းကို မင်းရဲ့ဖခင်ဆီကို ငါစာရေးအကြောင်းကြားလိုက်မယ်၊ သူကလဲ မင်းအတွက် ဂုဏ်ယူသဘောကျမှာပါပဲ”

“ဒါပေမယ့် ဦးလေးရှင့်၊ တာကာရှီမြို့စားက ကျွန်မကို လက်ထပ်ဖို့မှာမှ မဟုတ်ပဲ”

တာနီကိုက ပြန်ပြောလိုက်သည်။

“သူက ပြန်လာခဲ့ဦးမယ်လို့ ပြောသွားတယ် မဟုတ်လား”

“ဟုတ်ကဲ့၊ နောက်ထပ် လာပါဦးမယ်လို့တော့ ပြောသွားပါတယ်”

“အဲဒါကိုက ငါတို့အတွက် မျှော်လင့်ချက် ထားစရာပဲပေါ့ကွဲ့၊ နောက်တစ်ခုက မင်းဟာ တစ်နေ့တစ်နေ့ စာအုပ်ဖတ်ပြီး အချိန်ကုန်နေတာကို ငါတော့သဘောမကျဘူး၊ မင်းဟာ ငယ်ရွယ်တဲ့ မိန်းကလေးတစ်ယောက်ဖြစ်တယ်၊ တကယ်လို့ မင်းဟာ သူ့ရဲ့မယားငယ်ဖြစ်ရင်တောင်မှ ငါတို့မိသားစုအတွက် မင်းက အများကြီးအကူအညီပေးနိုင်လိမ့်မယ်”

“ကျွန်မကတော့ မိသားစုအတွက် အကျိုးပြုဖို့ရာ အဆင်သင့် ရှိပါတယ်၊ ဒါပေမယ့် အခုဦးလေးပြောနေပုံက စိတ်ကူးယဉ်မျှော်လင့်ပြီး ပြောတာမျိုးဖြစ်နေပါတယ်၊ စပါးကို မစိုက်ရခင်က ကြိုတင်ရောင်းဖို့ ကြိုးစားတာနဲ့လဲ တူနေပါတယ်”

“ဟ...ဒါက တကယ်လဲ လူတွေလုပ်နေကြတာပဲ၊ လယ်သမား တွေဟာ စိုက်ပျိုးရသေးတဲ့ သီးနှံကို ကြိုတင်အရောင်းပြုပြီး သူတို့ လိုတဲ့ပစ္စည်း တွေ ဝယ်လေ့ရှိကြတယ်၊ မင်းရဲ့ဖခင်ကြီးက မင်းကို ပညာသင်ပေးရာမှာ စီးပွားကုန်သွယ်ရေး ပညာတော့ သင်မပေးခဲ့ဘူးနဲ့တူတယ်”

www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ်ရှင်၊ အခုဟာက စပါးစိုက်ဖို့ ပျိုးမကြဲရသေးတဲ့ အချိန် အနေမျိုး ဖြစ်နေပါတယ်"

"ဒါတော့ကွယ် အချိန်ရှိပါသေးတယ်၊ စောင့်ကြည့်ကြသေးတာ ပေါ့"

ဤသို့ ပြောလိုက်ပြီး နှစ်ယောက်စလုံး ရယ်မောလိုက်ကြလေ သည်။

တာနီကိုအနေဖြင့် မရယ်မောပဲ နေခဲ့သည်မှာ ကြာပြီဖြစ်ရာ ယခု အလိုလိုရယ်မောမိခြင်း ဖြစ်သည်။ ဤတွင် သူမ၏ စိတ်ထဲမှ ဗုဒ္ဓမြတ်စွာဘုရား အား တမ်းတရှိခိုးလိုက်မိလေသည်။

❋❋❋

(၂၁)

ကျွန်းရွှေဝါဟု အမည်ပေးထားသော ဖင်းဂျားဘုရားကျောင်း အဆောက် အအုံသည် ဟာကာတာ ပင်လယ်အော်အနီး တောင်ကုန်းတစ်ခုပေါ်တွင် တည် ပြီး ပင်လယ်ပြင်ဘက်သို့ မျက်နှာပြုထားလေသည်။

အနီးအနားတွင်ကား ငါးဖမ်းလုပ်ငန်းဖြင့် အသက်မွေးသူများ နေထိုင် သည့် ဟာကာတာကျေးရွာရှိသည်။

ဆိပ်ကမ်းအနေအထား ကောင်းမွန်ပြီး တရုတ်ပြည်၊ ကိုရီးယားပြည် တို့နှင့်လည်း နီးသဖြင့် ဟာကာတာသည် အရေးပါသော ပင်လယ်ဆိပ်ကမ်းမြို့ တစ်မြို့ဖြစ်လာနိုင်သော်လည်း ကုန်စည်ကူးသန်းရောင်းဝယ်သူ ကုန်သည်အများ က မြို့တော်တွင်သာ နေထိုင်ပြီး အရောင်းအဝယ် လုပ်နေကြသဖြင့် ဟာကာတာ သည် ဆိပ်ကမ်းမြို့ဖြစ်မလာပဲ ကျေးရွာအဆင့်ဖြစ်ကာ တည်နေခဲ့လေသည်။

အဆိုပါ ဘုရားကျောင်းတွင် ဂျော်ဘူ၏ မူလဘုရားကျောင်းမှ မိ ဆွေအတော်များများ နေထိုင်လျက်ရှိကြလေသည်။

တစ်ချိန်က အလွန်ရက်စက် ကြမ်းကြုတ်သူအဖြစ် ဂျော်ဘူက သိခဲ့ သော ဝေချိုဆိုသူသည် ထိုဘုရားကျောင်းတွင် အကြီးအကဲဖြစ်နေလေသည်။ သို့သော် ဝေချိုသည် လူကြီးတစ်ယောက်အဖြစ်တာဝန် ထမ်းဆောင်နေရပြီဖြစ်၍ ရက်စက်ကြမ်းကြုတ်ပုံ မရတော့ပဲ အလွန်အစားလောဘကြီးသူတစ်ယောက် ဖြစ်နေကြောင်း သိရလေသည်။

"တစ်ချိန်တုန်းက ခင်ဗျားနဲ့အတူ တွဲနေခဲ့တဲ့ ဖူဒိုတစ်ယောက်ကော ဘယ်မှာလဲ"



ဂျော်ဘူက မေးကြည့်သောအခါ ဝေချိုက-

"ဖူဒိုဟာ ဖင်းဂျားအဖွဲ့က ထွက်သွားပြီ"ဟု ပြန်ပြောလေသည်။

"ဟင်…ဟုတ်လား၊ ဒီအဖွဲ့က ထွက်သွားတယ်ဆိုတာ အံ့သြစရာ ပါပဲ"

"ဒီခေတ်မှာက အံ့သြစရာဖြစ်ရပ်ဆန်းတွေ အများကြီးပဲတွေ့နေတယ်၊ သူ့လိုပဲထွက်သွားတဲ့ လူတွေရှိပါတယ်။ ဖူဒိုကတော့ တစ်ခါတလေ တာဝန် ဝတ္တရားအရ သတ်ဖြတ်ရတာကို သဘောမကျဘူးနဲ့တူပါတယ်။ အခု သူဟာ ဗုဒ္ဓဘာသာဝင်အဖြစ် ကူးပြောင်းကိုးကွယ်နေပြီ၊ နောက်ဆုံးသတင်းကြား ဘာကတော့ ဖူဒိုဟာ အရှေ့ဘက်ပြည်နယ်က ဘုန်းကြီးကျောင်း တစ်ကျောင်းမှာ ရောက်နေတယ်လို့ ကြားတယ်။ မောင်ရင့်အနေနဲ့ ဖူဒိုကို မေ့ထားလိုက်တာပဲ ကောင်းတယ်"

ဝေချိုက ဤသို့ပြောပြီးနောက် ဂျော်ဘူလည်း ဆက်မမေးတော့ပဲ နေလိုက်သည်။

ဤကျွန်းရွှေဝါဘုရားကျောင်းတွင် ဂျော်ဘူ၏ မိခင်ကြီး ညီဆန် နေထိုင် လျက်ရှိလေသည်။ ဂျော်ဘူသည်မိခင်နှင့် ခွဲခွာခဲ့ရသည်မှာ ကြာပြီဖြစ်၍ ယခုပြန် တွေ့ရသောအခါ အလွန်ဝမ်းမြောက်ပြီး သားအမိနှစ်ယောက် စကားပြော၍ မဝနိုင်အောင် ရှိနေကြလေသည်။

ဂျော်ဘူက တိုက်ပွဲမှ ရရှိသည့် ဓားရှည်များကို မူလဘုရားကျောင်းသို့ ပို့ပေးခဲ့လေ့ရှိရာ ထိုဓားရှည်များကို မိခင်ကြီးကပင် တာဝန်ယူ၍ သိမ်းဆည်းခဲ့ လေသည်။ ယခုဆိုလျှင် ဓားရှည်ပေါင်း ခြောက်ဆယ်ကျော် စုထားမိပြီးဖြစ် သည်။ ဆာမူရိုင်း ဓားရှည်များဖြစ်သော်လည်း အလွန်ကောင်းသော ဓားများပါ သလို ညံ့ဖျင်းသော ဓားအပေါစားများလည်း ပါသည်။ အထူးသဖြင့် ဆင်းရဲနွမ်း ပါးသော ဆာမူရိုင်းများက အရည်အသွေးညံ့ဖျင်းသော ဓားအပေါစားများကိုင် ဆောင်ကြရဟန် တူလေသည်။

ဘုရားကျောင်းအကြီးအကဲ တာအီတာရိုက မိခင်ညီဆန်အား စွန့်ပစ် ကာ သူတစ်ယောက်တည်း နေခြင်းမှာ ရက်စက်ရာရောက်သည်မှန်သော်လည်း ညီဆန်ကိုယ်တိုင်ကမူ မည်သို့မျှ ကန့်ကွက်အရေးဆိုခြင်း မပြုခဲ့ချေ။

ဂျော်ဘူသည် ထိုဘုရားကျောင်း၌ ရှိနေစဉ်အတွင်း ဖင်းဂျားတို့၏ လေ့ကျင့်မှုများကို လေ့ကျင့်လေသည်။ နံနက်စောစောပိုင်း ကျန်းမာရေး လေ့ကျင့်

www.burmeseclassic.com

www.burmeseclassic.com



ခန်း ပြုလုပ်ခြင်း၊ သမထတရား ထိုင်ခြင်း၊ နေ့လယ်ပိုင်းတွင် စစ်ရေး တိုက်ခိုက်မှုလေ့ကျင့်ခြင်း၊ ညနေပိုင်းတွင် ဖင်းဂျားစာပေလေ့လာခြင်း စသည်တို့ကို မှန်မှန်ပြုလုပ်လေသည်။ ထို့ပြင် နေ့စဉ် သူသည် တာအိတာရှိက ပေးလိုက်သော ကျောက်မျက်ရတနာကို စိတ်အာရုံစိုက်ကြည့်ပြီး စိတ်တည်ငြိမ်မှု ရရှိအောင်လည်း ကြိုးစားလေသည်။

သူ၏ဖခင်အား သတ်ခဲ့သူ အာဂွန်ဘာဂါဒူကိုလည်းကောင်း၊ ချစ်သူ တာနီကိုအား လည်းကောင်း၊ စိတ်ထဲမှ ဖျောက်ဖျက်၍ မရချေ။ သို့သော် သတ္တဝါမှန်သမျှ ကံတရားစီမံရာ နာခံနေရသည်ပါတကားဟူသော တရားသဘောကို ဆင်ခြင်၍ စိတ်ကို ဖြေရလေသည်။

တစ်နေ့သ၌ ဂျော့ဘူသည် ဘုရားကျောင်းဝင်းအတွင်းရှိ ဟင်းသီးဟင်းရွက်စိုက်ခင်းများကို ပြုပြင်လျက်ရှိစဉ် ဖင်းဂျားဝတ်စုံဝတ်ထားသူ လူတစ်ယောက်သည် ခရီးသွားသေတ္တာတစ်လုံးကို ကိုင်လျက် ချဉ်းကပ်လာလေ သည်။ ထိုသူမှာ မုတ်ဆိတ်ရှည်ကြီးနှင့်ဖြစ်ပြီး ဂျော့ဘူက မည်သူမည်ဝါမှန်း မသိချေ။

သို့သော် ထိုလူက ဂျော့ဘူအနီးသို့ ရောက်လျှင်

''ရှိုကေ''ဟု လှမ်းခေါ်လိုက်သောအခါ ချက်ချင်းအသံကို မှတ်မိလေသည်။

ထိုလူကား လက်သမားဆရာ မိုကိုပင်တည်း။

''ဟော...မိုကိုပါလား''

ဂျော့ဘူက ဝမ်းသာအားရ ပြန်နှုတ်ဆက်လိုက်သည်။

''ရှိုကေခင်ဗျား၊ ကျွန်တော်ဖြင့် ခင်ဗျားကို လိုက်ရှာရတာ သိပ်ပြီး ပင်ပန်းတာပဲ၊ ဖင်းဂျားဘုရားကျောင်းမှန်သမျှ ဝင်ပြီး မေးလိုက်၊ မတွေ့ပြန်ထွက်လာလိုက်၊ နောက်တစ်နေရာ သွားရှာလိုက်နဲ့ အချိန်တစ်နှစ်ကျော် ကြာသွားတယ်၊ ကျွန်တော်က ကံကောင်းချင်တော့ ဆာမူရိုင်းတွေရန်က လွတ်အောင် ထွက်ပြေးနိုင်ခဲ့တယ်၊ ပြီးတော့ လက်သမားကိရိယာတွေလဲ ပါလာတာမို့ ရောက်ရာအရပ်မှာ လက်သမားအတတ်နဲ့ လုပ်ကိုင်စားရင်း ခရီးသွားခဲ့တယ်၊ ရှိုကေ သွားလေရာကို ခြေရာခံလိုက်ကြည့်တော့ ကျွန်တော်ရောက်တဲ့ အချိန်မှာ ခင်ဗျားက ထွက်သွားပြီမို့ တောက်လျှောက် လွဲခဲ့တယ်၊ အခုမှ လူချင်းတွေ့ရတော့တယ်''



မိုကိုက ဤသို့ပြောပြီးနောက် ဂျော့ဘူသည် ဖက်လှဲတကင်း နှုတ်ဆက်ပြီး ခန်းခြံတစ်နေရာသို့ ခေါ်သွား၍ မိုကိုအား ထိုင်ခိုင်းလေသည်။

''ကဲ... သတင်းတွေ ပြောစမ်းပါဦး၊ တာနီကိုတစ်ယောက်နေထိုင်ကောင်းရဲ့လား''

ဂျော့ဘူ၏စကားကို ကြားလျှင် မိုကိုသည် ဝမ်းနည်းဟန်ဖြစ်သွားကာ ဆိတ်ဆိတ်နေလိုက်သည်။

ဤတွင် ဂျော့ဘူက စိုးရိမ်ဟန်ဖြင့် မိုကို၏ လက်မောင်းကို ကိုင် ပြီး...

''ဘာဖြစ်တာလဲ ပြောစမ်းပါ''ဟု ထပ်မေးလိုက်သည်။

သည်တော့မှ မိုကိုက စကားဆက်ပြောလေသည်။

''ဟိုရီဂါဝါအိမ်ကို ခင်ဗျားလာပြီး ထွက်သွားတော့ ကျွန်တော်လဲ ပြေးရတာပဲ၊ ဟိုရီဂါဝါက ကျွန်တော်ဟာ ရှိုကေရဲ့ မိတ်ဆွေဆိုတာ ရိပ်မိသွားတယ်၊ ကျွန်တော့်အနေနဲ့ တာနီကိုတစ်ယောက်ထဲ ထားမပစ်ခဲ့ချင်ပေမယ့် မတတ်နိုင်ဘူး၊ ဘေးအန္တရာယ်ကြောင့် ထွက်ခဲ့ရပါတယ်''

''ဟိုရီဂါဝါက တာနီကိုကို နှိပ်စက်ညှဉ်းပန်းသေးသလား''

ဂျော့ဘူက ဆက်မေးလိုက်သည်။

''ဒါတော့ ကျွန်တော်လဲ သူများပြောတာ တဆင့်စကား ကြားခဲ့ရတာပါပဲ''

ဤသို့ အစချီကာ မိုကိုကိုသည် တာနီကိုသည် အနီရောင်ဆံပင်နှင့် ကလေးတစ်ဦး မွေးဖွားခဲ့ပုံ၊ ကလေးငယ်ကို ဟိုရီဂါဝါက ပစ်သတ်လိုက်ပုံ၊ ကြီးမီးလောင်သွားပြီးနောက် တာနီကိုသည် ဟီယန်ကျိုမြို့တော်သို့ သွားရပုံကို ပြောပြလေသည်။

ဂျော့ဘူသည် နားထောင်ရင်း စိတ်ထိခိုက်ဝမ်းနည်းလာကာ မျက်ရည်များပင် ကျလာမိသေလည်း။ မိုကို၏ စကားဆုံးသောအခါ သူသည် အားရ ငိုကြွေးနေမိလေသည်။ သူမမြင်လိုက်ရသော ကလေးငယ်အကြောင်း ရင်း ရင်နာမိပြီး တာနီကိုကသာ သူအကြံပေးသလို နှစ်ယောက် ထွက်ပြေး သဘောတူခဲ့ပါက ယခုလို မဖြစ်နိုင်ဟုလည်း တွေးမိလေသည်။

တစ်ချိန်တည်းမှာပင် ဂျော့ဘူသည် ဟိုရီဂါဝါအား အကြီးအကျယ် ဒုပ်မုန်းတီးကာ တစ်နေ့ကျလျှင် သတ်ပစ်မည်ဟု ဆုံးဖြတ်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ ဟိုရီဂါဝါအား မုန်းတီးသည့် စိတ်သည် သူ၏ ဖခင်ကို သတ်ခဲ့သူ အာဂွန်ဘာဂါဒူအား မုန်းတီးသည်ထက်ပင် ပို၍ ပြင်းထန်လေသည်။

ဟိုရီဂါဝါသည် တာနီကို၏ ခန္ဓာကိုယ်ကို အလွဲသုံးစားပြုခဲ့ရုံမျှ ကလေးငယ်ကိုပါ ရက်စက်စွာ သတ်ဖြတ်ခဲ့သည်။ ဤအချက်ကပင်လျှင် အလွန် စက်ဆုပ်ဖွယ်ရာ ကောင်းနေပေသည်။

တဖန် ဟိုရီဂါဝါသည် တာကာရှီနှင့် မူရာတိုမိုအုပ်စုကြီးနှစ်စု ပဋိပက္ခဖြစ် ကာ သွေးချောင်းစီးသည့် ပြည်တွင်းစစ်ဖြစ်အောင် သွေးထိုးလှုံ့ဆော်ခဲ့ပေသည်။ သူ့ကြောင့် လူအများအပြား သေဆုံးခဲ့ရသည်။ ဟိုရီဂါဝါသာ သေသွားပါက အခြားလူပေါင်းများစွာ၏ အသက်ချမ်းသာရာရမည်ဖြစ်သည်။

ဂျေဘူသည် စောစောပိုင်း ဟိုရီဂါဝါအား သတ်ရန်အခွင့်အရေးရခဲ့ ပါလျက် မသတ်ပဲ ထားခဲ့မိခြင်းသည် မှားလေစွဟု သူ့ကိုယ်သူ ပြန်ဝေဖန်အပြစ် တင်မိလေသည်။ သူ၏အမှားကြောင့် ဟိုရီဂါဝါက အသက်မသေ၍သာ ကလေးငယ်ကို သတ်ပစ်နိုင်ခဲ့သည်မဟုတ်ပါလော။

ထို့နောက် သူသည် ကျောက်မျက်ရတနာကို ထုတ်ယူ၍ အာရုံပြု ကြည့်ရင်း စဉ်းစားနေလေသည်။ ဤတွင် အမြင်တစ်မျိုး ဖြစ်လာပြန် သည်။ လူတယောက်အား မုန်းတီးစိတ်သက်သက်ဖြင့် သတ်ခြင်းသည် မမှန်ကန်ကြောင်း တွေးမိလေသည်။

ထို့ကြောင့် တစ်နေ့ ဟိုရီဂါဝါအား သတ်ဖြတ်ရသည်ဆိုလျှင်ပင် မုန်းတီး၍ သတ်ခြင်းမဟုတ်ပဲ လိုအပ်ချက်တစ်ခုအနေဖြင့်သာ ပြုလုပ်သင့်သည်ဟု ဆင်ခြင်သုံးသပ်မိလေသည်။

လက်သမားဆရာ မိုကိုသည် ဂျေဘူ၏လက်မှ ကျောက်ကို ကြည့်ပြီး

"ရှီကေ ခင်ဗျား၊ အဲဒီကျောက်မျက်ရတနာက ဘာများလဲ" ဟု မေးလေသည်။

"ဒါက ကျုပ်ရဲ့ဖခင်နှစ်ဦးစလုံးက လက်ဆောင်ပေးခဲ့တဲ့ ပစ္စည်း ဖြစ်တယ်"

ဂျေဘူက ပြန်ပြောယင်း မိုကို၏ ပခုံးအား လက်တစ်ဘက်ဖြင့် ကိုင်၍

"မိုကို.. ကျုပ်အခု စိတ်ပြေပျောက်သွားပါပြီ"ဟု ဆက်ပြော လိုက်သည်။



"ရှီကေ ခင်ဗျား၊ ကျွန်တော်က ခင်ဗျားနဲ့အတူနေချင်ပါတယ်၊ ရှီကေရဲ့ အစေခံတပည့်တစ်ယောက်အဖြစ် နေပါရစေ၊ ဘာပဲလုပ်ရလုပ်ရ အတူတူ နေချင်ပါတယ်"

"ဒီလိုရှိတယ် မိုကို၊ ကျုပ်တို့ ဖင်းဂျားအဖွဲ့ဝင်တွေဟာ တပည့်တို့ အစေခံတို့ မထားရဘူးလို့ သတ်မှတ်ချက်ရှိတယ်၊ ဒါပေမယ့် အခုအချိန်ကာလက သာမန်အချိန်မျိုးမဟုတ်တဲ့အတွက် တစ်မျိုးစဉ်းစားရင် ဖြစ်တယ်၊ ကောင်းပြီ အချိန်ကစပြီး ခင်ဗျားဟာ ကျုပ်နဲ့အတူတူ ခရီးသွားရမယ်"

ဤသို့ ဂျေဘူက အဆုံးအဖြတ် ပေးလိုက်လေသည်။

× × × ×

နောက်ရက်အနည်းငယ် ကြာသောအခါ ဘုရားကျောင်းအကြီးအကဲ ဦးကေ ဂျေဘူကို ခေါ်ယူပြီး ညွှန်ကြားချက်ပေးလေသည်။

"ဂျေဘူ... မင်းက ဆက်လက်ပြီး မူရာတိုမို အုပ်စုဘက်မှာပဲ နေထမ်းရလိမ့်မယ်၊ ကျုပ်တို့ အကြီးအကဲတွေအားလုံးရဲ့ အမြင်မှာ တာကာရှီ အုပ်စုဟာ နောက်ဆုံးမှာ မလွဲမသွေ အရေးနိမ့်ရမယ်လို့ မြင်ကြတယ်၊ ဒါကြောင့် ဖင်းဂျားတွေအနေနဲ့ နိုင်တဲ့ဘက်က ပါဝင်တိုက်ခိုက်ရမယ်၊ မူရာတိုမိုဘက်က နိုင်ရမှပဲ တို့ဖင်းဂျားက ရည်မှန်းထားတဲ့အတိုင်း တိုးတက်ဖွံ့ဖြိုးလာမှာ ဖြစ် တယ်"

ဤသို့ညွှန်ကြားပြီးနောက် ဂျေဘူသည် ရှီကိုကူကျွန်းသို့ သွားရလေ သည်။ တာဝန်ကတော့ တာကာရှီအုပ်စု၏ ရဲတိုက်ကြီးတစ်ခုအား တိုက်ခိုက် သိမ်းရန် ကြံစည်နေသူ ဆာမူရိုင်းအုပ်စုအား ကူညီတိုက်ခိုက်ရန်ပင် ဖြစ်သည်။

ဂျေဘူသည် ထိုရဲတိုက်ပိုင်ရှင်အား လုပ်ကြံသတ်ဖြတ်လိုက်လျှင် အလွယ်တကူ အောင်မြင်မည်ဟုတွက်မိသဖြင့် မူရာတိုမို အဖွဲ့သားများအား ပြောပြရာ အဖွဲ့ ခေါင်းဆောင်က လုပ်ကြံရန် မဖြစ်နိုင်ကြောင်း၊ ရဲတိုင်ပိုင်ရှင်သည် နေ့ရောညပါ အစောင့်များချထားကြောင်း ပြောပြလေသည်။

ဤတွင် ဂျေဘူက

"ဒါက ကျုပ်တို့ဖင်းဂျားတွေ ကျွမ်းကျင်တဲ့ကိစ္စဖြစ်ပါတယ်၊ ကျွန်တော့်တာဝန်ထားပါ"ဟု ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်ဂျေဘူသည် ရေထုတ်မြောင်းတစ်ခုမှတစ်ဆင့် ရဲတိုက်အတွင်း ရောက်အောင်ဝင်ပြီး တစ်နေရာတွင် ပုန်းနေလိုက်သည်။ ညဘက် ရဲတိုက်ပိုင်ရှင်က အိမ်သာသွားရန် ထွက်အလာတွင် ဂျေဘူက အတင်းပြေးဝင် ဓားဖြင့်ထိုးသတ်လိုက်ပြီး ချက်ချင်းပင် လာလမ်းအတိုင်း အပြင်ဘက်သို့ ပြန်ထွက်ပြေးလာခဲ့လေသည်။

သူတို့ဘက်မှ ခေါင်းဆောင်ကျသွားသဖြင့် မကြာမီ ရဲတိုက်ကြီး မူရာတိုမိုဘက်သားများက အောင်မြင်စွာ စီးနင်းသိမ်းပိုက်နိုင်လေသည်။

ဂျေဘူသည် မူရာတိုမိုအုပ်စု ဆာမူရိုင်းများနှင့်အတူ နေရာအနှံ့ ပြားတွင် ဆက်လက်၍ တိုက်ခိုက်နေရလေသည်။

သို့ရာတွင် တဖြည်းဖြည်းနှင့် တာကာရှီဘက်မှ အင်အားပိုကောင်းလာသဖြင့် မူရာတိုမိုခေါင်းဆောင်များသည် တစ်ယောက်ပြီးတစ်ယောက် ကျဆုံး သို့မဟုတ် အဖမ်းခံကြရကုန်လေသည်။

ကပ္ပတိန်ဒိုမေ၏ သားနှစ်ယောက်ကလည်း တာကာရှီတို့၏ လက်တွင်ပင် ရှိနေကြသည်။ သားအကြီး ဟီဒေယိုရှီကို တာနီကို၏ ဖခင်က ထိန်းသိမ်းထားပြီး၊သားအငယ် ယူဘီအိုကိုမူ မြို့တော်အတွင်းနဲ့ ဆိုဂါမိုရီက ဆီးထားလေသည်။

ထိုအတောအတွင်း ဂျေဘူသည် တိုက်ပွဲတွင် သိမ်းယူရရှိသော ဓားရှည်များ စုဆောင်းရာ၌ တစ်လထက်တစ်လ ဓားအရေအတွက် များလာသည်။ သူရရှိသော ဆာမူရိုင်းဓားရှည်များကို မိုကိုက သိမ်းယူ၍ အနီး ဇင်ဂျာဘုရားကျောင်းသို့ ပို့ထားလိုက်သည်။ ထိုမှတစ်ဆင့် မိခင် ညီအစ်မ ဓားများကို ပို့ပေးရန် စီစဉ်လေသည်။

နေ့စဉ်မှန်မှန် ဂျေဘူသည် ကျောက်မျက်ရတနာကို စူးစိုက်ကြည့် စိတ်တည်ငြိမ်ရန် ဆင်ခြင်ရှုပွားလေ့ ရှိလေသည်။

မိုကိုက နားမလည်ဖြင့် အံ့ဩငေးမောကြည့်နေတတ်ရာ သည် သူ၏ဖခင်ဂျာမူဂါနှင့် အာဝွန်ဘာဂါဒူတို့အကြောင်း၊ ကျောက်မျက်ရတနာကို အဘိုးကြီးတာအိတာရှီမှတစ်ဆင့် ရရှိခဲ့ပုံအကြောင်း အပြည့်အစုံကို မိုကို ပြောပြလိုက်လေသည်။

❄❄❄



(၂၂)

**တာနီကို၏** မှတ်တမ်းစာအုပ်မှ ကောက်နုတ်ချက်

ဆိုဂါမိုရီသည် ကပ္ပတိန်ဒိုမေ၏သား ယူဘီအိုအား မြို့တော်အတွင်း ဘာသာဘုရားကျောင်းတစ်ခုတွင် ထားရာမှ တာကာရှီအုပ်စု၏ ရှိကူဟာရာနန်းတော်သို့ ပြောင်းရွှေ့ထားရန် အမိန့်ထုတ်လိုက်ပါသည်။ ဆိုဂါမိုရီ၏ အကြောင်းပြချက်မှာ ထိုသူငယ်အား လုပ်ကြံသတ်ဖြတ်မည့် အန္တရာယ်မှ ကာကွယ်ရန်ဟု ဆိုသော်လည်း လူအများစုကမူ ယူဘီအိုအား ရန်ပြုမည့် အန္တရာယ်အစစ်က ဆိုဂါမိုရီအစစ်ပင် ဖြစ်သည်ဟု သိနေကြပါသည်။ ထိုအတောအတွင်း လေဒီအာကီမီသည် ဆိုဂါမိုရီအပေါ် သြဇာမရှိတော့ဟုလည်း ကြားသိရပါသည်။ ဆိုဂါမိုရီသည် ကာဂါပြည်နယ်မှ ဟိုတေကေအမည်ရှိ ငယ်ခြောက်နှစ်ရွယ် အနုပညာရှင် (ကချေသည်)တစ်ဦးနှင့် ချစ်ကြိုက်နေပြန်ပြီဟု လည်း သိရပါသည်။

အကယ်၍ ကျွန်မ၏ ဖခင်ကြီး ဒိုမေ၏သား ဟီဒေယိုရှီကို သုတ်သင်ကွပ်မျက်ရန် ဆိုဂါမိုရီက အမိန့်ပေးလိုက်လျှင် ဖခင်ကြီးသည် မည်သို့ ပြုလုပ်မည်ကို စဉ်းစား၍မရပါ။

× × × ×

ကီယိုဆီသည် တာနီကိုထံသို့ မကြာခဏ လာရောက်လည်ပတ်လေ့ ရှိလေသည်။ တဖြည်းဖြည်း လူချင်းရင်းနှီးလာကာ ကီယိုဆီသည် ညနေဘက်တွင် တာနီကိုထံသို့ လာရောက်၍ အလ္လာပသလ္လာပစကားပြောခြင်း၊ ဂီတအနုပညာ တီးမှုတ်သီချင်းဆိုချင်းတို့ဖြင့် အချိန်ကို ကုန်လွန်စေတတ်လေသည်။

ကီယိုဆီသည် တာနီကိုအား ယုံကြည်စိတ်ချသည့် အနေဖြင့် နိုင်ငံရေးအခြေအနေများကိုပင် ပြောဆိုဆွေးနွေးကာ တစ်ခါတစ်ရံ တာနီကိုထံ အကြံဉာဏ်များပင် တောင်းလေ့ရှိသည်။ သူ့ဖခင် ဆိုဂါမိုရီအကြောင်းကိုလည်း ပြောတတ်လေသည်။

တစ်ညနေတွင် ကီယိုဆီသည် တာနီကိုအား သူ့ဖခင်အကြောင်း စကားစပြောလေသည်။

"အဖေက သူ့ကိုယ်သူ သိပ်ကျေနပ်ပြီး ဝမ်းအားရဖြစ်နေတယ်"

"ဘာကြောင့်လဲရှင့်"

www.burmeseclassic.com

www.burmeseclassic.com



တာနီကိုက ပြန်မေးလိုက်သည်။

"သူက ကျုပ်ရဲ့နှမ ကင်ရီမွန်ကို ဘုရင်ကေရာဇ် အနွယ် တာကာကူရာမင်းသားနဲ့ လက်ထပ်ဖို့ အစီအစဉ်လုပ်လိုက်တယ်၊ တစ်နေ့လက်ရှိ ဘုရင်ကေရာဇ် ရှိကူဂျို အငြိမ်းစားယူတဲ့အခါ တာကာကူရာ မင်းသားကို ကေရာဇ်နေရာ ဆက်ခံစိုးစံဖို့လဲ ရည်ရွယ်သတဲ့"

ဤသို့ ကီယိုဆီက ပြန်ပြောပြလေသည်။

တကယ်တော့လည်း တာကာကူရာ မင်းသားနှင့် သူ့အစ်ကို မိုချီဟီတိုတို့သည် အငြိမ်းစားကေရာဇ် ဂိုရှီရာကာဝါ၏ သားများဖြစ်၍ ထီးနန်းရိုက်ရာကို ဆက်ခံပိုင်ခွင့် ရှိကြသည်။

"အမှန်တော့ လက်ရှိကေရာဇ် ရှိကူဂျိုအငြိမ်းစား ယူရင်မိုချီဟီတို့ကသာ ထီးနန်းရိုက်ရာကို ဆက်ခံရမှာ မဟုတ်လား"

တာနီကိုက ထောင်ပြလိုက်ရာ ကီယိုဆီက

"မိုချီဟီတို့အနေနဲ့ ထီးနန်းရိုက်ရာကို လက်မခံပဲ ဖယ်ပေးနိုင်အောင် စီစဉ်လိမ့်မယ်"ဟု ပြန်ပြောလေသည်။

သို့သော် တာနီကိုက သဘောမကျဟန်ဖြင့် ဝေဖန်လိုစိတ်ဖြစ်လာလေသည်။

"ဒါတော့မှားတယ်လို့ ထင်ပါတယ်ရှင့်၊ ရှင့်ဖခင်ကြီးက အခုဆိုရင် ထီးနန်းရိုက်ရာ ဆက်ခံမှုကိစ္စမှာ ဝင်ပါနေတယ်၊ နေရာတကာ ဝင်ပါတာတော့ မကောင်းပါဘူး၊ လူတွေက တာကာရှိအုပ်စုကို ကြောက်ကြတာ မှန်ပေမယ့် တချို့က ရွံမုန်းနေကြတယ်၊ အခုရှင့်အဖေက သူ့သမီးကို ဘုရင်ကေရာဇ်မိသားစုထဲကလူနဲ့ ထိမ်းမြားလက်ထပ်ဖို့ ကြံစည်တာကို ကြားရင် လူတွေဘယ်လိုပြောကုန်ကြမလဲ"

"အခုဟာက ဘုရင်ကေရာဇ်ဖြစ်ဖို့ လက်ထပ်တာမှ မဟုတ်ပဲ"

"ဒီလိုလုပ်စားလို့ ဘယ်ရမလဲရှင့်၊ ရှေ့လာမယ် အလားအလာအလွန်ထင်ရှားနေတာပဲ၊ ရှင့်နှမနဲ့ မင်းသား တာကာကူရာတို့ လက်ထပ်ပြီးတော့ သားသမီးရလာမှာပဲ၊ သားယောကျ်ားကလေး ဖြစ်ရင် ဆိုဂါမိုရီရဲ့မြေး ယောကျ်ားကလေး ဖြစ်လာမှာပဲ မဟုတ်လား၊ အဲဒီအချိန်ကျတော့ လက်ရှိဘုရင် ကေရာဇ်က နန်းစွန့်အငြိမ်းစားယူတဲ့ အခြေအနေဖြစ်လာလိမ့်မယ်၊ နောက်တက်မယ်



ဘုရင်ကေရာဇ်ဟာ တာကာရှိမိသားစုအနွယ်ဖြစ်အောင် အကွက်ဆင်ပြီး ကြံစည်တာဆိုတာ ထင်ရှားနေပါတယ်၊ ရှင်းရှင်းပြောရရင် ရှင့်ဖခင်ဟာ မကြံအပ်တာကို ကြံတာပဲ"

"ဒီလိုလဲ မဟုတ်ပါဘူး၊ ကျုပ်အဖေကြံတာမျိုးဟာ အရင်ကလဲ ရှိခဲ့ဖူးတာပဲ၊ ဖူဂျီဝါရာ မိသားစုဆိုရင် သူတို့ရဲ့ သမီးတွေကို ဘုရင်ကေရာဇ်မိသားစုထဲက မင်းသားတွေနဲ့ မကြာခဏ ထိမ်းမြားလက်ထပ်ခဲ့လို့ လက်ရှိဘုရင်ကေရာဇ်မိသားစုဟာ ဖူဂျီဝါရာ အမျိုးအနွယ် ဖြစ်နေပါပြီ"

"ဒါက အခုအခြေအနေနဲ့ မတူဘူးရှင့်၊ ဖူဂျီဝါရာ မိသားစုဟာ ရှေးကတည်းက ဘုရင်ကေရာဇ် မိသားစုနဲ့ နီးစပ်ဆက်နွယ်ပြီးသား ဖြစ်တယ်၊ ဒါကြောင့် သူတို့အချင်းချင်း ထိမ်းမြား လက်ထပ်ကြတာပါ၊ တာကာရှိမိသားစုကတော့ အစဉ်အလာအရ မြေရှင်တွေ၊ ကုန်သည်တွေ၊ ဆာမူရိုင်းတွေသာ ဖြစ်တယ်၊ ဒါကြောင့် အခုဆိုယင် ဖူဂျီဝါရာတွေက ရှင်တို့ တာကာရှိတွေ သြဇာအာဏာကြီးမားလာတာကို မနာလိုဖြစ်နေကြတယ်၊ အမှန်ပြောရယင် နန်းတော်တွင်းမှာ ရှင်တို့ရဲ့ အကြီးဆုံး ရန်သူဟာ ဖူဂျီဝါရာ အနွယ်ဖြစ်တဲ့ လက်ရှိ ရီးဂျင့်ပဲ ဖြစ်တယ်"

"သူ့ကိုတော့ ကျုပ်တို့က အန္တရာယ်ရှိတယ်လို့ မယူဆဘူး"

"ဒါက အရေးမကြီးပါဘူး၊ ဖူဂျီဝါရာတွေဟာ သြဇာရှိတာမှန်တယ်၊ ဒါပေမယ့် အဓိကအင်အားက ကျုပ်တို့မှာသာ ရှိတယ်၊ ဒီမေ ပုန်ကန်တုန်းကဆိုရင် ကျုပ်တို့ တာကာရှိတွေကသာ နှိမ်နင်းခဲ့ရတယ်၊ ရှင်းရှင်းကတော့ လက်နက်အင်အား၊ စစ်သည်အင်အားရှိတဲ့ အုပ်စုကသာ သြဇာလွှမ်းမိုးပါတယ်၊ အခုကျုပ်အဖေက နိုင်ငံရဲ့ ကံကြမ္မာကို သူ့လက်ထဲမှာ ချုပ်ကိုင်ထားတဲ့ အခြေအနေမျိုး ရှိနေပြီ"

ကီယိုဆီက ဤသို့ပြောသည်ကို တာနီကိုသည် သဘောမတူဟန်ဖြင့် ခေါင်းခါပြလိုက်သည်။

"အခု ရှင်ပြောနေပုံက ရှင့်အဖေရဲ့ လေသံမျိုးဖြစ်နေတယ်၊ ဒီနိုင်ငံပြည်ကို လက်နက်အားကိုး၊ ဓားမိုးတားရုံနဲ့ အုပ်ချုပ်လို့ မရဘူးရှင့်၊ ကြာရင်ပြည်သူအများစုက ရှင်တို့ကို ဆန့်ကျင်လာကြလိမ့်မယ်၊ အဲဒီလိုအများစုက ဆန့်ကျင်လာပြီဆိုရင် လက်ရှိရှင်တို့လက်အောက်က လက်နက်ကိုင် စစ်သည်

www.burmeseclassic.com

www.burmeseclassic.com



တွေကပါ ရှင်တို့ကို ဆန့်ကျင်တော်လှန်လာကြလိမ့်မယ်''

ကီယိုဆီသည် ရုတ်တရက် ဘာမှမပြောပဲ စဉ်းစားနေပြီးမှ

''အခုတာနီကို ပြောတာတွေဟာ ကျုပ်ရဲ့စိတ်ကို အနှောင့်အယှက်ဖြစ်စေတယ်''ဟု ပြောလိုက်သည်။

ဤတွင် တာနီကိုသည် တောင်းပန်ဟန်ဖြင့် ဦးခေါင်းကို ညွတ်၍ အလေးပြုလိုက်သည်။

''ကျွန်မကို ခွင့်လွှတ်ပါနော်၊ အခုလိုပြောမိတာ တောင်းပန်ပါတယ်''

''ဒါပေမယ့် တာနီကို ပြောသလို ကျုပ်တို့ကို ပြောမယ့်လူတော်ယောက်မှ မရှိဘူး၊ လူအများစုက ကျုပ်တို့ကို ရှိမှန်းကြောက်လန့်နေတာမှန်ပေမယ့် သူတို့စိတ်ထဲမှာတော့ တာကာရှိတွေက လူသတ်သမားတွေပဲလို့ယူဆကြတယ်၊ အခုတာနီကိုကပဲ ပွင့်ပွင့်လင်းလင်း စကားပြောတယ်၊ ဒါမှသာကျုပ်တို့ကို အမှန်အတိုင်းဝေဖန်ထောက်ပြရာ ရောက်တယ်၊ ဒါကြောင့် တောင်းပန်စရာ မလိုပါဘူး''

ဤသို့ပြောရင်းနှင့် ကီယိုဆီသည် ရှေ့သို့တိုးလာပြီး တာနီကို၏လက်တဘက်ကို ညင်သာစွာ ဆုပ်ကိုင်လိုက်သည်။

တာနီကိုလည်း စိတ်ထဲမှ သာယာသွားမိလေသည်။ ကီယိုဆီသည်သူမအား တပ်မက်နှစ်သက်သည့်ဟန်မျိုးဖြစ်နေသည်ကိုလည်း သဘောကျသည်ဖြစ်မိလေသည်။

ကီယိုဆီလည်း စိတ်တွေ လှုပ်ရှားတက်ကြွလာပုံရလေသည်။ လက်တစ်ဘက်ကို မလွှတ်ပဲ တာနီကို ကိုယ်ကို လှမ်းဖက်လိုက်ပြန်သည်။

ထိုအချိန်၌ တာနီကိုမှာလည်း တွေ့ထိမှုကြောင့် သာယာနေမိပြီဖြစ်ရာ ကီယိုဆီက အတင်းဆွဲဖက်၍ လဲချလိုက်သောအခါ သူမသည် လုံးဝရုန်းကန်ငြင်းဆန်ခြင်းမပြုပဲ လိုက်လျောလိုက်ပါလေတော့သည်။

× × × ×

နောက်ပိုင်းတွင် ကီယိုဆီနှင့် တာနီကိုတို့သည် တတွဲတွဲနှင့် အမြဲပျော်ရွှင်စွာ လည်ပတ်လေ့ရှိကြသည်။ ကီယိုဆီသည် မကြာခဏ တာနီကိုအားခေါ်၍ ရထားတစီးဖြင့် မြို့တော်တွင်း ရှုခင်းများကို လှည့်ပတ်လျှောက်ကြည့်



တတ်လေသည်။ တခါတရံ နှစ်ယောက်သား အပျော်လှေစီး ထွက်ကြသည်။

သို့ရာတွင် တာနီကိုအနေဖြင့် ကီယိုဆီနှင့် ရင်းနှီးစွာ ဆက်ဆံခြင်းမှာ တရားဝင်ဆက်ဆံခြင်းမျိုးမဟုတ်သောကြောင့် မြို့တော်အတွင်း မကြာခဏကျင်းပသော တရားဝင်ဧည့်ခံပွဲ၊ ညစာစားပွဲကြီးများသို့ တက်ရောက်ခွင့်မရှိချေ။ တာနီကိုအနေဖြင့် သာမန်မိတ်ဆုံစားပွဲကဲ့သို့ အခမ်းအနားငယ်ငယ်များသို့သာ ကီယိုဆီနှင့်အတူ လိုက်ပါခွင့်ရလေသည်။

တာနီကိုသည် တာကာရှိအုပ်စုမှ လူငယ်များကို လေ့လာအကဲခတ်ကြည့်ရာ ဉာဏ်ထက်မြက်သူများဖြစ်ကြောင်း သတိပြုမိလေသည်။ ထိုလူငယ်များသည် စာပေကဗျာအနုပညာများ လေ့လာလိုက်စားရမည့်အစား စစ်မက်တိုက်ခိုက်ရန်သာ ပြင်ဆင်လေ့ကျင့်နေရပါတကားဟုလည်း သုံးသပ်မိလေသည်။

ကီယိုဆီတွင် တရားဝင်မယားကြီးနှင့် မယားငယ်နှစ်ဦးရှိကြောင်း တာနီကိုကသိထားပေသည်။ နိုင်ငံ၏အရေးနှင့်ပတ်သက်လျှင် မယားကြီးကသာ တရားဝင် အသိအမှတ်ပြုခံရသည်ကိုလည်း သူမက သဘောပေါက်မိသည်။

ယခုကီယိုဆီက မိမိအား ချစ်ခင်မြတ်နိုးနေသော်လည်း တစ်နေ့ကျလျှင် မိမိအနေဖြင့် ကီယိုဆီကို စွန့်လွှတ်ရလိမ့်မည်ဟူ၍လည်း တာနီကိုကသိထားလေသည်။ သာယာကြည်နူး ပျော်ရွှင်မှုမည်သည် အမြဲတစေ မတည်တံ့နိုင်၊ ခေတ္တမျှသာဖြစ်ကြောင်း တရားသဘောကိုလည်း သူမသည် ဆင်ခြင်မိလေသည်။

× × × ×

ကီယိုဆီ၏ ဖခင်ဆိုဂါမိုရီကမူ တာနီကိုအား သဘောကျပုံရလေသည်။ မကြာခဏသူကိုယ်တိုင် တာနီကိုအား ခေါ်တွေ့ဆုံပြီး ကောင်းမွန်စွာစကားပြောလေ့ရှိလေသည်။

ဤသို့ တာနီကိုက တာကာရှိ မိသားစုနှင့် အဆင်ပြေရင်းနှီးနေသည်ကို သူမ၏ ဦးလေးတော် ရှုအိချိသည် အလွန်သဘောကျနေလေသည်။ တာနီကို၏ ဖခင်မြို့စားကြီး ဘိုကူဒင်ထံသို့လည်း သူ၏ချစ်သမီး တာနီကိုသည် ကြော်ရှိသော တာကာရှိမိသားစုနှင့် အဆင်ပြေနေပုံကို စာရေးအကြောင်းကြားလိုက်လေသည်။

မြို့စားကြီး ဘိုကူဒင်က စားပြန်ရေးလိုက်ရာတွင် ဒိုမေ၏သား

www.burmeseclassic.com

www.burmeseclassic.com



ယီဒေယိုရီသည် ယခုလူလားမြောက်လာပြီး ဘုရင်ကေရာဇ် မင်းမြတ်၏ သစ္စာတော်ကို စောင့်သိရိုသေသူ လူကောင်းတစ်ယောက်ဖြစ်နေပြီဟု ပါရှိလေသည်။

တာနီကိုသည် ထိုစာကို ဖတ်ရသောအခါ ယီဒေယိုရီအကြောင်း စဉ်းစားမိလေသည်။ လွန်ခဲ့သော ငါးနှစ်ခန့်က သူမနှင့် တွေ့ခဲ့ရစဉ်ကဆိုလျှင် ယီဒေယိုရီသည် အသက်ဆယ့်ငါးနှစ်သား အရွယ်သာ ရှိသေးသည်။

× × × ×

တာနီကိုသည် မိမိတို့မိသားစု အကျိုးရှိရန်အတွက် တာကာရှီအုပ်စု နှင့် အဆင်ပြေစွာ ဆက်ဆံခဲ့လေသည်။

ကီယိုဆီကလည်း တာနီကိုနှင့် ရင်းနှီးလာသည်နှင့်အမျှ သူတို့ မိသားစုအကြောင်းတွေ စုံလင်စွာပြောပြလေ့ရှိသည်။ တာကာရှီ မိသားစု ကြွယ်ဝချမ်းသာလာသည့် အကြောင်းတစ်ခုမှာ အခွန်အကောက်များ မပေး ရှောင်ခဲ့ခြင်းကြောင့် ဖြစ်ကြောင်းကိုလည်း ပြောပြလေသည်။

✿ ✿ ✿

*တာနီကို၏ မှတ်တမ်းစာအုပ်မှ ကောက်နုတ်ချက်*

ယခုနှစ်မှာ ကျွန်မအဖို့ ကောင်းသော်လည်း နိုင်ငံတော်အတွက် မကောင်းသောနှစ် ဖြစ်ပါသည်။ ကျေးလက်ဒေသများတွင် ငတ်မွတ်ခေါင်းပါး ခြင်း ဘေးနှင့် ရောဂါဘယ ထုပြောသည့် ဘေးတို့ ရင်ဆိုင်နေရပြီး နေ့စဉ်နှင့်အမျှ လူတွေ အစုလိုက်အပြုံလိုက် သေဆုံးကြပါသည်။ လူဆိုး သူဆိုးများလည်း သောင်းကျန်းကာ နေ့ခင်းကြောင်တောင် လုယက်တိုက်ခိုက်မှုများ ဖြစ်ခဲ့ပါသည်။ ကျွန်မတို့ ရှီမာမိသားစု နေအိမ်တွင် နေ့စဉ် အစာရေစာငတ်၍ လာရောက်သူ များအား အစာအာဟာရများ ဝေငှပေးခဲ့ရပါသည်။

ယင်းသို့ အခြေအနေဖြစ်သည်ကို အာဏာရ တာကာရှီအုပ်စုက မည်သို့မျှ မတတ်နိုင်ပဲဖြစ်နေပါသည်။ သူတို့အကြောင်း ဝေဖန်ပြောဆိုသူများ သာ ဖမ်းဆီးနှိပ်စက်ပါသည်။

ကီယိုဆီက ကျွန်မအား ပွင့်လင်းစွာ စကားပြောစေချင်သော်လည်း အခြေအနေ ဆိုးရွားနေပုံအကြောင်းကိုတော့ မပြောချင်ပါ၊ သူ့ဖခင် ဆိုဂါမိုရီ



သည် မကြာခဏဒေါသကြီးနေပါသည်။

ကျွန်မအနေဖြင့် ကီယိုဆီအား လိုက်လျောခဲ့ခြင်းမှာ သူသည် မြင့်မြတ်ပြီး ခွန်အားရှိသလောက် စိတ်ဓါတ်ကြံ့ခိုင်သောကြောင့်ပင် ဖြစ်ပါသည်။

ကျွန်မအဖို့ စိတ်ဓါတ်ကြံ့ခိုင်သော ယောကျ်ားတစ်ယောက်ကို အားကိုး ချင်စိတ်ဖြစ်မိပါသည်။

✿ ✿ ✿

မကြာမီ တာနီကိုတွင် ပဋိသန္ဓေရှိလာလေသည်။

ထိုအကြောင်းကို ကီယိုဆီအား ပြောပြသောအခါ တာနီကို စိုးရိမ် သလို မဟုတ်ပဲ ကီယိုဆီက ဝမ်းမြောက်ဝမ်းသာ ဖြစ်ပုံရလေသည်။

အချိန်တန်သော် တာနီကိုတွင် သားယောကျ်ားကလေးတစ်ဦး ချော မောစွာ ဖွားမြင်လေသည်။

ကလေးအားတာနီကိုက အာဆူအိဟု နာမည်ပေးလိုက်သည်။ ကီယို ဆီ၏ဖခင် ဆိုဂါမိုရီ ကိုယ်တိုင်က ဝမ်းမြောက်ပုံရပြီး ကလေးငယ်အား တာကာ ရှီတစ်ယောက် ဖြစ်လာအောင် ပြုစုပျိုးထောင်ရမည်ဟု ပြောလေသည်။

“လောလောဆယ်တော့ ကလေးကို မင်းနဲ့ပဲအတူထားမယ်”

ဤသို့ ဆိုဂါမိုရီက ပြောသည်ကို တာနီကိုသည် သဘောမကျမိ ပါ။

✿ ✿ ✿

(၂၃)

ဂျောဘူ၏အသက် နှစ်ဆယ့်သုံးနှစ်မြောက်သော နှစ်၏နွေဦးရာသီ တွင် သူနှင့်မိုကိုတို့သည် ဆာမူရိုင်းတစ်စုတို့နှင့်အတူ ပိုးထည်ကုန်သည်များ အသွင် ဟန်ဆောင်ကာ ဟီယန်ကျိုမြို့တော်၏ ရာရှိုမွန်း တံခါးဝနားတွင် စခန်းချနေ ကြလေသည်။

သူတို့အား မူရာတိုမိုအုပ်စုမှ မသေပဲကျန်ရှိသော ခေါင်းဆောင်များက တာဝန်ပေး၍ လာကြခြင်းဖြစ်သည်။ ပေးလိုက်သော တာဝန်ကား ကပ္ပတိန် ၏သား ယူဘီအိုအား မြို့တော်အတွင်းမှ ကယ်ထုတ်ရန်ပင်ဖြစ်သည်။ မကယ်ပဲထားပါက ဆိုဂါမိုရီက ယူဘီအိုအား သတ်ပစ်မည်စိုးရသောကြောင့် ယခုကဲ့သို့ ကြံစည်ရခြင်းပင်ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအကြောင်းနှင့်ပတ်သက်၍ ဂျော်ဘူတို့ အဖွဲ့ခေါင်းဆောင် ဆာဘူရိုက

"ဆိုဂါမိုရီက ဒီသူငယ်ကို မြင်နေရရင် မူရာတိုမို မျိုးဆက်မပြတ် သေးတာကို မကျေနပ်နိုင်ပဲ လုံးဝမျိုးဆက်တုံးအောင် ဒီသူငယ်ကို သတ်ပစ်ချင် စိတ် ဖြစ်လာနေလိမ့်မယ်"ဟု ပြောပြဖလေသည်။

သူတို့အဖွဲ့မှ ဆာမူရိုင်းများသည် (ဂျော်ဘူနှင့် မိုကိုမှလွဲ၍)မည်သူ ဟီယန်ကျိုမြို့တော်သို့ မရောက်ဖူးကြချေ။ ထို့ကြောင့် အားလုံး စည်းဝေးတိုင် ပင်ကြပြီး ဂျော်ဘူတစ်ယောက်တည်းက ရှေးဦးစွာ ကင်းထောက် စုံစမ်းသည့် အနေဖြင့် မြို့တော်တွင်းသို့ သွားသင့်သည်ဟု ဆုံးဖြတ်လိုက်သည်။

ထိုကိစ္စနှင့်ပတ်သက်၍ ဆာမူရိုင်းခေါင်းဆောင် ဆာဘူရိုက ညွှန် ကြားလေသည်။

"သွားရင် ဂျော်ဘူက ဗုဒ္ဓဘာသာ ရဟန်းအသွင် ဝတ်စားပြီးသွား ပါ၊ မြို့တော်ထဲ ရောက်တဲ့အခါ ယူဘီအိုအကြောင်း သတင်းကို မေးမြန်းစုံစ ကြည့်ရမယ်၊ သူကို ထားတဲ့ ရိုက္ကူဟာရာ အဆောက်အအုံမှာ အစောင့်အကြပ် ဘယ်လိုချထားတယ် ဆိုတာလဲ လေ့လာပြီး ကျုပ်ဆီ ပြန်သတင်းပို့ရမယ် နောက်တစ်ခုက ဂျော်ဘူရဲ့ ဆံပင်အနီက သိသာလွန်းလို့ ခေါင်းတုံးပြောင်အော ရိတ်သွားပါ၊ အရပ်မြင့်တာကတော့ ကိစ္စမရှိဘူး၊ ဘုန်းကြီးတွေထဲမှာ အရပ်မြ သူတွေလဲ ရှိပါတယ်"

သို့နှင့်ပင် ဂျော်ဘူအား မိုကိုက ခေါင်းတုံးရိတ်ပေးလေသည်။

"ကျုပ် ရန်သူတွေဆီက ဓားရှည်တွေ စုဆောင်းခဲ့တာ အခု ပေါင်း ကိုးဆယ့်ကိုးလက်ရပြီ၊ နောက်တစ်ခုဆိုရင် တစ်ရာပြည့်တော့မယ်"

ဂျော်ဘူက စကားသပ်ပြီးပြောရာ မိုကိုက သဘောကျဟန်မတူ

"ရိုကေကလဲ… ဒီဓားရှည်တွေစုတဲ့ အလုပ်ဟာ ကျွန်တော့်အ ဘာမှ အဓိပ္ပါယ်မရှာဘူးလို့ ထင်ပါတယ်"

"ဟုတ်ပါတယ်၊ ဒါပေမယ့် ကျုပ်ကဆုံးဖြတ်ချက်ချထားပြီး နောက်ထပ် ဓားရှည်တစ်လက်ရပြီးရင် ကျုပ်ရပ်လိုက်တော့မှာပဲ၊ ရှေ့ ဓားရှည်တွေ စုဆောင်းတဲ့အလုပ် မလုပ်တော့ပါဘူး"

ဤသို့ ဂျော်ဘူက သူ၏သဘောထားကို ပြန်ပြောလိုက်သည်



မကြာမီ သူသည် ဟီယန်ကျိုမြို့တော်သို့ သွားလေသည်။

သို့သော် သတင်းစုံစမ်းရန် အခက်အခဲတွေ့ရပုံကား မြို့တော်ရှိ ူအများစုသည် လူစိမ်းများနှင့် စကားမပြောချင်ကြခြင်းပင် ဖြစ်သည်။ ူတွေကို ကြည့်ရသည့်မှာ ကြောက်နေပုံရလေသည်။ ဂျော်ဘူက မူရာတိုမို ိသားစုအမည်ကို စပြောလိုက်သည်နှင့် လူတကာက စကားဆက်မပြောတော့ပဲ ်တ်ဆိတ်ကြည့်နေလိုက်ကြသည်။ ဤသည်မှာလည်း အကြောင်းရှိပေသည်။

အနီရောင်ဝတ်စုံဝတ်သော လက်နက်ကိုင် လူငယ်တစ်စုသည် ြို့တော်အတွင်း လမ်းများ၌ လှည့်လည်ကာ ဆိုဂါမိုရီအား ဆန့်ကျင်သူ ်သမျှကို နှိပ်စက်ညှဉ်းပန်းတတ်သဖြင့် လူတိုင်းက ကြောက်နေကြရခြင်း ဖြစ်သည်။

ဂျော်ဘူကိုယ်တိုင် ထိုလူငယ်အုပ်စုနှင့်တွေ့ရာ သူက လိမ္မာပါးနပ်စွာ င်မဆိုင်ရအောင် ရှောင်ထွက်သွားလေသည်။

ယိုကီအိုနှင့် ပတ်သက်၍ သတင်းတစ်စုံတစ်ရာ စုံစမ်း၍ ရသည့်ပြင်၊ ဖမ်းထားသော ရိုကူမာရာ အဆောက်အအုံ၌ လက်နက်ကိုင် စောင့်အင်အားရှိသည်ကိုလည်း မည်သူကမျှ ပြောမပြနိုင်ကြချေ။

တစ်ခုတော့သိခဲ့ရသည်။ ပြည်သူလူထုအနေဖြင့် တာကာရှီအုပ်စု း စက်ဆုပ်မုန်းတီးပြီး ဂျော်ဘူက မေးမြန်းစုံစမ်းသည့်အခါ မည်သူကမျှ ်မဆိုးပဲ ဂျော်ဘူကိုသာ အထူးသတိထားရန် ဝိုင်းသတိပေးကြလေသည်။

ဂျော်ဘူသည် သူကိုယ်တိုင် တာကာရှီတို့၏ ဌာနချုပ်ရှိရာ ူဟာရာသို့ သွားလေ့လာကြည့်ရန် ဆုံးဖြတ်လိုက်သည်။

ညမိုးချုပ်၍ မှောင်မိုက်နေချိန်တွင် ဂျော်ဘူသည် မြို့တော်အနောက် ်ာ် ကာမိုချောင်းနံဘေးရှိ ရိုကူဟာရာရှိရာသို့ သွားလေသည်။

တဖြည်းဖြည်း နီးကပ်လာသောအခါ တစ်စုံတစ်ယောက်က ှမှုတ် နေသည်ကို ကြားရလေသည်။ ချောင်းကို ဖြတ်ကူးသည့် တံတားသို့ က်လျှင် ပလွေမှုတ်သူသည်လည်း တံတား၏ တဘက်မှ လျှောက်လာသည် မြင်ရလေ သည်။ ထိုလူသည် တောလိုက်အမဲပစ်ထွက်လျှင် ဝတ်ရသော ်းနှင့် အဝါရောင်ဝတ်စုံဝတ်ထားပြီး ခါးတွင်လည်း ဓားရှည်တစ်လက် ထားလေသည်။ ထိုဓားက ဆာမူရိုင်းဓားရှည်ဖြစ်သော်လည်း ထိုလူ၏

www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ထုံးဖွဲ့ထားပုံက ဆာမူရိုင်းဆံပင်ပုံမျိုး မဟုတ်ကြောင်း ဂျော့ဘူက သတိပြုမိလေသည်။ လူကတော့ အသက်ခပ်ငယ်ငယ် လူငယ်တစ်ယောက်ဖြစ်လေသည်။ ဂျော့ဘူသည် ထိုလူငယ်အား တိုက်ခိုက်၍ ဓားရှည်ကိုရယူရန် ဝန်လေးမိလေသည်။ ထိုမျှ ငယ်ရွယ်သူနှင့် ယှဉ်ပြိုင်တိုက်ခိုက်ရလျှင် ရှက်စရာကောင်းသည်ဟုလည်း ယူဆမိသည်။ သို့သော် ဤသူငယ်သည် ဆိုဂါမိုရီ၏ ဘက်သားမြို့ထဲလျှောက်ရမ်းနေသူ လူငယ်တစ်ဦးဖြစ်ဟန်တူသဖြင့် မှတ်သားလောက်အောင်တော့ ဆုံးမသင့်သည်ဟု တွေးမိပြန်သည်။

ဂျော့ဘူသည် သူ၏ နာဂီနာတာ ဓားရှည်ကို ဆွဲထုတ်ပြီး ပလွေမှုတ်သူ လူငယ်လာသည့် လမ်းတည့်တည့်တွင် ပိတ်ကာ၍ ရပ်နေလိုက်သည်။

"မောင်ရင် ပုလွေမှုတ်တာ ကောင်းသားပဲ"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်၊ ကျွန်တော်ဘာများ အကူအညီပေးရမလဲ"

"မောင်ရင်ရဲ့ ဓားရှည်ကို လိုချင်တယ်၊ ကျုပ်ကိုဓားရှည်ပေးရင် မောင်ရင်ကို ဆက်သွားခွင့်ပြုမယ်"

ဂျော့ဘူက ဤသို့ပြောလိုက်လျှင် ထိုလူငယ် ပလွေကို ပြန်သိမ်းလိုက်ပြီး ခါးကြားထဲမှ ယပ်တောင်တစ်ခုကို ထုတ်ယူကာ ဖြန့်ဖွင့်လိုက်သည်။ ယပ်တောင်က အဖြူရောင်နောက်ခံတွင် အနီရောင်စက်ဝိုင်းတခု ရေးခြယ်ထားသည်။

ဂျော့ဘူသည် အံ့အားသင့်နေမိလေသည်။ မိမိက ဓားရှည်ဖြင့် ခြိမ်းခြောက်နေသည်ကို ယပ်တောင်တစ်ခု ထုတ်ယူလိုက်ခြင်းသည် မည်သည့် အဓိပ္ပာယ် ဖြစ်လေသနည်း။

ထိုအခိုက် ပလွေသမားလူငယ်က

"ကျွန်တော့်ရဲ့ ဓားရှည်ဟာ အလွန်တန်ဖိုးရှိတဲ့ပစ္စည်း ဖြစ်ပါတယ်၊ ဒါကြောင့် ဓားရှည်ကို ကျွန်တော်က လူချင်းမတိုက်ခိုက်ရပဲ ဒီတိုင်းမပေးနိုင်ဘူး"ဟု ပြောလေသည်။

"ဒီမှာယ်သူငယ်၊ ကျုပ်က မတိုက်ချင်ပဲနဲ့ အတင်းတိုက်ရအောင် မလုပ်ပါနဲ့၊ ဘာလဲ မောင်ရင်က ကျုပ်တိုက်ခိုက်တာကို ယပ်တောင်ကလေးနဲ့ ခုခံကာကွယ်မယ် စိတ်ကူးသလား"



ဂျော့ဘူက ဤသို့ ပြောလိုက်သော်လည်း လူငယ်သည် ထိတ်လန့်ဟန်လှုပ်ဟန် မတူချေ။

"ခင်ဗျားဟာ စစ်မက် တိုက်ခိုက်ခြင်းကို လေ့ကျင့်ခဲ့ဖူးသူဆိုရင် ဒီယပ်တောင်ကို လက်နက်အဖြစ် အသုံးပြုနည်းကိုလဲ သိပါလိမ့်မယ်၊ အခု ကျွန်တော်က ဒီယပ်တောင်နဲ့ပဲ ခုခံကာကွယ်ပါမယ်"

လူငယ်က ပြောလိုက်ရာ ဂျော့ဘူသည် လှောင်ပြောသလို ရယ်မောလိုက်သည်။

"မောင်ရင်က လူငယ်သလောက် တယ်လဲ အပြောကြီးတာကိုး"

"ခင်ဗျားကကော ကျွန်တော့်ကို မတိုက်ပဲနဲ့ စကားတွေချည်း ပြောနေတာပဲ၊ ကိုင်း... အခု ခင်ဗျား တိုက်မှာလား၊ ဒီတိုင်းပဲ ရပ်နေမှာလား"

လူငယ်က စိမ်ခေါ်ရင်း သူ၏လက်မှ ယပ်တောင်ကို လက်နက်သဖွယ် အသင့်ကိုင်ထားလိုက်သည်။

ဂျော့ဘူသည် မနေသာတော့ပဲ ဓားရှည်ကို ဝင့်ကာ ရှေ့သို့ တိုးဝင်သွားပြီး ထိုလူငယ်အား အသေမသတ်လိုသဖြင့် ခြေထောက်များဆီသို့ တစ်ချက်သိမ်းခုတ်လိုက်သည်။

သို့သော် ထိုလူငယ်က အလွန်လျင်မြန်ဖျတ်လတ်စွာ ခုန်၍ ရှောင်လိုက်ရာ ဂျော့ဘူ၏ ဓားသည် သစ်သားတံတားဘောင်ကိုသာ ခုတ်မိလေသည်။

ဂျော့ဘူသည် ဓားကို လျင်မြန်စွာ ပြန်ရုပ်၍ နောက်တစ်ချက်ခုတ်ပြန်သည်။ ဤတွင်လည်း လူငယ်က ကျင်လည်စွာ တိမ်းရှောင်လိုက်ပြန်သည်။ ဂျော့ဘူသည် အလွန်အံ့ဩမိလေသည်။ သူ့ကိုယ်သူ အလွန်လျင်မြန်ဖျက်လတ်သည်ဟု ထင်ခဲ့မိရာ ယခုလူငယ်က မိမိထက်ပို၍ လျင်မြန်ဖျတ်လတ်စွာ တိမ်းရှောင်နိုင်ပုံမှာ တကယ်အံ့ဩဖွယ်ရာဖြစ်နေတော့သည်။

နောက်တစ်ချီ ဂျော့ဘူက ဝင်မတိုက်နိုင်မီ လူငယ်သည် ပြေးဝင်လာပြီး သူ၏ယပ်တောင်ဖြင့် ဂျော့ဘူ၏လက်ကို ရိုက်လိုက်ရာ ပြင်းစွာနာကျင်သွားသောက် ဓားရှည်လွတ်မကျစေရန် ကြိုးစားထိန်းကိုင်ထားရလေသည်။

ထို့ပြင် လူငယ်သည် ဂျော့ဘူ၏ ဦးခေါင်းနှင့်မျက်နှာကိုပါ ယပ်တောင်ဖြင့် အဆက်မပြတ်ရိုက်လေသည်။

ဂျော့ဘူသည် သူ၏ခွန်အားကို သုံး၍ လူငယ်အား အလောင်းတွန်းဖယ်

www.burmeseclassic.com

www.burmeseclassic.com



ပစ်လိုက်ရလေသည်။

ရုတ်တရက်စိတ်တိုပြီး ထိုလူငယ်အား အနိုင်တိုက်၍ ဓားရှည်ကိုယူမည်ဟု စိတ်ကူးမိသော်လည်း ပြန်စဉ်းစားကြည့်သောအခါ ဤလူငယ်ကား မိမိကဲ့သို့ပင် တိုက်ရေးခိုက်ရေး အထူးကျွမ်းကျင်သူ ဖြစ်၍ စိတ်ထဲမှ လေးစားမိကာ မသတ်ချင်တော့ချေ။

ထို့ကြောင့် သူသည် ရယ်မောလျက်

"ကျုပ်တိုက်ခိုက်ရတဲ့ လူထဲမှာ မောင်ရင်က အတော်ဆုံးပဲ" ဟု ပြောလိုက်သည်။

ထိုအခါ လူငယ်သည် သူ၏ယပ်တောင်ကို ပြန်သိမ်းလိုက်ပြီး ဂျော့ဘူအား ပြုံးကြည့်နေလေသည်။

"ကျွန်တော်က ခင်ဗျားဟာ ဂျော့ဘူဆိုတဲ့ ဖင်းဂျားဖြစ်ကြောင်း စောစောထဲက သိနေပါတယ်"

"မောင်ရင် ဘယ်လိုလုပ် သိတာလဲ"

ဂျော့ဘူက အံ့အားသင့်စွာဖြင့် မေးလိုက်သည်။

"ခင်ဗျားရဲ့ သတင်းကကျော်ကြားနေလို့ ကျွန်တော်ကြားဖူးနေတာ ကြာပါပြီ၊ ခင်ဗျားဟာ ဓားရှည်တွေလဲ လိုက်စုနေတယ်လို့ သိရတယ်၊ အခု ဓားဘယ်နှစ်လက် ရပြီလဲဗျ"

"ကိုးဆယ့်ကိုးလက်ရပြီ၊ ကျုပ်က တစ်ရာပြည့်အောင်စုဖို့ ဆုံးဖြတ်ထားတယ်၊ ဒါပေမယ့် အခုမောင်ရင်နဲ့ တွေ့ဆုံရတာဟာ ကျုပ်အဖို့ ဓားတစ်လက်ထပ်ရဖို့ထက် ပိုပြီးအဓိပ္ပါယ်ရှိပါတယ်"

"ဒီလိုကြားရတာ ဝမ်းသာပါတယ်၊ တစ်ချိန်က ခင်ဗျားဟာ ကျွန်တော့်အဖေနဲ့ ကျွန်တော့်အစ်ကိုတွေနဲ့အတူ တွဲတိုက်ခဲ့ဖူးပါတယ်၊ ဒါကြောင့် ကျွန်တော်က ခင်ဗျားရဲ့မိတ်ဆွေ ဖြစ်ချင်ပါတယ်"

"မောင်ရင်က ဘယ်သူလဲ"

"ကျွန်တော်ဟာ မိုရာတိုမိုအနွယ် တပ်မှူးကြီး ဒိုမေရဲ့သား ယူဘီအို ဖြစ်ပါတယ်"



ဤတွင် ဂျော့ဘူသည် အလွန်အံ့အားသင့်သွားလျက် လူငယ်၏ရှေ့တွင် ဒူးထောက်ထိုင်ချလိုက်သည်။

"ယူဘီအို သခင်ကလေးကို လိုက်ရှာနေတာ ကြာပါပြီ"

"ဟုတ်လား၊ ကျွန်တော်က ဒီနေ့ညပဲ ရီကူဟာရာက ထွက်ပြေးလွတ်မြောက်လာပါတယ်"

"ဟုတ်လား၊ တိုက်ခိုက်ရေးအတတ်ပညာက ဘယ်မှာသင်ခဲ့တာလဲ"

"တောင်ပေါ်ဒေသမှာနေတဲ့ တင်မဂူဆိုတဲ့ လူတွေဆီမှာ ညဘက် အသာလစ်ထွက်ပြီး လေ့ကျင့်သင်ကြားခဲ့ပါတယ်"

"ကျုပ်ဟာ အဖွဲ့တစ်ဖွဲ့နဲ့အတူ သခင်ကလေးကို ကယ်ဆယ်ဖို့ လာခဲ့ပါတယ်၊ အခုအတိုင်း ဆိုရင် သခင်ကလေးကပဲ မိုရာတိုမိုမိသားစုကို ခေါင်းဆောင်ရတော့မှာပဲ"

"မဟုတ်ဘူးဗျ၊ ခေါင်းဆောင်က ကျွန်တော့်အစ်ကို ဟီဒေယိုရှိ ဖြစ်ပါတယ်၊ အခုသူက ကာမာကူရာအရပ်မှာ ရှိနေတယ်၊ တစ်နေ့ကျရင် သူ ထွက်လာပါလိမ့်မယ်"

"ဘာပဲဖြစ်ဖြစ် ကျုပ်ကတော့ အခုချိန်ကစပြီး ယူဘီအို သခင်ကလေးကို အသက်ပေးပြီး သစ္စာရှိစွာ အမှုထမ်းဖို့ ကျမ်းကျိန်ပြောပါတယ်"

"ဟုတ်ကဲ့၊ လက်ခံပါတယ်"ဟု ပြောပြီး လက်ဖြင့်ကိုင်သယောင်ပြု၍ ဂျော့ဘူအား ပြန်ပေးလိုက်သည်။ ဤကား ဆာမူရိုင်းတို့၏ ထုံးစံပင်ဖြစ်သည်။

ဂျော့ဘူမှာ စိတ်ထိခိုက်လှုပ်ရှားလျက် မျက်ရည်များပင် လည်လာလေသည်။

"ကိုင်း...ဒါဖြင့် ခင်ဗျားရဲ့ မိတ်ဆွေတွေရှိရာကို ကျွန်တော်တို့ သွားကြပါစို့၊ ခင်ဗျားက ကျွန်တော်တို့ကို သစ္စာရှိစွာ အမှုထမ်းမယ်ဆိုတာ ဝမ်းသာပါတယ်"

ယူဘီအိုက စကားကို အဆုံးသတ်လိုက်လေသည်။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com



## (၂၄)

ဂျော့ဘူ၊ ယူဘီအိုနှင့် မိုကိုတို့ သုံးဦးသည် သူတို့နောက်သို့ လိုက်လာသည့် တာကာရီ ဆာမူရိုင်းများအား လွတ်အောင်ရှောင်၍ ထွက်လာနိုင်ခဲ့ကြသည်။ ခရီးသွားရင်း ရံဖန်ရံခါ ရန်သူဆာမူရိုင်းများနှင့် ပက်ပင်းတိုးမလိုဖြစ်ပြီးမှ တော့လွဲကာ လွတ်သွားတတ်သည်။ ရွာတစ်ရွာမှ သူတို့ထွက်သွားပြီးသည်နှင့် မရှေးမနှောင်းမှာပင် ထိုရွာသို့ တာကာရီ ဆာမူရိုင်းများ ရောက်လာတတ်သည်။

သူတို့သုံးဦးသည် မဟာမိတ်မြေရှင်အချို့၏ ကူညီစောင့်ရှောက်မှုကိုလည်း ရသဖြင့် ဘေးရန်တစ်စုံတစ်ရာ မတွေ့ရဘဲ ခရီးဆက်နိုင်ခဲ့ကြလေသည်။ ကြာသော် သူတို့သည် ဘာမှ လုပ်စရာမရှိ၍ ပျင်းရိငြီးငွေ့ခြင်းပင် ဖြစ်မိတတ်လေသည်။

ယူဘီအိုသည် ရန်သူ တာကာရီအုပ်စုအနေဖြင့် တစ်ချိန်မဟုတ်တစ်ချိန်တွင် ခြေလှမ်းများကာ အရေးနိမ့်ရလိမ့်မည်ဟု မျှော်လင့်နေခဲ့သည်ဟု ဆိုလေသည်။ ထို့ကြောင့် သူသည် ထိန်းသိမ်းခံနေရစဉ်အတွင်း ဆိုဂါမိုရီနှင့် သင့်တင့်အောင် ကြိုးစားနေခဲ့သည်။ သို့ဖြစ်လင့်ကစား ဆိုဂါမိုရီက သူ့အား ကွပ်မျက်ရန် ပြင်ဆင်နေပြီဟု သိရသဖြင့် ယူဘီအိုက လွတ်အောင်ထွက်ပြေးလာခဲ့ခြင်းဖြစ်လေသည်။

တစ်ခါတစ်ရံ ဂျော့ဘူနှင့် ယူဘီအိုတို့သည် ဓားရေး၊ လှံရေးအတတ်ပညာလေ့ကျင့်သည့်အနေဖြင့် အချင်းချင်း တိုက်ခိုက်လေ့ကျင့်လေ့ရှိကြသည်။ ယူဘီအိုက သူသည် ထိန်းသိမ်းခံနေစဉ်အတွင်း တစ်ယောက်တည်း တိုက်ခိုက်နည်းသစ်များကို တီထွင်ခဲ့သည်ဟုပြောပြသည်။ တကယ်လည်း နှစ်ယောက်သား လေ့ကျင့်ကြရာ၌ ယူဘီအို၏ တိုက်ခိုက်နည်းများက အလွန်ထိရောက်ကောင်းမွန်လှသဖြင့် ဂျော့ဘူသည် ယူဘီအိုအပေါ် တစ်နေ့တခြား ပို၍လေးစားလာမိလေသည်။

ယင်းသို့ မပြတ်လေ့ကျင့်ခြင်းအားဖြင့် ဂျော့ဘူနှင့် ယူဘီအိုနှစ်ဦးစလုံးသည် တိုက်ခိုက်မှုအရည်အသွေး အလွန်ထက်မြက်လာကြလေသည်။

ယူဘီအိုက သူသည် စက်မက်တိုက်ခိုက်ခြင်းနှင့် ပတ်သက်၍



သေနင်္ဂဗျူဟာ နည်းပရိယာယ်များအကြောင်း သဘောတရားကိုပါ အထူးကြိုးစား လေ့လာခဲ့ကြောင်း ပြောပြလေသည်။ နာမည်ကျော် တရုတ်စစ်ပညာပါရဂူ ဆွန်ဇူရေးသားသော 'စစ်တိုက်နည်းအတတ်ပညာ' စာအုပ်ကိုလည်း အသေးစိတ် လေ့လာခဲ့ပါသည်ဟု ဆိုလေသည်။

ထို့ပြင် ယူဘီအိုသည် ပင်လယ်ရေကြောင်းသွား သင်္ဘောများကို စိတ်ဝင်စားပြီး ရေကြောင်းတိုက်ခိုက်ရေး စစ်ပညာကိုပါ လေ့လာခဲ့သေးသည် ဆို၏။ သို့သော် လက်တွေ့အားဖြင့်မူ ယူဘီအိုသည် သင်္ဘောတစ်ခါမှ မစီးဖူးသဖြင့် ဂျော့ဘူနှင့် မိုကိုတို့အား ပင်လယ်ခရီးသွားရပုံအကြောင်း မေးမြန်းစုံစမ်းတတ်လေသည်။

တာကာရီအုပ်စုအနေဖြင့် သြဇာအာဏာရှိနေခြင်းမှာ သင်္ဘောတွေ အမြောက်အများပိုင်ဆိုင်ခြင်းကြောင့် ဖြစ်ကြောင်း၊ ငွေကြေးခနကြွယ်ဝခြင်းမှာ သင်္ဘောများဖြင့် နိုင်ငံခြားနှင့် ကုန်ကူးရောင်းဝယ်နိုင်ခြင်းကြောင့် ဖြစ်ကြောင်းကိုလည်း ယူဘီအိုက ဂျော့ဘူအား ပြောပြလေသည်။

ဤတွင် ဂျော့ဘူက သူတို့သုံးဦး ကျူရှူးကျွန်းသို့ သွားသင့်ကြောင်း အကြံပေးလေသည်။

"အဲဒီ ကျူရှူးကျွန်းမှာ ကျုပ်ရဲ့မိခင်နဲ့ ပထွေးတို့ နေထိုင်ကြတယ်၊ ကျုပ်အမေက ဟာကာတာ ပင်လယ်အော်နားက ဇင်ဂျားဘုရားကျောင်းတခုမှာ နေတယ်။ ဟာကာတာက ကျေးရွာသာသာ ဖြစ်ပေမယ့် ငါးလမ်းလှေတွေ၊ ပင်လယ်ကူးသင်္ဘောတွေ လာတတ်တယ်။ ပြီးတော့ တာကာရီအုပ်စုရဲ့ တပ်တွေလည်း မရှိဘူး ဟိုမှာ ကျုပ်တို့ ဘေးအန္တရာယ်မရှိပဲ နေနိုင်မယ်"

ဂျော့ဘူကပြောလျှင် ယူဘီအိုသည် စိတ်ဝင်စားလာပုံ ရလေသည်။

"အဲဒီကနေပြီး ပင်လယ်ခရီးသွားဖို့ ဖြစ်နိုင်သလား"

"ကိုရီးယားပြည်ကတော့ အဲဒီကဆိုယင် သိပ်မဝေးဘူး"

"ကျွန်တော်က တရုတ်ပြည်ကို သွားဖို့စိတ်ကူးမိတယ်၊ တရုတ်ပြည်မှာက သင်္ဘောတည်ဆောက်နည်း အတတ်နဲ့ ရေကြောင်းအတတ်ပညာတွေဟာ ဒီမှာထက် အများကြီးတိုးတက်နေတယ်လို့ သိရတယ်"

✿✿✿

သို့နှင့်ပင် ဂျော့ဘူ၊ ယူဘီအိုနှင့် မိုကိုတို့သည် ဗုဒ္ဓဘာသာဘုန်းကြီး

www.burmeseclassic.com

www.burmeseclassic.com



များအသွင် ရုပ်ဖျက်လျက် ဟွန်ရှူးကျွန်း အနောက်ဘက်ကမ်းရိုးတန်းမှတဆင့် ကျူးရှူးကျွန်းဆီသို့ ဆက်သွားကြလေသည်။

တစ်နေရာတွင် သူတို့သည် ငါးဖမ်းသင်္ဘောတစင်းဖြင့် ရေလက်ကြားတစ်ခုကို ဖြတ်သွားရာ သင်္ဘောမာလိန်မှူးက ပင်လယ်ဒီရေအတက်အကျအကြောင်း၊ ရေကြောင်းဖြင့်သွားရာတွင် ကျောက်တုံး ကျောက်ဆောင်များကို ကျင်လည်စွာ ရှောင်တိမ်းရပုံအကြောင်း စသည်တို့ကို ပြောပြလေသည်။

ဤတွင် ယူဘီအိုသည် ဂျော့ဘက်သို့ လှည့်၍

"အဲဒါမျိုးတွေကို ကျွန်တော်က နားလည်ကျွမ်းကျင်လို တယ်ဗျ" ဟု ပြောလေသည်။

"ဒါပေမယ့် ရေကြောင်းအတတ်ပညာကို ကုန်းပတ်မှာပဲနေပြီး လေ့လာလို့ မဖြစ်နိုင်ဘူး"

ဂျော့က ပြန်ပြောလိုက်သည်။

"ဘာပဲဖြစ်ဖြစ်လေ…တတ်နိုင်သလောက်တော့ ကြိုးစားလေ့လာမှာပဲ"

မကြာမီသူတို့သည် ဟာကာတာသို့ ရောက်သွားကြလေသည်။

ကျွန်းရှေ့ဝါခေါ် ဇင်ဂျားဘုရားကျောင်းသို့ ရောက်သောအခါ ဂျော့သည် ဘုရားကျောင်းအကြီးအကဲ ဝေချိုထံသို့ သွား၍ ဆရာကြီး တာအိတာရဲ့အကြောင်း စုံစမ်းမေးမြန်းကြည့်လေသည်။

"ဆရာကြီး တာအိတာရိုက ပင်လယ်ရပ်ခြားကို ထွက်သွားပြီ သူရဲ့ ဇင်ဂျားမနောအာရုံမှာ တရုတ်ပြည်ကို သွားရမယ်လို့ ဖြစ်ပေါ်လာ သွားဖို့ ဆုံးဖြတ်လိုက်တယ်၊ ဒါကြောင့် သူဟာ ဒီမှာ ကြာကြာမနေ တရုတ်ပြည်ကို ထွက်သွားတယ်"

ဝေချိုက ဤသို့ပြောပြသည်တွင် ယူဘီအိုက

"ကျွန်တော်လဲ တရုတ်ပြည်ကို သွားချင်တဲ့ဆန္ဒဖြစ်နေပါတယ်"

ထိုအခါ ဝေချိုက ဂျော့ဘက်သို့ လှည့်၍

"တကယ်လို့ ယူဘီအိုသခင်ကလေးက သွားမယ်ဆိုယင် ဂျော့ တစ်ပါတည်း လိုက်သွားရမယ်၊ ကျုပ်တို့ ဇင်ဂျားအဖွဲ့အနေနဲ့ ဂျော့ ယူဘီအိုသခင်ကလေးကို လုံးဝတာဝန်ယူကာကွယ် စောင့်ရှောက်ရမယ်လို့ သ မှတ်ထားတယ်"ဟု ပြောလေသည်။



ဘုရားကျောင်း၌ နေကြစဉ်အတွင်း ယူဘီအိုက ဇင်ဂျားအဖွဲ့ဝင်များနှင့် အတူနေစဉ် လေ့ကျင့်ခန်းများပြုလုပ်ပြီး မိုကိုကလည်း သူ၏ လက်သမားအတတ်ပညာဖြင့် ဘုရားကျောင်း၌ ပြုပြင်စရာရှိသည်တို့ကို ကူညီပြုပြင်ပေးလေသည်။

တစ်နေ့တွင် ဂျော့သည် မိခင်ကြီးညိုဆန်ထံ သွားတွေ့ပြီး တစ်နေကုန် စကားပြောရင်း နေလေသည်။

ဂျော့က ဆရာကြီး တာအိတာရိုသည် မိခင်ကြီးအား ပစ်ပြီး ထွက်သွားခြင်းကို ဝေဖန်ပြောဆိုရာ ညိုဆန်က-

"အခုလို ငါ့သားက အမေ့အတွက် စိုးရိမ်ပူပန်ပြီး ပြောတာကိုတော့ ဝမ်းသာပါတယ်ကွယ်၊ ဒါပေမယ့် အမေ့ဘဝမှာ ကြုံတွေ့ခဲ့ရတဲ့ ယောက်ျား သုံးယောက်စလုံးအပေါ် အမေက အလွန်ကျေနပ်နေမိပါတယ်၊ ပထမဆုံးက သားရဲ့ဖခင် ဂျာမူဂါ၊ ပြီးတော့ အမေ့ရဲ့ နောက်ခင်ပွန်း ဆရာကြီး တာအိတာရို၊ နောက်ပြီး ငါ့သားလေးဂျော့ ဒီသုံးယောက်စလုံးဟာ ထူးချွန်တဲ့ ယောက်ျားမြတ်တွေချည်းမို့ အမေကျေနပ်နေမိပါတယ်"ဟု ပြောလေသည်။

"ဒါပေမယ့် အမေရယ်… အမေ့အနေနဲ့ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ အပြည့်အဝ မရခဲ့ပါဘူး"

"ဒီလိုရှိတယ်သားရဲ့၊ လူတွေဟာ ကံတရားရဲ့ စီမံရာအတိုင်း လိုက်နာနေခဲ့ နေကြရတာချည်းပါကွဲ့"

ဤသို့လျှင် မိခင်ကြီးညိုဆန်က ဂျော့အား တရားသဘောဖြင့် ဖျောင်းဖျနှစ်သိမ့်ခဲ့လေသည်။

တစ်နေ့တွင် အကြီးအကဲဝေချိုက ဂျော့နှင့် ယူဘီအိုတို့အား သူ့ထံသို့ ခေါ်လိုက်သည်။ သူတို့နှစ်ဦးသွားတွေ့သောအခါ ဝေချိုနှင့်အတူ မျက်နှာဝိုင်းဝိုင်းလူနှင့် ဧည့်သည်တဦးရှိနေသည်ကို တွေ့ရလေသည်။ ထိုလူ၏ မျက်လုံးများက အထူးပင်တောက်ပြောင်လျက်ရှိကြောင်း ဂျော့က သတိပြုမိလေသည်။ ဝတ်ထားသော ဝတ်စုံက ဗုဒ္ဓရဟန်းများ၏ သင်္ကန်းနှင့်တူသော်လည်း အရောင်က သင်္ကန်းရောင်မဟုတ်ပဲ အနက်ရောင်ဖြစ်နေ၍ ဗုဒ္ဓဘာသာရဟန်း ဖြစ်ဟန်မတူချေ။

ထိုဧည့်သည်က ဘုရားကျောင်းအကြီးအကဲ ဝေချိုအား စကားပြော နေလေသည်။

www.burmeseclassic.com



"ကျုပ်နာမည် အီဆင့်လို့ ခေါ်တယ်၊ အခုကျုပ်က တရုတ်ပြည်က တစ်ဆင့် ဗုဒ္ဓဝါဒတစ်မျိုး ယူဆောင်လာတယ်၊ ဒီဝါဒကို ဇင်ဗုဒ္ဓဘာသာလို့ ခေါ်တယ်၊ တရုတ်လိုတော့ ချီအန်လို့ ခေါ်ပါတယ်"

ထိုလူက ဤသို့ပြောလိုက်ရာ ဝေချိုက ပြုံးလိုက်သည်။

"ဒါပေမယ့် ဂျော့ဘူကိုတော့ ခင်ဗျားတို့ရဲ့ ဇင်ဝါဒကို ယုံကြည် လက်ခံလာအောင် ဆွယ်ပြီး စည်းရုံးလို့ရမှာမဟုတ်ဘူး၊ သူက ဇင်းဂျားဝါဒကို သာ အကြွင်းမဲ့ ယုံကြည်သူဖြစ်တယ်၊ ပြီးတော့ ဟောဟိုဘက်က ယူဘီအိုသခင် ကလေးဆိုရင်လဲ စစ်တိုက်ဖို့ပဲ စိတ်ဝင်စားနေတာမို့ ဘာသာတရားကို ဂရုစိုက် မှာမဟုတ်ဘူး၊ သို့သော် သူတို့နှစ်ဦးဟာ တရုတ်ပြည်ကိုသွားဖို့ ရည်ရွယ်ကြလေ တော့ ခင်ဗျားအနေနဲ့ သူတို့ ဗဟုသုတဖြစ်အောင် တရုတ်ပြည်အကြောင်း တတ်နိုင်သလောက် ပြောပြစေချင်ပါတယ်၊ သူတို့က ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ ခင်ဗျားသွားချင်တဲ့ တောင်ထိပ်ရောက်အောင် လိုက်ပို့ပေးလိမ့်မယ်၊ ကျုပ်ကိုယ် တိုင်ကတော့ တောင်ပေါ်တက်ရမှာ ပျင်းတယ်"

ဝေချိုပြောရာ ဂျော့ဘူက ဝေဖန်သည့်အနေဖြင့်

"ပျင်းရိပျော့ညံ့တဲ့ ဇင်းဂျားဟာ ဇင်းဂျားမပီသဘူး"ဟု သူတို့ ဇင်းဂျားလက်စွဲစာအုပ်ထဲမှ အဆိုအမိန့်တစ်ရပ်ကို ကိုးကားပြောဆိုလိုက်သည်။

ဝေချိုသည် သဘောမကျဟန်ဖြင့် ဂျော့ဘူအား လှမ်းကြည့်လိုက် သည်။

"မောင်ရင်ကတော့လေ ဇင်းဂျားထဲမှာ အယူအသည်းဆုံး တစ် ယောက်ပါပဲ၊ ကျုပ်တို့ ဇင်းဂျားလက်စွဲစာအုပ်ထဲမှာ တစ်ခါတစ်လေ အကြမ်း နည်းထက် အနုနည်းက ပိုပြီးထိရောက်လို့လဲ ညွှန်ကြားထားတယ် မဟုတ်လား ကဲ…မောင်ရင်တို့က ဆရာတော် အီဆင်ကို ကျုပ်တို့တရားထိုင်တဲ့ တဲကို လိုက်ပို့ပေးလိုက်ပါ၊ လမ်းမှာပဲ မောင်ရင်ရဲ့ အယူအဆတွေကို သူ့ကိုသာ ပြောသွားပေတော့"

ဝေချိုကပြောလိုက်ပြီးနောက် တောင်ပေါ်ရှိတရားထိုင်သည့် တဲဆီသို့ တက်သွားကြလေသည်။

"ဒါထက် ဇင်ဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပာယ်က ဘာတဲ့လဲ ကျွန်တော်ဖြင့် တခါမှ မကြားဖူးပါကလား"



ဂျော့ဘူက စကားစပ်၍မေးလိုက်ရာ အီဆင်က ပြုံးလိုက်သည်။

"ကျုပ်တို့ ဂိုဏ်းသားတွေ ကိုယ်တိုင်ကလဲ ဒီမေးခွန်းကို မကြာ ခဏ မေးလေ့ရှိတယ်၊ ဇင်ဆိုတာ အိန္ဒိယဘာသာစကား 'ဈာန်'ဆိုတဲ့ စကားလုံး က ဆင်းသက်လာတယ်၊ အဓိပ္ပာယ်ကတော့ တရားဆင်ခြင် ရှုပွားတဲ့ သဘော ပဲ"

"ဒါဖြင့် ဇင်က တရားဆင်ခြင်ရှုပွားနည်းကို သင်ကြားတယ်ဆိုပါ တော့၊ ဘာအပေါ်မှာ အာရုံစိုက်ပြီး တရားထိုင်တာလဲ"

ဂျော့ဘူက ထပ်၍မေးလိုက်ပြန်သည်။

"တချို့ကတော့ ဈာန်တရားကို ဆင်ခြင်ရှုပွား တရားထိုင်တယ်၊ ကျုပ်ကိုယ်တိုင်ကတော့ ဘာမှမရှိတဲ့ သုညတရားကိုပဲ ဆင်ခြင်ရှုပွားတယ်"

"ဘာရည်ရွယ်ချက်နဲ့ ဆင်ခြင်ရှုပွားတာလဲ"

"တရားထိုင်ချင်လို့ ထိုင်တာပဲ၊ ဘာရည်မှန်းချက်မှ မရှိဘူး"

"ဟင် ဒါဖြင့် ဘယ်လိုဟာလဲ၊ ကျွန်တော်ဖြင့် နားမလည်ဘူး"

"ကျုပ်တို့ရဲ့ တရားသဘောက အလွန်လွယ်ကူ ရှင်းလင်းပါတယ်၊ ဒါကြောင့် ရုတ်တရက်နားလည်ဖို့ ခက်နေတာပါ"

ဤသို့ အပြန်အလှန်စကားပြောရင်း သူတို့သည် တောင်ပေါ်သို့ တက်သွားကြလေသည်။

ယူဘီအိုက စကားများများမပြောပဲ ဂျော့ဘူနှင့် အီဆင်တို့ကသာ တစ်လျှောက်လုံး စကားပြောသွားကြလေသည်။

တဖြည်းဖြည်း တောင်ပေါ်သို့ ရောက်လာကြရာ ဟာကာတာ ချိုင့်ဝှမ်းလယ်အော်၏ ရှုခင်းကို လှမ်းမြင်နေရလေသည်။

အီဆင်သည် သူတို့ ဇင်ဝါဒအကြောင်းကိုပင် ဆက်ပြောလေသည်။

"ရှေးပဝေသဏီခေတ်တည်းက ပညာရှိ ပုဂ္ဂိုလ်တွေဟာ တောထဲ သွားပြီး တရားစစ်တရားမှန်ကို ရှာဖွေခဲ့ကြတယ်၊ လူတွေဟာ ဘာကြောင့် ဆင်းရဲဒုက္ခတွေ ရင်ဆိုင်နေရတာလဲဆိုတဲ့ အကြောင်းရင်းကို ရှာခဲ့တယ်၊ အဲဒီ အမှန်တရားကို ဗုဒ္ဓက ရှာဖွေတွေ့ရှိခဲ့တယ်၊ အခုဆိုရင် ကျုပ်တို့ ဇင်ဝါဒသမား တွေနဲ့ မောင်ရင်တို့ ဇင်းဂျားအယူအဆချင်း မတူဘူး၊ ကျုပ်တို့က သတ်ဖြတ် တိုက်ခိုက်မှုစတဲ့ အကြမ်းဖက်မှုဟာ အမှန်တရားကိုရဖို့ အဟန့်အတား အနှောင့်

www.burmeseclassic.com

www.burmeseclassic.com



အယုက်ဖြစ်စေတယ်လို့ ယုံကြည်တယ်၊ မောင်ရင်တို့ ဇင်းဂျားတွေကတော့ သတ်ရဖြတ်ရမှာ ဝန်မလေးကြဘူး''

''ကျွန်တော်တို့ကလဲ အမှန်တရားကို စစ်မက်တိုက်ခိုက်နည်းနဲ့ ရှာကြတာပါပဲ၊ ကျွန်တော်တို့ဟာ ကိုယ်ကသတ်ရမယ့် ရန်သူကိုလဲ မုန်းတီးစက်ဆုပ်တဲ့စိတ်မျိုးမထားဘူး၊ မေတ္တာတရားတောင်ထားပါတယ်''

ဤသို့ပြောကြရင်း တရားထိုင်သည့်တဲဆီသို့ ရောက်သွားကြလေသည်။

ထိုအခါ ယူဘီအိုက အီဆင်အားတရုတ်ပြည်အကြောင်း စကားစပ်၍ မေးလေသည်။

''ကျွန်တော်တို့ သတင်းကြားရသလောက်ဆိုရင် တရုတ်ပြည်ဧကရာဇ်မင်းဟာ လူရိုင်းတွေကို ခုခံတိုက်ခိုက်နေရတယ်လို့ဆိုတယ်၊ ကျွန်တော်တို့က စစ်သည်တစ်စုခေါ်ပြီး တရုတ်ဧကရာဇ်ဘက်က ဝင်ကူညီတိုက်ဖို့ တရုတ်ပြည်ကို သွားမယ် စိတ်ကူးပါတယ်''

''တရုတ်ပြည်ကို သွားရင် ပညာဗဟုသုတရှာဖို့ သွားရင်းကောင်းပါတယ်၊ ဒါပေမယ့် တရုတ်ပြည်အလယ်ပိုင်းက လူရိုင်းတွေက ဝင်တိုက်မှာဆီးလိုက်ရင်တော့ လေ့လာသင်ကြားစရာ ဘာအတတ်ပညာမှ ကျန်တော့မှာ မဟုတ်ဘူး''

အီဆင်ကပြောရာ ယူဘီအိုက

''အဲဒီလူရိုင်းတွေအကြောင်း ပြောပြစမ်းပါ''ဟုဆက်မေးလိုက်ပြန်သည်။

''တရုတ်ပြည်ရဲ့ မြောက်ဘက်စွန်းမှာ လူပေါင်းစုံရှိတယ်၊ မန်ချူးလူမျိုးတွေ၊ တာတာလူမျိုးတွေ၊ နောက်ပြီး မွန်ဂိုလ်လူမျိုးတွေဆိုတာ ရှိတယ်၊ သူတို့ကဘယ်မှာမှ အတည်တကျမနေဘဲ မြင်းစီးပြီး လျှောက်သွားနေတယ်၊ ကျွဲ၊ နွား၊ တိရစ္ဆာန်မွေးမြူရေးလုပ်ပြီး ရွက်ထည်တဲတွေနဲ့ နေကြတယ်၊ တစ်ခါတစ်ခါ သူတို့ဟာ တရုတ်ပြည်တောင်ဘက်ကို စစ်ဝင်တိုက်လေ့ရှိတယ်၊ မွန်ဂိုလ်လူမျိုးတွေဟာ တခြားလူမျိုးစုတွေကို အပြုတ်တိုက်ခဲ့တယ်၊ အခုဆိုရင် တရုတ်ပြည်တောင်ပိုင်းမှာ အုပ်ချုပ်နေတဲ့ ဆွန်မင်းဆက်ကိုတောင် ခြိမ်းခြောက်နေပြီ''



''မွန်ဂိုလ်တွေက အလွန်ရက်စက်ကြမ်းကြုတ်တယ်လို့တော့ ကြားဖူးပါတယ်''

''မွန်ဂိုလ်တွေက သူတို့မှာလဲ တရားဥပဒေစည်းကမ်းတွေ ရှိပါတယ်၊ သတ္တိရှိပြီး တိုက်ရည်ခိုက်ရည်ဘက်က စွမ်းတယ်၊ သူတို့ကို စနစ်တကျ စည်းရုံးခေါင်းဆောင်ခဲ့သူကတော့ ဂျင်ဂျစ်ခန်ဆိုတဲ့ မွန်ဂိုလ်ခေါင်းဆောင်ကြီးပဲ ဖြစ်တယ်''

ထိုစကားကို နားထောင်ရင်း ဂျေဘူ၏ စိတ်ထဲ၌ သူ၏ဖခင်အား သတ်ရန် အာဗွန်ဘာဂါဒူအား လွှတ်လိုက်သူမှာ မွန်ဂိုလ်ဘုရင် ဂျင်ဂျစ်ခန်ပင် ဖြစ်ကြောင်း စဉ်းစားနေလေသည်။

အီဆင်ကပင် စကားဆက်ပြောလေသည်။

''အဲဒီ ဂျင်ဂျစ်ခန်ဆိုတာ စစ်မက်ရေးရာမှာ အလွန်ကျွမ်းကျင်တဲ့ ပါရဂူတဦးဖြစ်တယ်၊ စစ်တပ်တွေကို စနစ်တကျ စည်းရုံးလေ့ကျင့်ပြီးမှ တိုက်ခိုက်တဲ့အတွက် သူရဲ့တပ်တွေက အနိုင်ရတာချည်းပဲ၊ အခု သူသေဆုံးသွားပြီဖြစ်ပေမယ့် နောက်လူတွေကလဲ သူ့နည်းစနစ်အတိုင်း ဆက်လက်ကျင့်သုံးနေကြတယ်၊ ဂျင်ဂျစ်ခန်ဟာ ဉာဏ်ထက်မြက်တဲ့ နေရာမှာလဲ တရုတ်ပြည်နဲ့ ဂျပန်ပြည်က ဧကရာဇ်တွေထက် အများကြီးသာတယ်''

ထိုစကားကိုကြားလျှင် ယူဘီအိုသည် အံ့အားသင့်တုန်လှုပ်သွားလေသည်။

''ဟင်… ကျွန်တော်တို့ရဲ့ ဘုရင်ဧကရာဇ် မင်းမြတ်ကို လူရိုင်းတစ်ယောက်နဲ့ နှိုင်းယှဉ်ပြောရသလားဗျ''

''ဒီလိုသဘောမဟုတ်ပါဘူး၊ ကျုပ်တို့ရဲ့ ဂျပန်ဧကရာဇ်မင်းမြတ်ဟာ နေနတ်မျိုးနွယ်ဖြစ်ပါတယ်၊ ဒါပေမယ့် တစ်ခါတစ်ခါ နေရောင်ကို တိမ်တိုက်တွေက ဖုံးလွှမ်းနေတတ်တယ်၊ အခုလောလောဆယ်မှာတောင် ဂျပန်ပြည်မှာ တိမ်တိုက်တွေ ပိတ်နေတယ်လို့ ကျုပ်က ထင်မိတယ်''

သည်တော့မှ ယူဘီအိုက သဘောပေါက်ဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

''ဟုတ်ပါတယ်၊ ဂျပန်ပြည်မှာ တိမ်တွေထူထပ်စွာ ဖုံးအုပ်နေတာ အမှန်ပါပဲ၊ ဒါကြောင့် အခုကျွန်တော်တို့က တရုတ်ဧကရာဇ် ကျွန်းအောက်မှာ

www.burmeseclassic.com

www.burmeseclassic.com



သွားအမှုထမ်းဖို့ စိတ်ကူးတာပါပဲ''

''ဒါဖြင့် မောင်ရင် ခရီးသွားတဲ့အခါ ချောမောအောင်မြင်ပါစေလို့ ဆုတောင်းပါတယ်''

ပြောရင်း အီဆင်သည် တရားထိုင်ရန် ပြင်ဆင်သည့်အနေဖြင့် နေရာတကျ တင်ပလ္လင်ခွေထိုင်လိုက်သည်။ လက်နှစ်ဘက်ကိုလည်း လက်ဝါး တစ်ဘက်ပေါ် တစ်ဖက်တင်ထားလိုက်သည်။

''ဖင်းဂျားတွေက တရားထိုင်ရင် အထူးတလည် သတ်မှတ်ထား တဲ့ ထိုင်နည်းမရှိဘူးလို့ ကျုပ်သိရတယ်၊ ဒါပေမယ့် အခုလိုထိုင်တာ အကောင်း ဆုံးပဲ''

အီဆင်ကပြောပြီး ဆက်ထိုင်နေရာ ယူဘီအိုနှင့် ဂျေဘူတို့လည်း တောင်အောက်သို့ ပြန်ဆင်းလာကြလေသည်။

တောင်အောက်သို့ ရောက်လျှင် ယူဘီအိုက သူ၏ဆန္ဒကို ထုတ် ပြောလေသည်။

''ကျွန်တော်တော့ တရုတ်ပြည်ကိုသွားဖို့ ဆုံးဖြတ်လိုက်ပြီ၊ ခင်ဗျား ကတော့ တကယ်လိုက်ချင်မှလိုက်ပါ၊ ဖင်းဂျားအဖွဲ့က ညွှန်ကြားရုံနဲ့ မလိုက်ပါနဲ့ ခင်ဗျားစိတ်ထဲက တကယ်လိုက်ချင်မှ လိုက်စေချင်တယ်''

''ကျုပ်ကလဲ လိုက်ချင်ပါတယ်၊ ကျုပ်ကိုယ်တိုင်က တရုတ်ပြည်ကို သွားချင်တဲ့ဆန္ဒ ရှိနေလို့ပါ''

''ကောင်းပြီ၊ ဒါဖြင့် ကျွန်တော်က ပြည်နယ်အသီးသီးက မိတ်ဆွေ တွေဆီကို လျှို့ဝှက်အကြောင်းကြားစာတွေ ပို့လိုက်မယ်၊ မူရာတိုမိုအုပ်စုကို ထောက်ခံတဲ့ ဆာမူရိုင်းတွေအနေနဲ့ ကျုပ်နဲ့အတူ တရုတ်ပြည်ကို လိုက်ခဲ့ပါလို့ ခေါ်လိုက်မယ်၊ အမှန်တော့ ကျွန်တော့်အစ်ကိုကြီးရှိလျက်နဲ့ ကျွန်တော်က ဒီလို အမိန့် ထုတ်ဆင့်ခေါ်ပိုင်ခွင့်မရှိဘူး၊ သို့သော်လဲ အစ်ကိုကြီး ဟီဒေယိုရှီက ထိန်းသိမ်းခံနေရလို့ ဘာမှမပြောနိုင်ဘူး ဖြစ်နေတယ်၊ သူကလဲ ကျွန်တော့်လုပ် တာကို ထောက်ခံမှာပါပဲ''

ဂျေဘူက ဘာမှမပြောပဲနေရာ ယူဘီအိုကပင် ဆက်ပြောသည်။

''ဂျပန်ပြည်မှာက တာကာရှီတွေကသာ နေရာတကာကြီးစိုးနေ ကျွန်တော်အဖို့ ဘာမှလုပ်စရာမရှိတော့ဘူး၊ မူရာတိုမို မိသားစုရဲ့ လယ်မြေ



ဖမ္မည်းတွေလဲ အားလုံးသိမ်းယူလိုက်ကြပြီ၊ တရုတ်ပြည်မှာက ဥစ္စာဓန ကြွယ်ဝ တယ်၊ တရုတ်ပြည်ကို သွားခြင်းအားဖြင့် အလွန်ရေးကြီးတဲ့ ယဉ်ကျေးမှုကို လူရိုင်းတွေ လက်က ကာကွယ်ထိန်းသိမ်း စောင့်ရှောက်နိုင်လိမ့်မယ်၊ တနေ့ တာကာရှီအုပ်စုက အင်အားနည်းလာတဲ့အခါ ကျွန်တော်တို့ ပြန်လာနိုင်မှာပါပဲ၊ ဒီအတောအတွင်းမှာတော့ ကျွန်တော်တို့က တရုတ်ပြည်က ဆွန်ဧကရာဇ်ရဲ့ လက်အောက်မှာ စစ်တပ်အနေနဲ့ သွားအမှုထမ်းနေကြမယ်၊ အဲဒီတပ်ကို ခင်ဗျားနဲ့ ကျွန်တော်ကပဲ ခေါင်းဆောင်ရမယ်''

ထိုနေ့ညဘက်က ဂျေဘူသည် မိုကိုအား ယူဘီအို၏ ဆုံးဖြတ်ချက် အကြောင်း ပြောပြလိုက်လေသည်။

ထိုအခါ မိုကိုက သဘောကျဟန်ဖြင့် ပြုံးလိုက်သည်။

''ဒီမယ်ရှီကေ··· ကျွန်တော်နဲ့ ခင်ဗျားစတွေ့ကာစအချိန်က ကျွန် တော်ပြောခဲ့ဖူးတယ် မဟုတ်လား၊ လိုအပ်ရင် ရှီကေနဲ့အတူ တရုတ်ပြည်ထိ အောင် လိုက်ပါမယ်လို့၊ အခုတော့ ကျွန်တော်ပြောတဲ့အတိုင်း တကယ်ဖြစ်လာပြီ လေ၊ ကျွန်တော့်အနေနဲ့ အခုဒီဟာကာတာမှာ နေရတာ ပျော်ပေမယ့် တရုတ်ပြည် ကို လိုက်ရမယ်ဆိုရင် လိုက်ဖို့ အဆင်သင့်ရှိပါတယ်''

❁ ❁ ❁

(၂၅)

တာနီကိုသည် သူ၏သားကလေး အာဆူအီနှင့်အတူ ဟေအီတောင် ပေါ်ရှိ ဘုရားကျောင်းသို့ သွားပြီး ဟီယန်ကျိုမြို့တော်သို့ ပြန်လာလေသည်။

သားငယ်အာဆူအီသည် အသက်ကိုးနှစ်သားအရွယ်ရှိပြီဖြစ်၍ အခု ကျွမ်းကျင်မှုတ်သည့် ဂီတအနုပညာသင်ခန်းစာများ စတင်လေ့ကျင့်သင်ကြားနေပြီဖြစ် ၍ တောင်ပေါ်ဘုရားကျောင်း၌ ဂီတသင်တန်းတက်ပြီး သားအမိနှစ်ယောက် အားဖြင့် ပြန်ခဲ့ခြင်းဖြစ်သည်။

သူတို့၏ ရထားရှေ့တွင် လက်နက်မပါသော ဆာမူရိုင်း ဆယ်ဦးက စောင့်အရှောက်လိုက်ပါပြီး ရထား၏နောက်တွင်လည်း ဆာမူရိုင်း ခြောက်ဦးတို့ ပါကြသည်။ ထိပ်ဆုံးမှ အသက်ကြီးကြီး ဆာမူရိုင်းတစ်ဦးက မိသားစု၏ ရထားကို ကိုင်ဆောင်လေသည်။ သို့သော် အလံက စစ်တိုက်ရာတွင် အသုံးပြု

www.burmeseclassic.com

www.burmeseclassic.com



သော စစ်အောင်လံမဟုတ်၊ ငြိမ်းချမ်းရေးအထိမ်းအမှတ် အလံဖြစ်လေသည်။

သားငယ် အာဆူအိသည် ရထားပေါ်တွင် ပျော်ရွှင်စွာ ပလွေမှုတ်ရင်း လိုက်ပါလာလေသည်။

တာနီကိုမှာ သားကလေးကိုကြည့်ပြီး ကြည်နူးပီတိဖြစ်နေသေသည်။

"ကျေးလက်ဒေသကလူတွေ တီးတဲ့ ကြိုးတပ်တူရိယာတမျိုး တယ်၊ ဆာမီဆင်လို့ခေါ်တယ်၊ အဲဒီပစ္စည်းမျိုး သားကလေးလိုချင်ရင် မှာ ပေးမယ်"

တာနီကိုက ပြောလိုက်ရာအာဆူအိက သဘောမကျဟန်ဖြင့်

"ကျေးလက်က တောသားတွေဆီက ဘာမှမလိုချင်ဘူး၊ သူတို့ဟာ အလွန်အရုပ်ဆိုးပြီး ရိုင်းစိုင်းတယ်၊ ကျွန်တော်က ကျေးလက်က တောသား မတူချင်ဘူး"ဟု ပြန်ပြောလေသည်။

"အမေကလဲ တောကပဲကွဲ့"

"အမေကမပြောရင် ဘယ်သူမှမသိပါဘူး၊ အခုအမေက မြို့ကြီး သူ တစ်ယောက်ဖြစ်နေမှပဲ"

ထိုအခိုက် တစ်စုံတစ်ယောက်က ဒေါသသံနှင့် အော်ပြောသံကြား လေသည်။

ထိုအချိန်၌ သူတို့၏ ရထားသည်လည်း မြို့တံခါးဝနား ရောက်နေပြီဖြစ်သည်။

"ဟေ့... ရထားကို လမ်းပေါ်က ဖယ်လိုက်စမ်း၊ ဘုရင့်အတိုင် ခံ ရီးဂျင့်မင်းသားကြီး ဖူဂျီဝါရာ လာနေတယ်၊ သူ့ရထားလာနေတဲ့လမ်း ဖယ်လိုက်စမ်း"

တာနီကိုလည်း ရထားပေါ်မှ လှမ်းကြည့်လိုက်ရာ၊ အနက်ရောင် စုံဝတ်ထားသူ မားရှည်ကိုင်လူလေးယောက်သည် မိမိတို့ ရထားဆွဲသောနွား ဖမ်းချုပ်ကိုင်ထားသည်။

ဤတွင် တာနီကိုတို့၏ ရထားရှေ့မှ အလံကိုင် အဘိုးကြီးက ပြန်အော်ပြောလေသည်။

"ဒီရထားပေါ် ပါလာတာက တာကာရှိုတပ်မှူးကြီး ကီယို



သား၊ မြို့စားကြီး ဆိုဂါမိုရီရဲ့ မြေးဖြစ်တယ်၊ ဘုရင်ဧကရာဇ်ရဲ့ ရန်သူများကို တိုက်ခိုက်ချေမှုန်းခဲ့တဲ့ အမျိုးအနွယ်ဖြစ်တယ်"

ထိုအချိန်၌ ဝတ်စုံနက်ဝတ်ထားသူများက အလံကိုင်သူနားသို့ ဝိုင်းလာကြလေသည်။

မျက်နှာချင်းဆိုင်ဘက်မှ ထည်ဝါခန့်ငြားသော ရထားတစ်စီးလာနေသည်ကို တာနီကိုက လှမ်းမြင်ရလေသည်။ ဘုရင်ဧကရာဇ်၏ အတိုင်ပင်ခံ (ရီးဂျင့်)ဖြစ်သူ ဖူဂျီဂါဝါ၏ ရထားဖြစ်ကြောင်း သိသာပေသည်။

လမ်းကကျဉ်းသဖြင့် ရထားနှစ်စီး မရှောင်သာသောကြောင့် တစ်စီးက ဖယ်ပေးရမည်ဖြစ်ရာ မိမိတို့က မဖယ်ပေးပါက ပဋိပက္ခဖြစ်ကုန်တော့မည်ဟု တာနီကိုက စိုးရိမ်မိလေသည်။

ဖူဂျီဝါရာအနွယ် မင်းသားတို့သည် ဂျပန်ဘုရင်ဧကရာဇ်မိသားစုနှင့် သွေးသားတော်စပ်အောင် အကြိမ်ကြိမ် ထိမ်းမြားလက်ထပ်ခဲ့ကြသဖြင့် အဥ်အလာအရ သူတို့ကသာ နန်းတော်အတွင်း ကြီးစိုးချယ်လှယ်နေခဲ့သည်မှာ ကြာပြီဖြစ်သည်။

သို့သော် တာကာရှိုအုပ်စုခေါင်းဆောင် ဆိုဂါမိုရီကလည်း လက် နက်ကိုင်တပ် အင်အားအများရှိသဖြင့် မြို့တော်အတွင်း ဩဇာအကြီးမားဆုံး ဖြစ်နေသည်။ ထို့ကြောင့် တာနီကိုသည် အလျှော့မပေးရန် ဆုံးဖြတ်လိုက်ပြီး အလံကိုင်အဘိုးကြီးအား ခေါ်၍...

"ဒီမယ်၊ ရှင်က အလျှော့မပေးပါနဲ့၊ ဒီရထားပေါ်မှာ မြို့စားကြီး ဆိုဂါမိုရီရဲ့ မြေးကလေးပါတာမို့ ကျွန်မတို့ရထားက ဆက်သွားခွင့်ရှိတယ်လို့ ပြောပါ၊ ဒီတံခါးဝကို ရထားနှစ်စီးလုံး တစ်ချိန်တည်း ရောက်လာတာဖြစ် တယ်"ဟု ပြောလိုက်သည်။

"ဒီလိုဆိုရင် ဒီလူတွေက အကြမ်းဖက်ပြီး တိုက်ခိုက်ကြပါလိမ့် မယ် သခင်မလေး"

အလံကိုင်လူကြီးက ပြန်ပြောလေသည်။

"တိုက်ရင်တော့ သူတို့ဘက်က အလွန်ဖြစ်မှာပေါ့၊ အခုအချိန်မှာ တာကာရှိုမိသားစုတစ်ခုလုံးရဲ့ ဂုဏ်သိက္ခာ မထိခိုက်ဖို့ အရေးကြီးတယ်"

တာနီကိုက ထပ်ပြောလိုက်ရာ အလံကိုင်သူလည်း တစ်ဘက်အုပ်စု

www.burmeseclassic.com

www.burmeseclassic.com



မှ ခေါင်းဆောင်ထံသို့သွား၍ ပြောလိုက်သည်။

ထိုအခါ တစ်ဘက်မှ ခေါင်းဆောင်က ဒေါသဖြစ်လာကာသူ၏ လူများဘက်သို့ လှည့်၍

"ဟော့...ဒီရထားကို လမ်းပေါ်က တွန်းပစ်လိုက်စမ်း" ဟု အမိန့် ပေးလိုက်သည်။

ဤတွင် အနက်ရောင်ဝတ်စုံ ဝတ်ထားသူ လူလေးယောက်သည် နာဂီနာတာခေါ် ဓားရှည်များ ကိုယ်စီကိုင်လျက် ရှေ့သို့ တိုးလာလေသည်။ ကျန်လူများက တာနီကိုတို့၏ ရထားဆွဲသော နွားကို အတင်းဘေးသို့ တွန်းဖယ်ကြရာ တာကာရှိ ဆာမူရိုင်းများက လက်နက်မပါသော်လည်း အလျှော့ မပေးဘဲ ပြန်လည်တွန်းကြလေသည်။

ဝတ်စုံနက်နှင့် ဓားရှည်ကိုင် လူတစ်ယောက်သည် ဆာမူရိုင်းတစ်ဦး၏ ဦးခေါင်းကို ဓားရိုးဖြင့် တအားရိုက်လိုက်သဖြင့် ဆာမူရိုင်းသည် မြေပေါ်သို့ လဲကျသွားလေသည်။

ရထားပေါ်မှ တာနီကို၏သားငယ် အာဆူအီသည် ခေါင်းပြူကြည့်ပြီး တာကာရှိ ဆာမူရိုင်းအား

"ဟိုလူတွေကို သတ်ပစ်လိုက် သတ်လိုက်" ဟု ဟစ်အော်အားပေး လေသည်။ တာနီကိုက သူ့သားကို လျင်မြန်စွာ အတွင်းသို့ ပြန်ဆွဲထားလိုက် လေသည်။

ဝတ်စုံနက်နှင့် လူတစ်ယောက်က ရထားအနီးသို့ ချဉ်းကပ်လာပြီး ခန်းဆီးပိတ်များကို ဖွင့်လျက်-

"ရီးဂျင့်မင်းသားကြီးရဲ့ ရထားသွားဖို့ လမ်းဖယ်ပေးရမယ်" ဟု ပြောလေသည်။

ဤတွင် ကလေးငယ် အာဆူအီသည် သူ၏လက်မှ ပလွေဖြင့် ထိုလူ၏ မျက်နှာကို လှမ်းရိုက်လိုက်လေသည်။

ထိုအချိန်၌ တစ်ဘက်အုပ်စုမှ လူများက ရထားကို အတင်းတွန်း ဖယ်ရင်း ရိုက်နှက်ဖျက်ဆီးနေကြပြီ ဖြစ်သည်။

တာနီကိုနှင့် သူ့သားငယ်တို့လည်း ရထားပေါ်မှ မြေကြီးပေါ်သို့ လွင့်ကျသွားကြလေသည်။



တာနီကိုသည် သူ့သားကလေးအတွက် အထူးစိုးရိမ်သွားမိလေ သည်။

ဝတ်စုံနက်နှင့် လူတစ်ယောက်က အာဆူအီအား ဖမ်းဆွဲနေစဉ် တာနီ ကိုသည် ထိုလူ၏ ခါးကြားမှ ဓားမြှောင်ကို ရုတ်တရက် ဆွဲယူလိုက်ပြီး အတင်း ဝင်ထိုးမည်ပြုလိုက်သည်။

သို့သော် အလံကိုင်အဘိုးကြီးက တာနီကို၏လက်ကို ဖမ်းဆွဲထား လိုက်သည်။

"သခင်မလေး သတိထားပါ၊ သခင်မလေးရဲ့လက်ကို ဒါမျိုးနဲ့ ညစ်ပတ်သွားပါစေနဲ့"

ဤသို့ပြောရင်း အဘိုးကြီးသည် အာဆူအီအား ဖမ်းဆွဲထားသူ ဝတ်စုံနက်နှင့်လူ၏ လည်ပင်းကို လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်ရာ ထိုလူ လဲကျသွားလေသည်။

တာနီကိုလည်း သားကလေးအား ပြေး၍ ပွေ့ဖက်ထားလိုက်သည်။

ထိုအခိုက် တစ်ဘက်မှ လူတစ်ယောက်က အလံကိုင်အဘိုးကြီး အား ဓားရှည်ဖြင့် ဝမ်းဗိုက်ကို ထိုးလိုက်ရာ အဘိုးကြီးခဗျာ လဲကျသွားရှာတော့ သည်။

တာနီကိုသည် အဘိုးကြီး လဲကျနေရာသို့ ပြေးသွားကြည့်လေသည်။

အလံကိုင်အဘိုးကြီးသည် ဒဏ်ရာ ပြင်းထန်လှသော်လည်း မသေ သေးပဲ သတိရလျက်ရှိနေသည်။

"သခင်မလေး ဘာမှ စိတ်မကောင်းမရှိပါနဲ့၊ ကျုပ်တို့ ဆာမူရိုင်း တွေအဖို့ ဒါမျိုးက ကြုံရစမြဲပါပဲ"

အဘိုးကြီးက ကြိုးစား၍ စကားပြောရှာသည်။

ထိုအချိန်၌ တာနီကို၏ ရထားမှာ လမ်းဘေး၌ သုံးမရအောင် ပျက်စီးနေပြီဖြစ်ရာ ရီးဂျင့်မင်းသား၏ ရထားသည် ဖြတ်မောင်းသွားလေသည်။

တာနီကိုတို့ဘက်မှ တာကာရှိဆာမူရိုင်းအများစုမှာ ရိုက်နှက်ခံရ၍ ဒဏ်ရာရသူရ၊ လဲသူက လဲကျနေကြလေသည်။

တာနီကိုက ဆာမူရိုင်းတဦးအား ခေါ်၍

"ရှင် ကီယိုဆီ သခင်ဆီကို အမြန်သွားပြီး အကြောင်းကြား

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါ၊ ကျွန်မတို့ ဒီကပဲ စောင့်နေမယ်လို့လဲ ပြောလိုက်ပါ''ဟု အမိန့်ပေးလိုက်သည်။

ဝမ်းဗိုက်တွင် ဓားထိုးခံရသူ အလဲကိုင်အဘိုးကြီးသည် မသေသေးဘဲ ပြင်းစွာ ဝေဒနာခံစားနေရလေရာ တာနီကို၏ လက်တွင်ရှိသော ဓားမြှောင်ကို မြင်ပြီး တောင်းပန်လေသည်။

''သခင်မလေး ဒဏ်ရာကပြင်းလို့ အသက်မရှင်နိုင်တော့ဘူး၊ ဒါကြောင့် သခင်မလေးလက်က ဓားမြှောင်နဲ့ ကျုပ်ကို ထိုးပြီးမြန်မြန်သေအောင် ကူညီပါ''

တာနီကိုသည် ရုတ်တရက် လန့်သွားသော်လည်း ဆာမူရိုင်းတို့၏ ထုံးစံကို နားလည်မိသဖြင့် လိုက်လျောရန် ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့် မျက်စိမှိတ်ထားပြီး 'မြတ်စွာဘုရားအား ရှိခိုးပါ၏'ဟု စိတ်ထဲမှ ရေရွတ်ဆုတောင်းလျက် ဓားမြှောင်ဖြင့် အဘိုးကြီး၏ ရင်ပတ်ကို တအားထိုးစိုက်ချလိုက်သည်။

ဤကား ဆာမူရိုင်းထုံးစံအရ ဝေဒနာခံစားမှု ပြီးဆုံးသွားအောင် ကူညီလိုက်ခြင်းဖြစ်သော်လည်း တာနီကို၏ သားကလေး အာဆူအီသည် နားမလည်ဘဲ တုန်လှုပ်ချောက်ချားသွားရှာလေသည်။

''အမေက လူသတ်တယ်၊ လူသတ်တယ်''

မကြာမီ ကီယိုဆီကိုယ်တိုင် အကောင်းဆုံး ရထားတစ်စီးဖြင့် ရောက်လာလေသည်။ သူနှင့် လက်နက်ကိုင် ဆာမူရိုင်းများလည်း အစောင့်အရှောက်အဖြစ် လိုက်ပါလာကြသည်။

''ကျုပ်တို့နဲ့ ရီးဂျင့်မင်းသားတို့ဟာ ရန်သူဖြစ်တယ်၊ သူတို့က ကျုပ်နဲ့မရဲ့ ခင်ပွန်း တာကာကူရာမင်းသား ဧကရာဇ်ဘုရင်အဖြစ် ထီးနန်းဆက်ခံမှာကို လုံးဝမလိုလားဘူး၊ ဒါကြောင့် တဘက်နဲ့ တဘက်မှ အမြဲပဋိပက္ခ ဖြစ်နေကြရတယ်''

ကီယိုဆီက ပြောပြရာစိတ်ဆိုးသည့်ဟန်မဟုတ်ပဲ ဝမ်းနည်းဟန် ဖြစ်နေလေသည်။

''ရှင်က ဘာများ စိတ်မကောင်းဖြစ်နေတာလဲ''

တာနီကိုက ပြန်မေးလိုက်ရာ ကီယိုဆီသည် သူ၏ ခံစားချက်ကို



ဖွင့်ပြောပြလေသည်။

''ကျုပ်စိတ်ထဲမှာ ဘဝင်မကျ ဖြစ်နေတာက ကျုပ်ဟာ တစ်သက်လုံး ကျုပ်အဖေရဲ့ တိုက်ပွဲတွေချည်း တိုက်ခိုက်ရတယ်၊ နောက်ကိုလဲ ဆက်တိုက်နေရဦးမှာပဲ၊ ဘယ်တော့မှ ဆုံးမှာမဟုတ်ဘူး''

''ဒါဖြင့် ဖူဂျီဝါရာအုပ်စုက ဝန်ချတောင်းပန်ဖို့အရေး ပေးလိုက်ပါလား၊ သူတို့ရဲ့ အမှားကိုသိရင် ဝန်ခံပါလိမ့်မယ်''

တာနီကိုက အကြံပေးလိုက်သော်လည်း ကီယိုဆီက ခေါင်းခါပြလေသည်။

''ကျုပ်အဖေက ဝန်ချတောင်းပန်တာကို လက်ခံမှာမဟုတ်ဘူး၊ နောက်ပြဿနာတစ်ခုကလဲ ဒိုမေရဲ့သား ယူဘီအိုဟာ အခုတစ်စခန်းထလာပြန်တယ်၊ သူက ကျူရှူကျွန်းမှာ လက်နက်ကိုင် တပ်တွေစုနေတယ်၊ ကျုပ်တို့ထောက်လှမ်းရေးသတင်းအရ သူဟာ တရုတ်ပြည်ကိုသွားပြီး တရုတ်ဧကရာဇ်ဘက်က ဝင်တိုက်ပေးလိမ့်မယ်လို့ သိရတယ်၊ ကျုပ်အဖေကတော့ ယူဘီအိုဟာ ဒီမှာလဲ ပုန်ကန်တော်လှန်လိမ့်မယ်လို့ ယူဆတယ်၊ ဒါကြောင့်အခု ကျုပ်ကိုယ်တိုင် ကျူရှူကျွန်းကိုသွားပြီး ယူဘီအိုကို နှိမ်နင်းရလိမ့်မယ်''

''ဟင် ရှင်ကိုယ်တိုင် သွားရမှာလား''

တာနီကိုက စိုးရိမ်ဟန်ဖြင့် ပြန်မေးလိုက်သည်။

''ကျုပ်က တာကာရှီစစ်တပ်တွေရဲ့ သေနာပတိ တပ်မှူးကြီးဖြစ်နေတယ်၊ ကျုပ်ကတော့ ယူဘီအိုသွားချင်သွားပါစေလားလို့ ကျုပ်အဖေကို အကြံပေးထားပါတယ်၊ သူတို့ဘက်သားတွေအားလုံးစုပြီး တရုတ်ပြည်ကို ထွက်သွားရင် ကျုပ်တို့အဖို့ ရန်အေးသွားမှာပဲ မဟုတ်လား၊ ဒါပေမယ့် ကျုပ်အဖေက တိုက်ပွဲတစ်ခုမှာ သွေးထွက်သံယိုဖြစ်မှ ကျေနပ်တယ်၊ လူတွေသေပြီးမှ အနိုင်ရတာကို လိုချင်တယ်''

ကီယိုဆီသည် ပြောရင်းနှင့် နာကျည်းဒေါသဖြစ်လာလျက် စကားဆက်ပြောလေသည်။

''တကယ်ပါတာနီကိုရယ်၊ ကျုပ်ကိုယ်တိုင် ယူဘီအိုကို မှတ်မိနေပါတယ်၊ သိပ်ပြီးဖျတ်လတ်တက်ကြွတဲ့သူငယ် တစ်ယောက်ပါပဲ၊ ဟိုတုန်းကတော့ သူဟာ ငယ်ငယ်ပဲရှိပါသေးတယ်၊ သူကတော့ ကျုပ်အပေါ် ဘယ်လို

www.burmeseclassic.com

www.burmeseclassic.com



သဘောထားတယ်မသိဘူး၊ အခုတော့ ကျုပ်ရဲ့ဖခင်ကြီးဟာ ယူဘီအိုရဲ့ ခေါင်းကို ဖြတ်ပြီး ယူခဲ့ရမယ်လို့ ကျုပ်ကို အမိန့်ပေးလိုက်တယ်၊ ကျုပ်တော့ သိပ်ပြီး စိတ်မောလှမောဖြစ်နေမိတယ်၊ အခုလို တစ်ဖက်နဲ့တစ်ဖက် တိုက်ခိုက်သတ်ဖြတ်နေတာတွေဟာ ဘယ်တော့များမှ ပြီးဆုံးမှာလဲ မသိပါဘူး''

ကီယိုဆီက ညည်းညူသလို ပြောလိုက်သည်။

● ● ●

*တာနီကို၏ မှတ်တမ်းစာအုပ်မှ ကောက်နုတ်ချက်*

ကီယိုဆီထံမှတဆင့် ကျွန်မသည် သတင်းတစ်ခုကြားရပါသည်။

ကျွန်မတို့ရထားကို နိုင်ထက်စီးနင်းပြုခဲ့သူ ရီးဂျင့်ဖူဂျီဝါရာ၏ ရထားကို နောက်ပိုင်းတွင် ဆာမူရိုင်းတစ်စုက ဝင်တိုက်ခိုက်ရာ ရီးဂျင့်မင်းသား၏ အဖွဲ့မှ လူရှစ်ဦး သေဆုံးခဲ့ပြီး ရထားမှ နွားများကိုလည်း ဖြတ်မောင်း လွှတ်လိုက်သဖြင့် ရီးဂျင့်မင်းသားသည် ခြေကျင်ဆက်လျှောက်သွားရကြောင်း သိရပါသည်။

ကျွန်မ၏သားကလေး အာဆူအီအတွက် ကီယိုဆီက ပလွေအသစ်တစ်ချောင်း လာပေးပါသည်။

ကျွန်မအဖို့ ညအိပ်ရာဝင်တိုင်း ကျွန်မကိုယ်တိုင် သတ်ခဲ့ရသော အလံကိုင်အဘိုးကြီးကို မြင်ယောင်ကာ စိတ်မကောင်းဖြစ်မိပါသည်။

ကျွန်မ၏သားကလေး အာဆူအီအနေဖြင့် ယခုကဲ့သို့ တိုက်ခိုက်သတ်ဖြတ်နေကြသည့် ပတ်ဝန်းကျင်တွင် နေထိုင်ကြီးပြင်းလာရမည်ကိုလည်း စိတ်မကောင်းပါ။

ထိုအတောအတွင်း ကျွန်မသည် ပထမဆုံးချစ်သူဖြစ်သော ဂျောဘူကို သတိရနေမိပါသည်။ ဂျောဘူကတော့ အကြိမ်ကြိမ်လူသတ်ခဲ့ဖူးသူ ဖြစ်နေပါလေပြီ။

လူတစ်ယောက်၏အသက်ကို သတ်ရလျှင် စိတ်ထဲဘယ်လိုနေပါသနည်းဟု ကျွန်မက ကီယိုဆီအား မေးကြည့်ရာ သူက ထိုအကြောင်းကို စကားစပ်မပြောချင်သဖြင့် မေး၍မရပါ။

ကီယိုဆီက ကျူရှူကျွန်းသို့ စစ်တိုက်ထွက်လျှင် ကျွန်မအနေနှင့် အလွန်ငြီးငွေ့အားငယ်နေမိမည်မှာ သေချာပါသည်။



(၂၆)

တစ်ညသ၌ ယူဘီအို၊ ဂျောဘူနှင့် မိုကိုတို့သည် ကျွန်းရှေ့ဝါဘုရားကျောင်းအတွင်း၌ ဇင်ဂျားအဖွဲ့ဝင်များအား ကျေးဇူးတင်စကားပြောရင်း နှုတ်ဆက်ကြလေသည်။ လပေါင်းများစွာ သူတို့အား ညှို့ဝတ်ကျေပွန်စွာဖြင့် လက်ခံပြုစုခဲ့သည့်အတွက် ကျေးဇူးတင်စကား ပြောခြင်းဖြစ်လေသည်။

နောက်တစ်နေ့ နံနက်တွင် သူတို့သည် ရနိုင်သလောက်သော သင်္ဘောများဖြင့် တရုတ်ပြည်သို့ထွက်ခွာ သွားကြတော့မည်ဖြစ်သည်။

ဟာကာတာကျေးရွာအတွင်း၌ကား လူပေါင်းတစ်ထောင်ခန့်တို့သည် အိပ်သူအိပ်၊ စားသူစား၊ အရက်သောက်သူသောက်နှင့် နံနက်အရုဏ်တက်ချိန်ကို စောင့်လင့်နေကြလေသည်။ သူတို့သည် ယူဘီအို၏ ဖိတ်ခေါ်ချက်အရလာ ရောက်ကြသော မူရာတိုမိုအုပ်စုဘက်ကို ထောက်ခံသူများ ဖြစ်ကြလေသည်။ သူတို့သည် ဟွန်ရှူကျွန်းနှင့် အရှေ့ဘက်ပြည်နယ်များမှ လာရောက်ခြင်းဖြစ်ပြီး အလွန်ကြမ်းတမ်းသော ဝါရင့်စစ်သည်များ ဖြစ်ကြသည်။ သူတို့အပြင် ဟီယန် ကျိုမြို့တော် ပတ်ဝန်းကျင်မှ ရှင်တိုဂုဏ်းဝင်များ၊ ဗုဒ္ဓဘာသာဝင်စစ်သည်များလည်း ပါဝင်လေသည်။ လူအားလုံးသည် ယူဘီအို၏ ဆင့်ခေါ်ချက်ကို ကြားသိရသောအခါ စိတ်ပါတက်ကြွစွာဖြင့် လာရောက်ကြခြင်း ဖြစ်သည်။ တာကာရှိ အုပ်စုက နိုင်ထက်စီးနင်းပြုလုပ်၍ ဆုံးရှုံးခဲ့ရသော သူတို့၏ ကိုယ်ပိုင်ဥစ္စာခနများ ယခု ယူဘီအို၏ ခေါင်းဆောင်မှုဖြင့် ပြန်လည် ရရှိလိမ့်မည်ဟုလည်း မျှော်လင့်နေကြသူများ ဖြစ်လေသည်။

ဂျောဘူနှင့် ယူဘီအိုတို့အား နှုတ်ဆက်သည့်အနေဖြင့် ဘုရားကျောင်းအကြီးအကဲ ဝေချီသည် ထိုညက စားကောင်းသောက်ဖွယ်များနှင့် ဂုဏ်ပြုညစာစားပွဲတစ်ရပ် တည်ခင်းလေသည်။ သာမန်အားဖြင့် သည်လိုညစာစားပွဲမျိုးသို့ အမျိုးသမီးများ မတက်ရောက်ရသော်လည်း ထိုညက အထူးအခွင့်အရေးအနေဖြင့် ဂျောဘူ၏မိခင် ညိုဆန်ကတော့ တက်ရောက်ခွင့်ရလေသည်။

ညစာစား၍ မပြီးသေးမီ ဆာမူရိုင်းတစ်ဦးသည် ရေးကြီးသုတ်ပျာနှင့် ရောက်လာပြီး ယူဘီအိုအနီးသို့ ချဉ်းကပ်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုဆာမူရိုင်းမှာ ယူဘီအိုက ကျေးရွာ၏ ပြင်ဘက်ခပ်လှမ်းလှမ်းတွင် ကင်းချထားသောသူပင် ဖြစ်သည်။

''အခု ကျွန်တော်ပြောမယ့် စကားကို သခင်တစ်ယောက်ပဲ သိသင့်တယ်လို့ ထင်ပါတယ်''

ဆာမူရိုင်းက ဤသို့ ခပ်တိုးတိုးပြောရာ ယူဘီအိုက

''မကောင်းသတင်းဆိုရင် အားလုံးကြားအောင်သာ ပြောပါ၊ ဒါမှ ကျုပ်တို့က ကြိုတင်ပြင်ဆင်ထားလို့ရမယ်''ဟု ပြောလိုက်သည်။

''ယူဘီအိုသခင်ရဲ့ အကြံအစည်ကို ရန်သူ တာကာရှီအုပ်စုက သတင်းရသွားပြီလို့ ယူဆရပါတယ်၊ သူတို့က သခင်တို့ တရုတ်ပြည်သွားမှာကို ဟားဆီးဖို့ ကြံနေကြပါတယ်၊ လွန်ခဲ့တဲ့ နှစ်ရက်က သူတို့စစ်သည် တစ်ထောင်လောက်ဟာ ဟွန်ရှုကျွန်းကတစ်ဆင့် ကူးလာကြပြီး နောက်ထပ် ရက်ဆက်လာကြရင် နက်ဖြန်လောက် ဒီကို ရောက်လာနိုင်ပါတယ်''

''ဒါဖြင့် သူတို့လာတာ နောက်ကျနေမှာပေါ့၊ သူတို့ ဒီရောက်တဲ့အချိန်မှာ ကျုပ်တို့ သင်္ဘောတွေက စထွက်ခွာနေပြီဖြစ်မှာပဲ''

ဂျေဘူက ဝင်ပြောလိုက်ရာ ယူဘီအိုက

''သူတို့က ကျေးရွာလူထုနဲ့ ဒီဘုရားကျောင်းက ပုဂ္ဂိုလ်တွေကို ကျုပ်တို့ကို ကူညီရမလားဆိုပြီး ကလဲ့စားချေ နှိပ်စက်မှာ စိုးရတယ်''ဟု ပြောလိုက်သည်။

ထိုအခါ ဘုရားကျောင်း အကြီးအကဲ ဝေချိုက

''ဒါအတွက်တော့ မစိုးရိမ်ပါနဲ့၊ ကျုပ်တို့က ကိုယ့်ကိုယ်ကိုယ်ကာကွယ်နိုင်စွမ်းရှိပါတယ်၊ ကျုပ်တို့ ဇင်ဂျားအဖွဲ့ဝင်တွေဟာ လူအင်အားလျော့နေပေမယ့် ဘယ်လောက်အစွမ်းရှိတယ်ဆိုတာ သူတို့ကို လက်တွေ့ပြ လိုက်ပါ့မယ်''ဟု ပြောလေသည်။

ယူဘီအိုသည် ထိုင်ရာမှထလိုက်သည်။

''ကျုပ်တို့မှာ လုပ်စရာတွေရှိနေတယ်၊ ဒါမျိုး ဖြစ်လာနိုင်တယ်ဆိုတာ ကျုပ်က ကြိုတင်တွက်မိလို့ ပြင်ဆင်မှုတွေလုပ်ဖို့ စဉ်းစားထားခဲ့ပါတယ်၊ အခုလို ညစာစားပွဲမပြီးခင် ထသွားရတာကိုလဲ ဘုရားကျောင်းအကြီးအကဲ ဝေချိုကို တောင်းပန်ပါတယ်၊ ဒါပေမယ့် ရှာထဲသွားပြီး လုပ်စရာတွေ ရှိနေပါတယ်''



ဤသို့ပြောပြီး ယူဘီအိုသည် ဦးညွှတ်အလေးပြု၍ ထွက်သွားလေသည်။ ထမင်းစားခန်းအပြင်ဘက်ရောက်လျှင် သူ၏ ဓားရှည်နှင့် ဓားမြှောင်တို့ကို ယူ၍ လျှောက်ထွက်သွားလေသည်။

❁ ❁ ❁

နံနက်နေမထွက်မီ အချိန်မှစ၍ ဟာကာတာဆိပ်ကမ်းတွင် ဘူဘီအိုတို့ အဖွဲ့သားများသည် ပစ္စည်းများ၊ သေတ္တာများကို အလျင်အမြန် သယ်ယူနေကြပြီ ဖြစ်လေသည်။ သူတို့အနေဖြင့် အလျင်အမြန် လှုပ်ရှားနေခြင်းမှာ ခပ်လှမ်းလှမ်းတွင် ကင်းစောင့်နေသူများ၏ သတင်းအရ တာကာရှီ စစ်တပ်သည် နာရီပိုင်းအတွင်း ရောက်ရှိလာပြီး တိုက်ခိုက်လိမ့်မည်ဟု သိထားကြသောကြောင့်ပင် ဖြစ်သည်။

ရေကြောင်းခရီးက ဆယ်ရက်ခန့်ကြာမည်ဖြစ်၍ သူတို့သည် ဆယ်ရက်စာအတွက် စားနပ်ရိက္ခာများကိုလည်း လုံလောက်စွာ ယူဆောင်ကြလေသည်။

သင်္ဘောက စုံစုပေါင်း ဆယ်စင်းရှိပြီး သင်္ဘောများမှာ ခရီးသည်ရော ကုန်ပစ္စည်းပါ တင်ဆောင်၍ ပင်လယ်ခရီးသွားနိုင်သည့်အရွယ် သင်္ဘောအမျိုးအစား ဖြစ်လေသည်။

သင်္ဘောများတွင် မူရာတိုမို အုပ်စု၏ အမှတ်အသားပါသော အလံများ လွင့်ထူထားလေသည်။

ကောင်းကင်တွင် အလင်းရောင်လာစပြုချိန်၌ ဆာမူရိုင်းများသည် သင်္ဘောများပေါ်သို့ တက်ကြလေသည်။ အချို့က လိုက်ပို့သူ မိသားစုများအား နှုတ်ဆက်နေကြသည်။ ဆာမူရိုင်းအချို့ကမူ တစ်ညလုံး အရက်သောက်ထား၍ မူးနေကြလေသည်။

ဂျေဘူအား မိခင်ကြီး ညိုဆန်ကိုယ်တိုင် လိုက်ပို့နှုတ်ဆက်လေသည်။

''ငါ့သားက အခုလို အလွန်ထွားကျိုင်းတဲ့ ယောက်ျားတစ်ယောက် ဖြစ်နေတာကိုကြည့်ပြီး အမေဖြင့် ကိုယ့်ဝမ်းထဲက မွေးထုတ်တာမှ ဟုတ်ရဲ့လား မှတ်အောင် ထင်မိတယ်''

ညိုဆန်က ရယ်စရာလုပ်၍ ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ကလဲ အမေ့ကို အထူးသတိရနေမှာပါပဲ"

ဂျော့ဘူက ပြန်ပြောလိုက်သည်။

"အမေကတော့ သားနဲ့ခွဲခွာရပေါင်း များလှပြီမို့ အထူးဝမ်းနည်းနေဖို့ မကောင်းတော့ပါဘူး၊ အခုငါ့သားသွားမှာက မင်းရဲ့ဖခင်ကြီးရဲ့ ဇာတိဒေသဖြစ်မှာမို့ အမေက တစ်မျိုးလည်း ဝမ်းသာမိပါတယ်"

ထိုအချိန်၌ ဂျော့ဘူသည် ပင်လယ်ရေပြင်ဘက်ဆီသို့ လှမ်းကြည့်နေရာ ရှိုဂါကျွန်း၏ တစ်ဘက်မှ သင်္ဘောတစ်စင်း လာနေသည်ကို မြင်မိလေသည်။ ထိုသင်္ဘော၏ နောက်မှ အခြားသင်္ဘောများလည်း ဆက်တိုက်လာနေပေသည်။

ရန်သူအုပ်စုမှ သင်္ဘောများက သူတို့အား ရေကြောင်းမှ ပိတ်ဆို့တိုက်ခိုက်ရန် လာနေခြင်းဖြစ်ကြောင်း ထင်ရှားနေပေပြီ။

"ကျွန်တော်တို့တော့ ရေကြောင်းကုန်းကြောင်း နှစ်ဘက်ညှပ်ပိတ်မိခံနေရပြီ"

ဂျော့ဘူ၏ အနီးမှ ဆာမူရိုင်းတစ်ဦးက ရန်သူအုပ်စုသင်္ဘောများကိုကြည့်ရင်း ပြောလိုက်သည်။

အခြားဆာမူရိုင်းတစ်ဦးကလည်း

"တာကာရှီအုပ်စုကတော့ ကျုပ်တို့တွေ ခရီးမထွက်နိုင်အောင် အတင်းပိတ်ဆို့ တားဆီးဖို့လုပ်မယ်ဆိုတာ စောစောထဲက ကြိုတင်သိထားရ ကောင်းတယ်"ဟု ပြောလိုက်သည်။

ယူဘီအိုသည် စစ်ဝတ်စုံအပြည့် ဝတ်ဆင်လျက် ရေစပ်နား ဆင်းသွားပြီး တာကာရှီသင်္ဘောများကိုကြည့်ရင်း ပြုံးလိုက်သည်။

"တာကာရှီအုပ်စုက ကျုပ်တို့ခရီးထွက်မှာကို ဂုဏ်ပြုတပ်ဖွဲ့နဲ့ ပြီး နှုတ်ဆက်တာနဲ့ တူပါတယ်"

ယူဘီအိုက ရယ်ကာမောကာဖြင့် ပြောလိုက်ရာ ဆာမူရိုင်းအချို့ လည်း ရယ်မောလိုက်ကြလေသည်။

"အို…ဟာချီမန်…ယာဝါတာ၊ ကျွန်ုပ်အဘိုး၏ဖခင်ဖြစ်သူ အဲ ဟာချီမာန်ယာဝါတာ ကျွန်ုပ်တိုင်တည်ပါ၏။ ယခုအချိန်သည် ကျွန်ုပ်တို့မိသား အဖို့ အရေးအကြီးဆုံးအချိန်ပင် ဖြစ်နေပါသည်။ ထို့ကြောင့် ကျွန်ုပ်က တိုင်တ တမ်းတ၍ အကူအညီတောင်းပါ၏။ အခု ကျွန်ုပ်တို့သွားမည့် ပင်လယ်



ကြောင်း ခရီးတစ်လျှောက် ကူညီစောင့်ရှောက်ပါလော့၊ တရုတ်ပြည်ကြီးသို့ ချောမောစွာ ရောက်ရှိပြီး အစစအရာရာ အောင်မြင်အောင် ကူညီစောင့်ရှောက်ပါလော့၊ တဖန် ဤကျိုင်းပြည်သို့ တစ်နေ့အောင်မြင်စွာ ပြန်လာနိုင်အောင်လည်း ကူညီပါလော့"

ဂျော့ဘူကမူ ရန်သူ တာကာရှီသင်္ဘောများ လာနေသည်ကို ကြည့်ရင်း

"အခုလောလောဆယ်တော့ ဒီဟာကာတာ ပင်လယ်အော်က လွတ်မြောက်အောင် ထွက်သွားနိုင်ပါစေ"ဟု ခပ်တိုးတိုး ရေရွတ်လိုက်လေသည်။

ဆာမူရိုင်းများသည် သင်္ဘောများပေါ်သို့ လျင်မြန်စွာ တက်နေကြပြီဖြစ်လေသည်။ လူတိုင်း၏ စိတ်ထဲတွင်ကား ငါတို့ဒီနေ့တရုတ်ပြည်ကို ထွက်နိုင်ပါ့မလားဟု သံသယဖြစ်နေကြလိမ့်မည်ဟု ဂျော့ဘူက စဉ်းစားမိလေသည်။

မိခင်ကြီး ညိုဆန်သည် ဂျော့ဘူ၏လက်ကို ယုယစွာ ဆွဲကိုင်လျက် အတန်ကြာအောင် သား၏မျက်နှာကို စိုက်ကြည့်နေရှာသည်။

ဂျော့ဘူကလည်း မိခင်အား အလွန်ချစ်မြတ်နိုးဟန်ဖြင့် ကြည့်ပြီးနောက် ချာခနဲ လှည့်ကာ ယူဘီကို၏ သင်္ဘောဘက်ဆီသို့ လျှောက်ထွက်သွားလေသည်။

လက်သမားဆရာ မိုကိုကမူ ကလေးငယ်ပွေ့ချီထားသော မိန်းမတစ်ယောက်နှင့် နှုတ်ဆက်နေရာမှ ဂျော့ဘူကိုမြင်လျှင် အမျိုးသမီးအား အပြီးသတ် နှုတ်ဆက်ပြီးနောက် ဂျော့ဘူ၏နောက်မှ လိုက်လာလေသည်။

ယူဘီအိုသည် သူ၏ သင်္ဘောကုန်းပတ် ဦးပိုင်းတွင် ရပ်နေလေသည်။ သူ၏ ဘေးတွင်ကား ဆံပင်ဖြူဖြူနှင့် ရေကြောင်းပြမှူး (ပိုင်းလော့)တဦး ရပ်နေသည်။ ထိုသူကား တရုတ်ပြည်သို့ အကြိမ်ကြိမ်သွားရောက်ဖူးသူ ဝါရင့် ရေကြောင်းပြမှူး တစ်ဦးဖြစ်လေသည်။

တဖန်သူတို့၏ အနီးတွင် သင်္ဘောကို တာဝန်ယူသွားမည့် ဘွတ်ိန်များကလည်း အသင့်ရပ်စောင့်နေကြသည်။ ထိုလူအုပ်ထဲတွင် ယူဘီအိုသည် ခန္ဓာကိုယ်ဇလ အသေးငယ်ဆုံးဖြစ်နေလေသည်။

ယူဘီအိုက သူ၏ ဆာမူရိုင်းဘက်သို့လှည့်၍

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က ရေကြောင်း တိုက်ခိုက်ခံရမှာကို ကြိုတင်တွက်မိလို့ အသင့်ပြင်ဆင်ထားပြီးဖြစ်တယ်၊ ဒီအရပ်က ငါးဖမ်းသမားတွေကို မေးမြန်းကြည့်လို့ ဟာကာတာ ပင်လယ်အော်က ရေတက်ရေကျအခြေအနေနဲ့ လေတိုက်ခတ်မှုအခြေအနေတွေကို သိထားပြီးဖြစ်တယ်၊ ဒါကြောင့် ကျုပ်တို့ သင်္ဘောတွေက ရန်သူသင်္ဘောတွေကို ရှောင်တိမ်းပြီး ထွက်သွားရင် ဖြစ်မယ်"ဟု ပြောလိုက်သည်။

ထိုအခါ ယူဘီအိုအားသွားရောက် ကယ်ဆယ်ခဲ့သည့် ဆာမူရိုင်းအဖွဲ့ခေါင်းဆောင် ရှင်ဇိုဆာဘူရိုဆိုက မကျေနပ်ဟန်ဖြင့်

"ဘာဖြစ်လို့ ရှောင်တိမ်းနေမလဲ၊ ကျွန်တော်တို့က သူတို့ကို တိုက်ချင်တယ်၊ အခုပဲ စပြီး တိုက်ဖို့ကောင်းတယ်"ဟု ပြောလိုက်သည်။

အခြားဆာမူရိုင်းက ထိုစကားကို ထောက်ခံဟန် ခေါင်းညိတ်ကြလေသည်။

သို့ရာတွင် ယူဘီအိုက ရယ်မောလိုက်သည်။

"ခင်ဗျားတို့က တိုက်ခိုက်ရင်း အသေခံမယ်ဆိုရင် ဒီသင်္ဘောတွေပေါ်ကို တက်နေစရာဘာလိုသေးသလဲ၊ အခုဆိုရင် တာကာရှီတပ်သား တစ်သောင်းလောက်ဟာ ကုန်းကြောင်းက ချီတက်လာနေကြပြီ"

ထိုစကားကိုကြားလျှင် ဆာမူရိုင်းများသည် အကြံရခက်သွားပုံရလေသည်။

ဤတွင် ရှင်ဇိုဆာဘူရိုက

"ဒါဖြင့် သူတို့ သင်္ဘောတွေကို တိုက်ပြီး ကျွန်တော်တို့က ပင်လယ်ပြင်ကို ထွက်သွားရင် မကောင်းဘူးလား"ဟု မေးပြန်သည်။

ဤတွင်လည်း ယူဘီအိုက ပြုံးပြီး ခေါင်းခါလိုက်သည်။

"ကျုပ်တို့ရဲ့ ရည်ရွယ်ချက်က ဒီစစ်တပ်ကို တရုတ်ပြည်ရောက်အောင် ခေါ်သွားပြီးဟိုမှာ တိုးတက်ကြီးပွားအောင် ကြိုးစားကြဖို့ ဖြစ်တယ်၊ ဒီတော့ ကျုပ်အနေနဲ့ ဒီတပ်တစ်ခုလုံးပြုတ်အောင် တိုက်ခိုက်ချေမှုန်းခံရတဲ့အဖြစ်မျိုး မလိုလားနိုင်ဘူး"

ထိုမှနှင့်ပင် ယူဘီအိုက စကားကိုဖြတ်လိုက်ပြီးနောက် တပ်မှူးများလည်း အသီးသီး မိမိတို့ သင်္ဘောများဆီသို့ ထွက်သွားကြလေသည်။



ယူဘီအိုသည် ဂျော့ဘူအား ပြုံး၍ ပခုံးကို ရင်းနှီးစွာ ပုတ်လိုက်ပြီးနောက် ရေကြောင်းပြမှူး (ပိုင်းလော့)အား သင်္ဘောစတင်ထွက်ခွာရန် အမိန့်ပေးလိုက်သည်။

ဤတွင် သင်္ဘောအသီးသီးမှ ရေကြောင်းပြမှူးများသည် သူတို့သင်္ဘောသားများအား ဟစ်အော် အမိန့်ပေးလိုက်ကြရာ ချည်ထားသော ကြိုးများကို ဖြုတ်သူကဖြုတ်၊ ကျောက်ဆူး နုတ်သူကနုတ်နှင့် သင်္ဘောများ ထွက်ရန် ပြင်ဆင်ကြလေတော့သည်။

ရွက်သင်္ဘောများဖြစ်သော်လည်း လူအားဖြင့် လှော်ခတ်သူများကသည်း ပါရှိလေရာ သင်္ဘောတစ်စင်းစီပေါ်တွင် လှော်ခတ်သူများ လှော်ရန် အချက်ပေးသည့် စည်ကြီးများကို မှန်မှန်ရိုက်၍ အချက်ပေးကြရလေသည်။ သင်္ဘောများ၏ ဝဲယာဘေးနှစ်ဘက်ရှိ လှော်တက်ကြီးများလည်း စတင်လှုပ်ရှား လှော်ခတ်စ ပြုကြလေသည်။

ယူဘီအိုသည် သင်္ဘောဦးပိုင်းတွင် ရေကြောင်းပြမှူး (ပိုင်းလော့)နှင့်အတူ ရပ်နေလေသည်။ သူတို့၏လေးနားတွင် အချက်ပြဆက်သွယ်ရေးသမားတစ်ဦးက အလံမျိုးစုံကိုင်ကာ အသင့်စောင့်နေလေသည်။ သင်္ဘောအချင်းချင်း ဆက်သွယ်လျှင် အလံပြဆက်သွယ်ရန် ဖြစ်လေသည်။

ယူဘီအိုက အမိန့်ပေးသည်ကို ရေကြောင်းပြမှူး (ပိုင်းလော့)က တဆင့် သင်္ဘော၏ တက်မကိုင်သူ (ပဲ့နင်း)ထံ ဆက်လက်အမိန့်ပေးလေသည်။ ထိုအမိန့်များကို အခြားသင်္ဘောများသို့ ရောက်အောင်ကား အချက်ပြဆက်သွယ်ရေးသမားက သက်ဆိုင်ရာ အလံများ ဝှေ့ယမ်း၍ အချက်ပြရလေသည်။

ထိုအချိန်၌ ပင်လယ်ပြင်မှ လေသည် ခပ်မှန်မှန်တိုက်နေပြီး ရေကလည်း တက်စပြုနေလေရာ ပင်လယ်ပြင်မှ ကမ်းဘက်သို့ လာနေသည့် သင်္ဘောများအတွက် ပို၍အဆင်ပြေနေသည်။

ယင်းအခြေအနေတွင် မူရာတိုမိသင်္ဘောများသည် ရွက်လွှင့်သွားရန် ဆင်မပြေဘဲ လှေတက်များဖြင့် လှော်ခတ်ခြင်းကိုသာ အားကိုးနေရပြီး အလွန် နှေးကွေးစွာဖြင့် သွားနေရလေသည်။

ခပ်လှမ်းလှမ်းတွင်ကား တာကာရှီသင်္ဘောများ၏ ရွက်ကြီးများကို

www.burmeseclassic.com



မြင်နေရပေသည်။ ရန်သူသင်္ဘောများက မည်မျှဝေးသေးကြောင်းနှင့် သင်္ဘော စင်းရေက မည်မျှရှိသည်ကိုကား ခန့်မှန်း၍မရနိုင်အောင် ဖြစ်နေသည်။

ကုန်းပေါ်၌ စစ်ပွဲဖြစ်လျှင် ရန်သူကိုမြင်သည်နှင့် တိုက်ကြရသော် လည်း ရေထဲတွင်မူ ရန်သူကို လှမ်းမြင်နေရလင့်ကစား မည်သို့မျှ တိုက်ခိုက်၍ မရသော အခြေအနေမျိုး ဖြစ်ရတတ်ပေသည်။

ယူဘီအိုသည် သင်္ဘောများ စတင်ထွက်ခွာနေသည်ကို ဂရုစိုက် ကြည့်နေလေသည်။

မိုကိုသည် ဂျော်ဘူ၏ ခြေရင်းနားတွင်ထိုင်ကာ မျက်စိမှိတ်ထား လေသည်။ သူ၏ လက်သမားကိရိယာသေတ္တာကိုလည်း လက်မလွှတ်ချင်ဟန် ဖြင့် ပေါင်ပေါ်တင်ထားလေသည်။

ဆာမူရိုင်းများကမူ သင်္ဘောကုန်းပတ်ပေါ်တွင် ငိုက်နေကြသော သည်။

ဂျော်ဘူသည် သူ၏လေးနှင့်မြားကို အဆင်သင့် ကိုင်ထားလျ သင်္ဘောကုန်းပတ်၏ သံတန်းတစ်ခုကို မှီကာ ပင်လယ်ရေပြင်ဘက် လှမ်းကြည့် နေလေသည်။

တဖြည်းဖြည်းနှင့် မူရာတိုမိုသင်္ဘောများသည် ပင်လယ်အော် အလယ်ဗဟိုသို့ ရောက်လာလေသည်။ ထိုအချိန်၌ ရန်သူတာကာရှိသင်္ဘော ကို ပို၍ထင်ရှားစွာ မြင်နေရပြီဖြစ်သည်။

ထိုသင်္ဘောများတွင် လွှင့်ထူထားသော အနီရောင်အလံများကို မြင်နေရလေသည်။

ဂျော်ဘူသည် ရန်သူသင်္ဘောအင်အားကို ရေတွက်ကြည့်ရာ သ စင်းရေသုံးဆယ်ခန့်ရှိကြောင်း သိရလေသည်။

ယူဘီအို၏ သင်္ဘောက ရှေ့ဆုံးမှသွားနေလေရာ ခဏမျှအကြာ ယူဘီအိုက ရုတ်တရက်အမိန့်တစ်ခု ဟစ်အော်ပြောလိုက်သည်။ ထိုအခါ ကြောင်းပြမှူး (ပိုင်းလော့)က ပဲ့ကိုင်သူ၊ အချက်ပြဆက်သွယ်သူနှင့် လှေ မားများ၊ ကြီးကြပ်ကွပ်ကဲသူတို့အား ထပ်ဆင့်အမိန့်ပေးလိုက်သည်။

ဤတွင် သင်္ဘော၏ လက်ယာဘက်ဘေးမှ လှော်တက်များ ခတ်ခြင်းရပ်၍ တက်အပေါ်သို့ ထောင်တက်လာပြီး လက်ဝဲဘက်ခြမ်းမှ



များက နှစ်ဆလျှင်မြန်စွာ လှော်ခတ်ကြလေသည်။

အချက်ပြဆက်သွယ်ရေးသမားသည် အစိမ်းရောင်အလံတစ်ခုကို ကိုင်မြှောက်၍ ဝှေ့ယမ်းပြလိုက်သည်။

ဤနည်းအားဖြင့် မူရာတိုမိုအုပ်စု သင်္ဘောများသည် ဦးတည်သွား နေသော ရေကြောင်းလမ်းကို ရုတ်တရက်ပြောင်းကာ ပင်လယ်အော်၏ မြောက်ဘက်စွန်းနားရှိ ဟာကိုဇာကီခေါ် တံငါရွာကလေးရှိရာဘက်သို့ ဦးတည် သွားလေသည်။

အခြားသင်္ဘောများသည်လည်း ယူဘီအို၏ သင်္ဘောရှေ့ဆောင်သွား သည့် လမ်းကြောင်းအတိုင်း လှည့်၍ လိုက်လာကြလေသည်။

ဂျော်ဘူသည် ပင်လယ်ရေပြင်၌ သင်္ဘောများ လှုပ်ရှားသွားလာခြင်း သည် နှေးလွန်းလှသည်ဟု အောက်မေ့မိလေသည်။

ယခုအချိန်အထိ မိမိတို့သင်္ဘောများသည် ရန်သူသင်္ဘောများနှင့် တော်အလှမ်းဝေးနေဆဲပင် ရှိနေပေသည်။

သင်္ဘောအသီးသီးပေါ်ရှိ လူများ၏ကံကြမ္မာမည်သို့ ဖန်လာမည်ကို နိုင်သလို မိမိကိုယ်တိုင်လည်း ယနေ့အသက်သေနိုင်ကြောင်း ဂျော်ဘူက တွေးမိလေသည်။

ဤသို့တွေးရင်း ဂျော်ဘူသည် သူ၏အင်္ကျီတွင်းမှ ကျောက်မျက်ရတ ကို ထုတ်ယူ၍ သေချာစွာ အာရုံစိုက်ကြည့်လေသည်။ ထိုအခါ သူ၏စိတ်များ ည်လင်လာပြီး အားတက်သလိုဖြစ်လာလေသည်။ လက်သမားဆရာမိုကို ည် ဂျော်ဘူ၏ အပြုအမူကို စိတ်ဝင်စားဟန်ဖြင့် ကြည့်နေလေသည်။

ထိုအခိုက် ရန်သူတာကာရှိအုပ်စုမှ သင်္ဘောဆယ့်ငါးစင်းသည် တို့ သင်္ဘောများသွားရာဘက်သို့ လိုက်လာနေသည်ကို ဂျော်ဘူက သတိပြု သည်။ ရွက်များလွှင့်ထားကြသော်လည်း လေက အဆင်မသင့်သဖြင့် တက်များကိုသာ အားကိုး၍ သွားနေရပေသည်။

လှော်ခတ်သူများအနေဖြင့် ကွာခြားမှုတော့ရှိနေပေသည်။ မူရာတို ဘောများမှာ လှော်ခတ်သူများသည် ယခုမှ ခရီးစထွက်ရသဖြင့် လန်းဆန်းကာ အားရှိစွာဖြင့် လှော်နိုင်သလောက် တာကာရှိသင်္ဘောများမှ လူများကမူ အတန်ကြာအောင် ဆက်တိုက် လှော်ခတ်ခဲ့ရသဖြင့် ပင်ပန်းနေကြပြီဖြစ်လေ

www.burmeseclassic.com

www.burmeseclassic.com



ဟာကိုဇာကီ ကျေးရွာနှင့် ရှိုဂါကျွန်းအကြား ပင်လယ်ပြင်တွင် ကျောက်တုံးကျောက်ဆောင်များ ရှိလေသည်။ ထိုနေရာတွင် သင်္ဘောများအတွက် အန္တရာယ်ရှိသဖြင့် ယူဘီအိုသည် ရေကြောင်းလမ်းပြောင်းရန် အမိန့်ပေးလိုက်လေသည်။

မူရာတိုမို သင်္ဘောများသည် ဟာကိုဇာကီကျေးရွာကို လွန်သွားပြီး နောက်ပြန်လှည့်ကာ မူလထွက်လာခဲ့သော ဟာကာတာ ရွာဘက်ဆီသို့ ကွေ့လာကြလေသည်။ ထိုအချိန်၌ လေကသင့်သဖြင့် ရွက်များအားလုံးဖွင့်၍ လွှင့်နိုင်သော အရှိန်ကောင်းစွာဖြင့် သွားနိုင်သဖြင့် ယူဘီအိုက လှော်ခတ်သူများအား အနားယူအပန်းဖြေနေကြရန် အမိန့်ပေးလိုက်သည်။

မကြာမီ ယူဘီအိုသည် ပါးစပ်မှ ဟစ်အော်ရင်း တစ်နေရာသို့ ညွှန်ပြလေသည်။ ထိုနေရာ၌ တာကာရှိ သင်္ဘောတစင်းသည် တဘက်စောင်းရာမှ ရေပြင်တွင် တဖြည်းဖြည်းနစ်မြုပ်နေသည်ကို မြင်ရလေသည်။ ထိုသင်္ဘောသည် ကျောက်ဆောင်နှင့်တိုက်မိ၍ နစ်မြုပ်သွားဟန်တူကာ သင်္ဘောပေါ်မှ စစ်သားများနှင့် သင်္ဘောသားများ ရေထဲသို့ ရောက်ကုန်ကြလေသည်။ ထို့ပြင် နောက်ထပ် သင်္ဘောတစ်စင်းသည်လည်း သောင်တင်ပြီး ထိုးရပ်သွားလေသည်။

သူတို့အုပ်စုမှ ကျန်သင်္ဘောအုပ်စုများကမူ မရပ်ဘဲ ဆက်လက်သွားနေပေသည်။

ယူဘီအိုသည် ထိုအဖြစ်ကို ကြည့်ပြီး သဘောကျဟန်ဖြင့် ရယ်မောလေသည်။

"ကျုပ်တို့ ရေကြောင်းပြမှူး (ပိုင်းလော့)တွေက ဒီနေရာအကြောင်း ကျွမ်းကျင်တယ်၊ သူတို့ဘက်က ပိုင်းလော့တွေက ဒီနေရာက ရေကြောင်း မကျွမ်းကျင်ကြဘူး"

ဤသို့ပြောပြီးနောက် ယူဘီအိုသည် အမိန့်တစ်ခု အော်ပြောလိုက်လေသည်။ အချက်ပြချက်ဆက်သွယ်ရေးသမားသည် အနီရောင်အလံနှင့်အဝါရောင် အလံတို့ကို ကိုင်မြှောက်ကာ အခြားသင်္ဘောများဘက်သို့ ဝှေ့ယမ်းပြလေသည်။ သင်္ဘောပဲ့ကိုင်သူကလည်း တအားကွေ့၍ မောင်းလိုက်သည်။

ဤတွင် မူရာတိုမိုသင်္ဘောများသည် ဦးတည်လမ်းကြောင်းတစ်ခု ပြောင်းကာ ဟာကာတာ ကျေးရွာဘက်သို့ မသွားပဲ ပင်လယ်အော်၏ အ



ဇဟိုဘက်ဆီသို့ ဦးတည်သွားနေကြလေသည်။

ဂျော့ဘ်သည် ရန်သူသင်္ဘောအုပ်စုဘက်သို့ လှမ်းကြည့်ရာ သူတို့ သင်္ဘောများသည်လည်း တစ်စင်းပြီးတစ်စင်း ပြန်ကွေ့ပြီး မိမိတို့ နောက်သို့လိုက်ရန် ကြိုးစားနေသည်ကို မြင်ရလေသည်။

ထိုအတောအတွင်း ဟာကာတာ ရွာအတွင်းသို့ မြင်းစီးစစ်သည်နှင့် ခြေလျင်စစ်သည် အမြောက်အမြား ဝင်ရောက်လာကြသည်ကိုလည်း လှမ်းမြင်နေရလေသည်။ တာကာရှိအုပ်စု၏ စစ်သည်များသည် ဆိပ်ကမ်းရေစပ် နားဆီသို့ ဆင်းလာသည်ကိုလည်း မြင်ရလေသည်။

ယူဘီအိုသည် ကမ်းဘက်သို့ လှမ်းကြည့်ရင်း

"သူတို့က ငါးဖမ်းလှေတွေနဲ့ ကျုပ်တို့နောက်ကို လိုက်ကြလိမ့်မယ်၊ ဒါကိုလဲ ကျုပ်က ကြိုတင်မျှော်လင့်ထားပြီးသားပဲ"ဟု ပြောလေသည်။

သူပြောသည့်အတိုင်းပင် ကမ်းစပ်၌ ရှိသမျှ ငါးဖမ်းလှေများကို သိမ်းယူကာ ထိုလှေများပေါ်သို့ တက်နေကြသည်ကိုမြင်ရလေသည်။ သူတို့သည် ငါးဖမ်းသမားများအား လှေကို အတင်းအဓမ္မလှော်၍ ပို့နိုင်းနေကြဟန် တူလေသည်။

ကုန်းပေါ်ရှိ ကျန်တာကာရှိ ဆာမူရိုင်းများကလည်း သူတို့၏ အနီရောင်အလံများ ဝှေ့ယမ်းကာ မူရာတိုမိုသင်္ဘောများဆီသို့ မြားများ ပစ်လွှတ်ကြလေသည်။ သို့သော် အလှမ်းဝေးလွန်းသဖြင့် မြားတွေက ရေထဲသို့သာ ကျကုန်လေသည်။

ဂျော့ဘ်သည် ထိုအဖြစ်ကို ကြည့်ယင်း မြားတွေ အလဟဿဖြစ်ကုန်လေခြင်းဟု နှမြောမိလေသည်။ ဆာမူရိုင်းတို့သည် မိမိတို့ ဇင်ဂျားများလို မဟုတ်။ ပစ္စည်းများ၏ တန်ဖိုးကို မသိကြပါတကားဟုလည်း ဆင်ခြင်သုံးသပ်မိလေသည်။

ယခုအခြေအနေတွင် မူရာတိုမို သင်္ဘောများသည် ကမ်းသို့ ပြန်ကပ်၍ မဖြစ်နိုင်တော့ချေ။ ရန်သူက အလုံးအရင်းနှင့် ရောက်နေပြီဖြစ်သည်။ ရေထဲတွင်လည်း တာကာရှိသင်္ဘောဆယ့်ငါးစင်းက ပင်လယ်အော်၏ထွက်ပေါက်တွင် ပိတ်ဆို့ကာဆီးထားပေသည်။ ထို့ကြောင့် ယူဘီအိုနှင့် ဂျော့ဘ်တို့ ဦးဆောင်သော မူရာတိုမိုအုပ်စုအနေဖြင့် ပင်လယ်ရေပြင်တွင်ပင် သူသေကိုယ်

www.burmeseclassic.com

www.burmeseclassic.com



သေ တိုက်ခိုက်ရတော့မည် ဖြစ်သည်။ တိုက်ခိုက်ရာတွင် သေချင်လည်း သေမည်၊ ရှင်ချင်လည်း ရှင်မည်၊ မတိုက်၍ကား မဖြစ်တော့ချေ။

တာကာရှီအုပ်စုဘက်မှ သဘော်ဆယ့်ငါးစင်းအပြင် နောက်ထပ်ဆယ့်သုံးစင်းကလည်း ဝိုင်းရံထားသေးသည်။ တဖန် ငါးဖမ်းလှေများကလည်း ရှိသေးသည်။

ရေကြောင်းပြမှူး (ပိုင်းလော့)သည် ယူဘီအိုအား တစုံတခုပြောယင်း ကောင်းကင်သို့ လက်ညှိုးညွှန်ပြလေသည်။ ပင်လယ်ရေပြင်ပေါ်မှ ဖြတ်သန်းတိုက်ခတ်နေသော လေသည် လမ်းကြောင်းပြောင်းသွားပြီဖြစ်လေသည်။ လေရှိန်သည်ပင်လယ်သမုဒ္ဒရာပြင်ဘက်သို့ တိုက်ခတ်နေလေသည်။

"ဒီရေ ကျနေပြီလား"

ယူဘီအိုက မေးလိုက်ရာ ရေကြောင်းပြမှူး (ပိုင်းလော့)က ခေါင်းညိတ်ပြလေသည်။ ယူဘီအိုသည် အလွန်ဝမ်းမြောက်အားတက်သွားလေသည်။

"ဒီလိုဆိုရင် ဟာချီမာန်က ကျုပ်တို့ကို ကူညီစောင့်ရှောက်နေတာဖြစ်ရမယ်၊ ကိုင်း ကျုပ်တို့အနေနဲ့ တာကာရှီတွေကို နောက်ချန်ထားပြီး ဘရုတ်ပြည်ဘက်ကို ဦးတည်သွားနေကြရုံပဲ ရှိတော့တယ်၊ သဘော်ရွက်တွေအကုန်ဖွင့်လိုက်တော့၊ လှေလှော်သားတွေကလဲ အထူးကြိုးစားအားထုတ်ပြီး လှော်ခတ်ကြပါ၊ အခု ကျုပ်တို့ ပင်လယ်ပြင်ကို တိုက်ရိုက်ထွက်ကြတော့မယ်"

ယူဘီအိုက အမိန့်ပေးလိုက်လျှင် အချက်ပြဆက်သွယ်ရေးသမားလည်း အခြားသဘော်များအား အလံဝှေ့ယမ်း၍ အချက်ပြလိုက်သည်။

မူရာတိုမိုသဘော်များသည်ဦးတည်လမ်းကြောင်း ပြောင်းလျှက် ပင်လယ်ပြင်ဘက်ဆီသို့ လှည့်ထွက်ကြရာ ပင်လယ်အော်ဝတွင် ပိတ်ဆို့ထားသော တာကာရှီသဘော်များဆီသို့ တည့်တည့်ကြီး ဦးတည်သွားလေသည်။

တဖြည်းဖြည်း နီးကပ်လာသဖြင့် ရန်သူသဘော်များကို ကောင်းစွာမြင်ရချိန်တွင် တာကာရှီဘက်မှ မြားဖြင့် ပစ်ခတ်သော်လည်း မူရာတိုမို သဘော်များဆီသို့ မရောက်ပဲ ရေထဲသို့သာ ကျကုန်လေသည်။

"ရန်သူသဘော်နဲ့ နီးလာရင် ပဲ့ကိုင်သူတွေနဲ့ လှော်ခတ်သူတွေကိုအဓိက ပစ်မှတ်ထားပြီး တိုက်ကြရမယ်။ တခြားသဘော်တွေပါ အကြောင်းကြားလိုက်"



ဤသို့အမိန့်ပေးပြီး ယူကီအိုသည် ဂျော့ဘူ၏ လက်မောင်းကို ဆုပ်ကိုင်လိုက်သည်။

"ကိုင်း ကျုပ်တို့ကိုယ်တိုင် စံနမူနာပြတဲ့အနေနဲ့ ထိပ်ဆုံးက ရန်သူသဘော်ကိုပစ်ကြရအောင်"

ပြောရင်းနှင့် ယူဘီအိုသည် ရန်သူသဘော်အုပ်စု၏ ထိပ်ဆုံးမှ သဘော်ရှိရာသို့ မိမိတို့ သဘော်ကို ဦးတည်သွားခိုင်းလိုက်သည်။

လှမ်းပစ်ခတ်ရန် ဖြစ်နိုင်လောက်အောင် နီးကပ်လာချိန်တွင် ယူဘီအိုသည် သူ၏လေးနှင့်မြားကိုဆွဲ၍ ရန်သူသဘော်ကုန်းပတ်ဆီသို့ မြား တခင်းပစ်လွှတ်လိုက်သည်။

ထိုမြားသည် ထိပ်ဆုံးမှ တာကာရှီသဘော်၏ ပဲ့ကိုင်မောင်းနေသူအား လည်ပင်းတည့်တည့်တွင် ထိုးစိုက်ထိမှန်သွားလေသည်။ ယူဘီအိုသည် နောက်ထပ်မြားနှစ်စင်းကို တာကာရှီသဘော်မှ လှော်ခတ်နေသူများဆီသို့ ပစ်လွှတ်လိုက်ပြန်သည်။

ဤတွင် ထိုသဘော်သည် ထိန်းမောင်းမည့်သူမရှိတော့သဖြင့် တည့်မတ်စွာ မသွားတော့ဘဲ ပင်လယ်ရေပြင်တွင် ကွေ့ပတ်သွားနေလေသည်။

တာကာရှီဘက်မှလည်း ပြန်၍ မြားနှင့်ပစ်ခတ်နေကြပြီ ဖြစ်သည်။ ဂျော့ဘူ၏ ဦးခေါင်းပေါ်မှ မြားတွေ ရှိကနဲ ဖြတ်သန်းသွားလျက် ရှိနေပေသည်။

တာကာရှီသဘော်မှ ဆာမူရိုင်းတစ်ဦးသည် ဦးပိုင်းမှနေ၍ သူ၏လေးကိုတင်ကာ ယူဘီအိုအားပစ်ရန် ချိန်ရွယ်နေလေသည်။ ဤတွင် ဂျော့ဘူက လျင်မြန်စွာ သူ၏လေးနှင့်မြားကိုထုတ်၍ ဦးအောင်ပစ်လွှတ်လိုက်လေသည်။

ဂျော့ဘူ၏မြားသည် ရန်သူဆာမူရိုင်း၏ ရင်ပတ်တည့်တည့်သို့ ထိုးစိုက်ထိမှန်ကာ ထိုလူလည်း နောက်ပြန်လန်လဲကျရာမှ အားလွန်ပြီး ရေအောက်ထဲသို့ ကျသွားလေတော့သည်။

"ဆာမူရိုင်းတွေကို မပစ်ပါနဲ့လို့ ကျုပ်ပြောထားတယ်မဟုတ်လား"

ယူဘီအိုက ဂျော့ဘူအား အပြစ်တင်သလိုပြောရာ ဂျော့ဘူကလည်း ထိုဆာမူရိုင်းသည် ယူဘီအိုအား မြားဖြင့် ပစ်ခတ်ရန် ချိန်ရွယ်နေကြောင်း ရှင်းပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အရေးထဲ မိုကိုသည် မြားထိပြီး ကျသွားသော တာကာရှီဆာမူရိုင်းကို ကြည့်ရင်း ဝမ်းနည်းဟန်ဖြင့်

"အခုရှီကေက သတ်လိုက်တဲ့လူဟာ တစ်ချိန်က ကျွန်တော့် အသက်ကို ကယ်ခဲ့ဖူးတယ်၊ အခုသေသွားရှာပြီ"ဟု ပြောလေသည်။

"ဒီလူက ယူဘီအိုကို ပစ်မလို့ချိန်တာမို့ ကျုပ်ကပစ်လိုက်ရတာပါ"

ဂျော့ဘူက ပြန်ရှင်းပြလိုက်သည်။

"ဟုတ်ပါတယ်၊ ကျွန်တော်က ရှီကေကို အပြစ်တင်နေတာ မဟုတ်ပါဘူး၊ စစ်ဆိုတာ အင်မတန် မုန်းတီးစက်ဆုပ်ဖို့ ကောင်းတယ်လို့ ဆိုချင်တာပါ"

ထိုအချိန်၌ ယူဘီအိုတို့၏ သင်္ဘောသည် ရန်သူတာကာရှီသင်္ဘောများကို ဖြတ်ကျော်၍ ပင်လယ်ပြင်ဆီသို့ ထွက်စပြုနေပြီ ဖြစ်သည်။ မူရာတိုမိ အုပ်စုမှ သင်္ဘောနှစ်စင်းသည်လည်း ရန်သူသင်္ဘောများ ပိတ်ဆို့ထားသည့်ကြား ထိုးဖောက်ထွက်နေလေသည်။ တာကာရှီသင်္ဘောများကလည်း ရေကြောင်းလမ်းကို ပိတ်ဆို့ရန် ကြိုးစားနေကြပြီး နှစ်ဘက်စလုံးမှ အပြန်အလှန် မြားတွေ လွှတ်နေကြလေသည်။

ယူဘီအို၏ အမိန့်အတိုင်း မူရာတိုမိတို့က ရန်သူသင်္ဘောများ ပဲ့ကိုင်မောင်းသူများကို ဦးတည်ပစ်ခတ်လေရာ သင်္ဘောအတော်များများ ထိန်းမောင်းမည့်သူမရှိတော့ပဲ ရေပြင်တွင် အထိန်းအကွပ်မရှိ ဖြစ်နေကြလေသည်။

ထိုအတောအတွင်း မိုကိုက တပ်မှူးကြီး ကပ္ပတိန်ဒိုမေ ကွပ်မျက်ခံရသည့်နေ့က သူ၏ အတွေ့အကြုံအကြောင်း ပြောပြလေသည်။ မိုကိုက သူသည် သစ်ပင်ပေါ်တွင် ပုန်းနေစဉ် ကီယိုဆီကိုယ်တိုင် တွေ့မြင်သွားသော်လည်း ဘာမှမလုပ်ပဲ မမြင်ချင်ဟန်ဆောင်ကာ ထွက်သွားပုံကိုပါ ပြောပြလေသည်။

သူက ဤအကြောင်းကို ပြောပြခြင်းမှာ ဂျော့ဘူ၏မြားချက်ကြောင့် တစ်ဘက်သင်္ဘောမှ ထိမှန်ကျဆုံးသွားသူမှာ ကီယိုဆီဖြစ်နေသောကြောင့်လည်း။ ကီယိုဆီက သူ၏အသက်ကို ချမ်းသာပေးခဲ့ပုံကို ဖော်ထုတ်ပြောပြခြင်း ဖြစ်လေသည်။

ဤတွင် ယူဘီအိုက



"ကျုပ်ကလဲ ဟိုသင်္ဘောဘက် လှည့်မကြည့်မိလို့ပါ၊ ကြည့်နေရင် သူ့ကိုမှတ်မိမှာပါပဲ၊ ဘာပဲဖြစ်ဖြစ် ကီဆိုဆီဟာ ခင်ဗျားရဲ့ အသက်ကို ချမ်းသာပေးတဲ့နေ့မှာပဲ ကျုပ်ရဲ့ဖခင်ကို ခေါင်းဖြတ်ကွပ်မျက်ခဲ့တယ် မဟုတ်လား" ဟု ပြန်ပြောလိုက်သည်။

မိုကိုလည်း ဝန်ခံသည့်အနေဖြင့် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ကျွန်တော်ကိုယ်တိုင် မြင်ခဲ့ပါတယ်၊ ဒါပေမယ့် ကီယိုဆီက ကပ္ပတိန်ဒိုမေကို ကွပ်မျက်ပြီးတော့ စိတ်မကောင်းဖြစ်ပြီး ငိုကြွေးတာကိုလဲ မြင်မိပါတယ်"

"ဒါကတော့ မဆန်းပါဘူး၊ ကီယိုဆီက ကျုပ်အပေါ်လဲ ကောင်းခဲ့ပါတယ်၊ ဒါပေမယ့် သူက ကျုပ်အဖေကိုသတ်ရတာကို ဝမ်းနည်းတယ်လို့ မပြောပါဘူး၊ ကျုပ်ကတော့ သူဟာ တာဝန်ဝတ္တရားအရ လုပ်ခဲ့ရတာပဲလို့ သဘောထားပါတယ်၊ ဒါကြောင့် ကျုပ်အနေနဲ့ သူ့ကို မုန်းတီးစိတ်မျိုးမရှိပါဘူး၊ အခုလဲ ကျုပ်ကို မြားနဲ့ ပစ်ဖို့ချိန်တာဟာ သူ့တာဝန်ဝတ္တရားအရ လုပ်တာဖြစ်မှာပါပဲ၊ ကျုပ်အဖေသေခဲ့ရတာကို တကယ်တာဝန်ရှိသူတွေက ဆိုဂါမိုရီနဲ့ ဟိုရီဂါဝါတို့ ဖြစ်တယ်"

ယူဘီအိုက ဤသို့ပြောလိုက်တော့မှ ဂျော့ဘူလည်း မိမိက မြားနှင့် ပစ်လိုက်သူသည် မည်သူမည်ဝါဖြစ်ကြောင်း သိရလေသည်။

"လက်စသတ်တော့ ဒီလူက ကီယိုဆီဖြစ်နေတာကိုး၊ တချိန်တုန်းက ကျုပ်ဟာ သူ့ကို သတ်ဖို့ ကြံခဲ့ဖူးတယ်၊ ဒါပေမယ့် ဟိုတုန်းက သူ့ရဲ့ကံကြမ္မာ က သေဖို့မဖြစ်ခဲ့ဘူး၊ ကီယိုဆီနဲ့ ပတ်သက်လို့ ကျုပ်ကြားသိရသလောက် သူဟာ လူကောင်းတစ်ယောက်လို့ပဲ သိရတယ်၊ အခု ကျုပ်လက်ချက်နဲ့ သူသေသွားရတာကို စိတ်မကောင်းပါဘူး"

ပြောပြောဆိုဆို ဂျော့ဘူသည် သူတို့ ဇင်ဂျားထုံးစံအရ ပင်လယ်ရေထဲ ကျပြီး သေဆုံးသူ ကီယိုဆီအား ရည်မှန်းလျက်ဦးညွှတ် အလေးပြုလိုက်သည်။

ထိုအခိုက် တာကာရှီသင်္ဘောတစ်စင်းသည် မူရာတိုမိ သင်္ဘောတစ်စင်း၏ ဘေးတည့်တည့်တွင် ဝင်တိုက်လေသည်။ တာကာရှီဆာမူရိုင်းများက တစ်ဘက်သင်္ဘောပေါ်သို့ ခုန်ကူးလာပြီး တစ်ဘက်နှင့်တစ်ဘက် ဓားချင်း ယှဉ်ခုတ်ကြသည့် တိုက်ပွဲဖြစ်လေသည်။ ထိုအတောအတွင်း အခြားမူရာတိုမိ

www.burmeseclassic.com

www.burmeseclassic.com



သင်္ဘော နှစ်စင်းသည် ပိတ်ဆို့ထားသော ရေကြောင်းလမ်းမှ ဖောက်ထွက်လွတ်မြောက်ကာ ပင်လယ်ပြင်ဘက်သို့ ချောမောစွာ ရောက်ရှိသွားလေသည်။

ယူဘီအိုသည် အချက်ပြဆက်သွယ်ရေးသမားအား အမိန့်ပေးလိုက်ပြန်သည်။ မကြာမီ လွတ်မြောက်သွားသော မူရာတိုမို သင်္ဘောများသည် ရန်သူ တာကာရှီသင်္ဘောများနှင့် ဆေးချင်းယှဉ်သွားနေပြီး ရန်သူသင်္ဘောများသို့ မြားမိုးရွာသလို တရကြမ်း ပစ်ခတ်တိုက်ခိုက်ကြလေသည်။

နောက်ထပ် မူရာတိုမိုသင်္ဘောများလည်း ပိတ်ဆို့ထားသော ရေကြောင်းလမ်းမှ လွတ်မြောက်လာကြပြီး တာကာရှီသင်္ဘောများအား မြားဖြင့် ပစ်ခတ်နေကြလေသည်။

ဂျေဘူသည် အခြေအနေကို အကဲခတ်ကြည့်ယင်း မိမိတို့အား ရေကြောင်းလမ်း ပိတ်ဆို့ထားသူ တာကာရှီသင်္ဘောများဘက်မှ သိသိသာသာ အရေးနိမ့်ရကြောင်း သတိပြုမိလေသည်။ သို့သော် ကျန်ရှိနေသေးသော တာကာရှီ သင်္ဘောများနှင့် တာကာတာရွာမှ သိမ်းယူလာသည့် တံငါလှေများက မိမိတို့ သင်္ဘောများ နောက်သို့လိုက်ရန် ကြိုးစားနေကြလေသည်။

ဂျေဘူသည် ခပ်လှမ်းလှမ်းတွင် အလင်းရောင် လက်ကနဲ မြင်လိုက်ရသဖြင့် သေချာစွာကြည့်လိုက်ရာ ရန်သူဘက်မှ ငါးဖမ်းလှေတစင်း မီးစွဲလောင်နေသည်ကို မြင်ရလေသည်။ လှေပေါ်မှ လူများက ရေထဲသို့ ပြေးလွှားခုန်ချနေကြလေသည်။ အခြားငါးဖမ်းလှေများတွင်လည်း မီးစွဲလောင်ကာ မီးလျှံများသည် တာကာရှီသင်္ဘောများသို့ပါ ကူးစက်လောင်ကျွမ်းနေလေသည်။

ဂျေဘူသည် အံ့အားသင့်နေမိရာမှ တစ်စုံတစ်ခု စဉ်းစားမိသဖြင့် ယူဘီအိုအား

"ဒါကလဲ ခင်ဗျားကြိုတင်လုပ်ထားတဲ့ အကြံအစည်များလား" ဟု မေးလိုက်သည်။

ယူဘီအိုက ပြုံးပြီးခေါင်းညိတ်ပြလေသည်။

"တာကာရှီအုပ်စုက ရွာက ငါဖမ်းလှေတွေကို အတင်းဖမ်းသိမ်းပြီး လိုက်မယ်ဆိုတာ ကျုပ်က ကြိုတင်တွက်ပြီး ကြံစည်ထားခဲ့တယ်၊ အခုငါးဖမ်းလှေတွေနဲ့ လိုက်ပါလာသူတွေဟာ တကယ့်တံငါတွေ မဟုတ်ဘူး၊ ကျုပ်တို့ မူရာတိုမို ဆာမူရိုင်းတွေက ငါးဖမ်းလုပ်သားတွေလို ဝတ်စားရုပ်ဖျက်ပြီး လိုက်လာကြတယ်၊ တံငါလှေတွေနဲ့ တာကာရှီသင်္ဘောတွေ ရောထွေးနေချိန်ကျတော့ ကျုပ်လူတွေက လှေတွေကို မီးရှို့ပြီး ရေထဲခုန်ဆင်း ကုန်ကြတယ်"



ယူဘီအိုက ရှင်းပြနေစဉ်မှာပင် တာကာရှီသင်္ဘောများတွင် မီးတောက်မီးလျှံကြီးများ စွဲလောင်နေပြီ ဖြစ်လေသည်။

တာကာရှီဆာမူရိုင်းများသည် မီးဘေးရန်ကြောင့် ရေထဲသို့ ခုန်ဆင်းကြရာ လေးလံသော သံချပ်ဝတ်စုံဝတ်ထားသူများသည် ရေထဲသို့ စုံးစုံးမြုပ်ကုန်လေသည်။

တံငါလှေတစ်စင်းတွင်ကား မူရာတိုမို ဆာမူရိုင်းများက သူတို့၏ အဖော်များကို ရေထဲမှ လိုက်ဆယ်တင်ပြီးနောက် မူရာတိုမို သင်္ဘောအုပ်စုနောက်သို့ လိုက်လာလေသည်။

ထိုတံငါလှေကို ယူဘီအို၏ သင်္ဘောက ဆီးကြိုပြီး သူ၏ လူများကို သင်္ဘောပေါ်သို့ ကူညီဆွဲတင်လေသည်။

ယူဘီအိုကိုယ်တိုင်က ထိုလူများကို ဝမ်းသာအားရ ခရီးဦးကြိုပြုလေသည်။

"ဒီလူတွေရဲ့ လုပ်ရပ်တွေကအလွန်ချီးကျူးဖို့ ကောင်းတယ်၊ ကိုင်း သူတို့တွေ ရေစိုပြီးချမ်းနေကြတယ်၊ အားလုံးအတွက် ဆာကေအရက်အမြန်ယူပြီး တိုက်လိုက်ပါ"

ဂျေဘူသည် နောက်သို့ပြန်လှည့်ကြည့်ယင်း သင်္ဘောနှစ်စင်း လိုက်လာနေသည်ကိုမြင်မိလေသည်။ တစ်စင်းက မိမိတို့ မူရာတိုမိုသင်္ဘောဖြစ်ပြီး ကျန်တစ်စင်းကတာကာရှီသင်္ဘောဖြစ်နေ၍ ဂျေဘူက စိုးရိမ်မိကာ ယူဘီအို၏ လက်မောင်းကို ဖမ်းဆွဲလိုက်သည်။

"ဟိုမယ် ကြည့်စမ်းပါဦးဗျ"

ယူဘီအိုက သေသေချာချာကြည့်ပြီး ရယ်မောလိုက်သည်။

"ခင်ဗျား သေသေချာချာ ပြန်ကြည့်ပါဦးဗျ"

ဂျေဘူသည်ပြန်ကြည့်လိုက်ရာ သင်္ဘောနှစ်စင်းလုံးပေါ်၌ အလံဖြူများ ဝှေ့ယမ်းပြနေသည်ကို မြင်ရလေသည်။

အမှန်က မူရာတိုမိုသင်္ဘောပေါ်မှ လူများက ရန်သူသင်္ဘောကို အနိုင်ရသဖြင့် သင်္ဘောကိုပါ သိမ်းယူလာဟန် တူလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယူဘီအိုသည် ဝမ်းသာအားရဖြစ်ကာ ဂျေဘူ၏လက်မောင်းကို ဆုပ်ကိုင်လိုက်သည်။

"ဟန်ကျတာပဲ၊ ကျုပ်တို့မျာ သင်္ဘောဆယ်စင်းပဲရှိရာက အခု တော့ ဆယ့်တစ်စင်းဖြစ်လာပြီဗျ။ တစ်စင်းက တာကာရှီအုပ်စုဆီက လက်ဆောင် ရတဲ့သဘော ဆိုပါတော့၊ ကျုပ်တို့ တရုတ်ပြည်ကို အေးအေးဆေးဆေးဆက်သွား ရုံပဲ ရှိတော့တယ်"

ဤသို့ ပြောပြီးနောက် ယူဘီအိုသည် ရေကြောင်းပြမှူး (ပိုင်းလော့) ဘက်သို့လှည့်၍···

"ကဲ၊ ကျုပ်တို့ကို တရုတ်ပြည်ရောက်အောင်သာ ပို့ပေးပေတော့" ဟု အမိန့်ပေးလိုက်သည်။

အချက်ပြဆက်သွယ်ရေးသမားသည် ချက်ချင်းပင် အလံများဖြင့် ဆက်သွယ်အချက်ပြလိုက်ရာ မူရာတိုမိုသင်္ဘောအားလုံးသည် ပင်လယ်အော်ဝမှ နေ၍ အနောက်ဘက်ရူးရူး ပင်လယ်ပြင်ဘက်ဆီသို့ ဦးတည်ထွက်သွားလေသည်။

ထို့နောက် ယူဘီအိုသည် စောစောကလို ရွှင်မြူးရယ်မော မနေ တော့ပဲ မျက်နှာထားတည်တည် ဖြစ်လာလေသည်။

"ဒီမယ်···ဂျေဘူ၊ ကျုပ်တို့က ကီယိုဆီကို မသတ်မိခဲ့ရင် ကောင်းသားဗျ၊ အခုတော့ ကျုပ်အနေနဲ့ဒီတိုက်ပွဲမှာ အနိုင်ရပေမယ့် စိတ်ပျော် ရွှင်မှု အပြည့်အဝမရဘူး၊ တာကာရှီတွေထဲမှာ ကီယိုဆီဟာ အတော်ဆုံး စစ်သူရဲ ကောင်းတစ်ဦးဖြစ်တယ်၊ အခု ကျုပ်တို့ကက သူ့ကိုသတ်လိုက်နိုင်တဲ့အတွက် တာကာရှီမိသားစုအားလုံး တုန်လှုပ်ချောက်ချားသွားမှာ သေချာတယ်၊ ဒါပေ မယ့်လဲ ကျုပ်ကတော့ သူမသေရင် ကောင်းမှာပဲလို့ အောက်မေ့မိတယ်၊ ကံ တရားကိုတော့ ဘယ်လိုမှ မတတ်နိုင်ဘူးပေါ့လေ"

ယူဘီအိုက ဤသို့ပြောရာ ဂျေဘူကလည်း

"ဒါကတော့ သူ့ ကံကြမ္မာကိုယ်က ဒီလိုပဲ သေရမယ်လို့ ဖန်တီး လာတာပါပဲ၊ သူကိုယ်တိုင်ကလဲ ကံတရားကို ခင်ဗျားတို့ ကျုပ်တို့လို လက်ခံ လိမ့်မယ်၊ နောက်တစ်ချက်က သူဟာ ခင်ဗျားကို မြားနဲ့ပစ်သတ်ဖို့ ကြံစည်နေလို့ ကျုပ်ကလဲ ပစ်လိုက်ရခြင်း ဖြစ်ပါတယ်"ဟု ပြန်ပြောလိုက်လေသည်။

"ဟုတ်ပါတယ်၊ အခုခင်ဗျားက ကျုပ်ရဲ့အသက်ကို ကယ်လိုက်ပြီး



ပြီမို့ ကျုပ်အနေနဲ့ တစ်သက်လုံး ခင်ဗျားရဲ့ကျေးဇူးဆပ်လို့ ကုန်မှာ မဟုတ်ဘူး၊ ဒါပေမယ့်လည်း ကီယိုဆီ သေသွားတာကိုတော့ စိတ်မကောင်းဖြစ်မိတယ်၊ အထူးသဖြင့် ကီယိုဆီရဲ့ အမျိုးသမီးတစ်ယောက်အတွက် ကျုပ်စိတ် မကောင်းဖြစ်မိတယ်၊ ဒီအမျိုးသမီးက ကျုပ်ရဲ့ မိခင်ကြီးအပေါ် အလွန်ကောင်း ခဲ့တယ်၊ ခင်ဗျားကိုကျုပ် တစ်ခါပြောဖူးတယ် မဟုတ်လား၊ ကျုပ်ရဲ့ မိခင်ဟာ ကျုပ်အသက်ချမ်းသာရာ ရဖို့အတွက် ဆိုဂါမိုရီရဲ့ အပျော်မယားအဖြစ် လက်ခံ လိုက်ရတယ်ဆိုတဲ့အကြောင်း ပြောတာပါ၊ အဲဒီကိစ္စမှာ ဆက်သွယ်ဆောင်ရွက် ပေးသူက ကျုပ်အခုပြောတဲ့ ကီယိုဆီရဲ့ အမျိုးသမီးဖြစ်တယ်၊ ဒီအမျိုးသမီးဟာ ကျုပ်အမေကို ကူညီတဲ့အတွက် နှစ်နာခံခဲ့ရရှာတယ်၊ သူ့ခင်ပွန်းကတော့ မင်းသားကြီး ဟိုရိဂါဝါဖြစ်တယ်၊ ဒီလူကြီးက ကျုပ်နဲ့ ဟီဒေယိုရီတို့ နှစ်ယောက် စလုံးကို သတ်ဖို့လိုလားတယ်၊ ပြီးတော့ ဒီလူကြီးက သူ့ဇနီးကို အမျိုးမျိုး နှိပ်စက်ညှင်းပန်းတယ်"

ယူဘီအိုက ဤသို့ပြောသည်တွင်ဂျေဘူသည် အထူးပင် စိတ်ထိ ခိုက် ချောက်ချားသွားမိလေသည်။

သူပြောနေသော အမျိုးသမီးသည် မိမိ၏ချစ်သူတာနီကိုဖြစ်မည်ဟု တွက်မိသဖြင့်

"အဲဒီအမျိုးသမီးနာမည်က တာနီကိုများလား"ဟု မေးလိုက်သည်။

"ဟုတ်ပါတယ်၊ ခင်ဗျားက သူ့ကိုသိလို့လား"

"ဟိုတစ်ချိန်က သိခဲ့တယ် ကြာလှပါပြီ၊ နောက်မှ အေးအေးဆေး ဆေး ပြောပြပါမယ်"

"ဒီအမျိုးသမီးက ကီယိုဆီနဲ့ သားကလေးတစ်ယောက် ရတယ်ဗျ၊ အခုဆိုရင် ကိုးနှစ်သားအရွယ်လောက် ရှိရော့မယ်၊ ဒီကလေးဆိုရင် အခု ဖအေမရှိရှာတော့ဘူး၊ မိုကိုပြောတာမှန်တယ် စစ်မက်ဖြစ်ပွားတာ လုံးဝမကောင်း ဘူး"

ဤသို့ပြောပြီး ယူဘီအိုသည် အခြားလူရှိရာဘက်သို့ လျှောက်ထွက် သွားလေသည်။

ထို့နောက် သူသည် အခြားသင်္ဘောများသို့ ကူး၍ စစ်ဆေးကြည့်ရန် လှေငယ်တစ်စင်း စီစဉ်၍ သွားလေသည်။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ဂျော်ဘူသည် တစ်ယောက်တည်း ကောင်းကင်ပေါ်သို့ မော်ကြည့်ရင်း အလွန်စိတ်မကောင်း ဖြစ်နေမိလေသည်။

ယူဘီအိုပြောသွားသည့်အတိုင်း ကီယိုဆီကိုသတ်လိုက်ခြင်းကြောင့် ကလေးတစ်ယောက်အဖို့ ဖခင်ဆုံးရှုံးသွားခဲ့ပေသည်။ သို့သော် မိမိက မသတ်လိုက်ပါက ယူဘီအိုသည် ကီယိုဆီ၏ မြားချက်ဖြင့် ယခုသေဆုံးနေမည် ဖြစ်ပေသည်။

ယူဘီအို ကိုယ်တိုင်ကလည်း ဖခင်အသတ်ခံရ၍ ဖအေဆုံးရှုံးခဲ့ရသည် မဟုတ်ပါလော။

ဂျော်ဘူသည် သူ၏ချစ်သူဟောင်း တာနီကိုအား မေ့ပျောက်အောင်ကြိုးစားနေခဲ့သည်၊ တာနီကိုအကြောင်း တတ်နိုင်သလောက် မစဉ်းစားမိအောင်ကြိုးစားခဲ့သည်။

အကယ်၍ တာနီကိုက ကီယိုဆီအပေါ် ချစ်မြတ်နိုးနေကြောင်း သိရှိလျှင် မိမိက ကီယိုဆီအားသတ်ရန် လက်နှေးရမည်လောဟု သူ့ကိုယ်သူ ပြန်မေးကြည့်လေသည်။ မနာလို ဝန်တိုစိတ်ဖြင့် လျင်မြန်သွက်လက်စွာ သတ်လိုက်မည်လော။

ဤသို့ဖြစ်မည် မဟုတ်ဟု သူ့ကိုယ်သူ ပြန်လည်သုံးသပ်မိလေသည်။

တကယ်တော့ တာနီကိုနှင့် ကီယိုဆီတို့၏ ဆက်ဆံရေးအခြေအနေကို ဂျော်ဘူက မသိချေ။ ကီယိုဆီက တာနီကိုအား ကူညီစောင့်ရှောက်ခဲ့ခြင်းသာ ဖြစ်နိုင်ပေသည်။ ချစ်မြတ်နိုးသူ ဟုတ်ချင်မှ ဟုတ်ပေလိမ့်မည်။

မည်သို့ပင်ဖြစ်စေ ယခုတော့ မိမိက မြားတစ်စင်းပစ်လွှတ်လိုက်ရုံနှင့် ကီယိုဆီ၏အသက်ကို သတ်လိုက်မိပေပြီ၊ မသတ်လည်းမဖြစ်၊ ယူဘီအို၏အသက်ကို ကာကွယ်သည့်အနေဖြင့် ကီယိုဆီအား သတ်လိုက်ရခြင်း ဖြစ်ပေသည်။

ဤသို့ ဆင်ခြင်သုံးသပ်ရင်း ဂျော်ဘူသည် မိမိတို့ ဇင်းဂျားအဖွဲ့အကြောင်း စဉ်းစားမိပြန်သည်။

ဇင်းဂျားတို့သည် မကောင်းဆိုးရွားများ ဖြစ်ချေသည်ဟူသော စွပ်စွဲချက်က မည်သည့်အဓိပ္ပာယ် ဖြစ်လေသနည်း။



အကယ်၍တစ်နေ့ကျလျှင် တာကာရှိဘက်သားများက ကီယိုဆီအား သတ်သူ၏ ပုံပန်းသဏ္ဍာန်ကို တာနီကိုအား ပြောပြပါက သတ်သူမှာ မိမိ (ဂျော်ဘူ)ဖြစ်ကြောင်း သူမက ချက်ချင်းရိပ်မိမည်ဖြစ်ပေသည်။

ဂျော်ဘူသည် ပင်လယ်ပြင်၏ အနောက်စူးစူး ဘက်ဆီသို့ ငေးမျှော်ကြည့်နေမိလေသည်။

အနောက်စူးစူး တစ်နေရာတွင် သူ၏ ဖခင်၏ ဇာတိနေရပ် မွန်ဂိုလ်လူမျိုးတို့၏ နယ်မြေဒေသရှိပေမည်။ ကံကောင်းလျှင် သူ၏ဖခင်အား သတ်ခဲ့သူနှင့်လည်း ရင်ဆိုင်တွေ့ရမည် ဖြစ်ပေသည်။

ဤသို့ ရေမြေရပ်ခြားဝေးလံသော တိုင်းတစ်ပါးသို့ သွားနေခြင်းအားဖြင့် သူ၏ ငယ်ချစ်တာနီကိုအား မေ့ပျောက်ရန် အထောက်အကူပြုနိုင်လိမ့်မည်ဟု မျှော်လင့်ရပေသည်။

ဂျော်ဘူသည် စိတ်တွေ လှုပ်ရှားလျက်နှင့်ပင် ဆက်လက်ငေးနေမိလေသတည်း။ ။

တက္ကသိုလ်နေဝင်း

www.burmeseclassic.com